
ရွှေအိမ်ဖူးစာပေ
ဟယ်ရီပေါ်တာ
နှင့်
မိစ္ဆာ ခန်းဆောင်
…နိုကာရီးဇန် ဘာသာပြန်သည်
J.K.ROWLING
Potter
ဒုတိယတွဲ

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၁၃၂၉/ ၂၀၀၃ (၉)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၁/ ၂၀၀၄ (၁)

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ဖေဖော်ဝါရီလ၊ ၂၀၀၄ ခုနှစ်
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဦးကျော်မိုးစိန်(အောင်သာအောင့်ဆက်) (၀၃၁၃၇)
အမှတ်(၁၇၂)၊ (၃၁)လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ - ဦးခင်မောင်သိန်းဆွေ(သဗ္ဗာဝတီစာပေ) (၀၅၄၇)
တိုက်(၂၄၀)၊ အခန်း(၃)၊ (၂၇) ရပ်ကွက်၊
ဗေယျာသုခလမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။
အတွင်းဖလင် - ဦးအောင်တင်အေးနှင့်သမီးများ
စာအုပ်ချုပ် - ကိုတင်လှ
မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း - ဥက္ကာ Hepta
ကွန်ပျူတာစာစီ - သုသု
အုပ်ရေ (၅၀၀)
တန်ဖိုး- ၁၂၀၀ ကျပ်




www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

ပ်အားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
င်တော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား
ကျင်ကြ။
င်တော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

င်တော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
မျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်
ည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

က်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်
ဆောက်ရေး
းကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်
ည်ဆောက်ရေး
င်တော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏
က်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

စ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
မျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ
ပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
ျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
စ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## အခန်း (၁၀)

## စိတ်ရှိုင်းဝင်နေသော ဘာလပ်ဂျာဘောလုံး

www.burmeseclassic.com

www.burmeseclassic.com



အောက်လမ်းမိစ္ဆာနှိမ်နင်းရေးသင်ခန်းစာ နောက်တစ်ချိန်တွင်မူ ဟယ်ရီ အတန်းသားများ၏ရှေ့၌ ကြာမြင့်စွာသရုပ်ဆောင်နေရ၏။ သည်တစ်ကြိမ်တွင် သမန်းဝံပုလွေအဖြစ် သရုပ်ဆောင်ရခြင်း ဖြစ်သည်။ လော့ဟတ်၏ စိတ်လက်ရွှင်ပျနေမှုကို မပျက်စီးစေသည့် အကြောင်းပြချက်ကောင်းကောင်း ရှိမည်ဆိုလျှင်တော့ ဟယ်ရီသည် သမန်းဝံပုလွေလုပ်ရန် ငြင်းဆန်မိမည်သာ။

"ခပ်ကျယ်ကျယ်လေး ကောင်းကောင်းအူလိုက် . . . ဟယ်ရီ . . . အတိအကျပဲ . . . ပြီးရင် မင်းတို့ယုံမယ်ဆိုရင် . . . ငါ ခုန်အုပ်ပြမယ် . . . ဒီလိုမျိုးပေါ့ . . . သူ ကြမ်းပြင်ပေါ် ဝုန်းကနဲ လဲကျသွားအောင် . . . ငါ့ရဲ့ လက်တစ်ဖက်နဲ့ . . . သူ့ကို ဖိထားမယ် . . . နောက်လက်တစ်ဖက်နဲ့ . . . ငါ့ရဲ့ ဆေးတောင်ဝှေးကို သူ့လည်ပင်းမှာ ထောက်ထားလိုက်မယ် . . . ပြီးရင် ငါ့ကို ရှိသမျှခွန်အားတွေကို ဖျစ်ညှစ်ထုတ်ပြီး အလွန့်အလွန်ရှုပ်ထွေးလှတဲ့ ရုပ်ပြောင်းစိတ်ခွာ (ဟိုမော်ဖတ်စ်) မန္တန်ကို သုံးလိုက်မယ် . . . သူက သနားစရာကောင်းအောင် ညည်းသံပြုမယ် . . . ဆက်လုပ် ဟယ်ရီ . . . ဒီထက် နည်းနည်း ကျယ်ကျယ်လေး အော်လိုက် . . . ကောင်းတယ် . . . သူ့ရဲ့သားမွေးတွေ ပျောက်ကွယ်သွားပြီ . . . အစွယ်တွေလည်း ပါးစပ်ထဲကို တိုပြီးဝင်သွားမယ် . . . ပြီးရင် သူဟာ လူသားစင်စစ်ဖြစ်သွားမယ် . . . ရိုးရိုးလေးပဲ . . . ဒါပေမယ့် ထိရောက်တယ် . . . ပြီးရင် နောက်ရွာတစ်ရွာက ငါ့ကို လပေါင်းများစွာ သမန်းဝံပုလွေရဲ့ တိုက်ခိုက်မှုကို ကြောက်လန့်နေရတဲ့ ဒုက္ခကင်းဝေးအောင်လုပ်ပေးတဲ့ သူ့ရဲကောင်းတစ်ယောက်အဖြစ်နဲ့ တစ်သက်လုံးအမှတ်ရနေလိမ့်မယ် . . ."

ထိုစဉ် ခေါင်းလောင်းသံမြည်လာသောကြောင့် လော့ဟတ်က မတ်တပ်ပြန်ရပ်လိုက်သည်။

"အိမ်စာပေးလိုက်မယ် . . . ဝဂ္ဂါစက်ဝါ သမန်းဝံပုလွေကို ငါ အနိုင်



လိုက်တဲ့အကြောင်း ကဗျာတစ်ပုဒ်စီ ရေးခဲ့ကြပါ . . . အကောင်းဆုံး ရေးနိုင်တဲ့သူကို ငါ့ရဲ့ 'ကျွန်ုပ်၏မှော်ပညာ' စာအုပ်မှာ လက်မှတ်ထိုးပေးမယ်"

BURMESE CLASSIC

အတန်းသားများက အခန်းထဲမှ ထွက်စပြုနေပြီ။ ဟယ်ရီက ရွန်နှင့် ဟာမီယွန်တို့ စောင့်နေကြသည့် စာသင်ခန်းအနောက်ဖက်သို့ ပြန်လာခဲ့သည်။

"အဆင်သင့်ပဲလား"

ဟု ဟယ်ရီက နှုတ်ခမ်းလှုပ်ရုံလေး မေးလိုက်၏။ ဟာမီယွန်က

"အားလုံးကုန်သွားတဲ့အထိ စောင့်ပါဦး . . . ပြီးရင် . ."

ဟု စိတ်လှုပ်ရှားစွာ ပြောလိုက်သည်။

သူမက စာရွက်အပိုင်းအစတစ်ခုကို လက်ထဲတွင် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း လော့ဟတ်၏စားပွဲခုံနားသို့ ကပ်သွား၏။ ဟယ်ရီနှင့် ရွန်တို့က သူမ၏နောက်မှ ကပ်လိုက်သွားကြသည်။

"အဲ . . . ပရောက်ဖက်ဆာလော့ဟတ် . . . ဟိုလေ ကျွန်မ . . . ဒီစာအုပ်ကို စာကြည့်တိုက်က ငှားချင်လို့ . . . နည်းနည်းပါးပါး အသုံးဝင်အောင် ဖတ်ချင်လို့ပါ"

ဟာမီယွန်က အထစ်ထစ်အငေါ့ငေါ့နှင့်ပြောရင်း လက်ထဲမှ စာရွက်အပိုင်းအစကို ကမ်းပေးလိုက်၏။ သူမ၏လက်မှာ မသိမသာ တုန်ခါနေလေသည်။

"ဒါပေမယ့် အဲဒီစာအုပ်က ကန့်သတ်စာအုပ်တွေထားတဲ့နေရာမှာပဲ ရှိတယ်၊ အဲဒါကြောင့် ကျွန်မ မှတ်စုစာအုပ်ငှားဖို့ ဆရာတစ်ယောက်ရဲ့ လက်မှတ်လိုအပ်နေလို့ပါ။ ဆရာ ပြောပြောနေတဲ့ 'ဖုတ်ကောင်များနှင့် ရွာရိုးကိုးပေါက် လျှောက်လည်ခြင်း' စာအုပ်ထဲက အဆိပ်တက်နှေးတဲ့ အဆိပ်ရည်အကြောင်း နားလည်ဖို့ အထောက်အကူဖြစ်အောင်လို့ . . ."

www.burmeseclassic.com

www.burmeseclassic.com



"ဘာ! ဖုတ်ကောင်များနှင့် ရွာရိုးကိုးပေါက်လျှောက်လည်ခြင်း . . . တုတ်လား"

လော့ဟတ်က သဘောအကျကြီးကျကာ ဟာမီယွန့်လက်ထဲမှ စာရွက်အပိုင်းအစကို လှမ်းယူရင်း သွားအဖြီးသားပြုးလျက် ပြောလိုက်၏။ သူက ဆက်၍ . . .

"ဒါ ငါ အရမ်းအရမ်းကို နှစ်သက်တဲ့စာအုပ်ပဲ . . . မင်းရော သဘောကျလား"

"အို . . . ကြိုက်တာပေါ့ . . . အရမ်းတော်တာပဲ . . . ဟို နောက်ဆုံးတစ်ကောင်ကို ဆရာ လက်ဖက်ရည်စစ်နဲ့ ထောင်ချောက်ဆင်လိုက်တဲ့ နည်းလေ"

ဟု ဟာမီယွန်က စိတ်အားထက်သန်စွာ ပြောလိုက်၏။

"အင်း . . . တစ်နှစ်အတွင်းမှာ အတော်ဆုံးကျောင်းသူကို အကူအညီနည်းနည်းလေး ပေးမိတဲ့အတွက် ဘယ်သူမှ ငါ့ကို စိတ်ကွက်ကြမှာ မဟုတ်ပါဘူး"

ဟု လော့ဟတ်က နွေးထွေးစွာ ပြောလိုက်ပြီး ဇရာမ ဒေါင်းမွေးကြီးကို ဆွဲယူလိုက်၏။

"ဘယ့်နှယ်လဲ . . လှတယ် မဟုတ်လား"

ရွှန်၏မျက်နှာပေါ်မှ ရွံရှာစက်ဆုပ်သောအကြည့်ကို (သူ့အား သဘောကျနေသည့်ပုံ) အဓိပ္ပါယ်ကောက်လွဲကာ လော့ဟတ်က မေးလိုက်၏။

"ဒီဒေါင်းမွေးကို စာအုပ်တွေမှာ လက်မှတ်ထိုးပေးဖို့သက်သက်ပဲ ငါ အမြဲသိမ်းထားခဲ့တာ"

သူက စာရွက်ပေါ်၌ အူကြောင်ကြောင်နိုင်လှသော ဇရာမလက်မှတ်ကြီးတစ်ခုကို ထိုးပေးပြီး စာရွက်အား ဟာမီယွန့်ထံ ပြန်ပေးလိုက်သည်။

"ကိုင်း . . . ဟယ်ရီ"



ဟာမီယွန်က ကယောင်ချောက်ချားဖြစ်နေသော လက်များဖြင့် စာရွက်ကို ခေါက်ကာ သူမ၏အိတ်ထဲသို့ ထည့်လိုက်စဉ် လော့ဟတ်က ပြောလိုက်၏။

"မနက်ဖြန် ဒီနှစ်ရာသီရဲ့ ပထမဆုံး ကွစ်ဒစ်ပြိုင်ပွဲစမယ်လို့ ငါ သတင်းကြားထားတယ်။ ဂရစ်ဖင်ဒေါနဲ့ စလီသရင်နဲ့ ယှဉ်ပြိုင်ကြမှာလေ. . . ဟုတ်ရဲ့လား . . . မင်းဟာ မရှိမဖြစ်ကစားသမားတစ်ယောက်လို့ ငါ ကြားမိတယ်။ ငါလည်း ရှေ့ဘောလုံးသမားဖြစ်ခဲ့ဖူးတာပဲ . . . အမျိုးသားလက်ရွေးစဉ်အသင်းမှာ ကစားဖို့တောင် ကမ်းလှမ်းခံရသေးတယ်။ ဒါပေမယ့် အောက်လမ်းမိစ္ဆာစွမ်းအားစုတွေကို ကျူပင်ခုတ် ကျူငုတ်မကျန်အောင် ချေမှုန်းသုတ်သင်ပစ်ဖို့ ပုံအပ်ထားရတာပြီး စိတ်ပါတာနဲ့ (မကစားဖြစ်တော့ပါဘူး)။ အခုအချိန်ထိပေါ့လေ . . . မင်းသာ ကိုယ်ပိုင်လေ့ကျင့်ခန်းဆင်းဖို့ လိုအပ်တယ်ဆိုရင်တော့ ငါ့ကို အကူအညီတောင်းဖို့ တုံ့ဆိုင်းမနေပါနဲ့ . . . သိပ်အရည်အသွေး မပြည့်မှီသေးတဲ့ ကစားသမားလေးတွေကို ငါ့ရဲ့ ကျွမ်းကျင်တတ်မြောက်မှုတွေ ဖြန့်ဖြူးပေးရတာကို အမြဲပျော်နေမှာပါ . . ."

ဟယ်ရီက မသဲမကွဲအသံတစ်ချက်ပြုလိုက်ပြီး ရွှန်နှင့် ဟာမီယွန်တို့၏ နောက်သို့ ကသောကမျော ပြေးသွားလိုက်၏။

"ငါ ယုံတောင် မယုံဘူး"

သူတို့သုံးယောက်သား စာရွက်ပေါ်မှ လက်မှတ်ကို သေသေချာချာ စစ်ဆေးကြည့်ရှုနေကြစဉ် ဟယ်ရီက ပြောလိုက်သည်။

"ငါတို့ ဘာစာအုပ် ငှားချင်တာလဲလို့ တစ်ချက်ကလေးတောင် သူမကြည့်တော့ဘူးနော်"

"သူက ငတုံးငအတော့ မဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



သူတို့ သုံးယောက် စာကြည့်တိုက်ဆီသို့ အပြေးတပိုင်းနှင့် သွားကြစဉ် ဟာမိယွန်က အသံစူးစူးလေးဖြင့် ပြောလိုက်၏။

"(နင်ကတော့ ဒီလိုပဲပြောမှာပေါ့) သူက နင့်ကို တစ်နှစ်လုံးမှာ အတော်ဆုံးကျောင်းသူလို့ ပြောလိုက်တာကိုး . . . "

တိတ်ဆိတ်ငြိမ်သက်ခြင်းကသာ ကြီးစိုးထားသောစာကြည့်တိုက်ထဲသို့ ဟယ်ရီတို့ လှမ်းဝင်လိုက်စဉ် သူတို့၏စကားသံများကို နှိမ့်ချလိုက်ကြသည်။

စာကြည့်တိုက်မှူး မဒမ်ပင့်စ်မှာ ပိန်ပိန်ပါးပါးနှင့် ခွတီးခွကျ မိန်းမကြီးဖြစ်ပြီး သူမကို ကြည့်ရသည်မှာ အစာရေစာပြတ်လပ်နေသော လင်းတမကြီးနှင့် တူ၏။

"မှော့စတီပိုတန်တီ ဆေးရည်များအကြောင်းစာအုပ် . . ။ ဟုတ်လား"

မဒမ်ပင့်စ်က သက်ာရနံ့မကင်းစွာ စာအုပ်နာမည်ကို နောက်တစ်ကြိမ်ပြန်မေးလိုက်ရင်း ဟာမီယွန့်လက်ထဲမှ စာရွက်ကိုဆွဲယူရန် ကြိုးစားလိုက်သည်။ ဟာမီယွန်က စာရွက်ကိုလွှတ်မပေးဘဲ ကိုင်ထား၏။

"အဲဒီစာရွက်ကို ငါ သိမ်းထားရမယ်လို့ ထင်တယ်"

ဟု မဒမ်ပင့်စ်က အသက်ပင်မရှူဘဲ ပြောလိုက်သည်။

ရွန်က ဟာမီယွန်၏လက်ထဲမှ စာရွက်ကိုဆွဲယူကာ မဒမ်ပင့်စ်ထံ ကမ်းပေးရင်း အယုံသွင်းကာ ပြောလိုက်၏။

"ဟာ . . . ပေးလိုက်စမ်းပါဟာ။ ငါတို့ နင့်ကို လက်မှတ်နောက်တစ်ခု ပြန်ပေးပါ့မယ် . . "

မဒမ်ပင့်စ်က အတုလုပ်ထားသောလက်မှတ်ကို ရှာဖွေတွေ့ရှိသလိုမျိုး ပုံစံနှင့် စာရွက်ကို အလင်းရောင်၌ထောင်ကာ စစ်ဆေးကြည့်လိုက်သည်။ သို့ရာတွင် သူတို့စစ်ဆေးမှုကို အောင်မြင်စွာကျော်ဖြတ်လိုက်နိုင်ပါသည်။ သူမက



စာအုပ်စင်မြင့်ကြီးများ၏ကြားထဲသို့ ဆောင့်ဆောင့်အောင့်အောင့်နှင့်လျှောက်ဝင်သွားပြီး မိနစ်အနည်းငယ်ကြာသောအခါ ဖုန်တက်နေပုံပေါ်သည့်စာအုပ်ကြီးတစ်အုပ်ကို ယူလာ၏။ ဟာမီယွန်က ထိုစာအုပ်ကို သူမ၏လွယ်အိတ်ထဲသို့ ဂရုတစိုက်နှင့်ထည့်လိုက်ပြီးနောက် သူတို့သည် ခြေလှမ်းများကို အရမ်းမြန်အောင်လျှောက်ဘဲ (သို့မဟုတ်) အပြစ်တစ်ခု လုပ်ထားသည့်ပုံစံမျိုးမပေါ်ဘဲ ဖြစ်အောင်ကြိုးစားရင်း စာကြည့်တိုက်မှ ထွက်လာခဲ့ကြသည်။

ငါးမိနစ်ခန့်ကြာသော် ဟယ်ရီတို့သုံးယောက်သည် ပျက်နေသဖြင့်ပိတ်ထားသော ငိုချင်းသည်သရဲမ မာရတယ်၏ မိန်းကလေးကိုယ်လက်သန့်စင်ခန်းအတွင်းသို့ တဖန်ပြန်ရောက်လာကြပြန်သည်။ ဟာမီယွန်က (ထိုနေရာသို့မသွားချင်) ရွန်၏ ကန့်ကွက်မှုများကို ထိုနေရာမှာ မည်သူမှ အာရုံမထားသည့်နေရာဖြစ်ကြောင်း၊ ထို့ကြောင့် သူတို့၏ လွတ်လပ်မှုအတွက် အာမခံချက်ရှိကြောင်းပြောကာ ပယ်ချခဲ့သည်။ မာရတယ်က သူမ၏ ရေအိမ်အခန်းငယ်ထဲတွင် ဆူညံစွာငိုကြွေးချက်မ လုပ်နေသော်လည်း သူတို့က သူမကို ဥပေက္ခာပြုထားကြ၏။ သူမကလည်း သူတို့ကို လျစ်လျူရှုထားသည်။

ဟာမီယွန်က 'မှော့စတီပိုတန်တီဆေးရည်များ' စာအုပ်ကြီးကို ဂရုတစိုက်နှင့်ဖွင့်လိုက်ပြီးနောက် သူတို့သုံးယောက်သား စိုထိုင်းထိုင်းနှင့် အစက်အပြောက်များ စွန်းထင်းနေသော စာအုပ်ကြီးကို ငုံ့ကာဖတ်နေကြ၏။ ထိုစာအုပ်အား ဘာကြောင့် ကန့်သတ်စွာ စာအုပ်စင်မှာထားရသည်ဆိုသည့်အကြောင်းကို တစ်ချက်လှမ်းကြည့်လိုက်ရုံနှင့် ရှင်းလင်းစွာ သိနိုင်ပေသည်။ အချို့ဆေးရည်များမှာ တွေးကြည့်လိုက်ရုံနှင့်ပင် ထိတ်လန့်စက်ဆုပ်ဖွယ် အာနိသင်များရှိပြီး အချို့ကို ထွန်စွာ စိတ်မချမ်းသာစရာကောင်းသောပုံများဖြင့် ဖော်ပြထားကာ ၎င်းတို့ထဲတွင် သူတစ်ယောက်ကို လုံးဝပြောင်းလဲသွားအောင် လုပ်နိုင်မည့်ပုံရသည့်နည်းများနှင့်

www.burmeseclassic.com



စုန်းမတစ်ယောက်က သူမ၏ခေါင်းထဲမှ အပိုလက်များထပ်ထွက်လာအောင် လုပ်နိုင်သည့်နည်းများ ပါဝင်လေသည်။

"ဟော့ဒီမှာ"

ရုပ်ပြောင်းရုပ်လွှဲဆေးရည်ဆိုသည့် ခေါင်းစဉ်ကို စာရွက်တစ်ရွက်ပေါ်၌ တွေ့လိုက်စဉ် ဟာမီယွန်က စိတ်လှုပ်ရှားစွာ ပြောလိုက်ခြင်း ဖြစ်သည်။ ထိုစာမျက်နှာကို လူများက အခြားသူများ၏ပုံသဏ္ဍာန်အဖြစ် တစ်ဝက်တစ်ပျက်အသွင်ပြောင်းလွဲနေပုံများဖြင့် တန်ဆာဆင်ခြယ်မှုန်းထားသည်။ ပန်းချီဆွဲသူမှာ ထိုသူများ၏ မျက်နှာများပေါ်မှ အပြင်းအထန်ဝေဒနာ ခံစားနေပုံရသည့် အကြည့်များကို စိတ်ကူးယဉ်ကာ ရေးဆွဲထားခြင်းသာဖြစ်ပါစေဟု ဟယ်ရီ ရိုးသားစွာ မျှော်လင့်မိ၏။

"ဒါဟာ ငါ တွေ့ဖူးသမျှဆေးရည်တွေထဲမှာ အရှုပ်ထွေးဆုံး ဆေးရည်ပဲ"

ဟယ်ရီတို့သုံးယောက်သား ဆေးဖော်စပ်နည်းကို ခပ်သွက်သွက် ဖတ်ကြည့်သွားကြစဉ် ဟာမီယွန်က ပြောလိုက်၏။

"ယင်ကောင်တွေ . . . မျှော့တွေ . . . ဖလပ်(က်စ်)မြော်ပင်တွေ . . . မြက်ထုံးတွေ . . "

သူမ၏ လက်ချောင်းက ဖော်စပ်ရမည့် ပစ္စည်းအမယ်များစာရင်း၏ အောက်ဖက်သို့ ပြေးလွှားရွေ့လျားနေစဉ် ဟာမီယွန်က တီးတိုးရေရွတ်လိုက်သည်။

"အင်း . . . အဲဒါတွေ လုံလုံလောက်လောက်ရဖို့ကတော့ လွယ်တယ် . . . အဲဒါတွေက ကျောင်းသားတွေရဲ့ ဆေးပစ္စည်းသိုလှောင်တဲ့ ဗီရိုထဲမှာတင် ရှိတယ် . . . ငါတို့ဖာသာငါတို့ ယူလိုက်လို့ရတယ်။ အိုး . . ကြည့်ပါဦး. . . ဘိုင်ကွန်းရဲ့ဦးချိုကို ထောင်းထားသောအမှုန့်တဲ့။ အဲဒါကို ငါတို့ ဘယ်နေရာမှာ ရနိုင်မလဲ မသိဘူး . . . နုတ်နုတ်စင်းထားတဲ့ ဘွန်းစလန်းကောင်ရဲ့ အရေခွံ . . တဲ့



ဒါလည်း မလွယ်ဘူး . . . တော်တော် ရှုပ်တယ် . . . ငါတို့ အသွင်ပြောင်းချင်တဲ့ သူရဲ့ခန္ဓာကိုယ်မှ အစအနကလေးနည်းနည်းကတော့ ကျိန်းသေပါရမယ်"

"နေပါဦး . . . နင် ဘာကိုပြောချင်တာလဲ . . . ငါတို့ အသွင်ပြောင်းချင်တဲ့သူရဲ့ခန္ဓာကိုယ်က အပိုင်းအစနည်းနည်း ဟုတ်လား . . . ခရက်ဘီရဲ့ ခြေသည်းတွေထည့်ထားရင်တော့ အဲဒီဆေးရည်ကို ငါ လုံးဝသောက်မှာ မဟုတ်ဘူးနော်"

ဟာမီယွန်က ရွန့်စကားကို မကြားချင်ဟန်ဆောင်ကာ ဆက်ပြော၏။

"အဲဒီအတွက် ငါတို့ စိုးရိမ်နေစရာ မလိုသေးပါဘူး . . . အဲဒါက နောက်ဆုံးကျမှ ငါတို့ ထည့်ရမှာ"

ရွန်က တစ်လုံးတပါဒမျှ မပြောတော့ဘဲ ဟယ်ရီ့ဘက်သို့ မျက်နှာမူလိုက်သည်။ သူ့မှာလည်း စိုးရိမ်ပူပန်မှုတစ်မျိုးနှင့်ပင်။

"နင် ဖော်စပ်ရမယ့် ပစ္စည်းတွေကို ပမာဏ ဘယ်လောက်စီ ခိုးယူရမယ် ဆိုတာကိုရော နားလည်ရဲ့လား ဟာမီယွန် . . . နုတ်နုတ်စင်းထားတဲ့ ဘွန်းစလန်းကောင်ရဲ့အရေခွံကတော့ ကျောင်းသားတွေရဲ့ဆေးပစ္စည်း သိုလှောင်တဲ့ဗီရိုထဲမှာ မရှိတာ ကျိန်းသေတယ် . . . ငါတို့ ဘာလုပ်ကြရမှာလဲ . . စနိပ်ရဲ့ ကိုယ်ပိုင်ပစ္စည်းထားတဲ့အခန်းကို ဖောက်ထွင်းရမှာလား . . . အဲဒါဟာ ကောင်းတဲ့အကြံအစည် ဖြစ်မယ်လို့ ငါတော့ မထင်ဘူး . . ."

ဟာမီယွန်က စာအုပ်ကို ဒေါသတကြီး ဆောင့်ပိတ်လိုက်သည်။

"ကဲ . . . နင်တို့နှစ်ယောက် ကြောက်နေကြတယ်ဆိုရင်လည်း ကောင်းတာပဲ"

ဟု သူမက ပြောလိုက်၏။ သူမ၏ ပါးနှစ်ဖက်ပေါ်တွင် ပန်းနုရောင်

www.burmeseclassic.com

www.burmeseclassic.com



တောက်ပစွာလျှမ်းတက်လာပြီး သူမ၏မျက်လုံးအစုံမှာ ခါတိုင်းထက်ပိုမို တောက်ပြောင်စူးရှလာကြသည်။

"ငါ ကျောင်းစည်းကမ်းတွေ မချိုးဖောက်ချင်ဘူးဆိုတာ နင်တို့လည်း အသိပဲ။ သာမန်လူကပေါက်ဖွားလာတဲ့သူတွေကို ခြိမ်းခြောက်ခံရတာဟာ အရမ်းခက်ခဲတဲ့ဆေးရည်ကို ဖော်စပ်ရတာထက် ပိုဆိုးတယ်လို့ ငါက တွေးမိလို့ . . . ဒါပေမယ့် အဲဒီတရားခံဟာ မယ်ဖွိုင်းဆိုတာကို နင်တို့မှာ ထုတ်ဖော်ချင်တဲ့ ဆန္ဒမရှိဘူးဆိုရင်လည်း ငါ မဒမ်ပင့်စ်ဆီကို အခုပဲထသွားပြီး ဒီစာအုပ်ကို ပြန်အပ်လိုက်ရုံပဲ ရှိတော့တယ် . . ."

"နင်က ငါတို့ကို ကျောင်းစည်းကမ်းတွေ ဖောက်ဖျက်ဖြစ်အောင် သွေးဆောင်တဲ့နေ့မျိုးကို ကြုံရလိမ့်မယ်လို့ ငါ တစ်ခါမှ မတွေးမိဘူး . . . ကောင်းပြီလေ . . ငါတို့ လုပ်ပါ့မယ် . . . ဒါပေမယ့် ခြေသည်းတွေတော့ မပါစေနဲ့နော် . . . ဟုတ်ပြီလား"

ဟု ရွန်က ပြောလိုက်၏။

"ဒီဆေးရည်ကို ဖော်စပ်ဖို့အချိန် ဘယ်လောက်ကြာနိုင်မလဲ"

ဟာမီယွန်မှာ ပျော်ရွှင်သွားပုံရပြီး စာအုပ်ကို ပြန်ဖွင့်လိုက်စဉ် ဟယ်ရီက မေးလိုက်သည်။

"အင်း . . . ဖလပ်(က်စ်)မှော်ပင်က လပြည့်ညမှ ယူရမှာ . . . ပြီးတော့ . . အတောင်ပံတွေက နှစ်ဆယ့်တစ်ရက်တိတိ နှပ်ထားရမှာ . . ဒီဆေးရည်ကို တစ်လလောက် ဖော်စပ်ရမယ်လို့ ငါ ပြောနိုင်တယ် . . . လိုအပ်တဲ့ပစ္စည်းအမယ်တွေအားလုံး ငါတို့ ရနိုင်မယ်ဆိုရင်ပေါ့ဟာ"

"တစ်လ ဟုတ်လား . . . အဲဒီလောက်ဆိုရင် မယ်ဖွိုင်းက ကျောင်းမှာရှိတဲ့သာမန်လူက ပေါက်ဖွားလာတဲ့သူ တစ်ဝက်လောက်ကို တိုက်ခိုက်လို့ ပြီးနေလောက်ပြီ!"

ဟု ရွန်က ပြောလိုက်၏။

သို့ရာတွင် ဟာမီယွန်၏မျက်လုံးများက အန္တရာယ်ရှိစွာ ကျဉ်းမြောင်းသွားကြပြန်သဖြင့် ရွန်က ကမန်းကတန်းဖြင့် သူ့စကားကို ဖာထေးလိုက်သည်။

"ဒါပေမယ့် အဲဒါဟာ ငါတို့ရဲ့အကောင်းဆုံးအစီအစဉ်ပဲ . . . ဒါကြောင့် အင်တိုက်အားတိုက် ဆက်လုပ်ကြရမယ်လို့ ငါ ပြောမလို့ပါဟ"

သို့သော်ငြားလည်း ဟာမီယွန်က ကိုယ်လက်သန့်စင်ခန်းထဲမှ သူတို့ပြန်ထွက်ရန် လူအရိပ်အခြည်ကို ထွက်ပြီးအကဲခတ်နေစဉ် ရွန်က ဟယ်ရီ့ကို တီးတိုးပြောလိုက်သည်။

"တကယ်လို့ မနက်ဖြန်မှာ မယ်ဖွိုင်းကို သူ့တံမြက်စည်းပေါ်က ပြုတ်ကျအောင် မင်းတိုက်ချနိုင်လိုက်ရင် ငါတို့ ကသိလင်တဖြစ်ရတာ အတော်ကြီးသက်သာသွားလိမ့်မယ်ကွ"

●

စနေနေ့မနက်တွင် ဟယ်ရီသည် စောစီးစွာအိပ်ရာမှနိုးလာပြီး မကြာမီ ကစားရတော့မည့် ကွစ်ဒစ်ပြိုင်ပွဲအကြောင်းကို အိပ်ရာထက်၌ ခဏလဲလျောင်းကာ တွေးနေမိသည်။ ဟယ်ရီမှာ အကယ်၍များ ဂရစ်ဖင်ဒေါအသင်း ရှုံးသွားလျှင် ဝုဒ်က ဘာများပြောမလဲဆိုသည်ကို အမိကထားတွေးကာ စိတ်လှုပ်ရှားနေသကဲ့သို့ ရွှေနှင့်စက်၍သာ ဝယ်ယူနိုင်သော အမြန်ဆုံးပြိုင်ပွဲဝင်တံမြက်စည်းတံများထိုးစီးနင်းကာ ကစားမည့်အသင်းတစ်သင်းကို ဘယ်လိုရင်ဆိုင်ရပါ့မလဲဟု တွေးတား

www.burmeseclassic.com

www.burmeseclassic.com



စိတ်မောနေမိသည်။ သူသည် စလီသရင်အသင်းကို သည်လောက်ဆိုးဆိုးဝါးဝါး ကြီး အနိုင်ယူချင်စိတ် မပျင်းပြခဲ့ဖူးပါ။ သူ၏ခန္ဓာကိုယ်အတွင်းပိုင်းတွင် အပြင်း အထန်လှုပ်ရှားနေလျက်နှင့်ပင် အိပ်ရာထက်၌ နာရီဝက်ခန့်ကြာအောင် လဲ လျောင်းနေပြီးနောက် ဟယ်ရီသည် အိပ်ရာမှထကာ အဝတ်အစားလဲပြီး စောစီး စွာ နံနက်စာစားရန် အောက်သို့ဆင်းခဲ့သည်။ ခန်းမကြီးထဲတွင် ရှည်လျားသော စားပွဲအလွတ်တစ်လုံး၌ စိတ်တထင့်ထင့်ဖြစ်နေကြပုံရပြီး စကားသိပ်များများ စားစား မပြောနိုင်ကြပဲ စိုးရိမ်စိတ်ပျောက်အောင် တစ်ယောက်နှင့်တစ်ယောက် ပူးကပ်တိုးဝှေ့ကာ ထိုင်နေကြသည့် ကျန် ဂရစ်ဖင်ဒေါ်ကစားသမားအားလုံးကို သူ တွေ့လိုက်ရသည်။

ဆယ့်တစ်နာရီ ထိုးရန်အချိန်နီးကပ်လာစဉ် တစ်ကျောင်းလုံးသည် ကွစ်ဒစ်ကစားကွင်းရှိရာသို့ ဆင်းသွားစပြုနေကြလေ၏။ လေထုထဲတွင် မိုးခြိမ်းသံ တစ်စွန်းတစ်စ ကြားနေရသည့်ရာသီဥတု ကြည်ကြည်လင်လင်မရှိသောနေ့တစ်နေ့ ပင် ဖြစ်သည်။ ဟယ်ရီ အဝတ်လဲခန်းထဲသို့ဝင်သွားစဉ် ရွန်နှင့် ဟာမီယွန်တို့က သူ့အတွက် ဆုမွန်ကောင်းတောင်းပေးရန် ကသောကမျော ပြေးလာကြသည်။ တစ်သင်းလုံးက သူတို့၏ ကြက်သွေးရောင် ဂရစ်ဖင်ဒေါ်အသင်းဝတ်စုံများကို ဆွဲယူဝတ်ဆင်လိုက်ကြပြီးနောက် ထုံးစံအတိုင်း ကစားပွဲမစခင် ဝုဒ်၏အားပေး လှုံ့ဆော်စကားကို နားထောင်ရန်ဝိုင်းဖွဲ့ထိုင်ချလိုက်ကြလေသည်။

"စလီသရင်အသင်းမှာ ငါတို့ထက်သာတဲ့တံမြက်စည်းတွေ ရှိတယ် . . . ဒါကို မငြင်းနိုင်ပါဘူး . . . ဒါပေမယ့် ငါတို့အသင်းရဲ့တံမြက်စည်းတွေပေါ် မှာ သူတို့အသင်းထက် ပိုပြီးသာလွန်ကောင်းမွန်တဲ့လူတွေ ရှိတယ်၊ ငါတို့ဟာ သူတို့ ထက်ပိုပြီး ပြင်းပြင်းထန်ထန် လေ့ကျင့်ထားတယ် . . ငါတို့ဟာ အမျိုးမျိုးသော ရာသီဥတုတွေကြားမှာ ပျံသန်းခဲ့ဖူးတယ် . . ."



("အရမ်းမှန်တာပဲ . . ငါ့ဝတ်စုံတွေဆို ဩဂုတ်လကတည်းက အခုထိ မြန်ကိုမခြောက်တော့ဘူး" ဟု ဂျော့ဝီစလေက မကြားတကြား ပြောလိုက်သည်)

". . ပြီးတော့ မယ်ဖွိုင်းက သူ့အသင်းကို ဖော်လံဖားပြီး (တံမြက်စည်း တွေ) ဝယ်ပေးထားတာကို ဒီနေ့မှာ သူတို့တတွေ နောင်တရအောင် ငါတို့ ပညာ ပေးရမယ်"

ခံစားမှုများဖြင့် ရင်အုပ်ကြီး မောက်ကြွတက်လာသောဝုဒ်က ဟယ်ရီ ဘက်သို့ လှည့်လိုက်သည်။

"အဲဒီအတွက် မင်းကိုပဲ ပုံအပ်လိုက်မယ် ဟယ်ရီ . . . ရှာဘောလုံး သမားတစ်ယောက်ဟာ ချမ်းသာကြွယ်ဝတဲ့အဖေတစ်ယောက်ထက် အခြားတစ်စုံ တစ်ရာကိုသာ ပိုင်ဆိုင်ရမယ်ဆိုတာ ဒီကောင်တွေကို ကျောင်းမှန်းကန်မှန်းသိ အောင် ပြလိုက်စမ်းပါ။ ရှာဘောလုံး(စနစ်ချ်)ကို မယ်ဖွိုင်းထက် အရင်မိအောင် ဖမ်းပါ . . . ဒါမှမဟုတ် . . . အသေအလဲကြိုးစားပြီး ကစားပါ ဟယ်ရီရာ . . . ဘာဖြစ်လို့လဲဆိုတော့ ဒီနေ့ ငါတို့ နိုင်ကိုနိုင်ရမယ် . . ငါတို့ နိုင်ကိုနိုင်ရမယ်"

"ဒါ ဖိအားပေးတာ မဟုတ်ဘူးနော် ဟယ်ရီ"

ဖရက်က ဟယ်ရီ့ကို မျက်စိမှိတ်ပြရင်း ပြောလိုက်၏။

သူတို့ ကစားကွင်းထဲသို့ ထွက်လာကြစဉ် ဝေါကနဲဆူညံသံကြီးက ဆီးကြို နှုတ်ဆက်လိုက်သည်။ အများအားဖြင့် အားပေးသောအသံများ ဖြစ်သည်။ ရေဘင်ကလောနှင့် ဟပ်ဖယ်ပတ်တို့ကလည်း စလီသရင်၏ အရှုံးကို လွန်စွာတွေ့မြင်လိုကြသောကြောင့်ပင်။ သို့ရာတွင် လူအုပ်ကြီးထဲမှ စလီသရင်ကျောင်းသားများကလည်း ဟေးဟေးဟားဟားနှင့် အော်ဟစ်လျောင် ပြောင်ကြ၏။ ကွစ်ဒစ်ဆရာမ မဒမ်ဟုချ်က ဖလင့်နှင့် ဝုဒ်တို့ကို လက်ဆွဲနှုတ်ဆက် ခိုင်းလိုက်သည်။ လက်ဆွဲနှုတ်ဆက်နေကြစဉ် သူတို့နှစ်ယောက်မှာ တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



နှင့်တစ်ယောက် စားတော့ဝါးတော့မလို စိန်းစိန်းကြီး စိုက်ကြည့်ကြကာ လိုဖစ်သည်ထက်ပို၍ လက်များကို အားစိုက်ဖျစ်ညှစ်ကြ၏။

"ဝိစီမှုတ်တော့မယ် . . . သုံး . . . နှစ် . . . တစ်"

ဟု မဒမ်ဟုချ်က အချက်ပေးလိုက်သည်။

ပရိတ်သတ်ကြီး၏ ဝေါကနဲအသံကြီးနှင့်အတူ ကစားသမား ဆယ့်လေးယောက်တို့သည် ခဲသားရောင်ကောင်းကင်ဆီသို့ အရှိန်အဟုန်ဖြင့် တဗိုးဗိုးတက်သွားကြ၏။ ဟယ်ရီသည် အခြားသူများထက် မြင့်အောင်ပျံတက်လာခဲ့ပြီး ဘေးဘီဝဲယာကို ဝေ့ဝဲကြည့်ကာ ရွှေဘောလုံးကို ရှာဖွေနေမိသည်။

"အဲဒီမှာ အဆင်ပြေရဲ့လား . . . အမာရွတ်ဦးခေါင်းရေ"

မယ်ဖွိုင်းက သူ့တံမြက်စည်း၏အမြန်နှုန်းကို ထုတ်ဖော်ကြွားဝါသလိုမျိုး ဟယ်ရီ့အောက်မှ ဝိုးကနဲ ဖြတ်သန်းသွားရင်း လှမ်းအော်သွား၏။

ဟယ်ရီ့မှာ ခွန်းတုံ့ပြန်နေစရာအချိန်မရှိ။ ထိုအချိန်ကလေးအတွင်းမှာပင် လေးလံသောအနက်ရောင်ဘလပ်ဂျာဘောလုံးကြီးက သူ့ဆီသို့ဦးတည်ပြေးဝင်လာ၏။ ဟယ်ရီမှာ တကယ့်ကို ပွတ်ကာသီကာလေးရှောင်တိမ်းလိုက်နိုင်သဖြင့် ဘလပ်ဂျာ သူ့ဘေးမှ ဖြတ်သွားရင်း သူ့ဆံပင်များကို ထိုးဖွသွားသလို ခံစားလိုက်ရသည်။

"သီသီကလေးဟေ့ . . . ဟယ်ရီရေ!"

ဘေ့စ်ဘောတုတ်တံကို လက်ထဲ၌ဆုပ်ကိုင်ထားရင်း ဟယ်ရီ့ဘေးမှ တဟုန်ထိုးဖြတ်သန်းသွားသော ဂျော့က အော်ပြောလိုက်ခြင်းပင်။ သူက ဘလပ်ဂျာကို စလီသရင်အသင်းဖက်သို့ ရိုက်ထုတ်ရန် အဆင်သင့်ပြင်ထား၏။ ဂျော့က ဘလပ်ဂျာကို အက်ဒရီယန်ပူဆီထံသို့ အားအင်အပြည့်ဖြင့် ဖြောင်းကနဲရိုက်ထုတ်လိုက်သည်ကို ဟယ်ရီ မြင်လိုက်ရသည်။ သို့ရာတွင် ဘလပ်ဂျာက လေထုထဲ၌ပင်



လမ်းကြောင်းပြောင်းသွားပြီး ဟယ်ရီ့ထံသို့ တန်းတန်းမတ်မတ် တိုးဝင်လာ ပြန်၏။

ဟယ်ရီသည် ဘလပ်ဂျာကို ကပျာကယာ ငုံ့ရှောင်လိုက်ပြီးနောက် ဂျော့က ထိုဘလပ်ဂျာကို မယ်ဖွိုင်းထံသို့ ကြိုးစားရိုက်ထုတ်လိုက်သည်။ နောက်ထပ်တဖန် ဘလပ်ဂျာက ဒလက်ကွေးတစ်ခုလို ရုတ်တရက်ပြန်ကွေ့လာပြီး ဟယ်ရီ၏ ဦးခေါင်းဆီသို့ ဦးတည်လာ၏။

ဟယ်ရီမှာ ဟုန်းကနဲ အရှိန်မြှင့်တင်လိုက်ရင်း ကစားကွင်း၏ အခြားတစ်ဖက်စွန်းသို့ တဟုန်ထိုး ပျံသန်းသွားလိုက်သည်။ တဝီဝီနှင့် အော်မြည်ကာ သူ့နောက်သို့ ထပ်ချပ်မကွာလိုက်လာသော ဘလပ်ဂျာ၏လေတိုးသံကို ဟယ်ရီ ကြားနေရ၏။ ဘာတွေဖြစ်ကုန်ပြီလဲ . . ။ ဘလပ်ဂျာများသည်ကစားသမားတစ်ဦးတည်းကိုကွက်ပြီး ယခုလိုအာရုံစိုက်ခြင်းမျိုး တစ်ခါမှ မရှိခဲ့ဘူးပါ။ သူတို့၏ အာခန့်မှာ လူများနိုင်သမျှ များများကို တံမြက်စည်းပေါ်မှ ပြုတ်ကျအောင် ကြိုးစားနေခဲ့သာဖြစ်သည်။

ကစားကွင်း၏ အခြားတစ်ဖက်စွန်း၌မူ ဖရက်ဝီစလေက ဘလပ်ဂျာကို အသင့်စောင့်ဆိုင်းနေ၏။ ဖရက်က ဘလပ်ဂျာကို အားကုန်သုံး၍ လွှဲရိုက်ထည့်လိုက်စဉ် ဟယ်ရီက ငုံ့ပြီးရှောင်ပေးလိုက်သည်။ ဘလပ်ဂျာမှာ မိမိရရ ရိုက်ခံလိုက်ရ၏။

"ဒါပဲပေါ့"

ဟု ဖရက် ပျော်ရွှင်စွာ ဟစ်ကြွေးလိုက်သည်။ သို့ရာတွင် သူ မှားသွားသည်။ ထိုဘလပ်ဂျာက သံလိုက်ဖြင့် ဆွဲငင်ခြင်းခံရသလိုမျိုး ဟယ်ရီ့ထံသို့ ပြေးဝင်လာပြန်သည်။ ဘလပ်ဂျာက သူ့နောက်သို့တကြိမ်မက တရှိန်ထိုးလိုက်သောအခါ ဟယ်ရီသည် သူ့တံမြက်စည်းတံကို ဇက်ကုန်ဖွင့်ကာ ပျံသန်းရန်ကြိုးစားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးရွာစ ပြုလာ၏။ မိုးသီးမိုးပေါက်ကြီးများက ဟယ်ရီ့မျက်နှာပေါ်သို့ ကျလာကြပြီး သူ့မျက်မှန်ကို တဖြောက်ဖြောက်နှင့် လာစင်ကြသည်။ ကစားပွဲ ကြေငြာသူလီဂျော်ဒန်၏ 'စလီသရင်အသင်းက ခြောက်ဆယ်မှတ်၊ သုည နဲ့ ဦးဆောင်ကစားနေပါတယ် ခင်ဗျ" ဟု အော်သံကို မကြားရသေးခင်အထိ ဟယ်ရီ မှာ ကျန်အသင်းသားများ ဘယ်လိုဘယ်ပုံဖြစ်နေကြသည်ကို အရိပ်အမြွက်မျှပင် မသိရချေ။

စလီသရင်အသင်းသားများ၏ သာလွန်ကောင်းမွန်လှသော တံမြက် စည်းများက သူတို့၏အလုပ်ကို ရှင်းလင်းပြတ်သားစွာ လုပ်နေကြ၏။ ထိုစဉ် စိတ်ရိုင်းဝင်နေသော ဘလပ်ဂျာက ဟယ်ရီ့ကို တိုက်ချရန် အားသွန်ခွန်စိုက် ပြေးဝင်လာပြန်သည်။ ယခုအခါ ဖရက်နှင့် ဂျော့တို့မှာ ဟယ်ရီ၏ ဘေးတစ်ဖက် တစ်ချက်စီတွင် ပူးကပ်ကာခြံရံထား၏။ ဟယ်ရီသည် သူတို့၏ ထပ်ခါထပ်ခါ လွှဲရမ်းလျှက်ရှိကြသောလက်များမှတပါး အခြားဘာကိုမှ မမြင်ရချေ။ သူ့မှာ ရွှေဘော်လုံးကို ရှာဖွေရန် အခွင့်အရေးပင်မရဘဲ . . . လွှတ်ထားရ၏။

"တစ်ယောက်ယောက်က ဒီဘလပ်ဂျာကို လက်ကမြင်းပြီး မင်းတစ် ယောက်တည်းကိုပဲ သဲသဲမဲမဲ တိုက်ခိုက်နေအောင် ပြုစားထားတာပဲ ဖြစ်မယ်"

ဘလပ်ဂျာက ဟယ်ရီ့ထံသို့ တိုက်ခိုက်မှုအသစ်တစ်ခုအဖြစ် ပစ်ဝင် လာစဉ် ဖရက်က ၎င်းကို သူ့တုတ်ဖြင့် အားကုန်ရိုက်ထုတ်ရင်း ပြောလိုက်သည်။

"ငါတို့ ကစားပွဲ ခဏရပ်လိုက်ဖို့ လိုတယ်"

ဟု ဂျော့က ပြောကာ ဝုဒ်ထံသို့ အချက်လှမ်းပြရန် ကြိုးစားရင်း တစ်ချိန် တည်းမှာပင် ဟယ်ရီ့နှာခေါင်းရိုးကို ချိုးတော့မည့် ဘလပ်ဂျာအား ဟန့်တားလိုက် ၏။

ဝုဒ် ရိပ်မိသွားသည်မှာ ထင်ရှား၏။ မဒမ်ဟုချ်၏ ဝီစီသံ ထွက်ပေါ်လာ



ပြီးနောက် ဟယ်ရီ၊ ဖရက်နှင့် ဂျော့တို့သည် စိတ်ရူးပေါက်နေသော ဘလပ်ဂျာကို ရှောင်ရန်ကြိုးစားရင်း မြေပြင်ပေါ်သို့ အသီးသီးဒိုင်ဗင်ထိုးဆင်းလိုက်ကြသည်။

"ဘာဖြစ်လို့လဲ"

လူအုပ်ထဲမှ စလီသရင်ကို အားပေးသူများက သူတို့ကို လှောင်ပြောင် သရော်နေကြစဉ် ဂရစ်ဖင်ဒေါအသင်းသားများအားလုံး အတူတကွပူးကပ်စုဝေး နေကြခိုက် ဝုဒ်က မေးလိုက်၏။ သူက

"ငါတို့တော့ ပြားပြားဝပ်အောင် ခံနေရပြီဟေ့။ ဖရက်နဲ့ ဂျော့ . . . အိန်ဂျလီနာ ဂိုးသွင်းတော့မှာကို ဘလပ်ဂျာက ဝင်ဟန့်တားလိုက်တုန်းက မင်းတို့ ဘယ်ရောက်နေကြတာလဲကွ"

"ငါတို့က သူ့ထက် ပေ ၂၀လောက် မြင့်တဲ့နေရာမှာပဲ ရှိတယ်။ နောက် ထပ် ဘလပ်ဂျာတစ်လုံးက ဟယ်ရီ့ကို ဇီဝိန်ခြွေတော့မှာကို ပိုင်းတားပေးနေရလို့ ကွ . . အော်လီဗာရ"

ဟု ဂျော့က စိတ်ဆိုးမာန်ဆိုးဖြင့် ပြန်ပြောလိုက်သည်။

"တစ်ယောက်ယောက်က ဒီဘလပ်ဂျာကို မန်းမှုတ်ပြုစားထားတာပဲ ဖြစ်မယ်။ အဲဒီဘလပ်ဂျာက ဟယ်ရီ့ကို လုံးဝအလွှတ်မပေးဘဲ သဲသဲမဲမဲ လိုက်နေ တယ်။ တခြားကစားသမားတွေဆီကိုလည်း မသွားဘူး။ စလီသရင်က ကောင်တွေ အဲဒီဘလပ်ဂျာကို ယုတ်ယုတ်မာမာ တစ်ခုခုလုပ်ထားပြီနဲ့ တူတယ်"

"ဒါပေမယ့် ငါတို့ရဲ့ နောက်ဆုံးလေ့ကျင့်မှုပြီးကတည်းက ဘလပ်ဂျာ တွေကို မဒမ်ဟုချ်ရဲ့အခန်းထဲမှာ သော့ပိတ်ပြီးသိမ်းထားတာပဲ။ ဒီနောက်တော့ သူတို့ ဘာမှလုပ်လို့ မရနိုင်ပါဘူး"

ဟု ဝုဒ်က အလောတကြီး ပြောလိုက်၏။

မဒမ်ဟုချ်က သူတို့ထံသို့ လျှောက်လှမ်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"နားထောင်ကြ"

သူမက သူတို့နှင့် နီးသထက်နီးလာစဉ် ဟယ်ရီက ပြောလိုက်၏။

"မင်းတို့ နှစ်ယောက်က ငါ့အနားကမခွာဘဲ တစ်ချိန်လုံးလိုက်ပြီး ပျံဧ နေရင် ငါ့ရဲ့အကျီ လက်စတွေထဲကို ရွှေဘောလုံးက တည့်တည့်မတ်မတ် ပျံသန်း လာမှပဲ ငါ ရွှေဘော်လုံးကို ဖမ်းမိနိုင်လိမ့်မယ်။ အဲဒီတော့ . . . ကျန်အသင်း သားတွေ ကြားထဲမှာပဲ မင်းတို့ ပြန်နေပြီး စိတ်ရှိင်းဝင်နေတဲ့ဘောလုံးကို ငါနဲ့ စွန့်စားရင်ဆိုင်ခွင့်ပြုကြပါ"

"သိပ်မရူးစမ်းပါနဲ့ . . . မင်း ခေါင်းပြုတ်သွားလိမ့်မယ်"

ဟု ဖရက်က ပြောလိုက်သည်။

ဝုဒ်က ဟယ်ရီ့ကိုတလှည့်ကြည့်လိုက် ဝီစလေကိုတလှည့်ကြည့်လိုက် လုပ်နေ၏။

"အော်လီဗာ . . . အဲဒါကတော့ ရူးလွန်းတယ် . . . ဒီလောက်အန္တရာယ် များတဲ့အရာတစ်ခုကို ဟယ်ရီတစ်ယောက်တည်းကိုပဲ မစွန့်စားခိုင်းသင့်ဘူး။ စုံစမ်း စစ်ဆေးမှု လုပ်ခိုင်းရင် ကောင်းမယ်"

ဟု အဲလစ်ဆီယာစပင်းနက်က ဒေါသတကြီးဖြင့် ကန့်ကွက်လိုက်သည်။

"ငါတို့ အခု ပွဲရပ်လိုက်ရင် ငါတို့ ဒီကစားပွဲကို လက်လွှတ်အဆုံးရှုံးခံ လိုက်ရလိမ့်မယ်! ပြီးတော့ ဒီအရူးထနေတဲ့ ဘလပ်ဂျာတစ်လုံးအတွက်နဲ့ ငါတို့ ဟာ စလီသရင်ကို အရှုံးမပေးလိုက်သင့်ဘူး! လုပ်စမ်းပါ အော်လီဗာ . . . ငါ့ တစ်ယောက်တည်းပေးနေဖို့ သူတို့ကို ပြောစမ်းပါ! "

ဟု ဟယ်ရီက ပြောလိုက်၏။

"အဲဒါတွေအားလုံး မင်းအပြစ်တွေချည်းပဲ။ ရွှေဘောလုံးကို ရအောင်



မ်းပါ (ဒါမှမဟုတ်) အသေအလဲကြိုးစားပြီး ကစားပါဆိုတာလေ . . . အရူးထပြီး မင်း သူ့ကို သွားပြောထားတာကိုး!"

ဂျော့က ဝုဒ်ကို ဒေါသတကြီး ပြောလိုက်သည်။

မဒမ်ဟုခ်ျကလည်း သူတို့၏ စကားဝိုင်းတွင် ပါဝင်လာ၏။ သူမက

"ပွဲ ပြန်စဖို့ အဆင်သင့်ဖြစ်ပြီလား"

ဟု ဝုဒ်ကို မေးလိုက်သည်။

ဝုဒ်က ဆုံးဖြတ်ချက် နိုင်မာစွာချထားသော ဟယ်ရီ့မျက်နှာကို လှမ်း ကြည့်လိုက်ပြီး

"ကောင်းပြီလေ . . . ဖရက်နဲ့ ဂျော့ . . . မင်းတို့ ဟယ်ရီပြောတာ ကြား တယ် မဟုတ်လား . . သူ့ကို တစ်ယောက်တည်းထားပြီး ဘလပ်ဂျာကို သူ့ဖာသာ သူ ရင်ဆိုင်ဖြေရှင်းပါစေ"

ဟု ပြောလိုက်၏။

ယခုအခါ မိုးက ပိုမိုသည်းထန်စွာ ရွာကျလာသည်။ မဒမ်ဟုခ်ျ ဝီစီ မှုတ်ပြီးသည်နှင့် ဟယ်ရီသည် လေထဲသို့ဆောင့်တက်သွား၏။ ဘလပ်ဂျာ၏ လေတိုးသံက သူ့နောက်မှကပ်ပါလာကြောင်း ပြောပြနေသကဲ့သို့ပင်၊ လေထဲသို့ မြင့်သထက်မြင့်မားအောင် ဟယ်ရီ ပျံတက်လာခဲ့၏။ သူသည် စက်ဝိုင်းပုံ ပျံသန်း သိုက်၊ အောက်သို့ ထိုးစိုက်ဆင်းသွားလိုက်၊ ဝဲကတော့တစ်ခုလို ပတ်ချာလည် လည်လိုက်၊ မြွေလိမ်မြွေကောက်ဖြစ်အောင် ပျံသန်းလိုက်၊ လေထဲတွင် ဘေးတိုက် သိမ့်လိုက် လုပ်နေ၏။ ဟယ်ရီမှာ အနည်းငယ် မူးနောက်နောက်ဖြစ်သော်ပြီး မျက်လုံးအစုံကို အစွမ်းကုန်ဖွင့်ထားချင်သော်လည်း ဖွင့်ထား၍မရဘဲဖြစ်နေသည်။ မိုးစက်များက သူ့မျက်မှန်ပေါ်သို့ ပြောက်တိပြောက်ကျားဖြင့် အဆက်မပြတ် ကျနေပြီး သူ လေထဲ၌ ကျွမ်းထိုးမှောက်ခုံလုပ်နေစဉ် မိုးရေများက နှာခေါင်းပေါက်

www.burmeseclassic.com

www.burmeseclassic.com



ရှုံးထဲသို့ စီးဝင်လာ၏။ ဟယ်ရီသည် ဘလပ်ဂျာကို ရှောင်ရန်အရှိန်ပြင်းစွာ ဒိုင်ဗင်ထိုးချလိုက်ပြန်သည်။ လူအုပ်ကြီး၏ ရယ်မောလိုက်သံများကို သူ ကြားနေရ၏။ သူ့ကိုကြည့်ရသည်မှာ အရမ်းအူကြောင်ကြောင်နိုင်နေမည်ဆိုသည်ကို သူ သိသည်။ သို့ရာတွင် စိတ်ရှုးပေါက်နေသော ဘလပ်ဂျာဘောလုံးမှာ လေးလံလှသဖြင့် သူ့လိုအလွယ်တကူလမ်းကြောင်း လိုက်မပြောင်းနိုင်သောကြောင့် (သူ ထိုသို့လုပ်မှသာ ရမည်)။ ဟယ်ရီသည် ကစားကွင်းအစပ်နားတလျှောက် ရှိလာကို စတာ စီးသလို စတင်ပျံသန်းလိုက်၏။ ငွေရောင်မိုးရေစက်အလွှာများအကြားမှ ဝရစ်ဖင်ဒေါ၏ဂိုးတိုင်များဆီသို့ သူ တစ်ချက် စောင်းငဲ့ကြည့်လိုက်စဉ် အက်ဒရီယန်ပူဆီက ဝုဒ်ကိုဖြတ်ကျော်ပြီး ဂိုးသွင်းရန် ကြိုးစားနေသည်ကို မြင်လိုက်ရ၏။

ဝှီးကနဲ သူ့နားထဲမှ ကြားလိုက်ရသော လေတိုးသံကြောင့် ဘလပ်ဂျာက သူနှင့် ပွတ်ကာသီကာလေး လွဲသွားပြန်ပြီဟု သိလိုက်ရသည်။ ဟယ်ရီသည် ညာဖက်သို့ ချိုးကွေ့ချလိုက်ပြီး (ဘလပ်ဂျာနှင့်) ဆန့်ကျင်ဖက်အရပ်ဆီသို့ တဟုန်ထိုး ပျံထွက်လာခဲ့၏။

"ဘဲလေးကဖို့ လေ့ကျင့်နေတာလား ပေါ်တာ"

ဟယ်ရီက အူကြောင်ကြောင်ပုံစံမျိုးဖြင့် ကိုယ်ကိုချာကနဲလှည့်ကာ ဘလပ်ဂျာကို ငုံ့ရှောင်လိုက်စဉ် မယ်ဖွိုင်းက အော်ပြောလိုက်သည်။ ဟယ်ရီမှာ သူနှင့် ပေအနည်းငယ်အကွာမှ ကပ်လိုက်လာသောဘလပ်ဂျာကို လွတ်အောင်ရှောင်ပြေးရင်း မယ်ဖွိုင်းအား မုန်းတီးစက်ဆုပ်စွာ ပြန်ကြည့်လိုက်စဉ် ရွှေဘောလုံး (စနစ်ချ်) ကို သူ တွေ့လိုက်ရလေသည်။ ရွှေဘောလုံးက မယ်ဖွိုင်း၏ဘယ်ဘက်နားရွက်တွင် ရစ်ဝဲနေပြီး မယ်ဖွိုင်းမှာ ဟယ်ရီ့ကို လှောင်ပြောင်ရင်း အလုပ်ရှုပ်နေသောကြောင့် ရွှေဘောလုံးကို မမြင်တွေ့ဘဲ ဖြစ်နေသည်။

သည်းထိပ်ရင်ဖိုစရာ ကောင်းလှသော ထိုအခိုက်အတန့်ကလေးတွင်



အရှိန်နှင့် ပျံသန်းတိုးဝင်သွားပါက မယ်ဖွိုင်းမော့ကြည့်လိုက်လျှင် စနစ်ချ်ကို မြင်သွားမည်ကို စိုးသဖြင့် ဟယ်ရီသည် လေထဲ၌ တွန့်ဆိုင်းဆိုင်း ဖြစ်နေမိ၏။

"ဗုန်း"

ဟယ်ရီသည် တစ်စက္ကန့်မျှ အလွန်အမင်း နောက်ကျသွားလေသည်။ နောက်ဆုံး၌ ဘလပ်ဂျာက သူ့ကို ထိမှန်သွားပြီး သူ့တံတောင်ဆစ်ရိုးကို ချိုးပစ်လိုက်၏။ ဟယ်ရီသည် သူ့လက်ကျိုးသွားပြီဟု ခံစားသိရှိလိုက်သည်။ သူ့လက်မောင်းမှ ပူကနဲဖြစ်သွားသောနာကျင်မှုကြောင့် မူးမိုက်ဝေဝါးသွားပြီး ဟယ်ရီသည် သူ၏မိုးရေစိုရွှဲနေသော တံမြက်စည်းပေါ်မှ လျှောကျလာ၏။ ဒူးတစ်ဖက်က တံမြက်စည်းတံကို ညှပ်ကာထိန်းထားရပြီး သူ၏ ညာဖက်လက်မှာ သုံးစား၍ မရတော့ဘဲ တွဲလောင်းကြီး ဖြစ်သွားသည်။ ဘလပ်ဂျာက ဒုတိယအကြိမ် ဘိုက်ခိုက်ရန် သူ့ထံသို့ ပြေးဝင်လာပြန်သည်။ သည်တစ်ကြိမ်တွင် သူ့မျက်နှာဘည့်တည့်သို့ ဝင်လာ၏။ ဟယ်ရီသည် ကွေ့ရှောင်လိုက်ရင်း ထုံထိုင်းနေပြီဖြစ်သော သူ့ဦးခေါင်းထဲ၌ အကြံအစည်တစ်ခုက အခိုင်အမာ အမြစ်တွယ်နေသည်။ မယ်ဖွိုင်းအနားကို အမြန်ဆုံးအရောက်သွားမှ ရွှေဘောလုံးကို ဖမ်းလို့ရမယ်။

ဝိုးတိုးဝါးတားဖြစ်နေသော မိုးရေစက်များနှင့် နာကျင်မှုတို့ကို အားတင်းကျော်ဖြတ်ကာ ဟယ်ရီသည် သရော်တော်တော် ပြောင်ချော်ချော်လုပ်နေသော သူ့အောက်ဖက်မှမျက်နှာဆီသို့ ဒိုင်ဗင်ထိုးချလိုက်စဉ် ထိုမျက်နှာပေါ်မှ မျက်လုံးအစုံက ကြောက်ရွံ့မှုဖြင့် ပြူးကျယ်သွားကြသည်။ မယ်ဖွိုင်းမှာ ဟယ်ရီ သူ့ကို ဘိုက်ခိုက်လေပြီဟု တွေးလိုက်မိ၏။

"ဘာဖြစ် . ."

ဟု သူက အမောတကောပြောရင်း ဟယ်ရီ၏လမ်းကြောင်းမှ လွတ်အောင် အောက်ဖက်သို့ ကသောကမျော ထိုးဆင်းချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီက သူ၏အကောင်းဆုံးပကတိအတိုင်း ရှိနေသေးသော လက်တစ်ဖက်ကို တံမြက်စည်းတံကို ဆုပ်ကိုင်ထားရာမှ လွှတ်လိုက်ပြီး (စနစ်ချ်ကို) ဆတ်ကနဲ ဖမ်းလိုက်၏။ အေးစက်နေသော ရွှေဘောလုံးနှင့် သူ့လက်ချောင်းများ၏ ထိတွေ့မှုကို ဟယ်ရီ ခံစားလိုက်ရသော်လည်း ယခုအခါတွင် တံမြက်စည်းတံကို သူ ခြေထောက်နှစ်ဖက်နှင့်သာ ထိန်းညှပ်ထားရသည်။ ဟယ်ရီသည် သတိမလစ်သွားအောင် အားတင်းထားရင်း မြေပြင်ပေါ်သို့ တဟုန်ထိုး ထိုးဆင်းလိုက်စဉ် အောက်ဖက်ရှိ လူအုပ်ကြီးထံမှ ဟစ်ကြွေးသံကြီး ဝေါကနဲတခဲနက်ထွက်ပေါ်လာ၏။ ရွှံ့များပေါ်သို့ သူ 'ဘုတ်' ကနဲ ပြုတ်ကျသွားပြီး တံမြက်စည်းပေါ်မှ နှစ်ပတ်သုံးပတ်ခန့် လိမ့်ထွက်သွားလေသည်။ သူ့လက်မောင်းကား ထူးဆန်းသောပုံသဏ္ဌာန်ဖြင့် ကွေးကောက်ကာ တွဲလောင်းကြီး ကျနေ၏။ နာကျင်မှုဖိစီးနေသည့်ကြားမှ ဟယ်ရီသည် ခပ်လှမ်းလှမ်းမှလာသော အသံမျိုးကဲ့သို့ လက်ခေါက်မှုတ်သံများနှင့် အော်သံများကို ကျယ်လောင်စွာ ကြားနေရသေးသည်။ သူသည် အကောင်းပကတိ ကျန်နေသေးသောလက်ထဲ၌ ဆုပ်ကိုင်ထားသည့် ရွှေဘော လုံးကို သေချာအာရုံ စူးစိုက်ပြီး ကြည့်လိုက်၏။ သူက

"အဟား . . . ငါတို့ နိုင်လိုက်ပြီ"

ဟု မပီမသ ရေရွတ်လိုက်သည်။

ထို့နောက် သူ သတိလစ်မေ့မြောသွားလေတော့သည်။

ဟယ်ရီ သတိပြန်ရလာသောအခါ ကစားကွင်းပေါ်တွင် သူ လဲလျောင်းနေဆဲပင်ဖြစ်ပြီး မိုးစက်များက သူ့မျက်နှာပေါ်သို့ ကျနေ၏။ တစ်စုံတစ်ယောက်က သူ့ကို ထူမထား၏။ (ထိုလူ၏) တဖိတ်ဖိတ်လက်နေသော သွားများကို သူ မြင်လိုက်ရသည်။

"အိုး! မဟုတ်ဘူး . . . ခင်ဗျား မဟုတ်ဘူး"



ဟု ဟယ်ရီက ညည်းတွားလိုက်၏။

"သူ ဘာတွေ ပြောနေတာလဲ မသိဘူး"

ဟု လော့ဟတ်က သူတို့နှစ်ယောက်ကို စိုးရိမ်ပူပန်စွာ ဝိုင်းအုံပြီး ကြည့်နေကြသည့် ဂရစ်ဖင်ဒေါ ပရိတ်သတ်ကြီးကို အော်ပြောလိုက်သည်။

"ဘာမှ စိတ်မပူနဲ့ ဟယ်ရီ . . ငါ မင်း လက်မောင်းကို ပြန်ကုပေးတော့မယ်"

"မလုပ်နဲ့! ကျွန်တော့်လက်မောင်းကို ဒီအတိုင်းပဲ ထားလိုက်မယ် . . ကျေးဇူးပဲ. . ."

သူ ထထိုင်ရန် ကြိုးစားလိုက်သော်လည်း နာကျင်မှုက ဆိုးရွားပြင်းထန်သည်။ သူ ကြားနေကျ ကလစ်ကလစ်နှင့် ဆူဆူညံညံ အသံကိုလည်း အနီးအနားတဝိုက်မှ ကြားနေရသည်။

"ငါ ဒီလိုဖြစ်နေတဲ့ဓာတ်ပုံ တစ်ပုံမှမလိုချင်ဘူး . . . ကိုလင်"

ဟု ဟယ်ရီက အော်လိုက်၏။

"ပြန်လှဲနေလေ . . . ဟယ်ရီ . . . ဒါဟာ ငါ အကြိမ်ပေါင်း မရေတွက်နိုင်အောင် အသုံးပြုခဲ့ဖူးတဲ့ ရိုးရိုးစင်းစင်း မန်းမှုတ်နည်းကလေးပါ"

ဟု လော့ဟတ်က သူ့ကို ချော့ချော့မော့မော့နှင့် ပြောလိုက်သည်။

"ကျောင်းဆေးရုံလေးကိုတောင် ကျွန်တော် ဘာလို့ သွားခွင့်မရတာလဲ"

ဟယ်ရီက အံကြိတ်ရင်း ပြောလိုက်၏။

"သူ ဆေးရုံကို တကယ်ပဲ သွားသင့်တယ် . . . ပရော်ဖက်ဆာ"

ရွှံ့ဗွက်များ ပေကျံနေသောဝုဒ်က ဝင်ပြောလိုက်သည်။ ဝုဒ်မှာ သူ၏ ရွှေဘော်လုံးသမား ထိခိုက်ဒဏ်ရာရနေသည့်အချိန်တွင်တောင်မှ အောင်မြင်မှုအတွက် ဝမ်းသာနေပုံကို မျက်နှာပိုးမသတ်နိုင်ချေ။

www.burmeseclassic.com

www.burmeseclassic.com



"ကြီးမြတ်ပြောင်မြောက်စွာ ဖမ်းလိုက်နိုင်တာပဲ . . . ဟယ်ရီ . . . တကယ့်ကို လက်ဖျားခါလောက်စရာ အံ့မခန်းပါပဲ . . . မင်းလောက် တော်တဲ့ သူမရှိဘူးလို့ပဲ . . . ငါ ပြောချင်ပါရဲ့"

စိတ်ရှိုင်းဝင်နေသော ဘလပ်ဂျာကို ဝိုင်းဝန်းဖိနှိပ်ကာ သေတ္တာထဲသို့ ပြန်ထည့်နေသည့် ဖရက်နှင့် ဂျော့ဝီစလေတို့ကို ရှုပ်ယှက်ခတ်နေသော ခြေထောက်များအကြားမှ ဟယ်ရီ မြင်တွေ့နေရသည်။ ဘလပ်ဂျာက ကြောက်မက်ဖွယ်ရာ တွန်းထိုး ရုန်းကန်နေဆဲပင်။

"ပြန်လှဲနေ"

လော့ဟတ်က ပြောရင်း သူ၏ ကျောက်စိမ်းရောင်အကျႌလက်စများကို လိပ်တင်လိုက်၏။

"မလုပ်နဲ့ မလုပ်နဲ့"

ဟု ဟယ်ရီက အားအင်နည်းပါးစွာ ပြောလိုက်သော်လည်း လော့ဟတ်က သူ၏ ဆေးတောင်ဝှေးကို ပတ်ချာလည် ဝှေ့ယမ်းပြီး မျက်တောင်တခတ်မျှကြာသောအခါ သူက ဆေးတောင်ဝှေးအား ဟယ်ရီ လက်မောင်းနှင့် တည့်မတ်စွာ ချိန်ရွယ်လိုက်၏။

ထူးဆန်းပြီး မသက်မသာရှိသော ခံစားမှုတစ်မျိုးက ဟယ်ရီ၏ပခုံးမှတဆင့် သူ၏လက်ချောင်းထိပ်ဖျားကလေးများတလျှောက်ဆီသို့ ပျံ့နှံ့သွားသည်။ သူ၏ လက်မှာ အားမရှိတော့သလိုမျိုး ခံစားလိုက်ရသည်။ သူ့လက် ဘာဖြစ်သွားသလဲဟု သူကြည့်ပင်မကြည့်ရဲတော့ချေ။ ဟယ်ရီသည် မျက်စိကို စုံမှိတ်ကာ သူ့လက်နှင့် ဆန့်ကျင်ဘက်သို့ မျက်နှာမူနေထားလိုက်၏။ သို့ရာတွင် သူ့ကို မိုးပြီး ဝိုင်းကြည့်နေသောသူများက ဟာကနဲ ဟင်ကနဲ ဖြစ်သွားကာ ကိုလင်က ခတ်ပုံ



[illegible]ကို ခပ်လှမ်းလှမ်းမှ သဲကြီးမဲကြီး ရိုက်နေစဉ် သူ၏အဆိုးရွားဆုံးကြောက်ရွံ့မှု[illegible]ဖြင့် ဟယ်ရီ နားလည်သဘောပေါက်လိုက်သည်။

သူ၏လက်မောင်းက လုံးဝနာကျင်မှု မရှိတော့ရုံသာမက 'လက်' နှင့်[illegible]သည့် အထိအတွေ့မျိုး ဘာခံစားမှုမှ မရှိတော့ပေ။

လော့ဟတ်ကတော့ ခပ်တည်တည်ဖြင့် . . .

"အဲ . . . တစ်ခါတစ်လေတော့ ဒါမျိုးဖြစ်တတ်ပါတယ်။ ဟဲ . . ဟဲ၊ [illegible]အရေးကြီးတာက အရိုးထပ်မကျိုးတော့ဘို့ပဲ။ ဟုတ်တယ်မဟုတ်လား။ ကိုင်း . . . [illegible]ဆို မင်းလက်က အရိုးကျိုးမှာ မပူရတော့ဘူးလေ။ ကဲ . . . ကဲ . . . ဝီစလေနဲ့ [illegible]ရင်ဂါတို့က သူ့ကို ဆေးရုံလိုက်ပို့ပေးလိုက်ကြပါကွာ။ မဒမ်ပွန်ဖရေက လိုတာ[illegible]လေးတွေ ဆက်ပြီးကုပေးပါလိမ့်မယ်"

ဟယ်ရီက ကြိုးစားပြီး ထရပ်လိုက်သည်။ စိတ်တင်းလျက် အသက်ပြင်းပြင်းတစ်ချက် ရှူသွင်းကာ သူ့ညာဖက်လက်ကို ငုံ့ကြည့်လိုက်၏။ မြင်တွေ့လိုက်ရသောမြင်ကွင်းကြောင့် နောက်တစ်ကြိမ် ထပ်ပြီး သတိလစ်သွားတော့မလို ဖြစ်သွားသည်။

သူ့ဝတ်ရုံစထဲမှ တွဲလောင်းကျနေသော အရာသည် ရော်ဘာလက်အိတ်[illegible]ည်ကြီးတစ်ခုဟု အောက်မေ့ရ၏။ ဟယ်ရီက လက်ချောင်းကလေးများကို ကွေး[illegible]ညည်ဖြန့်ချည်လုပ်ကြည့်ဖို့ ကြိုးစားသော်လည်း တုတ်တုတ်မျှ လှုပ်၍မရ။

လော့ဟတ်၏ ကုသမှုက အရိုးမှဝေဒနာကို ပျောက်အောင်လုပ်ရာ[illegible]ရောက်ဘဲ . . ၊ အရိုးများကို တစ်ချောင်းမကျန် ပျောက်ကွယ်သွားစေတော့သည် [illegible]ကား . . ။

www.burmeseclassic.com

www.burmeseclassic.com



မဒမ်ပွန်ဖရေကတော့ လုံးလုံးမကျေနပ်ပေ။ လွန်ခဲ့သည့်နာရီဝက်ခန့်ကပင် အကောင်းပကတိရှိနေသေးသော ဟယ်ရီပေါ်တာ၏လက်ကို ဝမ်းနည်းနှမြောစွာ ကိုင်ကြည့်လျှက် သူမက

"မင်းဖြစ်ဖြစ်ချင်း ငါ့ဆီကိုတစ်ခါတည်း တန်းပြီးလာခဲ့ဖို့ကောင်းတာ၊ အရိုးကျိုးတာလောက်တော့ စက္ကန့်ပိုင်းအတွင်း ငါပြန်ဆက်ပေးလို့ရတာပေါ့၊ အင်း. . . ဒါပေမယ့် အခုလိုမရှိတော့တဲ့အရိုးတွေကို ပြန်ပေါက်လာအောင်လုပ်ဖို့ဆိုတာကျတော့. . ."

"လုပ်လို့ရသေးတယ် မဟုတ်လားဟင် ဆရာမ. . .၊ ဆရာမလုပ်နိုင်ပါတယ်နော်"

ဟု ဟယ်ရီက အရဲစွန့်ပြီး မေးလိုက်သည်။

မဒမ်ပွန်ဖရေက ဟယ်ရီ၏ညအိပ်ဝတ်စုံကို ပစ်တင်ပေးလိုက်ရင်း စိတ်မသက်မသာဖြင့်

"ငါလုပ်လို့တော့ရပါတယ်၊ ဒါပေမယ့် မင်းအဖို့တော့ တော်တော်ကြီးနာနာကျင်ကျင်ခံစားရလိမ့်မယ်၊ မင်း ဆေးရုံမှာတစ်ညတော့နေမှဖြစ်မယ်"

ရွန်က ဟယ်ရီကို ကူညီ၍ညဝတ်အင်္ကျီလဲပေးနေစဉ် ဟာမီယွန်ကတော့ ကုတင်ပတ်ပတ်လည်ကိုကာထားသည့် ကန့်လန့်ကာအပြင်ဘက်၌ စောင့်နေရရှာသည်။ အရိုးမရှိတော့သောကြောင့် ရော်ဘာတုံးလိုပျော့အိပျော့တွဲကျနေသည့် ဟယ်ရီ၏လက်ကို အင်္ကျီလက်ပေါက်အတွင်းသို့ဝင်အောင် ထည့်ရသည်မှာ အချိန်အတော်ကြာလေသည်။

ရွန်က ကန့်လန့်ကာအတွင်းမှနေ၍

"ကဲ ဘယ့်နှယ်ရှိစ ဟာမီယွန်. . . အခုကော. . . ပရော်ဖက်ဆာလော့ဟတ်ကို နင်အထင်ကြီးနေတုန်းပဲလား၊ ဟယ်ရီ့လက် ဒီလိုဖြစ်သွားရတာ သူ့ကြောင့်



သူတလွဲတွေလျှောက်လုပ်လို့"

ဟာမီယွန်က

"မမှားသောရှေ့နေ၊ မသေသောဆေးသမားဆိုတာ ရှိသားပဲ၊ သူလည်း ဘစ်ခါတစ်လေတော့ မှားမှာပေါ့၊ ဒါနဲ့ဟယ်ရီ. . . နင် နာတော့ထပ်မနာတော့ဘူး မဟုတ်လား. . ."

"မနာဘူး၊ ပြီးတော့ ဘာခံစားမှုမှလည်း မရှိတော့ဘူး"

ဟု ပြောရင်း ဟယ်ရီက အိပ်ရာပေါ် ပစ်လှဲချလိုက်သည်။ တို့လို့တွဲလောင်းဖြစ်နေသော သူ့လက်ကလည်း ဘတ်ခနဲ. . .။

ဟာမီယွန်နှင့် မဒမ်ပွန်ဖရေတို့က ဟယ်ရီ့အနားသို့ ချဉ်းကပ်လာကြသည်။ မဒမ်ပွန်ဖရေ၏လက်ထဲတွင် ကြီးမားသောပုလင်းတစ်လုံးကို ကိုင်ထား၏၊ ထိုပုလင်းပေါ်တွင် "အရိုးပေါက်ဆေး"ဟု စာတမ်းကပ်ထားသည်။

မဒမ်ပွန်ဖရေက ဆေးများကို ခွက်ထဲသို့ အပြည့်လောင်းထည့်ပြီးနောက် ဟယ်ရီ့ထံသို့ လှမ်းပေးလျှက်

"ဒီညတော့ မင်းတော်တော် အခံရခက်မှာပဲ ဟယ်ရီရေ. . . ဒီဆေးသောက်ပြီးလို့ အရိုးတွေပြန်ပေါက်လာပြီဆိုရင် သေကောင်ပေါင်းလဲ ခံရတာ"

ဟယ်ရီဆေးကို သောက်လိုက်၏။ ဆေးရည်က ပါးစပ်နှင့်လည်ချောင်းတစ်လျှောက် ပူလောင်စွာစီးဆင်းသွားသောကြောင့် ဟယ်ရီ့ခမျာ ချောင်းတဟွတ်ဟွတ်ဆိုးရင်းသီးသွား၏။ မဒမ်ပွန်ဖရေက ဟယ်ရီသောက်ဖို့ ရေတစ်ခွက်ကမန်းကတန်း ထမ်းပေးလိုက်ရသည်။

ရွန်က

"ဘာပဲဖြစ်ဖြစ် ငါတို့နိုင်တာကတော့ နိုင်တာပဲ၊ အဲဒါ မင်းရွှေဘောလုံးတို

www.burmeseclassic.com

www.burmeseclassic.com



ဖမ်းမိလိုက်လို့ပဲ ဟယ်ရီ၊ မယ်ဖွိုင်းရဲ့ မျက်နှာကို မင်းမြင်စေချင်တယ်ကွာ၊ တကတည်း လူသတ်တော့မယ့်အတိုင်းပဲ"

ဟာမီယွန်က သုန်သုန်မှုန်မှုန်ဖြင့်

"သူ အဲဒီဘလပ်ဂျာကို ဘယ်လိုပြုစားထားသလဲဆိုတာ သိချင်လိုက်တာ"

ဟယ်ရီက ခေါင်းအုံးများပေါ် မှီချလိုက်ရင်း

"အဲဒီအချက်ကိုလည်း ငါတို့ရုပ်ပြောင်းရုပ်လွဲ ဆေးရည်သောက်ပြီး မယ်ဖွိုင်းအနားကိုသွားတဲ့အခါ မေးရမယ့်မေးခွန်းတစ်ခုအနေနဲ့ စာရင်းမှတ်ထားလိုက်ပေါ့"

ထိုစဉ် ဆေးရုံတံခါး ဝုန်းခနဲပွင့်သွားပြီး စိုရွှဲပေလူးနေသော ဂရစ်ဖင်ဒေါအသင်းသားတစ်စု ရောက်လာကြသည်။ သူတို့က ဟယ်ရီ့ကုတင်ဘေးတွင် ဝိုင်းဝိုင်းလည်လျှက်. . . ။

သူတို့လက်ထဲတွင် ကိတ်မုန့်များ၊ သကြားလုံးများ၊ ရွှေဖရုံသီးဖျော်ရည်ပုလင်းများကိုလည်း ယူဆောင်လာကြ၏။

ဂျော့က

"မင်းလေထဲမှာ ပျံသွားပုံကတော့ အံ့မခန်းပဲဟယ်ရီ၊ မားကပ်ဖလင့်စ်က မယ်ဖွိုင်းကို လှမ်းအော်ပြီးသတိပေးလိုက်တာ ငါမြင်လိုက်ရုံလေးရှိသေးတယ်၊ ရွှေဘောလုံးက မယ်ဖွိုင်းခေါင်းပေါ်မှာလေးတင်ရှိတာ။ အဲဒါ သူမမြင်လိုက်တာကိုး၊ မယ်ဖွိုင်းကတော့ ဆွေ့ဆွေ့ခုန်သွားတော့တာပဲ"

သူတို့အားလုံး တစ်ယောက်တစ်ပေါက်ဖြင့် ဟယ်ရီ့ကုတင်ဘေးတွင် ဝိုင်းဖွဲ့ကာ ပွက်ပွက်ညံနေစဉ် မဒမ်ပွန်ဖရေရောက်လာပြီး

"သွားကြ၊ သွားကြ ဒီကလေးကို ကောင်းကောင်းအနားယူပါစေဦး၊ သူ့မှာ အရိုးသုံးဆယ့်သုံးချောင်းတောင် ပြန်ပေါက်လာအောင် စောင့်ရဦးမှာ၊ သွားကြ. . အားလုံးအပြင်ထွက်ကြတော့"



နောက်ဆုံးတော့ ဟယ်ရီတစ်ယောက်တည်းသာ ကျန်ရစ်ခဲ့လေတော့သည်။ သူ့လက်မှ ဝေဒနာကတော့ ပြင်းပြင်းရှရှ။

●

နာရီပေါင်းများစွာကြာသွားသည်။ အမှောင်ထုထဲတွင် ဟယ်ရီရုတ်တရက် လန့်နိုးလာ၏။ သူ့လက်မောင်းအတွင်းမှ နာကျင်မှုကို သူသိနေသည်။ လက်တစ်လျှောက် လက်မောင်းရိုးနှင့် လက်ဖျံရိုးများပြန်ပေါက်နေပြီဖြစ်ကြောင်းကို သူခံစားသိဖြင့်သိလိုက်သည်။

စစချင်းတော့ ဒါကြောင့်ပင် သူလန့်နိုးလာခြင်းဖြစ်မည်ဟု အောက်မေ့လိုက်မိသေး၏။ သို့သော်. . . မဟုတ်။ သူကြောက်လန့်မှုဖြင့် ဆတ်ဆတ်တုန်သွားသည်။

ဘုရားရေ. . . လက်စသတ်တော့ အမှောင်ထဲမှာ တစ်ယောက်ယောက်က ငါ့နဖူးကို ရေပတ်တိုက်ပေးနေတာပါလား၊ ဟယ်ရီက ကျယ်လောင်စွာဖြင့် အော်ပြောလိုက်သည်။

"ဖယ်စမ်း. . . ဘယ်သူလဲ၊ ဟင်. . . ဒေါ်ဘီပါလား"

အိမ်စေမှင်စာကလေးဒေါ်ဘီ၏ တင်းနစ်ဘောလုံးကဲ့သို့ ကြီးမားပြူးထွက်နေသော မျက်လုံးများက အမှောင်ထုကိုဖြတ်၍ ဟယ်ရီ့ကို စိုက်ကြည့်နေသည်။ အိမ်စေမှင်စာကလေး၏ မျက်လုံးထဲမှ မျက်ရည်တစ်စက်စီးကျလာသည်။ မှင်စာကလေးစိတ်မချမ်းမြေ့စွာဖြင့် ခပ်တိုးတိုးပြောလိုက်၏။

"ဟယ်ရီပေါ်တာက ကျောင်းကိုလာဖြစ်အောင် လာတာကိုး၊ ကျွန်တော် ဟယ်ရီပေါ်တာ့ကို သတိပေးခဲ့တယ်လေ၊ အထပ်ထပ်သတိပေးခဲ့သားပဲ၊ သခင်လေး

www.burmeseclassic.com

www.burmeseclassic.com



တယ်ရီပေါ်တာက ဒေါ်ဘီ့စကားကို ဘာလို့နားမထောင်ရတာလဲ၊ ရထားမမှီတော့တဲ့အခါ ဘာဖြစ်လို့ အေးအေးဆေးဆေးအိမ်ကို ပြန်မသွားရတာလဲ"

ဟယ်ရီက ခေါင်းအုံးပေါ်မှ ကုန်းထကာ ရေပတ်တိုက်ပေးနေသော အဝတ်ကို ဆွဲယူလွှင့်ပစ်လိုက်သည်။ နောက်

"မင်း ဒီမှာဘာလုပ်နေတာလဲ၊ ငါရထားမမှီလိုက်မှန်း မင်းဘယ်လိုလုပ်သိသလဲ"

ဒေါ်ဘီ၏နှုတ်ခမ်းများ တဆတ်ဆတ်တုန်ယင်နေကြသည်။ ဟယ်ရီ့စိတ်ထဲတွင် ဖျတ်ခနဲ သံသယတစ်ခုဝင်လာ၏။ ဟယ်ရီက -

"အဲဒါ မင်းလုပ်တာမဟုတ်လား၊ ငါတို့စကြိုန်ထဲကို ဝင်လို့မရအောင် မင်းလုပ်ထားတာပဲဖြစ်ရမယ်၊ ဟုတ်တယ်မဟုတ်လား"

ဒေါ်ဘီက ခေါင်းကိုညိတ်ရင်း

"ဟုတ်ပါတယ်သခင်၊ ကျွန်တော် ပုန်းပြီးတော့ သခင့်ကိုစောင့်ကြည့်နေတာ၊ ပြီးတော့ စကြိုန်ကိုကာထားတဲ့ အုတ်နံရံကို သခင်ဖြတ်ဝင်မယ်လဲလုပ်ရော ကျွန်တော်ပိတ်ထားလိုက်တာ"

ဒေါ်ဘီက ဒဏ်ရာအနာတရများဖြင့် ပြည့်နေသည့် သူ၏ရှည်လျားသော လက်ချောင်းကလေးများကိုပြရင်း ဆက်ပြောသည်။

"ကျွန်တော့်လက်တွေကို ကျွန်တော်အနာတရအဖြစ်ခံပြီး တားခဲ့ရတာပါ။ ဒီလိုအနာတရဖြစ်ပေမယ့် ကျွန်တော်ဂရုမစိုက်ပါဘူး၊ သခင်လေး ဟယ်ရီပေါ်တာ အန္တရာယ်ကင်းရင် ပြီးရောလို့ပဲ ကျွန်တော်သဘောထားခဲ့တာပါ။ ဒါပေမယ့် သခင်လေး ဟယ်ရီပေါ်တာက တစ်ခြားတစ်နည်းနဲ့ ကျောင်းကိုအရောက်သွားမယ်ဆိုတာကိုတော့ ကျွန်တော် ဘယ်တွေးမိပါ့မလဲ"

ဒေါ်ဘီက သူ၏အရုပ်ဆိုးလှသော ဦးခေါင်းကို ယိမ်းခါလျှက် ပြောသည်။



"သခင်လေး ဟယ်ရီပေါ်တာ ကျောင်းကိုပြန်ရောက်နေပြီဆိုတာကြားတော့ ကျွန်တော် အရမ်းတုန်လှုပ်သွားတယ်၊ ကျွန်တော့် အိမ်ရှင်သခင်ကြီးရဲ့ညစာကို တောင်မှ သတိလက်လွတ်နဲ့ မီးကျွမ်းပြီးတူးခြစ်သွားအောင် လုပ်လိုက်မိတယ်၊ ရက်ရက်စက်စက် ကြိမ်ဒဏ်အပေးခံလိုက်ရတာ၊ တစ်ခါမှ အဲသလောက် မနာဖူးပါဘူး"

ဟယ်ရီက ခေါင်းအုံးပေါ်သို့ ပစ်လှဲချလိုက်ရင်း

"မင်းလုပ်ပုံကြောင့် ငါနဲ့ရွန်နှစ်ယောက်စလုံး ကျောင်းထုတ်ခံရတော့မလို့ဖြစ်သွားတယ်ဒေါ်ဘီ သိရဲ့လား၊ ငါ့အရိုးတွေပြန်ကောင်းမလာခင် မင်းစောစောစီးစီးဝေးဝေးရှောင်နေရင်ကောင်းမယ်။ မင်းကို ငါလည်ပင်းညှစ်သတ်မိလိမ့်မယ်"

ဒေါ်ဘီက ဖျော့တော့စွာပြုံးလိုက်ရင်း

"ကျွန်တော့်ကို အသေသတ်မယ်လို့ အကြိမ်းခံရတာမျိုး ရိုးနေပါပြီသခင်ရယ်၊ အိမ်မှာဆိုရင် တစ်နေ့ကိုငါးခါလောက် အဲသလိုမျိုး အဟောက်ခံနေရတာ"

ဒေါ်ဘီက တရှုံ့ရှုံ့လုပ်ရင်း ညစ်ပတ်ပေရေနေသည့် ခေါင်းအုံးစွပ်အနားစထဲသို့ နှစ်ညှစ်ချလိုက်ပုံမှာ အလွန်အမင်းသနားစရာကောင်းနေသောကြောင့် ဟယ်ရီ ဒေါသမထွက်ရက်တော့။

ဟယ်ရီက သိချင်စိတ်ဖြင့် မေးလိုက်၏။

"နေစမ်းပါဦးဒေါ်ဘီရဲ့ မင်းကဘာဖြစ်လို့ အဲဒီခေါင်းအုံးစွပ်ကြီး ဝတ်ထားရတာလဲ"

"ဒါလား. . . ဒီခေါင်းအုံးစွပ်က အိမ်ဖော်မှင်စာတွေရဲ့ 'ကျွန်' ဆိုတဲ့အထိမ်းအမှတ်ပေါ့၊ အိမ်ရှင်သခင်က ကျွန်တော့်တို့လိုမှင်စာတွေကို အဝတ်တစ်ခုခုပေးလိုက်မှသာ ကျွန်တော်တို့က ဒီလိုကျွန်ဘဝကနေ လွတ်ငြိမ်းချမ်းသာခွင့်ရမှာ။ ဒါပေမယ့် ကျွန်တော့်အိမ်ရှင်တွေကလည်း ဘယ်လောက်တောင် ရက်စက်

www.burmeseclassic.com

www.burmeseclassic.com



သလဲဆိုရင် ခြေအိတ်ကလေးတစ်စုံတောင် ကျွန်တော့်လက်ထဲ ပစ်မပေးမိအောင် ဝရုစိုက်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲသလိုအမှတ်တမဲ့ပေးလိုက်မိတာနဲ့တစ်ပြိုင်နက် ကျွန်တော့်ကို ကျွန်အဖြစ်က အပြီးအပိုင်လွတ်မြောက်ခွင့်ပေးရမှာစိုးလို့ပေါ့"

ဒေါ်ဘီက သူ၏စူထွက်နေသော မျက်လုံးမှ မျက်ရည်များကို သုတ်လိုက်ရင်းဆက်ပြောသည်။

"သခင်လေးဟယ်ရီပေါ်တာ. . . အိမ်ကိုပြန်ဖြစ်အောင်ပြန်ပါတော့လား ဗျာ၊ ကျွန်တော်ထင်ထားတာက ကျွန်တော့်ရဲ့ဘလပ်ဂျာက သခင့်ကိုစိတ်ပြောင်းအောင်လုပ်နိုင်ရင်. . ."

"ဘာ. . . မင်းရဲ့ဘလပ်ဂျာ ဟုတ်လား. . ."

ဟယ်ရီ့ဒေါသက နောက်တစ်ကြိမ်ထပ်၍ ပေါက်ကွဲသွားလေတော့သည်။

"မင်းရဲ့ ဘလပ်ဂျာ ဟုတ်လား၊ ဒါဘာသဘောလဲကွ၊ မင်းက ငါ့ကိုသတ်ဖို့ကြံတာပေါ့လေ"

ဒေါ်ဘီက တုန်လှုပ်သွားပြီး

"မဟုတ်ပါဘူးသခင်၊ ကျွန်တော် သခင့်ကိုမသတ်ရက်ပါဘူး၊ သခင့်ရဲ့အသက်ကို ကယ်တင်တာပါ။ ကစားပွဲမှာ ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားရင် သခင့်ကို အိမ်ပြန်ပို့ကြမှာပဲလို့တွေးမိလို့ပါ၊ အိမ်ပြန်ဖို့ ဒဏ်ရာရရုံလောက်လေးတင် ရည်ရွယ်တာပါ သခင်"

"ဘာကွ. . . ဒီလောက်လေးတင် ဟုတ်လား၊ မင်းက ငါ့ကိုအရိုးတစ်ခြားအသားတစ်ခြား အိမ်ပြန်ပို့ချင်တာပေါ့လေ၊ ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲဆိုတာတော့ အဓိပ္ပါယ်ရှိအောင် မင်းမပြောနိုင်ဘူးမဟုတ်လား"

ဒေါ်ဘီက မျက်ရည်များထပ်၍ ပိုးပိုးပေါက်ပေါက်ကျလာရင်း



"သခင်ပြောတာဟာ ကျွန်တော်တို့လို မှော်လောကရဲ့ အောက်ဆုံးအလွှာကငြိုးပြားတွေအတွက် ဟယ်ရီပေါ်တာဆိုတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်လောက်အရေးကြီးတယ်ဆိုတာ ကိုယ့်ဖာသာကိုယ်မသိလို့ပါ။ ကျွန်တော် မှတ်မိပါသေးတယ်သခင်၊ ဟိုကောင်ကြီး တန်ခိုးထွားစဉ်အခါတုန်းက ကျွန်တော်တို့လို အိမ်ဖော်မှင်စာတွေဟာ အမှုန့်လေးဂျပိုးတွေလို အနိုင်ကျင့်ဆက်ဆံခံခဲ့ရတယ်။ ခုချိန်ထိလည်း ကျွန်တော်ဟာ ကျွန်တော့်အိမ်ရှင်တွေရဲ့ လက်အောက်မှာ အဲသလိုဆက်ဆံခံနေရတုန်းပါပဲသခင်။

ဟိုကောင်ကြီးရဲ့အပေါ်မှာ သခင်အောင်ပွဲခံလိုက်တဲ့အချိန်ကစပြီး ကျွန်တော်တို့ရဲ့ဘဝတွေဟာ အခြေလှလာတယ်။ ဟယ်ရီပေါ်တာအသက်ရှင်နေသရွေ့ မိစ္ဆာကောင်ကြီးရဲ့ တန်ခိုးအာဏာတွေ ပျက်သုဉ်းနေမှာပဲ။ ဒါဟာ ကျွန်တော်တို့အတွက် အရုဏ်သစ်တစ်ခုပါပဲသခင်၊ ဟယ်ရီပေါ်တာဟာ ကျွန်တော်တို့အတွက် မျှော်လင့်ချက်ရဲ့မီးရှူးတန်ဆောင်ဖြစ်တယ်။ အခုဆို ဟော့ဝပ်ကျောင်းတော်ကြီးမှာ ချောက်ချားကြောက်လန့်စရာ ကိစ္စတွေဖြစ်ပွားတော့မယ်။ ဖြစ်တောင်ဖြစ်ပြီးသွားပြီလားမသိဘူး။ ဒီလိုအခြေအနေမှာ ကျွန်တော့်အနေနဲ့ သခင်လေးဟယ်ရီပေါ်တာကိုတော့ဒီကျောင်းမှာရှိနေခွင့်မပြုနိုင်ဘူး၊ ရာဇဝင်ဘီးကို တစ်ပတ်လည်ခွင့်မပြုနိုင်ဘူး၊ မိစ္ဆာလျှို့ဝှက်ချက်တွေရဲ့အခန်း' တစ်ကြိမ်ထပ်ပြီး ပွင့်သွားမှာကို. . ."

ဒေါ်ဘီက ကြောက်ရွံ့စိတ်ဖြင့် ပြောလက်စစကားကို ရောက်ရာနေရာမှ ရပ်ကနဲရပ်ပစ်လိုက်၏။ ထို့နောက် အနီးရှိရေခရားကို ကောက်ယူကာ သူ့ကိုယ်သူ အပြစ်ပေးသည့်အနေဖြင့် ခေါင်းကိုထုချေရိုက်ခွဲလိုက်၏။ သူ့ပါးစပ်ကလည်း

"ငါအသုံးမကျဘူး၊ တော်တော့်ကို အသုံးမကျဘူး"

ဟု တတွတ်တွတ် ရေရွတ်အပြစ်တင်နေသည်။

ဟယ်ရီကတော့ လေသံခပ်တိုးတိုးဖြင့် -

"ဒါဖြင့် မိစ္ဆာခန်းဆောင်ဆိုတာ တကယ်ရှိတာပေါ့ ဟုတ်လား၊ မင်းပြောပုံ

www.burmeseclassic.com

www.burmeseclassic.com



အရဆိုရင် အဲဒီအခန်းဟာ အရင်ကလည်း တစ်ခါဖွင့်ဖူးပြီပေါ့၊ ကဲ. . . ငါ့ကိုပြောစမ်းဒေါ်ဘီ"

ဟယ်ရီက မှင်စာလေး၏ အရိုးပြိုင်းပြိုင်းလက်ကို ဖမ်းဆုပ်လိုက်ပြီး

"ငါက မှော်သွေးမျိုးရိုးစစ်စစ်ပဲ၊ လူသာမန်က မွေးတာမှမဟုတ်တာ၊ မိစ္ဆာခန်းဆောင်ဖွင့်သွားတော့ကော ငါကဘာဆိုင်လို့ ဒုက္ခရောက်ရမှာလဲ"

"မမေးပါနဲ့တော့သခင်၊ ကျွန်တော့်ကို သနားရင် မမေးပါနဲ့တော့၊ မိစ္ဆာဒုစရိုက်လုပ်ရပ်တွေ ဟော့ဂ်ဝါ့ဒ်ကျောင်းမှာ ဖြစ်ပွားဖို့တာစူနေကြပြီ။ အဲဒါတွေဖြစ်ပွားတဲ့အချိန်မှာ သခင်လေးဟယ်ရီပေါ်တာ ဒီနေရာမှာရှိနေဖို့မသင့်ဘူး၊ အိမ်ကိုသာပြန်ပါသခင်၊ အိမ်ကိုပြန်ပါ၊ ခါးခုတ်ရာလက်ဝင်မလျှိုချင်ပါနဲ့ အန္တရာယ်ကြီးလွန်းလို့ပါ"

ဟယ်ရီက ဒေါ်ဘီ၏ လက်ကောက်ဝတ်ကို တင်းတင်းဆုပ်ကိုင်ထားရင်း

"ဘယ်သူ့လက်ချက်လဲဆိုတာ ပြောစမ်း၊ အဲဒီခန်းဆောင်ကို ဘယ်သူဖွင့်မှာလဲ၊ အရင်အခေါက်တုန်းက ဖွင့်သွားတာကော ဘယ်သူလဲ"

"ကျွန်တော်ပြောလို့မရပါဘူးသခင်၊ ကျွန်တော်မပြောပါရစေနဲ့၊ အိမ်ကိုသာပြန်ပါ"

"ငါ ဘယ်ကိုမှမပြန်ဘူးဒေါ်ဘီ၊ ငါ့ရဲ့အချစ်ဆုံးသူငယ်ချင်းတစ်ယောက်ဟာ မှော်သွေးမဟုတ်ဘူး၊ လူသာမန်မျိုးရိုးကမွေးတဲ့မိန်းကလေးဖြစ်နေတယ် (ဟာမီယွန်ကို ဆိုလိုခြင်းဖြစ်သည်) အမှန်တကယ် အဲဒီမိစ္ဆာခန်းဆောင် ပွင့်သွားမယ်ဆိုရင် ဘေးဒုက္ခတွေ့ရမယ့်လူတွေစာရင်းထဲမှာ သူရှေ့ဆုံးကပါတယ်၊ အဲဒီတော့. . ."

"သခင်က သူငယ်ချင်းတွေအတွက် အသက်ကိုစွန့်မလို့လား၊ အို. . . မြင့်မြတ်ပါပေတယ်။ သတ္တိပြောင်မြောက်ပါပေတယ်။ ဒါပေမယ့် သူများကိုကယ်ချင်ရင် ကိုယ်တိုင် အန္တရာယ်ကင်းမှဖြစ်မှာ၊ အဲဒီတော့ သခင့်အနေနဲ့. . ."

ဒေါ်ဘီက စကားကိုဆုံးအောင် မပြောနိုင်တော့ဘဲ တုံ့ခနဲရပ်သွားပြီး သူ၏



နားရွက်ဖားဖားကြီးများက တုန်တုန်ယင်ယင်ဖြင့် နားစွင့်လိုက်ကြသည်။ ဟယ်ရီလည်းကြားလိုက်သည်။ အပြင်ဖက်စင်္ကြံလမ်းအတိုင်းလျှောက်လာနေသောခြေသံများဖြစ်ကြလေသည်။

"ကျွန်တော်သွားမှ ဖြစ်တော့မယ်သခင်"

မှင်စာလေးက ကြောက်ရွံ့တုန်လှုပ်စွာဖြင့် ပြောလိုက်သည်။ 'ဖျောက်'ခနဲအသံတစ်ခု မြည်ဟိန်းသွားပြီး ဒေါ်ဘီ့ကိုဖမ်းဆွဲထားသည့် ဟယ်ရီပေါ်တာ၏လက်များသည် လေကိုသာဆုပ်ကိုင်ထားမိလျက်သားဖြစ်နေလေတော့သည်။

ဟယ်ရီပေါ်တာက ကုတင်ပေါ်သို့ ပြန်လှဲချလိုက်သည်။ ခြေသံများနီးကပ်လာရာတံခါးဝဆီသို့ သူလှမ်းကြည့်နေလိုက်သည်။ ခဏအကြာတွင် ပါမောက္ခကြီးဒမ်ဘယ်ဒိုးနှင့် ပရော်ဖက်ဆာ မက်ဂွန်နာဂေါတို့နှစ်ယောက် အဆောင်အတွင်းသို့ ဝင်လာကြသည်။ သူတို့နှစ်ယောက်သည် ရုပ်တုကဲ့သို့တောင့်တင်းနေသော လူသဏ္ဍာန်တစ်ခုကို အတူတကွသယ်လာကြခြင်းဖြစ်သည်။

သူတို့သည် ရုပ်တုသဖွယ်တောင့်တင်းနေသော လူသဏ္ဍာန်ကိုကုတင်ပေါ်သို့ တင်လိုက်ကြ၏။

"မဒမ်ပွန်ဖရေကို သွားခေါ်လိုက်ပါ"

ပါမောက္ခကြီး ဒမ်ဘယ်ဒိုးက ခပ်တိုးတိုးပြောလိုက်ရာ ပရော်ဖက်ဆာမက်ဂွန်နာဂေါက ပျာယီးပျာယာဖြင့် ဟယ်ရီ့ကုတင်ခြေရင်းနားမှ ပြေးထွက်ပျောက်ကွယ်သွားသည်။

ဟယ်ရီကတော့ ငြိမ်ငြိမ်လေးလှဲလျောင်းရင်း အိပ်ချင်ဟန်ဆောင်နေလိုက်သည်။ ဒရောသောပါးပြောဆိုနေသံများကို ကြားလိုက်ရပြီးနောက် သူ့မြင်ကွင်းထဲသို့ ပရော်ဖက်ဆာမက်ဂွန်နာဂေါ ပြန်ရောက်လာသည်။ မဒမ်ပွန်ဖရေကလည်းနောက်မှာ ကပ်ပါလာ၏။ သူမက အလေသုံးဆယ်ဖြင့် သိုးမွေးရင်ကွဲအင်္ကျီကို

www.burmeseclassic.com

www.burmeseclassic.com



ညအိပ်ဝတ်ရုံပေါ်ထပ်ဝတ်ထားသည်။ သူမက ကုတင်ပေါ်တွင် မလှုပ်မယှက်ဖြစ်နေသည့် လူသဏ္ဌာန်ပေါ်ငုံ့ကြည့်ရင်း

"ဘာဖြစ်တာလဲ"

ဟု ပါမောက္ခကြီးကို လှမ်းမေးလိုက်သည်။ ဒမ်ဘယ်ဒိုးက

"နောက်တစ်ယောက်ပြုစားခံရပြန်ပြီလေ၊ သူ့ကိုလှေကားထစ်တွေပေါ်မှာ မင်နာဗာက တွေ့ခဲ့တာ"

ပရော်ဖက်ဆာ မက်ဂွန်နာဂေါက ဝင်ပြောသည်။

"သူ့ဘေးနားမှာ စပျစ်သီးခိုင်တစ်ခိုင်လည်း တွေ့တယ်၊ ကျွန်မတို့အထင်ပြောရရင် သူဟယ်ရီပေါ်တာ့ဆီ လူနာသတင်းမေးရအောင် လာရင်းနဲ့ မိစ္ဆာကောင်နဲ့တွေ့ပြီး ပြုစားခံရတာဖြစ်မယ်"

ဟယ်ရီ့ရင်ထဲတွင် နာကျင်တုန်ခါသွား၏။ သူသတိကြီးစွာဖြင့် ဖြည်းညှင်းစွာ ခေါင်းထောင်ထလျှက် တစ်ဖက်ကုတင်ပေါ်မှ ကျောက်ရုပ်လိုတောင့်တင်းနေသော လူကိုလှမ်းကြည့်လိုက်သည်။ လရောင်က ထိုသူ၏ရုပ်သေမျက်နှာပေါ်ဖြတ်သန်းထိုးကျနေလေသည်။

ပြုစားခံရသူကား ကိုလင်ခရီဗီပင် ဖြစ်တော့သည်။

သူ့မျက်လုံးများက ပြူးကြောင်လျှက်၊ လက်တွေကလည်း တောင့်တင်းနေသည်။ ထိုလက်ထဲတွင်တော့ ကင်မရာကိုကိုင်လျှက်။

"ကျောက်ရုပ်မန္တာန်နဲ့ ပြုစားခံရတာကိုး"

ဟု မဒမ်ပွန်ဖရေက ခပ်တိုးတိုးပြောလိုက်သည်။ ပရော်ဖက်ဆာ မက်ဂွန်နာဂေါက

"ဟုတ်တယ်၊ ပါမောက္ခကြီးသာ ချောကလက်ယူဖို့ အောက်ထပ်ဆင်းမလာဘူးဆိုရင် ဘာဖြစ်သွားမယ်ဆိုတာ ကျွန်မတွေးတောင်မတွေးရဲဘူး"



သူတို့သုံးယောက်သား ကိုလင့်ကိုငေးစိုက်ကြည့်နေမိကြသည်။ ဒမ်ဘယ်ဒိုး ကိုလင်၏တောင့်တင်းနေသော လက်ထဲမှကင်မရာကို ဆွဲထုတ်ယူလိုက်၏၊ ရော်ဖက်ဆာမက်ဂွန်နာဂေါက စိတ်အားထက်သန်စွာဖြင့် မေးလိုက်သည်။

"သူ့ကိုတိုက်ခိုက်တဲ့ မိစ္ဆာကောင်ရဲ့ပုံကို သူဓါတ်ပုံရိုက်ယူထားလိုက်နိုင်မယ် ရှင်ထင်လို့လား. . ."

ဒမ်ဘယ်ဒိုးက ဘာမှပြန်မဖြေ။ သူက ကင်မရာကို ဖွင့်လိုက်သည်နှင့် စ်ပြိုင်နက် . . .

"ဘုရားရေ. . . !"

မည်းမှောင်သော မီးခိုးတန်းတစ်ခုက ကင်မရာထဲမှ ဟုန်းခနဲထွက်လာ သည်။ သုံးကုတင်အကွာတွင်ရှိနေသော ဟယ်ရီပင်လျှင် ပလပ်စတစ်ကို လောင် မ်းသွားသည့်ညှော်နံ့ကို ရလိုက်၏။ မဒမ်ပွန်ဖရေက အံ့ဩတုန်လှုပ်စွာဖြင့်

"မီးလောင်ပျော်ကျနေတာကိုး. . . ကင်မရာအတွင်းပိုင်းတစ်ခုလုံး လောင် မ်းသွားတာပဲ"

ပရော်ဖက်ဆာ မက်ဂွန်နာဂေါကလည်း အလောတကြီး မေးလိုက်သည်။

"ဒါ ဘာသဘောလဲ အဲလ်ဘတ်"

အဲလ်ဘတ်ဒမ်ဘယ်ဒိုးက တစ်လုံးချင်းဖြေ၏။

"ဘာသဘောလဲဆိုတော့ မိစ္ဆာခန်းဆောင်ဟာ နောက်တစ်ကြိမ်ပွင့်သွားပြန် ဆိုတဲ့ အဓိပ္ပါယ်ပဲပေါ့"

မဒမ်ပွန်ဖရေက သူမပါးစပ်ကို လက်ဝါးဖြင့် ထိတ်လန့်တကြားပိတ်လိုက် သည်၊ ပရော်ဖက်ဆာမက်ဂွန်နာဂေါကတော့ ပါမောက္ခကြီးဒမ်ဘယ်ဒိုးကို ပြူး ကြောင်ငေးစိုက်ကြည့်နေရင်း

"အဲလ်ဘတ်. . . ဒါဆို. . . ဘယ်သူဖွင့်. . ."

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူဖွင့်သလဲလို့ မေးနေစရာမလိုတော့ဘူး၊ ဘယ်လိုပွင့်သွားသလဲလို့ မေးရမှာ. . ."

ဟု ဒမ်ဘယ်ဒိုးက ကိုလင့်ကို တွေတွေကြီးငေးကြည့်ရင်း ပြောလိုက်သည်။

ဟယ်ရီနေရာမှကြည့်လျှင် တစ်ဝက်တစ်ပျက်အရိပ်သန်းနေသော ပရော်ဖက်ဆာမက်ဂွန်နာဂေါ်၏မျက်နှာကို လှမ်းမြင်နေရသည်။ သည်အဖြစ်အပျက်တွေအားလုံးကို ဟယ်ရီဘာမှနားမလည်ပါ။ ပရော်ဖက်ဆာ မက်ဂွန်နာဂေါ်၏ မျက်နှာကလည်း သူ့လိုပင်ဘာမှနားမလည်နိုင်အောင် ဖြစ်နေကြောင်း ဖော်ပြနေလေသည်။

❑

## အခန်း (၁၁)

## ရင်ဆိုင်တိုက်ပွဲဝင်နည်းသင်တန်း

www.burmeseclassic.com

www.burmeseclassic.com

တနင်္ဂနွေနေ့ နံနက်တွင် ဟယ်ရီသည် သူတို့၏ဂရစ်ဖင်ဒေါ်အိပ်ဆောင်မှာ ဆောင်းရာသီနေရောင်ခြည်ဖြင့် တလျှံလျှံတောက်ပနေသည်ကို ကြည့်ပေးရန်အိပ်ရာမှနိုးလာ၏။ သူ၏လက်မှာအရိုးများပြည့်စုံစွာ ပြန်ပေါက်လာပြီဖြစ်သော်လည်း အံဝင်ခွင်ကျမရှိသေးဘဲ ခပ်တောင့်တောင့်ကြီးဖြစ်နေသည်။ ဟယ်ရီသည် ကမျာကယာထထိုင်လိုက်ပြီး ကိုလင်၏ကုတင်ဆီသို့ လှမ်းကြည့်လိုက်၏။ သို့ရာတွင် မနေ့ကလိုမဟုတ်တော့ဘဲ ကိုလင်၏ ကုတင်ကို ကန့်လန့်ကာအမြင့်ကြီးများဖြင့် ကာရံကာ မြင်ကွင်းကိုဖုံးကွယ်ထား၏။ ဟယ်ရီအိပ်ရာမှ နိုးနေပြီဖြစ်ကြောင်းမြင်နေရသော မဒမ်ပွန်ဖရေက မနက်စာထည့်ထားသောလင်ဗန်းကို ကိုင်ကာ ပျာယီးပျာယာဖြင့်ရောက်လာသည်။ ထို့နောက် သူမ၏ကိုယ်ကိုငုံ့ကိုင်း၍ ဟယ်ရီ၏လက်မောင်းနှင့် လက်ချောင်းလေးများကို ဆွဲယူကာစမ်းသပ်စစ်ဆေးကြည့်လိုက်၏။

"အားလုံးပုံမှန်အတိုင်းတော့ ပြန်ဖြစ်သွားပါပြီ။ မင်း မနက်စာစားပြီးရင် ဆေးရုံကဆင်းလို့ရတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီမှာ ဘယ်ဘက်လက်ဖြင့် ဆန်ပြုတ်ကို အချိုးအစားမပြေပြစ်စွာ ကိုးလို့ကန့်လန့် သောက်နေရစဉ် သူမကပြောလိုက်သည်။

ဟယ်ရီသည် တတ်နိုင်သမျှ အမြန်ဆုံးဖြစ်အောင် အဝတ်အစားလဲလိုက်ပြီး ကိုလင်နှင့် ဒေါ်ဘီတို့၏အကြောင်းကို ရွန်နှင့်ဟာမီယွန်တို့အား ပြောပြချင်သည့်ဇောဖြင့် ဂရစ်ဖင်ဒေါဆီသို့ ကသုတ်ကရက်ထွက်လာခဲ့သည်။ သို့ရာတွင် သူတို့နှစ်ယောက်စလုံးမှာ ဂရစ်ဖင်ဒေါမျှော်စင်၌ ရှိမနေကြချေ။ ဟယ်ရီသည် ရွန်နှင့်ဟာမီယွန်တို့ကိုလိုက်ရှာရန် ပြန်ထွက်လာခဲ့ပြီး သူတို့ဘယ်များရောက်နေကြပါလိမ့်ဟု တွေးနေမိ၏။ ရွန်နဲ့ဟာမီယွန်တို့က သူ့ရဲ့အရိုးတွေပြန်ကောင်းလာသလား၊ မကောင်းလာဘူးလားဆိုတာတောင် စိတ်မဝင်စားကြပါလားဟု တွေးကာ ဟယ်ရီ၏ စိတ်ထဲတွင် အနည်းငယ်နာကျင်ထိခိုက်စွာ ခံစားလိုက်ရသည်။

စာကြည့်တိုက်ကို ဟယ်ရီဖြတ်ကျော်လာစဉ် ပါစီဝီစလေက စာကြည့်တိုက်အတွင်းမှ ထွက်လာသည်။ သူ့ပုံစံမှာ ဟယ်ရီနှင့်နောက်ဆုံးအကြိမ်တွေ့ခဲ့စဉ်ကထက်ပို၍ စိတ်ဓါတ်တက်ကြွနေပုံရသည်။ ပါစီက -

"ဟာ. . . မင်္ဂလာပါ ဟယ်ရီ၊ မနေ့ကပျံသန်းခဲ့ပုံကတော့ တစ်ကယ့်ကိုပြောင်မြောက်လှပါပေတယ်။ တစ်ကယ့်ကို အပျံစားပဲ၊ ဂရစ်ဖင်ဒေါအဆောင်ကတော့ မင်းရယူပေးလိုက်တဲ့ အမှတ်ငါးဆယ်နဲ့ အဆောင်ဆုဖလားပြိုင်ပွဲမှာ ရှေ့ကပြေးနေပြီကွ !"

"ခင်ဗျား ရွန်နဲ့ ဟာမီယွန်တို့ကို မတွေ့မိဘူးလား၊ တွေ့သေးလားဟင်"

ဟု ဟယ်ရီက မေးလိုက်၏။

"ဟင့်အင်း၊ မတွေ့မိဘူးကွ၊ ရွန်တစ်ယောက် နောက်ထပ်မိန်းကလေးအိမ်သာထဲ ထပ်ဝင်မနေပါစေနဲ့လို့ပဲ မျှော်လင့်မိပါရဲ့ကွာ. . ."

ဟု ပြောရင်း ပါစီ၏အပြုံးမှာ အနည်းငယ်ဖျော့တော့မှေးမှိန်သွားသည်။



ပါစီ သူ့မြင်ကွင်းထဲမှ ပျောက်ကွယ်သွားသည်အထိ စောင့်ကြည့်ရင်း ဟယ်ရီ တက်ဟက်ပက်ပက်ရယ်ချလိုက်ပြီး ငိုချင်းသည်သရဲမ မာရတယ်၏ရေအိမ်ရှိ သို့ တန်းတန်းမတ်မတ် သွားလိုက်၏။ ထိုနေရာသို့ ရွန်နှင့်ဟာမီယွန်တို့ ကြောင့် နောက်တစ်ကြိမ်ထပ်သွားကြသည်ဆိုသည့်အကြောင်းကို ဟယ်ရီမစဉ်း တတ်အောင်ပင်။ ထိုနေရာအနီးတစ်ဝိုက်တွင် ဖေ့ချ်နှင့် အခြားမည်သည့်အကြီး တဲမှမရှိအောင်သေချာအောင်လုပ်ပြီးမှ ဟယ်ရီက တံခါးကိုဖွင့်လိုက်၏။ သော့ ထားသောအိမ်သာအခန်းငယ်တစ်ခုအတွင်းမှ ထွက်ပေါ်လာသော ရွန်နှင့်ဟာ မီယွန်တို့၏အသံများကို ကြားလိုက်ရသည်။

"ငါပါကွ. . ."

ဟု ဟယ်ရီက တံခါးကိုပိတ်ရင်း ပြောလိုက်၏။ အိမ်သာအခန်းငယ်အတွင်း အလန့်တကြားနှင့် ဝရုန်းသုန်းကားဖြစ်သွားသည့် အသံများကိုကြားလိုက်ရပြီး နောက် သော့ပေါက်ကလေးမှ အပြင်ဖက်သို့ ချောင်းကြည့်လိုက်သော ဟာမီယွန်၏ မျက်လုံးများကို ဟယ်ရီမြင်လိုက်ရသည်။ သူမက

"ဟယ်ရီရယ်! နင်လုပ်တာ ငါတို့လိပ်ပြာလွင့်တော့မလို့ပဲ၊ လန့်လိုက်တာ ဟာ. . . ဝင်လေ၊ နင့်လက်ဘယ်လိုနေသေးလဲ"

"ကောင်းသွားပါပြီ"

ဟယ်ရီက အိမ်သာအခန်းငယ်လေးအတွင်းထဲသို့ ကိုယ်ကိုကျုံ့ကာ ဝင်ရင်း ပြန်ဖြေလိုက်သည်။ ဒယ်အိုးအဟောင်းတစ်လုံးကို အိမ်သာကြွေခွက်ပေါ်တွင် တင်ထား၏။ ဒယ်အိုးအောက်ဖက်မှ တဖျစ်ဖျစ်ကြားနေရသော အသံများက ဒယ်အိုး အောက်တွင် ရွန်တို့မီးဖိုထားကြောင်း ဟယ်ရီကိုပြောပြနေသကဲ့သို့ပင်။ ရေစိုခံ၍ အလွယ်တကူသယ်ယူနိုင်ပြီး ငြိမ်းသတ်ရလွယ်သော မီးတောက်များသည် ဟာမီယွန်၏ အထူးလက်ရာများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။

www.burmeseclassic.com



“ငါတို့မင်းကို လာကြည့်ဦးမလို့ပဲကွ၊ ဒါပေမယ့် ရုပ်ပြောင်းရုပ်လွှဲ ဆေးရည်ကို အကောင်အထည်ဖော်မှ ဖြစ်တော့မယ်လို့ စိတ်ဆုံးဖြတ်လိုက်မိလို့. . .”

ဟယ်ရီမှာ အိမ်သာတံခါးကို ခဲရာခဲဆစ်ပိတ်နေရစဉ် ရွန်ကသူ့ကိုရှင်းပြနေ၏။

“ဒီနေရာဟာ လျှို့လျှို့ဝှက်ဝှက်လုပ်ကိုင်ဖို့ အလုံခြုံဆုံးနေရာလို့ ငါတို့သင်မှတ်လိုက်ကြတယ်လေ”

ဟယ်ရီက ကိုလင်၏အကြောင်းကို သူတို့နှစ်ယောက်အား ပြောပြရန်အစပျိုလိုက်စဉ် ဟာမီယွန်က စကားဖြတ်ပြီး ဝင်ပြောလိုက်သည်။

“ငါတို့အဲဒီအကြောင်းကို သိပြီးသွားပြီ။ ဒီနေ့မနက်ပဲ ပရော်ဖက်ဆာ မက်ဂွနာဂေါက ပရော်ဖက်ဆာ ဖလစ်ဝစ်ကို ပြောပြနေတာ ကြားခဲ့တယ်။ အဲဒါကြောင့် ငါတို့ရဲ့အစီအစဉ်ကို အမြန်စလုပ်ဖို့ ဆုံးဖြတ်လိုက်ကြတာ”

“ငါတို့ မယ်ဖွိုင်းဆီက ဝန်ခံစကားကို အမြန်ကြားရလေကောင်းလေပဲ၊ ငါဘာစဉ်းစားနေတယ်လို့ မင်းထင်လဲ၊ ကွစ်ဒစ်ပြိုင်ပွဲပြီးကတည်းက ကြိတ်မနိုင်ခဲမရဲဒေါသတွေထွက်နေတာမဟုတ်လား။ အဲဒီဒေါသတွေကို ကိုလင့်အပေါ် ပုံချဖောက်ခွဲလိုက်တာပဲဖြစ်ရမယ်”

“တစ်ခုတော့ရှိတယ်ကွ၊ ဒေါ်ဘီက ငါ့ဆီကိုညကြီးမင်းကြီး လာလည်သေးတယ်”

ဟာမီယွန်က မျှော့များကို ဆုပ်ချေ၍ ဆေးရည်ထဲသို့ ပစ်ထည့်လိုက်သည်ကို ကြည့်နေရင်း ဟယ်ရီက ပြောလိုက်၏။

ရွန်နှင့်ဟာမီယွန်တို့က အံ့သြတကြီးနှင့် သူ့ကိုမော့ကြည့်လိုက်ကြသည်။ ဟယ်ရီက သူတို့အား ဒေါ်ဘီက သူ့ကိုပြောခဲ့သမျှ အလုံးစုံ(သို့)မပြောပြခဲ့သမျှကို



ကို ပြန်ပြောပြလိုက်၏။ ရွန်နှင့်ဟာမီယွန်တို့မှာ ပါးစပ်အဟောင်းသားနှင့် နားထောင်နေကြသည်။

“မိစ္ဆာခန်းဆောင်က အရင်တစ်ခါပွင့်ခဲ့ဖူးသေးတယ်ပေါ့”

ဟု ဟာမီယွန်က မေးလိုက်၏။ ရွန်ကအောင်ပွဲရစစ်သူကြီးတစ်ယောက်၏အသံဖြင့်

“ လူစီးယပ်မယ်ဖွိုင်း ဒီမှာကျောင်းတက်ခဲ့တုန်းက မိစ္ဆာခန်းဆောင်ကို သူဖွင့်ခဲ့တာပဲဖြစ်ရမယ်။ အခု မိစ္ဆာခန်းဆောင်ကို ဘယ်လိုဖွင့်ရမယ်ဆိုတာ သူ့ရဲ့အသည်းတုံးလေး မယ်ဖွိုင်းကိုပြောပြထားမှာပေါ့၊ ဒါအသိသာကြီးပဲ။ ဘာပဲဖြစ်ဖြစ်အဲဒီမိစ္ဆာခန်းဆောင်ထဲမှာ ဘယ်လိုမိစ္ဆာကောင်မျိုးကြီးရှိသလဲဆိုတာ ဒေါ်ဘီကမင်းကို ပြောပြခဲ့ရင် သိပ်ကောင်းမှာပဲ။ အဲဒီမိစ္ဆာကောင်ကြီးက ဘယ်သူမှမရိပ်မိအောင်ကျောင်းထဲမှာ ဘယ်လိုလုပ်ပြီး ခိုးကြောင်ခိုးဝှက်နဲ့ လျှောက်သွားနေသလဲဆိုတာ ငါအရမ်းသိချင်တယ်”

ဟာမီယွန်က မျှော့များကိုဒယ်အိုးအောက်ခြေသို့ရောက်အောင် ထိုးချရင်း

“သူ့ကိုယ်သူ ကိုယ်ယောင်ဖျောက်လို့ရလိမ့်မယ်၊ ဒါမှမဟုတ် ရုပ်ပြောင်းရုပ်လွှဲလုပ်ထားမှာပေါ့၊ သံချပ်ကာဝတ်စုံတစ်ခုလိုမျိုး အရာဝတ္ထုတစ်ခုလို ဟန်ဆောင်နေမယ်လေဟာ။ (နေရာကိုလိုက်ပြီး အရောင်ပြောင်းရုပ်ဖျက်နိုင်တဲ့)မကောင်းဆိုးဝါးပုတ်သင်ညိုတွေအကြောင်းကို ငါဖတ်ဖူးတယ်”

“နင်ဖတ်ဖူးတာတွေ အရမ်းများနေပြီ ဟာမီယွန်”

နတ်ပုဇဉ်းအသေကောင်များကို မျှော့များ၏အပေါ်မှ လောင်းသွန်ထည့်ရင်း ရွန်က ပြောလိုက်၏။ သူကမျှော့များ ထည့်ထားသည့်အိုးအလွတ်ကို ချရင်း ဟယ်ရီ့ကို တစ်ချက်ငဲ့ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ငါတို့ကိုရထားပေါ်တက်လို့မရအောင်တားတာရယ်၊ မင်းလက်ကျ
အောင်လုပ်တာရယ်က ဒေါ်ဘီလက်ချက်ပေါ့"

ဟု ပြောရင်း ရွှန်က ခေါင်းကိုခါယမ်းလိုက်၏။

"မင်းသိလား ဟယ်ရီ၊ သူ မင်းအသက်ကိုကယ်ဖို့ကြိုးစားနေတာကို ရပ်တ
က မရပ်ခဲ့ရင် သူ့လက်ချက်နဲ့ မင်းအသက်ထွက်လိမ့်မယ်"

●

တနင်္လာနေ့နံနက်ရောက်သောအခါ အတိုက်ခိုက်ခံရသော ကိုလင်
ယောက် ဆေးရုံ၌သေဆုံးသွားပြီဖြစ်ကြောင်း ချဲ့ကားပြောဆိုနေကြသော သတ
ကကျောင်းတစ်ခုလုံးကို ပြန့်နှံ့သွား၏။ ရုတ်ချည်းဆိုသလိုပင် လေထုထဲ
ကောလဟာလများ၊ သံသယများဖြင့် ပြည့်သိပ်နေ၏။ ယခုအခါ ပထမနှ
ကျောင်းသားလေးများမှာ သူတို့တစ်ယောက်ချင်းစီ အဖော်ကွဲနေကြလျှင် ဖြ
တိုက်ခိုက်ခံရမည့်အဖြစ်ကို စိုးကြောက်ပြီး အုပ်စုငယ်လေးများဖွဲ့ကာ ရဲတို
အနီးတစ်ဝိုက်တွင် သွားလာလှုပ်ရှားနေကြသည်။

မှော်ဂါထာမန္တာန်အသုံးချနည်းသင်သည့် အချိန်များတွင် ကိုလင်ခရီ
ဘေးတွင်ထိုင်လေ့ရှိသော ဂျင်းနီဝီစလေမှာ ဝမ်းနည်းပက်လက်ဖြစ်ကာ စိတ်ထိခို
နေ၏။ ဟယ်ရီကတော့ ဖရက်နှင့်ဂျော့တို့က သူမအားစိတ်ရွှင်လန်းတက်ကြွ
အောင်လုပ်သည့်နည်းလမ်းမှာ မှားယွင်းနေကြောင်း ခံစားမိသည်။ သူတို့
သားမွေးအရေခွံကြီးများကိုခြုံ၍ ရုပ်တုများ၏နောက်ဘက်တွင်ပုန်းကွယ်ကာ ဂျင်
၏ရှေ့သို့ ဘွားခနဲခုန်ထွက်ပြီး ဂျင်းနီကြောက်ရွံ့မှု လျော့ပါးသွားအောင် ဟာသ
ကြ၏။ ပါစီက ဒေါသူပုန်ထပြီး သူတို့နှစ်ယောက်ကို မစ္စစ်ဝီစလေထံ စာရေးပြီးပြ



သည်ဖြစ်ကြောင်းနှင့် သူတို့ကြောင့် ဂျင်းနီခမျာ ညညကယောင်ချောက်ချားဖြစ်ကာ
အိပ်မက်ဆိုးများမက်နေပြီဖြစ်ကြောင်း စာထဲထည့်ရေးလိုက်မည်ဟုပြောမှ ဖရက်နှင့်
ဂျော့တို့က ဂျင်းနီကိုထပ်ပြီး မစနောက်ကြတော့ချေ။

ထိုအတောအတွင်းကျောင်း၌ မကောင်းဆိုးဝါး ကာကွယ်သည့်အဆောင်
လက်ဖွဲ့များ၊ အမြုလက်(ခေါ်)မိစ္ဆာတား ရတနာများနှင့် အခြားအဆောင်လက်ဖွဲ့
များမှာ ကျောင်းတွင် လက်မလည်အောင် အရောင်းသွက်လျှက်ရှိကာ ကျောင်းသား
များက ထိုပစ္စည်းများကို ဆရာ၊ ဆရာမများမမြင်အောင်ဖွက်ပြီး ဆောင်ထားကြ
၏၊ နယ်ဗီလီလောင်းဘော့တွန်ကလည်း မိစ္ဆာနှင်အစိမ်းရောင်ကြက်သွန်နီဥကြီး
အစ်လုံး၊ အစက်အပြောက်ကလေးများနှင့် ခရမ်းရောင်ကျောက်သလင်းတုံး၊
ပုတ်နေသော ရေပုတ်သင်၏ အမြီးတို့ကိုပါ အခြားဂရစ်ဖင်ဒေါကျောင်းသားများက
သူ၌အန္တရာယ်မရှိကြောင်း အသေအချာမရှင်းပြရသေးခင်မှာပင် ဝယ်ထားလိုက်
သည်။ တကယ်တော့ နယ်ဗီလီမှာ မှော်သွေးစစ်စစ်ဖြစ်သောကြောင့် အတိုက်ခိုက်
ခံနိုင်ရစရာ အကြောင်းမရှိချေ။

"သူတို့က ဖေ့ချ်ကို အရင်ပြုစားတိုက်ခိုက်မှာကွ၊ ပြီးရင် အားလုံးသိကြတဲ့
အတိုင်းပဲ၊ ငါကလည်း မှော်သွေးစစ်စစ်ဆိုပေမယ့် အသုံးမကျတဲ့ မှော်စုန်းမြူ
တစ်ယောက်နီးပါးဖြစ်နေတာပဲလေ"

ဟု နယ်ဗီလီက ပြောလိုက်စဉ် သူ့မျက်နှာဝိုင်းဝိုင်းလေးမှာ ကြောက်ရွံ့တုန်
လှုပ်မှုတို့ဖြင့် ပြည့်နှက်နေလေသည်။

●

ဒီဇင်ဘာဒုတိယပတ်ရောက်သောအခါ ပရော်ဖက်ဆာ မက်ဂွန်နာဂေါက

www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း ခရစ်စမတ်ပွဲတော်ရက်အတွင်း အိမ်မပြန်ဘဲ ကျောင်း၌နေခဲ့မည့် စာရင်းလာကောက်၏။ ဟယ်ရီ၊ ရွန်နှင့် ဟာမီယွန်တို့က စာရင်း၌လက်မှ ထိုးပေးလိုက်ကြသည်။ သူတို့အကြီးအကျယ် သံသယဖြစ်နေသော မယ်ဖွိုင်းတ ယောက်လည်း အိမ်မပြန်ဘဲ ကျောင်း၌နေမည်ဆိုသည့်သတင်းကို ဟယ်ရီတို့ကြ လိုက်ရ၏။ ခရစ်စမတ်အားလပ်ရက်များသည် ရုပ်ပြောင်းရုပ်လွှဲဆေးရည်ကို အသုံ ပြုကာ မယ်ဖွိုင်းထံမှ သူ့လုပ်ရပ်များကိုထုတ်ဖော်ဝန်ခံသည့်စကားကို အစ်အော မေးမြန်းရန် ဟယ်ရီတို့အတွက် အဆင်ပြေဆုံးအချိန်ပင်ဖြစ်လေသည်။

အနည်းငယ်ကံဆိုးသည်မှာ ဆေးရည်က လုပ်ငန်းစဉ်တစ်ဝက်ခန့်သာ စပ်၍ပြီးသေးသည်။ ဆေးရည်ထဲတွင် ထည့်သွင်းဖော်စပ်ရမည့် ချိုနှစ်ချော မြင်း၏ ဦးချိုနှင့် ပင်လယ်ဆင်၏အရေခွံတို့ကို ယခုချိန်ထိ ရှာမရသေး။ ယ ပစ္စည်းများကို ရနိုင်သည့် တစ်ခုတည်းသောနေရာမှာ ပရော်ဖက်ဆာ စနိပ် ကိုယ်ပိုင်စတိုခန်းထဲမှာသာဖြစ်သည်။ သို့ရာတွင် ထိုအခန်းထဲမှ သွားခိုးယူ ဆိုသည်ကတော့ မလွယ်ရေးချမလွယ်။ ဟယ်ရီ့အနေဖြင့် ပြောရမည်ဆိုလျှ ထိုအခန်းထဲဝင်ခိုးနေတုန်း သူ့ကိုပရော်ဖက်ဆာစနိပ်က ဖမ်းမိသွားမည့်အေ အန္တရာယ်နှင့်စာလျှင် စလီသရင် ဒဏ္ဍာရီလာ(ဘာမှန်းမသိသော) မိစ္ဆာသတ္တ ကြီးနှင့် ရင်ဆိုင်လိုက်ရသည်ကမှ သက်သာဖွယ်ရှိလိမ့်ဦးမည်ဟု အောက်မေ့မိ

ကြာသပတေးနေ့ နေ့လည်ခင်း. . . .။

ဟာမီယွန်က ရုတ်ချည်းခပ်သွက်သွက် ပြောချလိုက်သည်။

"ငါတို့ဖော်နေတဲ့ ဆေးရည်အတွက် လိုအပ်တဲ့ပစ္စည်းတွေရနိုင်ဖို့လမ်းတ ခုပဲရှိတော့တယ်။ ငါတို့သုံးယောက်ထဲက တစ်ယောက်ယောက်က ပရော်ဖက်ဆ စနိပ်ရဲ့ရုံးခန်းထဲဝင်ပြီး ခိုးဖို့ပဲ"

ဟယ်ရီနှင့် ရွန်တို့က သူမကို တုန်လှုပ်စွာဖြင့် ကြည့်လိုက်ကြ၏။ ဟာမီယွ



အတော့ ထမင်းစားရေသောက်ကိစ္စတစ်ခုကို ပြောနေသလိုမျိုး ခပ်အေးအေးပင် ဆက်၍

"ငါသွားခိုးတာက ပိုပြီးအဆင်ပြေလိမ့်မယ်ထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဖြသနာတက်လာပြီဆိုရင် နင်တို့နှစ်ယောက်က တစ်ခါတည်းတန်းပြီး ကျောင်း ထုတ်ခံရမှာသေချာတယ်။ ငါ့မှာတော့ အရင်ပြစ်ချက်ဟောင်းမရှိလို့ အထုတ်ခံရတဲ့ အထိ ဖြစ်မှာမဟုတ်ဘူး၊ အဲဒီတော့ နင်တို့နှစ်ယောက်အနေနဲ့ ငါ့ကိုကူညီရမှာက ပရော်ဖက်ဆာစနိပ် သူ့အခန်းထဲကထွက်လာပြီး အပြင်မှာငါးမိနစ်လောက် အလုပ် များနေအောင် ဗရုတ်သုတ်ခတစ်ခုခု ဖန်တီးပေးဖို့ပဲ"

ဟယ်ရီစိတ်မသက်မသာဖြင့် ပြုံးလိုက်၏။ ပရော်ဖက်ဆာ စနိပ်၏ဆေးရည် များသင်ခန်းစာသင်နေသည့် အတန်းထဲတွင် ဗရုတ်သုတ်ခဖြစ်အောင်လုပ်ဖို့ဆို သည်မှာ အိပ်ပျော်နေသော နဂါးကို သွားစရသည်နှင့် အတူတူပင်။

ဆေးရည်များ သင်ခန်းစာကို မြေတိုက်ခန်းကြီးတစ်ခုထဲတွင် သင်ကြား၏။ ကြာသပတေးနေ့ နေ့လည်ပိုင်းသင်ခန်းစာသည် ခါတိုင်းရက်များလိုပင်။ အငွေ့ တထောင်းထောင်းထနေသော ဆေးရည်ကျိုသည့်ဒယ်အိုးအလုံးနှစ်ဆယ်ကို သစ်သားစားပွဲခုံများကြားတွင် နေရာချထားသည်။ စားပွဲခုံပေါ်တွင်ကား ကြေးချိန် ခွင်နှင့် ဆေးပစ္စည်းအမယ်များထည့်ထားသော ခရားများရှိသည်။ ပရော်ဖက်ဆာ စနိပ်ကတော့ တလိပ်လိပ်ထနေသော မီးခိုးများအကြားတွင် လူးလာခေါက်တုံ့သွား သွက် ဂရစ်ဖင်ဒေါ်ကျောင်းသားများလုပ်သမျှကို အပြစ်ရှာဆူပူကြိမ်းမောင်းလျှက် ရှိနေသည်။ ဤသည်ကို စလီသရင်ကျောင်းသားများက တခွီခွီနှင့်လှောင်ပြောင် ရယ်မောနေကြ၏။ သူတို့ပုံစံက ပရော်ဖက်ဆာစနိပ်ကို ကျေးဇူးတင်နေသည့်နှယ်။ ပရော်ဖက်ဆာစနိပ်၏ မျက်နှာသာအပေးခံရဆုံး ကျောင်းသားမယ်ဖွိုင်းကတော့ ဟယ်ရီနှင့် ရွန်တို့ကို စိန်ခေါ်သည့်အကြည့်ဖြင့် တစ်ချက်တစ်ချက် လှမ်းလှမ်းကြည့်

www.burmeseclassic.com

www.burmeseclassic.com



သည်၊ ဟယ်ရီနှင့် ရွန်တို့မှာ သိသိကြီးနှင့်ဘာမှ မတုံ့ပြန်ရဲ။ တုံ့ပြန်လိုက်သည်နှင့် တစ်ပြိုင်နက် သူတို့ဘက်က မှန်မှန်မှားမှား ဘာမှမပြောနိုင်ခင် အပြစ်ပေးခံရသည်က အရင်ဖြစ်မည်ကို သိနေသောကြောင့်ဖြစ်သည်။

ဟယ်ရီဖော်စပ်နေသော ဆေးရည်ကတော့ ဘာမှရုပ်လုံးမပေါ်သေး။ ကျဲတောက်တောက်ပင်ရှိနေသေး၏။ သို့သော် လောလောဆယ်တွင် ဟယ်ရီ့စိတ်ထဲ၌ သည်ဆေးရည်ထက်ပို၍ အရေးကြီးသောကိစ္စများက နေရာယူထားသည်။ သူက ဟာမီယွန်အချက်ပြလိုက်မည်ကိုစောင့်နေ၏။ အရည်ကျဲကျဲဖြစ်နေသော သူ့ဆေးရည်ကို ပရော်ဖက်ဆာစနိပ်က နှိမ့်ချသရော်ပြောဆိုနေသည်ကိုပင် မကြားတစ်ချက် ကြားတစ်ချက်။ ဟယ်ရီ့ကို စနိပ်က အားရအောင်ပြောပြီးနောက် သူအနိုင်ကျင့်နေကျဖြစ်သော နယ်ဗီလီဆီသို့ လျှောက်သွားစဉ် ဟာမီယွန်က ဟယ်ရီ့ကို ခေါင်းဆတ်ခနဲညိတ်ပြပြီး အချက်ပေးလိုက်သည်။

ဟယ်ရီသည် ဖျတ်ခနဲ ဒယ်အိုးနောက်ဖက်သို့ ခေါင်းငုံ့ပုန်းကွယ်လိုက်ရင်း သူ့အိတ်ထဲရှိ ဗျောက်အိုးများထဲမှ တစ်လုံးကိုဆွဲထုတ်ကာ ဆေးတောင်ဝှေးနှင့် ဖျတ်ခနဲတို့လိုက်၏။ ဗျောက်အိုးက တစ်ဖျစ်ဖျစ်မြည်ရင်း အမြှုပ်တစီစီထလာသည်။ စက္ကန့်ပိုင်းလေးသာ အချိန်ရသည့်အတွက် ဟယ်ရီက ဖြုန်းခနဲခါးမတ်လျှက် ဗျောက်အိုးကိုလေထဲသို့ ချိန်သားကိုက်မြှောက်တင်လိုက်၏။ သူတွက်ထားသည့်အတိုင်းပင် ဗျောက်အိုးက ဂွိုင်လီ၏ဒယ်အိုးထဲသို့ တည့်တည့်ကျသွားတော့သည်။ ဂွိုင်လီ၏ ဆေးရည်သည် ဝုန်းခနဲပေါက်ကွဲသွား၏။ ဆေးရည်များက တတန်းလုံးကိုဖွာခနဲ ပက်ဖြန်းလိုက်သကဲ့သို့ ဖြစ်သွားသည်။ ဆေးရည်များစို့ရွှဲသွားသောကြောင့် အတန်းသားတွေအားလုံး ပွက်ပွက်ညံသွား၏။ မယ်ဖွိုင်းမှာကား မျက်နှာတစ်ခုလုံး ဆေးရည်အထိခံလိုက်ရသောကြောင့် သူ့နှာခေါင်းသည် ဘောလုံးတစ်လုံးကဲ့သို့ ဖောင်းကားထွက်လာ၏။ ဂွိုင်လီမှာမူကား ထမင်းစားပန်းကန်ပြား



အရွယ်လောက် နီးနီးပြူးကျယ်ဖောင်းကားထွက်လာသည့် သူ၏မျက်လုံးများကိုလက်ဖြင့်အုပ်ထား၏။ ပရော်ဖက်ဆာစနိပ်က အတန်းကိုငြိမ်အောင်ပြန်ထိန်းရင်းဘာဖြစ်သွားသည်ကို အဖြေရှာနေသည်။ ထိုသို့ရုတ်ရုတ်သဲသဲဖြစ်နေသည့်ကြားမှပင် ဟာမီယွန်တစ်ယောက် လှစ်ခနဲပျောက်သွားသည်ကို ဟယ်ရီ မြင်လိုက်ရသည်။

စနိပ်က ဝမ်းခေါင်းသံကြီးဖြင့် အော်လိုက်သည်။

"ငြိမ်ကြစမ်း. . . အားလုံးငြိမ်ကြစမ်း၊ ဆေးရည်စင်သွားတဲ့သူတွေမှန်သမျှဒီကိုလာကြစမ်း။ ငါကုပေးမယ်၊ တောက်. . . လက်သည်တရားခံကိုတွေ့လို့ကတော့ကွာ. . ."

မယ်ဖွိုင်းတစ်ယောက် ပျာယီးပျာယာဖြင့် ပရော်ဖက်ဆာစနိပ်ထံသို့ ဆေးကုခံရန် ပြေးထွက်သွားသည်ကိုကြည့်ရင်း မရယ်မိအောင် ဟယ်ရီမနည်းအောင့်ထားရ၏။ မယ်ဖွိုင်းခမျာ ဖရဲသီးလောက်နီးနီးကြီးသော နှာခေါင်းကြီး၏အလေးချိန်ကြောင့် ခေါင်းပင်မထောင်နိုင်အောင် ငိုက်စိုက်ဖြစ်နေ၏။

အတန်းသားများထဲမှ တစ်ဝက်ခန့်သည် စကားမပြောနိုင်တော့လောက်အောင် ဖူးယောင်ဖောင်းကားနေသော ရောမနှုတ်ခမ်းကြီးများ၊ တင်းပုတ်ကဲ့သို့ လေးလံကြီးမားကာ တွဲလောင်းကျနေသည့် လက်မောင်းကြီးများကို မနိုင်မနင်းသယ်လျှက် ပရော်ဖက်ဆာစနိပ်ထံတွင် ဆေးကုသခံရန် အိပ်ပုံအိပ်ပုံဖြင့် သွားနေကြ၏။ ထိုအချိန်တွင် ဟာမီယွန်တစ်ယောက် အတန်းတွင်းသို့ လှစ်ခနဲပြန်ဝင်လာသည်ကို ဟယ်ရီတွေ့လိုက်ရသည်။ သူမ၏ဝတ်ရုံအရှေ့ပိုင်းသည်ကား တစ်စုံတစ်ရာကို ထုပ်ပိုးကွယ်ဝှက်ထားသလို ခပ်ဖောင်းဖောင်းဖြစ်နေ၏။

အနာတရဖြစ်သွားသော ကျောင်းသားများကို ဆေးကုပေးပြီးသောအခါ ပရော်ဖက်ဆာစနိပ်သည် ဂွိုင်လီ၏ဒယ်အိုးကိုလာရောက်စစ်ဆေးသည်။ ဒယ်အိုး

www.burmeseclassic.com

www.burmeseclassic.com



၏ အောက်ခြေကိုခြစ်ထုတ်လိုက်သောအခါ မဲနက်တွန့်လိမ်နေသော ဗျောက်အိုး အကြွင်းအကျန်အစအနများကို သူတွေ့သွား၏။ စနိပ်က အံကြိတ်ထားသည့်လေသံဖြင့်

"ဒီဗျောက်အိုးပစ်ထည့်လိုက်တဲ့ကောင်ကို မိလိုက်လို့ကတော့ကွာ. . . ကျောင်းထုတ်ခံရပြီသာမှတ်"

ဟယ်ရီက သူ့မျက်နှာကို သူတတ်နိုင်သမျှ အူကြောင်ကြောင်ပုံစံမျိုးဖြစ်အောင် ဟန်ဆောင်ထား၏။ ပရော်ဖက်ဆာစနိပ်က သူ့ကိုတည့်တည့်ကြည့်၍ ပြောနေခြင်းဖြစ်၏။ ဟယ်ရီ၏အမူအယာကတော့ ဘာကိုမှမသိနားမလည်နိုင်အောင်ဖြစ်နေသည့် အသွင်မျိုး၊ နောက်ဆယ်မိနစ်ခန့်အကြာတွင် အတန်းချိန်စေ့ကြောင်းခေါင်းလောင်းသံမြည်လာသဖြင့် သူသက်သာရာရသွားသည်။

ငိုချင်းသည် သရဲမ မာရတယ်ရှိရာ အိမ်သာဆီသို့သုံးယောက်သား အပြေးအလွှားပြန်လာကြ၏။ ဟယ်ရီက ရွန်နှင့်ဟာမီယွန်တို့ကို ပြောပြနေသည်။

"ပရော်ဖက်ဆာ စနိပ်က ဗျောက်အိုးပစ်ထည့်လိုက်တာ ငါ့လက်ချက်မှန်း အတပ်သိနေပုံပဲကွ"

အိမ်သာထဲရှိ ရုပ်ပြောင်းရုပ်လွှဲဆေးရည်ဖော်စပ်ရာဒယ်အိုးကြီးထဲသို့ ခိုးယူလာသောဆေးအမယ်များကို ပစ်ထည့်ပြီး ဟာမီယွန်က ပျာယီးပျာယာဖြင့် စတင်မွှေလိုက်တော့သည်။ သူမက ပျော်ရွှင်စွာဖြင့်

"နောက်တစ်ညလောက်ဆိုရင် ဒီဆေးရည်အသင့်ဖြစ်ပြီ"

ရွန်ကတော့ ဟယ်ရီကို စိတ်မပူအောင် နှစ်သိမ့်နေသည်။

"ပရော်ဖက်ဆာ စနိပ်က မင်းလုပ်တာမှန်း သက်သေပြနိုင်တာမှ မဟုတ်ဘဲကွာ၊ သူဘာတတ်နိုင်မှာမို့လို့လဲ"



"ပရော်ဖက်ဆာ စနိပ်အကြောင်း မင်းလည်းသိသားနဲ့ကွာ၊ တရားဝင်လုပ်လို့ ရပေမယ့် ငါတို့ကို သူတစ်ခုခုညစ်တော့မှာပေါ့"

ဟု ဟယ်ရီက ပြောလိုက်သည်။

ဆေးရည်က တပွက်ပွက်ဆူလျှက် အမြှုပ်များထနေ၏။

●

တစ်ပတ်ခန့်ကြာသောအခါ ဟယ်ရီ၊ ရွန်နှင့် ဟာမီယွန်တို့သည် အဝင်ခန်း ကိုဖြတ်လျှက် လမ်းလျှောက်လာကြစဉ် ကြေငြာသင်ပုန်းအနီး၌ လူတစ်ချို့ အုံပြီး ပင်အပ်ဖြင့်ထိုးချိတ်တွယ်ထားသော ပုရပိုဒ်တစ်ခုကိုဝိုင်းအုံဖတ်နေ ကြောင်းတွေ့လိုက်ရသည်။ ရှေးမတ်ဖင်နီဂန်နှင့် ဒင်းသောမတ်တို့က စိတ်လှုပ်ရှား သောမျက်နှာများဖြင့် လက်ယပ်လှမ်းခေါ်၏။ ရှေးမတ်က

"ကိုယ်ခံပညာသင်တန်း စပြီးသင်ပေးတော့မယ်တဲ့ကွ၊ ဒီညစမှာတဲ့၊ ငါတော့ တက်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီပညာတတ်ထားရင် အခုလိုအချိန်မျိုးမှာ တစ်ရက်မဟုတ်တစ်ရက်တော့ သုံးခွင့်ကြုံလာမှာပဲ"

ရွန်က

"ဘာလဲ၊ ဟိုမိစ္ဆာသတ္တဝါကြီးက မင်းကိုချောင်းစိန်ခေါ်ပြီး တိုက်ခိုက်မယ်လို့ ထင်နေလို့လား. . ."

ဟု မေးလိုက်သည်။ ပြောမည့်သာပြောရသည် သူကိုယ်တိုင်ကလည်း ကြေငြာချက်ကိုစိတ်ဝင်တစားဖတ်နေမိ၏။ ထို့နောက် သူကဟယ်ရီနှင့် ဟာမီယွန်တို့ကို

"အသုံးတည့်ရင်တည့်မှာကွ၊ ငါတို့ရော သွားတက်ကြမလား. . ."

ဟု အဖော်ညှိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီနှင့် ဟာမီယွန်တို့ကလည်း သဘောတူလိုက်ကြ၏။ သို့ဖြစ်၍ ည
စားပြီးသည့်နောက် ညရှစ်နာရီတွင် ခန်းမဆောင်ကြီးထဲသို့ သူတို့အပြေးအလွှ
ပြန်လာကြသည်။ ခန်းမဆောင်ကြီးထဲတွင် ရှည်လျားသည့် ထမင်းစားပွဲကြီးမျ
မရှိကြတော့ပြီ။ နံရံတစ်လျှောက် ရွှေရောင်တောက်ပနေသော စင်မြင့်ကြီးတစ်ခု
သာတွေ့လိုက်ကြရသည်။ လေထဲတွင် တလွင့်လွင့်မျောနေသည့် ထောင်ပေါင်းမျ
စွာသော ဖယောင်းတိုင်များကလည်း မီးရောင်တလက်လက်တောက်ပလျှ
မျက်နှာကြက်ကလည်း ကတ္တီပါသားလို နူးညံ့နက်မှောင်နေပေရာ အားလုံးသ
ထိုအနက်ရောင်ကြီးအောက်တွင် ရစ်ပတ်သိမ်းထုတ်ခြင်းခံထားရသလိုဖြစ်
သည်။ ကျောင်းသားအားလုံးသည် ဆေးတောင်ဖွေများကို တင်းတင်းဆုပ်ကိုင်ထ
ကြပြီး စိတ်လှုပ်ရှားနေသည့်အသွင်အပြင်မျိုးဖြစ်နေသည်။

စကားတီးတိုးပြောဆိုနေကြသော ကျောင်းသားအုပ်စုကြီး၏အစွန်းသို့ သူ
သုံးယောက်တိုးဝင်သွားကြရင်း ဟာမီယွန်ကပြောသည်။

"ငါတို့ကို ဘယ်သူသင်ပေးမှာလဲ မသိဘူးနော်၊ ငါကြားဖူးတာတော့ ပရော
ဖက်ဆာဖလစ်ဝစ်က ငယ်ငယ်တုန်းက တစ်ဦးချင်းရင်ဆိုင်တိုက်ခိုက်တဲ့နေရာမ
ချန်ပီယံဆိုပဲ။ ငါတို့ကိုသူပဲသင်ပေးမှာထင်တယ်"

ဟယ်ရီက

"မဟုတ်သေး..."

ဟယ်ရီ စကားကို ဆုံးအောင်ပြောခွင့်မရလိုက်။ လည်ချောင်းထဲဆို့နင့်သွ
သည်။ အဘယ်ကြောင့်ဆိုသော် ပရော်ဖက်ဆာလော့ဟတ်က ဇီးရောင်ရင့်ရင့်ဝ
စုံကြီးကို ကြွားကြွားရွားရွားဆင်ယင်လျက် စင်ပေါ်တွင်ပေါ်လာခြင်းကြောင့်ဖြ
သည်။ သူနှင့်အတူပါလာသူကတော့ ပရော်ဖက်ဆာ စနိပ်၊ ခါတိုင်းလိုပင် အန



ရောင်ဝတ်စုံကိုခြုံလွှမ်းထားသည်။ ပရော်ဖက်ဆာ လော့ဟတ်က ကျောင်းသားထု
ကြီးကို တိတ်တိတ်နေကြရန် လက်ဝှေ့ယမ်းပြလိုက်ပြီး

"ကဲ... အားလုံးတော့ ဒီပတ်ပတ်လည်မှာ စုလိုက်ကြဟေ့၊ အားလုံးငါ့ကို
မြင်ကြတယ်နော်၊ ငါ့အသံကိုရော အားလုံးကြားကြရဲ့မဟုတ်လား၊ ဟုတ်ပြီ၊ သိပ်
ကောင်းတယ်၊ ဖြစ်ပုံကတော့ ဒီလိုပါ၊ ပါမောက္ခကြီး ဒမ်ဘယ်ဒိုးက မင်းတို့ကျောင်း
သားတွေ မမျှော်လင့်ဘဲ ရန်သူနဲ့ရင်ဆိုင်တွေ့ရတဲ့အခါ ကိုယ့်ကိုကိုယ် ကာကွယ်နိုင်
အောင် ကိုယ်ခံပညာသင်ပေးဖို့ ငါ့ကိုတာဝန်ပေးလိုက်တယ်၊ ငါဆိုရင် မင်းတို့သိ
တဲ့အတိုင်းပဲ၊ ရန်သူနဲ့အကြိမ်ပေါင်းများစွာ ရင်ဆိုင်တိုက်ခိုက် အောင်ပွဲခံခဲ့ဖူးတာ
ပဲ။ အသေးစိတ်သိချင်ရင်တော့ ငါ့ရဲ့စာအုပ်တွေထဲမှာ ဖတ်ကြည့်ကြပေါ့ကွာ။

ကဲ... အခု မင်းတို့ကို ငါ့ရဲ့လက်ထောက်အဖြစ် ကူညီသရုပ်ပြပေးမယ့်
ပရော်ဖက်ဆာစနိပ်နဲ့ မိတ်ဆက်ပေးချင်ပါတယ်။ ပရော်ဖက်ဆာ စနိပ်က သူ့အနေ
နဲ့တော့ ဒီလိုတိုက်ခိုက်ရေးပညာ အကြောင်းဘာမှသိပ်မသိပါဘူးလို့တော့ ပြောရှာ
ပါတယ်။ ဒါပေမယ့် သူက အနိုင်အရှုံးပဓါနမထားဘဲ အားကစားစိတ်ဓါတ်နဲ့ ကူညီ
သရုပ်ပြတိုက်ခိုက်ပေးပါ့မယ်တဲ့၊ ဟဲ... ဟဲ၊ ကလေးတွေ မစိုးရိမ်ကြပါနဲ့ကွာ၊
မင်းတို့ရဲ့ဆရာကို ထိခိုက်နာကျင်သွားအောင် ငါမလုပ်ပါဘူး၊ သရုပ်ပြရုံသက်သက်
ပါ၊ မကြောက်ကြနဲ့နော်"

ရွန်က ဟယ်ရီ့နားနားကိုကပ်ပြီး တိုးတိုးပြောလိုက်သည်။

"သူတို့အချင်းချင်း တကယ်ချပြီး နှစ်ယောက်စလုံးသေသွားရင် ပိုမကောင်း
ဘူးလား..."

ပရော်ဖက်ဆာ စနိပ်ကတော့ အပေါ်နှုတ်ခမ်းကို ကွေးညွတ်လျက် ကောက်
ချစ်စွာပြုံးရင်း ပရော်ဖက်ဆာ လော့ဟတ်ကိုကြည့်နေသည်။ သို့တိုင် အကြောင်း
သိရှာသော ပရော်ဖက်ဆာ လော့ဟတ်၏မျက်နှာမှာ စပ်ဖြီးဖြီးပင်ရှိနေသေးသော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဟယ်ရီအံ့ဩသွားရ၏။ အကယ်၍ သူသာဆိုပါက ပရော်ဖက်ဆာ စနိပ်ထိုအမှုအရာမျိုးဖြင့်ကြည့်ပြီဆိုသည်နှင့်တစ်ပြိုင်နက် ဝေးရာသို့ အမြန်ဆုံးသုတ်ချေတင်တော့မည်သာဖြစ်သည်။

လော့ဟတ်နှင့် စနိပ်တို့သည် တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းဆိုင်ရပ်ပြီး အပြန်အလှန်ဦးညွှတ်အလေးပြုလိုက်ကြသည်။ ထို့နောက် သူတို့၏ ဆေးတောင်ဝှေးများကို ဓါးများသဖွယ်ကိုင်မြှောက်လိုက်ကြ၏။

လော့ဟတ်က တိတ်ဆိတ်စွာကြည့်နေကြသော ကျောင်းသားများကို ရှင်းပြလိုက်သေးသည်။

"မင်းတို့ မြင်ကြတဲ့အတိုင်းပဲ ရင်ဆိုင်တိုက်ခိုက်ကြဖို့ သဘောတူလက်ခံလိုက်တဲ့အခါ မင်းတို့ရဲ့ဆေးတောင်ဝှေးတွေကို အခု ငါတို့ကိုင်တဲ့ပုံစံမျိုးအတိုင်း ကိုင်ထားရလိမ့်မယ်။ တစ်. . . နှစ်. . . သုံး လို့ ရေပြီးတာနဲ့ တစ်ပြိုင်နက် ငါတို့နှစ်ယောက်ဟာ ပထမဦးဆုံး တိုက်ခိုက်မယ့်မန္တာန်တွေနဲ့ ပစ်လွှတ်ကြတော့မယ်၊ စိတ်မပူကြပါနဲ့ ငါတို့နှစ်ယောက်စလုံး တစ်ဦးကိုတစ်ဦး အသေသတ်ကြမှာမှမဟုတ်တာ"

ဟယ်ရီကတော့ စနိပ်ထံမှ သူ့အကြည့်ကိုမခွါရဲဘဲ

"အသေမသတ်ဘူးဆိုတာ ဟုတ်ပါ့မလား"

ဟု တီးတိုးရေရွတ်လိုက်သည်။ ထိုစဉ်မှာပင် အချက်ပေးသံက

"တစ်. . . နှစ်. . . သုံး. . ."

လော့ဟတ်နှင့် စနိပ်တို့ နှစ်ယောက်စလုံးသည် သူတို့၏ ဆေးတောင်ဝှေးများကို ဝီခနဲနေအောင် ဝှေ့ယမ်းလိုက်ကြရင်း စနိပ်၏ပါးစပ်မှ

"အိတ်စပဲလိုင်းယားမတ်စ် !"

ကြက်သွေးရောင်အလင်းတန်းတစ်ခု ဝင်းခနဲပြိုးပြက်သွားပြီးနောက် လော့ဟတ်၏ ခြေထောက်နှစ်ဘက်စလုံးသည် တစ်စုံတစ်ရာနှင့် ပြင်းထန်စွာ ကျုံးရိုက်



ဆိုက်ရသလို မြောက်တက်သွားသည်။ မှောက်ခုံကြီးလေထဲတွင်ဝဲသွားပြီး ပစ်ဆောင့်ခံလိုက်ရသလို တစ်ကိုယ်လုံးနံရံဖြင့် ဝင်တိုက်မိ၏။ နောက်. . ကြမ်းပြင်ဆီသို့ ခြေကားယားလက်ကားယား ပြုတ်ကျသွားလေတော့သည်။

မယ်ဖွိုင်းနှင့်တကွ စလီသရင်ကျောင်းသားအချို့က လက်ခုပ်ဩဘာပေးကြသည်။ ဟာမီယွန်ကမူ ခြေဖျားကလေးများထောက်၍ပင် ကြည့်လိုက်သေး၏။ သူမက အသံစီစီကလေးဖြင့်

"သူ ထရောထနိုင်ပါ့ဦးမလား"

ဟု မေးသည်။ ဟယ်ရီနှင့် ရွန်တို့က

"မထနိုင်ရုံမကလို့ လဲပဲသေသေ"

ဟု ပြိုင်တူဖြေလိုက်ကြ၏။

ပရော်ဖက်ဆာလော့ဟတ်ခမျာ ဒယီးဒယိုင်ဖြင့် မနည်းကြိုးစား၍ ထရရှာသည်။ သူ့ဦးထုပ်ကား ကျွတ်ကျသွားပြီဖြစ်ရာ လှိုင်းတွန့်ထနေသည့် ဆံပင်များကထိုးထောင်ထောင်ထနေ၏။ သူက စင်ပေါ်သို့ ဒယိမ်းဒယိုင်ပြန်တက်လာပြီး

"ကဲ. . . မြင်ကြပြီမဟုတ်လား၊ ဒါ တစ်ဖက်ရန်သူရဲလက်နက်ကို လွှတ်ကျသွားအောင် လုပ်တဲ့တိုက်ကွက်ပဲ၊ ငါ့လက်ထဲက ဆေးတောင်ဝှေးလွှတ်ကျသွားတာကို မင်းတို့မြင်လိုက်ကြတယ်မဟုတ်လား၊ ကျေးဇူးတင်ပါတယ် ပရော်ဖက်ဆာ စနိပ်ခင်ဗျား၊ ကျွန်တော်သာ ခင်ဗျားရဲ့တိုက်ကွက်ကို တန်ပြန်ချင်ရင် လွယ်လွယ်လေးပဲ၊ ဒါပေမယ့် ကျွန်တော်က ဒီနည်းကို ကလေးတွေမြင်ပါစေတော့ဆိုပြီး ကိုယ့်ကိုကိုယ်ခင်သက်သက် အနာခံပြီးသရုပ်ပြလိုက်တာ"

ပရော်ဖက်ဆာစနိပ်၏မျက်နှာက လူသတ်ချင်စိတ်ပေါက်နေပုံရ၏။ ယင်းကို ပရော်ဖက်ဆာ လော့ဟတ်ကလည်း ရိပ်မိသွားပုံပေါ်သည်။ ထို့ကြောင့်

"ဒီလောက်သရုပ်ပြရင် လုံလောက်ပါပြီ။ အခု မင်းတို့ကြားထဲကို ငါဆင်း

www.burmeseclassic.com

www.burmeseclassic.com



လာမယ်၊ မင်းတို့အချင်းချင်း နှစ်ယောက်တတွဲတွဲပေးမယ်၊ ပရော်ဖက်ဆာ စနိပ်ခင်ဗျား၊ ကျွန်တော့်ကိုကူညီနိုင်မယ်ဆိုရင်. . . ”

စနိပ်နှင့်လော့ဟတ်တို့နှစ်ယောက်ကား ကျောင်းသားအုပ်စုကြားထဲ လျှောက်သွားရင်း လေ့ကျင့်တိုက်ခိုက်ရန် နှစ်ယောက်တစ်တွဲစီ တွဲပေးလိုက်ကြသည်။ လော့ဟတ်က နယ်ဗီလီနှင့် ဂျပ်စတင်ဖင့်ချ်တို့ကို တွဲပေးလိုက်၏။ စနိပ်ကရှ ဟယ်ရီနှင့် ရွှန်တို့အနီးသို့ရောက်လာပြီး

“ရွှန်ဝီစလေ မင်းကတော့ ဖင်နီဂန်နဲ့ တိုက်ခိုက်ရမယ်၊ ကဲ. . ပေါ်တာ. . မင်းက. . ”

ဟယ်ရီက ဟာမီယွန်အနီးသို့ အလိုအလျောက်တိုးသွားစဉ်မှာပင် စနိပ်က အေးစက်ကောက်ကျစ်စွာပြုံးရင်း ခေါင်းခါလိုက်ပြီး

“မဟုတ်သေးဘူးဟယ်ရီ၊ မင်းက မယ်ဖွိုင်းနဲ့ တိုက်ခိုက်ရမှာ၊ နာမည်ကျော် ဟယ်ရီပေါ်တာရဲ့အစွမ်းအစကို ကြည့်ပါရစေလား၊ ကဲ. . ဟာမီယွန်ဂရင်ဂါ မင်းကတော့ မစ္စဘူးစထရုတ်နဲ့တွဲရမယ်”

မယ်ဖွိုင်းက လှောင်ပြုံးပြုံးရင်း စင်မြင့်ဆီသို့ ဟန်ပါပါလျှောက်သွားသည်။ မယ်ဖွိုင်း၏နောက်တွင်ကား ဟာမီယွန်နှင့်တိုက်ခိုက်ရမည့် စလီသရင်ကျောင်းသူ. . ။ ထိုမိန်းကလေးကို မြင်လိုက်ရသည့်အချိန်တွင် လူ့ဘီလူးကြီးများအကြောင်း စာအုပ်ထဲမှ ရုပ်ပုံတစ်ပုံကို ဟယ်ရီပြေး၍မြင်ယောင်လိုက်၏။ ထိုမိန်းကလေး ကလည်း အဲသည်အတိုင်း ကြောက်စရာပင်။ လူကောင်ကြီးကြီး၊ တုတ်တုတ်ခိုင်ခိုင် နှင့် သူမ၏ သန်မာကြီးမားသော မေးရိုးများကလည်း ဒေါသတကြီး ငေါထွက်နေကြ၏။

ဟာမီယွန်က သူမ၏ပြိုင်ဘက်ကို တစ်ချက်လှမ်းကြည့်ပြီး အားမရှိစွာပြုံးပြ



လိုက်သည်။ သို့သော် ထိုမိန်းကလေးက ဝတ်ကျေတန်းကျေပင် ပြန်ပြုံးပြဖော်မရပေ။

လော့ဟတ်က စင်မြင့်ပေါ်ပြန်တက်ပြီး ကျောင်းသားများကို အမိန့်ပေးလိုက်၏။

“ကိုယ်တိုက်ခိုက်ရမယ့်လူနဲ့ မျက်နှာချင်းဆိုင်ရပ်လိုက်ကြ၊ ပြီးရင် အမြန်အလှန် ဦးညွှတ်ကြ”

ဟယ်ရီနှင့် မယ်ဖွိုင်းကမူ သူတို့၏ဦးခေါင်းများကို မဆိုစလောက်သာ ညွှတ်လိုက်ကြ၏။ တစ်ယောက်ထံမှတစ်ယောက် မျက်လုံးမခွါအလစ်မပေး။ ထိုစဉ်လော့ဟတ်က

“ဆေးတောင်ဝှေးတွေကို အသင့်ပြင်ထားကြ၊ ငါက တစ်. . . နှစ်. . . သုံးလို့ အော်လိုက်တာနဲ့တစ်ပြိုင်နက် မင်းတို့ရဲ့မန္တာန်နဲ့ပစ်လွှတ်ပြီး တစ်ဘက်လူလက်ထဲက ဆေးတောင်ဝှေးလွှတ်ကျသွားအောင် တိုက်ခိုက်ကြ။ လက်နက်တွေလွှတ်ကျသွားရုံပဲနော်၊ လူကိုမတော်တဆ ထိမိခိုက်မိတာတွေ မလိုချင်ဘူး၊ ကြားလား. . ။ ကဲ စမယ်၊ တစ်. . . နှစ်. . . သုံး. . . ”

ဟယ်ရီက ဆေးတောင်ဝှေးကို ဝှေ့ယမ်းလိုက်သည်။ သို့သော် နောက်ကျသွားလေပြီ။ အချိန်မကျခင် ‘နှစ်’ဟု ဆိုလိုက်ကတည်းက မယ်ဖွိုင်းက သူ၏မန္တာန်ကို ပစ်လွှတ်လိုက်ပြီးသားဖြစ်၏။ ဟယ်ရီမှာ သူ့ခေါင်းကို လက်ကိုင်တပ်ထားသည့် ဒယ်အိုးဖြင့် ခပ်ပြင်းပြင်းရိုက်ချခံလိုက်ရသလို ခံစားလိုက်ရသည်။ ဟယ်ရီဒယီးဒယိုင်ဖြစ်သွား၏။ သို့သော် သူကိုယ်သူဟန်နိုင်သေးသည်။ ထို့ကြောင့် လုံးအချိန်ဖြုန်းမနေတော့ဘဲ သူ့ဆေးတောင်ဝှေးကိုမယ်ဖွိုင်းဆီ တည့်တည့်ချိန်လိုက်ပြီး-

“ရစ်တပ်ဆမ်ပရာ !”

ဟု အော်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ငွေရောင်အလင်းတန်းတစ်ခုသည် မယ်ဖွိုင်း၏ ဝမ်းဗိုက်ကို ထိမှန်သွားသည်၊ မယ်ဖွိုင်းတစ်ယောက် အသက်ပင်မရှူနိုင်အောင် ခံစားလိုက်ရ၏။

"လက်နက်လွတ်ကျသွားရုံပဲ တိုက်ခိုက်ရမယ်လို့ မင်းတို့ကို ငါပြောတယ် မဟုတ်လား. . ."

လော့ဟတ်က အော်ပြောလိုက်သည်။ မယ်ဖွိုင်းကတော့ ခွေခွေကလေးလဲကျနေသည်။ အသက်ကိုလည်း ပြင်းစွာရှူနေ၏။ ဟယ်ရီက လဲကျနေသူကို ထပ်မံ၍ တိုက်ခိုက်ရန်သင့်မသင့် စဉ်းစားတွေဝေနေစဉ်မှာပင် မယ်ဖွိုင်းက ဟယ်ရီ၏ဒူးခေါင်းဆီသို့ ဆေးတောင်ဝေှးဖြင့်ချိန်လိုက်ပြီး -

"ထရန်တယ်လီဂရာ"

ဟု ရေရွတ်လိုက်ရာ ဟယ်ရီသည် သူ၏ခြေထောက်များကို မထိန်းချုပ်နိုင်တော့ဘဲ တဆတ်ဆတ်ခုန်ပေါက်လှုပ်ရှားနေလေတော့သည်။

"ရပ်စမ်း. . . ရပ်ကြစမ်း"

လော့ဟတ်က အသံကုန်အော်၍တားဆီးနေစဉ် စနိပ်က ခပ်အေးအေးဖြင့်ပင် ဖြေရှင်းလိုက်၏။

"ဖိုင်းနိုက်အင်ကတမ်တာတမ်"

စနိပ်က တန်ပြန်သည့်မန္တာန်ရွတ်လိုက်သဖြင့် ဟယ်ရီ၏ခြေထောက်များငြိမ်သက်သွားကြသည်။

ခန်းမအတွင်းရှိ မြင်ကွင်းတစ်ခုလုံးကို အစိမ်းရောင်မီးခိုးများက အုံ့အုံ့ပျပျဆိုင်းကာ ဖုံးလွှမ်းလျှက်ရှိ၏။ နယ်ဗီလီနှင့် ဂျပ်စတင်တို့သည် ဟောဟဲဆိုက်အောင် အသက်ရှူရင်း ကြမ်းပြင်ပေါ်တွင် ပိုးလိုးပက်လက်လန်နေကြ၏။ ရွန်ကတော့ မျက်နှာတစ်ခုလုံး ပြာများဖြင့်ဖုံးအုပ်နေသည့် ရှေးမတ်ကို တွဲထူရင်း ဆေးတောင်ဝေှးကျိုးနေသောကြောင့်သာ မတော်တဆဖြစ်သွားရကြောင်း၊ သူတမင်တကာလုပ်



သားမဟုတ်ကြောင်း အထပ်ထပ်တောင်းပန်နေသည်။ ဟာမီယွန်နှင့် ဘူးစထရုတ်တို့ကား ယခုချိန်ထိ လှုပ်ရှားနေကြဆဲပင်ရှိသေး၏။ သို့ရာတွင် သူတို့၏ဆေးတောင်ဝေှးများသည်ကား ကြမ်းပြင်ပေါ်တွင် ကျနေလေပြီ။ သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် လည်ပင်းညှစ်နေကြခြင်းဖြစ်၏။ ဟာမီယွန်ခမျာ ကျင်လွန်းလှသောကြောင့် တအီအီဖြင့်အော်နေရသည်။

ဟယ်ရီက သူတို့နှစ်ယောက်ကြား ခုန်ဝင်သွားပြီး အတင်းတွန်းထိုးကာ သူချင်းခွဲလိုက်ရ၏။ လွယ်တော့မလွယ်လှပေ။ ဟာမီယွန်နှင့် သတ်နေသော ကောင်မလေးမှာ သူ့ထက်ပင် ကိုယ်လုံးကိုယ်ထည်အဆမတန် ထွားနေသောကြောင့်ဖြစ်သည်။

လော့ဟတ်က ရင်ဆိုင်တိုက်ပွဲကြောင့် အတုံးအရုန်းဖြစ်နေကြသည့် ကျောင်းသားများကိုကြည့်လိုက်ရင်း

"ကဲ ကလေးတို့. . ထကြ၊ ထကြ. . . မက်မီလန် သတိထားပြီးထနော်၊ ညြော်. . . မစ္စတာဖောဆက်ရေ အဲဒီဒဏ်ရာလေးကို ခပ်နာနာလေးဖိထားလိုက်၊ သွေးတိတ်သွားလိမ့်မယ်"

"ငါ မင်းတို့ကို ရန်လိုတိုက်ခိုက်တဲ့ မန္တာန်တွေကို ခုခံကာကွယ်တဲ့နည်းကို သင်ပေးရင် ပိုကောင်းမယ်ထင်တယ်"

လော့ဟတ်က ခန်းမကြီး၏ အလယ်တွင်ဂဏှာမငြိမ်ဘဲရပ်နေရင်း ပြောလိုက်၏။ သူက စနိပ်ကိုဖျတ်ခနဲလှမ်းကြည့်လိုက်စဉ် စနိပ်က လော့ဟတ်၏အကြည့်ကို ရင်မဆိုင်ဘဲ တလက်လက်တောက်ပနေသည့် အနက်ရောင်မျက်လုံးများကို အဝေးဆီသို့ ကပျာကယာလှမ်းကြည့်နေလိုက်သည်။

"ကူညီပြီး သရုပ်ပြပေးမယ့် ကျောင်းသားနှစ်ယောက်လောက် ရနိုင်မလား၊ ဆောင်းဘော့တွန်နဲ့ ဖင့်ချ်ဖလက်ချလေ. . . မင်းတို့ ကူညီပေးနိုင်မလား. . ."

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ့စိတ်ကူးကလည်း အဆီအငေါ်မတည့်လိုက်တာ၊ ပရော်ဖက်ဆာလော့ဟတ်ရာ၊ လောင်းဘော့တွန်က ရိုးရိုးစင်းစင်းမန္တာန်လေးတွေကိုတောင်အပေါက်အလမ်းမတည့်ဘဲ တလွဲတွေလျှောက်လုပ်နေတတ်တာ၊ တော်ကြာဖင့်ရှုံဖလက်ချလေကို မီးခြစ်ဆံဘူးခွံထဲထည့်ပြီး ဆေးရုံပို့နေရပါဦးမယ်"

စနိပ်က မကောင်းဆိုးဝါး လင်းနို့ကြီးတစ်ကောင်လို ခန်းမအလယ်သို့ ဝဲဖွဲ့ဆင်းသက်ကာ ပြောလိုက်၏။

နယ်မြီလီ၏ ပန်းနုရောင်မျက်နှာဝိုင်းဝိုင်းလေးမှာ ပို၍ပန်းရောင်ရင့်ရင့်သမ်းသွားသည်။ စနိပ်က လျှို့ဝှက်ကောက်ကျစ်စွာပြုံးရင်း

"မယ်ဖွိုင်းနဲ့ ဟယ်ရီပေါ်တာဆိုရင် ဘယ့်နှယ်လဲ"

"လျော်ကန်သင့်မြတ်လိုက်လေခြင်းဗျာ"

ဟု လော့ဟတ်က ပြောရင်း ဟယ်ရီနှင့် မယ်ဖွိုင်းကို ခန်းမကြီးအလယ်သို့လာရန် လပ်ယပ်ခေါ်လိုက်သည်။ ကျောင်းသားအုပ်စုက သူတို့နှစ်ယောက်ကိုတိုက်ခိုက်နေရာ လုံလုံလောက်လောက်ရဖို့နောက်ဆုတ်ဖယ်ရှားပေးလိုက်ကြ၏။

လော့ဟတ်က

"ကဲ ဟယ်ရီရေ၊ ဒရက်ကိုမယ်ဖွိုင်းက မင်းကိုသူ့ဆေးတောင်ဝှေးနဲ့ ချိန်တဲ့အခါကျရင် မင်းကဟော့သလိုလုပ်ရမယ်"

လော့ဟတ်က သူ၏ဆေးတောင်ဝှေးကိုမြှောက်၍ လေထဲတွင်ရှုပ်ယှက်ခတ်နေအောင် တွန့်လိမ်ကောက်ကွေးစွာဝှေ့ယမ်းလိုက်ရာ အရှိန်လွန်ပြီး ဆေးတောင်ဝှေးက သူ့လက်ထဲမှလွတ်ကျသွား၏။ လော့ဟတ်က

"ဟူး. . . ငါ့ဆေးတောင်ဝှေးက ဂဏှာမငြိမ်ဘူးဖြစ်နေတယ်"

ဟု အရှက်ပြေပြောရင်း ကမန်းကတန်း ပြန်ကောက်နေသည်ကိုကြည့်လျှက်ပရော်ဖက်ဆာ စနိပ်က လှောင်ပြုံးပြုံးလိုက်၏။ ပရော်ဖက်ဆာစနိပ်က မယ်ဖွိုင်းနားသို့ တိုးကပ်သွားလိုက်ရင်း မယ်ဖွိုင်း၏နားရွက်သို့ငုံ့ကာ တစ်စုံတစ်ရာ[illegible]တိုးပြောလိုက်သည်။ မယ်ဖွိုင်းကလည်း လှောင်ပြုံးပြုံးလိုက်သည်။ ဟယ်ရီကပရော်ဖက်ဆာ လော့ဟတ်ကို စိုးရိမ်ပူပန်မကင်းစွာဖြင့်ကြည့်ရင်း



"ဆရာ အဲဒီခုခံနည်းကို နောက်တစ်ခေါက်လောက် ထပ်လုပ်ပြပါဦး"

ဟု ပြောလိုက်သည်။

မယ်ဖွိုင်းက

"သွေးပျက်နေပြီ မဟုတ်လား. . ."

ဟု တီးတိုးပြောလိုက်သည်။ ဟယ်ရီက

"မင်းစိတ်နဲ့ မနိုင်းနဲ့"

ပရော်ဖက်ဆာ လော့ဟတ်က ဟယ်ရီ၏ပုခုံးကို တရင်းတနှီးတင်းတင်း ဖက်[illegible]တ်ရင်း

"ငါလုပ်တဲ့အတိုင်းသာ လုပ်စမ်းပါဟယ်ရီရာ"

"ဟင်. . . ဘာလုပ်ရမှာလဲ၊ ဆေးတောင်ဝှေးကို လွှတ်ချရမှာလား. . ."

ဟယ်ရီပြန်ပြောသည်ကို လော့ဟတ်မကြားတော့ပေ။ သူက

"သုံး. . . နှစ်. . . တစ်. . . ချကြ"

မယ်ဖွိုင်းက ဆေးတောင်ဝှေးကို လျှပ်ပြက်သလို မြှောက်လိုက်ပြီး

"ဆာပန်ဆောရှား. . ."

မယ်ဖွိုင်း၏ ဆေးတောင်ဝှေးအဖျားသည် ဝင်းခနဲလက်ကာ ပေါက်ကွဲသွား[illegible] ဟယ်ရီတစ်ယောက် ကြက်သေသေလျှက် ကြောင်ငေးကြည့်နေခိုက်မှာပင်[illegible]နက်ရှည်လျားသော မြွေကြီးတစ်ကောင်သည် မယ်ဖွိုင်း၏ဆေးတောင်ဝှေး[illegible]ဖျားမှ ဝုန်းခနဲလွင့်ပျံထွက်လာသည်။ မြွေကြီးသည် ကြမ်းပြင်ပေါ် သိမ့်ခနဲ[illegible]သွားပြီး ဟယ်ရီကိုပေါက်တော့မည့်နှယ်ပါးပျဉ်းထောင်လျှက်ရွယ်ထား၏။

www.burmeseclassic.com



ကျောင်းသားများက သွေးပျက်မခန်းအသံကုန်အော်လိုက်ကြပြီး နောက်သို့ရှဲသွ
ကြသည်။ ဟယ်ရီကတော့ ဒေါသထန်နေသော မြွေကြီးနှင့် မျက်လုံးချင်းဆိုင်ကြ
လျက် တစ်ကိုယ်လုံးမလှုပ်မယှက်ရပ်နေသည်။

ဟယ်ရီ့အဖြစ်ကိုကြည့်လျက် အားရကျေနပ်နေသော ပရော်ဖက်ဆာစနိပ်
မပြောချင်ပြောချင်နှင့်

"လှုပ်လှုပ်ရှားရှားမလုပ်နဲ့ဟယ်ရီပေါ်တာ၊ ဒီမြွေကြီးကို ငါရှင်းလိုက်ပါ့မယ်

"ကျွန်တော့်ကို ရှင်းခွင့်ပြုပါ"

ဟု လော့ဟတ်က ပြောလိုက်ရင်း သူ့ဆေးတောင်ဝှေးကို မြွေကြီးဆီသို့
ကာ အားရပါးရ ဝှေ့ယမ်းလိုက်သည်။ ဝုန်းခနဲပေါက်ကွဲသံတစ်ခုပေါ်လာ၏။
ကြီးကား ပျောက်ကွယ်သွားမည့်အစား လေထဲသို့ ဆယ်ပေခန့်လွင့်ပျံတက်သွား
ဖြန်းခနဲမြည်အောင် ကြမ်းပြင်ပေါ်ပြန်ကျလာသည်။ မြွေကြီးမှာ သူ့ဒေါသ
ဆွပေးလိုက်သလိုဖြစ်သွားသောကြောင့် မာန်ဖီလျှက်တရှီးရှီးမြည်ကာ ဂျပ်စတ
ဖင့်ခ်ျဆီသို့ လျောခနဲတဟုန်ထိုးလိုက်သွားသည်။ မှိတော့မည့်ဆဲဆဲတွင် ခေါ
ထောင်ထကာ အစွယ်နှစ်ချောင်းကိုအသင့်ရွယ်လိုက်၏။

ဟယ်ရီကတော့ သူ့ကိုယ်သူ ဘာလုပ်လို့လုပ်မိမှန်းမသိ။ သူ့ကိုဘယ်လို
အားသတ္တိမျိုးက တွန်းပို့လိုက်မှန်းလည်းမသိ။ သူသိသမျှမှာ သူ့ခြေထောက်မှာ
သည် ဆန္ဒအလျောက်သွားရခြင်းမဟုတ်ဘဲ တစ်စုံတစ်ရာက သယ်ဆောင်သွာ
သလိုမျိုး မြွေကြီးဆီသို့ ရွေ့သွားသည်။ နောက် သူကဘာမှမစဉ်းစားနိုင်ဘဲ မြွေ
ကို လှမ်းအော်ဟစ်ကာ အမိန့်ပေးလိုက်၏။

"သူ့ကိုမပေါက်နဲ့"

အံ့ဩဘနန်းပင်။ မြွေကြီးက ပါးပျဉ်းဝပ်ကျသွားသည်။ နူးညံ့သိမ်မွေ့စွာ
ဟယ်ရီ၏အမိန့်ကို ကျိုးနွံစွာနာခံနေသော မြွေကြီးမှာ ကြမ်းပြင်ပေါ်၌ ပိုက်



နက်ကြီးတစ်ချောင်းချထားသည့်အလား။ မြွေကြီး၏မျက်လုံးများကတော့
ယ်ရီ့ကို ကြည့်လျှက်။ ဟယ်ရီ့ထံမှ ကြောက်စိတ်များလွင့်စင်ပျောက်ကွယ်သွား
ည်။ ယခုအတိုင်းဆိုလျှင် မြွေကြီးသည် မည်သူ့ကိုမျှ တိုက်ခိုက်တော့မည်မဟုတ်
န်း ဟယ်ရီသိလိုက်၏။ ဘာကြောင့်ဆိုသည်ကိုတော့ သူကိုယ်တိုင်လည်းရှင်းမပြ
နိုင်ပေ။

ဟယ်ရီက ဂျပ်စတင့်ကိုပြုံး၍ လှမ်းကြည့်လိုက်သည်။ သူမျှော်လင့်ထား
ည်က ဂျပ်စတင်၏စိတ်သက်သာရာရသွားသောမျက်နှာ (သို့မဟုတ်)နားမလည်
နိုင်အောင်ဖြစ်နေမည့်အမူအရာ (သို့မဟုတ်) သူ့ကိုကျေးဇူးတင်စွာဖြင့် ကြည့်နေ
ည့် ဂျပ်စတင်၏ခံစားချက်. . . ။

သို့သော် သူလုံးဝမှားသွားသည်။

ဂျပ်စတင်က သူ့ကိုထိတ်လန့်တုန်လှုပ်စွာဖြင့် ဒေါသတကြီးကြည့်ရင်း အော်
ငြာလိုက်သည်။

"မင်းလုပ်ရပ်ကို မင်းဘာများထင်နေသလဲ"

ဟယ်ရီ ဘာတစ်လုံးမှပြန်မပြောနိုင်ခင်မှာပင် ဂျပ်စတင်က ချာခနဲလှည့်၍
ခန်းမထဲမှ ပြေးထွက်သွားသည်။

စနိပ်က ရှေ့သို့ခြေတစ်လှမ်းတက်လိုက်ရင်း ဆေးတောင်ဝှေးကိုဝှေ့ယမ်း
လိုက်သည့်အခါ မြွေကြီးသည် အနက်ရောင်မီးခိုးတန်းတစ်ခုဖြစ်ပြီး ပျောက်ကွယ်
သွားသည်။ ပရော်ဖက်ဆာစနိပ်ကိုယ်တိုင်ပင်လျှင် ဟယ်ရီ့ကို မယုံကြည်နိုင်သော
အကြည့်၊ အကဲခတ်စဉ်းစားတွက်ချက်နေသည့်အကြည့်မျိုးဖြင့် ကြည့်နေ၏။ သို့အ
ကြည့်ကို ဟယ်ရီမကြိုက်။ ခန်းမကြီးတစ်ခုလုံးထဲတွင် ရှိရှိသမျှကျောင်းသားအားလုံး
၏ တီးတိုးပြောဆိုနေကြသံများကိုလည်း ဟယ်ရီဝိုးတဝါးသတိပြုလာမိသည်။ သူတို့
ပြောဆိုနေသမျှအသံအားလုံးသည် ဟယ်ရီ့အတွက် မကောင်းသောနိမိတ်

www.burmeseclassic.com



သက္ကဏာကိုဆောင်နေကြ၏။ ထိုအချိန်တွင် သူ့ဝတ်ရုံကိုတစ်စုံတစ်ယောက်က ဆောင့်ဆွဲလိုက်သည်။

"လာ. . . လာ. . . လစ်စို့"

ရွန်၏အသံက သူ့နားထဲဝင်လာ၏။ ခန်းမထဲမှနေ၍ အပြင်ဘက်ထိရောက်အောင် ဟယ်ရီကို ရွန်ကဆွဲခေါ်လာသည်။ သူတို့နှစ်ယောက်ဘေးတွင် ဟာမိယွန်က အမောတကောလိုက်ပါလာ၏။ တံခါးမများကို သူတို့သုံးယောက်ဖြတ်သန်းလာခဲ့ကြစဉ် ဘေးတစ်ဘက်တစ်ချက်တွင်ရှိသောလူများက သူတို့ကိုမကောင်းဆိုးဝါးများသဖွယ် ကြောက်ရွံ့ရွံ့ရှာစွာကြည့်ရင်း လမ်းဖယ်ပေးကြ၏။ ဘာတွေဖြစ်နေသည်ကို ဟယ်ရီစဉ်းစား၍မရ။ ရွန်နှင့်ဟာမီယွန်တို့ကလည်း ဟယ်ရီ ကို ဒရွတ်တိုက်ဆွဲခေါ်လာသည့် တစ်လျှောက်လုံး ရှင်းပြချိန်မရ။

နောက်ဆုံး လူသူကင်းရှင်းနေသည့် ဂရစ်ဖင်ဒေါစုပေါင်းနားနေခန်းထဲရောက်သောအခါတွင်မှ ရွန်က ဟယ်ရီကို လက်တင်ကုလားထိုင်တစ်လုံးပေါ် ထိုင်ခိုင်းပြီး

"လက်စသတ်တော့ မင်းက 'အလမ္ပာယ်နှုတ်ခမ်း'ပဲကိုးကွ၊ ငါတို့ကိုဘာလို့စောစောက မပြောတာလဲ"

"ငါက ဘာ. . . ဘာနှုတ်ခမ်း"

ဟု ဟယ်ရီက ပြန်မေးလိုက်သည်။

ရွန်က -

"အလမ္ပာယ်နှုတ်ခမ်းလေကွာ၊ မင်းကမြွေတွေကို စကားပြောလို့ရတယ်လို့ပြောတာ"

"ဟုတ်ပြီ၊ ငါသိပြီ၊ ဒီတစ်ခါမြွေနဲ့စကားပြောတာ ဒုတိယအကြိမ်ကွ၊ ပထမအကြိမ်က ငါနဲ့ငါ့အစ်ကိုဝမ်းကွဲ ဒတ်ဒလေတို့ တိရိစ္ဆာန်ရုံကိုသွားတုန်းကပေါ့၊ အဲဒီ



က မှန်လှောင်အိမ်ထဲမှာ ထည့်ထားတဲ့ စပါးကြီးမြွေနဲ့ ငါ့စိတ်ထဲက အလိုလိုတွေပြောခဲ့ရတယ်။ အဲဒီတုန်းက ငါ့ကိုယ်ငါမှော်ဆရာဆိုတာကိုတောင် မသိဘူး။ မြွေကြီးက ဘရာဇီးကလာတဲ့မျိုးစိတ်ကွ၊ ဒါပေမယ့် တိရိစ္ဆာန်ရုံထဲမှာပဲဘာဆိုတော့ သူတစ်ခါမှဘရာဇီးကို မရောက်ဖူးဘူးလို့ ငါ့ကိုပြောတယ်"

"ဘာ. . . မြွေကြီးက သူဘရာဇီးကို မရောက်ဖူးတဲ့အကြောင်း မင်းကိုပြောပြ. . . ဟုတ်လား. . . "

"ဟုတ်တယ်လေ၊ မြွေကြီးပြောတာကို ငါ့ဘေးမှာရှိတဲ့လူတွေတောင်ကြားမှာင်းကြေးစားကြေးတောင် လုပ်လိုက်ချင်သေးတယ်"

ရွန်က

"မဖြစ်နိုင်ဘူး၊ မကြားနိုင်ဘူး၊ ဒီလိုမြွေနဲ့စကားပြောဖို့ဆိုတာ မှော်ဆရာအက်တစ်သန်းမှာ တစ်ယောက်တောင် မတတ်နိုင်ဘူး၊ သိပ်ဆိုးတယ်ဟယ်ရီင်းအတွက်မကောင်းဘူး"

ဟယ်ရီက အနည်းငယ်ဒေါကန်စပြုလာ၏။

"ဘာမကောင်းရမှာလဲ၊ ငါ့ကြောင့်ဘယ်သူ့ကိုထိခိုက်လို့လဲ၊ တကယ်လို့ဘာ ဂျပ်စတင့်ကိုမကိုက်ဖို့ မြွေကြီးကိုမပြောဘူးဆိုရင်. . . "

"သြော်. . . အဲဒီတုန်းက မင်းမြွေကြီးကို လှမ်းပြောလိုက်တာ အဲဒီအဓိပ္ပါယ်. . ."

"မင်းတို့ဘာကြောင်တာလဲ၊ မင်းတို့လည်းခန်းမထဲမှာ ရှိကြတာပဲဟာ၊ ငါတာ မင်းတို့မကြားဘူးလား"

ရွန်က

"ကြားတော့ကြားတယ်၊ ဒါပေမယ့် မင်းမြွေဘာသာနဲ့ စကားပြောနေတာကိုတာ၊ အဓိပ္ပါယ်ကို ဘယ်နားလည်ပါ့မလဲ၊ အဲဒီတော့ ဂျပ်စတင်လည်းလန့်

www.burmeseclassic.com

www.burmeseclassic.com



သွားတာပေါ့၊ မင်းပါးစပ်ကထွက်လာတဲ့ အသံတွေက မြွေကိုအားပေးအားမြှောက် လုပ်နေသလိုလို ဘာလိုလိုဖြစ်နေတာကိုး၊ ကျောချမ်းစရာပဲဟယ်ရီ၊ အဲဒါမင်းသိ လား"

ဟယ်ရီက အလန့်တကြားဖြစ်သွားပြီး

"ဘာ. . . ငါ့ပါးစပ်ထဲက မြွေစကားတွေထွက်လာတယ် ဟုတ်လား ဒါ. . . ဒါ ဘယ်လိုဖြစ်တာလဲ၊ ငါ့ကိုယ်ငါတောင် မြွေစကားတတ်မှန်းမသိဘဲ ငါ့ ပါးစပ်က မြွေလိုပြောတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား. . ."

ရွန်က ခေါင်းကိုခါယမ်းလိုက်သည်။ သူနှင့်ဟာမိယွန်တို့နှစ်ယောက်ကိုကြ ရသည်မှာ တစ်စုံတစ်ယောက် သေဆုံးသွား၍ကြေကွဲဝမ်းနည်းနေပုံမျိုးနှင့်တူ လေသည်။ ဟယ်ရီမှာ ဘာကြောင့်သူတို့သည်လောက် ဆောက်တည်ရာမဲ့တုန်လှု နေကြသည်ကို အဖြေရှာမရပေ။ ဟယ်ရီက

"ဟိုမြွေဆိုးမြွေညစ်ကြီးက ဂျပ်စတင်ကို ခေါင်းပြုတ်အောင် ကိုက်လိုက်မှာ ငါဝင်တားတာ ဘာမှားသွားလဲ၊ မင်းတို့မပြောပြချင်ဘူးလား၊ ငါဝင်တားလိုက် ဂျပ်စတင်တစ်ယောက် ခေါင်းပြတ်မုဆိုးအသင်းထဲ ရောက်မသွားတော့ ဘာအရေးလဲ"

"အရေးကြီးတာပေါ့ဟ၊ ဘာဖြစ်လို့လဲဆိုတော့ ဆလာဇာစလီသရင်ဟာ တွေနဲ့စကားပြောနိုင်တယ်ဆိုပြီး ကျော်ကြားခဲ့တာလေ၊ ဒါကြောင့်လည်း စလီသ အဆောင်ရဲ့ အထိမ်းအမှတ်သင်္ကေတက မြွေပွေးပုံဖြစ်နေတာပေါ့"

နောက်ဆုံးတွင် ဟာမိယွန်က အသံတိုးတိုးလေးဖြင့် ဝင်ပြောလိုက် ဟာမိယွန်စကားကြောင့် ဟယ်ရီပါးစပ်အဟောင်းသားဖြစ်သွားသည်။

ရွန်က

" အမှန်အကန်ပဲ၊ အခုဆိုရင် တစ်ကျောင်းလုံးက မင်းဟာဆလာဇာ



သရင်ရဲ့မျိုးဆက်အမွေဆက်ခံတဲ့သူလား၊ ဒါမှမဟုတ် သူနဲ့ဘယ်လိုပတ်သက်သလဲ လို့ စဉ်းစားကုန်ကြပြီ"

"မဟုတ်ဘူးဆိုတာ သက်သေပြဖို့ခက်မှန်း နင်သိလာပါလိမ့်မယ်ဟယ်ရီ၊ ဆလာဇာစလီသရင်ဆိုတာက ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းထောင်ချီတဲ့ကာလကလူကြီး ပဲ ခြေရာခံဖို့သိပ်ဝေးသွားပြီ။ အဲဒီတော့ သူ့မျိုးဆက်ဟာ နင်ဖြစ်မယ်ဆိုလည်း ဖြစ်နေနိုင်တာပဲ"

•

ထိုညှ်၌ ဟယ်ရီတစ်ယောက် အိပ်မပျော်နိုင်ဘဲ အတွေးနယ်ချဲ့နေမိသည်။ နှင်းစက်နှင်းပွင့်များက မျှော်စင်၏ပြတင်းပေါက်ကို ဖြတ်သန်းကာ ဝေ့ဝဲလွင့်မျော နေကြသည်ကို ပိုစတာလေးခုကြားမှ ဟယ်ရီငေးကြည့်နေမိ၏။

သူက ဆလာဇာစလီသရင်ရဲ့ မျိုးဆက်ဖြစ်နိုင်လို့လား၊ အဆုံးစွန်ပြောရလျှင် သူ့ဖခင်၏ မိသားစုမျိုးရိုးနှင့်ပတ်သက်၍ သူတစ်လုံးတပါဒမျှ သိထားခြင်းမရှိ၊ ၍သည်မှာ ဒတ်ဒလေမိသားစုက ဟယ်ရီ၏ စုန်းကဝေဆွေမျိုးများအကြောင်း မေးခွန်းထုတ်ခြင်းကို အစဉ်အမြဲပိတ်ပင်ခဲ့ခြင်းကြောင့်လည်းဖြစ်သည်။

တိတ်ဆိတ်ငြိမ်သက်စွာဖြင့် ဟယ်ရီသည် မြွေဘာသာစကားဖြင့် တစ်ခုခု ပြောရန်ကြိုးစားကြည့်သေး၏။ စကားလုံးများက ထွက်မလာကြပေ။ ကြည့်ရသည် မှာ မြွေများနှင့်မျက်နှာချင်းဆိုင်တွေ့သည့်အခါတွင်မှ မြွေစကားကို ပြောရသည့်ပုံ ပေါ်သည်။

"ဒါပေမယ့် ငါကဂရစ်ဖင်ဒေါ်အဆောင်မှာနေရတာပဲ၊ တစ်ကယ်လို့ ငါဘာ

www.burmeseclassic.com

www.burmeseclassic.com



ခလိသရင်ရဲ့ သွေးပါတယ်ဆိုရင် အဆောင်ရွေးချယ်ပေးတဲ့ဦးထုပ်က ငါ့ကိုစလီသရင်အဆောင်ကို ပို့ရမှာပေါ့. . ."

"ဟား. . . ဟား. . . ဦးထုပ်က မင်းကိုစလီသရင်အဆောင်ကို ပို့ချင်ခဲ့သေးတယ်ဆိုတာ မင်းမမှတ်မိတော့ဘူးလား. . ."

ညစ်ကျယ်ကျယ်အသံသေးသေးလေးတစ်ခုက သူ့ခေါင်းထဲသို့ ဖျတ်ခနဲဝင်လာ၏။

ဟယ်ရီ စိတ်ဓါတ်ကျသွားသည်။ မနက်ဖြန်နွယ်မြက်ဆေးပင်ဗေဒသင်ချိန်တွင် ဂျပ်စတင့်ကိုသူသွားတွေ့ပြီး မြွေကြီးကဂျပ်စတင့်ကိုမကိုက်အောင် ဟန့်တားပေးခြင်းသာဖြစ်ကြောင်း၊ မြွေနှင့်ရှူးတိုက်ခြင်းမဟုတ်ကြောင်း ရှင်းပြရမည်။ ထိုအဖြစ်မှန်ကို အရူးတစ်ယောက်တောင် နားလည်နိုင်ကောင်းပါရဲ့ဟု ဟယ်ရီ ဒေါသထွက်စွာတွေးရင်း စိတ်အချဉ်ပေါက်ပေါက်နှင့် ခေါင်းအုံးကို တဘုန်းဘုန်း ထုချလိုက်လေသည်။

●

နောက်တစ်နေ့နံနက်တွင် ညပိုင်းက နှင်းစက်နှင်းမှုန်များမှာ ပြင်းထန်ဆိုးရွားသောနှင်းမုန်တိုင်းအဖြစ်သို့ ပြောင်းလဲသွားသောကြောင့် နွယ်မြက်ဆေးပင်ဗေဒသင်ချိန်ကို ဖျက်သိမ်းလိုက်ရ၏။

ရွန်နှင့်ဟာမီယွန်တို့က ကျောင်းစာများကိုမလုပ်ဘဲ မှော်စစ်တုရင်ကစားရန်ပြင်ဆင်နေကြ၏။ ဟယ်ရီကတော့ ဂရစ်ဖင်ဒေါစုပေါင်းနားနေခန်း၏ မီးလင်းဖိုဘေးနားတွင်ထိုင်ကာ နေမထိထိုင်မသာဖြစ်နေသည်။



"ဘုရား. . ဘုရား ဟယ်ရီ၊ အဲသည်ကိစ္စက နင့်အတွက်သိပ်အရေးကြီးနေရင်လည်း ဂျပ်စတင့်ကို မတွေ့တွေ့အောင်သာ လိုက်ရှာပေတော့"

ရွန်၏စစ်ကဲ့က ဟာမီယွန်၏ မြင်းစီးသူရဲကောင်းကို မြင်းပေါ်မှပြုတ်ကျအောင် ထိုးနှက်ပြီးကစားပွဲအပြင်ဘက်သို့ ဆွဲထုတ်သွားစဉ် သူမက စိတ်ဆိုးမာန်ဆိုးဖြင့် ဟယ်ရီကိုပြောလိုက်ခြင်းပင်။

သို့နှင့်ဟယ်ရီသည် ဂျပ်စတင့်ကိုလိုက်ရှာရန် ထွက်လာခဲ့သည်။

ပြတင်းပေါက်တိုင်းလိုလို၌ မီးခိုးရောင်နှင်းများက ဝေ့ဝဲလှည့်ပတ်ကာ ဖုံးအုပ်နေကြသောကြောင့် ရဲတိုက်မှာ နေ့ခင်းကြောင်တောင်၌ပင် ခါတိုင်းနေ့များထက်ပိုပြီး မှောင်မှိုင်းလျက်ရှိသည်။ ဟယ်ရီသည် စာသင်ခန်းများအတွင်း ဖြစ်ပျက်နေကြပုံကို အကဲခတ်စူးစမ်းရင်း စာသင်ခန်းများ၏ဘေးမှ ဖြတ်လျှောက်လာခဲ့သည်။ စာသင်ခန်းထဲ၌ ပရော်ဖက်ဆာ မက်ဂွန်နာဂေါက သူငယ်ချင်းတစ်ယောက်အားခွေးတူဝက်တူဘဝသို့ ပြောင်းပစ်လိုက်သော ကျောင်းသားတစ်ယောက်ကို အော်ဟစ်ကြိမ်းမောင်းနေ၏။ ဟယ်ရီရှေ့သို့ဆက်လျှောက်လာရင်း ဂျပ်စတင်က စာမသင်ဖြစ်တော့သည့် အတန်းချိန်တွေကို တစ်ခုခုလုပ်ဖို့ အသုံးချမှာပဲဟုတွေးရင်း သူ့ကိုစာကြည့်တိုက်၌ ဦးစွာသွားရှာကြည့်ရန် ဆုံးဖြတ်လိုက်သည်။

အမှန်တစ်ကယ်ဆိုလျှင် နွယ်မြက်ဆေးပင်ဗေဒကို သင်ရမည့် ဟတ်ဖယ်ပတ်ကျောင်းသားအုပ်စုတစ်ခုက စာကြည့်တိုက်အနောက်ဖက်တွင် စုဝေး၍ထိုင်နေကြ၏။ သို့ရာတွင် သူတို့ကိုကြည့်ရသည်မှာ စာဖတ်နေကြခြင်းတော့မဟုတ်ပေ။ သူတို့၏ ဦးခေါင်းများကို တိုးဝှေ့ပူးကပ်ကာ အကြောင်းအရာတစ်ခုကိုစိတ်ဝင်စားစွာ ပြောနေပုံရသော ထိုအုပ်စုကို မြင့်မားရှည်လျားသော စာအုပ်စင်များကြားမှ ဟယ်ရီ လှမ်းမြင်နေရသည်။ ထိုအုပ်စုထဲတွင် ဂျပ်စတင် ရှိမရှိကိုတော့ ဟယ်ရီ ကွဲကွဲပြားပြား မတွေ့ရချေ။ ဟယ်ရီက ထိုကျောင်းသားများထံ လျှောက်သွားစဉ်

www.burmeseclassic.com

www.burmeseclassic.com



သူတို့ပြောနေကြသောအကြောင်းအရာတစ်စွန်းတစ်စက သူ့နားထဲသို့ရောက်လာသဖြင့် ခဏရပ်ကာ သူ့ကိုမမြင်အောင်အသာကွယ်ပြီး နားထောင်နေလိုက်သည်။

သူတို့ထဲမှ တုတ်တုတ်ခိုင်ခိုင်နှင့် ကောင်လေးက

"ငါတို့ရဲ့ အိပ်ဆောင်ထဲမှာပုန်းနေဖို့ ဂျပ်စတင့်ကိုငါပြောလိုက်တယ်၊ ငါဆိုလိုတာက ဟယ်ရီပေါ်တာက သူ့ရဲ့နောက်ထပ်သားကောင်အဖြစ် ဂျပ်စတင့်ကို ပစ်မှတ်ထားခဲ့မယ်ဆိုရင် ဂျပ်စတင့်အနေနဲ့ ခဏလောက်လူလုံးမပြဘဲ နေလိုက်တာအကောင်းဆုံးပဲ၊ တကယ်တော့ ဂျပ်စတင့်ကိုယ်တိုင်ကလျှာရှည်တာကွ။ သူ့ကိုယ်သူ မှော်မျိုးရိုးကလာတာမဟုတ်ဘူး၊ လူသာမန်ကမွေးတာဆိုတဲ့အကြောင်း ဟယ်ရီပေါ်တာကို သွားပြောမိခဲ့တာကိုး။ အဲဒီကတည်းက သည်လိုဖြစ်လာမယ်ဆိုတာသိဖို့ကောင်းတယ်။ စလီသရင်ရဲ့ မိစ္ဆာအမွေခံလွတ်နေတဲ့အချိန်မှာ သည်လိုကိစ္စမျိုးက အာချောင်လို့မကောင်းဘူး၊ ဟုတ်တယ်မဟုတ်လား..."

"ဒါဆို နင်က မိစ္ဆာအမွေခံဟာ ဟယ်ရီပေါ်တာပဲလို့ တထစ်ချ ယူဆထားတယ်ပေါ့ ဟုတ်လား အာနီ"

ဟု ကျောင်းသူတစ်ယောက်က စိတ်ချောက်ချားနေသည့် အမူအယာဖြင့် မေးလိုက်၏။ ကိုယ်လုံးခပ်ဖိုင့်ဖိုင့်နှင့် ကျောင်းသားက လေးလေးနက်နက်လေသံဖြင့်

"ဒီလိုဟန်နာရဲ့၊ ဟယ်ရီပေါ်တာက မြွေစကားပြောတတ်တယ်လေ၊ မြွေစကားတတ်ခြင်းဟာ အောက်လမ်းမိစ္ဆာပညာရဲ့ လက္ခဏာရပ်ဆိုတာ လူတိုင်းသိပြီးသားပဲ၊ အထက်လမ်းမှော်ဆရာတွေထဲက မြွေစကားပြောတတ်တဲ့သူဆိုလို့ ဘယ်သူများရှိဖူးလို့လဲ၊ ဆလာဇာစလီသရင်ကိုသာ 'မြွေပါးစပ်ပိုင်ရှင်' လို့ ခေါ်ကြတာမဟုတ်လား..."



အာနီ၏စကားကြောင့် ကျောင်းသားကျောင်းသူတစ်စု ခေါင်းချင်းရိုက်ကာ ...ထိုးကုန်ကြသည်။ အာနီကတော့ ဆက်ပြောနေ၏။

"နံရံပေါ်မှာရေးသွားတဲ့စာကိုကြည့်လေ... 'မိစ္ဆာအမွေခံရဲ့ရန်သူများသ...ားကြပေရော့' တဲ့၊ ဟယ်ရီပေါ်တာဟာ ဖေ့ချ်နှင့်ပြဿနာတက်ဖူးတယ်လေ၊ ...တ်တော့ ဖေ့ချ်ရဲ့ကြောင်မကြီးအပြုစားခံရရောမဟုတ်လား။ ပထမနှစ်ကျောင်း...းခရိဗီဟာ ကွစ်ဒစ်ပြိုင်ပွဲမှာတုန်းက ဟယ်ရီပေါ်တာ ရွှံ့ထဲလဲကျနေတဲ့ပုံကို ...ပုံတွေရိုက်ယူတော့ ဟယ်ရီစိတ်ဆိုးသွားတယ်။ နောက်တော့မင်းတို့သိတဲ့ ...ိုင်းပဲလေ၊ ခရိဗီပြုစားခံရရောမဟုတ်လား..."

ဟန်နာက ဝေခွဲရခက်သည့်ဟန်ဖြင့်

"ဒါပေမယ့် ဟယ်ရီကိုကြည့်လိုက်ရင်တော့ လူကောင်းတစ်ယောက်လိုပါပဲ၊ ...တော့ ဟိုကောင်ကြီး ပျောက်ကွယ်သွားရတာကလည်း သူပဲနှိမ်နှင်းခဲ့တာမဟုတ်... သူ့ကိုမိစ္ဆာလို့ပြောရမှာ ခပ်ခက်ခက်ပဲ"

အာနီက လျှို့လျှို့ဝှက်ဝှက်ဟန်ဖြင့် သူ့အသံကို တိုးလိုက်ရာ ဟပ်ဖယ်ပတ်...ဆောင်သားများက သူနှင့်ပို၍နီးကပ်အောင် ခေါင်းများညွတ်၍ဝိုင်းအုံသွားကြ...၏။ ဟယ်ရီကလည်း သူတို့အုပ်စုအစွန်သို့ တိုးကပ်သွားလိုက်ရာ အာနီ၏ ...များကို ကြားလိုက်ရသည်။

"ဟိုကောင်ကြီးရဲ့ တိုက်ခိုက်တာကိုခံရပြီးတဲ့နောက် သူဘယ်လိုလုပ်ပြီး ...က်ရှင်ကျန်ရစ်သလဲဆိုတာ ဘယ်သူမှမသိကြဘူးလေ။ အဲဒီအချိန်တုန်းက ...ာ တစ်ကယ့်ကိုကလေးလေးပဲရှိသေးတာ။ တစ်ကယ်ဆိုရင် သူ့တစ်ကိုယ်လုံး ...အသားရှာမရအောင် မှုန့်မှုန့်ညက်ညက်ကြေသွားဖို့ကောင်းတာပေါ့၊ ဒီလို ...ခိုက်မှုမျိုးက လွတ်မြောက်ဖို့ဆိုတာက တစ်ကယ့်ကိုတန်ခိုးစွမ်းအားနဲ့ ပြည့်စုံ ...အောက်လမ်းမိစ္ဆာတစ်ယောက်မှဖြစ်နိုင်မှာ"

www.burmeseclassic.com



အာနီကပြောရင်းတန်းလန်းမှ အသံကိုထပ်မံ၍နှိမ့်ချလိုက်ပြန်ရာ လေး သံ့သံ့မျှသာတိုးတိုးလေးကြားရတော့သည်။ အာနီကဆက်၍

"ဟိုအကောင်ကြီးက ဟယ်ရီပေါ်တာ့ကို ဘာဖြစ်လို့သတ်ပစ်ချင်နေသလဲ သိလား၊ မိစ္ဆာဘုရင်ဘွဲ့ကို သူနဲ့ယှဉ်ပြိုင်ပြီးလုမယ့် ပြိုင်ဖက်တစ်ယောက်ရှိနေမှာစိုး ပဲ၊ သဘောပေါက်လား။ ဟယ်ရီထုတ်မပြဘဲလျှို့ထားတဲ့ တန်ခိုးစွမ်းအားတွေ ဘာတွေများ ရှိနေသေးလဲမသိဘူး"

နောက်ထပ်ပြောလာမည့်စကားများကို ဟယ်ရီမကြားဝံ့တော့ပေ။ ဟယ်ရီ ခေါင်းကိုကျယ်ကျယ်ဟန့်လိုက်ရင်း စာအုပ်စင်နောက်ကွယ်မှရှေ့သို့ ထွက်လို သည်။ အကယ်၍သူသာ ဒေါသတကြီးဖြစ်မနေဘူးဆိုပါက ရယ်စရာကော လောက်အောင် ကိုရိုးကားယားဖြစ်သွားသော ဟတ်ဖယ်ပတ်ကျောင်းသားကျော သူများ၏ အမူအယာကို တွေ့ရလိမ့်မည်ဖြစ်သည်။ ဟယ်ရီကိုမြင်လိုက်သည်နှ သူတို့အားလုံး ကျောက်ရုပ်လိုတောင့်တင်းသွားကြသည်။ အာနီ၏မျက်နှာပေါ်မှ သွေးရောင်မရှိတော့။ ဟယ်ရီက စတင်၍

"ဟယ်လို့ . . . ငါဂျပ်စတင်ဖင့်ခ်ျကိုလိုက်ရှာနေတာ"

ဟတ်ဖယ်ပတ်ကျောင်းသားကျောင်းသူများ၏ ကြောက်ရွံ့မှုကား ဆိုဖွယ်ရ မရှိတော့။ သူတို့အားလုံးက အာနီ့ကို တုန်လှုပ်စွာဖြင့် လှမ်းကြည့်လိုက်ကြသည် အာနီကလည်း တုန်ယင်နေသည့်အသံဖြင့်

"မင်း . . . သူ့ကို ဘာလုပ်မလို့လဲဟင်"

"ဟိုနေ့ညက မြွေကြီးနဲ့ဖြစ်တဲ့ကိစ္စကို ငါအသေအချာရှင်းပြချင်လို့ပါ"

အာနီက ဖြူဖတ်ဖြူရော်ဖြစ်နေသော နှုတ်ခမ်းကို ခပ်ဖိဖိကိုက်လိုက်၏ ထို့နောက် အသက်ကိုဝဝရှူသွင်းလိုက်ရင်း



"အဲဒီတုန်းက ငါတို့အားလုံးလည်း ဒေါ့မှာရှိကြတာပဲ။ ဘာဖြစ်တယ်ဆိုတာ ငါတို့အမြင်ပဲဥစ္စာ"

"ဒါဆို ငါစကားပြောလိုက်တော့ မြွေကြီးနောက်ပြန်ဆုတ်သွားတာ မင်းတို့ သတိထားမိတယ်မဟုတ်လား . . ."

အာနီက ကြောက်ရွံ့စိတ်ဖြင့် တုန်ယင်နေသော်လည်း ပေကတ်ကတ်ဖြင့်

"ငါမြင်တာကတော့ မင်းကအလမ္ပာယ်ဘာသာစကားနဲ့ပြောပြီး မြွေကြီးကို ဂျပ်စတင့်ဆီ လိုက်အကိုက်ခိုင်းနေတာပဲ"

"ငါ သူ့ကိုလိုက်ကိုက်ခိုင်းတာမဟုတ်ဘူး၊ ဂျပ်စတင့်ကိုမြွေကြီးက ထိတောင် မထိဘူး"

ဟယ်ရီ့အသံက ဒေါသဖြင့် ဆတ်ဆတ်ခါနေ၏။ အာနီကတော့

"ကပ်သီကလေးလွဲသွားတာပါ။ အဲ . . . ဟိုဒင်း မင်းသံသယရှိမယ်ဆိုရင် ငါ့မျိုးရိုးစဉ်ဆက်ကို မင်းကြိုက်သလောက်စုံစမ်းနိုင်တယ်ဟယ်ရီ၊ ငါ့ဘိုးဘေးဘီဘင် အားလုံး မှော်မျိုးရိုးသန့်တွေချည်းပဲ၊ လူသွေးတစ်စက်မှမပါဘူး"

"မင်းဟာမင်း ဘာသွေးပါပါ၊ ငါဂရုမစိုက်ဘူး၊ လူ့သွေးပါတော့ရော ငါက ဘာဖြစ်လို့ တိုက်ခိုက်ချင်ရမှာလဲ"

"ငါတို့ကြားဖူးထားတာကတော့ မင်းဟာမင်းနဲ့အတူနေခဲ့ရတဲ့လူသားတွေကို မုန်းတယ်ဆို"

ဟု အာနီက လေပြေထိုး၍ ပြောလိုက်၏။

"ဘယ်သူမဆို ငါ့ဦးလေးတွေ၊ ငါ့အဒေါ်တွေနဲ့သာ နေဖူးမယ်ဆိုရင် သူတို့ ကို မမုန်းဘဲနေနိုင်မှာမဟုတ်ဘူး၊ မင်းလာနေကြည့်ဖို့ကောင်းတယ်"

ဟယ်ရီက ပြောပြောဆိုဆိုဖြင့် ဖနောင့်ဆောင့်နင်းကာ ဒေါပွန်းဝုန်းလှည့် ထွက်ခဲ့၏။ စာကြည့်တိုက်တွင် ဆူဆူညံညံလုပ်လိုက်မိခြင်းကြောင့် စာအုပ်များကို

www.burmeseclassic.com

www.burmeseclassic.com



ဖုန်သုတ်နေသော မဒမ်ပင့်စ်၏ အပြစ်တင်လိုသောအကြည့်နှင့် အကြည့်ခံလိုက်ရ သည်။

စကြိုန်တစ်လျှောက် ဒေါသတကြီးဖြင့် ကမူးရှူးထိုးလျှောက်လာသော ဟယ်ရီသည် လွန်စွာကြီးမားတုတ်ခိုင်သော တစ်စုံတစ်ရာကိုဝင်တိုက်မိပြီး ကြမ်းပြင် ပေါ် ဖင်ထိုင်လျက် ကျသွား၏။ ဟယ်ရီက သူဝင်တိုက်မိသောအရာကို မော့ကြည့် လိုက်ရင်း

"ဟင်. . . ဟက်ဂရစ်ပါလား. . . "

ဟက်ဂရစ်၏မျက်နှာတစ်ခုလုံးသည် နှင်းကာသိုးမွှေးခေါင်းစွပ်ထဲတွင် ပျောက်ကွယ်နေ၏။ မျက်နှာကိုမမြင်ရသည့်တိုင် လူများစရာတော့ အကြောင်းမ ပါ။ သူ၏ကြီးမားလှသော ကုတ်အကျီဖားဖားကြီးက စကြိုန်တစ်ခုလုံးကို ပြည့်လု မတတ်နေရာယူထားသည်မဟုတ်ပါလား။ ဟက်ဂရစ်က သိုးမွှေးခေါင်းစွပ်ကို ပ တင်လိုက်ရင်း

"ဩော် ဟယ်ရီပါလား၊ မင်းအတန်းမတက်ဘူးလား. . . "

ဟယ်ရီက လဲကျနေရာမှ ပြန်ထလိုက်ရင်း

"အတန်းချိန်ဖျက်လိုက်တယ် ဟက်ဂရစ်၊ ခင်ဗျားရော ဒီမှာဘာလာလုပ်တာ လဲ"

ဟက်ဂရစ်က သူ၏လက်တစ်ဘက်တွင် ဖမ်းယူလာသည့် ကြက်ဖကြီးတစ် ကောင်ကို မြှောက်ပြလိုက်ရင်း

"ဟောသည်မှာ နောက်တစ်ကောင် အသတ်ခံရပြန်ပြီကွ၊ ဘယ်သူသတ်နေ တာလဲမသိဘူး၊ မြေခွေးတွေ လက်ချက်လား၊ သွေးစုပ်ဝက်ဝံတွေလက်ချက်လား တော့မပြောတတ်ပါဘူး၊ ကြက်ခြံနားမှာထောင်ချောက်ဂါထာတွေ မန်းမှုတ်ထား ချင်လို့။ အဲဒါ ကျောင်းအုပ်ဆရာကြီးရဲ့ခွင့်ပြုချက်ရမှဖြစ်မှာ"



ဟက်ဂရစ်က နှင်းဖတ်များကပ်ငြိတင်နေသည့် သူ၏မျက်ခုံးထူထူကြီးများ အောက်မှနေ၍ ဟယ်ရီကို ပိုမိုတိုးကပ်ကြည့်လိုက်ရင်း

"ဟယ်ရီ. . . မင်းနေကောင်းရဲ့လား၊ မင်းကိုကြည့်ရတာ စိတ်သောကတစ်ခု ရောက်နေတဲ့ပုံပဲ"

ဟယ်ရီအနေဖြင့် သူ့အကြောင်းကို အာနီနှင့်တကွ ဟတ်ဖယ်ပတ်ကျောင်း ကျောင်းသူများ ပြောဆိုနေကြပုံတို့ကို အစအဆုံးဇာတ်သံနှောကာ နောက် ကြောင်းပြန်မနေချင်တော့ပေ။ ထို့ကြောင့် သူက

"ဘာမှမဖြစ်ပါဘူး ဟက်ဂရစ်၊ ကျွန်တော်သွားတော့မယ်။ နောက်စာသင် ချိန်က အသွင်ပြောင်းခြင်းဘာသာရပ်ဗျ၊ ကျွန်တော်စာအုပ်တွေသွားယူရဦးမယ်"

ဟယ်ရီဆက်လျှောက်လာခဲ့သည်။ သူ့ရင်ထဲတွင်တော့ အာနီပြောခဲ့သည့် စကားလုံးများက ပြည့်သိပ်လျက်။

"တစ်ကယ်တော့ ဂျပ်စတင်ကိုယ်တိုင်က လျှာရှည်တာကွ။ သူ့ကိုယ်သူ မှော်မျိုးရိုးကလာတာမဟုတ်ဘူး။ လူသာမန်မွေးတာဆိုတဲ့အကြောင်း ဟယ်ရီ ပေါ်တာ့ကို သွားပြောမိခဲ့တာကိုး၊ အဲဒီကတည်းက သည်လိုဖြစ်လာမယ်ဆိုတာ သိဖို့ကောင်းတယ်"

ဟယ်ရီသည် လှေကားထစ်များပေါ်တွင် တုန့်ခနဲရပ်လိုက်ပြီး မည်းမှောင် နေသော အခြားစကြိုန်လမ်းအတိုင်း ဆက်လျှောက်လာခဲ့သည်။ ထိုစကြိုန်လမ်းထဲ တွင် ထွန်းထားသောမီးတိုင်များသည် လွတ်နေသည့်ပြတင်းမှန်ချပ်မှ တိုးဝင်လာ သည့် အေးစက်စက်လေကြမ်းတိုက်ခိုက်မှုကြောင့် မီးငြိမ်းကာ ဝိန်းပိန်းပိတ်မှောင် နေလေ၏။ စကြိုန်လမ်းတစ်ဝက်ခန့်အရောက်တွင် ဟယ်ရီသည် ကြမ်းပြင်ပေါ် လာ ၍နေသည့် တစ်စုံတစ်ရာကို ခလုတ်တိုက်မိပြီး လဲကျသွားသည်။

သူခလုတ်တိုက်မိသည့် အရာကိုမြင်လိုက်သည်နှင့် တစ်ပြိုင်နက် ဟယ်ရီ

www.burmeseclassic.com



တစ်ယောက် အူတွေအသည်းတွေ ဆွဲနုတ်ခံရသလို ခံစားလိုက်ရ၏။ ကြမ်းပြင်ပေါ်တွင်လဲနေသူကား ဂျပ်စတင်ဖင့်ချ်ပင်ဖြစ်လေတော့သည်။

ဂျပ်စတင်၏တစ်ကိုယ်လုံး အေးစက်တောင့်တင်းလျက် မျက်နှာပေါ်တွင် ကြောက်ရွံ့တုန်လှုပ်မှုကား အထင်းသား။ မျက်လုံးများကလည်း ပြူးကြောင်လျက် မျက်နှာကြက်ဆီသို့ ဟာလာဟင်းလင်း ငေးစိုက်ကြည့်နေကြသည်။ လဲကျနေသူကား ဂျပ်စတင်တစ်ယောက်တည်းမကသေး။ သူ့နံဘေးတွင် နောက်ထပ်သဏ္ဍာန်တစ်ခုရှိနေသေး၏။ ထိုသဏ္ဍာန်ကား ဟယ်ရီမြင်ဖူးသမျှထဲတွင် ထူးဆန်းအံ့သြဖွယ်အကောင်းဆုံးဟု ပြောရတော့မည်ဖြစ်လေ၏။

နောက်ထပ် ပြုစားခံထားရသူကား တစ္ဆေကြီး 'ခေါင်းပြတ်ခါနီးနစ်' ဖြစ်၏။ အရင်လို ထွင်းဖောက်မြင်နိုင်သည့် ဖြူဖွေးကြည်လင်သော အဆင်းသဏ္ဍာန်မျိုး မဟုတ်တော့။ မဲမှောင်၍မီးခိုးလိုဖြစ်နေသည်။ ကြမ်းပြင်အထက် ခြောက်လက်မခန့်အကွာတွင် တုံးလုံးလဲလျက်လေထဲတွင် မျောလွင့်နေ၏။ သူ့လည်ပင်းကလည်း တိုးလို့တွဲလောင်းဖြစ်နေကာ မျက်နှာပေါ်မှ ကြောက်ရွံ့တုန်လှုပ်နေသည့် အမူအရာကတော့ ဂျပ်စတင့်အတိုင်းပင် ချောက်ချားစရာ။

ဟယ်ရီကမန်းကတန်း ထရပ်လိုက်သည်။ သူ့အသက်ရှူသံကပဟောဟဲလိုက်နေ၏။ သူ့နှလုံးသားကလည်း နံရိုးများကို စည်တီးသလို တဒုန်းဒုန်းထုရိုက်နေသည်။ လူသူကင်းမဲ့နေသော စင်္ကြံတစ်လျှောက် ဟိုဟိုဒီဒီကြည့်လိုက်မိသောအခါ ပင့်ကူများသည် တစ်ကောင်နှင့်တစ်ကောင်စီတန်းလျက် ဂျပ်စတင်နှင့် နစ်တို့၏ ခန္ဓာကိုယ်များဆီမှ ဝေးရာသို့ဒရောသောပါးသွားနေကြသည်ကို မြင်ရလေသည်။ စင်္ကြံအခြားတစ်ဘက်ရှိ စာသင်ခန်းများဆီမှ ဆရာများ၏ စာသင်နေသည့် မသဲမကွဲအသံတစ်ချို့မှလွဲ၍ အားလုံးခြောက်ကပ်တိတ်ဆိတ်လျက်ရှိသည်။

'ငါဘာလုပ်ရမလဲ' ဟု ဟယ်ရီတွေးနေမိသည်။ အခုနေသူထွက်ပြေးသွားသည်ဆိုလျှင် မှီနိုင်သေးသည်။ သူဒီနေရာကို ရောက်ခဲ့ကြောင်း ဘယ်သူမှ သိလိုက်မည်မဟုတ်။ သို့ရာတွင် ဂျပ်စတင်နှင့်နစ်တို့ကို ကူကယ်ရာမဲ့စွာဖြင့် သူမထားပစ်ခဲ့နိုင်။ သူအကူအညီတောင်းရမည်လား။ သူဘာမှမလုပ်ပါဘူးဟုပြောလျှင် လူတွေက ယုံကြမတဲ့လား. . .။

ဝေခွဲရခက်စွာဖြင့် သူရပ်နေစဉ် သူ့အနီးမှ တံခါးတစ်ချပ် ဝုန်းခနဲပွင့်သွားပြီး ပုဏ္ဏကတစ္ဆေပီးဗက် ဘွားခနဲထွက်လာသည်။ ပီးဗက်က လေထဲသို့ဝဲပျံ ထိုးတက်သွားရင်း

"ဟား ဟယ်ရီပေါ်တာပါလား၊ ဘာလုပ်နေတာလဲ၊ သည်မှာသည်မှာ ဟယ်ရီပေါ်တာဟေ့၊ သူ ပုန်းလျှိုးကွယ်လျှိုးနဲ့ ဘာလုပ်. . ."

ပီးဗက်က စူးစူးဝါးဝါးအော်ဟစ်ရင်း ဂျပ်စတင်နှင့်နစ်တို့၏ ခန္ဓာကိုယ်များကို မြင်လိုက်ရသောအခါ လေထဲတွင်တုံ့ခနဲရပ်သွားကာ အံ့သြတကြီးကြည့်နေသည်။ ဟယ်ရီဘာမှမတားလိုက်နိုင်ခင်မှာပင် ပီးဗက်က အသံပြကြီးနှင့် တစ်ကျောင်းလုံးကြားအောင်အော်တော့သည်။

"အပြုစားခံရပြန်ပြီ။ အပြုစားခံရပြန်ပြီ။ လူတင်မက တစ္ဆေကိုပါ အလွတ်မပေးတော့ဘူး၊ ပြေးနိုင်မှ အသက်ချမ်းသာရာရလိမ့်မယ်၊ ပြုစားပြန်ပြီ"

"ဝုန်း. . . ဝုန်း. . . ဝုန်း"

စင်္ကြံတစ်လျှောက် တံခါးများတစ်ချပ်ပြီးတစ်ချပ် ပွင့်သွားကြပြီး အခန်းထဲမှ လူများပြေးထွက်လာကြ၏။ လဲကျနေသော ဂျပ်စတင်နှင့်ခေါင်းပြတ်ခါနီးနစ်တို့ အနားတွင် လူတွေရှုပ်ရှုပ်ထွေးထွေး ဝိုင်းအုံကာခြေချင်းလိမ်နေကြသည်။ ဆရာများက အားလုံးကိုတိတ်တိတ်နေကြဖို့ အော်ဟစ်သတိပေးနေစဉ် ဟယ်ရီက နံရံနှင့်ကျောတသားတည်းဖြစ်အောင် ကပ်နေမိ၏။

ပရော်ဖက်ဆာ မက်ဂွန်နာဂေါလည်း အပြေးအလွှားရောက်လာသည်။

www.burmeseclassic.com



သူမ၏နောက်တွင်လည်း ကျောင်းသားများပါလာ၏။ သူမက ဆေးတောင်ဖူးကို ထွေ့ယမ်းလိုက်ရာ ဝုန်းခနဲအသံမြည်ဟည်းသွား၏။ ထိုအခါမှ အားလုံးတိတ်ဆိတ်ငြိမ်သက်သွားကြပြီး ကျောင်းသားများကို အတန်းထဲပြန်ဝင်ခိုင်းလိုက်တော့သည်။

အာနီနှင့်တကွ ဟတ်ဖယ်ပတ်ကျောင်းသားများ ရောက်လာပြီး အခင်းဖြစ်ပွားပုံကိုမြင်လိုက်ရသည်နှင့်တစ်ပြိုင်နက်

"မိပြီ။ လက်ပူးလက်ကြပ်မိပြီ"

အာနီက ဟယ်ရီပေါ်တာ့ကို လက်ညှိုးငေါက်ငေါက်ထိုးပြီး အော်ဟစ်စွပ်စွဲလိုက်လေသည်။

ပုဏ္ဏကတစ္ဆေပီးဗက်ကတော့ သူတို့အားလုံး၏ ခေါင်းပေါ်တွင်ပျံဝဲရင်း ရှုတ်ရှုတ်သဲသဲဖြစ်နေသည်ကို ကောက်ကျစ်စွာပြုံးရင်း ကြည့်နေ၏။ ပီးဗက်ကတော့ အဲသည်လိုပင် ကသောင်းကနင်းဖြစ်နေသည်ကိုမြင်လျှင် ပျော်လေ့ရှိသည်။ ဆရာများက ဂျပ်စတင်နှင့် ခေါင်းပြတ်ခါနီးနစ်တို့ကို စစ်ဆေးကြည့်ရှုနေစဉ် ပုဏ္ဏကတစ္ဆေ ပီးဗက်က သီးချင်းတစ်ပုဒ်ကို လက်တန်းစပ်ကာ အော်ဆိုနေသည်။

"ပေါ်တာရယ်. . . အို! ဟယ်ရီပေါ်တာရယ်၊ ဘာလို့ရက်ရက်စက်စက် လုပ်ရတာလဲကွယ်၊ မင်းဟာကျောင်းသားတွေကို ဇိဝိန်ခြွေ၊ ဒါကိုပျော်စရာလို့ ထင်နေတယ်"

"ဟဲ့ ပီးဗက် ပါးစပ်ပိတ်ထားစမ်း"

ဟု ပရော်ဖက်ဆာ မက်ဂွန်နာဂေါက လှမ်းဟောက်လိုက်သောအခါတွင်မှ ပုဏ္ဏကတစ္ဆေသည် နောက်ဆုတ်နောက်ဆုတ်ဖြင့် ထွက်သွား၏။ ဒါတောင်မှ ဟယ်ရီ့ကိုလျှာထုတ်၍ ပြောင်ပြသွားသေးသည်။

ပရော်ဖက်ဆာ ဖလစ်ဝစ်နှင့် နက္ခတ်ဗေဒဌာနမှ ပရော်ဖက်ဆာ စင်နစ်စထရာတို့က ဂျပ်စတင်ကိုဆေးရုံဆီသို့ သယ်သွားကြ၏။ သို့ရာတွင် ခေါင်းပြတ်ခါ



နီးနစ်ကိုကား ဘာလုပ်ရမည်မှန်း ဘယ်သူမှမသိကြပေ။ နစ်ကလူမဟုတ်ဘဲ တစ္ဆေဖြစ်နေသောကြောင့် ဆေးရုံတင်ပို့ရန်လည်း မဖြစ်နိုင်ပေ။ ပရော်ဖက်ဆာ မက်ဂွန်နာဂေါက ပါးလွှာသောလေထုကို မွေ့ယာလိုဖြစ်သွားအောင်ဖန်ဆင်းလိုက်သည်။ ထို့နောက် အာနီ့ကို နစ်အားသယ်ဆောင်ရန် အမိန့်ပေးလိုက်၏။ ခေါင်းပြတ်ခါနီးနစ်ကို ပါးလွှာသောလေထုပေါ်တင်၍ လေသင်္ဘောတစ်စင်းလို သယ်ဆောင်သွားကြရာ စင်္ကြံလမ်းတွင် ဟယ်ရီနှင့်ပရော်ဖက်ဆာ မက်ဂွန်နာဂေါတို့နှစ်ယောက်တည်းသာ ကျန်ရစ်ခဲ့ကြတော့သည်။ ပရော်ဖက်ဆာ မက်ဂွန်နာဂေါက

"ကဲ. . . ဒီလမ်းအတိုင်းသွား ဟယ်ရီ"

"ပရော်ဖက်ဆာ. . . ကျွန်တော်ဘာမှမလုပ်. . ."

"ဒါ ငါဆုံးဖြတ်ရမယ့် ကိစ္စမဟုတ်ဘူး"

ဟု ပရော်ဖက်ဆာ မက်ဂွန်နာဂေါက တုံးတိတိပြောလိုက်၏။ သူတို့နှစ်ယောက်သား တိတ်ဆိတ်စွာဖြင့် လျှောက်လာကြပြီးနောက် စင်္ကြံထောင့်ချိုးတစ်ခုကို လွန်သောအခါတွင် ပရော်ဖက်ဆာ မက်ဂွန်နာဂေါက ကြီးမား၍ကြောက်စရာကောင်းသော ကျောက်တွင်းရုပ်လုံးတစ်ခုရှေ့၌ ရပ်လိုက်ပြီး

"ရှောက်ချိုပြား. . ."

ဟု စကားဝှက်ကိုအော်ပြောလိုက်သည်။

ကျောက်ရုပ်ကြီးသည် ရုတ်တရက်အသက်ဝင်လာပြီး ခြေတပေါင်ကျိုးခုန်ဆွခုန်ဆွဖြင့် ဘေးသို့ကပ်သွားရာ သူ့နောက်ဘက်တွင်ရှိသောနံရံက နှစ်ခြမ်းကွဲသွား၏။ နံရံနောက်ဘက်တွင်ကား ကြောင်လိမ်လှေကားတစ်ခုရှိပြီး အပေါ်ထပ်သို့ တက်သာညက်ညောစွာရွေ့လျားလျှက်ရှိနေသည်။ စက်လှေကားတစ်ခုအတိုင်းပင်။ ဟယ်ရီနှင့်ပရော်ဖက်ဆာ မက်ဂွန်နာဂေါတို့သည် လှေကားထစ်များပေါ်တက်ပြီး ရပ်လိုက်ကြသည်။ သူတို့နောက်ဘက်ရှိတံခါးပြန်ပိတ်သွားသံကိုလည်း ကြားလိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြ၏၊ လှေကားသယ်ဆောင်သည့်အတိုင်း တစ်ထပ်ပြီးတစ်ထပ်၊ တစ်ပတ်ပြီးတစ်ပတ်၊ ဝဲလှည့်မြင့်တက်လာခဲ့ကြရာ နောက်ဆုံးတွင်. . .။

ရှေ့တွင်ရှိသော ဝက်သစ်ချသားတံခါးဆီမှ အလင်းရောင်ကို ဟယ်ရီမြင်လိုက်ရသည်။ တံခါးခေါက်ရန် လက်ကိုင်ကွင်းနေရာတွင် ခြင်္သေ့ကိုယ်လင်းယုန်ငှက်ခေါင်းနှင့်တောင်ပံများပါရှိသည့် ဒဏ္ဍာရီလာသတ္တဝါတစ်ကောင်၏ ကြေးဝါရုပ်လုံးကို ထွင်းထုထားသည်။

သူ့ကိုဘယ်နေရာသို့ခေါ်လာမှန်း ဟယ်ရီသိလိုက်၏။ သည်နေရာသည် ပါမောက္ခကြီး ဒမ်ဘယ်ဒိုး၏ ရုံးခန်းပင်ဖြစ်ရပေမည်။

❑

# အခန်း (၁၂)

## ရုပ်ပြောင်းရုပ်လွှဲဆေးရည်

www.burmeseclassic.com

www.burmeseclassic.com



ကျောက်သားလှေကားထစ်များပေါ်မှ သူတို့ဆင်းလိုက်ကြသည်။ ပရော်ဖက်ဆာမက်ဂွန်နာဂေါက တံခါးကိုခေါက်လိုက်၏။ တံခါးကအသံမမြည်ဘဲ ပွင့်သွားသည်။ သူတို့အခန်းထဲသို့ဝင်လိုက်ကြ၏။ ပရော်ဖက်ဆာမက်ဂွန်နာဂေါက ဟယ်ရီအား စောင့်နေရန်မှာကြားခဲ့ပြီးနောက် တစ်ယောက်တည်းထားပစ်ခဲ့သည်။

ဟယ်ရီက အခန်းပတ်ပတ်လည်ကိုကြည့်လိုက်၏။ ဟယ်ရီ့စိတ်ထဲမှာ သေချာနေတာတစ်ခုတော့ရှိသည်။ ဆရာတိုင်း၏ အခန်းများကို ဟယ်ရီရောက်ဖူးပြီးသားဖြစ်သည်။ ယင်းတို့အနက်တွင်မှ သူယခုရောက်နေသော ပါမောက္ခကြီးဒမ်ဘယ်ဒိုး၏အခန်းက မနှိုင်းယှဉ်သာအောင် လွန်စွာမှပင်စိတ်ဝင်စားစရာကောင်းနေသေးသည်။ ဟယ်ရီသည် လောလောဆယ်ကျောင်းထုတ်ခံရမည့် ဘေးအန္တရာယ်ကိုမေ့လျော့ကာ အခန်းပတ်ပတ်လည် လိုက်ကြည့်နေရသည်ကို ကျေနပ်နေမိ၏။

အခန်းကကြီးမားလှသော စက်ဝိုင်းပုံသဏ္ဍာန်ရှိပြီး ရယ်စရာကောင်းသော အသံတိုးတိုးကလေးများ ဆူညံပြည့်နှက်နေသည်။ အလယ်တွင် ဖောင်းကား၍

www.burmeseclassic.com



အသက်အောက်နှစ်ဖက်ချွန်နေသည့် ပုံသဏ္ဌာန်ရှိသော ခြေထောက်များတပ်ဆင်ထားသည့်စားပွဲများပေါ်တွင် ထူးဆန်းသော ငွေထည်ပစ္စည်းကိရိယာအမြောက်အများတင်ထားသည်။ ထိုကိရိယာများသည် တဝီဝီခုတ်မောင်းလည်ပတ်နေကြပြီး မီးခိုးအဆုပ်အဆုပ်ကလေးများ မှုတ်ထုတ်နေကြ၏။ နံရံပေါ်တွင်ကား ဟော့ဝပ်ကျောင်းတော်ကြီးကို အစဉ်အဆက်အုပ်ချုပ်သွားခဲ့ကြသည့် ကျောင်းအုပ်ဆရာကြီးများ၊ ကျောင်းအုပ်ဆရာမကြီးများ၏ ပုံတူပန်းချီကားချပ်တို့ကို ချိတ်ဆွဲထား၏။ ကျောင်းအုပ်ကြီးများသည် ပန်းချီကားဘောင်ထဲတွင် တခူးခူးတခေါခေါဟောက်လျှက် တစ်ရေးတစ်မောအိပ်စက်နေကြလေပြီ။ အခန်းတစ်နေရာတွင် လွန်စွာမှကြီးမားသော စားပွဲတစ်လုံးလည်းရှိ၏။ ထိုစားပွဲနောက်ဘက်စင်ပေါ်တွင်ကား မှော်ဆရာများဆောင်းသော ဟောင်းနွမ်းစုတ်ဖွာနေသည့် ဦးထုပ်တစ်လုံးရှိလေသည်။ ထိုဦးထုပ်ကား အဆောင်ရွေးချယ်ပေးသောဦးထုပ်ကြီးပင်ဖြစ်လေသည်။

ဟယ်ရီခြေလှမ်းတွေ တုံ့သွား၏။ နံရံပေါ်ရှိပန်းချီကားများထဲမှ အိပ်မောကျနေသည့် မှော်ဆရာကြီးများကို သူတစ်ချက်မျက်လုံးဝေ့ကြည့်လိုက်သည်။ 'ငါဒီဦးထုပ်ကိုအခုတစ်ခါထပ်ပြီး ဆောင်းကြည့်မယ်ဆိုရင်တော့ ဘာမှမထိခိုက်နိုင်လောက်ပါဘူး' ဟု သူတွေးနေမိသည်။ အဆောင်ခွဲခြားပေးသည့် ဦးထုပ်ကြီးကား သူ့အားစလီသရင်အဆောင်သို့မပို့ဘဲ ဂရစ်ဖင်ဒေါအဆောင်သို့ ရွေးချယ်ပို့ဆောင်ပေးခဲ့ခြင်းမှာ မှန်ကန်သောရွေးချယ်မှုတစ်ခုဖြစ်ကြောင်း သေချာခိုင်မာစေချင်လှပါသည်။

သူသည် စားပွဲနားသို့ တိုးတိတ်ညင်သာစွာ လျှောက်သွားလိုက်ပြီး ဦးထုပ်ကိုစင်ပေါ်မှလှမ်းယူကာ သူ့ခေါင်းပေါ်ဖြည်းဖြည်းချင်း စွပ်ကြည့်လိုက်သည်။ ဦးထုပ်က ကြီးမားလွန်းနေသောကြောင့် သူ့မျက်လုံးများပေါ်သို့ ဖုံးအုပ်သွားသည်။ သူကျောင်းသို့ရောက်ခါစ ဆောင်းကြည့်တုန်းကလည်း ဒီအတိုင်းပင်။ ဟယ်ရီက



ညိုးမှောင်နေသော ဦးထုပ်အတွင်းသားကို ငေးစိုက်ကြည့်ရင်း စောင့်ဆိုင်းနေမိသည်။ ထို့နောက်တွင် သူ့နားရွက်ထဲ၌ အသံသေးသေးလေးတစ်သံကို စတင်ကြားရတော့သည်။

"ဩော်. . . ဟယ်ရီ၊ မင်းကငါ့ကို ဆောင်းထားတာကိုး. . ."

ဟု ဦးထုပ်က ပြောလိုက်၏။ ဟယ်ရီက

"အား. . . ဟုတ်ကဲ့၊ ခင်ဗျားကိုစိတ်အနှောက်အယှက်ပေးမိတာ ခွင့်လွှတ်ပါ၊ ကျွန်တော် မေးချင်တာရှိ. . ."

"မင်းကို တကယ်သင့်တော်မှန်ကန်တဲ့အဆောင်မှာ ငါနေရာချပေးခဲ့ရဲ့လားလို့ မင်းစဉ်းစားနေတာမဟုတ်လား၊ အင်း. . မင်းဟာ တကယ်ဆိုရင် နေရာရွေးရမယ့် ခက်ခက်ခဲခဲ တော်တော်ခက်တဲ့လူပဲ ဟယ်ရီရဲ့၊ စစချင်းမှာတောင် ငါပြောသေးတယ် မဟုတ်လား၊ မင်းသာ စလီသရင်အဆောင်မှာနေရမယ်ဆိုရင် တော်တော်အစွမ်းထက်ထက်မြက်မြက်လုပ်နိုင်မှာပါလို့. . ."

ဟယ်ရီ့နှလုံးသားတွေ တဆတ်ဆတ်တုန်လာ၏။ ဝမ်းနည်းယူကျုံးမရစွာဖြင့် ဦးထုပ်ကို ဆတ်ခနဲဖမ်းကိုင်ကာ ဆွဲချွတ်ပစ်လိုက်သည်။ ဦးထုပ်ကသူ့လက်ထဲတွင် ပျော့တွဲလောင်းပါလာ၏။ ဟယ်ရီက ကြေကွဲနာကျင်စွာ ခံစားရရင်း ဦးထုပ်ကို စင်ပေါ်ပြန်တင်ထားလိုက်သည်။ ဟယ်ရီက

"ခင်ဗျားပြောတာ မဟုတ်ဘူး၊ မဟုတ်ရဘူး"

ဟု အော်ဟစ်လိုက်သည်။ ဦးထုပ်ကတော့ ဘာမှပြန်မပြော။ တုတ်တုတ်မျှမလှုပ်၊ ဟယ်ရီက နောက်သို့ဆုတ်ပြီး ဦးထုပ်ကိုစိုက်ကြည့်နေလိုက်သည်။ အဲသည်အချိန်မှာပင် သူ့နောက်ဘက်ဆီမှ ထူးဆန်းသောအသံတစ်ခုကိုကြားလိုက်ရသောကြောင့် ကိုယ်ကိုတစ်ပတ်လှည့်ပြီးကြည့်လိုက်၏။ တံခါး၏နောက်ဘက်တွင် ရွှေရောင်တန်းမြင့်မြင့်တစ်ခုရှိ၏။ ထိုတန်းပေါ်တွင် အိုနာကျိုးကန်းပုံပေါက်နေသော

www.burmeseclassic.com

www.burmeseclassic.com



ငှက်တစ်ကောင်နားနေသည်။ အမွေးတွေကွက်တိကွက်ကျားကျွတ်နေသည့် ကြမ် ဆင်ကြီးတစ်ကောင်နှင့် တူနေလေသည်။ ဟယ်ရီက ထိုငှက်ကိုငေးစိုက်ကြည့်နေ၏။

ငှက်၏အမူအရာက သူ့ကိုပြန်၍ အန္တရာယ်ပြုမည့်ပုံမျိုးထူးဆန်းသည် ကျိုကျို တျာတျာအသံတစ်မျိုးဖြင့် အော်နေပြန်သည်။ ငှက်၏မျက်လုံးများမှာ လေးလံထိုင်းမှိုင်းလျှက် . . .။

'ဒီငှက်ကိုကြည့်ရတာ တော်တော်နေမကောင်းဖြစ်နေတဲ့ပုံပဲ' ဟု ဟယ်ရီ တွေးလိုက်၏။ သူကြည့်နေစဉ်မှာပင် ငှက်၏အမြီးတွင် ပေါက်နေသည့်အမွေ အတောင်အချို့ကျွတ်ကျသွားပြန်သည်။

ဟယ်ရီက ထိတ်လန့်တကြားတွေးနေမိသည်။ ဟောဒီရုံးခန်းထဲမှာ ငါတ ယောက်တည်းရှိနေတုန်းအချိန်မှာ ဒမ်ဘယ်ဒိုးရဲ့ငှက်က သေသွားရင်တော့ ပြဿ နာပဲ. .။ အဲသည်အချိန်မှာပင် ဝုန်းခနဲမြည်ဟိန်းသံနှင့်အတူ ငှက်တစ်ကောင် လုံးသည် မီးတောက်အဖြစ်သို့ အသွင်ပြောင်းသွားသည်။

ဟယ်ရီက ကြောက်လန့်စွာဖြင့် အော်ဟစ်လိုက်ရင်း နောက်သို့ခုန်ဆုတ်လိုက် သည်။ မီးငြိမ်းသတ်ရန် ရေတစ်ခွက်လောက် တွေ့လိုတွေ့ငြား အခန်းထဲတွင် ရှာ ကြည့်သော်လည်း လုံးဝမတွေ့။ အချိန်နှင့်အမျှ ငှက်ကလည်း မီးလုံးကြီးတစ်လုံး အဖြစ်သို့ အသွင်ပြောင်းလာနေပြီဖြစ်၏။ ခဏအကြာတွင် စီခနဲကျယ်လောင်စွာ မြည်ဟိန်းသွားပြီး ကြမ်းပြင်ပေါ်တွင် တငွေ့ငွေ့လောင်ကျွမ်းနေသည့်ပြာပုံကလေး မှတစ်ပါး ဘာမှမကျန်ရစ်ခဲ့ပေ။ ထိုအချိန်တွင် ရုံးခန်းတံခါးပွင့်သွားပြီး ဒမ်ဘယ်ဒို ဝင်လာ၏။ သူ့ကိုကြည့်ရသည်မှာ စိတ်မရွှင်လန်းသည့်ပုံပေါက်နေ၏။ ဟယ်ရီက အထစ်ထစ်အငေါ့ငေါ့ဖြင့်



"ပါမောက္ခကြီးရဲ့ငှက်ကိုလေ ကျွန်တော်. . . ကျွန်တော် ဘာမှမလုပ်ရပါဘူး။ သူ့ဖာသာသူ မီးလောင်ပြီး. . . "

ဒမ်ဘယ်ဒိုးက အေးအေးဆေးဆေးပင် ပြုံးလိုက်ရာ ဟယ်ရီအံ့အားသင့်သွား ၏။ ဒမ်ဘယ်ဒိုးက -

" 'ဖော်ကီ' က မီးလျှံငှက်(ဖီးနစ်ငှက်)လေ ဟယ်ရီရဲ့၊ ဒီလိုငှက်မျိုးတွေဟာ သူတို့သေဆုံးရမယ့်အချိန်ရောက်လာရင် မီးတောက်မီးလျှံအဖြစ်ပေါက်ကွဲအသွင် ပြောင်းသွားကြတယ်။ ပြီးတော့မှ ပြာပုံထဲကနေ အသစ်တစ်ဖန်မွေးဖွားလာတာ။ ဟော ကြည့်လေ. . . "

ဟယ်ရီက ငုံ့ကြည့်လိုက်သည့်အခါ ပြာပုံထဲမှနေ၍ အရေပြားများတွန့်လိမ် နေသည့် ငှက်ပေါက်စတစ်ကောင်၏ ဦးခေါင်းသေးသေးကလေး တိုးထွက်လာနေ သည်ကို တွေ့လိုက်ရ၏။ ငှက်ပေါက်စနကလေးမှာ အသည်းယားစရာကောင်း လောက်အောင်ပင် အရုပ်ဆိုးလှသည်။ ဒမ်ဘယ်ဒိုးက စာရေးစားပွဲနောက်မှခုံကို ဝင်ထိုင်လိုက်ရင်း

"ဒီငှက်ကို မီးသင့်တဲ့နေ့ကျမှ မင်းမြင်ရတာတော့ အတော်ဆိုးသကွာ။ ခါတိုင်းအချိန်တွေမှာဆိုရင် သူ့အမွေးအတောင်တွေက ရွှေရောင်၊ အနီရောင် တောက်လို့ အံ့ဩဘနန်းလှတာကွ။ မီးလျှံငှက်ဆိုတာ အံ့ဖွယ်ရတနာတစ်ပါးပါပဲ ဟယ်ရီရာ၊ မီးလျှံငှက်တွေဟာ သစ္စာအရှိဆုံး အိမ်မွေးသတ္တဝါတွေဖြစ်ကြတယ်။ ဘယ်လောက်ပဲလေးလံတဲ့ ဝန်ထုပ်ဝန်ပိုးဖြစ်ပါစေ သူတို့သယ်ဆောင်ပျံသန်းနိုင်စွမ်း ရှိကြတယ်။ နောက်ပြီးတော့ သူတို့ရဲ့မျက်ရည်ဟာ ဘယ်လိုဒဏ်ရာမျိုးကိုမဆို ပျောက်ကင်းစေနိုင်တယ်ကွ"

ဖော်ကီမီးသင့်လောင်ကျွမ်းပုံကိုကြည့်ပြီး ထိတ်လန့်တုန်လှုပ်နေရသော ကြောင့် ဟယ်ရီမှာလာရင်းကိစ္စကိုပင် မေ့သွားသည်။ ယခုရာတွင် ဒမ်ဘယ်ဒိုးက

www.burmeseclassic.com

www.burmeseclassic.com



စားပွဲနောက်ဘက်ရှိ နောက်မှီမြင့်မြင့်နှင့်ကုလားထိုင်တွင်ဝင်ထိုင်ပြီး ဟယ်ရီ့တစ်ကိုယ်လုံးကို ထွင်းဖောက်သွားမတတ်အကြည့်ဖြင့် စိုက်ကြည့်နေစဉ် ဟယ်ရီမှာ သူဘာကြောင့်သည်နေရာသို့ ရောက်လာရကြောင်းကို ပြန်အမှတ်ရသွားသည်။

ဒမ်ဘယ်ဒိုးက စကားတစ်လုံးမျှ စမပြောရသေးခင်မှာပင် ရုံးခန်းတံခါးက သွေးပျက်ကြောက်မက်ဖွယ်ကောင်းအောင် ဒုန်းခနဲပွင့်သွားပြီး ဟက်ဂရစ်ကဝုန်းဒိုင်းကြဲ၍ဝင်လာ၏။ ဟက်ဂရစ်၏မျက်လုံးများက ခက်ထန်ကြမ်းတမ်းနေကြပြီး သူ၏သိုးမွေးနှင်းကာမှာ ရှုပ်ထွေးထူထပ်သောဆံပင်များ၏ အထက်သို့လန်တက်နေသည်။ ကြက်သေကတော့ သူ့လက်ထဲတွင် လွှဲရမ်းလျက်ပင်ရှိနေသေး၏။

"ဒါ ဟယ်ရီလုပ်တာမဖြစ်နိုင်ဘူး. . ပါမောက္ခကြီးဒမ်ဘယ်ဒိုး၊ အခင်းမဖြစ်ပွားခင်လက်မတင်လေးပဲ သူနဲ့ကျွန်တော် စကားရပ်ပြောနေကြသေးတယ်။ ဟယ်ရီသည်ကိစ္စကိုလုပ်ဖို့အချိန်တောင် ရမှာမဟုတ်ဘူး"

ဟု ဟက်ဂရစ်က အမောတကောပြောလိုက်သည်။

ဒမ်ဘယ်ဒိုးက တစ်စုံတစ်ခုကို ပြန်ပြောရန်ကြိုးစားသေး၏။ သို့ရာတွင် ဟက်ဂရစ်က ကြက်ဖအသေကိုစိတ်လှုပ်ရှားစွာဝှေ့ယမ်းကာ အားနှင့်မာန်နှင့်စကားဆက်ပြောနေသည်။ ကြက်အမွေးများက နေရာအနှံ့အပြားသို့ လွင့်စင်ကျကုန်ကြသည်။

"လက်သည်တရားခံဟာ ဟယ်ရီမဖြစ်နိုင်ဘူး၊ တကယ်လို့ လိုအပ်လာရင် မှော်ဝန်ကြီးဌာနရဲ့ ရှေ့မှောက်မှာ ကျွန်တော်ကျမ်းကျိန်ပြီးသက်သေခံပါ့မယ်"

"ဟက်ဂရစ်. . . ငါ. . ."

"ပါမောက္ခကြီး လူမှားနေပြီနော်. . . ဟယ်ရီက ဒီလိုဘယ်တော့မှမလုပ်မှန်း ကျွန်တော်သိ. . ."



"ဟက်ဂရစ် ! . . . ရန်မူတိုက်ခိုက်နေတဲ့မိစ္ဆာကောင်ဟာ ဟယ်ရီလို့ ငါ မယူဆထားပါဘူး"

ဒမ်ဘယ်ဒိုးက ကျယ်လောင်စွာအော်ပြောလိုက်၏။ ဟက်ဂရစ်လက်ထဲမှ ကြက်သေလွှတ်ကျသွားသည်။ ဟက်ဂရစ်က

"သြော်. . . ဟုတ်. . . ဟုတ်ကဲ့။ ဒါဆိုလည်းကျွန်တော် ရုံးခန်းအပြင်မှာပဲ စောင့်နေတော့မယ်နော် ပါမောက္ခကြီး"

ဟု ပြောလိုက်သည်။

သူ့ကိုကြည့်ရသည်မှာ မိကျောင်းမင်းရေခင်းပြမိသဖြင့် ရှက်သွားပုံရသည်။ ဒမ်ဘယ်ဒိုးက သူ့စာရေးစားပွဲပေါ်မှ ကြက်မွေးများကို လှည်းကျင်းသုတ်သင်နေစဉ် ဟယ်ရီက မျှော်လင့်တကြီးဖြင့်

"ဒါဆို ကျွန်တော့်လက်ချက်လို့ ဆရာကြီးမထင်ဘူးပေါ့နော်"

"မထင်ပါဘူးဟယ်ရီ. . . ငါမထင်ပါဘူး"

ထိုသို့ပြောရင်းကမှ ပါမောက္ခကြီး၏မျက်နှာသည် တစ်ဖန်ပြန်၍ မှိုင်းမှိုင်းမှုန်မှုန်ရှိသွားပြန်လေသည်။ ထို့နောက်သူကဆက်၍

"ဒါပေမယ့် မင်းကိုတော့ ငါစကားပြောဦးမှဖြစ်မယ် ဟယ်ရီ"

ဟယ်ရီပေါ်တာက ပါမောက္ခကြီးပြောလာမည့်စကားကို တုန်လှုပ်ချောက်ချားစွာစောင့်စားနေ၏။ ပါမောက္ခကြီးက

"ငါမင်းကိုမေးရဦးမယ်ဟယ်ရီ၊ မင်းအနေနဲ့ ငါ့ကိုပြောချင်နေတဲ့အကြောင်းအရာတစ်ခုခုများရှိသလား၊ ဘာအကြောင်းအရာပဲဖြစ်ဖြစ်ပေါ့ကွာ၊ တစ်ခုခုပေါ့"

ဟယ်ရီဘာပြောရမည်မှန်းမသိဖြစ်နေ၏။ မယ်ဖွိုင်း၏

'နောက်တစ်ခါဆို မင်းတို့အလှည့်ပဲ၊ မျိုးမစစ်ကောင်တွေ' ဟု ကြုံးဝါးလိုက်သည့်စကားအကြောင်းကို ပြောရမည်လား၊ ငိုချင်းသည်သရဲမ မာရတယ်မ္မရှာ

www.burmeseclassic.com

www.burmeseclassic.com



အိမ်သာခန်းအတွင်း မီးခွေးခွေးဖြင့်နှပ်ထားသော သူတို့၏ရုပ်ပြောင်းရုပ်လွှဲဆေး ရည်အကြောင်းကိုပြောရလျှင်ကောင်းမလား။ သို့တည်းမဟုတ် သူနှစ်ကြိမ်တိတိ ကြားခဲ့ရသော မည်သူမည်ဝါကပြောနေမှန်းမသိရသည့်အသံနက်ကြီးအကြောင်း ကို ပြောပြလျှင်ကောင်းမည်လား။ တစ်ချိန်တည်းမှာပင် ရွန်ကသူ့ကိုသတိပေးခဲ့ ဖူးသော 'မင်းကလွဲပြီး ဘယ်သူမှမကြားရတဲ့အသံကို တစ်ယောက်တည်းကြားနေ ရတယ်ဆိုတာ ကောင်းတဲ့လက္ခဏာတော့မဟုတ်ဘူး' ဟူသည့် စကားကိုလည်း ပြန်သတိရလာ၏။ ကဲ. . သူဘာကို ပြောပြရမလဲ။ လူတိုင်းက သူ့အကြောင်း တီးတိုးတီးတိုးသဖန်းပိုးလုပ်နေသည့်အကြောင်းကိုလား။ စလီသရင်ကျောင်းဆောင် ၏ ဖခင်ကြီးဆလာဇာစလီသရင်သည် သူနှင့်တစ်နည်း နည်းဆက်စပ်နေမည်လား ဟုတွေးကာ ကြောက်ရွံ့နေမိသည့်အကြောင်းကိုလား။

နောက်ဆုံးတွင် ဟယ်ရီ ပြောချလိုက်သည်။

"မရှိပါဘူး ပါမောက္ခကြီး၊ ဘာမှပြောစရာမရှိပါဘူး"

ဂျပ်စတင်နှင့် ခေါင်းပြတ်ခါနီးနစ်တို့နှစ်ယောက် ပြိုင်တူတိုက်ခိုက်ခံရသော ကိစ္စသည် ပထမတွင် ကြောက်ရွံ့တုန်လှုပ်ဖွယ်ကိစ္စတစ်ခုသက်သက်မှ တစ်ဖြည်း ဖြည်းနှင့် နာကျင်ကြေကွဲဖွယ်ရာအဖြစ်သို့ ပြောင်းလဲလာသည်။ အားလုံးတ တစ္ဆေကြီးနစ်၏ ကံကြမ္မာအတွက် အစိုးရိမ်အကြောင့်ကျဆုံးဖြစ်နေကြ၏။ တစ္ဆေ တစ်ကောင်ကို ဘယ်လိုကုသပေးနိုင်မှာလဲဟု အချင်းချင်းမေးခွန်းတွေ ထုတ်နေကြ သည်။ သေပြီးသားလူ (တစ္ဆေ)ကိုပင် ထိခိုက်နာကျင်အောင် လုပ်နိုင်သောတန်ခိုး



ကားသည် ကြောက်ခမန်းလိလိပင်မဟုတ်ပါလား။ ကျောင်းသားတွေအားလုံး ခရစ်စမတ်ကျောင်းပိတ်ရက်အတွင်းအိမ်သို့ပြန်နိုင်ရန် ဟော့ဝပ်အမြန်ရထား မှတ်များကို အစုလိုက်အပြုံလိုက် ကမူးရှူးထိုးဖြင့် ကြိုတင်ဝယ်ယူနေကြသည်။

"အင်း. . . ဒီအတိုင်းဆိုရင်တော့ ခရစ်စမတ်ကျောင်းပိတ်ရက်မှာ ငါတို့ချည်း ကျန်ခဲ့တော့မယ်နဲ့တူတယ်"

ဟု ရွန်က ဟယ်ရီနှင့် ဟာမီယွန်တို့ကို ပြောလိုက်သည်။

"ငါတို့သုံးယောက်ရယ်၊ မယ်ဖွိုင်းရယ်၊ ခရစ်ဘီနဲ့ ဂွိုင်လီရယ်၊ ကဲ. . ကြည့် ဘယ်လောက်ပျော်စရာကောင်းတဲ့ကျောင်းပိတ်ရက်ဖြစ်လိုက်မလဲလို့"

ခရက်ဘီနှင့် ဂွိုင်လီတို့သည် မယ်ဖွိုင်းလုပ်သမျှ လိုက်လုပ်နေကြသူများဖြစ် ရာ ခရစ်စမတ်ကျောင်းပိတ်ရက်အတွင်း မယ်ဖွိုင်းနှင့်အတူ ကျောင်းမှာနေရစ် ဖြတ်ခဲ့ကြ၏။ ဟယ်ရီကတော့ ကျောင်းသားအများစု အိမ်ပြန်သွားခြင်းကြောင့် မြောက်ဝမ်းသာဖြစ်နေသည်။ အဘယ့်ကြောင့်ဆိုသော် သူလူတွေကိုငြီးငွေ့လှ ကျောင်းစင်္ကြံနံတွင် ဆုံမိတိုင်းသူ့ကိုအစွယ်ပေါက်နေသလိုလို အဆိပ်ရှိသည့် ဝါတစ်ကောင်လို ရှောင်ကွင်းသွားကြသူများ၊ သူ့နောက်ကျောကိုကြည့်ရင်း သံသဲ့သဲ့ဖြင့် အတင်းပြောလျှက် ကျန်ရစ်တတ်ကြသူများကို သူစိတ်ကုန်လှပါ

ရွန်၏အမွှာအစ်ကိုနှစ်ယောက်ဖြစ်သော ဖရက်နှင့် ဂျော့တို့ကတော့ ဟယ်ရီ ပေါ် အားလုံးက ထိုသို့သဘောထားနေကြသည့်ကိစ္စကိုပင် ဟာသလုပ်၍ င်းနေကြ၏။ ဟယ်ရီစင်္ကြံပေါ် ဆင်းပြီဆိုသည်နှင့်တစ်ပြိုင်နက် သူတို့နှစ် တ်က ဟယ်ရီ၏ရှေ့မှ ဘုရင့်တမန်တော်ကြီးများသဖွယ် ရင်ကော့ချီတက်သွား

www.burmeseclassic.com

www.burmeseclassic.com



"လမ်းဖယ်ကြ၊ စလီသရင်ရဲ့ မိစ္ဆာအမွေခံတော်ဘုရားကြီး ကြွချီလာပြီ၊ လမ်း ဖယ်ကြစမ်း၊ နှယ်နှယ်ရရမိစ္ဆာကောင်ကြီးမှတ်သလား. . ."

ဟု မျက်နှာပြောင်လျှက် အော်ဟစ်သွားတတ်ကြ၏။

သူတို့၏အစ်ကို အကြီးဆုံးပါစီကတော့ ထိုသို့နောက်ပြောင်သည်ကို လုံး မကြိုက်။ ပါစီက လေးနက်သည်။ အေးစက်သည့်လေသံဖြင့်

"ဒါ နောက်စရာပြောင်စရာ ကိစ္စမဟုတ်ဘူးကွ"

ဖရက်က

"လမ်းမြန်မြန်ဖယ်လေပါစီ၊ ဟယ်ရီ. . . ဒီမှာ၊ ဟယ်ရီအရေးတကြီးလမ်း ကြောင်းရှိတယ်"

ဂျော့ကလည်း

"ဟုတ်တယ်၊ အရေးကြီးတယ်၊ သူခုချက်ချင်း မိစ္ဆာခန်းဆောင်ရဲ့ တံခါး သွားဖွင့်မှဖြစ်မယ်၊ အဲဒီမှာသူ့ရဲ့ မိစ္ဆာလက်ပါးစေနဲ့လက်ဖက်ရည်သောက်ဖို့ချိန်း ထားလို့"

ရွှန်တို့မောင်နှမတွေ၏ အငယ်ဆုံးညီမလေးဂျင်းနီကတော့ ထိုကိစ္စ ရယ်စရာဟု မထင်နိုင်ရှာပေ။ သူမ၏အစ်ကို လူနောက်လူပြောင် ဖရက်ကဟယ် အား

"မိစ္ဆာအရှင်ကြီးခင်ဗျား၊ နောက်တစ်ခေါက်ကျရင် ဘယ်သူ့ကိုတိုက်ခိုက် ရည်ရွယ်ထားပါသလဲ"

ဟု လှုပ်တစ်ပြက် အင်တာဗျူးလုပ်သည့်အခါများတွင် ဂျင်းနီက ဝမ်းပန်း နည်း ငိုမိလေ့ရှိသည်။ ထိုမျှမကသေး ဂျော့က ဟယ်ရီနှင့်ဆုံသည့်အခါ (မကောင်း ဆိုးဝါးရန်မှကာကွယ်ရန်) ကြက်သွန်ဖြူဆောင်ထားရသလိုမျိုး ဟာသလုပ်လျှင် လည်း ဂျင်းနီခမျာ မျက်ရည်ပေါက်ပေါက်ကျရှာသည်။ ဟယ်ရီကတော့ ဂျော့နှင့်



ဖရက်တို့ကို စိတ်မဆိုးပေ။ အမှန်ဆိုရလျှင် အဲသည်အမွှာနှစ်ယောက်၏ နောက် ပြောင်မှုကြောင့်ပင် 'စလီသရင်၏ မိစ္ဆာအမွေခံ' ဟူသောကိစ္စမှာ အူကြောင် ကြောင်အချက်တစ်ချက်လို ပေါ့ပေါ့ပါးပါးအောက်မေ့နေရခြင်းဖြစ်လေသည်။

သို့ရာတွင် ထိုအမွှာညီနောင်၏ ရွတ်နောက်နောက် ပြောင်ချော်ချော် စကား များက ဒရက်ကိုမယ်ဖွိုင်း၏ဒေါသကို မီးလောင်ရာလေပင့်သလိုဖြစ်နေ၏။ မိစ္ဆာ အမွေခံနှင့် ပတ်သက်ပြီး ထိုအမွှာညီနောင်က ပြောင်ချော်ချော်လုပ်နေသည်တို့ တွေ့ရသည့်အခါတိုင်း မယ်ဖွိုင်း၏စိတ်ထဲတွင် သူတို့ကိုပို၍ပို၍ ဒေါသဖြစ်လာ ၏။ ရွှန်ကတော့

"အဲဒါဘာဖြစ်လို့လဲသိလား၊ မိစ္ဆာအမွေခံဟာ သူကိုယ်တိုင်ပါပဲလို့ ထုတ်ပြော လိုက်ချင်တဲ့စိတ်တွေ မယ်ဖွိုင်းမှာ ဖုံးမရဖိမရဖြစ်နေလို့ပေါ့"

"သူမင်းသားခေါင်းဆောင်းထားတဲ့ ဘီလူးရုပ်ကွာကျဖို့ အချိန်မလေးတော့ပါ ဘူး၊ ငါတို့ ရုပ်ပြောင်းရုပ်လွှဲဆေးရည်ဖော်တာလည်း ပြီးတော့မှာပဲဥစ္စာ၊ အဲဒီအခါ ကျရင် အမှန်တရားကို ငါတို့ဘွားဘွားကြီး တွေ့ရတော့မှာပေါ့"

ဟု ဟာမီယွန်က ပိုင်နိုင်ကျေနပ်စွာ ပြောလိုက်သည်။

●

ကျောင်းပိတ်ရက်ရှည်ပေးလိုက်သောအခါ ရဲတိုက်ကြီးပေါ်ကျနေသည့် နှင်း များလိုတိတ်ဆိတ်နက်ရှိုင်းမှုသာ ကျန်ရစ်ခဲ့တော့သည်။ ဟယ်ရီကတော့ ထိုသို့တိတ် ဆိတ်နေခြင်းကို ငြီးငွေ့ထိုင်းမှိုင်းစရာဟုမမြင်။ ငြိမ်းချမ်းမှုကိုသာခံစားရသည်။ သူ ဟာမီယွန်နှင့်ရွှန်တို့ညီအစ်ကိုမောင်နှမတစ်စုတို့သည် ဂရစ်ဖင်ဒေါကျောင်း

www.burmeseclassic.com



ဆောင်ကြီးတစ်လျှောက်ပြေးလွှားရင်း မီးရှူးပျောက်အိုးများဖောက်ကာ ကစားကြသည်။ နှစ်ယောက်တစ်တွဲတိုက်ခိုက်ရင်း ကိုယ်ခံပညာများလေ့ကျင့်ကြသည်။

ဖရက်၊ ဂျော့နှင့်ညီမလေးဖြစ်သူ ဂျင်နီတို့က သူတို့အဖေ၊ အမေများနှင့်အတူ ဘီလ်ရှိရာ အီဂျစ်ပြည်သို့ အလည်အပတ်လိုက်မသွားဘဲ ကျောင်းမှာပင်နေရစ်ခဲ့ကြ၏။ ကျောင်းသားအကြီးအကဲဖြစ်နေသူ အစ်ကိုကြီးပါစီကမူ သူတို့ဆော့ကစားနေကြသည်များကို ကလေးဆန်သည်ဟု ရှုံ့ချလျှက်နားနေခန်းထဲသို့ လာလေ့မရှိ။ သူ့အနေဖြင့် ကျောင်းတွင်နေရသောရည်ရွယ်ချက်မှာ ခရစ်စမတ်ကျောင်းပိတ်ရက်အတွင်း ဆရာ၊ ဆရာမများကို ကူညီလုပ်ကိုင်ပေးခြင်းဖြင့် ကျောင်းသားအကြီးအကဲတစ်ယောက်၏တာဝန်ကို ထမ်းဆောင်ရန်သာဖြစ်သည်ဟု ခမ်းနားကြီးကျယ်စွာ လေတစ်လုံးမိုးတစ်လုံးပြောလေ့ရှိသည်။

ခရစ်စမတ်နံနက်ခင်း အရုဏ်ဦးသည် အေးမြဖြူဆွတ်နေလေသည်။ ဟာမီယွန်က ဟယ်ရီနှင့် ရွန်တို့ကိုစောစောစီးစီးလာနှိုး၏။ သူမသည် အပျံစားဝတ်စားထားပြီး လက်ထဲတွင်သူတို့အတွက် လက်ဆောင်များကိုလည်း သယ်ဆောင်လာသည်။

"အိပ်ရာထကြတော့. . . "

ပြတင်းပေါက် ခန်းဆီးလိုက်ကာများကို ဆွဲဖွင့်ရင်း သူမကအော်ပြောလိုက်သည်။ ရွန်ကတော့ သူ့မျက်လုံးပေါ်ထိုးကျလာသည့် အလင်းရောင်ကိုလက်ဖြင့်ကွယ်ပြီး

"ဟာမီယွန်. . . နင်ကလည်းဟာ. . ဘာလာလုပ်ရပြန်တာလဲ"

ဟု အိပ်ချင်မူးတူးပြောလိုက်၏။

ဟာမီယွန်က သူ့အတွက်လက်ဆောင်ပစ္စည်းထုတ်ကို ပစ်ပေးလိုက်ရင်း

"ပျော်ရွှင်ဖွယ်ခရစ်စမတ်ဖြစ်ပါစေ၊ ငါနိုးနေတာ တစ်နာရီလောက်ရှိနေပြီ



ပြောင်းရုပ်လွှဲဆေးရည်ထဲကိုတောင် သန်းအတောင်ပံတွေသွားထပ်ထည့်လိုက်တယ်။ အခုဆိုရင် ဆေးရည်ကသောက်လို့ရနေပြီ၊ အဆင်သင့်ပဲ"

ဟယ်ရီက ဆတ်ခနဲ မျက်လုံးများကျယ်သွားပြီး ကုတင်ပေါ်ထထိုင်လိုက်၏။

"နင် သေချာလား. . . "

"ဟ. . . တစ်ကယ်ပြောတာပေါ့"

ဟာမီယွန်က ပြောပြောဆိုဆိုနှင့် ရွန်၏ကြွက်ကလေးစကက်ဘာကို တွန်းပြီးဝင်ထိုင်လိုက်၏။ ထို့နောက်သူမက

"ငါတို့ အဲဒီဆေးရည်ကိုသောက်မယ်ဆိုရင် ဒီညမဲလုပ်လိုက်တာကောင်းမယ်"

ထိုသို့ပြောနေစဉ်မှာပင် ဟယ်ရီ၏ ဇီးကွက်မလေးဟက်ဝစ်က နှုတ်သီးကြား အထုပ်ပိစိကွေးလေးတစ်ထုပ်ကို ကိုက်ချီလျှက် အခန်းတွင်းသို့ပျံဝဲထိုးဆင်းလာ၏။ ဇီးကွက်မလေး သူ့အိပ်ရာပေါ်လာနားသည်ကို တွေ့လိုက်ရသောအခါ ဟယ်ရီ သွားပြီး

"ဟယ်လို. . . မင်းငါ့ကိုစိတ်ကောက်ပြေသွားပြီလား. . . "

ဇီးကွက်မလေးက ဟယ်ရီ၏နားရွက်ကို နှုတ်သီးဖြင့် မနာကျင်အောင် ခပ်ဖွဖွ ကိုက်လိုက်သည်။ ထိုအပြုအမူသည် ဟယ်ရီအတွက်တော့သူ့နှုတ်သီးဖြင့် ချီလာသည့်လက်ဆောင်ထက်ပင် ပို၍နှစ်သက်ဖွယ်ကောင်းနေသေးတော့သည်။

လက်ဆောင်အထုပ်ကလေးမှာ ဒါစလေမိသားစုထံမှဖြစ်ပြီး ဖွင့်ကြည့်လိုက်သောအခါ အထဲတွင်သွားကြားထိုးတံတစ်ချောင်းပါရှိသည်ကိုတွေ့ရ၏။ ထို့ပြင် စာလေးတစ်စောင်လေးပါသေးသည်။ ထိုစာမှာ ဟယ်ရီကိုဖြစ်နိုင်ရင် နွေရာသီကျောင်းပိတ်ရက်ကျရင်လည်း ကျောင်းမှာပဲနေလိုက်ပါလားဟု တိုက်တွန်းထားခြင်းဖြစ်၏၊

www.burmeseclassic.com

www.burmeseclassic.com



ထိုလက်ဆောင်တစ်ခုမှတစ်ပါး အခြားသောလက်ဆောင်များမှာမူ ဟယ် အတွက်နှစ်သက်စရာတွေချည်းပင်ဖြစ်၏။ ဟက်ဂရစ်၏လက်ဆောင်မှာ သ ရည်တော်ဖိအပျော့စားသံဘူးကြီးတစ်လုံး။ အပျော့စားဟုဆိုသော်လည်း မစား မှာ မီးနဲ့တော်တော်မြိုက်ရဦးမယ်ဟု ဟယ်ရီ တွေးလိုက်၏။ ရွန်ကတော့ သူ 'အမြောက်ဆံများနှင့်ပျံသန်းခြင်း' ဟု အမည်ရသည့် စာအုပ်တစ်အုပ်လ ဆောင်ပေးသည်။ ဟယ်ရီအကြိုက်ဆုံးကွစ်ဒစ်အသင်းအကြောင်းရေးထားသည့် အုပ်ဖြစ်၏။ ဟာမီယွန်ကတော့ လင်းယုန်ငှက်မွေးကလောင်တံတစ်ချောင်းဝယ် သည်။ ဟယ်ရီက သူ၏နောက်ဆုံးလက်ဆောင်ထုပ်ကိုဖွင့်လိုက်၏။ ရွန်တို့၏အ မစ္စစ်ဝီစလေထံမှဖြစ်သည်။ ထုံးစံအတိုင်း ဇီးသီးကိတ်မုန့်တစ်လုံးနှင့် ခေါင်းစွပ်ဆွ တာအင်္ကျီတစ်ထည်။

မစ္စစ်ဝီစလေ၏ ခရစ်စမတ်ဆုတောင်းကတ်ပြားကို ကောက်ယူကြည့်ရ ဟယ်ရီ့စိတ်ထဲတွင် အရင်က သူ့အပြစ်ဟောင်းတွေကို အသစ်ပြန်နိုးဆွသတိရ သလိုခံစားလိုက်ရ၏။ သူနှင့်ရွန်တို့သည် မစ္စတာဝီစလေ၏ မော်တော်ကား အခွင့်မရှိဘဲ ယူမောင်းပျံသန်းပြီး စည်းကမ်းချိုးဖောက်ခဲ့ကြသည်မဟုတ်ပါလာ ထိုကားမှာလည်း သူတို့နှစ်ယောက်သား မိုးမခပင်ကြီးကို ဝင်တိုက်လိုက်ပြီးနော ပိန်လိန်ပျက်စီးလျက် ထွက်ပြေးပျောက်ကွယ်သွားခဲ့သည်။ ယခုဆိုလျှင် ဘယ် ဘယ်ဝယ်ရောက်နေမှန်းပင်မသိတော့။

'အင်း. . . အခုလည်း ငါနဲ့ရွန်တို့နောက်ထပ် ကျောင်းစည်းကမ်းတစ်ခု မကြာခင်မှာချိုးဖောက်ရဦးတော့မှာပါလား' ဟု ဟယ်ရီစိတ်မသက်သာစွာတွေ သည်။



နောက်မကြာလှသော နာရီပိုင်းအတွင်း ရုပ်ပြောင်းရုပ်လွှဲဆေးရည်ကို သောက်ရတော့မည်ဟူသည့်အသိဖြင့် ကြောက်လန့်စိုးရွံ့နေသည့်တိုင် ဟော့ဝပ် ကျောင်းတော်ကြီး၏ ခရစ်စမတ်ညစာစားပွဲကားပါဝင်ပျော်ရွှင်ခြင်း မပြုဘဲမနေနိုင် လောက်အောင်ပင်။

ခန်းမကြီးတစ်ခုလုံးကို ကြီးကျယ်ခမ်းနားစွာ ဆင်ယင်ထား၏။ ခရစ်စမတ် သစ်ပင်များပေါ်တွင် အဖြူရောင်နှင်းဖတ်တွေ ကပ်တင်နေပြီး မှော်ပညာဖြင့် မန်း မှုတ်ထားသော နှင်းပွင့်ကလေးများကလည်း နွေးထွေးခြောက်သွေ့စွာဖြင့် မျက်နှာ ကျက်ဆီမှ တစ်ဖွဲဖွဲကျဆင်းနေကြ၏။ ပါမောက္ခကြီးဒမ်ဘယ်ဒိုးက ဦးဆောင်၍ ခရစ်စမတ်သီချင်းကိုဆိုသည်။ ဟက်ဂရစ်၏ ဝိုင်ကလပ်ခွက်ကို မြှောက်၍ ဆုတောင်းသံကလည်း တစ်ခွက်ထက်တစ်ခွက် အသံပိုကျယ်လာ၏။

ပါစီကတော့ သူချိတ်ဆွဲထားသော အကြီးအကဲတံဆိပ်ပြားကို ဖရက်နှင့်ဂျော့ တို့က နောက်ပြောင်၍ မန်းမှုတ်ကျိန်ဆယ်ထားသည်ကို သတိမထားမိ။ အမှာနှစ် ကောင်၏လက်ချက်ဖြင့် 'အကြီးအကဲ (Prefect)' ဟူသော စာတန်းမှာ 'ဖြုတ် ဦးနှောက် (Pinhead)' အဖြစ်သို့ အသွင်ပြောင်းနေ၏။

ဟယ်ရီကတော့ သူ့ခေါင်းစွပ်ဆွယ်တာအသစ်ကိုလှမ်းပြီး သရော်နေသည့် မယ်ဖွိုင်း၏ပုဆိုးခြုံထဲက လက်သီးပြသံကိုပင် သတိမထားမိ။ ကံကောင်းအကြောင်း သင့်လျှင်ဖြင့် နောက်နာရီအနည်းငယ်အတွင်း မယ်ဖွိုင်းသည် ဟယ်ရီ့ရုပ်ပြောင်း အသွင်သစ်ကို မိတ်ဆွေလုပ်ရတော့မည်မဟုတ်ပါလား။

ဟယ်ရီနှင့်ရွန်တို့ ခရစ်စမတ်ပူတင်းကို သုံးချိသုံးလားစားသောက်နေစဉ်မှာ ပင် ဟာမီယွန်က သူတို့ကိုလက်တို့ပြီး အပြင်ဘက်သို့ခေါ်ထုတ်သွား၏။ သူတို့၏ ရုပ်ပြောင်းရုပ်လွှဲဆေးရည်စီမံကိန်းနောက်ဆုံးအဆင့်ကို အကောင်အထည်ဖော်ရန် အချိန်ကျရောက်ပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဟာမီယွန်က

"ငါတို့ ရုပ်သွင်ပြောင်းချင်တဲ့လူရဲ့ဆီက ဆံပင်စ၊ ဒါမှမဟုတ်၊ လက်သည်းစသည်ဖြင့် တစ်ခုခုရမှဖြစ်မယ်၊ အဲဒါမှအဲဒီပစ္စည်းပိုင်ရှင်ရဲ့ ရုပ်သွင်ပုံစံကိုပြောင်းလို့ရမှာ"

သူမက ကုန်စုံဆိုင်သွားပြီး ဆပ်ပြာမှုန့်သွားဝယ်လိုက်စမ်းဟု ခိုင်းနေသည့်လေသံမျိုးဖြင့် ပြောသည်။

"ခရက်ဘီနဲ့ ဂွိုင်လီဆီကရလာရင်တော့ အကောင်းဆုံးပဲ၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့နှစ်ယောက်က မယ်ဖွိုင်းရဲ့ တိုင်ပင်ဖော်၊ တိုင်ပင်ဖက်တွေပဲ၊ အဲဒီတော့ ငါတို့သာ ခရက်ဘီနဲ့ဂွိုင်လီအသွင်ကို ယူထားမယ်ဆိုရင် မယ်ဖွိုင်းက တို့ကိုအကုန်လုံးပြောပြမှာပေါ့၊ အရေးကြီးတာတစ်ခုပဲရှိတယ်။ ငါတို့ကိုယ်ငါတို့ ခရက်ဘီနှင့်ဂွိုင်လီယောင်ဆောင်ပြီး မယ်ဖွိုင်းကိုချဉ်းကပ်နေတဲ့အချိန်မှာ တကယ့်အစစ်နှစ်ကောင်ဝင်မလာဖို့ပဲ"

ဟာမီယွန်က အူတူတူဖြစ်နေသော ဟယ်ရီနှင့် ရွန်တို့ကိုဥပေက္ခာပြုပြီးဆက်ပြောနေသည်။

"ငါ့မှာ အားလုံးအဆင်ပြေသွားစေနိုင်တဲ့ နည်းလမ်းရှိတယ်။ ဟောသည်မှာ ချောကလက်ကိတ်မုန့်နှစ်ခုတွေ့လား။ အဲဒီအထဲကို ငါအိပ်ဆေးခတ်လိုက်မယ်။ နင်တို့တာဝန်က ဟောသည်ကိတ်မုန့်နှစ်ခုကို ခရက်ဘီနဲ့ဂွိုင်လီတို့မြင်သာအောင်ထားဖို့ပဲ။ သူတို့ဘယ်လောက်အစားငမ်းသလဲဆိုတာ နင်တို့အသိပဲဥစ္စာ၊ ဒီမုန့်နှစ်ခုကိုတွေ့တာနဲ့ သူတို့အငမ်းမရစားမှာသေချာတယ်။ သူတို့အိပ်မောကျသွားပြီဆိုတာနဲ့ တစ်ပြိုင်နက် သူတို့ဆီက ဆံပင်နည်းနည်းလောက်စီနှုတ်ခဲ့။ ပြီးရင် သူတို့နှစ်ယောက်ကို တံမြက်စည်းထားတဲ့အခန်းလေးထဲမှာထည့်ထားလိုက်"



ဟယ်ရီနှင့်ရွန်တို့က တစ်ဦးကိုတစ်ဦး ပြူးတူးပြူးကြောင်ကြည့်လိုက်ကြ၏။

"ဟာမီယွန်. . . ငါတော့ အဲသလိုမထင်. ."

"အကြီးအကျယ်ချောက်ကျသွားနိုင်. . ."

သို့သော် ဟာမီယွန်၏ မျက်လုံးတွေက သံမဏိတမျှ အေးစက်မာကျောသွားပြီး ခပ်မာမာခပ်ပြတ်ပြတ်ပြောချလိုက်၏။

"ခရက်ဘီနဲ့ ဂွိုင်လီတို့ရဲ့ ဆံပင်တွေသာ မထည့်ဘူးဆိုရင်တော့ ပေါလီဂျူးဆေးရည်ဟာဘာမှ အသုံးမဝင်တော့ဘူးမှတ်။ နင်တို့ မယ်ဖွိုင်းကို စုံစမ်းချင်သလား။ မစုံစမ်းချင်ဘူးလား၊ ဒါပဲပြော"

ဟယ်ရီက စိတ်မသက်သာစွာဖြင့်

"အင်း. . . ခုမှတော့ လုပ်ရတော့မှာပေါ့လေ၊ ဒါနဲ့ နေစမ်းပါဦး၊ နင်ကရော ဘယ်သူ့ဆံပင်မွှေးကိုယူမှာလဲ ဟာမီယွန်"

"ငါ့မှာက ရှိပြီးသား၊ ဟိုနေ့က ကိုယ်ခံပညာသရုပ်ပြပွဲမှာ ငါနဲ့နပမ်းဖက်လုံးတဲ့ မီလီဆင့်ဘူးစထရိုက်ကို မှတ်မိလား။ လုံးရင်းထွေးရင်းနဲ့ သူ့ဆံပင်မွှေးတွေ ငါ့ဝတ်ရုံစပေါ်ငြိပြီးကျန်နေခဲ့တာ။ အဲဒီကောင်မလေးက အခုခရစ်စမတ်ကျောင်းပိတ်ရက်မှာ အိမ်ကိုပြန်သွားပြီ။ ဒီတော့ စလီသရင်က လူတွေမေးရင် ငါအိမ်ကိုမသွားချင်တော့လို့ ကျောင်းကိုပြန်လာတယ်လို့ ပြောလိုက်ရုံပဲ"

သူမက အင်္ကျီအိတ်အတွင်း ပုလင်းသေးသေးလေးတစ်လုံးကို ဝမ်းမြောက်ဝမ်းသာထောင်ပြရင်းပြော၏။ ပုလင်းထဲတွင်ကား အမွှေးမည်းမည်းနက်နက်ကလေးတစ်ချောင်း။

ဟာမီယွန်က ရုပ်ပြောင်းရုပ်လွှဲ ဆေးရည်ဖြင့်အလုပ်ရှုပ်နေစဉ် ရွန်ကစိတ်မသက်သာစွာဖြင့် ဟယ်ရီဘက်သို့လှည့်ပြီး ပြောလိုက်၏။

www.burmeseclassic.com



"ဒီလောက်တောင် လှဲချော်စရာ၊ မှားယွင်းစရာအားနည်းချက်တွေ ဗလပွဖြ
နေတဲ့စီမံကိန်းမျိုး မင်းတစ်သက်နဲ့တစ်ကိုယ်ဘယ်တုန်းက ကြားဖူးသလဲ"

●

သို့သော် အံ့အားသင့်စရာကောင်းလောက်အောင်ပင် စစ်ဆင်ရေး၏ပထ
ပိုင်းက ဟာမီယွန်ပြောထားသည့်အတိုင်း ကွက်တိအဆင်ပြေသွားခဲ့သည်။ ခရ
စမတ်လက်ဖက်ရည်သောက်ပြီးချိန်တွင် လူသူကင်းရှင်းနေသော အဝင်ခန်းမကြ
ထဲသို့ သူတို့ဝင်လာခဲ့ကြ၏။ စလီသရင်စားပွဲတွင် အစားပုတ်သော ခရက်ဘီနှ
ဂွိုင်လီတို့မှလွဲ၍ မည်သူမှမရှိတော့ပေ။ ထိုနှစ်ယောက်ကသာ ကျောက်ကျောမု
များကိုလေးပန်းကန်မြောက်စီ အငမ်းမရခေါင်းငုံ့စားသောက်နေကြ၏။

ဟယ်ရီက အိပ်ဆေးခတ်ထားသော ချောကလက်ကိတ်မုန့်များကို လှေကား
လက်ရန်းအစွန်းတွင် အမှတ်တမဲ့တင်ထားလိုက်သည်။ ခရက်ဘီနှင့် ဂွိုင်လီတို့ခန်
မထဲမှထွက်လာသည်ကို မြင်ရသည့်အခါ ဟယ်ရီရော၊ ရွန်ပါရှေ့တံခါးမကြီး၏ဘေး
တွင်ရှိသော သံချပ်ကာဝတ်စုံများနောက်သို့ အလျင်အမြန်ဝင်ရောက်ပုန်းကွယ်နေ
လိုက်ကြ၏။

ခရက်ဘီက ကိတ်မုန့်များကိုမြင်သွားပြီး ဂွိုင်လီကိုလက်တို့ညွှန်ပြလိုက်သည်
ထို့နောက် နှစ်ယောက်သား အငမ်းမရဖြင့် ကိတ်မုန့်များကို သူတို့၏ကြီးမားကျယ
ပြန့်သောပါးစပ်ကြီးများထဲသို့ ထိုးသွပ်ထည့်ကြလေတော့သည်။

ခဏမျှကြာအောင် အောင်ပွဲခံသည့် အမူအယာများဖြင့် ပါးစပ်ထဲတွင် ကိတ်
မုန့်များကို ပလုတ်ပလောင်း ဝါးနေကြသေးသည်။ ထို့နောက် နည်းနည်းမျှမ



အယာမပျက်ဘဲ ကြမ်းပြင်ပေါ်သို့ ဒူးညွှတ်လဲကျကာ အိပ်ပျော်သွားကြလေ
သည်။

အခက်ခဲဆုံးကိစ္စကား ခန်းမကြီးကိုဖြတ်၍ စတိုခန်းဆီရောက်အောင် ခရက်
နှင့် ဂွိုင်လီတို့၏ ခန္ဓာကိုယ်အတ္တဘောကြီးများကို သယ်ယူရခြင်းပင်ဖြစ်၏။
ကို တံမြက်စည်းများအကြားတွင် ထားလိုက်ပြီးသည့်နောက် ဟယ်ရီက ဂွိုင်လီ
ဖုံးပေါ်မှ ဝက်မွှေးနှင့်တူသည့် ဆံပင်နှစ်ပင်သုံးပင်ခန့် နုတ်ယူလိုက်သည်။
တော့ ခရက်ဘီ၏ဆံပင်များကို လက်တစ်ဆုပ်စာခန့် အားပါးတရဆွဲနုတ်
၏။ ဖိနပ်များကိုလည်း ချွတ်ယူရသေးသည်။ အဘယ်ကြောင့်ဆိုသော်
ဘီနှင့် ဂွိုင်လီ၏ရုပ်သွင်များအဖြစ်သို့ ပြောင်းလဲသွားသည့်အခါတွင် သူတို့
စီးထားသည့်ဖိနပ်များနှင့်တော်တော့မည်မဟုတ်သောကြောင့်ဖြစ်၏။ ကိစ္စ
ပြီးသည့်အချိန်တွင် ဝိုချင်းသည်သရဲမ မာရတယ်ရှိရာ အိမ်သာဆီအပြေး
သာခဲ့ကြတော့သည်။

ဟာမီယွန်ရုပ်ပြောင်းရုပ်လွှဲဆေးရည်ကို မွှေပေးနေသည့်အိမ်သာအခန်းငယ်
ထဲမှ တလိပ်လိပ်ထနေသော အနက်ရောင်မီးခိုးများကြောင့် ဟယ်ရီနှင့်ရွန်တို့
မှသဲသဲကွဲကွဲမမြင်ရချေ။ ဝတ်ရုံများနှင့်သူတို့၏ မျက်နှာကို ဖုံးအုပ်ထားကြ
ဟယ်ရီနှင့်ရွန်တို့သည် တံခါးကိုညင်ညင်သာသာ ခေါက်လိုက်ကြ၏။

"ဟာမီရွန်ရေ. . ."

တံခါးချက်ဖွင့်သံကို ဟယ်ရီတို့ကြားလိုက်ရပြီးနောက် စိတ်အားထက်သန်
သည့်ပုံနှင့် မျက်နှာပြောင်ကြီးဖြစ်နေသော ဟာမီယွန်ကိုတွေ့လိုက်ရသည်။
၏ နောက်ဘက်မှညောင်စေးကျနေပြီဖြစ်သော ဆေးရည်များက ဂလုဂလုနှင့်
နေသံကို ဟယ်ရီတို့ကြားနေရ၏။ ရှည်ရှည်မျောမျောဖန်ခွက်သုံးခွက်ကိုတော့
သာခုံပေါ်တွင် အဆင်သင့်တင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ ပစ္စည်းတွေရလာခဲ့ရဲ့လား..."

ဟာမီယွန်က အသက်ပင်မရှူအားဘဲ မေးလိုက်၏။

ဟယ်ရီက သူမအားဂွိုင်လီ၏ဆံပင်ကိုပြလိုက်သည်။

"ကောင်းတယ်၊ ငါအဝတ်လျှော်တဲ့နေရာက ဝတ်ရုံအပိုတွေတောင် ခိုး… သေးတယ်၊ နင်တို့ခရက်ဘီနဲ့ ဂွိုင်လီတို့အသွင်ပြောင်းသွားရင် ဒီထက်ကြီးတဲ့… ရုံတွေနဲ့မှဖြစ်မှာ"

ဟု ဟာမီယွန်က အိတ်တစ်အိတ်ကို ကိုင်မြှောက်ပြရင်းပြောလိုက်၏။ သူ… သုံးယောက်သားဒယ်အိုးထဲသို့ ငေးစိုက်ကြည့်နေမိကြသည်။ ဒယ်အိုးကို နီးနီး… ကပ်တိုး၍ကြည့်လိုက်စဉ် ဆေးရည်များက ခပ်ပျစ်ပျစ်အနက်ရောင်နွံ့စေးများ… သို့ ဖြည်းလေးနှေးကွေးစွာ ဆူပွက်နေကြ၏။

"ငါ အားလုံးကို မှန်မှန်ကန်ကန်ကျကျနန လုပ်နိုင်ခဲ့တာတော့ ကျိန်းသေ… တယ်၊ ဆေးရည်ရဲ့ ပုံပန်းသဏ္ဍာန်ကတော့ စာအုပ်ထဲကညွှန်းထားသလို ကွက်… ဖြစ်နေပြီ။ ပထမအကြိမ် ငါတို့စမ်းသောက်ကြည့်တုန်းကလိုပဲ ငါတို့ရဲ့မူလရုပ်သွ… ကိုပြန်မပြောင်းခင်အတောအတွင်း အချိန်တစ်နာရီတိတိငါတို့ရလိမ့်မယ်"

ဟာမီယွန်က အစက်အပြောက်များစွန်းထင်းနေသော မော့စတီပိုတန်… ဆေးရည်များအကြောင်းစာမျက်နှာကိုစိတ်လှုပ်ရှားစွာပြန်ဖတ်ရင်း ပြောလိုက်…

"အခု ဘာလုပ်ကြမှာလဲ"

ဟု ရွန်ကတီးတိုးမေးလိုက်သည်။ ဟာမီယွန်က

"ဆေးရည်ကို သုံးခွက်အညီအမျှခွဲပြီး ဆံပင်မွေးတွေထည့်သောက်ကြမ… လေ"

ဟာမီယွန်က ညောင်စေးကျနေသော ဆေးရည်များကို ယောက်ချိုငွန်းဖြ… ခပ်ကာ ဖန်ခွက်များထဲထည့်လိုက်၏။ ထို့နောက်သူမက တုန်ယင်နေသည့်လ…



…ဖြင့် မီလီဆင့်ဘူးစထရုတ်၏ ဆံပင်မွေးကိုပုလင်းထဲမှထုတ်ကာ ပထမ ခွက်…ထဲသို့ ထည့်လိုက်၏။

ဆေးရည်က ဆူပွက်နေသော ရေနွေးခရားတစ်လုံးလို ကျယ်လောင်စွာ …ရှူးရှူးတရှဲရှဲမြည်သွားပြီး အမြှုပ်များဖြင့် ဆူဝေလာသည်။ ခဏအကြာတွင် …ဆေးရည်မှာ မသတီစရာကောင်းသည့် အဝါရောင်ပြောင်းသွား၏။

"အား...မီလီဆင့်ဘူးစထရုတ်ရဲ့ အဆီအနှစ်တွေပဲ၊ အဲဒီဆေးရည်က …အော်ဂလီဆန်ချင်စရာကောင်းလိမ့်မယ်ဆိုတာ ငါကြေးထပ်ပြီးလောင်းရဲတယ်"

ဟု ရွန်က ထိုဆေးရည်ကို ရွံရှာစက်ဆုပ်စွာကြည့်ရင်း ပြောလိုက်သည်။ …ာမီယွန်က

"နင်တို့ရဲ့ပစ္စည်းတွေလည်း ထည့်ကြလေ"

ဟယ်ရီက ဂွိုင်လီ၏ဆံပင်ကို အလယ်ခွက်ထဲ ပစ်ချလိုက်သလို ရွန်ကလည်း …ရက်ဘီ၏ ဆံပင်ကို နောက်ဆုံးခွက်ထဲထည့်လိုက်၏။ နှစ်ခွက်စလုံးတရှူးရှူးနှင့် …မြှုပ်များဆူဝေလာကြသည်။ ဂွိုင်လီ၏ဆံပင်မွေးကြောင့် ဟယ်ရီ့ဆေးရည်က …ာကီရောင်ပြောင်းသွားပြီး ခရက်ဘီ၏ဆံပင်မွေးကြောင့် ရွန့်ဆေးရည်မှာ ညိုညစ် …ညစ်ဖြစ်သွားသည်။

ရွန်နှင့်ဟာမီယွန်တို့က သူတို့၏ခွက်များကို လှမ်းကိုင်လိုက်ကြစဉ် ဟယ်ရီက …ှမ်းတားလိုက်၏။

"ခဏနေကြဦး။ ငါတို့ဒီနေရာမှာ တစ်ပြိုင်တည်းသောက်ကြလို့မဖြစ်ဘူး …တို့သာ ချက်ချင်းခရက်ဘီနဲ့ ဂွိုင်လီတို့အသွင်ပြောင်းသွားရင် ဒီအခန်းက ငါတို့နဲ့ …ဆန့်မှာမဟုတ်ဘူး၊ ပြီးတော့ မီလီဆင့်ဘူးစထရုတ်ဆိုတာကလည်း သေးသေးကွေး …ကွေးမုင်စာလေးမှမဟုတ်တာ"

"ကောင်းလိုက်တဲ့စိတ်ကူးကွာ၊ ငါတို့တစ်နေရာစီခွဲသောက်ကြရအောင်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ရွှန်က တံခါးကိုချက်ဖွင့်ရင်း ပြောလိုက်သည်။

ဟယ်ရီသည် သူ့ဆေးရည်ကို မဖိတ်မစင်အောင်ထိန်းရင်း အလယ်အိမ်သာ ခန်းထဲသို့ လှမ်းဝင်လိုက်၏။ သူက

"အသင့်ပြင်"

"တစ်. . . နှစ်. . . သုံး. . . "

ဟယ်ရီမှာ သူ့နှာခေါင်းကိုပိတ်ထားရင်း ဆေးရည်ကိုနှစ်ကျိုက်တည်းနှင့် ကုန်အောင်မော့သောက်လိုက်သည်။ ဆေးရည်၏အရသာမှာ အကျက်လွန်သွား သော ဂေါ်ဖီထုပ်ဟင်းလိုပင်။

ချက်ချင်းဆိုသလိုပင် ဟယ်ရီ့ကိုယ်တွင်းမှ ကလီစာများက မြွေအရှင်များ မျိုချလိုက်သကဲ့သို့ ထွန့်ထွန့်လူးလှုပ်ရှားနေကြသည်။ သူ့ခန္ဓာကိုယ်တစ်ဖြည်းဖြည် ပြောင်းလဲလာစဉ် ဟယ်ရီမှာ နေထိုင်မကောင်းများဖြစ်တော့မည်လားဟု တွေ ကြောက်နေမိ၏။ ထို့နောက် ပူလောင်ပြင်းပြသော ခံစားမှုတစ်မျိုးက ဟယ်ရီ၏ဝမ် ဗိုက်မှတစ်ဆင့် ခြေဖျားလက်ဖျားကလေးများဆီသို့တိုင် ပျံ့နှံ့သွားသည်။ သူ၏မျ လုံးများ၊ လက်များနှင့် လက်ချောင်းများက တုတ်ခိုင်ကြီးမားလာစဉ် တစ်ကိုယ်လုံ မှအရေပြားများက ဖယောင်းရည်ပူလို တစ်ဗွက်ဗွက်ဆူပွက်လာသည်။ အရည်ပျေ ကျသလိုမျိုးဆိုးဆိုးရွားရွား ခံစားမှုတစ်မျိုးကြောင့် ဟယ်ရီအသက်ဘယ်ကရှုရမှ မသိဖြစ်သွားသည်။ ဟယ်ရီ့လက်သည်း၊ ခြေသည်းများက တစ်စတစ်စ ပြန့်ကာ လာကြ၏။ ခြေဆစ်လက်ဆစ်များကလည်း မူလီခေါင်းကြီးများလို စူထွက်လာ သည်။ သူ့ပုခုံးသားများက နာကျင်ခံခက်စွာ ကြီးမားပြန့်ကားလာကြပြီး နဖူးထင် မှ တဖျဉ်းဖျဉ်းခံစားရမှုက ဆံပင်များသည် မျက်ခုံးများဆီသို့ ခွေလိပ်တိုးထွက်လာ ကျဆင်းလာကြောင်း ဟယ်ရီ့ကိုပြောပြနေသလိုပင်။ ရင်အုပ်ကြီးက ဝက်အူမှ ပြုတ်ထွက်သွားအောင် ရုတ်တရက်ကြီးမားလာသည့် စည်ပိုင်းတစ်ခုလို ပြန့်ကာ



ထွက်စဉ်ဟယ်ရီ့ဝတ်ရုံများမှာ တဗျစ်ဗျစ်နှင့် စုတ်ပြဲသွားကြသည်။ ဟယ်ရီ့ခြေ ထောက်များမှာလည်း လေးဆဆန့်သေးသွားသည့် ဖိနပ်ကလေးနှစ်ဘက်ထဲ၌ မချို ဆန့်နှင့် ကျပ်ကျပ်တည်းတည်းဖြစ်နေကြ၏။

ဟယ်ရီ၏ရုပ်သွင်က ဖြုန်းစားကြီး ပြောင်းလဲသွားပြီးနောက် ပြောင်းလဲမှု အားလုံးကချက်ချင်းပင်ပြန်ရပ်ဆိုင်းသွားကြသည်။ ဟယ်ရီမှာ အေးစက်စက် ကျောက်သားကြမ်းပြင်ပေါ်တွင် မျက်နှာအပ်ကာ ခွေခွေကလေးလဲကျနေရာမှ အစွန်ဆုံးအိမ်သာခန်းထဲ၌ ငိုချင်းသည်သရဲမ မာရတယ်၏စိတ်မပါလက်မပါ ငိုခတ်နေသည့်အသံကို နားထောင်နေမိသည်။ ဟယ်ရီသည် သူ့ဖိနပ်နှစ်ဘက်ကို ခက်ခက်ခဲခဲကန်ထုတ်ရင်း ထရပ်လိုက်၏။ သူ့ကိုယ်သူ ဂွိုင်လီဖြစ်သွားပြီဟု ဟယ်ရီ ခံစားသိဖြင့် သိလိုက်ရသည်။ သူ၏လက်ကြီးများက တုန်ယင်နေကြ၏။ ဟယ်ရီက ဒူးခေါင်းနားသို့ရောက်အောင်တိုနံ့နံ့ဖြစ်သွားသော ဝတ်ရုံအဟောင်းကိုဆွဲချွတ်ယင်း ဝတ်ရုံအပိုကိုလဲလှယ်လိုက်ပြီး လှေများနှင့်တူသည့် ဂွိုင်လီ၏ဖိနပ်ကြီးနှစ်ဘက်ကို ကြိုးချည်ဝတ်ဆင်လိုက်သည်။ ဟယ်ရီက ဆံပင်များကိုလက်ဖြင့်သပ်တင်လိုက်စဉ် ကြေးနန်းကြိုးလို မာကျောကြမ်းတမ်းသည့် တိုနံ့နံ့ဆံပင်များကို စမ်းမိ၏။ သူ့မျက်မှန် ကြောင့် မျက်လုံးများဝိုးတိုးဝါးတားဖြစ်နေကြကြောင်း ဟယ်ရီသတိပြုလိုက်မိသည်။ အဘယ်ကြောင့်ဆိုသော် ဂွိုင်လီမှာမျက်မှန်တပ်ရန်မလိုသောကြောင့်ပင်ဖြစ်သည်။ ဟယ်ရီက မျက်မှန်ကိုချွတ်လိုက်ပြီး -

"မင်းတို့နှစ်ယောက်အဆင်ပြေကြရဲ့လား"

ဟု အော်မေးလိုက်၏။ ဂွိုင်လီ၏သွားကျိုးစရာကောင်းသော လေးတွဲ့တွဲ့ အသံကြီးက သူ့ပါးစပ်မှထွက်လာသည်။

"အေး. . . "

www.burmeseclassic.com

www.burmeseclassic.com



ခရက်ဘီ၏ဝက်တစ်ကောင်လို ခပ်အစ်အစ်ပြန်ဖြေသံကို သူညာဘက်ခန်းမှ ကြားလိုက်ရ၏။

ဟယ်ရီက တံခါးဂျက်ဖွင့်ကာ အပြင်ထွက်လိုက်ပြီး ကွဲနေသောကြည့်မှန်ရှေ့ ၌ရပ်လိုက်သည်။ မှန်ထဲတွင်မြင်ရသည်ကား ထိုင်းထိုင်းမှိုင်းမှိုင်းနှင့် မျက်တွင်း ဟောက်ပက်ဖြစ်နေသော ဂွိုင်လီ၏ရုပ်လွှာ၊ ဟယ်ရီကအသံထွက်ပြီးစကားပြော ကြည့်လိုက်သည်။ အသံကလည်း တကယ့်ဂွိုင်လီ၏အသံအတိုင်းပင်၊ ရွန်ကလည်း အခန်းတံခါးကိုဖွင့်ပြီး အပြင်ထွက်လာသည်။ သူတို့နှစ်ယောက်တစ်ဦးကိုတစ်ဦး ကြည့်လိုက်မိကြသည်။ ရွန်၏ပုံသဏ္ဌာန်ကလည်း (အနည်းငယ်တုန်လှုပ်ပြီး ဖြူဖတ် ဖြူရော်ဖြစ်နေသည်ကလွဲလျှင်) ခရက်ဘီနှင့် လုံးဝခွဲခြားမရ။ ရွန်ကမှန်ရှေ့သို့တိုး ကပ်သွားလိုက်ပြီး သူ့မျက်နှာပေါ်မှ ခရက်ဘီ၏နှာခေါင်းပြားပြားကြီးကို တို့ထိကြည့် ရင်း

"အံ့ဩစရာကောင်းလိုက်တာ၊ မယုံကြည်နိုင်လောက်အောင်ပဲ"

ဟယ်ရီက ဂွိုင်လီ၏လက်ကောက်ဝတ်တုတ်တုတ်ခိုင်ခိုင်ကြီးနှင့် ကြပ်နေ သောလက်ပတ်နာရီကြိုးကိုလျှော့လိုက်ရင်း

"ငါတို့သွားကြဖို့ကောင်းပြီ၊ စလီသရင်စုပေါင်းနားနေခန်းကိုလိုက်ရှာရမယ့် ကိစ္စကရှိသေးတယ်၊ နောက်ယောင်ခံပြီးလိုက်စရာတစ်ယောက်လောက်တော့တွေ့ ကောင်းပါရဲ့"

ရွန်က ဟယ်ရီ့ကိုငေးစိုက်ကြည့်နေရာမှ

"ဂွိုင်လီရဲ့ရုပ်ကြီးနဲ့ စဉ်းစဉ်းစားစားလုပ်နေတဲ့ပုံကိုတွဲပြီး မြင်ရတာတော်တော် အချိုးမပြေဘူးကွ၊ ကဲ. . ကဲ. . ဟာမီယွန်ထွက်ခဲ့တော့ သွားရအောင်. . ."

သူက ဟာမီယွန်၏အခန်းတံခါးကို ထုရင်းအော်ပြောလိုက်သည်။ အခန်းထဲ မှ အသံစူးစူးသေးသေးလေးတစ်သံ၏ ပြန်ဖြေသံကိုကြားရ၏။



"ငါ. . ငါ. . . လိုက်လို့မဖြစ်တော့ဘူးဟာ၊ နင်တို့နှစ်ယောက်တည်းပဲသွားကြ တော့"

"ဟဲ့. . . ဟာမီယွန် နင်ရုပ်ပြောင်းထားတဲ့ မီလီဆင့်ဘူးစထရုတ်က အရုပ် ဆိုးမှန်းငါတို့သိပါတယ်၊ ရှက်စရာမလိုပါဘူး၊ နင်မှန်းဘယ်သူကမှ သိမှာမှမဟုတ် တာ"

"ဟင့်အင်း. . . ဟင့်အင်း၊ ငါတကယ်လိုက်လို့ မဖြစ်လို့ပါဟာ၊ နင်တို့နှစ် ယောက်မြန်မြန်သွားကြတော့လေ။ အခုစကားပြောနေတာနဲ့ပဲ အချိန်တွေကုန်လှ ပြီ"

ဟယ်ရီက ရွန့်ကို နဝေတိမ်တောင်ဖြင့် ကြည့်လိုက်၏။

ရွန်က

"အေး. . . အဲသလိုကြည့်လိုက်ပုံမျိုးက ဂွိုင်လီနဲ့သာတောင်တူသွားသေး တယ်။ ဆရာတွေက စာမေးပြီဆိုရင် ဒီကောင် အဲဒီလိုနဝေတိမ်တောင်နဲ့ကြည့်တာ ချည်းပဲ"

ဟယ်ရီကလှမ်းအော်၍

"ဟေ့ ဟာမီယွန်. . . နင်အဆင်ပြေတယ်နော်"

"အေးပါ. . . ငါအဆင်ပြေပါတယ်၊ နင်တို့သွားမှာသာသွားကြစမ်းပါ"

ဟယ်ရီက သူ၏လက်ပတ်နာရီကိုငုံ့ကြည့်လိုက်သည်။ သူတို့ရရှိထားသော တန်ဖိုးရှိလှသည့် မိနစ်ခြောက်ဆယ်ထဲမှ ငါးမိနစ်မျှအချိန်ပုပ်သွားလေပြီ။

"ငါတို့ဒီမှာပဲ ပြန်ဆုံကြမယ်"

ဟု ဟယ်ရီက အော်ပြောလိုက်၏။

ဟယ်ရီနှင့်ရွန်တို့သည် အိမ်သာအခန်းတံခါးကို သတိကြီးစွာဖြင့် ဖြည်းဖြည်း ချင်းဖွင့်လိုက်ကြ၏။ သူတို့သွားရမည့်လမ်းကြောင်း ရှင်းမရှင်းကို အကဲခတ်လိုက် ကြပြီးနောက် စွန့်စားခန်း စထွက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီက ရွန့်ကိုတီးတိုးသတိပေးလိုက်၏။

"ဟော့ကောင်. . . မင်းလက်တွေကို အဲဒီလိုမလွှဲနဲ့ကွ"

"ဟင်. . . ဘာဖြစ်လို့လဲ"

"ခရက်ဘီက လမ်းလျှောက်ရင် လက်ကိုတောင့်တောင့်ကြီးထားပြီး လျှောက်တာ"

"ဒီလိုဆိုရင်ရော ဘယ့်နှယ်လဲ"

"အေး. . . အဲဒီပုံစံမျိုး"

ကျောက်ဖြူသားလှေကားထစ်များအတိုင်း သူတို့ပြေးဆင်းလာခဲ့ကြသည်။ သည်လိုအချိန်မျိုးတွင် စလီသရင်ကျောင်းသားတစ်ယောက်ယောက်ကို သူတို့တွေ့မှဖြစ်မည်။ သို့မှသာ ကျောင်းသားနောက်သို့ နောက်ယောင်ခံလိုက်ရင်း စလီသရင်အဆောင်၏ စုပေါင်းနားနေခန်းသို့ ရောက်နိုင်မည်ဖြစ်သည်။ သို့သော် ကံဆိုးချင်တော့ အနီးအနားဝန်းကျင်တွင် မည်သူမျှမရှိ။

"ကဲ. . . ဘယ်လိုလုပ်ကြမလဲ"

ဟု ဟယ်ရီက ခပ်ညည်းညည်းပြောလိုက်သည်။ ရွန်ကအဆောင်အဝင်ဝဆီသို့ ခေါင်းဆတ်ပြရင်း

"စလီသရင်ကကောင်တွေ နံနက်စာစားဖို့လာရင်တော့ အဲဒီအပေါက်က ထွက်ထွက်လာကြတာပဲ"

ပြော၍မျှမဆုံးသေးခင် ဆံပင်ရှည်နှင့်ကောင်မလေးတစ်ယောက် ထွက်လာသည်ကို တွေ့လိုက်ရ၏။ ရွန်ကထိုမိန်းကလေးထံသို့ အပြေးကလေးသွားလိုက်ရင်း

"တဆိတ်လောက် ငါတို့စုပေါင်းနားနေခန်းဆီသွားတဲ့လမ်းကို ငါတို့မေ့သွားပြီးမသွားတတ်ဘဲဖြစ်နေလို့. . ."

ကောင်မလေးက လေသံမာမာဖြင့်



"ဘာတွေလာပြောနေတာလဲ၊ ဘာငါတို့စုပေါင်းနားနေခန်းလဲ၊ ကျွန်မက ရေဘင်ကလောအဆောင်ကပဲဥစ္စာ"

သူမက သံသယဖြင့် လှည့်ကြည့်လှည့်ကြည့်လုပ်ရင်း ထွက်သွားသည်။

ဟယ်ရီနှင့်ရွန်တို့ကား အမှောင်ထုထဲသို့ ကျောက်တုံးလှေကားထစ်များအတိုင်း ဒရောသောပါးပြေးဆင်းခဲ့ကြတော့၏။ သူတို့၏ ခြေထောက်များသည် ခရက်ဘီနှင့် ဂွိုင်လီတို့၏ ရောမခြေထောက်ကြီးများဖြစ်နေကြရာ ပဲ့တင်ထပ်လာသော ခြေသံများက ဟိန်းထနေလေသည်။ ပြေးလာကြရင်း အစစအရာရာသည် သူတို့စိတ်ကူးယဉ်ထားသလောက် မလွယ်လှကြောင်း ဟယ်ရီနှင့်ရွန်တို့ တွေးနေမိကြ၏။

ရှုပ်ထွေးလိမ်ကောက်နေသော စင်္ကြံလမ်းများက လူသူကင်းမဲ့တိတ်ဆိတ်နေလေသည်။ ဟယ်ရီနှင့်ရွန်တို့သည် အချိန်ဘယ်လောက်ကျန်သေးသလဲဟု နာရီကြည့်ကြည့်နှင့် ရှေ့ကိုသာတိုးသထက်တိုးလာခဲ့ကြ၏။ ဆယ့်ငါးမိနစ်ခန့်ကြာသွားပြီးချိန်တွင် သူတို့စိတ်ဓါတ်ကျစပြုလာကြသည်။ ထိုအချိန်မှာပင် သူတို့ရှေ့ဘက်ဆီ၌ လှုပ်ရှားမှုတစ်ခုကို ရုတ်တစ်ရက်တွေ့လိုက်ကြရ၏။ ရွန်က စိတ်လှုပ်ရှားစွာဖြင့်

"ဟော ဟိုမှာ စလီသရင်ကျောင်းသားတစ်ယောက်ကွ"

ထိုလူသဏ္ဍာန်သည် အခန်းထဲမှထွက်လာနေ၏။ ထိုလူ့အနီးသို့ ဟယ်ရီတို့ ပြေးသွားလိုက်ကြသည်။ သို့ရာတွင် ထိုသူ့ကိုတွေ့လိုက်ရသောအခါ၌ကား သူတို့နှစ်ယောက်စလုံး စိတ်ပျက်လက်ပျက်ဖြစ်သွားကြတော့၏။ ထိုသဏ္ဍာန်ကား စလီသရင်ကျောင်းသားမဟုတ်။ ပါစီဖြစ်နေလေသည်။

"ဟင်. . . မင်းက ဒီနေရာမှာဘာလုပ်နေတာလဲ"

ဟု ရွန်က အံ့ဩတကြီးမေးလိုက်၏။ (ရွန်ကသူ့ကိုယ်သူ ခရက်ဘီ၏ရုပ်သွင်ပြောင်းထားကြောင်း အမှတ်တမဲ့ဖြင့်မေ့သွားသည်)

www.burmeseclassic.com

www.burmeseclassic.com



ထိုအချက်ကို မသိရှာသောပါစီကမူ သူ့ကိုထိုသို့မေးရမလားဟု အောင့်သက်သက်ဖြင့်ပြန်ကြည့်ရင်း

"ငါ့ဟာငါဘာလုပ်လုပ်ပေါ့၊ မင်းနဲ့ဘာဆိုင်လဲ၊ မင်းခရက်ဘီမဟုတ်လား"

"ဗျာ. . . ဟာ! အင်းဟုတ်တယ်"

ဟု ရွန်က ပြန်ဖြေလိုက်သည်။

ပါစီက ခပ်ပြတ်ပြတ်အမိန့်ပေးသံဖြင့်

"ဒါဆိုလည်း ကိုယ့်အိပ်ဆောင်ကိုယ်ပြန်ကြတော့လေကွာ၊ ဒီလိုရက်မျိုးတွေမှာ ဟောသည့်မှောင်မည်းနေတဲ့စကြံန်တစ်လျှောက် သဝေထိုးမနေသင့်ဘူး အန္တရာယ်ရှိတယ်ကွ၊ နားလည်လား. . ."

"ခင်ဗျားကျတော့ရော. . . ဘာဖြစ်လို့ဒီနေရာမှာ. . ."

"ဟ. . . ငါကအကြီးအကဲကွ၊ ငါ့ကိုဘယ်ကောင်ကမှ မတိုက်ခိုက်ရဲဘူး"

ထိုအချိန်တွင် ဟယ်ရီနှင့်ရွန်တို့၏နောက်ဘက်မှ အသံတစ်သံကိုကြားလိုက်ရသည်။ ဟယ်ရီ့ဘဝတွင် ဒရက်ကိုမယ်ဖွိုင်းကိုမြင်ရသောကြောင့် ဝမ်းမြောက်ပီတိဖြစ်ရခြင်းက ဒါပထမဦးဆုံးအကြိမ်ပင်တည်း။

"ဩ. . . မင်းတို့က ဒီရောက်နေကြတာကိုး. . ."

မယ်ဖွိုင်းက ခရက်ဘီနှင့် ဂွိုင်လီအသွင်ဖြစ်နေသော ဟယ်ရီတို့နှစ်ယောက်ကို လှမ်းပြောလိုက်သည်။

"ငါ့မှာတော့ မင်းတို့နှစ်ယောက်ကိုလိုက်ရှာလိုက်ရတာ ဖတ်ဖတ်ကိုမောနေတာပဲ၊ မင်းတို့နှစ်ယောက်ကို ရယ်စရာတစ်ခုပြစရာရှိတယ်ကွ"

မယ်ဖွိုင်းက ပြောရင်းနှင့် ပါစီ့ဘက်သို့ အရေးစိုက်စရာမလိုပါဘူးဟူသော အကြည့်တစ်ချက်ကြည့်လိုက်ပြီး

"ခင်ဗျားကရော ဒီမှာဘာလာလုပ်နေရတာလဲ ဝီစလေရဲ့"

ပါစီကား ဒေါသကိုထိန်းချုပ်ရင်း



"မင်းအနေနဲ့ အကြီးအကဲတစ်ယောက်ကို ဆက်ဆံတဲ့နေရာမှာ ရိုရိုသေသေ ဖြစ်တော့လို့မယ်၊ ငါမင်းရဲ့စိတ်ဓါတ်ကို မကြိုက်ဘူးမယ်ဖွိုင်း"

မယ်ဖွိုင်းက ခပ်လှောင်လှောင်ရယ်လိုက်ပြီး ဟယ်ရီနှင့်ရွန်တို့ကို သူ့နောက် လိုက်ခဲ့ဖို့ လက်ပြကာထွက်သွား၏။ ဟယ်ရီက ရုတ်တရက်မို့ ပါစီ့ကိုတောင်းပန်မိ တော့မလိုဖြစ်သွားသေးသည်။ နောက်မှသူ့ကိုယ်သူ ဂွိုင်လီဖြစ်နေမှန်းသတိရသွား ပြီး အချိန်မီပြန်ထိန်းလိုက်ရ၏။ သူနှင့်ရွန်တို့ မယ်ဖွိုင်းနောက်မှ ပြေးလိုက်ခဲ့ကြ သည်။ နောက်စကြံန်လမ်းတစ်ခုအရောက်တွင် မယ်ဖွိုင်းက

"အဲဒီပီတာဝီစလေဆိုတဲ့ကောင်က. . ."

"ပီတာမဟုတ်ပါဘူး၊ ပါစီပါ"

ဟု ရွန်ကယောင်ပြီး နာမည်အမှန်ကို ပြင်ပေးမိပြန်သည်။ မယ်ဖွိုင်းက

"ဘာပဲဖြစ်ဖြစ်ကွာ၊ ငါဒီကောင့်ကို သတိထားမိနေတာကြာပြီ။ အဲသည့်နား က သူပုန်းလျှိုးကွယ်လျှိုးနဲ့ တော်ကြီးညှော်နက်တဲ့အထိ ရှိရှိနေတတ်တယ်ကွ။ သူဘာ လုပ်နေသလဲဆိုတာ ငါသိပါတယ်ကွာ၊ ဒီကောင့်စိတ်ထဲမှာ စလီသရင်ရဲ့ အမွေခံ ကို သူတစ်ယောက်တည်း လက်ချည်းဗလာသက်သက်နဲ့ ဖမ်းနိုင်လိမ့်မယ်လို့ ထင်နေရှာတယ် ဟား. . . ဟား. . . ဟား. . ."

မယ်ဖွိုင်းက သရော်တော်တော်ရယ်လိုက်၏။ ဟယ်ရီနှင့်ရွန်တို့မှာမူ စိတ်လှုပ် ရှားစွာဖြင့် တစ်ဦးကိုတစ်ဦး အပြန်အလှန်ကြည့်လိုက်မိလေသည်။

စိုထိုင်းထိုင်းဖြစ်နေသော ကျောက်သားနံရံတစ်ခုဘေးမှ ဖြတ်အသွားတွင် မယ်ဖွိုင်းက ခဏရပ်လိုက်ပြီး

"အဆောင်ထဲဝင်ဖို့ စကားဝှက်အသစ်က ဘာပါလိမ့်"

ဟု ဟယ်ရီ့ကိုလှမ်းမေးလိုက်သည်။ ဟယ်ရီက ယောင်နနဖြင့်

"အင်း. . . အဲ. . ."

ရုတ်တရက် မယ်ဖွိုင်းက ပြန်သတိရသွားပြီး

www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . ဟုတ်ပြီ. . . မှော်သွေးစစ်"

ဟုအော်လိုက်ရာ ကျောက်သားနံရံထဲရှိ တံခါးက ရွှေ့လျားပွင့်ဟသွား မယ်ဖွိုင်းက အခန်းထဲသို့ဝင်သွားရာ ဟယ်ရီနှင့် ရွန်တို့လည်း နောက်မှကပ်လိ သွားသည်။

စလီသရင်စုပေါင်းနားနေခန်းသည် ကြမ်းတမ်းသော ကျောက်သားနံ မျက်နှာကျက်များရှိသည့် ရှည်မျှောမျှောမြေအောက်ခန်းကြီးဖြစ်သည်။ အစိ ရောင် မီးအိမ်များကိုလည်း တွဲလောင်းချိတ်ထားသည်။ သူတို့ရှေ့တွင်ရှိေ မီးလင်းဖိုစင်ကြီး၏အောက်တွင် မီးဖိုတစ်ခုဖိုထားရာ ပတ်ပတ်လည်တွင် စလီသ ကျောင်းသားတို့၏ ပုံရိပ်မည်းမည်းများက ဝိုင်းဖွဲ့ထိုင်နေကြ၏။

မီးဖိုနောက်ဘက်ရှိ လွတ်နေသော ကုလားထိုင်နှစ်လုံးကို ဟယ်ရီတို့အ ညွှန်ပြရင်း မယ်ဖွိုင်းက

"မင်းတို့ ဒီမှာခဏထိုင်စောင့်ကြဦး၊ ငါဟိုဟာကိုသွားယူလိုက်ဦးမ ငါ့အဖေအခုလေးတင်ပို့လိုက်တာကွ"

မယ်ဖွိုင်းတစ်ယောက် သူတို့ကိုဘာများပြမှာပါလိမ့်ဟုတွေးရင်း ဟယ်ရီ ရွန်တို့ထိုင်စောင့်နေလိုက်ကြ၏။ တစ်မိနစ်မျှအကြာတွင် မယ်ဖွိုင်းပြန်ရောက်လ သည်။ သူ့လက်ထဲတွင် သတင်းစာဖြတ်ပိုင်းလိုလို စက္ကူတစ်ရွက်ပါလာ၏။ သူ ထိုသတင်းစာဖြတ်ပိုင်းကို ရွန့်မျက်စိရှေ့ထိုးပြလိုက်ရင်း

"ရော့. . . ဖတ်ကြည့်၊ ရယ်ရလိမ့်မယ်"

သတင်းစာကိုဖတ်ကြည့်လိုက်သော ရွန်၏မျက်လုံးများ ထိတ်လန့်ပြူးက သွားသည်ကို ဟယ်ရီတွေ့လိုက်ရသည်။ ရွန်ခမျာ မနည်းကြိုးစားပြီး အတင်း ညစ်ရယ်လိုက်ရသည်။ ထို့နောက်စာရွက်ကို ဟယ်ရီ့ဆီသို့ ကမ်းပေးလိုက်သည်

ယင်းမှာ ပရောဖိတ်နေ့စဉ်သတင်းစာမှ ဖြတ်ယူထားခြင်းဖြစ်သည် သတင်းမှာ



"မှော်ဝန်ကြီးဌာနတွင် စုံစမ်းစစ်ဆေးမှုများပြုလုပ်နေခြင်း"

'မှော်ဝန်ကြီးဌာနရှိ လူသာမန်သုံးပစ္စည်းများ အလွဲသုံးစားပြုလုပ်မှုဆိုင်ရာ ဌာန၏ အကြီးအကဲမစ္စတာ အာသာဝီစလေကို ယနေ့ဒင်္ဂါးငွေငါးဆယ်(ဂယ်လီ ယန်)ချမှတ်လိုက်သည်။ အကြောင်းမှာ မစ္စတာဝီစလေသည် လူသာမန်တို့ သုံးစွဲ သောကားကို မှော်ပညာဖြင့် မန်းမှုတ်ကာ မောင်းနှင်ပျံသန်းခဲ့သောကြောင့်ဖြစ် သည်။ အဆိုပါကားသည် ယခုနှစ်အစောပိုင်းက ဟော့ဂဝပ်မှော်ကျောင်းတော်ကြီး အနီးတွင် ပျက်ကျခဲ့သည်။ ဟော့ဂဝပ်မှော်ကျောင်းတော်ကြီး၏ ကျောင်းအုပ်ချုပ် ရေးအဖွဲ့ဝင်တစ်ဦးဖြစ်သော မစ္စတာလူစီးယပ်မယ်ဖွိုင်းက မစ္စတာဝီစလေကို ရာထူးမှ နုတ်ထွက်စာတင်ရန် ယနေ့တောင်းဆိုလိုက်သည်။

'မစ္စတာဝီစလေဟာ ကျွန်တော်တို့ ဝန်ကြီးဌာနကို ဂုဏ်သိက္ခာကျအောင် လုပ်နေတာပဲ။ သူဟာကျွန်တော်တို့ရဲ့ ဥပဒေတွေကို ရေးဆွဲအကြံပြုဖို့ ရာထူးမျိုးနဲ့ ထိုက်တန်သင့်တော်တဲ့သူမဟုတ်ပါဘူး၊ သူ့ရဲ့ကြောင်စီစီနိုင်လှတဲ့ လူသားကာကွယ်ရေး ဥပဒေကိုချက်ချင်းဖျက်သိမ်းသင့်ပါတယ်' ဟု မစ္စတာမယ်ဖွိုင်းက သတင်းထောက် များကို ပြောကြားလိုက်သည်။

မစ္စတာဝီစလေက ထိုကိစ္စနှင့်ပတ်သက်၍ တစ်စုံတစ်ရာထုတ်ဖော်ပြောကြား ခြင်းမရှိသော်လည်း သူ၏ဇနီးဖြစ်သူကမူ သတင်းထောက်များအား လာရောက်မေး မြန်းစုံစမ်းခြင်းမပြုရန်နှင့် အကယ်၍ ဆက်လက်နှောက်ယှက်နေဦးမည်ဆိုပါက အိမ်မှဖုတ်ကောင်နှင့် ရှူးတိုက်လွှတ်မည်ဟု ပြောကြားလိုက်သည်။'

"ကိုင်း. . . ဒီကိစ္စကို ရယ်စရာကောင်းတယ်လို့ မထင်ကြဘူးလား. . ."

ဟယ်ရီက သူ့အား သတင်းစာဖြတ်ပိုင်းကို ပြန်ကမ်းပေးလိုက်စဉ် မယ်ဖွိုင်း က စိတ်မရှည်သည့်လေသံဖြင့် မေးလိုက်၏။ ဟယ်ရီက စိတ်ပျက်လက်ပျက်ဖြစ် နေသောလေသံဖြင့် ကြိုးစားပြီး ရယ်မောလိုက်ရ၏။

"ဟား. . . ဟား. . . ."

www.burmeseclassic.com

www.burmeseclassic.com



မယ်ဖွိုင်းက မဲ့ရွဲ့ကာလှောင်ပြောင်သရော်လိုဟန်အပြည့်ဖြင့်

"အာသာဝီစလေက လူသာမန်တွေကို ဒီလောက်တောင်ချစ်နေရင်လည်း သူ့ဆေးတောင်ဝှေးကို ထက်ပိုင်းချိုးပစ်ပြီး လူတွေကြားထဲသွားနေလိုက်ဖို့ကော တယ်၊ သူတို့လုပ်နေတဲ့ပုံကိုကြည့်ရင် ဝီစလေမိသားစုဟာ မှော်သွေးမျိုးရိုးစစ် က ဆင်းသက်လာတယ်လို့ ဘယ်လိုမှထင်မှတ်စရာအကြောင်းမရှိဘူး"

ရွန်တစ်ဖြစ်လဲ ခရက်ဘီ၏မျက်နှာရှုံ့မဲ့ပုံပျက်နေလေသည်။

"မင်း ဘာဖြစ်နေတာလဲ ခရက်ဘီ"

ဟု မယ်ဖွိုင်းက စိတ်ဆိုးမာန်ဆိုးနှင့် ပြောလိုက်၏။ ရွန်က အင့်ခနဲဖြစ်သွ ပြီး

"ဗိုက်အောင့်နေလို့ကွ"

"အဲဒါဆိုလည်း ဆေးရုံသွားပေါ့ကွာ၊ ပြီးတော့ လူသွေးပါတဲ့ မျိုးမစစ်တွေ ငါ့ကိုယ်စား တစ်ချက်စီလောက် ကန်ခဲ့စမ်းပါ။ ဒါနဲ့ပရောဖက်နေ့စဉ်သတင်းစာ မှာ ငါတို့ကျောင်းကတိုက်ခိုက်ခံရတဲ့ သတင်းတွေဘာဖြစ်လို့ ခုချိန်ထိမပါသေး လဲ ဆိုတာကို ငါအံ့ဩနေမိတယ်"

ဟု မယ်ဖွိုင်းက တွေးတွေးဆဆဖြင့် ပြောလိုက်၏။ ထို့နောက် သူကပင်ဆ ၍

"ငါ့အထင်ပြောရရင်တော့ ဒမ်ဘယ်ဒိုးက ဒီကိစ္စတွေအားလုံးကို လူမသိ မသိဖုံးထားချင်တဲ့ပုံပဲ။ သူသာဒီကိစ္စကိုအချိန်မီမတားဆီးနိုင်ရင်တော့ ကျောင်းအု ဆရာကြီးအဖြစ်က နှုတ်ထွက်ရလိမ့်မယ်။ ဒမ်ဘယ်ဒိုးလိုလူမျိုး ဒီမှာကျောင်းအု လာဖြစ်တာ အဆိုးရွားဆုံးဖြစ်ရပ်တစ်ခုပဲ။ သူက လူသာမန်ကမွေးတဲ့သူတွေ တော်တော်ချစ်မြတ်နိုးတာကွ။ ဟိုးအစဉ်အဆက်ကျောင်းအုပ်ကြီးတွေသာ ခရီဗီလို နှပ်ချေးမျိုးကိုကျောင်းဝင်ခွင့်ပေးမှာမဟုတ်ဘူးကွ"



မယ်ဖွိုင်းက လက်ကိုကင်မရာပုံလုပ်ကာ ကိုလင်ဓါတ်ပုံရိုက်သလို အမူ အယာမျိုးလုပ်လိုက်ပြီး

"ပေါ်တာ. . . ဓါတ်ပုံတစ်ပုံလောက် ရိုက်ပါရစေ ပေါ်တာ၊ ကျွန်တော့်ကို အမှတ်တရ လက်မှတ်ကလေးထိုးပေးနိုင်မလား၊ ကျေးဇူးပြုပြီး ကျွန်တော်ခင်ဗျားရဲ့ ဖိနပ်ကြိုးတွေ ချည်ပေးပါရစေ. . . ဟယ်ရီပေါ်တာ"

သူကလက်ကို ပြန်ချလိုက်ပြီး ဟယ်ရီနှင့် ရွန်တို့ကိုကြည့်လိုက်ရင်း

"မင်းတို့နှစ်ကောင် ဘာဖြစ်နေကြတာလဲ"

ဟယ်ရီနှင့်ရွန်တို့က ဟန်လုပ်ဖျစ်ညှစ်ကာ ရယ်မောရန်ကြိုးစားသော်လည်း အချိန်စွာနောက်ကျသွားလေပြီ။ သို့ရာတွင် မယ်ဖွိုင်းကတော့ ကျေနပ်သွားပုံရသည်။ ခရက်ဘီနှင့် ဂွိုင်လီတို့မှာ အမြဲလိုလိုပင် လေးကန်တုံ့ဆိုင်းတတ်ကြသူများမဟုတ် ပါလား။

"သူတော်ကောင်းကြီးပေါ်တာ. . . လူသွေးပါတဲ့မျိုးမစစ်တွေရဲ့ သူငယ်ချင်း။ သူလည်း စုန်းကဝေတစ်ဦးရဲ့ ခံယူချက်မရှိတဲ့သူတစ်ယောက်ပဲကွ၊ လူတွေက သူ့ကိုများ စလီသရင်ရဲ့အမွေခံလို့ထင်နေကြသတဲ့"

ဟယ်ရီနှင့် ရွန်တို့နှစ်ဦးစလုံး အသက်ပင်မရှူဘဲအောင့်ထားကြ၏။ မယ်ဖွိုင်း မှာ သူဖြစ်ကြောင်းပြောတော့မည်မှာကျိန်းသေနေလေပြီ။ သို့ရာတွင်မယ်ဖွိုင်းက ဆက်ပြီး

"စလီသရင်ရဲ့ အမွေခံဘယ်သူလဲဆိုတာ ငါသိရင်သိပ်ကောင်းမှာပဲ၊ ဒါဆို ငါတို့ သူ့ကို ကူညီလို့ရတာပေါ့"

ရွန်က

"ဒီကိစ္စရပ်တွေကို ဘယ်သူနောက်ကွယ်ကကြိုးကိုင်နေမှန်းတော့ မင်းနည်း နည်းပါးပါး တွက်ဆမိတယ်မဟုတ်လား"

မယ်ဖွိုင်းက ဒေါသတကြီးဖြင့်

www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စ ငါမသိဘူးဆိုတာ မင်းလည်းအသိသားနဲ့ဂွိုင်လီရာ. . .၊ ငါမသိပါဘူးလို့ မင်းကိုငါဘယ်နှစ်ခါပြောရဦးမှာလဲ၊ အင်း. . . နောက်တစ်ခေါက် မိစ္ဆာခန်းဆောင်ထပ်ပွင့်သွားတဲ့အချိန်ကစပြီး အဖေကငါ့ကို ဘာမှမပြောပြတော့ဘူးကွ၊ လွန်ခဲ့တဲ့နှစ်ပေါင်း ငါးဆယ်လောက်ကလည်း အဲဒီခန်းဆောင်က တစ်ခါပွင့်ခဲ့ဖူးတယ်လေ။ အဲဒီတုန်းက ငါ့အဖေတို့ခေတ်တော့ မဟုတ်သေးဘူးပေါ့။ ဒါပေမယ့် ဒီအကြောင်းတွေကို သူအကုန်သိတယ်။ သူကမိစ္ဆာခန်းဆောင်ကိစ္စကို လျှို့ဝှက်ထားရမယ်တဲ့။ ငါသိတာတွေသိပ်များနေရင် ငါ့ကိုသံသယဝင်ကြမှာစိုးလို့တဲ့၊ ဒါပေမယ့် ငါသိတာတစ်ခုတော့ရှိတယ်။ မိစ္ဆာခန်းဆောင် နောက်ဆုံးပွင့်ခဲ့တဲ့အချိန်တုန်းက လူသေသွားပါတဲ့ မျိုးမစစ်တစ်ယောက်သေသွားခဲ့တယ်။ ဒီတစ်ခါတော့ အသတ်ခံရမယ့်သူဟာ ဟာမီယွန်ဖြစ်မှာပဲ"

ရွန်က လက်သီးကိုကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်မိ၏။ အကယ်၍ ရွန်က စိတ်မထိန်းနိုင်ဘဲ မယ်ဖွိုင်းကိုလက်သီးဖြင့် ထထိုးလိုက်လျှင် ပြေးပေါက်မှားနေရမည်ကိုတွေးမိသော ဟယ်ရီက ရွန့်ကိုသတိပေးသည့်အကြည့်ဖြင့် လှမ်းကြည့်လိုက်ပြီး

"ပြီးခဲ့တဲ့အခေါက်က မိစ္ဆာခန်းဆောင်ဖွင့်တဲ့သူကို ဖမ်းလို့မိသွားသလားဆိုတာ မင်းသိလား. . ."

မယ်ဖွိုင်းက

"ဘယ်သူပဲဖွင့်ဖွင့် အဲဒီလူကို ကျောင်းထုတ်လိုက်ကြမှာသေချာတယ်၊ ခုချိန်ထိတောင် 'အက်ဇ်ကာဘန်'အကျဉ်းထောင်ထဲမှာပဲ ရှိနေဦးမလားမသိဘူး"

"ဘာ. . . အက်ဇ်ကာဘန် ဟုတ်လား. . ."

ဟယ်ရီတစ်ယောက် ပဟေဠိဖြစ်သွား၏။ မယ်ဖွိုင်းက

"အက်ဇကာဘန်ဆိုတာ မှော်အကျဉ်းထောင်ကြီးတစ်ခုပေါ့ ဂွိုင်လီရဲ့" ဟုပြောရင်း သူ့ကိုမယုံကြည်သလိုကြည့်လိုက်သည်။



"မင်း အဲသလောက်မတောင်တုံးနေရင်တော့ ခေတ်နောက်ကျပြီး ကျန်ခဲ့လိမ့်မယ်"

သူကခုံပေါ်တွင် ဂနာမငြိမ်စွာထိန်းရင်း

"ငါ့အဖေက ပြောဖူးတယ်၊ စလီသရင်ရဲ့ အမွေခံပုဂ္ဂိုလ်ပေါ်ပေါက်လာရင် ဒီဦးခေါင်းကိုတောင်ညွှတ်ပြီးသူနင်းဖို့ လမ်းခင်းပေးရမယ်တဲ့၊ အဖေကိုယ်တိုင်ကလည်း ဟောဒီမှာမှော်မျိုးသန့်တွေနဲ့ မျိုးမစစ်တွေရောနေတာကို မကြိုက်ဘူး၊ လူကမွေးတဲ့မျိုးမစစ်တွေကို ဒီကျောင်းကနေရှင်းပစ်ရမယ်လို့သူကပြောတယ်။ ဒါနဲ့လောလောဆယ်တော့ ငါ့အဖေလည်း ပြဿနာတက်နေတယ်။ ပြီးခဲ့တဲ့အပတ်တုန်းက မှော်ဝန်ကြီးဌာနက ပုဂ္ဂိုလ်တွေ ငါတို့ရဲ့အိမ်ကြီးကို ဝင်ရှာကြသေးတယ်ကွ သိလား"

ဟယ်ရီက ဂွိုင်လီ၏ထုံထိုင်းထိုင်းမျက်နှာကို စိတ်ဝင်တစား နိုးကြားပုံပေါက်အောင် မနည်းကြိုးစားထားရ၏။ မယ်ဖွိုင်းကဆက်၍

"အေး. . . ဒါပေမယ့် ကံကောင်းချင်တော့ ဘာမှဟုတ်တိပတ်တိတွေ့မသွားဘူး။ အဖေ့ဆီမှာ မိစ္ဆာအောက်လမ်းပညာနဲ့ပတ်သက်လို့ အရမ်းတန်ဖိုးရှိတဲ့ဟာတွေရှိတယ်။ ဒါပေမယ့် ကံဖယ်တယ်ပဲပြောရမလား. . ငါတို့မိသားစုက တို့ရဲ့လျှို့ဝှက်ချက်တွေမှန်သမျှကို ပုံဆွဲခန်းကြမ်းပြင်အောက်. . ."

ရွန်က ထိတ်လန့်တကြားဖြင့်

"ဟိုက်. . ."

မယ်ဖွိုင်းရော၊ ဟယ်ရီပါ သူ့ကိုလှည့်ကြည့်လိုက်မိကြ၏။ သူ့ဆံပင်များသည် ရွန်၏နဂိုမူလပုံစံအတိုင်း အနီရောင်သို့ ပြောင်းစပြုနေလေပြီ။ နှာခေါင်းမှာလည်း တစ်စထက်တစ်စ ပြန်ရှည်ထွက်လာလေပြီ။ ဆေးရည်အစွမ်းပြယ်ချိန်ရောက်လာနိုင်ချေပြီတည်း။

ရွန်ကချာခနဲလှည့်ပြီး ကျောခိုင်းလိုက်၏။ သူ့ထံမှကြောက်စိတ်သည် ဟယ်ရီ့ထံသို့ ရုတ်ချည်းကူးစက်လာသည်။ သူလည်းရွန့်လိုပင်ဖြစ်နေပေတော့မည်။ ရွန်ရော

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီပါခုန်ထလိုက်မိ၏။ ရွန်ကအမောတကောဖြင့်

“ဗိုက်အောင့်လာလို့ ဆေးသွားသောက်လိုက်ဦးမယ်”

ဟုပြောပြီး စကားအပြန်ကိုမစောင့်တော့ဘဲ စလီသရင်စုပေါင်းနားနေဆောင် အဝဆီသို့ ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ပြေးတော့သည်။ သူတို့နှ ယောက်စလုံး ကျောက်သားနံရံကိုဖြတ်ကာ စကြိုန်လမ်းအတိုင်း တဟုန်ထိုးပြေး တက်ခဲ့ကြ၏။

စိတ်ထဲမှလည်း သူတို့ရုပ်သွင်ပြန်ပြောင်းလာသည်ကို မယ်ဖွိုင်းသတိမထား လိုက်မိပါစေနဲ့ဟု တောက်လျှောက်ဆုတောင်းလာခဲ့ကြ၏။ ပြေးရင်းလွှားရင်းနှ (သူ့နဂိုကိုယ်ခန္ဓာအချိုးအစားအတိုင်း ပြန်လည်သေးငယ်သွားရာ)ဟယ်ရီ၏ ခြေ ထောက်သည် ဂွိုင်လီ၏ဖိနပ်ထဲတွင် ချောင်ထွက်လာသည်ကို ခံစားရ၏။ ဝတ်ရုံ လည်းပွယောင်းယောင်းကြီးဖြစ်လာသည်။

သည်လိုနှင့်သူတို့သည် မှောင်မိုက်နေပြီဖြစ်သော အဝင်ခန်းမကြီးထဲသို့ အလဲလဲအပြိုပြိုဖြင့် ရောက်လာကြတော့၏။ ခရက်ဘီနှင့် ဂွိုင်လီတို့ကို သူတို့သော့ ခတ်ပိတ်ထားခဲ့ရာ တံမြက်စည်းထားသည့် အခန်းအတွင်းဘက်မှ တဝုန်းဝုန်းတိုင် ဒိုင်းထုနှက်နေသံများကြားရသည်။ သူတို့၏ဖိနပ်များကို ချွတ်ထားပေးခဲ့ပြီးသည်နှ ငိုချင်းသည် သရဲမ မာရတယ်၏အိမ်သာဆီသို့ ခြေကုန်သုတ်ခဲ့ကြလေတော့သည်။

အခန်းထဲသို့ရောက်သည်နှင့် တစ်ပြိုင်နက် ရွန်ကတံခါးကိုဝုန်းခနဲပိတ်လိုက် ပြီး

“ငါတို့လုပ်ခဲ့တာ အလဟသတော့မဖြစ်ပါဘူး၊ ကျောင်းထဲမှာ ပြဿနာတိုက် နိုက်နေတာ ဘယ်သူလက်ချက်ဆိုတာတော့ မသိရသေးဘူး။ ဒါပေမယ့် အခြေ ထွက်တာက မနက်ဖြန်ဆိုရင်ငါ့အဖေဆီကိုစာရေးပြီး မယ်ဖွိုင်းတို့မိသားစုရဲ့ပုံ ခန်းကြမ်းပြင်အောက်ကို ရှာဖွေဖို့ပြောလို့ရပြီ”

ဟယ်ရီက ကွဲကြေနေသော မှန်ထဲတွင် သူ့ရုပ်သူပြန်ကြည့်လိုက်၏။ နဂို



အတိုင်းပြန်ဖြစ်နေလေပြီ။ ထို့ကြောင့်သူက မျက်မှန်ကိုတပ်လိုက်၏။ ရွန်ကတော့ ယခုအချိန်ထိ ထွက်မလာသေးသည့် ဟာမီယွန်၏ အခန်းကိုတဒုန်းဒုန်း ထုရင်း . .

“ဟာမီယွန်၊ ထွက်လာခဲ့တော့လေ၊ နင့်ကိုပြောပြစရာတွေ တစ်ပုံတစ်ခေါင်း ကြီးပဲ”

“သွား . . . နင်တို့နှစ်ယောက်စလုံး ဝေးဝေးသွားနေကြ”

ဟယ်ရီနှင့်ရွန်တို့က တစ်ဦးကိုတစ်ဦး နားမလည်စွာကြည့်လိုက်မိကြ၏။ ရွန်က

“ဘာဖြစ်လို့လဲ၊ အခုချိန်လောက်ဆို နင်လည်းနဂိုရုပ်အတိုင်းပြန်ဖြစ်လောက် ရောပေါ့ . . ငါတို့တောင် . . .”

ငိုချင်းသည် သရဲမ မာရတယ်က အိမ်သာခန်းထဲမှ လျှောခနဲထွက်လာ သည်။ ထိုသရဲမ သည်လောက်ပျော်ရွှင်နေပုံမျိုး ဟယ်ရီတို့ တစ်ခါမှ မမြင်ဖူးကြ သရဲမက

“ဟား . . ဟား . . . ဟီး . . ဟီး . . ဘယ်လောက်အဖြစ်ဆိုးနေတယ်ဆိုတာ တွေ့ရတဲ့အထိ စောင့်ကြည့်လိုက်ကြဦး”

ထိုအချိန်တွင် အိမ်သာတံခါးသော့ဖွင့်သံကြားရပြီး ဟာမီယွန်က တရှုံ့ရှုံ့ငို ရှိုက်ရင်းထွက်လာသည်။ မျက်နှာကိုမမြင်ရစေရန် သူမ၏ဝတ်ရုံကြီးကိုလည်း ခေါင်းမြီးခြုံထား၏။

ရွန်က

“ဘာဖြစ်တာလဲ နင့်မျက်နှာပေါ်မှာ ခုချိန်ထိ မီလီဆင့်ရဲ့နှာခေါင်းကြီး ကျန် နေသေးလို့လား၊ ဒါမှမဟုတ် ဘာဖြစ်နေလို့လဲ”

ဟာမီယွန်က ဝတ်ရုံစကို မျက်နှာပေါ်မှ ခွါပြလိုက်၏။ ရွန်က အထိတ်တ လန့်ဖြင့် နောက်သို့ဆုတ်သွားသည်။

ဟာမီယွန်၏ မျက်နှာတစ်ခုလုံးကို အနက်ရောင်အမွေးများက ဖုံးလွှမ်းထား

www.burmeseclassic.com

www.burmeseclassic.com



သည်၊ မျက်လုံးများကတော့ အဝါရောင်တစ်လက်လက်တောက်ပနေကြ၏။ နောက်ပြီးသူမ၏ ဆံပင်များကြားထဲမှ ရှည်လျားချွန်ထက်သော နားရွက်ကလေးနှစ်ဘက်ထောင်နေလေသည်။ ဟာမီယွန်က ငိုကြွေးလျှက်

"ငါထည့်လိုက်တဲ့အမွေးက ကြောင်မွေးဖြစ်နေတယ်။ မီလီဆင့်ဘူးစထရုတ်ဆီမှာ ကြောင်တစ်ကောင်မွေးထားပုံရတယ်။ ငါတို့စပ်တဲ့ဆေးရည်က တိရိစ္ဆာန်အသွင်ပြောင်းဖို့ ဖော်စပ်ထားတာမှမဟုတ်တာ။ အဲဒီတော့ မတော်တရော်တွေဖြစ်တုန်တာပေါ့"

"ဟိုက်. . . ဗုက္ခပဲ"

ဟု ရွှန်ကညည်းလိုက်၏။ သရဲမ မာရတယ်ကတော့

"ကောင်းတယ်၊ နင့်ကိုလူတွေက စုတ်ပြတ်သတ်သွားအောင် ဝိုင်းလှောင်ကြလိမ့်မယ်"

ဟယ်ရီက

"ကိစ္စမရှိဘူးဟာမီယွန်၊ နင့်ကိုငါတို့ ဆေးရုံခေါ် သွားကြမယ်။ သူနာပြုဆရာမကြီး မဒမ်ပွန်ဖရေက တောင်တောင်အီအီတွေလျှောက်မမေးတတ်ပါဘူးဟာ"

ဟာမီယွန်ကို အိမ်သာထဲမှထွက်ရန် အချိန်အတော်ကြာအောင် ဖျောင်းဖျရသည်။ ငိုချင်းသည်သရဲမကတော့ ဟားတိုက်ရယ်ရင်းကျန်ခဲ့၏။

"နင့်မှာအမြီးတစ်ချောင်းပေါက်နေတာ လူတွေမြင်သွားကြပါစေဦး"

❑

အခန်း (၁၃)

---

ထူးဆန်းသောဒိုင်ယာရီစာအုပ်လေးတစ်အုပ်

www.burmeseclassic.com

www.burmeseclassic.com

ဟာမီယွန်ခမျာ ရက်သတ္တပတ် အတန်ကြာခန့် ဆေးရုံ၌နေရဦးမည်ဖြစ်သည်။ ခရစ်စမတ်ကျောင်းပိတ်ရက်များကုန်လွန်၍ ကျောင်းသားကျောင်းသူများ ဟော့ဝပ်ကျောင်းတော်ကြီးသို့ ပြန်ရောက်လာကြသောအခါ သူမ ပျောက်ချင်းမလှ ပျောက်နေသည့်ကိစ္စနှင့်ပတ်သက်၍ အမျိုးမျိုးထင်ကြေးပေးနေကြ၏။ အဘယ်ကြောင့်ဆိုသော် အားလုံးကသူမတိုက်ခိုက်ခံလိုက်ရပြီဟု တွေးမိကြသောကြောင့်ပင်ဖြစ်သည်။

ကျောင်းသားများက ဆေးရုံသို့လာကြပြီး ဟာမီယွန့်ကို မြင်ရနိုးနိုး ပြူတစ်ပြူတစ်ချောင်းမြောင်းကြ၏။ ထို့ကြောင့် မဒမ်ပွန်ဖရေက ဟာမီယွန်၏ကုတင်ပတ်ပတ်လည်ကို ကန့်လန့်ကာများဖြင့် ကာထားပေးရသည်။ ဟာမီယွန့်အနေဖြင့် သူ၏ အမွှေးထူထူမျက်နှာကြီးကို လူမြင်ခံရမှာစိုးနေမည်ဖြစ်သောကြောင့်ပင်။

ဟယ်ရီနှင့်ရွန်တို့ကမူ ညနေတိုင်းသူမထံ လူနာသတင်းသွားမေး၏။ ပညာသင်ကာလတစ်ခုအသစ်စချိန်တွင် သူတို့က ဟာမီယွန့်အတွက် အိမ်စာများကိုနေ့စဉ်ယူလာပေးကြသည်။

www.burmeseclassic.com



"ငါသာမျက်နှာတစ်ခုလုံး ပါးမုန်းမွေးတွေပေါက်နေရင် စာမလုပ်ဘဲ နား
နေနေ နေမှာပဲ"

ရွန်က စာအုပ်အထပ်လိုက်ကြီးကို ဟာမီယွန်နဲ့ကုတင်ဘေးရှိ စားပွဲပေါ်
တင်ရင်းပြောလိုက်၏။

"မရှုးစမ်းပါနဲ့ရွန်ရယ်၊ ငါကတော့ ဇွဲမလျှော့ဘဲ ဆက်လုပ်နေဦးမှာသိလ

ဟု ဟာမီယွန်က အာသွက်လျှာသွက်ဖြင့် ပြန်ပြောလိုက်သည်။ သူမ၏မျ
နှာပေါ်မှအမွေးများ ကင်းစင်သွားပြီး မျက်လုံးများမှာ တစ်ဖြည်းဖြည်းချင်း နဂို
အညိုရောင်သို့ပြန်ပြောင်းစပြုနေပြီဖြစ်သောကြောင့် သူမမှာအလွန်တရာ စိတ်
တက်ကြွနေလေသည်။

"နင်တို့ကို ဦးဆောင်မယ့်လူအသစ်ရနေပြီလား. . ."

သူမက မဒမ်ပွန်ဖရေမကြားအောင် တီးတိုးမေးလိုက်၏။

"မရပါဘူးဟာ"

ဟု ဟယ်ရီက စိတ်ပျက်လက်ပျက်ဖြင့် ပြန်ပြောလိုက်သည်။ ရွန်က

"ငါကတော့ မိစ္ဆာအမွေခံဟာ မယ်ဖွိုင်းလို့ အခိုင်အမာယူဆထားတယ်

ဟု ပြောလိုက်၏။ သူထိုစကားကို ပြောသည်မှာ အကြိမ်တစ်ရာခန့်ရှိပြ
သည်။

"အဲဒါက ဘာလဲ"

ဟယ်ရီက ဟာမီယွန်၏ ခေါင်းအုံးအောက်မှ ထိုးထွက်နေသော ရွှေရေ
အစလေးတစ်စကို ညွှန်ပြရင်းမေးလိုက်၏။

"နေကောင်းအောင်ဆုတောင်းပေးတဲ့ကဒ်ပါဟာ"

ဟု ဟာမီယွန်က တုံ့ဆိုင်းဆိုင်းနှင့်ပြောရင်းထိုပစ္စည်းကို ဖွက်ဖို့ကြိုးစား



သည်။ သို့ရာတွင်ရွန်က သူမထက်လက်မြန်၏။ သူကထိုကဒ်ကိုဆွဲယူလိုက်ပြီး
ချတ်ခနဲဖွင့်ကာ ကျယ်လောင်စွာအော်ဖတ်လိုက်၏။

*"သို့. . . မစ္စဂရင်ဂါ၊ မင်း အမြန်ဆုံးကျန်းမာပါစေလို့ ဆန္ဒပြုပါတယ်။*

*မှ. . . သင့်အတွက် စိုးရိမ်ပူပန်နေသည့်ဆရာ ပရော်ဖက်ဆာ ဂေဒီရွိုင်လော့*
*ဟတ်၊ မာလင်တတိယအဆင့်၊ အောက်လမ်းမိစ္ဆာနှိမ်နင်းရေးအသင်းကြီး၏ ဂုဏ်*
*ထူးဆောင်အဖွဲ့ဝင် 'စုန်းကဝေအောပတ်စဉ်' ၏ စွဲမက်ဖွယ်အကောင်းဆုံး အပြုံး*
*ပိုင်ရှင်ဆု ငါးထပ်ကွမ်းဆွတ်ခူးထားသူ"*

ရွန်က ဟာမီယွန့်ကိုရွံရှာသလို မော့ကြည့်လိုက်ရင်း

"နင် ဒီကဒ်ကို ခေါင်းအုံးအောက်မှာ ထားအိပ်တယ်ဟုတ်လား"

မဒမ်ပွန်ဖရေက ညနေခင်းသောက်ရန်ဆေးများကို လာရောက်တိုက်ကျွေး
သောကြောင့် ရွန်၏မေးခွန်းကို ဟာမီယွန်ပြန်ဖြေရမည့်ဒုက္ခမှ သက်သာသွားသည်။

"လော့ဟတ်က မင်းတွေ့ဖူးသမျှထဲမှာ မျက်နှာလိုမျက်နှာရ အလုပ်ဆုံးသူ
သား၊ ဒါမှမဟုတ် ဘယ်လိုထင်လဲ"

သူတို့နှစ်ယောက် အိပ်ဆောင်မှထွက်ကာ ဂရစ်ဖင်ဒေါ မျှော်စင်ဆီသို့
လှေကားထစ်များအတိုင်းတက်လာကြစဉ် ရွန်က ဟယ်ရီကိုမေးလိုက်ခြင်းဖြစ်သည်။
စနိပ်ကသူတို့ကို အိမ်စာများတောင်ပုံယာပုံပေးလိုက်သောကြောင့် ဟယ်ရီသည်
သူဆဋ္ဌမနှစ်လောက်ရောက်မှ ထိုအိမ်စာတွေလုပ်လို့ပြီးတော့မှာပဲဟု တွေးနေမိ
သည်။ ရွန်ကတော့ ဆံပင်ပေါက်ဆေးထဲသို့ ကြွက်အမြီးဘယ်နှစ်ချောင်းလောက်
ထည့်လို့ရမယ်ထင်သလဲဆိုတာ ဟာမီယွန့်ကို မေးလို့ရရင်ကောင်းမယ် ဟု ပြောနေ
၏။ ထိုစဉ် သူတို့ဦးခေါင်းထက်ရှိကြမ်းပြင်ပေါ်မှ ဒေါသတကြီးပေါက်ကွဲနေသံကို
ကြားလိုက်ကြရသည်။

"အဲဒါ ဖေ့ချ်ပဲဖြစ်မယ်"

www.burmeseclassic.com



သူတို့နှစ်ယောက် လှေကားထစ်များပေါ် ကပျာကယာပြေးတက်လာကာ ခဏရပ်၍ မမြင်အောင်ပုန်းပြီး နားစွင့်နေကြစဉ် ဟယ်ရီက ခပ်အုပ်အုပ်ပြောလိုက်၏၊ ရွန်က

"တစ်ယောက်ယောက်တိုက်ခိုက်ခံရပြီလို့ မင်းမထင်ဘူးလား. . ."

သူတို့နှစ်ယောက်သည် ဖေ့ချ်အသံထွက်ပေါ်လာရာဘက်သို့ ဦးခေါင်းများကို စောင်းကာ ရပ်ပြီးနားစွင့်ထားကြ၏။ ဖေ့ချ်အသံက အတော်ပင်ဒေါသပုန်ထနေပုံ ရသည်။

"ငါ့ကို အလုပ်ရှုပ်အောင်လုပ်တယ်၊ တစ်ညလုံးကြမ်းပဲတိုက်နေရတယ်၊ ငါ့မှာ ဘာမှလုပ်စရာမရှိတာကျနေတာပဲ၊ ဒါနောက်ဆုံးသည်းခံခြင်းပဲ၊ ငါ ဒမ်ဘယ်ဒိုးကိုသွားတိုင်မှဖြစ်. . ."

ဖေ့ချ်၏ခြေသံများက တစ်ဖြည်းဖြည်းချင်း ဝေးသွားပြီး ခပ်လှမ်းလှမ်းမှ တံခါးတစ်ချပ်ဆောင့်ပိတ်သံကို ဟယ်ရီတို့ကြားလိုက်ရသည်။

ဟယ်ရီတို့သည် စကြိန်ထောင့်ချိုးမှ ခေါင်းပြူပြီး ကြည့်လိုက်ကြ၏။

သူတို့သည် ဖေ့ချ်၏ကြောင်မကြီး မစ္စနောရစ်တိုက်ခိုက်ခံခဲ့ရသော နေရာသို့ တဖန်ပြန်ရောက်နေကြခြင်းဖြစ်သည်။

ဟယ်ရီတို့သည် ဘာကြောင့်ဖေ့ချ်အော်ဟစ်နေရတာလဲဟု တစ်ချက်ငေ့ကြည့်ပြီးကြည့်လိုက်ကြ၏။ ကြီးမားသော ရေအိုင်ကြီးတစ်ခုက ကော်ရစ်ဒါတစ်ဝက်ခန့်အား နေရာယူထားသည်ကို သူတို့တွေ့လိုက်ကြရသည်။ ကြည့်ရသည်မှာ ထိုရေများသည် ငိုချင်းသည်သရဲမ မာရတယ်၏အိမ်သာအခန်းတံခါးအောက်မှ စီးထွက်လာပုံရသည်။ ယခုဖေ့ချ်အော်သံတိတ်သွားပြီးနောက် အိမ်သာနံရံများကို ပဲ့တင်ထပ်ရိုက်ခတ်နေသော ငိုချင်းသည် သရဲမ မာရတယ်၏ငိုသံကို သူတို့ကြားလိုက်ကြရသည်။ ရွန်က



"အခု မာရတယ် ဘာဖြစ်ပြန်ပြီလဲမသိဘူး"

"သွားကြည့်ကြရအောင်"

ဟု ဟယ်ရီက ပြောလိုက်၏။ ဟယ်ရီတို့သည် ဝတ်ရုံများကို ဒူးခေါင်းများဆီသို့လက်ဖြင့်မတင်ကာ ရေအိုင်ကြီးကိုနင်းလျှောက်ရင်း သူတို့အမြဲလျစ်လျူရှုနေကျဖြစ်သော 'ပျက်နေသည်' ဟုဆိုင်းဘုတ်ချိတ်ထားသည့် တံခါးပေါက်မှဖြတ်ကာ အထဲသို့ဝင်လာခဲ့ကြသည်။ ငိုချင်းသည် သရဲမ မာရတယ်က ခါတိုင်းထက်ပိုမိုကျယ်လောင်စွာ အော်ငိုနေ၏။ သူမသည် ယခင်အိမ်သာခန်းထဲ၌ပင် ပုန်းအောင်းနေပုံရသည်။ ရေချိုးခန်းထဲ၌ အမှောင်ထုက ကြီးစိုးနေသည်။ အဘယ်ကြောင့်ဆိုသော် ရေများဒလဟောထွက်လာခြင်းကြောင့် ကြမ်းပြင်နှင့်တကွ ဟိုဘက်ဒီဘက်နံရံနှစ်ခုလုံးကိုပါ စိုရွှဲသွားစေသည်ဖြစ်ရာ ထွန်းထားသော ဖယောင်းတိုင်များ ငြိမ်းသွားသောကြောင့်ဖြစ်၏။

"ဘာဖြစ်လို့လဲ မာရတယ်"

ဟု ဟယ်ရီက မေးလိုက်။ မာရတယ်က စိတ်မသက်မသာဖြင့်

"ဘယ်သူလဲ ငါ့ကိုစာအုပ်တွေနဲ့ ထပ်ပေါက်ဦးမလို့လား. . ."

ဟယ်ရီက ရေများကြားမှ သူမ၏အိမ်သာခန်းဆီသို့ ခဲရာခဲဆစ်ဖြတ်လျှောက်သွားရင်း -

"ငါက ဘာဖြစ်လို့ နင့်ကိုတစ်စုံတစ်ခုနဲ့ ပစ်ပေါက်ရမှာလဲ"

"ငါ့ကိုမမေးပါနဲ့၊ ဒီမှာငါ့အလုပ်ငါလုပ်နေတုန်း စာအုပ်နဲ့ငါ့ကိုပေါက်ရတာ ရယ်စရာကောင်းမယ်လို့ တစ်ယောက်ယောက်က ထင်နေပုံရတယ်"

ယခုချိန်ထိ ထွက်နေဆဲဖြစ်သည့် ရေများက ကြမ်းပြင်ပေါ်တွင် အိုင်ထွန်းနေကြသည်။ ထို့ကြောင့် မာရတယ်ထွက်လာသောအခါ လှိုင်းဂယက်ရိုက်ခတ်သွား၏။

ဟယ်ရီက ဖျောင်းဖျောင်းဖျဖျဖြင့်

www.burmeseclassic.com

www.burmeseclassic.com



"ပေါက်တယ်ဆိုလည်း နင့်အဖို့နာကျင်တာမှမဟုတ်တာ။ ဒီလိုလေ ငါပြော ချင်တာက ပေါက်လိုက်တဲ့ပစ္စည်းဟာ နင့်ကိုယ်ကိုဖောက်ပြီးထွက်သွားတာပဲမဟုတ် လား. . ."

ဟယ်ရီပြောလိုက်သော စကားက သရဲမကို ပို၍ဝမ်းနည်းအောင် လုပ်လိုက် သလို ဖြစ်သွား၏။ မာရတယ်က စူးစူးဝါးဝါးအသံဖြင့်

"ရှိရှိသမျှစာအုပ်အပေါင်းနဲ့ ဟော့ဒီက ကံဆိုးမ မာရတယ်ကို ပေါက်ကြ တော့ရှင်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မခန္ဓာကိုယ်က ထိလို့မှထိမှန်းမသိ၊ နာလို့ နာမှန်းမှမသိတဲ့ဘဝရောက်နေမှကိုး. . . ကဲ. . ကဲ. . ပျော်စရာကောင်းတဲ့ကစား ကြီးနော် ကျွန်မဗိုက်ကို ထိအောင်ပေါက်နိုင်ရင် ဆယ်မှတ်၊ ခေါင်းတည့်တည့်မှန်ရင် အမှတ်ငါးဆယ်ရမယ်။ ကဲ ဘယ်သူကစားကြဦးမလဲတော်ရို့. . ."

ဟယ်ရီက ငိုကြောမြန်မြန်ပြတ်အောင်

"နင့်ကို ဘယ်သူက ပေါက်လိုက်တာလဲ"

"မသိဘူးလေ၊ ရေပိုက်အကွေးကြားမှာထိုင်ပြီး ငါသေခဲ့ရတဲ့အကြောင်း ငါ့ဘာသာ ပြန်စဉ်းစားနေတုန်း အဲဒီဟာက ငါ့ခေါင်းကိုတည့်တည့်လာမှန်တာ အဲဒီပစ္စည်းက ဟောဟိုမှာကျနေတယ်"

"ဟယ်ရီနှင့်ရွန်တို့က မာရတယ်ညွှန်ပြရာကမုတ်ခွက်အောက်ဘက်ဆီသို့ လှမ်းကြည့်လိုက်ကြ၏။ သေးငယ်သော စာအုပ်ပါးပါးလေးတစ်အုပ်ကို မြင်ရသည်။ အနက်ရောင်စာအုပ်အဖုံးက ဟောင်းနွမ်းစုတ်ပြတ်လျက်။ ထိုစာအုပ်သည်လည်း အိမ်သာတွင်းရှိ အခြားအခြားသော အရာများလိုပင် ရွှဲရွှဲစိုနေလေသည်။ ဟယ်ရီက ရှေ့သို့တိုးသွားပြီး စာအုပ်ကိုလှမ်းကောက်ရန်ဟန်ပြင်လိုက်၏။ ရွန်က ဖြုန်းခနဲ လက်ကိုဖမ်းဆွဲထားသည်။

ဟယ်ရီက



"ဟင်. . . ဘာဖြစ်လို့လဲ"

"မင်းရူးနေလား၊ ဒါအန္တရာယ်ရှိနိုင်တယ်ကွ"

"အန္တရာယ် ဟုတ်လား၊ ဟား. . ဟား. . သွားစမ်းပါကွာ၊ ဘယ့်နှယ်လုပ်ပြီး ဒီလိုစာအုပ်လေးက အန္တရာယ်ရှိနိုင်ရမှာလဲ"

ရွန်ကတော့ စာအုပ်ကို အဆိပ်အတောက်ရှိသည့် သတ္တဝါတစ်ကောင်လို ကြည့်ရင်း

"မင်း မသိသေးဘူးနော်၊ တစ်ချို့စာအုပ်တွေက အန္တရာယ်ရှိလွန်းလို့ မှော် ဝန်ကြီးဌာနကတောင်မှ ဖမ်းရဆီးရ သိမ်းဆည်းရတာတွေရှိတယ်။ ငါ့အဖေပြော ဖူးတယ်။ အဲသလိုမျိုးစာအုပ်တွေထဲက တစ်အုပ်ဆိုရင် ဖွင့်ဖတ်လိုက်တာနဲ့ ဖတ်တဲ့ သူ့ရဲ့မျက်လုံးကို မီးလောင်ပြီးကန်းသွားစေတယ်။ နောက်ပြီး 'မှော်ဆရာရဲ့ကဗျာများ' ဆိုတဲ့ စာအုပ်ကို ဖတ်မိတယ်ဆိုရင် အဲဒီဖတ်မိတဲ့သူဟာ သူ့ဘဝတစ်သက်တာလုံး ဘာစကားပဲပြောပြော ပါးစပ်ထဲကထွက်သမျှဟာ ဟာသကဗျာတိုလေးတွေဖြစ်နေ ရောတဲ့။ တစ်ချို့စုန်းအိုကြီးတွေဆီမှာရှိတဲ့ စာအုပ်ဆိုရင် ဖတ်မိတာနဲ့ တစ်သက်လုံး စာအုပ်နဲ့မျက်နှာခွါလို့မရတော့ဘူးတဲ့။ စာအုပ်ကို လက်တစ်ဘက်က ကိုင်ထားပြီး ကျန်တဲ့လုပ်စရာမှန်သမျှလက်တစ်ဘက်နဲ့ပဲ လုပ်ရတော့တာပဲ၊ ပြီးတော့. . ."

"ဟုတ်ပါပြီလေ. . . ငါနားလည်ပါပြီ"

ဟု ဟယ်ရီက ပြောလိုက်သည်။

စာအုပ်ကလေးကတော့ စိုစွတ်နူးအိစွာဖြင့် ကြမ်းပြင်ပေါ် လဲလျောင်းနေသည် ဟယ်ရီက -

"ငါတို့ ဒီစာအုပ်ကိုမှ ဖတ်မကြည့်ရင်လည်း အဖြေဘာလဲဆိုတာ ရှာတွေ့ နိုင်မှာမဟုတ်ဘူး"

www.burmeseclassic.com



ဟု ပြောပြောဆိုဆိုနှင့် ရွန်အလစ်တွင် ဆတ်ခနဲငုံ၍ စာအုပ်ကိုကောက်လိုက်သည်၊

ယင်းကား ဒိုင်ယာရီစာအုပ်တစ်အုပ်ပင်။ အဖုံးပေါ်တွင်ရေးထိုးထားသော သက္ကရာဇ်အရ နှစ်ပေါင်းငါးဆယ်မျှကြာခဲ့ပြီဖြစ်ကြောင်း သိရသည်။ ပထမစာမျက်နှာကိုလှန်လိုက်သောအခါ စာအုပ်ပိုင်ရှင်၏အမည် 'တီ. အမ်. ရစ်ဒယ် (T.M Riddle) ကိုရေးထိုးထား၏။

ရွန်က သိချင်စိတ်ပြင်းပျစွာဖြင့် ဟယ်ရီ့အနားသို့ ကပ်ကာပုခုံးပေါ်မှကျော်ကြည့်ရင်း

"နေဦးကွ၊ ဒီနာမည်ကို ငါသိတယ်၊ ဟောဒီ တီအမ်ရစ်ဒယ်ဆိုတဲ့လူဟာ လွန်ခဲ့တဲ့နှစ်ပေါင်းငါးဆယ်လောက်တုန်းက ဒီကျောင်းအတွက် စွမ်းစွမ်းတမံဆောင်ရွက်ပေးခဲ့လို့ အထူးဆုရသွားဖူးတဲ့သူပဲ"

ဟယ်ရီက အံ့အားသင့်စွာဖြင့်

"မင်းဘယ်လိုလုပ်ပြီးတော့ သိတာလဲ"

"ငါ့ကိုဒဏ်ပေးတဲ့အနေနဲ့ ဖေ့ချ်ကဆုတံဆိပ်တွေ၊ ဒိုင်းတွေကို ပြောင်လက်အောင်တိုက်ခိုင်းတာ မှတ်မိသေးလား။ ငါကြို့ထိုးပြီး ပါးစပ်က ပက်ကျိတွေထွက်ထွက်ကျလာတုန်းကလေကွာ။ ဆုတံဆိပ်နာမည်တစ်ခုကိုပဲ ပြောင်လက်အောင် တစ်နာရီလုံးလုံး မင်းပွတ်တိုက်ခဲ့ရမယ်ဆိုရင် မင်းလည်းဒီနာမည်ကို အရိုးစွဲအောင် မှတ်မိနေမှာပါပဲ"

ဟယ်ရီက ရေစိုနေသော စာမျက်နှာများကို လက်ဖြင့်ခွါလိုက်၏။ စာမျက်နှာများက လုံးဝဗလာနတ္တိဖြစ်နေကြသည်။ 'အန်တီမာဘယ်ရဲ့မွေးနေ့' 'ဂျွားနတ်ဆရာဝန်ထံသွားရန် ညနေသုံးနာရီခွဲ' စသည့် စာသားမျိုးတစ်ကြောင်းတစ်လေကိုပင် ထိုစာမျက်နှာများပေါ်တွင် ရေးထားသည့် အရိပ်အယောင်ကိုမတွေ့ရပေ။



"သူ ဒီစာအုပ်ထဲမှာ တစ်ခါမှ မရေးမှတ်ခဲ့ဘူးနဲ့တူတယ်"

ဟု ဟယ်ရီက စိတ်ပျက်လက်ပျက်နှင့် ပြောလိုက်သည်။

ရွန်က သိလိုစိတ်ပြင်းပြစွာဖြင့်

"ဘာကြောင့်များ ဒီစာအုပ်ကို တစ်ယောက်ယောက်က လွှင့်ပစ်ဖျောက်ဖျက်ချင်တာပါလိမ့်"

ဟယ်ရီက စာအုပ်၏နောက်ကျောဖုံးကို လှန်လိုက်၏။

ထိုနောက်ကျောဖုံးတွင် အရောင်းကိုယ်စားလှယ်၏ အမည်နှင့်တကွ လန်ဒန် ဘောက်ဟောလမ်းဟူသော လိပ်စာကိုပါ ရိုက်နှိပ်ထားကြောင်း တွေ့လိုက်ရသည်။ ဟယ်ရီက တွေးတွေးဆဆဖြင့်

"ဒီစာအုပ်ကို လန်ဒန်မြို့ပေါ်က ဝယ်ခဲ့တယ်ဆိုတော့ ဒိုင်ယာရီပိုင်ရှင်ဟာ မာမန်မျိုးရိုးက ဆင်းသက်လာတဲ့သူဖြစ်ရမယ်၊ ရွန်က

"ဘာပဲဖြစ်ဖြစ်လေ၊ ဒီအချက်က မင်းအတွက် သိပ်အသုံးမဝင်ပါဘူး"

ဟု ပြောရင်းအသံကို နှိမ့်လိုက်သည်။

"ကိုင်း လက်တည့်စမ်းလိုက်ကြရအောင်. . . မာရတယ်ရဲ့နှာခေါင်းကို မှန်အောင်ပစ်နိုင်ရင် ငါးဆယ်ကြေး. . ."

သို့သော် ဟယ်ရီက စာအုပ်ကို သူ့အိတ်ကပ်ထဲသို့ ထည့်လိုက်၏။

●

ဖေဖော်ဝါရီလဆန်းပိုင်းမှာပင် ဟာမီယွန်၏ ကိုယ်ပေါ်မှ အမွေးများပျောက်ကွယ်သွားပြီး ဆေးရုံမှဆင်းခွင့်ရသည်။ ဂရစ်ဖင်ဒေါမျှော်စင်သို့ သူမပြန်ရောက်လာသည့်ပထမဦးဆုံးညနေခင်းမှာပင် ဟယ်ရီက သူမကို တီအမ်ရစ်ဒယ်၏ဒိုင်ယာရီစာ

www.burmeseclassic.com

www.burmeseclassic.com



အုပ်ကလေးအားပြရင်း ထိုဒိုင်ယာရီစာအုပ် မည်သို့မည်ပုံရလာသည်ကိုပြော လိုက်၏။ ဟာမီယွန်က စိတ်ဝင်တစားဖြင့် ထိုစာအုပ်ကိုယူကာ အနီးကပ်ရှေ စပ်စပ်ကြည့်ရင်း "ဒီစာအုပ်ထဲမှာ မမြင်နိုင်တဲ့ တန်ခိုးစွမ်းပကားတွေ ရှိကိုရှိ ရမယ်"

ရွှန်က

"တကယ်လို့ ရှိနေတယ်ဆိုရင်လည်း အဲဒီတန်ခိုးစွမ်းပကားတွေကို ဘယ် မှ မမြင်နိုင်အောင် ဖုံးကွယ်ထားတာပဲ၊ လူမြင်မခံဝံ့လောက်အောင် ရှက်လို့နေ ပေါ့၊ ဘာဖြစ်လို့ မင်းခုထိအဲဒီစာအုပ်ကို လွှင့်မပစ်သေးသလဲဆိုတာ ငါစဉ်းစား မရဘူး ဟယ်ရီ"

ဟယ်ရီက

"ဘာဖြစ်လို့ ဒီစာအုပ်ကို တစ်စုံတစ်ယောက်သောသူက လွှင့်ပစ်ဖို့ကြိုး ခဲ့ရသလဲဆိုတာ ငါသိချင်တယ်။ နောက်ပြီး ဟော့ဝပ်ကျောင်းအတွက် ဘာများ ဆောင်ပေးခဲ့လို့အဲဒီတီအမ်ရစ်ဒယ်ဆိုတဲ့သူဟာ အထူးဆုရခဲ့သလဲဆိုတာလည်း ငါသိချင်တယ်"

"တစ်ခုခုလုပ်ခဲ့လို့ ဖြစ်မှာပေါ့ကွာ၊ စာမေးပွဲမှာ အမှတ်အများဆုံးရလို့ ရင်ဖြစ်၊ ဒါမှမဟုတ် ဆရာတစ်ယောက်ယောက်ကို ရေဘဝဲကောင်ကြီးလက်ထဲ အသက်ကယ်ခဲ့တာမျိုးလည်း ဖြစ်ချင်ဖြစ်မှာပေါ့၊ အဲ. . ဒါမှမဟုတ်ကျောင်း အားလုံးရဲ့အကျိုးကို ရှေးရှုပြီး ပြည်သူ့ချဉ်ဖတ်မာရတယ်ကို အသက်ထွက်အော ဆော်ပလော်တီးခဲ့တာ ဖြစ်ချင်ဖြစ်မှာပေါ့"

သို့ရာတွင် ဟာမီယွန်၏မျက်နှာပေါ်မှ အကြည့်ကို ဟယ်ရီဘာသာပြန်ရှ သွားသည်။ သူမသည်လည်း ဟယ်ရီနှင့်ထပ်တူ အကြောင်းအရာတစ်ခုတည်းကို တွေးနေမိခြင်းဖြစ်လေသည်။



ရွှန်က သူတို့နှစ်ယောက်ကို တစ်လှည့်စီကြည့်လိုက်ရင်း -

"ဘာဖြစ်နေကြတာလဲ"

"မိစ္ဆာခန်းဆောင်ကြီး အရင်တစ်ခေါက်ကပွင့်ခဲ့တာ လွန်ခဲ့တဲ့ နှစ်ငါးဆယ် ာက်ကနေ့၊ ဟုတ်တယ်မဟုတ်လား၊ မယ်ဖွိုင်းက ပြောလိုက်တာလေ"

"ဟုတ်တယ်"

"ဒီ ဒိုင်ယာရီရဲ့သက်တမ်းကလည်း နှစ်ငါးဆယ်ရှိပြီ"

ဟု ဟာမီယွန်က စာအုပ်ကိုလက်ချောင်းကလေးများဖြင့် တဆတ်ဆတ် ်ရင်းပြောလိုက်၏။

"အဲဒီတော့ ဘာဖြစ်လဲ"

"နင်ကလည်း ဒုံးဝေးလိုက်တာ၊ လွန်ခဲ့တဲ့နှစ်ငါးဆယ်လောက်တုန်းက မိစ္ဆာ ဆောင်ကိုဖွင့်တဲ့သူဟာ ကျောင်းထုတ်ခံခဲ့ရတယ်၊ တီအမ်ရစ်ဒယ်ဟာလည်း ခဲ့တဲ့နှစ်ငါးဆယ်မှာပဲ ကျောင်းအတွက် အထူးဆုကိုရတယ်။ ဒီနှစ်ချက်ကို ပ်လိုက်ရင် တီအမ်ရစ်ဒယ်ဟာ စလီသရင်ရဲ့ မိစ္ဆာအမွေခံကို ဖမ်းပေးနိုင်ခဲ့ ဒီဆုကိုရခဲ့တာ မဖြစ်နိုင်ဘူးလား. . .၊ ဒီတော့ သူ့ရဲ့ဒိုင်ယာရီစာအုပ်ကိုဖတ်ကြည့်လိုက်ရင် ငါတို့အားလုံးကို သိရ မိစ္ဆာခန်းဆောင်ဘယ်မှာရှိတယ်။ ဘယ်လိုဖွင့်ရတယ်၊ အထဲမှာ ဘယ်လိုသတ္တ နေတယ်ဆိုတာတွေပေါ့။ အခုဖြစ်နေတဲ့ တိုက်ခိုက်မှုတွေရဲ့ နောက်ကွယ်က ်နေတဲ့သူဟာ စာအုပ်ကိုလူမြင်ခံချင်မှာမဟုတ်ဘူး၊ ဘယ့်နှယ်လဲ"

ရွှန်က

"သိပ်ကောင်းတဲ့အတွေးအခေါ်ပါပဲ ဟာမီယွန်။ အဲ. . . အပြစ်ပြောစရာ ချက်ပဲရှိတယ်။ အဲဒါဘာလဲဆိုတော့ ဟောသည်ဒိုင်ယာရီစာအုပ်ထဲမှာ ဘာ်လုံးမှ ရေးမထားဘူးဆိုတဲ့အချက်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟာမီယွန်က သူ၏ဆေးတောင်ဝှေးကိုထုတ်ရင်း -

"မမြင်ရတဲ့ကိုယ်ဖျောက်မှင်နဲ့ ရေးထားတာပဲဖြစ်ရမယ်"

သူမက ဒိုင်ယာရီစာအုပ်ကို ဆေးတောင်ဝှေးဖြင့် သုံးကြိမ်သုံးခါ တို့လို မန္တာန်ရွတ်လိုက်သည်။

"အပါရီစီယန်"

ဘာမှဖြစ်မလာပေ။ စာအုပ်က မဖြုံရေးချမဖြုံ။ ဟာမီယွန်က အိပ် လက်နှိုက်ကာ အနီရောင်တောက်ပနေသော ခဲဖျက်လိုအရာဝတ္ထုတစ်ခုကို ဆွဲ လိုက်၏။

"ဒါ . . မင်ပြန်ဖော်တဲ့ဆေးပဲ၊ ဒီဟာကို စုန်းလောကနဲ့လူ့လောကဆက် တဲ့လမ်းက ငါဝယ်လာခဲ့တာ"

သူမက ပြောပြောဆိုဆိုနှင့် ဇန်နဝါရီလတစ်ရက်နေ့ဟူသော စာတမ်း ပွတ်တိုက်လိုက်သည်။ နကမ္ဘတိ . . စာတစ်လုံးမှပေါ်မလာ။ ရွန်က

"ငါပြောပြီးပါပကောလား၊ အထဲမှာဘာစာမှ မရှိပါဘူးလို့၊ ရစ်ဒယ်ဆို ဟာ ဒီစာအုပ်ကို ခရစ်စမတ်လက်ဆောင်အဖြစ်ရခဲ့တာပဲဖြစ်ရမယ်။ ပြီး စာရေးပျင်းတာနဲ့ ဘာတစ်လုံးမှမရေးဖြစ်ဘူးဆိုပါတော့"

●

ဟယ်ရီသည် တီအမ်ရစ်ဒယ်၏ ဒိုင်ယာရီစာအုပ်ကို လွှင့်မပစ်ရက်ဘဲ ဆည်းထားမိသည့်အဖြစ်ကို သူ့ကိုယ်သူပင် နားလည်အောင်ရှင်းမပြနိုင်ဘဲဖြစ် သည်။ အကြောင်းမှာမူ ဒိုင်ယာရီစာအုပ်ထဲတွင်ဘာမှ ရေးမထားမှန်းသိသိကြီး ပင် စာအုပ်၏စာမျက်နှာများကို ယောင်တောင်ပေါင်တောင်နှင့် လှော်ကြည့်



ဆက်သောကြောင့်ဖြစ်သည်။ တီအမ်ရစ်ဒယ်ဆိုသည့် အမည်ကို ယခင်က သူ တစ်ခါမှ မကြားဖူးခဲ့သည်မှာ ကျိန်းသေသော်လည်း ထိုနာမည်သည် ငယ်စဉ်တောင် အားကလေးဘဝက သိကျွမ်းခဲ့ဖူးသည့် သူငယ်ချင်းတစ်ယောက်ယောက်၏ အမည်တစ်ခုလို စိတ်ထဲ၌ရင်းနှီးနေသယောင်ယောင်ရှိသည်။ သို့ရာတွင် ထိုသို့ သည်း ဖြစ်နိုင်စရာအကြောင်းမရှိ။ အဘယ်ကြောင့်ဆိုသော် အိမ်မှာနေစဉ်က ဒတ်ဒလေ၏ရန်ကိုကြောက်ကာ သူ့ကိုပေါင်းသင်းဆက်ဆံမည့်သူတစ်ယောက် မရှိသဖြင့် သူငယ်ချင်းဆိုသည်မှာ ဟော့ဝပ်သို့ရောက်မှ သူစတင်ပေါင်းသင်း ဆက်ဆံဖူးခြင်းဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ ဟယ်ရီသည် ရစ်ဒယ်၏အကြောင်းကို ပိုမိုသိရှိအောင် စုံစမ်းရန် ဆုံးဖြတ်လိုက်သည်။ နောက်တစ်နေ့ မုန့်စားဆင်းချိန်တွင် ဟယ်ရီသည် ထိုကိစ္စကိုစိတ်ဝင်စားသော ဟာမီယွန်၊ လုံးလုံးလျားလျားသဘောပေါက်နားလည် ခြင်းမရှိသော ရွန်တို့ကိုခြံရံ၍ ရစ်ဒယ်၏အထူးဆုတံဆိပ်ကို စစ်ဆေးကြည့်ရှုရန် ဆုတံဆိပ်များထားသည့်အခန်းသို့ ထွက်လာခဲ့သည်။

ရစ်ဒယ်၏ ရွှေရောင်တဖိတ်ဖိတ်လက်နေသော ဒိုင်းဆုကြီးကို အခန်း ထောင့်ဗီရို၌လူမသိသူမသိ သိမ်းထား၏။ ဘာကြောင့် ထိုဆုကို သူ့အားပေးရ သည်ဆိုသည့်အကြောင်းအသေးစိတ်ကို ဆုတံဆိပ်ပေါ်၌ရေးမထားပေ။ (ရွန်က ဒါလည်းကောင်းတာပဲ၊ အဲဒီအကြောင်းတွေသာ ထည့်ရေးလိုက်လို့ ဒိုင်းဆုကြီးက ဒီထက်ပိုကြီးနေရင် ငါခုချိန်ထိတောင် အရောင်တင်ပွတ်တိုက်လို့ပြီးမှာ မဟုတ်ဘူး ဟုပြောသည်)

သို့ရာတွင် ရစ်ဒယ်၏နာမည်ကို မှော်ပညာဆိုင်ရာကျောင်းမြတ်သော အရည်အချင်းဆုတံဆိပ်အဟောင်းတစ်ခုအပေါ်၌လည်းကောင်း၊ ကျောင်းသား

www.burmeseclassic.com



ခေါင်းဆောင်ဟောင်းများ၏ အမည်စာရင်း၌လည်းကောင်း၊ ဟယ်ရီတို့ရှာဖွေတွေ့ရှိခဲ့သည်။

ရွန်က ရွံ့ရှာသလို နှာခေါင်းကိုရှုံ့ရင်း

"သူလည်း ပါစီလိုပဲနေမှာ. . ။ အကြီးအကဲတို့၊ ကျောင်းသားခေါင်းဆောင်တို့ဆိုတာ အတန်းတိုင်းမှာ အမြဲထိပ်ဆုံးရောက်နေတဲ့သူတွေပဲ ဖြစ်မှာ"

"နင်ပြောတဲ့ပုံက အဲသလိုဖြစ်တာဟာ မကောင်းတဲ့ကိစ္စကျနေတာပဲ"

ဟာမိယွန်က အနည်းငယ်ထိခိုက်နာကျင်သွားသောလေသံဖြင့် ပြောလိုက်လေသည်။

●

နေမင်းကြီးက ဖျော့တော့အားနည်းစွာနှင့် ဟော့ဝပ်ကျောင်းတော်ထက်၌ ထွန်းလင်းလာပြန်လေပြီ။ ရဲတိုက်အတွင်း၌ မျှော်လင့်ချက်များ ပြန်ရှင်သန်လာကြသည်။ ဂျပ်စတင်နှင့် ခေါင်းပြတ်ခါနီးနစ်တို့ တိုက်ခိုက်ခံရပြီးကတည်းက တိုက်ခိုက်ပြုစားမှုများ ထပ်မံဖြစ်ပွားခြင်းမရှိတော့သောကြောင့်ပင်။ ပျိုးထားသော ဆီမီးတောက်ပင်များသည် စိတ်ပြောင်းလွယ်ကာ သိုသိုသိပ်သိပ်ရှိလာပြီဖြစ်ကြောင်း သတင်းပို့လိုက်ရသည့်အတွက် မဒမ်ပွန်ဖရေကျေနပ်နေ၏။ ထိုသို့ဖြစ်လာခြင်းမှာ ဆီမီးတောက်ပင်များသည် ကလေးဘဝမှလျင်မြန်စွာ လွန်မြောက်လာပြီဆိုသည့် အဓိပ္ပါယ်ပင်။

"သူတို့ရဲ့ ဝက်ခြံပုန်းတွေ ပျောက်သွားတာနဲ့ သူတို့ဟာ နောက်ထပ်ပန်းအိုးအသစ်ပြောင်းဖို့ အဆင်သင့်ဖြစ်လိမ့်မယ်။ အဲသလိုပြောင်းပြီးတဲ့အခါ ငါတို့ဟာ ဆီမီးတောက်ပင်တွေကိုဖြတ်ပြီး နှပ်ထားလိုက်ရင် ရှင့်ရဲ့မစ္စစ်နောရစ်ကိုပြန်ကောင်းအောင်လုပ်နိုင်ဖို့ သိပ်မစောင့်ရတော့ပါဘူး"



မဒမ်ပွန်ဖရေက ဖေ့ချ်အား သနားကြင်နာစွာ ပြောပြနေသည်ကို ဟယ်ရီကြားလိုက်ရသည်။

စလီသရင်ရဲ့ အမွေခံတော့ သွေးကြောင်သွားတာပဲဖြစ်မယ်ဟု ဟယ်ရီတွေးနေမိသည်။ ကျောင်းတစ်ခုလုံး နိုးကြားတက်ကြွကာ သံသယဖြင့် စောင့်ကြည့်နေကြသည့်အချိန်တွင် မိစ္ဆာခန်းဆောင်ကိုဖွင့်ရန်ကိစ္စသည် အလွန့်အလွန် စွန့်စားရမည့်အလုပ်ပင်။ မိစ္ဆာကောင်ကြီးမှာ ဘယ်သူပဲဖြစ်ဖြစ်၊ ယခုအခါတွင် နောက်ထပ် အနှစ်ငါးဆယ်ခန့် ထပ်မံခိုအောင်းနေတော့မည့်ပုံပေါ်သည်။

ဟတ်ဖယ်ပတ်မှ အာနီမက်မီလန်ကတော့ မျှော်လင့်တက်ကြွစွာ အကောင်းမြင်နိုင်ရှာပေ။ သူကတော့ ဟယ်ရီကို လက်သည်တရားခံအဖြစ် ယခုအချိန်ထိ စွတ်ထင်ယုံကြည်နေဆဲပင်။ ပုဏ္ဏကတာရွှေပီးဗက်ကလည်း

"ပေါ်တာရယ်. . . အို! ဟယ်ရီပေါ်တာရယ်. . ဘာလို့ရက်ရက်စက်စက်လုပ်ရတာလဲကွယ်"

ဟူသောသီချင်းကို စကြိန်ပေါ် လူစုစုမြင်တိုင်းဆိုနေဆဲပင်။

ဂေဒီရှိုင်လော့ဟတ်ကတော့ တိုက်ခိုက်ပြုစားမှုများရပ်သွားသည်မှာ သူ့လက်ချက်ကြောင့်ဟု ထင်နေပုံရသည်။ ဂရစ်ဖင်ဒေါကျောင်းသားများက အသွင်ပြောင်းသင်ခန်းစာအတွက် ပြင်ဆင်နေကြစဉ် လော့ဟတ်က ပရော်ဖက်ဆာ မက်ဂွန်နာဂေါ်အား ထိုသို့ပြောနေသည်ကို ဟယ်ရီ တစ်စွန်းတစ်စကြားလိုက်ရ၏။ လော့ဟတ်က

"ဒုက္ခတွေအားလုံး ချုပ်ငြိမ်းသွားပြီထင်တယ်. . မင်နီဗာ။ မိစ္ဆာခန်းဆောင်ဟာ ဒီတစ်ခါတော့ အပြီးအပိုင်သော့ပိတ်သွားရပြီနဲ့တူတယ်။ ကျွန်တော့်ဆီကနေ တွေ့ခင် အချိန်မီကလေးလွတ်ရာလွတ်ကြောင်းပြေးမှပဲလို့ မိစ္ဆာကောင်ဟာ အမြင်နဲ့ရသွားပုံပေါ်တယ်။ ကျွန်တော် သူတို့ကို မနှိပ်ကွပ်ခင် ရပ်တန့်ဟာ ရပ်သွားတာကြောင်းတို့ အရိပ်အကဲနားလည်တယ် ဆိုရမှာပေါ့"

www.burmeseclassic.com



"ဒီအချိန်မှာ တစ်ကျောင်းလုံးဟာ စိတ်ဓါတ်မြှင့်တင်ရေးလုပ်ဖို့ လိုနေတယ် ဆိုတာ ရှင်သိလား၊ အရင်စာသင်ကာလအဟောင်းက အာရုံအဟောင်းအနွမ်းတွေ ကို စွန့်ပစ်လိုက်ပါတော့။ ကျွန်မဘာမှ ထပ်မပြောချင်တော့ဘူး၊ ဒါပေမယ့် တစ်ခု တော့ ကျွန်မသိ. . ."

လော့ဟတ်က သူ့နှာခေါင်းကိုထပ်ပွတ်ရင်း ခြေလှမ်းကျဲကျဲဖြင့် ထွက်သွား လေသည်။

လော့ဟတ်၏ စိတ်ဓါတ်မြှင့်တင်ရေး အကြံအစည်က ဖေဖော်ဝါရီ ဆယ့် လေးရက်နံနက်စာစားချိန်တွင် ရှင်းလင်းပီသစွာ ရုပ်လုံးပေါ်လာ၏။ ဟယ်ရီမှာ ညက အတော်ညနက်အောင် ကွစ်ဒစ်လေ့ကျင့်ခန်းဆင်းနေရသဖြင့် အိပ်ရေး ကောင်းကောင်းမဝသေးဘဲဖြစ်နေ၏။ အနည်းငယ်နောက်ကျနေပြီဖြစ်သောကြောင့် ခန်းမဆောင်ကြီးဆီသို့ ကသောကမျောပြေးဆင်းသွားစဉ် အခြားတံခါးပေါက်များ ကိုလည်း အယောင်ယောင်အမှားမှားနှင့် မှားဝင်မိသေးသည်။

နံရံများကို ပြူးတူးပြဲတဲဖြစ်နေသော ပန်းရောင်ပန်းပွင့်ကြီးများဖြင့် ဖုံးလွှမ်း ထား၏။ ပို၍ဆိုးသည်မှာ အပြာနုရောင်မျက်နှာကျက်မှ အသည်းပုံရောင်စုံစက္ကူ များတဖွဲဖွဲကျဆင်းနေခြင်းပင်။ ဟယ်ရီသည် ရွန်စိတ်မသက်မသာနှင့်ထိုင်နေသည့် ဂရစ်ဖင်ဒေါစားပွဲသို့ လျှောက်သွားလိုက်၏။ ဟာမီယွန်ကတော့ အတော်လေးရွှ မြူးနေပုံရသည်။

"ဘာဖြစ်နေကြလဲ"

ဟု ဟယ်ရီက စားပွဲတွင်ဝင်ထိုင်လိုက်ပြီး သူ့ဝက်ပေါင်ခြောက်တွင်ရောင်စုံ စက္ကူတစ်စကို ဖယ်ရှားပေးရင်း မေးလိုက်၏။

ရွန်က နှုတ်မှထုတ်ပြောရမည်ကို လွန်စွာစက်ဆုပ်နေသည့်ဟန်ဖြင့် ဆရာ များထိုင်နေသည့် စားပွဲဘက်ဆီသို့ လက်ညှိုးထိုးပြလိုက်သည်။ အခမ်းအနားအပြင် အဆင်နှင့်လိုက်ဖက်အောင် ပန်းရောင်ပြူးတူးပြဲတဲဝတ်ရုံကြီးကို ဝတ်ဆင်ထားသည့်



လော့ဟတ်က တိတ်တိတ်နေကြရန် လက်ဝှေ့ယမ်းပြလိုက်၏။ သူ့နံဘေးတစ်ဘက် တစ်ချက်မှ ဆရာများကတော့ အေးစက်မာကျောသည့် ကျောက်သားမျက်နှာများ ဖြင့် ထိုင်နေကြသည်။ ပရော်ဖက်ဆာ မက်ဂွန်နာဂေါ်၏ပါးပြင်ပေါ်မှ ကြွက်သား များ တဆတ်ဆတ်တုန်ယင်လှုပ်ရှားနေသည်ကို ဟယ်ရီထိုင်နေသည့်နေရာမှပင် လှမ်းမြင်နေရသည်။ စနိပ်ကို ကြည့်ရသည်မှာတော့ တစ်ယောက်ယောက်က သူ့ကို 'အရိုးပြန်ပေါက်ဆေး'အား ခွက်ကြီးတစ်ခွက်ဖြင့် ခပ်တိုက်ထားခြင်းခံရသလိုပင်။

လော့ဟတ်က -

"ပျော်ရွှင်ဖွယ်          နေ့ဖြစ်ပါစေ ! ပြီးတော့ ဆရာ့ဆီကို အထိမ်းအမှတ်ကတ်ပြားတွေ ပေးပို့ကြတဲ့လူပေါင်းလေးဆယ့်ခြောက်ယောက်တိတိ ကိုလည်း ကျေးဇူးတင်ပါတယ်လို့ ဒီနေရာကပဲ ပြောလိုက်ပါရစေ။ ဟုတ်ပါတယ်၊ မင်းတို့အားလုံးအတွက် အံ့အားသင့်စရာလေးတစ်ခု စီစဉ်ထားပါသေးတယ်"

လော့ဟတ်က လက်ခုပ်တီးလိုက်ရာ လူပုကလေး ဆယ့်နှစ်ယောက်သည် တံခါးဝများကိုဖြတ်၍ အဝင်ခန်းမကြီးထဲသို့ဝင်လာကြ၏။ လူပုကလေးများသည် လော့ဟတ်၏အမိန့်အတိုင်း သူတို့၏ကိုယ်များပေါ်တွင် ရွှေရောင်တောင်ပံများကို တပ်ဆင်ကာ ဗျတ်စောင်းများကိုသယ်လာကြသည်။

လော့ဟတ်က

"ဒါ. . . ဆရာ့ရဲ့ မေတ္တာသဝဏ်လွှာကတ်လေးတွေကို သယ်ဆောင်လာတဲ့ မြားနတ်မောင်လေးတွေပေါ့ကွာ၊ အဲဒီမြားနတ်မောင်လေးတွေက သည်နေ့တစ်နေ့ လုံး ကျောင်းဝင်းအနှံ့လျှောက်သွားပြီး ဆရာ့ရဲ့မေတ္တာသဝဏ်လွှာကတ်တွေကို လိုက်ဝေပါလိမ့်မယ်။ ပျော်စရာက ဒီလောက်တင်ပဲလားဆိုတော့ မဟုတ်သေးပါ ဘူး၊ ဆရာ့ရဲ့လုပ်ဖော်ကိုင်ဖက်တွေက ဆရာ့လိုပဲ ချစ်သူခင်သူများတဲ့ဘဝကို အားကျနေတာသေချာတယ်။ ဆရာ့ကိုအားကျရင် သူတို့လည်းပရော်ဖက်ဆာစနိပ် ကို ပီယဆေးလေးဘာလေးဖော်ခိုင်းပြီး သောက်ကြဖို့ကောင်းတယ်။ အဲ ပရော်ဖက်

www.burmeseclassic.com



ဆာ ဖလစ်ဝစ်ဆိုလို့ရှိရင်လည်း ဆရာတွေ့ဖူးသမျှမော်ဆရာတွေထဲမှာ မျက်နှာပွင့်တဲ့မန္တာန်ကို တော်တော်ပိုင်တဲ့ငနဲပဲ။ တစ်ကယ်ကောက်ကျစ်တဲ့ခွေးအိုကြီးတွေ သိလား"

ပရော်ဖက်ဆာ ဖလစ်ဝစ်က ရှက်လွန်းသဖြင့် သူ့မျက်နှာကို လက်ဝါးဖြင့် အုပ်ထားရသည်။ ပရော်ဖက်ဆာ စနိပ်ကတော့ ပီယဆေးရည်အစား အဆိပ်ဆေးရည်တစ်ခွက်သာဖော်ပြီး အတင်းတိုက်ချင်သည့် မျက်နှာပေးမျိုးဖြင့် ကြည့်နေ၏။

ဟယ်ရီတို့သုံးဦးသား ပထမသင်ခန်းစာပြီး၍ ခန်းမကြီးထဲမှ ထွက်လာကြသည့်အခါ ရွန်က

"ဟဲ့ ဟာမီယွန်... ဆရာလော့ဟတ်ကို အထိမ်းအမှတ်ကတ်ပေးတဲ့ လေးဆယ့်ခြောက်ယောက်ထဲမှာ နင်မပါဘူးလို့ ကျေးဇူးပြုပြီး ငါ့ကိုပြောင်းလိုက်စမ်းပါ"

ဟာမီယွန်ကကောက်ကာငင်ကာဆိုသလို သူမ၏လွယ်အိတ်ထဲမှ အချိန်ဇယားရင်းကတ်ပြားကို သဲကြီးမဲကြီး ရှာဖွေနေလေတော့သည်။ ဘာမှပြန်မပြော။

တစ်နေ့လုံးဆိုသလို လူပုကလေးများသည် စာသင်ခန်းများအတွင်းသို့ ခွေးလှေးပျားတောအနံ့ တရှန်းရှန်းဝင်ပြီး အထိမ်းအမှတ် ကတ်ပြားများကို လိုက်ဝေနေကြလေသည်။ ဆရာများကလည်း အတော်စိတ်ညစ်နေကြ၏။

နေ့လည်ပိုင်းတွင် ဟယ်ရီသည် အခြားဂရစ်ဖင်ဒေါကျောင်းသားများနှင့်အတူ ဂါထာမန္တာန်သင်ခန်းစာသင်ယူရန် ကျောင်းအပေါ်ထပ်ဆီသို့ အသွား... လော့ဟတ်၏ မြားနတ်မောင်ဂျပုလေးတစ်ယောက်က

"ဟော... ဟယ်ရီပေါ်တာပါလား..."

ကျက်သရေမင်္ဂလာမရှိသည့်အသံဖြင့် အော်ဟစ်ရင်း လမ်းတစ်လျှောက်ရှိ အခြားသူများကို တံတောင်ဖြင့်တွန်းတိုက်ဖယ်ကာ ဟယ်ရီ့ဆီသို့ အပြေးလာတော့၏။ ရွန်၏ ညီမလေးဂျင်းနီအပါအဝင် ပထမနှစ်ကျောင်းသားများ မျက်စိရှေ့၌ ထိုသို့ကလေးကလားမေတ္တာကတ်ပြားအပေးခံရမည်ကို ကြောက်ရွံ့စိတ်ဖြင့် တစ်နေ့



...ဒိုးတထိတ်ထိတ်နေခဲ့ရသောဟယ်ရီသည် တစ်ချိုးတည်းလစ်တော့သည်။ သို့ရာ... သူ့ခြေလှမ်းနှစ်လှမ်းမျှ မလှမ်းနိုင်သေးခင်မှာပင် မြားနတ်မောင်ဂျပုလေးက ...လမ်းကို ဖျတ်ခနဲပိတ်လိုက်ပြီး

"ကျွန်တော်အနေနဲ့ ဟယ်ရီပေါ်တာ့ကို ဂီတနဲ့မေတ္တာသဝဏ်လွှာ ပါးချင် ...ပါခင်ဗျ"

ဟုပြောကာ သူ့လက်ထဲမှ ဗျတ်စောင်းကြီးကို နားမခံသာအောင် တဒေါင် ...င်တဒင်ဒင်စတင်တီးခတ်တော့သည်။ အသံဖြင့်နှိပ်စက်ပုံမှာ ပြောင်မြောက် ...နေသောကြောင့် ဟယ်ရီက

"ရှူး တိုးတိုး... ဒီနေရာမှာ အဲဒါကြီးကို မတီးလိုက်ပါနဲ့ကွာ"

ဟု တောင်းပန်ရင်း လွတ်ရာလွတ်ကြောင်း ပြေးမည်ကြံသော်လည်း ဂျပုက ...လွယ်အိတ်ကိုဆွဲထားရင်း -

"နေပါဦးဗျ.. နားထောင်သွားပါဦး"

"လွှတ်ပါကွ... လွှတ်ပါ"

ဟယ်ရီက ရှိုးဦးတင်တောင်းပန်ရင်း ရုန်းကန်လိုက်ရာ ဂျပုက လွယ်အိတ် ...ဆွဲထားသောကြောင့် ဗျန်းခနဲကျယ်လောင်စွာမြည်ပြီး သူ့လွယ်အိတ်နှစ်ခြမ်းကွဲ ...တော့သည်။

အထဲမှလည်း စာအုပ်များ၊ ဆေးတောင်ဒေး၊ ပုရပိုက်နှင့် ကလောင်တံတို့ ...ပေါ်ပြန့်ကျဲကျသွားသည်။ မင်အိုးလည်း ကျကွဲသွား၏။

ဟယ်ရီက ဂျပုလေး သီချင်းစတင်၍မဆိုခင် သူ့ပစ္စည်းပစ္စယများကို အပြေး ...သွားလိုက်ကောက်ရ၏။ ထိုသို့ရုတ်ရုတ်သဲသဲဖြစ်ရပ်ကြောင့် စင်္ကြံပေါ်တွင် ...စုံလာသည်။

"ဘာဖြစ်နေကြတာလဲ..."

ဒရက်ကိုမယ်ဖွိုင်း၏ အေးစက်စက်အထက်စီးလေသံက ထွက်ပေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီက ပို၍တုန်လှုပ်သွားပြီး သူ့ပစ္စည်းပစ္စယများကို လွယ်အိတ်အပြဲထဲသို့ ထိုးသိပ်ထည့်နေမိသည်။

မေတ္တာသဝဏ်လွှာဂီတသံကို မယ်ဖွိုင်းမကြားသွားနိုင်ခင်မှာ သူ ပြေးသွားချင်မိသည်။

"ဘာတွေ ဆူညံပွက်နေကြတာလဲကွ"

နောက်ထပ်ရောက်လာသူကတော့ ပါစီဝီစလေပင်ဖြစ်သည်။ ဟယ် လစ်ပြီဟုထင်ကာ ပြေးအထွက် ဂျုပုလေးက သူ့ဒူးခေါင်းများကို သိမ်းကျုံး၍ ထားလိုက်သောကြောင့် ကြမ်းပြင်ပေါ် ကိုင်ရိုက်ခံလိုက်ရသလို ပစ်လဲကျသွား ဂျုပုလေးက ဟယ်ရီ၏ခြေကျင်းဝတ်များပေါ် ဟန်ကျပန်ကျတက်ထိုင်လိုက်

"ကဲ. . . ခုမှပဲဟန်ကျသွားတော့တယ်၊ ဂီတသံသာလေးကို နားဆင်ပါဦး ဗျာ"

ဟု ပြောပြောဆိုဆိုနှင့် ဟယ်ရီ့အကြောင်းကို သီချင်းဖွဲ့ဆိုလေတော့သည်

"မျက်လုံးလေးများက ဖားပြုတ်နှယ်. . .

စိမ်း. . . စိမ်းလို့ရယ်. . .

ကေသာဆံစလေးတွေက

ကျောက်သင်ပုန်းလို မဲနက်တယ်. . .

တို့ရဲ့ချစ်သူသာ ဖြစ်လိုက်ပါတော့ ဟယ်ရီပေါ်တာရယ်

မိစ္ဆာသခင်ကို နှိမ်နှင်းခဲ့သူ. . .

နှလုံးသားထဲက သူရဲကောင်းပါကွယ်. . ."

ဟယ်ရီကတော့ အဲသည့်နေရာမှာသာ အရှင်လတ်လတ် အငွေ့ဖြစ် ပျောက်ကွယ်သွားခွင့်ရမည်ဆိုလျှင် ဂရင်းဂေါ့ဘဏ်တိုက်ထဲတွင် သူပိုင်ဆိုင်သ ရွှေအားလုံးကိုပင်ပေးရန် အသင့်ရှိနေသည်။

ရှိရှိသမျှလူအပေါင်း ခွက်ထိုးခွက်လန်ရယ်ရအောင် ပြောင်ပြောင်မြော



မြောက်အသုံးတော်ခံနေရသည့်ဘဝသို့ ဟယ်ရီရောက်မှန်းမသိရောက်နေရတော့ ၏။ သူများရယ်ဖို့ကိုယ်ငိုနေရသောဘဝမှာပင် သူကြိုးစား၍ ထရပ်လိုက်၏။ လူပု လေး၏ တစ်ကိုယ်လုံးအားဖြင့် ဖိခံထားရသောကြောင့် ခြေထောက်များက ထုံကျင် နေကြသည်။ ပါစီဝီစလေက ဝိုင်းအုံကြည့်နေကြသော လူအုပ်ကို အတတ်နိုင်ဆုံး ရှိသွားအောင် လူစုခွဲပေး၏။ ကျောင်းသားတစ်ချို့ကား ရယ်ရလွန်း၍ မျက်ရည် များပင်ထွက်နေကြသည်။ ပါစီကတော့

"ကဲသွားကြတော့. . . သွားကြတော့. . . အတန်းတက်ခေါင်းလောင်းထိုး ဘာငါးမိနစ်လောက်ရှိသွားပြီ၊ ကဲ. . . ကိုယ့်အတန်းဆီကိုယ်သွားကြတော့၊ ကဲ. . . င်းလည်းသွားလေ မယ်ဖွိုင်း"

ဟယ်ရီက မယ်ဖွိုင်းဘက်သို့ လှမ်းကြည့်လိုက်သည်။ မယ်ဖွိုင်းက ကြမ်းပြင် ပေါ်မှတစ်စုံတစ်ရာကို ငုံ့၍ကောက်ယူလိုက်သည်။ ပြီးနောက်ထိုအရာကို စက်ဆုပ် ဖြင့်ကြည့်ရင်း ခရက်ဘီနှင့် ဂွိုင်လီတို့အား ပြလိုက်ကြောင်းတွေ့လိုက်ရသည်။

ထိုအရာကား ဟယ်ရီ့လွယ်အိတ်ထဲမှ ထွက်ကျသွားခဲ့သော ရစ်ဒယ်၏ဒိုင် ယာရီစာအုပ်ပင်တည်း။ ဟယ်ရီက

"ငါ့ကိုပြန်ပေး"

"ဒိုင်ယာရီထဲမှာ ပေါ်တာဘာတွေရေးထားသလဲ"

ဟု မယ်ဖွိုင်းကပြောလိုက်သည်။ သူသည်အဖုံးပေါ်တွင် ရေးထိုးထားသော နှစ်ကို လုံးဝသတိမပြုမိ။ ယင်းစာအုပ်ကို ဟယ်ရီ၏ ဒိုင်ယာရီဟုထင်နေသည်။ ဝိုင်းအုံကြည့်နေသော ပရိသတ်များထံမှ တီးတိုးပြောသံများက မီးကိုရေနှင့်ငြိမ်း လိုက်သလို ရှဲခနဲငြိမ်သက်သွားကြ၏။ ဂျင်နီကတော့ ဒိုင်ယာရီစာအုပ်ကိုတစ် လှည့်၊ ဟယ်ရီ့ကိုတစ်လှည့် ပြူးကြောင်ကြောင်ဖြင့် စိုက်ကြည့်နေသည်။ သူမ၏မျက် နှာပေါ်တွင် ကြောက်ရွံ့မှုကအထင်းသား.

"သူ့ဟာကို ပြန်ပေးလိုက်စမ်း မယ်ဖွိုင်း"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပါစီက ခပ်ပြတ်ပြတ် ပြောလိုက်သည်။

မယ်ဖွိုင်းက ဒိုင်ယာရီစာအုပ်ကို ဟယ်ရီ့မျက်နှာရှေ့တွင် မခံချိမခံသာ

အောင်ဝှေ့ယမ်းပြရင်း

"ဒီစာအုပ်ကို ငါဖတ်ကြည့်လိုက်တော့. . ."

ပါစီက ဝင်၍

"မယ်ဖွိုင်း မင်းကိုငါကျောင်းသားအကြီးအကဲ တစ်ယောက်အနေနဲ့ ပြော

ဟယ်ရီကတော့ ဒေါသကိုထိန်းမရတော့ဘဲ ဆေးတောင်ဝှေးကို ရှမ်း

ဆွဲထုတ်ကာ (ပရော်ဖက်ဆာလော့ဟတ်၏ လက်ထဲမှဆေးတောင်ဝှေးကို လွှတ်

သွားအောင် ပရော်ဖက်ဆာစနိပ်မန်းမှုတ်ခဲ့သည့် မန္တာန်ဖြင့်) ဟစ်ကြွေးလိုက်သည်

"အိတ်စပဲလိုင်ယာမတ်"

မယ်ဖွိုင်းလက်ထဲမှ ဒိုင်ယာရီစာအုပ်သည် လေထဲသို့မြောက်တက်သွား

ပြန်ကျလာသောစာအုပ်ကို ရွန်ကအားရပါးရပြုံးပြီး ဆီး၍ဖမ်းထားလိုက်သည်

ပါစီက ကျယ်လောင်သော အသံဖြင့်

"ဟယ်ရီ. . . ကျောင်းစင်္ကြံပေါ်မှာ မှော်ပညာမသုံးရဘူးဆိုတာ မင်းမေ့

ဘူးလား။ ဒီကိစ္စကို ငါဆရာမနဲ့တိုင်ရလိမ့်မယ်"

ဟယ်ရီကတော့ မမှုပါ။ သူမယ်ဖွိုင်းကို နှာတဖျားအသာရလိုက်ပြီဖြစ်သည်

သည့်အတွက် ဂရစ်ဖင်ဒေါအဆောင်မှ ငါးမှတ်အနှုတ်ခံရမည်ဆိုလျှင်လည်း တန်

သည်။

ဂျင်းနီက သူနားမှဖြတ်၍ စာသင်ခန်းထဲသို့ဝင်သွား၏။ မယ်ဖွိုင်းကဒေ

ဒေါသတကြီးဖြင့် သူမနောက်မှကပ်လိုက်သွားပြီး

"မင်းရဲ့ လက်ဆောင်ကို ဟယ်ရီပေါ်တာ သိပ်ကြိုက်ပုံမရ

ဘူ"

ဂျင်းနီက သူမ၏မျက်နှာကို လက်ဝါးဖြင့်အုပ်ပြီး စာသင်ခန်းထဲသို့ အပြေ



လေးဝင်သွားသည်။ ရွန်ကဒေါသဖြင့် ဆေးတောင်ဝှေးကို ဆွဲထုတ်လိုက်သည်။

ဟယ်ရီက ရွန့်ကိုအတင်းဆွဲခေါ်သွားရသည်။

ထို့ကြောင့်ရွန်မှာ ဟိုတစ်ခါတုန်းကလို ကိုယ့်မန္တာန်ကိုယ်ပြန်မှန်ပြီး ပက်ကျိ

တွေတဝေါ့ဝေါ့အန်နေရမည့် ဒုက္ခမှကင်းဝေးသွားရသည်။

ပရော်ဖက်ဆာ ဖလစ်ဝစ်၏ အတန်းသို့သွားနေရင်း ပြုန်းခနဲဆိုသလို

ထူးခြားချက်တစ်ရပ်ကို ဟယ်ရီသတိပြုမိသည်။ သူမင်ဗိုးကျကွဲသွားသည့်အကျိုး

ဆက်ကြောင့် လွယ်အိတ်ထဲတွင် ရှိသမျှစာအုပ်အားလုံး ကြက်သွေးရောင်မင်များ

စွန်းသွားကြသော်လည်း ဒိုင်ယာရီစာအုပ်မှာမူ အစွန်းအကွက်တစ်ခုတစ်လေမှ

မရှိမနေ။ နဂိုပကတိအတိုင်း ရှင်းသန့်နေ၏။

ဟယ်ရီက ရွန့်ကိုထိုအကြောင်း ပြောပြသေးသည်။ သို့သော် ရွန်ခမျာ ဒုက္ခ

တစ်ခုနှင့်တွေ့နေရသောကြောင့် ဘာကိုမှဂရုမစိုက်နိုင်ဘဲ ဖြစ်နေ၏။ ဒုက္ခမှာ သူ့

ဆေးတောင်ဝှေးထိပ်ဖျားမှ ခရမ်းရောင်ပူစီဖောင်းကြီးတွေ တစ်လုံးပြီးတစ်လုံး

ထွက်နေခြင်းဖြစ်လေသည်။

●

အဲသည်ညအဖို့ အခြား မည်သည့်ကျောင်းသားမှ အိပ်ရာမဝင်သေးခင်

ဟယ်ရီ တစ်ယောက်တည်း အစောဆုံးအိပ်ရာဝင်ခဲ့သည်။ အကြောင်းမှာ

"မျက်လုံးလေးများက ဖားပြုတ်နှယ်. . .

စိမ်း. . စိမ်းလို့ရယ်

ကေသာဆံစလေးတွေက

ကျောက်သင်ပုန်းလိုမဲနက်တယ်. . ."

ဟု သီချင်းတကြော်ကြော် အော်ဆိုနေသည့် ဂျော့နှင့်ဖရက်တို့၏ နောက်

www.burmeseclassic.com

www.burmeseclassic.com



ပြောင်မှုဒဏ်ကို မခံနိုင်တော့သောကြောင့်ဖြစ်သည်။ နောက်အကြောင်းတစ်ခု တော့ ရစ်ဒယ်၏ဒိုင်ယာရီစာအုပ်ကို စမ်းသပ်စစ်ဆေးကြည့်လိုသောကြောင့်ဖြစ် သည်။ ဟယ်ရီက ဒိုင်ယာရီစာအုပ်၏ စာမျက်နှာအကွက်များကို တဖျတ်ဖျတ်လှန် လိုက်သည်။ မင်အစွန်းအပေတစ်စက်တစ်လေကိုမျှ မတွေ့ရ။ ဟယ်ရီ သူ့ကုတင် ဘေးရှိ ဗီရိုထဲမှ မင်အိုးအသစ်တစ်လုံးကို ဆွဲထုတ်လိုက်သည်။ နောက် သူ့ကလောင် တံကို မင်အိုးထဲနှစ်လိုက်ပြီး ဒိုင်ယာရီစာအုပ်၏ ပထမဦးဆုံး စာမျက်နှာပေါ်သို့ မင်စက်ကြီးကြီးတစ်စက်ချလိုက်၏။

မင်စက်သည် စာမျက်နှာပေါ်တွင် တစ်စက္ကန့်မျှကြာအောင် ထင်းထင်းကြီး ပေါ်နေသေးသည်။ ထို့နောက် မင်စက်သည် စာရွက်၏စုပ်မြိုခြင်းကို ခံလိုက်ရသည့် အလား နစ်ဝင်ပျောက်ကွယ်သွားလေသည်။

ဟယ်ရီက စိတ်လှုပ်ရှားစွာဖြင့် သူ့ကလောင်ကို မင်ထည့်ဖြည့်လိုက်ပြီး စာ ကြောင်းတစ်ကြောင်း ရေးချလိုက်သည်။

"ကျွန်တော့်နာမည် ဟယ်ရီပေါ်တာဖြစ်ပါတယ်"

စာလုံးများသည် ခဏတာမျှ ထင်နေပြီးနောက် စာစောကလိုပင် ဖျတ်ခနဲ ပျောက်ကွယ်သွားကြပြန်သည်။ ထို့နောက် ထူးခြားချက်တစ်ရပ်ဖြစ်ပေါ်လာ၏။ ဘာရွက်ဆီမှ (သူရေးထားသည့်မင်အရောင်အတိုင်း) စာလုံးများ၊ ဝါကျများ တဖြည်းဖြည်း ဖြစ်ပေါ်လာသည်။

"ဟယ်လို. . . ဟယ်ရီပေါ်တာ၊ ငါ့နာမည်ကတော့ တွမ်ရစ်ဒယ်ပါ၊ မင်း ဘယ်လိုလုပ်ပြီး ငါ့ဒိုင်ယာရီထဲရောက်လာသလဲ"

ထိုစာကြောင်းများသည်လည်း ခဏအကြာတွင် ပြန်လည်၍မှေးမှိန်ပျောက် ကွယ်သွားကြပြန်သည်။ သို့သော် သိပ်မြန်မြန်ကြီးကားမဟုတ်။ ဟယ်ရီအနေဖြင့် ခပ်သော့သော့ရေးပြီး ခွန်းတုံ့ပြန်ဖို့အချိန်ရပါသေးသည်။

"တစ်ယောက်ယောက်က ဒီစာအုပ်ကို အိမ်သာထဲလွှင့်ပစ်ဖို့ ကြိုးစားခဲ့တာ



ဟု ရေးလိုက်ပြီး ရစ်ဒယ်မှတုံ့ပြန်ရေးသားလာမည့်စကားကို စိတ်အားထက်သန်စွာ ဖြင့် စောင့်မျှော်နေမိသည်။ ဒိုင်ယာရီက

"ငါသိထားတဲ့ အချက်အလက်တွေနဲ့ သိစိတ်ရုပ်ပုံလွှာကို မင်နဲ့ရေးတာထက် ပိုပြီး ကြာကြာခံမယ့်နည်းနဲ့ မှတ်တမ်းတင်ထားမိတာ ကံကောင်းတာပဲ၊ ဒါပေမယ့် ဒီဒိုင်ယာရီကို တစ်ယောက်ယောက် ဖတ်မိသွားမှာမလိုလားတဲ့သူတွေရှိတယ်ဆို တာတော့ ငါသိပါတယ်ကွာ"

"ခင်ဗျား ဘာကိုဆိုလိုတာလဲ"

ဟု ဟယ်ရီက ပြန်ရေးလိုက်သည်။ ဒိုင်ယာရီက

"ဟော့ဒီဒိုင်ယာရီစာအုပ်ထဲမှာ ကြောက်ခမန်းလိလိ အကြောင်းအရာတွေကို မှတ်တမ်းတင်ထားတယ်။ လူသိမခံရဲလို့ ဖာတ်မြှုပ်ထားတဲ့ကိစ္စတွေ၊ ဟော့ဝပ်စုန်းက ဝေကျောင်းတော်ကြီးမှာ ဖြစ်ပျက်ခဲ့တဲ့ အကြောင်းအရာတွေပေါ့"

ဟယ်ရီက ခပ်သွက်သွက် ပြန်ရေးလိုက်သည်။

"ဟော့ဝပ်ဆိုတာ ကျွန်တော် အခုတက်နေတဲ့ကျောင်းပဲ၊ အခုဒီကျောင်းမှာ ကြောက်စရာကောင်းတဲ့ အဖြစ်အပျက်တွေဖြစ်နေပြီ။ မိစ္ဆာခန်းဆောင်နဲ့ပတ်သက် လို့ ခင်ဗျားသိထားတာ တစ်ခုခုများရှိသလား. . ."

ထိုသို့မေးလိုက်ရင်း ဟယ်ရီ၏ နှလုံးသားသည် တဒုန်းဒုန်းတုန်ခါနေလေ သည်။ ရစ်ဒယ်တုံ့ပြန်လာသောစာကြောင်းများက လျင်မြန်စွာပေါ်လာကြ၏။ လက်ရေးကလည်း တော်တော်သော့လာသည်။ ရစ်ဒယ်သည် သူသိထားသမျှကို ပြောပြချင်ဇောဖြင့် ကသောကမျော ဖြစ်နေပုံရလေသည်။ ရစ်ဒယ်က

"မိစ္ဆာခန်းဆောင် ဟုတ်လား. . . ငါသိတာပေါ့၊ ငါကျောင်းတက်စဉ်အခါလ တုန်းက မိစ္ဆာခန်းဆောင်ဆိုတာ ဒဏ္ဍာရီပုံပြင်တစ်ပုဒ်ပါ၊ တကယ်မရှိပါဘူးလို့ ပြောကြတယ်၊ အဲဒါ ညာပြောကြတာကွ သိလား. . .၊

ငါပဉ္စမနှစ်ကျောင်းသားဘဝကို ရောက်တဲ့အချိန်မှာ မိစ္ဆာခန်းဆောင်တွင်း

www.burmeseclassic.com

www.burmeseclassic.com



သွားတယ်။ အထဲက မိစ္ဆာသတ္တဝါကြီးထွက်လာပြီး ကျောင်းသားတွေကို တိုက်ခိုက် လိုက်တာ ဘာပြောကောင်းမလဲ၊ နောက်ဆုံးကျောင်းသားတစ်ယောက် အသတ်ခံ လိုက်ရတယ်. . .၊

မိစ္ဆာခန်းဆောင်ကို ဖွင့်တဲ့သူကို အမိဖမ်းပေးခဲ့တာငါပေါ့၊ အဲဒီဖွင့်တဲ့သူ လည်း ကျောင်းထုတ်ခံလိုက်ရတယ်။ ဒါပေမယ့် အဲဒီတုန်းက ကျောင်းအုပ်ကြီး ပါမောက္ခဒစ်ပက်က ဟော့ဝပ်ကျောင်းမှာ ဒီလိုကိစ္စမျိုးဖြစ်ပွားရတာကို ရှက်လို့ဆို ပြီး ဖြစ်ရပ်မှန်တွေကို မပြောဖို့ ငါ့ကိုပိတ်ပင်ထားတယ်။ ပြီးတော့ ပုံမှားရိုက်သတင်း လွှင့်လိုက်တာက မတော်တဆ ထိခိုက်မှုတစ်ခုနဲ့ ကျောင်းသူတစ်ယောက် သေသွား ရတယ်ဆိုတဲ့ လုပ်ကြံဇာတ်လမ်းပဲ. . .၊

သူတို့က ငါ့ကို ပြောင်ပြောင်လက်လက်နဲ့ ခန့်ညားတဲ့ဆုဖလားကြီးတစ်ခု တော့ ချီးမြှင့်ကြပါရဲ့။ ပြီးတော့ ငါ့ပါးစပ်ကို ပိတ်ထားဖို့ သတိပေးကြတော့တာပဲ ငါသိတယ်၊ ဒီလိုအဖြစ်မျိုး နောက်တစ်ကြိမ်ထပ်ဖြစ်လိမ့်ဦးမယ်ဆိုတာ ငါသိနေ တယ်၊ ခန်းဆောင်ထဲက မိစ္ဆာသတ္တဝါကြီးလည်း အသက်ရှင်နေတုန်းပဲ၊ မိစ္ဆာခန်း ဆောင်ကို ဖွင့်နိုင်စွမ်းရှိတဲ့လူဟာလည်း အဖမ်းမခံရဘဲ အပြင်မှာလွတ်နေတုန်းပဲ"

ဟယ်ရီက တုံ့ပြန်ရေးသားချင်စိတ်ဖြင့် အလောတကြီးလှုပ်ရှားလိုက်သော ကြောင့် မင်အိုးကိုပင်တိုက်ချမိတော့မတတ်ဖြစ်သွား၏။ ဟယ်ရီက

"အခုလည်း ဒါမျိုးထပ်ဖြစ်နေပြန်ပြီလေ။ အခုဆိုရင် အပြုစားခံရတာ သုံး ယောက်ရှိသွားပြီ။ လက်သည်ကိုဘယ်သူမှ မသိကြသေးဘူး၊ ခင်ဗျားတို့ခေတ်တုန်း က မိစ္ဆာခန်းဆောင်ကို ဖွင့်တဲ့သူဟာ ဘယ်သူလဲ"

ရစ်ဒယ်က -

"မင်းသိချင်တယ်ဆိုရင် ငါပြလို့ရပါတယ်၊ ဒါပေမယ့် မင်းကိုစကားလုံးနဲ့ တော့ ထုတ်ရေးမပြဘူး၊ မင်းကို ငါ့ရဲ့သိစိတ်ရုပ်ပုံလွှာထဲခေါ်သွားမယ်၊ အဲဒီလူကို ငါဖမ်းမိခဲ့တဲ့ညက ရုပ်ပုံလွှာပေါ့. . ."



ဟယ်ရီက တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေမိ၏။ ကလောင်တံကိုကိုင်လျက် ဘာမှ ချမရေးဖြစ်သေးဘဲ ငိုင်နေမိ၏။ ရစ်ဒယ်ဘာကိုဆိုလိုတာလဲ. . . တစ်ခြား လူတစ်ယောက်ရဲ့ မှတ်ဉာဏ်ထဲသူဝင်ကြည့်လို့ရမတဲ့လား၊ ဘယ်လိုလုပ်ပြီး ဝင်ကြည့် ရမှာလဲ. . .။

ဟယ်ရီက အိပ်ဆောင်တံခါးဝဆီသို့ တုန်လှုပ်ခြောက်ချားစွာဖြင့် လှမ်းကြည့် မိ၏။ တံခါးဝကို အမှောင်ထုကြီးစိုးလာလေပြီ။ သူ့ဒိုင်ယာရီစာအုပ်ကို တဖန် ငုံ့ကြည့်လိုက်ပြန်သည်။ စာမျက်နှာပေါ်တွင် ရစ်ဒယ်၏ ဝါကျအသစ်တစ်ကြောင်း ပေါ်နေသည်။

"မင်းကိုငါ ခေါ်ပြပါရစေ. . ."

ဟယ်ရီက တစ်စက္ကန့်၏ ဆယ်ပုံတစ်ပုံမျှ တွန့်ဆုတ်နေမိပြီးနောက် စာလုံး နှစ်လုံးကို ရေးချလိုက်တော့၏။

"ဟိုကေ. . ."

ဒိုင်ယာရီစာမျက်နှာများသည် လေပြင်းမုန်တိုင်းကျသလို တဖျတ်ဖျတ်လန် သွားကြ၏။ ထို့နောက် ဇွန်လစာမျက်နှာများသို့ ရောက်သောအခါ ရုတ်တရက်ရပ် သွားကြသည်။ ဟယ်ရီက ပါးစပ်အဟောင်းသားဖြင့် တဖဲ့တခြကြည့်နေမိ၏၊ ဇွန်လတစ်ဆယ့်သုံးရက်ကို ဖော်ပြထားသည့် လေးထောင့်အကွက်ကလေးသည် မှုန်တိမှုန်ဝါး ရုပ်မြင်သံကြားဖန်သားပြင်လေးအဖြစ်သို့ ပြောင်းလဲသွား၏၊ ဟယ်ရီက အနည်းငယ်တုန်ယင်နေသောလက်များဖြင့် စာအုပ်ကိုမလိုက်ပြီး ထိုလေးထောင့်အပေါက်ငယ်ကလေးနှင့် သူ့မျက်လုံးကိုကပ်၍ အထဲသို့ချောင်းကြည့် လိုက်၏။

သူ့ကိုယ်သူဘာဖြစ်သွားမှန်း မသိလိုက်ခင်မှာပင် သူချောင်းကြည့်နေသော အပေါက်ငယ်ကလေးသည် ဖြုန်းခနဲအကျယ်ကြီးဖြစ်သွားသလို ခံစားလိုက်ရပြီး သူ့ကိုယ်သူ မထိန်းနိုင်တော့ဘဲ အားလွန်ကာ ရှေ့သို့ငိုက်၍ အပေါက်ထဲသို့ ဟယ်ရီ

www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံးပြုတ်ကျသွား၏။ သူသိလိုက်သည့်အချိန်တွင် သူ့တစ်ကိုယ်လုံး ဒိုင်ယာရီစာအုပ်ထဲသို့ဝင်ရောက်သွားလေပြီ။ သူ့ဘေးပတ်ပတ်လည်တွင် အရောင်တွေ အရိပ်တွေကိုသာ မြင်ရ၏။

သူ့ခြေထောက်က မြေပြင်သို့ နေရာတစ်ခုပေါ်တွင် ရပ်လျှက်သားရှိနေသည်ကိုခံစားသိဖြင့် သိနေ၏။ ထိုစဉ်မှာပင် မှုန်ဝါးနေသော ပုံရိပ်သဏ္ဍာန်များသည် မှန်ဘီလူးချိန်သလို တစ်ဖြည်းဖြည်းကြည်လင်ပြတ်သားလာကြတော့သည်။

သူ့ကိုယ်သူ ဘယ်ရောက်နေမှန်း ချက်ချင်းသိသွားသည်။ ပါမောက္ခကြီး ဒယ်ဘယ်ဒိုး၏ ရုံးခန်းအတွင်း၌ပင်တည်း။ သို့ရာတွင် စားပွဲနောက်၌ထိုင်နေသူကား ဒမ်ဘယ်ဒိုးမဟုတ်။ ကြုံလှီသေးကွေးသော၊ ဖျော့တော့တော့ပုံသဏ္ဍာန်ရှိသည့် မှော်ပညာရှင်ကြီးတစ်ဦးပင်ဖြစ်သည်။ ဖြူဆွတ်သော ဆံပင်လေးငါးဆယ်ပင်မျှသာ ၍ တစ်ခေါင်းလုံးပြောင်နေ၏။ ထိုသူကား ဖယောင်းတိုင်မီးအလင်းရောင်ဖြင့် စာတစ်စောင်ကို ဖတ်နေသည်။ အဲသည့်ပုဂ္ဂိုလ်ကြီးကို ဟယ်ရီတစ်ခါမှ မမြင်ဖူးချေ။ ဟယ်ရီက ကြောက်ကြောက်လန့်လန့်ဖြင့် တောင်းပန်လိုက်၏။

"ခွင့်လွှတ်ပါခင်ဗျာ၊ ကျွန်တော်ဒီအခန်းထဲကို ဝင်လာဖို့ မရည်ရွယ်. . ."

သို့သော် ထိုပုဂ္ဂိုလ်ကြီးက မော့၍ပင်မကြည့်။ အနည်းငယ်မျက်မှောင်ကြုတ်၍ စာကိုသာ ဆက်ဖတ်နေသည်။ ဟယ်ရီက ထိုသူ့အနားသို့ တိုးကပ်သွားလိုက်ပြီး

"ကျွန်တော် ခုပဲသွားပါတော့မယ်၊ ခွင့်ပြုနိုင်မလားခင်ဗျား. . ."

ထိုပုဂ္ဂိုလ်ကြီးက ဟယ်ရီကို ဖုတ်လေသည့်ငါးပိ ရှိသည်ဟုပင်မထင်။ သူပြောသမျှကို ကြားပုံလည်းမရ။ ထိုပုဂ္ဂိုလ်ကြီး နားလေးနေသည်အထင်ဖြင့် ဟယ်ရီက ခပ်ကျယ်ကျယ်အော်ပြောလိုက်သည်။

"ကျွန်တော် အနှောက်အယှက်ပေးမိတဲ့အတွက် ခွင့်လွှတ်ပါခင်ဗျား ကျွန်တော် အခုပဲပြန်သွားပါ့မယ်"

မှော်ဆရာကြီးကတော့ သူ့ဖာသာသူပင် စာကိုပြန်ခေါက်ပြီး သက်ပြင်းတစ်



ချလိုက်သည်။ ထို့နောက် မတ်တပ်ထရပ်လိုက်၏။ ဟယ်ရီကို တစ်ချက်မျှပင်ကြည့်ဘဲ ဖြတ်၍လျှောက်သွားပြီး ပြတင်းပေါက်လိုက်ကာများကို ဆွဲဖွင့်လိုက်သည်။ အပြင်အပတွင် ကောင်းကင်က ပတ္တမြားရောင် ရဲရဲနီနေ၏။

နေဝင်ဖျိုးဖျအချိန်ဖြစ်ပုံရသည်။ မှော်ဆရာကြီးက သူ့ထိုင်ခုံရှိရာစားပွဲနောက်သို့ ပြန်လာပြီးထိုင်ချလိုက်၏။ လက်မနှစ်ချောင်းကို ဂဏှာမငြိမ်စွာပွတ်သပ်ဆော့ရင်း တံခါးဆီသို့ မမှိတ်မသုန်ကြည့်နေ၏။ ဟယ်ရီက ရုံးခန်းပတ်ပတ်လည်ကြည့်လိုက်သည်။ မီးလျှံငှက်ကလေးဖော်ကီကိုလည်း မမြင်ရ။ တဝီဝီလည်ပတ်သော ငွေထည်စက်ကိရိယာများကိုလည်း မမြင်ရ။ သူ ယခုရောက်ရှိနေသောသည် ရစ်ဒယ်တို့ခေတ်တုန်းက ကျောင်းအုပ်ဆရာကြီး၏ ရုံးခန်းပင်ဖြစ်သည်။ နေသောကျောင်းအုပ်ဆရာကြီးသည်လည်း ထိုခေတ်ကကျောင်းအုပ်ဆရာပင်ဖြစ်ပေလိမ့်မည်။ ဟယ်ရီသည် လွန်ခဲ့သည့် နှစ်ငါးဆယ်ကို ပြန်ရောက်နေသည့်တစ္ဆေတစ်ကောင်လိုဖြစ်နေ၏။ ထိုခေတ်က လူများအနေဖြင့် သူ့ကိုမြင်ရလိမ့်မည်မဟုတ်ပါ။

ရုံးခန်းတံခါးခေါက်သံပေါ်လာ၏။ မှော်ဆရာအိုကြီးက ဖျော့တော့သည့်အသံဖြင့်. . .

"ဝင်ခဲ့လေ"

ဆယ့်ခြောက်နှစ်သား လူငယ်လေးတစ်ယောက်ဝင်လာသည်။ အခန်းထဲရောက်သောအခါ သူ၏ထိပ်ချွန်ဦးထုပ်ကြီးကို ချွတ်လိုက်သည်။ ထိုသူ၏ရင်ဘတ်တွင် ဆွဲထားသော ကျောင်းသားအကြီးအကဲ အမှတ်သင်္ကေတတံဆိပ်ပြားက ရွှေရောင်တဖိတ်ဖိတ်လက်နေလေသည်။ ထိုလူငယ်သည် ဟယ်ရီ့ထက် အရပ်များ မြင့်၏။ ဆံပင်ကတော့ ဟယ်ရီ့အတိုင်းပင်မည်းနက်မှောင်နေလေသည်။ ကျောင်းအုပ်ကြီးက. . .

"ခြော်. . . ရစ်ဒယ်ပါလား. . ."

www.burmeseclassic.com

www.burmeseclassic.com



"ပါမောက္ခကြီးဒစ်ပက်ခင်ဗျား. . . ဆရာကြီးက ကျွန်တော့်ကို တွေ့ တယ်ဆိုလို့. . ."

"ဩော်. . . အေး. . အေး. . ထိုင်လေကွယ်၊ မောင်ရင်ပို့လိုက်တဲ့ စာကို အခုလေးတင်ဖတ်ပြီးတာ. . ."

"ဟုတ်ကဲ့"

ဟု ပြောရင်း ရစ်ဒယ်ကဝင်ထိုင်လိုက်၏။ သူ့လက်နှစ်ဘက်သည် အ ချင်းတင်းကြပ်စွာဆုပ်နယ်လျှက်ရှိကြသည်။ ပါမောက္ခကြီးဒစ်ပက်က ကြင်နာ လေသံဖြင့်. . .

"ကလေးရယ်. . . မောင်ရင့်ကို ဟောသည့်ကျောင်းမှာ တစ်နွေလုံးလုံး ပေးဖို့ဆိုတာတော့ ဆရာကြီးလည်း မတတ်နိုင်ဘူး၊ မောင်ရင့်အနေနဲ့ကျောင်း ရက်မှာ အိမ်ကိုမပြန်ချင်ဘူးလား. . ."

"မပြန်ချင်ပါဘူး ဆရာကြီး. . . ကျွန်တော် ဟော့ဝပ်မှာပဲနေချင်တ ကျွန်တော် ပြန်ရမှာက ဟို. . . ဟိုလေ"

"မောင်ရင်က ကျောင်းပိတ်ရက်တွေမှာ ပြန်သွားရင် လူသာမန်တွေဖွင့် တဲ့ မိဘမဲ့ဂေဟာမှာ နေရတယ်ဆို၊ ဟုတ်စ. . ."

ဟု ပါမောက္ခကြီးက မေးလိုက်သည်။ ရစ်ဒယ်က မျက်နှာနီမြန်းသွားပြီး. . .

"ဟုတ်ပါတယ် ဆရာကြီး"

"မောင်ရင်က လူသာမန်မိဘတွေက မွေးတာလား. . ."

"ကပြားပါ ဆရာကြီး. . . အဖေကလူပါ၊ အမေကစုန်းပါ"

"ဒါဖြင့် မောင်ရင့်မိဘနှစ်ပါးကရော. . ."

"ကျွန်တော့်ကို မွေးပြီးပြီးချင်း အမေကဆုံးပါးသွားပါတယ် ဆရာကြီး၊ မိ ကလေးဂေဟာမှာ ပြောပြပုံအရတော့ ရစ်ဒယ်ဆိုတဲ့ ကျွန်တော့်နာမည်ကို အ ကပဲ ပေးသွားတာဆိုပဲ။ ရှေ့က'တွမ်မာဗိုလို' ဆိုတဲ့နာမည်နှစ်လုံးကတော့ အ



ာမည်က 'တွမ်' ဆိုတဲ့စာလုံးရယ်၊ အဖိုးနာမည်က 'မာဗိုလို'ဆိုတဲ့စာလုံးကို ယူထား ာပါ"

ပါမောက္ခကြီးက ဂရုဏာသက်စွာဖြင့် စုတ်သပ်လိုက်ရင်း. . .

"မောင်ရင့်ကို ထားမယ်ဆိုတော့ အထူးအစီအစဉ်တစ်ရပ်အနေနဲ့ ထားရမှာ ဲ ဒါပေမယ့် ကျောင်းမှာလက်ရှိဖြစ်နေတဲ့ အခြေအနေတွေကို ကြည့်လိုက်ပြန် ာော့. . ."

"ဆရာကြီးဆိုလိုတာက ဒီမှာကျောင်းသားတွေ တိုက်ခိုက်အပြုစားခံနေရတဲ့ ကိစ္စကိုပြောတာလားခင်ဗျာ. . ."

ဟု ပြန်မေးလိုက်သည့် ရစ်ဒယ်၏စကားကြောင့် ဟယ်ရီ၏ရင်သည် ထိတ် ခနဲခုန်သွား၏။ စကားတစ်လုံးတစ်လေမျှလောက်ကို မကြားလိုက်ရဘဲ လွတ်သွား ည်ကိုစိုးရိမ်သောစိတ်ဖြင့် သူတို့နားသို့ ဟယ်ရီတိုးကပ်သွားလိုက်၏။ ကျောင်း အုပ်ကြီးက. . .

"ဟုတ်တာပေါ့ မောင်ရင်. . . အတန်းပြီးသွားလို့ ကျောင်းသားအားလုံး အိမ် ပြန်သွားကြတဲ့အခါ ရဲတိုက်ကြီးတစ်ခုလုံးမှာ မောင်ရင်တစ်ယောက်တည်း ကျန်နေ ခဲ့ရမယ်ဆိုတာ တော်တော်မိုက်မဲတဲ့ကိစ္စပဲ၊

အထူးသဖြင့် မကြာသေးခင်ကမှ ဟိုသနားစရာမိန်းကလေးတစ်ယောက် ပုပ္ပနွေးနွေး အသတ်ခံထားရတာကွာ၊ အဲဒီတော့ မင်းအနေနဲ့ မိဘမဲ့ကလေးများ ဂေဟာမှာ ပြန်နေတာ အန္တရာယ်ကင်းပါလိမ့်ဦးမယ်. . .။

မကွယ်မဝှက်တမ်း ပြောရမယ်ဆိုရင် မှော်ဝန်ကြီးဌာနကတောင်မှ ငါတို့ ကျောင်းကိုပိတ်ပစ်ဖို့ စကားလမ်းကြောင်းနေကြပြီ၊ ငါတို့ကလည်းပဲ ဒီအနိဋ္ဌာရုံတွေ ရဲ့ဇစ်မြစ်ဟာ ဘယ်ကလာတယ်ဆိုတာ အဖြေမှရှာမတွေ့နိုင်သေးတာကိုး. . ."

ရစ်ဒယ်၏မျက်လုံးများက ပြူးကျယ်ဝိုင်းစက်သွားကြ၏။

"ဆရာကြီးခင်ဗျား. . . တကယ်လို့များ၊ ဒီလုပ်ရပ်တွေရဲ့ တရားခံကို ဖမ်းမိ

www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုရင် တိုက်ခိုက်မှုတွေအားလုံး ရပ်သွားမယ်ဆိုရင် . . .”

ပါမောက္ခကြီးက ကုလားထိုင်ပေါ်မှ ဆတ်ခနဲခါးမတ်သွားပြီး

“ဘာ. . . ဘာပြောလိုက်တယ် ရစ်ဒယ်၊ မင်းအနေနဲ့ အဲဒီတိုက်ခိုက်မှုတွေ ပတ်သက်ပြီးသိထားတာ တစ်ခုခုရှိတယ်လို့ ဆိုလိုချင်တာလား. . .”

ရစ်ဒယ်က လျှင်မြန်စွာ ပြန်ဖြေလိုက်၏။

“ဟင့်အင်း. . . မရှိပါဘူး ဆရာကြီး”

ဟယ်ရီက ထို‘မရှိပါဘူး’ ဟူသော အငြင်းစကားကို ကြားလိုက်ရသော ပါမောက္ခကြီး ဒမ်ဘယ်ဒိုးကို ပြောခဲ့သည့် သူ့လေသံနှင့်တစ်ထပ်တည်းတူနေသ ဟု ခံစားလိုက်မိလေ၏။

ပါမောက္ခကြီး ဒစ်ပက်က စိတ်ပျက်အားလျော့စွာဖြင့် ကုလားထိုင်ကျော ပေါ်သို့ ကိုယ်ကိုပစ်လှဲချလိုက်ပြီး

“ကိုင်း. . . မောင်ရင် သွားနိုင်ပါပြီကွယ်”

ရစ်ဒယ်က ကုလားထိုင်ပေါ်မှထလိုက်ပြီး အခန်းအပြင်ဘက်သို့ ထွက်သွား သည်။ ဟယ်ရီက သူ့နောက်မှလိုက်သွား၏။

ရွေ့လျားနေသော ကြောင်လိမ်လှေကားထစ်များအတိုင်း သူတို့အောက် ဆင်းလာခဲ့ကြသည်။ မည်းမှောင်နေသော စင်္ကြံလမ်းမှ ထွက်လာခဲ့ကြပြီးနော ရစ်ဒယ်က တစ်နေရာတွင်ရပ်တန့်လိုက်သည်။ ဟယ်ရီကလည်း မျက်ခြေမပြ ကြည့်ရင်းသူ့လိုပင် ရပ်တန့်လိုက်၏။ ရစ်ဒယ်က တစ်စုံတစ်ရာကို လေးလေးန နက်စဉ်းစားနေပုံရသည်။ နှုတ်ခမ်းများကို ကိုက်လျှက်သူ့နဖူးကြောကြီးများလည် တွန့်ရှုံ့နေကြ၏။

ထို့နောက်သူက တစ်စုံတစ်ရာကို ဆုံးဖြတ်ချက်ချလိုက်ပုံရသည်။ ရ နေရာမှ အလျင်အမြန် ပြေးထွက်သွား၏။ ဟယ်ရီကလည်း သူ့နောက်မှ ခ သောပါး လိုက်ရလေသည်။ အဝင်ခန်းမကြီးဆီသို့ရောက်သည့်တိုင်အောင် အ



ည်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရချေ။ ထိုအချိန်တွင် နီညိုရောင်ဆံပင် ည်များနှင့် မုတ်ဆိတ်မွေးတို့ရှိသော အရပ်ရှည်ရှည်မှော်ဆရာတစ်ယောက်က ကျောက်သားလှေကားထစ်များပေါ်မှ ဘွားခနဲပေါ်လာပြီး ရစ်ဒယ်ကိုလှမ်းခေါ် လိုက်သည်။

“တွမ်. . . အချိန်မတော်ကြီး ရဲတိုက်ထဲမှာ လျှောက်သွားပြီး ဘာလုပ်နေတာ လဲ”

ဟယ်ရီက လှမ်းခေါ်လိုက်သော မှော်ဆရာကြီးကို အံ့သြတကြီးမှင်သက် ကြည့်နေမိ၏။ ထိုသူကား လွန်ခဲ့သောနှစ်ပေါင်းငါးဆယ်က ဒမ်ဘယ်ဒိုးပင်ဖြစ် သည်။ ရစ်ဒယ်က

“ကျွန်တော် ကျောင်းအုပ်ဆရာကြီးနဲ့ သွားတွေ့တာပါခင်ဗျာ”

ဟု ရစ်ဒယ်က ဖြေလိုက်သည်။ ဒမ်ဘယ်ဒိုးက

“ဒါဆိုလည်းပြီးရော. . ကဲ အိပ်ရာထဲမြန်မြန်ပြန်”

ဒမ်ဘယ်ဒိုး၏ မျက်လုံးများက ရစ်ဒယ်ကိုထွင်းဖောက်သွားတော့မတတ် စူးရှစွာစိုက်ကြည့်ရင်း ပြောလိုက်ခြင်းဖြစ်သည်။ အဲသည့်အကြည့်ကို ဟယ်ရီကောင်းစွာရင်းနှီးပြီးသားဖြစ်သည်။

“ဒီလိုရက်ပိုင်းအတွင်းမှာ စင်္ကြံတွေပေါ် ဟိုဟိုဒီဒီလျှောက်သွားမနေတာ အကောင်းဆုံးပဲကွ. . . ဟိုဒင်းမဖြစ်. . .”

ဒမ်ဘယ်ဒိုးက သက်ပြင်းလေးလေးတစ်ချက်ချလိုက်ရင်း ရစ်ဒယ်ကို ‘ဂွတ်နိုက်’ ဟုနှုတ်ဆက်ပြီး ထွက်ခွါသွားသည်။ ရစ်ဒယ်က သူ့မြင်ကွင်းထဲမှ ဒမ်ဘယ်ဒိုး ပျောက်သွားသည်အထိ စောင့်ကြည့်နေလိုက်သေး၏။ ပြီးတော့မှ လျှင်မြန်စွာလှုပ်ရှားလိုက်ရင်း အိပ်ဆောင်များရှိရာဆီသို့ ကျောက်သားလှေကားထစ်များအတိုင်း အဟုန်ထိုးပြေးဆင်းသွားလေတော့သည်။ ဟယ်ရီကလည်း နောက်မှထပ်ချပ်မခွါ လိုက်လျှက်. . .။

www.burmeseclassic.com



အစကတော့ ဟယ်ရီစိတ်ထဲတွင် လျှို့ဝှက်လမ်းတစ်ခုခု(သို့မဟုတ်) … အောက်ဥမင်လှိုင်ခေါင်းတစ်ခုခုဆီသို့ သွားနေခြင်းပေလားဟု မျှော်လင့်မိသေ… လည်း တကယ်တမ်းရောက်လာသည့်အခါတွင်မူကား ပရော်ဖက်ဆာစနိပ်… သင်ခန်းစာပို့ချလေ့ရှိသော မြေတိုက်ခန်းဖြစ်နေသည့်အတွက်ကြောင့် ဟယ်… စိတ်ပျက်သွား၏။

မီးတိုင်များကို ထွန်းညှိမထားပါ။ ရစ်ဒယ်ကအခန်းတံခါးကို တွန်းဖွင့်လိုက်… သည်။ အလင်းရောင်ကင်းမဲ့နေသောကြောင့် ဟယ်ရီအနေဖြင့် တံခါးအနီး… ငြိမ်သက်စွာရပ်လျှက် စင်္ကြံလမ်းဆီ မမှိတ်မသုန်ကြည့်နေသော ရစ်ဒယ်ကို… မြင်ရ၏။

အဲသည့်နေရာတွင် ရပ်စောင့်နေရသည်မှာ အနည်းဆုံး တစ်နာရီခန့်… ရှိမည်ဟု ဟယ်ရီထင်လိုက်မိ၏။ ခပ်ဟဟပွင့်နေသော တံခါးရွက်နောက်မှ အပြ… သို့ စောင့်ကြည့်နေသည့်ရစ်ဒယ်၏ ပုံသဏ္ဌာန်ကမူ သက်မဲ့ရုပ်တုတစ်ခုအလား…

ရင်တထိတ်ထိတ်ဖြင့် စောင့်မျှော်ရသည့်စိတ်တင်းကြပ်မှုဒဏ်ကို ဟယ်… မခံစားနိုင်တော့။ ထို့ကြောင့်သူက ဒိုင်ယာရီထဲမှ ပြန်ထွက်ပြီး ပစ္စုပ္ပန်ကာလသို့… ပြန်သွားတော့မည်ဟု စိတ်ကူးလိုက်စဉ်မှာပင် တံခါး၏တစ်ဘက်ဆီမှ ရွေ့လျား… သော အသံတစ်သံကိုကြားလိုက်ရသည်။

တစ်စုံတစ်ယောက်သည် စင်္ကြံလမ်းအတိုင်း တရွေ့ရွေ့လာနေပေပြီ… ထိုသူသည် ဟယ်ရီနှင့်ရစ်ဒယ်တို့ ပုန်းအောင်းနေသောအခန်းကို ဖြတ်ကျော်… သွား၏။ ရစ်ဒယ်ကတော့ အရိပ်တစ်ခုလိုမျိုး ငြိမ်သက်တိတ်ဆိတ်စွာဖြင့် ထိုသူ့နောက်… နောက်ယောင်ခံလိုက်သွားသည်။ ဟယ်ရီကတော့ နောက်ဆုံးမှနေ၍ တစ်လှမ်း… ချင်း ခြေဖျားထောက်ကာ လိုက်လာနေမိ၏။ (သူမည်သို့လျှောက်လျှောက် သူ့… သံကို မည်သူမျှ ကြားရမည်မဟုတ်ကြောင်းကိုပင် သူမေ့လျော့နေသည်။)

ငါးမိနစ်မျှ နောက်ယောင်ခံလိုက်လာပြီးသည့်နောက် ရှေ့မှာချိုးချိုးချွတ်ချွတ်…



အသံတွေကို ထပ်ကြားလိုက်ရသည်။ ရစ်ဒယ်က တုံ့ခနဲရပ်လိုက်ပြီး ခေါင်းကိုအသံလာရာဆီသို့ ညွတ်တိမ်းလိုက်၏။

တံခါးတစ်ခုကျွီခနဲ မြည်ပြီးပွင့်သွားသည့်အသံကို ဟယ်ရီကြားလိုက်ရသည်။ ထို့နောက် တစ်စုံတစ်ယောက်က အသံအက်ရှရှဖြင့် တီးတိုးပြောနေသည်ကိုပါ ကြားလိုက်ရလေတော့သည်။

“ထွက်ခဲ့. . . မင်းဒီကိုထွက်ခဲ့စမ်း. . . ဟုတ်ပြီ. . . လာစမ်း၊ လာစမ်း. . . သေတ္တာထဲကနေ ထွက်ခဲ့စမ်း. . .”

ထိုအမိန့်ပေးနေသောအသံသည်ကား ဟယ်ရီနှင့် အလွန်တစ်ရာမှပင် ရင်းနှီးကျွမ်းဝင်နေသော လူတစ်ယောက်၏အသံဖြစ်လေသည်။

ရစ်ဒယ်က ဝုန်းခနဲခုန်ထွက်လိုက်၏။ ဟယ်ရီလည်း ရစ်ဒယ်နောက်ကွယ်မှ ထွက်လိုက်သည်။ ခန္ဓာကိုယ်ကြီးမားထွားကျိုင်းသော လူငယ်တစ်ယောက်၏ သဏ္ဌာန်ကို တွေ့လိုက်ရသည်။ ထိုလူငယ်က ပွင့်နေသော တံခါးတစ်ချပ်၏ရှေ့တွင် ဘာစုံတစ်ရာကို ကုန်းကုန်းကွကွလုပ်နေ၏။ နံဘေးတွင်ကား အဆမတန်ကြီးမားသော သေတ္တာကြီးတစ်လုံးရှိသည်။ ရစ်ဒယ်က လေသံပြတ်ပြတ်ဖြင့်

“ဘယ့်နှယ်လဲ ရူးဘီးယက် ဟက်ဂရစ်”

ထိုလူငယ်က တံခါးကိုဝုန်းကနဲဆောင့်ပိတ်ပြီး မတ်တပ်ထရပ်လိုက်၏။

“မင်းလာလာလုပ်တာလဲ တွမ်. . .”

ရစ်ဒယ်က ရှေ့သို့တိုးသွားလိုက်သည်။

“ပွဲကပြီးသွားပြီဟက်ဂရစ်၊ ငါကမင်းကို ဇာတ်သိမ်းပေးဖို့ရောက်လာတာပဲ။ တိုက်ခိုက်သတ်ဖြတ်တာတွေ ချုပ်ငြိမ်းမသွားဘူးဆိုရင် ဒီ ဟော့ဝပ်ကျောင်းကြီးကို ပိတ်ပစ်ရတော့မယ်လို့ သူတို့ပြောနေကြပြီ”

“မင်းဆိုလိုတာက ဘာ. . .”

“မင်းအနေနဲ့ကတော့ ဘယ်သူ့ကိုမှ သတ်ချင်ဖြတ်ချင်တဲ့ ရည်ရွယ်ချက်ရှိ…

www.burmeseclassic.com



သိမ့်မယ်လို့ ငါမထင်ပါဘူး၊ အဲ. . . ဒါပေမယ့် မင်းမွေးထားတဲ့မိစ္ဆာသတ္တဝါကြီးကတော့ အလှမွေးလို့ကောင်းတဲ့တိရိစ္ဆာန်မဟုတ်ပေဘူး၊ ဒီတော့ ငါအကြံပေးချင်တာက မင်းရဲ့သတ္တဝါကြီးကို အပြင်ခေါ်ထုတ်လိုက်ပါ။ ပြီးတော့. . ."

ဟက်ဂရစ်က ပိတ်ထားသည့်တံခါးကို နောက်ပြန်တွန်းဖိထားရင်း. . .

"မသတ်ဘူး၊ ငါမွေးထားတဲ့အကောင်က ဘယ်သူ့ကိုမှမသတ်ဘူး"

ဟု အော်ပြောလိုက်၏။ သို့ရာတွင် သူတွန်းပိတ်ထားသည့် တံခါးနောက်ကွယ်မှ တစ်စုံတစ်ရာ၏ ပွတ်တိုက်ရွေ့လျားသံ၊ ချိုးချိုးချွတ်ချွတ်မြည်သံတို့ကို ဟယ်ရီ ကြားနေရသည်။

ရစ်ဒယ်က ဟက်ဂရစ်နှင့်ပို၍နီးအောင်တိုးသွားရင်း. . .

"ငါပြောသလိုလုပ်လိုက်စမ်းပါ ဟက်ဂရစ်၊ မနက်ဖြန်ဆိုရင် အသတ်ခံလိုက်ရတဲ့ကျောင်းသူလေးရဲ့ မိဘတွေ ဒီကိုရောက်လာကြတော့မယ်၊ ဟော့ဝပ်ကျောင်းတော်ကြီးအနေနဲ့ အနည်းဆုံးတော့ သူတို့သမီးကိုသတ်တဲ့ မိစ္ဆာသတ္တဝါကြီးကို ဖမ်းဆီးသုတ်သင်လိုက်နိုင်ပြီဆိုတဲ့ အကြောင်းကိုတော့ ပြနိုင်မှဖြစ်တော့မယ်"

"မဟုတ်ဘူး. . . ငါ့ကောင်ကြီးသတ်တာမဟုတ်ဘူး၊ သူဘယ်သူ့ကိုမှ မသတ်ဘူး"

ဟက်ဂရစ်က အသံနက်ကြီးဖြင့် ဟစ်အော်လိုက်ရာ မည်းမှောင်နေသော စင်္ကြံလမ်းတစ်ခုလုံး ပဲ့တင်ထပ်သွား၏။

ရစ်ဒယ်က ဆေးတောင်ဝှေးကို ဖျတ်ခနဲဆွဲထုတ်လိုက်ရင်း. . .

"ဘေးမှာရပ်နေလိုက်စမ်း"

သူ့မန္တန်မှထွက်ပေါ်လာသော မီးရောင်ကြောင့် စင်္ကြံတစ်ခုလုံး ထိန်ထိန်လင်းသွား၏။ ဟက်ဂရစ်၏နောက်ဘက်ရှိ တံခါးကဝုန်းခနဲပွင့်ထွက်သွားလေရာ ဟက်ဂရစ်ကိုတစ်ဘက်နံရံဆီသို့ အရှိန်ပြင်းပြင်းရိုက်ချလိုက်သလိုဖြစ်သွား၏။ တစ်စုံတစ်ရာသည် တံခါးနောက်ကွယ်မှ ဘွားခနဲပေါ်လာသည်။



ဟယ်ရီက အသည်းခိုက်လုမတတ် စူးရှရှည်လျားစွာ အသံကုန်အော်ဟစ်လိုက်မိ၏။ (သူ့အသံကိုတော့ မည်သူမျှမကြား)

အမွေးတွေ ဗရပွစ်ထနေသည့် ရောမသတ္တဝါကြီးတစ်ကောင်၊ ပုဝိုင်းဝိုင်းခန္ဓာကိုယ်တွင် မည်းနက်သောခြေထောက်များက ထွေးလားလုံးလားဖြင့် ရှုပ်ယှက်ခတ်နေကြသည်။ များစွာသော မျက်လုံးများက ဝင်းဝင်းတောက်နေသည်။ လက်မနှစ်ချောင်းကလည်း ခါးသံလျက်နှစ်စင်းလို ထက်မြနေသည်။

ရစ်ဒယ်က သူ့ဆေးတောင်ဝှေးကို ချိန်ရွယ်လိုက်သော်လည်း နောက်ကျသွားခဲ့လေပြီ။ ထိုသတ္တဝါကြီးက သူ့ခေါင်းပေါ်မှ လွှားခနဲကျော်လွှားကာ အသက်လုပြေးထွက်သွား၏။ ထိုသတ္တဝါကြီး၏လက်ချက်ကြောင့် စင်္ကြံလည်းပြိုကျသွားသည်။

လဲကျသွားရာမှ ဒယိမ်းဒယိုင်ထရပ်လိုက်သော ရစ်ဒယ်က ဆေးတောင်ဝှေးနှင့်လှမ်းချိန်လိုက်သေးသည်။ သို့သော်. . .

"မလုပ်နဲ့. . ."

ဟက်ဂရစ်က ရစ်ဒယ်ကို လွှားခနဲခုန်အုပ်လိုက်၏။ သူက ရစ်ဒယ်၏ဆေးတောင်ဝှေးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားရင်း ရစ်ဒယ်တစ်ကိုယ်လုံးကို ကြမ်းပြင်ပေါ်ပစ်တွန်းလှဲချလိုက်သည်။

ဟယ်ရီမြင်နေရသောမြင်ကွင်းတစ်ခုလုံး ချာချာလည်သွားပြီး နောက်ဆုံးတွင် အမှောင်ထုက ဖုံးအုပ်သွားလေတော့သည်။ ဟယ်ရီက သူ့ကိုယ်သူ ခြေပစ်လက်ပစ် ပြုတ်ကျသွားသည်ဟု ခံစားလိုက်ရသည်။

သတိရ၍ကြည့်လိုက်သောအခါ သူသည် ဂရစ်ဖင်ဒေါအိပ်ဆောင်ထဲရှိ သူ့ခုတင်ပေါ်တွင် ခြေကားယားလက်ကားယားလဲလျောင်းနေကြောင်း တွေ့လိုက်ရသည်။ ရစ်ဒယ်၏ဒိုင်ယာရီစာအုပ်ကလေးကတော့ သူ့ဗိုက်ပေါ်တွင်ဖွင့်လျက်သားတင်နေ၏။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီအသက်ပင် မှန်မှန်ပြန်မရှူနိုင်သေးခင် အဆောင်တံခါးပွင့်သွားပြီး ရွန်ကအခန်းတွင်းသို့ဝင်လာသည်။ ရွန်က

"ဪ. . . မင်းက ဒီရောက်နေတာကိုး. . ."

ဟယ်ရီက ကုတင်ပေါ်မှ ထထိုင်လိုက်သည်။ သူ့တစ်ကိုယ်လုံး ချွေးများ[illegible] နစ်ကာ တဆတ်ဆတ်တုန်နေလေ၏။ ရွန်ကလှမ်းမေးလိုက်သည်။

"ဟေ့ကောင်. . . ဘာဖြစ်နေတာလဲ"

"တရားခံကတော့ ဟက်ဂရစ်ပဲ ရွန်. . ။ လွန်ခဲ့တဲ့နှစ်ငါးဆယ်တုန်းက မိ[illegible]ခန်းဆောင်ကို ဖွင့်ခဲ့တဲ့သူဟာ ဟက်ဂရစ်ဖြစ်နေတာကိုး. . ."

❑

## အခန်း (၁၄)

မှော်ဝန်ကြီး ကော်နဲလီးယပ်စ် ဖတ်ဂျ်

www.burmeseclassic.com

www.burmeseclassic.com



ဟက်ဂရစ်သည် ကြောက်စရာလန့်စရာ သတ္တဝါကြီးများကိုမှရွေး၍ ထူးထူးခြားခြား (ကံဆိုးစွာ)နှစ်သက်သဘောကျတတ်သည့် အကျင့်ရှိမှန်းဟယ်ရီ၊ ရွန်နှင့် ဟာမိုင်ယွန်တို့သုံးဦးစလုံး သိထားပြီးသားဖြစ်သည်။

သူတို့ပထမနှစ်ကျောင်းသားဘဝတုန်းက ဟက်ဂရစ်သည် သူ၏သစ်သားအိမ်ကလေးထဲ၌ နဂါးတစ်ကောင်ကို မွေးမြူထားရန် ဇွတ်အတင်းကြိုးစားဖူးသည်။ မှော်ပြဒါးရှင်လုံးကို စောင့်သောခေါင်းသုံးလုံးခွေးကြီး ဖလက်ဖီသည်လည်း ဟက်ဂရစ်၏ ငယ်မွေးခြံပေါက်ပင်ဖြစ်သည်။

အကယ်၍ဟက်ဂရစ်သည် (ချာတိတ်ဘဝမှာတုန်းက) ထူးထူးခြားခြား သတ္တဝါတစ်ကောင်ကောင် တစ်နေရာမှာ ပုန်းအောင်းနေသည်ဟူသည့် သတင်းကိုသာ ကြားရပါက ထိုသတ္တဝါကို ရိုးခနဲရိပ်ခနဲလောက် တွေ့မြင်ရဖို့အတွက်ပင် ခရေမြေဆုံးအောင်ရှာမည်မှာ သေချာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဧရာမသတ္တဝါကြီးတစ်ကောင်အနေဖြင့် ပုန်းအောင်းစရာနေရာ ကျဉ်းကျဉ်းကြုပ်ကြုပ်ကလေးထဲတွင် နေရသည်မှာ ဟက်ဂရစ်အတွက်တော့ သည်းမခံနိုင်စရာကိစ္စပင်ဖြစ်သည်။ သူ့အနေနှင့် ထိုသို့သောသတ္တဝါကြီးကို ခြေညောင်းလက်ဆန့်သွားခွင့်ရအောင် ကူညီချင်လာသည့်စေတနာများ တဖွားဖွားပေါ်နေမည်မှာ မလွဲပေ။

ဆယ့်သုံးနှစ်သားလေး ဟက်ဂရစ်၏ရင်ထဲတွင် ထိုသတ္တဝါကြီးကို လည်ပင်းလှလှလေးတစ်ခု တပ်ပေးဖို့တောင်မှ စိတ်ကူးယဉ်ကောင်းယဉ်နေလိမ့်မည်ဟု ဟယ်ရီတွေးနေမိသည်။ သို့ရာတွင် သေချာသောအချက်တစ်ခုမှာ ဟက်ဂရစ်အနေဖြင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ သေစေလိုသည့်ဆန္ဒမရှိခြင်းပင်ဖြစ်ပါသည်။

ဟယ်ရီက ရစ်ဒယ်၏ ဒိုင်ယာရီစာအုပ်ထဲတွင် သိမ်းဆည်းထားသည့် အချက်အလက်များကို ရှာဖွေမတွေ့မိခဲ့လျှင် အကောင်းသားဟု နောင်တရနေမိတော့သည်။ ရွန်နှင့်ဟာမီယွန်တို့ကလည်း အဲသည်အကြောင်းကိုပင် ထပ်တလဲလဲ မေးနေကြ၏။ ပြောပြီးသားအကြောင်းအရာများကို အကြိမ်ကြိမ်ပြန်ပြောပြရလွန်း၍ ဟယ်ရီလည်း ထိုကိစ္စကို လေသံမျှပင် မဟချင်တော့ပေ။

ဟာမီယွန်က. . .

"ရစ်ဒယ်က လူမှားပြီးဖမ်းတာလားမှမသိတာ၊ လူတွေကိုတိုက်ခိုက် သတ်ဖြတ်နေတဲ့သတ္တဝါက ဟက်ဂရစ်မွေးထားတဲ့သတ္တဝါမဟုတ်ဘဲ တစ်ခြားတစ်ကောင် ဖြစ်ချင်ဖြစ်မှာပေါ့"

"တစ်ခြားတစ်ကောင်ဖြစ်ရအောင် အဲဒီနေရာကျဉ်းကျဉ်းလေးထဲမှာ သတ္တဝါ ဘယ်နှစ်ကောင်လောက်ဆန့်မှာမို့လို့လဲ"

ဟု ရွန်က စိတ်လျှော့သံဖြင့် ပြောလိုက်၏။

ဟယ်ရီကလည်း မချိတင်ကဲလေသံဖြင့်. . .



"ဟက်ဂရစ် ကျောင်းထုတ်ခံရတယ်ဆိုတာ ငါတို့အားလုံးအသိပဲလေ၊ ဟက်ဂရစ်ကိုလည်း ကျောင်းထုတ်လိုက်ရော ကျောင်းမှာဖြစ်နေတဲ့ တိုက်ခိုက်သတ်ဖြတ်မှုတွေအားလုံး ပြီးဆုံးပျောက်ကွယ်သွားတော့တာပဲ၊ အဲသလိုမှမဟုတ်ရင် ရစ်ဒယ်က ဘယ့်နှယ်လုပ်ပြီး ဆုရမှာတဲ့လဲ"

ရွန်ကတော့ စောဒကတက်နေသေးသည်။

"ရစ်ဒယ်ဆိုတဲ့ ငတိကငါ့အစ်ကိုပါစီလိုကောင်မျိုးပဲနေမှာပါကွာ၊ မျက်နှာသာ ပေးခံချင်တာနဲ့ ဟက်ဂရစ်ကို အကွက်ဆင်ဖမ်းတာဖြစ်မှာပေါ့"

ဟာမီယွန်က. . .

"ဒါပေမယ့် ဟိုသတ္တဝါကြီးက ကျောင်းသူတစ်ယောက်ကို သတ်တယ်ဆိုတာ တော့ အကွက်ဆင်လို့ရတဲ့ကိစ္စမှ မဟုတ်တာ။ တကယ်ဖြစ်ခဲ့တာဟ. . ."

ဟယ်ရီကတော့. . .

"ဟော့ဝပ်ကျောင်းကြီးသာပိတ်သွားရရင် ရစ်ဒယ်လည်း မိဘမဲ့ကလေး ဟာမှာ ဘဝဆုံးရတော့မှာလေ။ သူ့အနေနဲ့ ဒီကျောင်းမှာပဲ ဆက်နေသွားချင် ကိုး၊ ငါအပြစ်တော့ မတင်ရက်ပါဘူး"

ဟု ကိုယ်ချင်းစာစိတ်ဖြင့် ပြောလိုက်၏။

ရွန်ကတော့ တစ်စုံတစ်ရာကို တွေးမိသလို နှုတ်ခမ်းကိုကိုက်ထားရင်း. . .

"မင်း ဟက်ဂရစ်ကို အောက်လမ်းကဝေတွေကျက်စားတဲ့နေရာမှာတွေ့ခဲ့ တယ်ဆို. . . ဟုတ်တယ် မဟုတ်လား ဟယ်ရီ"

"သူက အသားစားပက်ကျိတွေကို နှိမ်နင်းနိုင်တဲ့ ပက်ကျိနိုင်ဆေးဝယ်နေ တာပါ"

ဟု ဟယ်ရီက လျှင်မြန်စွာ ဖြေလိုက်၏။

သူတို့သုံးယောက်စလုံး နှုတ်ဆိတ်ဆွံ့အသွားမိကြတော့သည်။ အတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ကြာအောင် ဆိတ်ဆိတ်နေဖြစ်ကြပြီးမှ ဟာမီယွန်က မဝံ့မရဲလေသံဖြင့်. . .

"ဒီအကြောင်း ဟက်ဂရစ်ကို ငါတို့သွားပြီး မေးကြည့်ရင် ကောင်းမယ်
နင်တို့ထင်သလား. . ."

ရွန်က စိတ်အချဉ်ပေါက်ပေါက်ဖြင့်. . .

"အဲဒီလိုသွားမေးရင် တော်တော့်ကို ပျော်ရွှင်စရာအပေါင်းနဲ့ ခညောင်း
မှာပေါ့၊ ငါတို့က ဘယ်လိုသွားပြီးမေးရမှာလဲ၊ ကိုင်း. . . ဘယ့်နှယ်လဲ ဟက်ဂ
အရင်တစ်ခေါက်တုန်းက မိစ္ဆာခန်းဆောင်ကိုဖွင့်ပြီး အမွေးထူထူသတ္တဝါကြီး
လွှတ်ပေးလိုက်တာ ခင်ဗျားမဟုတ်လားလို့ ပြောရမှာလား. . ."

နောက်ဆုံးတော့ သူတို့သွားမပြောရန် ဆုံးဖြတ်လိုက်ကြတော့သည်။ နော
ထပ်တိုက်ခိုက်မှု တစ်စုံတစ်ရာ မပေါ်ပေါက်တော့ဘူးဆိုလျှင် ထိုအကြောင်းနှင့်
သက်၍ ဟက်ဂရစ်ကို ဘာမှမမေးတော့ဟု သန္နိဋ္ဌာန်ချလိုက်ကြတော့၏။

ကံအားလျော်စွာပင် နောက်ထပ်လေးလလုံးလုံး မည်သည့်တိုက်ခိုက်
ထပ်မံမဖြစ်ပွားတော့ဘဲ အေးဆေးငြိမ်သက်လျက်ရှိရာ သူတို့သုံးဦးသားကြ
ဝမ်းသာသလိုဖြစ်မိကြသေး၏။ လူတိုင်းကလည်း ကျောင်းကိုဒုက္ခပေးနေသော
ကောင်ကြီးသည် ရာသက်ပန်တိမ်မြုပ်ပျောက်ကွယ်သွားပြီဟုပင် ထင်စပြုလာ
သည်။

ပုဏ္ဏကတစ္ဆေပီးဗက်ကလည်း. . .

'ပေါ်တာရယ်. . . အို! ဟယ်ရီပေါ်တာရယ်. . ဘာလို့ ရက်ရက်စက်
လုပ်ရတာလဲကွယ်' ဟူသော သီချင်းကိုဆိုရမှာ ပျင်းသွားပုံရသည်။ အာနီမေ
လန်ပင်လျှင် နွယ်မြက်ဆေးပင်ဗေဒသင်ကြားနေခိုက်. . .

"ဟယ်ရီရေ. . . ငါ့ကို ဖားချေးထည့်ထားတဲ့ခြင်းကလေး တစ်ဆိတ်လော
လှမ်းလိုက်ပါဦး" ဟု ယဉ်ယဉ်ကျေးကျေး ပြောဖော်ရလာသည်။ နောက်ပြီး မတ်



ထဲရောက်လာပြီဖြစ်သောကြောင့် မှန်လုံအိမ်အမှတ်သုံးထဲတွင် စိုက်ပျိုးထားသော
ဆီမီးတောက်ပင်များကလည်း ပွက်ပွက်ညံအောင် အော်ဟစ်အသံပေးနေကြပြီဖြစ်
၏။

ပရော်ဖက်ဆာ စပရောက်က ထိုအသံများကြောင့်ပီတိတွေဖုံးကာ အပျော်
ကြီးပျော်နေလေတော့သည်။ သူမက. . .

"အဲဒီအပင်တွေ ကိုယ့်အိုးထဲမှာကိုယ်မနေဘဲ တစ်ခြားအပင်ရဲ့အိုးထဲကို
ပြောင်းဖို့ကြိုးစားနေကြပြီဆိုတာနဲ့ အဲဒီအပင်တွေအရွယ်ရောက်ပြီလို့ ငါတို့သိနိုင်
တယ်၊ အဲဒီအခါကျရင် ဗီဆေးပင်တွေကိုသုံးပြီး ပြုစားခံထားရတဲ့သူတွေရဲ့
အသက်ကိုကယ်တင်နိုင်ပြီပေါ့ကွယ်"

ဟု ဟယ်ရီ့ကို ပြောပြနေသည်။

●

ဒုတိယနှစ်ကျောင်းသားများအဖို့ အီစတာကျောင်းပိတ်ရက်အတွင်း စဉ်းစား
ရောကိစ္စတစ်ခုတိုးလာသည်။ နောက်လာမည့်တတိယနှစ်ရောက်လျှင် မည်သည့်
မေဂျာ(အထူးပြုဘာသာရပ်)ဘာသာတွဲကို ယူမည်နည်းဟူသည့်ကိစ္စပင်ဖြစ်သည်။
အထူးသဖြင့် ဟာမီယွန့်လိုလူမျိုးအတွက်တော့ ထိုကိစ္စသည်အသက်တမျှအရေးကြီး
လှပေသည်။ သူမက. . .

"ငါတို့ရဲ့ရွေးချယ်မှုက ငါတို့ရဲ့အနာဂတ်လမ်းကြောင်းကို ဖန်တီးမှာနော်"

ဟု ဟယ်ရီနှင့်ရွန့်ကို ပြောပြနေ၏။ သူတို့က ဘာသာရပ်အသင်များ တန်းစီ
ရေးထားသည့် စာရင်းဘေးတွင် အမှတ်ကလေးများခြစ်နေကြသည်။

ဟယ်ရီက. . .

www.burmeseclassic.com

www.burmeseclassic.com



"ငါကတော့ ဆေးရည်သင်ခန်းစာပါတဲ့ ဘာသာတွဲဆိုရင် မယူချင်ဘူး"

ရွန်ကလည်း စိတ်ညစ်ညစ်ဖြင့်. . .

"မဖြစ်ဘူးလေ၊ ငါတို့သင်လက်စဘာသာတွဲတွေကိုပဲ ဆက်ယူရင်ယူ၊ ဒါမှ မဟုတ်၊ အောက်လမ်းမိစ္ဆာနှိမ်နင်းရေးဘာသာရပ်ကို ဖြုတ်ပစ်လိုက်ရမှာ"

ဟာမီယွန်က ဆတ်ခနဲတုန်သွားပြီး. . .

"ဒါပေမယ့် အဲဒီဘာသာရပ်က သိပ်အရေးကြီးတဲ့ ပညာရပ်နော်"

ရွန်ကတော့

"ဘယ်လောက်အရေးကြီးကြီး. . လော့ဟတ်သင်ပုံနဲ့တော့ တတ်ပါလိမ့် မယ်အားကြီးကြီး၊ သူသင်တဲ့အထဲက ငါခုချိန်ထိ ဘာပညာမှ ဟုတ်တိပတ်တိ မရသေးဘူး၊ တစ်ခုပဲတတ်တယ်၊ မြေဖုတ်ဘီလူးလေးတွေကို ဘယ်တော့မှ နမော်နမဲ့မလွှတ်နဲ့ ဆိုတဲ့ သင်ခန်းစာပေါ့"

နယ်ဗီလီလောင်းဘော့တွန်ထံသို့ကား သူ့စုန်းမိသားစုအတွင်းရှိ တစ်ဆွေလုံး တစ်မျိုးလုံးထံမှ စာအစောင်ပေါင်းများစွာ ရောက်ရှိလာလေသည်။ စာအစောင် တိုင်းတွင်လည်း တစ်ယောက်တစ်ပေါက်ဆိုသလို မည်သည့်ဘာသာတွဲကိုယူသင့် ကြောင်း အကြံမျိုးစုံဝိုင်းပေးထားကြ၏။

ထို့ကြောင့် လောင်းဘော့တွန်ခမျာ စိတ်ရှုပ်ထွေးပြီးဘာသာရပ်စာရင်း စာရွက်ကို ငူငူကြီးထိုင်ဖတ်ရင်း တွေ့သမျှလူတိုင်းကို. . .

'မှော်သင်္ချာ' ဘာသာရပ်နှင့် 'မှော်ပါဠိ' ဘာသာရပ်တို့နှစ်ခုအနက် ဘယ် ဟာက ပိုခက်သည်ထင်သလဲဟူသည့် မေးခွန်းကိုလိုက်မေးနေလေသည်။

ဟယ်ရီလိုပင် လူသာမန်များအကြား၌ ကြီးပြင်းခဲ့ရသော ဒင်းသောမတ်ကား လူကျင့်လူကြံကြံလိုက်သည်။ မျက်လုံးအစုံကိုပိတ်၍ သူ့ဆေးတောင်ဝေ့ဖြင့် ဘာသာရပ်စာရင်းပေါ်တွင် ရမ်းသမ်းထောက်လိုက်ပြီး ရွေးချယ်လိုက်ခြင်းဖြစ် သည်။ ဟာမီယွန်ကမူ မည်သူ့ထံကမှ အကြံဉာဏ်မတောင်းခံပေ။ သို့ရာတွင် တွေ့ တွေ့သမျှဘာသာရပ်အားလုံးကို သိမ်းကြုံးရွေးချယ်နေမိသည်။



ဟယ်ရီပေါ်တာကတော့ လူ့လောကတွင်ကျန်ရစ်သော သူ့ဦးလေးအန်ကယ် ဗာနွန်နှင့် အန်တီပီကျူးနီးယားတို့ကို သူဘယ်သာတွဲရွေးချယ်လျှင်ကောင်းမလဲဟု ဆွေးနွေးကြည့်လျှင် မည်သို့ဖြစ်မည်နည်းဟုတွေးရင်း တစ်ယောက်တည်းပြုံးမိ၏။ ပါစီဝီစလေကမူ သူ့အတွေ့အကြုံတစ်လှေကြီးဖြင့် စေတနာဗလပွထားကာ အကြံ ဉာဏ်တွေပေးလေသည်။ သူက. . .

"အဓိကကတော့ မင်းဘဝကို ဘယ်လိုခရီးဆက်မလဲဆိုတဲ့အပေါ်မူတည် တယ်ဟယ်ရီ၊ အနာဂတ်အကြောင်းစဉ်းစားဖို့ စောသေးတယ်လို့ ဘယ်တော့မှ မရှိဘူး၊ ငါကတော့ ဂမ္ဘီရဘာသာရပ်ကို ရွေးချယ်ဖို့အကြံပေးချင်တယ်။ အချို့က တော့ လူသာမန်တွေအကြောင်းလေ့လာတာဟာ ပေါ့ရွှတ်ရွှတ်ရွေးချယ်မှုပဲလို့ ပြောကြတယ်။ ဒါပေမယ့် ငါ့ရဲ့ပုဂ္ဂလိကအမြင်ကိုပြောရရင်တော့ စုန်းကဝေတွေဟာ မှော်ပညာလုံးဝမတတ်တဲ့လူ့အဖွဲ့အစည်းအကြောင်း သေသေချာချာ သဘော ပေါက်နားလည်သင့်တယ်ထင်တာပဲ၊ အထူးသဖြင့် မင်းအနေနဲ့ လူသာမန်တွေနဲ့ အနီးကပ်ပတ်သက်ဆက်ဆံရမယ့်လုပ်ငန်းမျိုးကို ရွေးချယ်ရင်ပေါ့၊ ငါ့အဖေကိုပဲ ကြည့်လေ၊ သူဆိုရင် တစ်ချိန်လုံးလူ့လောကနဲ့ ပတ်သက်ရတဲ့တာဝန်ကိုယူထားတာ တိုး။ ငါ့အစ်ကိုချာလီကျတော့တစ်မျိုး၊ သူကလူတွေနဲ့ ဆက်ဆံစရာမှမလိုတာ။ ဒါကြောင့် သူကမှော်သတ္တဝါများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဘာသာရပ်ကို ရွေးတယ်လေ။ အဲဒီတော့မင်းလည်း မင်းရဲ့အစွမ်းအစနဲ့ကိုက်ညီမယ့်ဟာကိုရွေး ပါ ဟယ်ရီ"

ဟယ်ရီကတော့ သူအစွမ်းအစရှိသည့် တစ်ခုတည်းသောအရာမှာ ကွစ်ဒစ် ကစားခြင်းပင်ဖြစ်သည်ဟု ခံစားမိ၏။ နောက်ဆုံးတော့ ဟယ်ရီသည် ရွန်ရွေးချယ်

www.burmeseclassic.com

www.burmeseclassic.com



အသည့် ဘာသာတွဲကိုပင် လိုက်၍ရွေးချယ်လိုက်သည်။ အဘယ်ကြောင့်ဆိုသော် အတန်းထဲတွင် သူအညံ့ဆုံးဖြစ်နေစေကာမူ သူနှင့်အတူညံ့ဖော်ညံ့ဖက်တစ်ယောက်တော့ ရှိဦးမည်ဟု အောက်မေ့မိခြင်းကြောင့်ဖြစ်၏။

●

နောက်လာမည့် ကွစ်ဒစ်ပြိုင်ပွဲတွင်ကား ဟယ်ရီတို့၏ ဂရစ်ဖင်ဒေါအသင်းသည်ဟတ်ဖယ်ပတ်အဆောင်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဟယ်ရီတို့၏အသင်းခေါင်းဆောင် အိုလီဗာဝုဒ်က ညစာစားပြီးတိုင်း အသင်းကိုလေ့ကျင့်ခန်းဆင်းနိုင်းသည်။ ထို့ကြောင့် ဟယ်ရီ့ခမျာ အိမ်စာတွေလုပ်ရ၊ ကွစ်ဒစ်အသင်းအတွက်လေ့ကျင့်ရနှင့် အချိန်အားရသည်ဟူ၍ပင်မရှိချေ။

မည်သို့ပင်ဆိုစေကာမူ သူတို့၏ ကွစ်ဒစ်လေ့ကျင့်မှုကား တိုးတက်လာသည်ကတော့ အမှန်ပင်။ ပြိုင်ပွဲကျင်းပမည့် စနေနေ့မတိုင်ခင်တစ်ရက်အလိုညနေခင်း၌ ဟယ်ရီသည် လေ့ကျင့်ရာမှ မောမောပန်းပန်းဖြင့် အိပ်ဆောင်ရှိရာသို့ ပြန်လာခဲ့ရင်း 'ငါတို့အသင်းတော့ ကွစ်ဒစ်ဖလားကိုရဖို့ သေချာနေပြီ' ဟု တွေးနေမိ၏။ သို့ရာတွင် သူ၏ပျော်ရွှင်မှုက ကြာကြာမခံပါ။ အိပ်ဆောင်ဆီသို့ သွားရာလှေကားထစ်များထိပ်သို့အရောက်တွင် နယ်ဗီလီလောင်းဘော့တွန်နှင့်သူ ပက်ပင်းတိုးမိသည်။ နယ်ဗီလီ့ကိုကြည့်ရသည်မှာ တုန်တုန်လှုပ်လှုပ်ဖြင့် ပျာယာခတ်နေလေသည်။

"ဘယ်သူလုပ်သွားတယ်ဆိုတာ ငါမသိပါဘူး ဟယ်ရီရာ၊ ငါကအခုမှတွေ့ . . ."

ဟယ်ရီ့ကို ကြောက်ရွံ့စွာကြည့်လျှက် နယ်ဗီလီက အခန်းတံခါးကို တွန်းဖွင့်



လိုက်သည်။ ဟယ်ရီ၏ သေတ္တာထဲတွင် ရှိရှိသမျှပစ္စည်းအပေါင်းတို့ကား တစ်စုံတစ်ခုကိုမွှေနှောက်ရှာဖွေထားဟန်ဖြင့် ပြောင်းဆန်၍နေလေပြီ။ ကုတင်ဘေးဗီရိုမှအံဆွဲများသည်လည်း ဆွဲထုတ်ခံထားရပြီး အထဲမှပစ္စည်းများသည် ဟိုတစ်ခု၊ ဒီတစ်ခုပြန့်ကျဲနေကြ၏။ ဟယ်ရီက ပါးစပ်အဟောင်းသားဖြင့် ကုတင်ဆီသို့ လျှောက်သွားလိုက်သည်။

သူက နယ်ဗီလီ၏ အကူအညီဖြင့် စောင်ကိုကုတင်ပေါ် ပြန်တင်နေစဉ် ရွန်နှင့် ဟာမိုင်းယွန်းတို့ ရှေးမတ်တို့ဝင်လာကြ၏။ ဖင်းက အလန့်တကြားဖြင့် . . .

"ဟာ . . . ဘာဖြစ်တာလဲ ဟယ်ရီ"

"မသိဘူးကွ . . ."

ရွန်က ဟယ်ရီ၏ဝတ်ရုံများကို စစ်ဆေးကြည့်လိုက်သည်။ ရှိရှိသမျှအကျီအိတ်အားလုံးအတွင်းမှ အပြင်သို့လှန်ထားသည်ကို တွေ့လိုက်ရ၏။ ရွန်က . . .

"တစ်ခုခုကိုလိုချင်လို့ မွှေနှောက်ရှာသွားတဲ့ပုံပဲ၊ မင်းဘာပစ္စည်းများပျောက်နေသေးလဲ"

ဟယ်ရီက သူ့ပစ္စည်းများကို ကောက်ယူပြီးသေတ္တာထဲသို့ပြန်ထည့်လိုက်သည်။ လော့ဟတ်၏ စာအုပ်များထဲမှ နောက်ဆုံးတစ်အုပ်ကိုပစ်ထည့်လိုက်ပြီးချိန်၌ သူ့အား မည်သည့်အရာပျောက်နေသည်ကို သူသိလိုက်ပေပြီ။ သူကရွန့်ကို နှစ်ကိုယ်ကြားပြောလိုက်သည်။

"ရစ်ဒယ်ရဲ့ ဒိုင်ယာရီစာအုပ် ပါသွားပြီကွ . . ."

"ဘာ . . ."

ဟယ်ရီက အိပ်ဆောင်တံခါးဝဆီသို့ ခေါင်းဆတ်ပြလိုက်သည်။ ရွန်ကလည်း သူ့နောက်မှ လိုက်လာ၏။ ဂရစ်ဖင်ဒေါစုပေါင်းနားနေခန်းဆီသို့ နှစ်ယောက်သား အပြေးဆင်းလာခဲ့ကြသည်။ နားနေခန်းထဲတွင် ဟာမီယွန်တစ်ယောက်တည်းထိုင်

www.burmeseclassic.com

www.burmeseclassic.com



လှုက် 'မှော်ပါဠိဘာသာလမ်းညွှန်' ဟူသောစာအုပ်ကို ဖတ်နေ၏။ ဗိုင်ယာရီစာအ
ပျောက်သွားသည့်သတင်းကို ကြားရသောအခါ ဟာမီယွန်က အသက်ရှူမှားသွ
ပြီး. . .

"ခိုးတဲ့သူက ဂရစ်ဖင်ဒေါ်ကျောင်းသားထဲကပဲဖြစ်မယ်၊ အဆောင်ထဲဝင်ဖ
ဒကားဝှက်ကို ငါတို့ကလွဲပြီး ဘယ်သူမှမသိဘူး"

"သိပ်ဟုတ်တာပေါ့"

ဟု ဟယ်ရီက ပြောလိုက်သည်။

နောက်တစ်နေ့နံနက် သူတို့နိုးလာချိန်တွင် နေရောင်ခြည်က တောက်ပ
ပြီးနူးညံ့လတ်ဆတ်သော လေပြည်လေညှင်းကလေးကလည်း တိုက်ခတ်နေ
သည်။ အသင်းခေါင်းဆောင်အိုလီဗာဝုဒ်က. . .

"ကွစ်ဒစ်ကစားသမားတွေ အကြိုက်ဆုံးရာသီဥတုပဲ"

ဟု ပြောလိုက်၏။

"ဟယ်ရီ ခပ်သုတ်သုတ်လုပ်ကွ၊ ဒီနေ့မနက်တာကိုတော့ မင်းကျကျနန
သားပို့လိုတယ်"

ဟယ်ရီကတော့ ထမင်းစားပွဲတွင် ပြည့်ကျပ်နေသည့် ဂရစ်ဖင်ဒေါကျော
သားများကို ငေးကြည့်ရင်း 'ခုချိန်လောက်ဆိုရစ်ဒယ်ရဲ့ ဗိုင်ယာရီစာအုပ်ဟာ ဒီ
စုထဲက ဘယ်သူ့လက်ထဲမှာရှိမလဲ' ဟု တွေးနေမိ၏။

ဟာမီယွန်ကတော့ စာအုပ်အခိုးခံရသည့်အကြောင်း ဆရာမကိုတိုင်လို
ပါလားဟု အကြံပေးသေးသည်။ ဟယ်ရီကတော့ ထိုစိတ်ကူးကို သဘောမကျ
သူဆရာမကိုတိုင်လျှင် ဗိုင်ယာရီစာအုပ်အကြောင်း အိတ်သွန်ဖာမှောက် ပြော
ရပေတော့မည်။ ထိုအခါ လွန်ခဲ့သည့် နှစ်ငါးဆယ်က ဟက်ဂရစ်တစ်ယော



ဘကြောင့်ကျောင်းမှအထုတ်ခံရသည်ဆိုသည့်အချက်ကို လူတွေသိသွားကြပေ
တော့မည်။ ဟယ်ရီကမူ အဲဒီကိစ္စကို အစပြန်ဖော်သူမဖြစ်ချင်ပါ။

ဟယ်ရီက ကွစ်ဒစ်အသုံးအဆောင်ပစ္စည်းများယူရန် ရွန်၊ ဟာမီယွန်တို့နှင့်
အတူ ခန်းမကြီးထဲမှ ထွက်ခဲ့၏။ လေးနက်ပြင်းထန်သော စိုးရိမ်သောကတစ်ခု
ဖြန်းခနဲဟယ်ရီ့ခေါင်းထဲသို့ ဝင်လာသည်။ ကျောက်ဖြူသားလှေကားထစ်ပေါ်သို့
သူခြေချလိုက်မိစဉ်မှာပင် (သူတစ်ယောက်တည်း ကြားရလေ့ရှိသော) အသံနက်ကြီး
ကို ကြားလိုက်ရပြန်လေသည်။

*"ဒီတစ်ခါသတ်မယ်၊ အပိုင်းပိုင်း အစစဖြစ်အောင်လုပ်ပစ်မယ်"*

ဟယ်ရီက ကျယ်လောင်စွာ အော်ဟစ်လိုက်၏။ ရွန်နှင့် ဟာမီယွန်တို့လည်း
လန့်ပြီးဘေးသို့ ခုန်ထွက်လိုက်ကြ၏။ ဟယ်ရီက ဘေးဘီဝဲယာကိုကြည့်ရင်း. . .

"ဟိုအသံကြီး. . . ဟိုအသံကြီးကို ငါကြားရပြန်ပြီ၊ မင်းတို့ရော မကြားလိုက်
ဘူးလား. . ."

ရွန်က မျက်လုံးပြူးမျက်ဆံပြူးဖြင့် ခေါင်းခါပြ၏။ ဟာမီယွန်ကတော့ တစ်စုံ
တစ်ခုကို သတိရသွားသလို သူ့နဖူးသူလက်ဝါးဖြင့် ဖျန်းခနဲရိုက်လိုက်ပြီး. . .

"ဟယ်ရီ. . . ငါ. . . ငါ နားလည်ပြီ၊ ဟုတ်ပြီ၊ ငါစာကြည့်တိုက်ကို သွားမှ
ဖြစ်တော့မယ်"

ပြောပြောဆိုဆိုနှင့် ဟာမီယွန်က ပြေးထွက်သွား၏။ ဟယ်ရီက ပတ်ချာ
လည့်၍ အသံလာရာအရပ်ကို ရှာဖွေရင်း. . .

"ဟင်. . . သူဘာကို နားလည်သွားတာလဲ"

ရွန်ကတော့ ခေါင်းခါပြရင်း. . .

"ငါတို့ စဉ်းစားလို့မရတာတွေကို သူစဉ်းစားလို့ရသွားတာနေမှာပေါ့"

"ဒါဖြင့်ရင်လည်း ဘာဖြစ်လို့စာကြည့်တိုက်ကို ပြေးရသေးတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ဟာမီယွန်နဲ့အကျင့်ပဲလေ၊ ထစ်ခနဲရှိရင် စာကြည့်တိုက်ကို ပြေးတာပဲ"

ဟယ်ရီကတော့ အဖြေရှာ၍ မရသေးဘဲ နေရာမှာပင် ရပ်မြဲရပ်နေဆဲရှိသေး၏။ အသံကို ထပ်ကြားရဦးမလားဟု နားစွင့်နေမိ၏။ သို့ရာတွင် ခန်းမကြီးဆီသို့ ကျောင်းသားများ တဖွဲဖွဲလာနေကြလေပြီ။ ဆူညံစွာအော်ဟစ်စကားပြောကြရင်း ကွစ်ဒစ်ပြိုင်ပွဲကျင်းပမည့် ကွင်းဆီသို့ သွားနေကြ၏။ ရွန်က. . .

"မင်းလည်း သွားမှကောင်းမယ်၊ ပြိုင်ပွဲစတော့မယ်၊ ဆယ့်တစ်နာရီထိုးခါနီးနေပြီ"

ဟယ်ရီက ဂရစ်ဖင်ဒေါမျှော်စင်ပေါ်သို့ ပြေးတက်သွားပြီး သူ၏နင်းဘတ် ၂၀၀၀ တံမြက်စည်းပျံကိုယူကာ ပြိုင်ပွဲဆီသို့ ထွက်ခဲ့၏။ သို့သော် သူ့အာရုံကတော့ ရဲတိုက်ထဲတွင် ကြားခဲ့ရသော မကောင်းဆိုးဝါးအသံနက်ကြီးထဲ၌သာ ကျန်ခဲ့သည်။ အဝတ်အစားလဲခန်းထဲအရောက်တွင် သူ၏ကြက်သွေးရောင် ဝတ်ရုံကြီးကိုဝတ်ဆင်လိုက်သည်။ သူ့အတွက် စိတ်သက်သာရာရစေသည့်တစ်ခုတည်းသော အချက်မှာ အန္တရာယ်ပြုခံရမည့်ကျောင်းသားဟူ၍ ရဲတိုက်ထဲတွင်တစ်ယောက်မှ ကျန်မနေတော့ဘဲ ကွစ်ဒစ်ပြိုင်ပွဲကြည့်ရန် အားလုံးရောက်နေကြခြင်းဖြစ်လေသည်။

ပရိသတ်ကြီး၏ လက်ခုပ်သြဘာသံများကြားမှ ပြိုင်ပွဲဝင်အသင်းနှစ်သင်းသည် ကွင်းလယ်ဆီသို့ လျှောက်လာကြသည်။ အိုလီဗာဝုဒ်ကသွေးပူလေ့ကျင့်ခန်း လုပ်သည့်အနေဖြင့် ဂိုးတိုင်များအနီးတွင် လှည့်ပတ်ပျံသန်းနေသည်။ မဒမ်ဟုခ်ျက ဘောလုံးများကို လွှတ်လိုက်၏။ အဝါရောင်တောက်တောက်ဝတ်ဆင်ထားသည့် ဟတ်ဖယ်ပတ်အသင်းသားများမှာမူကား ခေါင်းချင်းရိုက်ရင်း ကစားမည့်နည်းဗျူဟာကို အချောသတ်တိုင်ပင်နေကြသည်။

ဟယ်ရီက လေထဲသို့ ပျံဝဲရန် တံမြက်စည်းပေါ်တက်လိုက်သည်။ အဲသည်



အချိန်မှာပင် ကစားကွင်းကိုဖြတ်၍ အပြေးတစ်ပိုင်းလာနေသော ပရော်ဖက်ဆာ မက်ဂွန်နာဂေါ်ကို သူတွေ့လိုက်ရခြင်းဖြစ်လေသည်။ သူမ၏လက်ထဲတွင် ကြီးမားသော ခရမ်းရင့်ရောင် စကားပြောမိုက်ခွက်ကြီးတစ်ခုကိုင်ထား၏။

ဟယ်ရီ၏ နှလုံးသားသည် ကျောက်တုံးတစ်တုံးလို နင့်ခနဲလေးလံသွားသည်။ စကားပြောမိုက်ခွက်ထဲမှတစ်ဆင့် ထွက်ပေါ်လာသော ပရော်ဖက်ဆာ မက်ဂွန်နာဂေါ်၏အသံက. . .

"ဒီပြိုင်ပွဲကို **ဖျက်သိမ်းလိုက်တယ်**"

ပရိသတ်က ဟင်ခနဲ၊ ဟာခနဲဖြစ်သွားပြီး အော်သံဟစ်သံများဆူညံသွားတော့၏။ အိုလီဗာဝုဒ်က နှမြောဝမ်းနည်းသွားသည့်မျက်နှာဖြင့် မြေပြင်ပေါ်သို့ ဆင်းဆင်းလိုက်ပြီး ပရော်ဖက်ဆာ မက်ဂွန်နာဂေါ်ဆီသို့ တဟုန်ထိုးပြေးသွားရင်း. .

"ဒီမယ်ပရော်ဖက်ဆာ. . . ကျွန်တော်တို့ အကောင်းဆုံးလေ့ကျင့်ထားတာ. . အကောင်းဆုံးဆုဖလားရဖို့. . ."

ပရော်ဖက်ဆာ မက်ဂွန်နာဂေါ်ကတော့ ဝုဒ်အော်ပြောနေသည်ကို ဂရုမစိုက်။ စကားပြောမိုက်ခွက်ကို ကိုင်မြှောက်ရင်းကျောင်းသားများကို ညွှန်ကြားနေသည်။

"ကျောင်းသားတွေအားလုံး ကိုယ့်အဆောင်မှာရှိတဲ့ စုပေါင်းနားနေခန်းဆီကို ပြန်ကြပါ။ အဲဒီကိုရောက်မှ အဆောင်အကြီးအကဲတွေက မင်းတို့သိထိုက်တာတွေကို ထပ်ပြောလိမ့်မယ်။ ကျေးဇူးပြုပြီး အမြန်ဆုံးပြန်ကြပါ"

ထို့နောက်သူမက စကားပြောမိုက်ခွက်ကို ပြန်ချလိုက်ပြီး ဟယ်ရီကို သူမအနီးသို့လာရန် လက်ယပ်ခေါ်လိုက်သည်။

"ပေါ်တာ. . မင်းကတော့ ငါနဲ့အတူလိုက်ခဲ့ရင် ပိုကောင်းလိမ့်မယ်ထင်တယ်"

ဒီတစ်ခါ သူမဘာကိုများ သံသယဖြစ်လို့ပါလိမ့်ဟု ဟယ်ရီက တွေးနေရင်း

www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်လိုက်သောအခါ လူအုပ်ထဲမှ ခွဲထွက်ပြီးပြေးလာသော ရွှန့်ကိုမြင်လိုက်၏။ ပရော်ဖက်ဆာ မက်ဂွန်နာဂေါက ရွှန့်ကိုလှမ်းဟောက်လိမ့်မည်ဟု ဟယ် ထင်ထားသော်လည်း. . .

"အေး. . . မင်းပါလိုက်ခဲ့ရင် ပိုကောင်းလိမ့်မယ် ဝီစလေ"

ပရော်ဖက်ဆာ မက်ဂွန်နာဂေါ၏စကားကြောင့် ဟယ်ရီအံ့အားသင့်သွား ကျောင်းသားတစ်ချို့ကတော့ ပြိုင်ပွဲဖျက်သိမ်းလိုက်သည့် ကိစ္စနှင့်ပတ်သက် အမျိုးမျိုး ထင်ကြေးပေးနေကြသည်။ တစ်ချို့ကတော့ စိုးရိမ်ပူပန်နေကြ၏။ ဟယ် နှင့် ရွှန်တို့က ပရော်ဖက်ဆာ မက်ဂွန်နာဂေါ၏နောက်မှ ကုပ်ကုပ်ကလေးလိုက် လာခဲ့ကြ၏။ သို့ရာတွင် သည်တစ်ကြိမ်မှာတော့ သူတို့ကိုမည်သည့်ဆရာကြီး ခန်းကိုမှခေါ်သွားခြင်းမဟုတ်ပါ။

"မင်းတို့ကြားရင်တော့ တော်တော်တုန်လှုပ်သွားကြလိမ့်မယ်"

ပရော်ဖက်ဆာ မက်ဂွန်နာဂေါက အံ့အားသင့်စရာကောင်းလောက်အောင် နူးညံ့သည့် လေသံဖြင့် ပြောလိုက်၏။ သူတို့တဖြည်းဖြည်းကျောင်းဆေးရုံအနီး ရောက်လာခဲ့ကြသည်။ သူမက. . .

"နောက်ထပ်ပြုစားခံလိုက်ရပြန်ပြီ၊ ဒီတစ်ခါလည်းတိုက်ခိုက်ခံရတဲ့သူက ယောက်တွဲလျှက်သားပဲ"

ဟယ်ရီ၏ရင်ထဲတွင် ဖော်မပြတတ်သော စိုးရိမ်ကြောက်လန့်မှုတစ်ခု ရောက်လာသည်။ ပရော်ဖက်ဆာ မက်ဂွန်နာဂေါက ဆေးရုံအခန်းတံခါးကို တွ ဖွင့်ပေးလိုက်ရာ ဟယ်ရီနှင့်ရွှန်တို့ အထဲသို့ဝင်လိုက်ကြ၏။

မဒမ်ပွန်ဖရေက ဆံပင်ရှည်ရှည်နှင့် ပဉ္စမနှစ်ကျောင်းသူတစ်ယောက်အ တွင်ငုံ့ကာ ပြုစုပေးနေသည်။ အဲသည်မိန်းကလေးကို ဟယ်ရီချက်ချင်းမှတ်မိလိုက် ၏၊ သူနှင့်ရွှန်တို့ ခရက်ဘီနှင့် ဂွိုင်လီယောင်ဆောင်ပြီးသွားစဉ် လမ်းမသိ



သူများပြီးမေးခဲ့မိသော ရေဗင်ကလောမှကျောင်းသူဖြစ်လေသည်။

ထိုကျောင်းသူနှင့်ကပ်လျှက် ဘေးကုတင်ပေါ်တွင်ကား နောက်ထပ်မိန်း ကလေးတစ်ယောက်. . .။

"ဟာမီယွန် ! "

ရွှန်က ဝမ်းခေါင်းသံကြီးဖြင့် အော်လိုက်သည်။

ဟာမီယွန်က မလှုပ်မယှက်လဲလျောင်းလျှက်သား၊ သူမ၏မျက်လုံးများက ဖွင့်လျှက် မှန်သားပြင်လို ကြည်လင်ငြိမ်သက်နေကြ၏။

ပရော်ဖက်ဆာ မက်ဂွန်နာဂေါက. . .

"သူတို့နှစ်ယောက်စလုံးကို စာကြည့်တိုက်နားမှာတွေ့ရတာပဲ၊ ဒီကိစ္စကို မင်းတို့နှစ်ယောက် ဘယ်သူမှရှင်းပြနိုင်လိမ့်မယ်လို့ ငါမထင်ပါဘူး၊ ဟောဒါလေး ကတော့ သူတို့ဘေးနားက ကြမ်းပြင်ပေါ်မှာတွေ့ရတာ"

သူမက သေးငယ်သော မှန်ဝိုင်းလေးတစ်ခုကို ပြလိုက်သည်။ ဟယ်ရီနှင့် ရွှန်တို့နှစ်ယောက်စလုံးက ဟာမီယွန့်ကို စိုက်ကြည့်ရင်း ခေါင်းများကို ခါရမ်း လိုက်ကြ၏။ ပရော်ဖက်ဆာ မက်ဂွန်နာဂေါက လေးလေးပင်ပင်ဖြင့် တစ်လုံး ချင်းပြောလိုက်သည်။

"ငါ မင်းတို့ကို ဂရစ်ဖင်ဒေါမျှော်စင်ဆီ ပြန်ပို့ပေးမယ်၊ တစ်ခြားကျောင်းသား တွေ ဘယ်သူဘာဖြစ်သေးလဲ၊ ဘာသတိထားမိသလဲဆိုတာ စုံစမ်းကြည့်ရဦးမယ်"

●

"ကျောင်းသားတွေအားလုံး ညနေခြောက်နာရီထိုးမှာ ကိုယ့်အဆောင်ကိုယ် အရောက်ပြန်ရမယ်။ ခြောက်နာရီကျော်ရင် ကျောင်းခန်းတွေ၊ ကြိုန်တွေပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှရှိနေတာ မမြင်ချင်ဘူး၊ မင်းတို့ကိုသက်ဆိုင်ရာ ဆရာတွေက လိုက်ပြီး စောင့်ကြပ်ပေးလိမ့်မယ်။ ဆရာတစ်ယောက်ယောက် အဖော်မပါဘဲနဲ့ ဘယ်သူမှ ရေချိုးခန်း၊ အိမ်သာထဲဝင်ခွင့်မပြုဘူး၊ ကွစ်ဒစ်ပြိုင်ပွဲတွေ၊ လေ့ကျင့်ခန်းဆင်းတာ တွေ အားလုံးကိုရွှေ့ဆိုင်းလိုက်တယ်၊ ညနေခင်းပိုင်းလှုပ်ရှားမှုတွေ ဘာတစ်ခုမှ လုပ်ခွင့်မပြုဘူး"

စုပေါင်းနားနေခန်းထဲရှိ ဂရစ်ဖင်ဒေါကျောင်းသားများအားလုံးသည် ပရော်ဖက်ဆာမက်ဂွန်နာဂေါ်၏ ညွှန်ကြားချက်ကို တိတ်ဆိတ်စွာနားထောင်နေကြသည်။ ပရော်ဖက်ဆာ မက်ဂွန်နာဂေါ်က သူမဖတ်ပြနေသော ကြေငြာချက်ပုရပိုက်ကို ပြန်လိပ်လိုက်ပြီးနောက် အသက်ရှူမဝသည့်လေသံမျိုးဖြင့် ဆက်ပြောသည်။

"ငါ့ဘဝမှာ တစ်ခါမှ ဒီလောက်စိတ်ဖိစီးရတာမျိုး မကြုံဖူးဘူး၊ ဒီတိုက်ခိုက်မှုတွေရဲ့နောက်ကွယ်က တရားခံကို ဖမ်းမမိရင် ကျောင်းကို အပြီးအပိုင် ပိတ်လိုက်ရတော့မယ့် အနေအထားမှာရှိတယ်။ ဒီတော့ သည်ကိစ္စတွေနဲ့ ပတ်သက်ပြီး တစ်ခုခုများ သိထားတာရှိရင် ဆရာမဆီကို လာပြောကြပါလို့ တိုက်တွန်းချင်ပါ တယ်"

ပရော်ဖက်ဆာ မက်ဂွန်နာဂေါ် ပြန်သွားသောအခါ ဂရစ်ဖင်ဒေါ ကျောင်းသားများက အသီးသီးတွတ်ထိုးကုန်ကြတော့၏။

"အခုတိုက်ခိုက်ခံလိုက်ရတဲ့အထဲမှာ ရေဗင်ကလောအဆောင်က တစ် ယောက်၊ ဟတ်ဖယ်ပတ်ကတစ်ယောက်နဲ့၊ ငါတို့ ဂရစ်ဖင်ဒေါအဆောင်က နှစ် ယောက်ရှိသွားပြီ။ ဒါတောင်မှ ဂရစ်ဖင်ဒေါအဆောင်က တစ္ဆေကြီးခံလိုက်ရတာ မပါသေးဘူး"

ဟု လီဂျော်ဒန်က လက်ချိုးရေတွက်ရင်း ပြောလိုက်သည်။

"စလီသရင်အဆောင်က ဘယ်သူမှတိုက်ခိုက်မခံရဘူး၊ ဒါကို ဆရာတွေ သတိမထားမိကြဘူးလား. . . ၊ ဒီကိစ္စတွေအားလုံးဟာ စလီသရင်အဆောင်က



မြစ်ဖျားခံတယ်ဆိုတာ ရှင်းနေတာပဲ၊ စလီသရင်ရဲ့အမွေခံ၊ စလီသရင်ရဲ့မိစ္ဆာသတ္တဝါ ကြီး. . . တဲ့၊ ကဲ. . . ဘာဖြစ်လို့ စလီသရင်ကျောင်းသားတွေအားလုံးကို သွားပြီး မစစ်ဆေးရတာလဲ"

လီဂျော်ဒန်၏စကားကို အတော်များများက ထောက်ခံသြဘာပေးကြသည်။

ပါစီဝီစလေကမူ လီဂျော်ဒန်နောက်မှ ကုလားထိုင်တွင် ငူငူကြီးထိုင်နေ၏။ ခါတိုင်းလို ဆရာကြီးဝင်မလုပ်။ သူ့ကိုကြည့်ရသည်မှာ ဖြူဖတ်ဖြူရော်နှင့် ရှင်လျှက် ကသေနေသလို အောက်မေ့ရလေသည်။

ဂျော့က ဟယ်ရီ့ကိုတီးတိုးပြောလိုက်သည်။

"ပါစီကြောက်နေတာဖြစ်မယ်၊ တိုက်ခိုက်ခံလိုက်ရတဲ့ ရေဗင်ကလောကျောင်း သူနာမည်က 'ပင်နီလုတ်' တဲ့၊ အဲဒီကောင်မလေးကလည်း ကျောင်းသားအကြီး အကဲပဲလေ၊ အစတုန်းက ပါစီကမိစ္ဆာသတ္တဝါကြီးဟာ ကျောင်းသားအကြီးအကဲ တွေကို မတိုက်ခိုက်ရဲဘူးလို့ ထင်ထားတာ၊ အခုတော့ သူဖြုံသွားပြီ"

ဟယ်ရီက နားသာထောင်နေရသည်။ သူ့အာရုံထဲ လုံးစေ့ပတ်စေ့မရောက်။ ဆေးရုံကုတင်ပေါ်တွင် ကျောက်သားပန်းပုရုပ်တစ်ခုလို တောင့်တောင့်ကြီးလဲ လျောင်းနေရသည့် ဟာမိယွန်၏ ရုပ်ပုံလွှာကို သူ့မျက်ဝန်းထဲက ဘယ်လိုမှဖျောက် ပစ်၍မရနိုင်။

အကယ်၍ တရားခံကိုသာ မမိပါက ဟယ်ရီသည် သူ့ဘဝတစ်ခုလုံးကို ဆိုးရွားလှသော သူ့ဦးလေး၊ အဒေါ်တို့၏လက်ထဲတွင် ကုန်ဆုံးရပေတော့မည်။ တွမ်ရစ်ဒယ်ကတော့ ကျောင်းပိတ်သွားလျှင် မိဘမဲ့ကလေးဂေဟာမှာ နေသွားရ တော့မည်ဟူသည့် စိုးရိမ်စိတ်ဖြင့် ဟက်ဂရစ်ကို အမိဖမ်းပြခဲ့၏။ ခုတော့ တွမ်ရစ် ဒယ်ဘယ်လိုခံစားခဲ့ရသည်ကို ဟယ်ရီတစ်ယောက် ကိုယ်ချင်းစာတတ်လေပြီ။

ရွန်က ဟယ်ရီ့နားသို့ကပ်ပြီး ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ ဘာလုပ်ကြမလဲ၊ သူတို့ ဟက်ဂရစ်ကို သံသယဖြစ်နေတယ်လို့ မင်းထင်သလား. . ."

ဟယ်ရီက စိတ်ဆိုးဖြတ်လိုက်ပြီး. . .

"ငါတို့ ဟက်ဂရစ်ကို အတိအလင်းသွားဖွင့်မေးမှဖြစ်တော့မယ်၊ သည်တစ်ကြိမ်တော့ သူ့လက်ချက်လို့ ငါမထင်ဘူး၊ ဒါပေမယ့် အရင်အခေါက်တုန်းက သတ္တဝါကြီးကို သူလွှတ်ပေးခဲ့တာဆိုရင် မိစ္ဆာခန်းဆောင်ထဲကို ဘယ်လိုဝင်ရမလဲဆိုတာ သူသိမှာပဲ၊ အဲဒီကစရမယ်"

"ဒါပေမယ့် ပရော်ဖက်ဆာ မက်ဂွန်နာဂေါရဲ့ ကြေငြာချက်အတိုင်းဆိုရင်တော့ ငါတို့ဟာ စာသင်ချိန်ကလွဲရင် အပြင်ထွက်ခွင့်မရှိဘူးလေ"

ဟယ်ရီက ပို၍တည်ငြိမ်အေးစက်စွာဖြင့် ပြောလိုက်သည်။

"ငါ့အဖေရဲ့ ကိုယ်ပျောက်ဝတ်ရုံကိုထပ်ပြီး အသုံးချဖို့အချိန်ကျလာပြီထင်တာပဲ"

●

ဖခင်ထံမှ ဟယ်ရီအမွေရခဲ့သည့် တစ်ခုတည်းသော အရာမှာ ငွေရောင်တောက်ပနေသော ကိုယ်ပျောက်ဝတ်ရုံရှည်ဖြစ်လေသည်။ ကျောင်းထဲမှ မည်သူမှမသိအောင်ခိုးထွက်ပြီး ဟက်ဂရစ်ထံသို့ သွားမည်ဆိုလျှင် ထိုကိုယ်ပျောက် ဝတ်ရုံကိုခြုံပြီးသွားမှ ဖြစ်တော့မည်။

သူတို့သည် ညဖက်တွင် ခါတိုင်းလို ဟန်မပျက် အိပ်ရာဝင်ခဲ့သည်။ နယ်ဗီလီ၊ ဒင်းနှင့် ရှေးမတ်တို့က မိစ္ဆာခန်းဆောင်နှင့်ပတ်သက်ပြီး ထင်ကြေးအမျိုးမျိုးပေးကာ လေကန်နေကြသဖြင့် အတော်စောင့်လိုက်ရသေးသည်။ နောက်ဆုံး သူတို့အိပ်မောကျသွားသည့်အခါတွင်မှ ဟယ်ရီနှင့် ရွန်တို့နှစ်ယောက်သား တိတ်တိတ်ကလေးထပြီး အဝတ်အစားလဲကာ ကိုယ်ပျောက်ဝတ်ရုံကို ခြုံလိုက်ကြသည်။



မည်းမှောင်သွေ့ခြောက်သော ရဲတိုက်စင်္ကြံလမ်းပေါ် ဖြတ်သန်းရသည်မှာ ...ောက်ချားဖွယ်အတိပင်ဖြစ်တော့သည်။ ဟယ်ရီ့အဖို့ ယခင်ကလည်း အကြိမ် ...ါင်းများစွာသည်လိုပင် ရဲတိုက်အနှံ့ ခိုးကြောင်ခိုးဝှက်အချိန်မတော်သွားခဲ့ဖူး ...တ်လည်း ယခုလောက်လူတွေ ခြေချင်းလိမ်နေကြသည်ကို တစ်ခါမှမမြင်ဖူးပေ။

ဆရာများ၊ ကျောင်းသားအကြီးအကဲများနှင့် တစ္ဆေများသည် စင်္ကြံတစ် ...လျှောက် နှစ်ယောက်တစ်တွဲ ကင်းလှည့်နေကြ၏။ ကိုယ်ပျောက်ဝတ်ရုံက ကိုယ်ကို ...သာ ဖျောက်ပေးနိုင်သည်။ အသံကိုတော့ ပျောက်အောင်မတတ်နိုင်ပေ၊ သည်း ...ိတ်ရင်ဖိုဖြစ်စရာ အကောင်းဆုံးအချိန်မှာ ပရော်ဖက်ဆာစနိပ် ကင်းစောင့်နေ ...သာ နေရာရှေ့နားသို့ ရောက်ခါမှ ရွန်ကခြေခေါက်နာကျင်သွားခြင်းဖြစ်သည်။

ရွန်က အလန့်တကြားအော်လိုက်၏။ ကံအားလျော်စွာပင် ရွန်အော်သည့် ...ချိန်နှင့် တစ်ပြိုင်တည်းလိုလို စနိပ်က နှာချေလိုက်သောကြောင့် ရွန့်အသံပျောက် ...သွားခြင်းဖြစ်သည်။

သည်လိုနှင့်သူတို့နှစ်ယောက် ကျောင်းအဝင်ဝ ဝက်သစ်ချတံခါးကြီးဆီသို့ ...ရောက်လာခဲ့ကြသည်။ တံခါးကြီးက ဖွင့်လျှက်သားရှိနေသဖြင့် သူတို့စိတ်သက်သာ ...ရသွားကြသည်။

ညကောင်းကင်သည် ကြည်လင်နေ၏။ ကြယ်တွေစုံသော ညပင်ဖြစ်လေ ...သည်။ သူတို့သည် မြက်ခင်းပေါ်မှာ အလင်းရောင်ပျပျလေးမြင်ရသည့် ဟက်ဂရစ် ...အိမ်ဆီသို့ အပြေးလာခဲ့ကြသည်။ ဟက်ဂရစ်၏အိမ်ရှေ့ တည့်တည့်သို့ဆိုက်ဆိုက် ...တ်မြိုက်ရောက်ခါမှ ကိုယ်ပျောက်ဝတ်ရုံကို သူတို့ချွတ်လိုက်ကြ၏။

တံခါးကိုခေါက်လိုက်ကြသည်။ စက္ကန့်အနည်းငယ်မျှကြာပြီးနောက် ဟက် ...ရစ်က တံခါးကိုဝုန်းခနဲ ဖွင့်လိုက်၏။ မျက်နှာချင်းဆိုင်မြင်လိုက်ရသည့်အချိန် ...တွင် ဟက်ဂရစ်က သူ့လက်ထဲမှ ဒူးလေးကြီးဖြင့် ဟယ်ရီတို့ကိုချိန်လျှက်သား၊ ...နောက်မှ အမဲလိုက်ခွေးကြီး ဖန်းင်ကလည်း တဝုန်းဝုန်းဟောင်လျှက်သား။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကိုမြင်သွားသောအခါ ဟက်ဂရစ်က သူ့လက်ထဲမှ ဒူးလေးကြီးကို လိုက်ရင်း. . .

"ဩ မင်းတို့နှစ်ကောင် ဘာလာလုပ်တာလဲ"

သူတို့က အိမ်ထဲသို့ဝင်လိုက်ကြပြီး ဟယ်ရီက ဒူးလေးကြီးကို ညွှန်ပြရင်း. . .

"အဲဒါကြီးက ဘာလုပ်ဖို့လဲ"

ဟု မေးလိုက်၏။ ဟက်ဂရစ်က. . .

"ဘာမှမဟုတ်ပါဘူးကွာ. . . အလကားပါ၊ ငါက. . အဲ. . ဟိုဒင်းဖြစ်မှာ လို့. . . ကဲ. . . ထိုင်ကြ၊ ငါလက်ဖက်ရည်ဖျော်လိုက်ဦးမယ်"

ဟက်ဂရစ်တစ်ယောက် သူ့ကိုယ်သူ ဘာလုပ်လို့လုပ်နေမှန်းပင် သိပုံမ မီးဖိုပေါ်သို့ ရေနွေးအိုးတင်လိုက်သောအခါ ရေများဖိတ်ကျကုန်သဖြင့် မီးသေ မတတ်ဖြစ်သွားသည်။ နောက်ပြီး တုန်တုန်ရီရီဖြစ်နေသော သူ့လက်ကြီးဖြ လက်ဖက်ရည်ကရားကို တိုက်ချလိုက်သေး၏။ ဟယ်ရီက. . .

"နေကောင်းရဲ့လား ဟက်ဂရစ်၊ ခင်ဗျား ဟာမီယွန်ရဲ့သတင်းကြားပြီးသွား လား. . ."

ဟက်ဂရစ်က အသံအက်အက်ကြီးဖြင့်. . .

"အင်း. . . ငါကြားပြီးပြီ"

ဟက်ဂရစ်က ပြတင်းပေါက်များဆီသို့ ကျိုးကန်းတောင်းမှောက်ကြည့် သည်။ သူက ဟယ်ရီနှင့် ရွန်တို့အတွက် မတ်ခွက်နှစ်ခွက်နှင့်အပြည့် ရေနွေး ထည့်ပေးသည်။ (လက်ဖက်ခြောက်ခတ်ဖို့ကိုတော့ သူမေ့သွား၏) ထို့နောက် သူ သစ်သီးကိတ်မုန့်တစ်ချပ်ကို ပန်းကန်ထဲထည့်လိုက်သည်။ အဲသည်အချိန်မှာ အိမ်ရှေ့ဆီမှ ကျယ်လောင်သော တံခါးခေါက်သံကြားရလေသည်။

ဟက်ဂရစ်၏ လက်ထဲမှကိတ်မုန့်လွတ်ကျသွား၏။ ဟယ်ရီနှင့် ရွန်တို့ ဘခ်ဦးကိုတစ်ဦး ထိတ်လန့်ချောက်ချားစွာကြည့်လိုက်ကြပြီးနောက် ကိုယ်ဖျော



တ်ရုံကို လွှားခနဲခြုံကာ အခန်းထောင့်ဆီသို့ တိုးဝင်လိုက်ကြသည်။

ဟက်ဂရစ်က သူတို့နှစ်ယောက် လုံလုံခြုံခြုံပုန်းအောင်းပြီးကြောင်း သေချာ သည့်အခါတွင်မှ သူ၏လက်စွဲတော်ဒူးလေးကြီးကို ကျစ်ကျစ်ပါအောင် ကိုင်လိုက်ပြီး တံခါးကိုဆွဲဖွင့်လိုက်သည်။

"ကောင်းသောညချမ်းပါ ဟက်ဂရစ်"

ဝင်လာသူကား ပါမောက္ခကြီး ဒမ်ဘယ်ဒိုးပင်ဖြစ်လေသည်။ ဒမ်ဘယ်ဒိုး၏ နောက်မှလိုက်ပါလာသူကား ရုပ်သွင်ထူးခြားသူတစ်ဦးဖြစ်သည်။

ထိုသူက ဝဝပုပုနှင့် ဖြူရော်စပြုနေသော ဆံပင်များကလည်း တွန့်ကြေနေ သည်။ အဝတ်အစားများကလည်း အစပ်အဟပ်မတည့်သော အရောင်အသွေးများ ကို တွဲဖက်ဝတ်ဆင်ထားလေသည်။ လည်စည်းက ကြက်သွေးရောင်၊ ဝတ်ရုံရှည် ကြီးက အနက်ရောင်၊ ဖိနပ်က မရမ်းရောင်၊ နောက်ပြီးလက်ထဲတွင်လည်း သံပရာ မီးရောင် ဦးထုပ်တစ်လုံးကို ပိုက်လာသေးသည်။

ရွန်က လေသံဖြင့်. . .

"အဲဒါ ငါတို့အဖေရဲ့ အထက်အရာရှိပေါ့၊ သူ့နာမည်က 'ကော်နဲလီးယပ် ဖတ်ဂျ်' တဲ့၊ မှော်ဝန်ကြီးဌာနရဲ့ ဝန်ကြီးလေ. . ."

ဟယ်ရီက ရွန့်ကို တံတောင်နှင့်တွတ်ပြီး ပါးစပ်ပိတ်ထားရန် အချက်ပြလိုက် သည်။

ဟက်ဂရစ်ကတော့ မျက်နှာတစ်ခုလုံး ဖြူဖတ်ဖြူရော်ဖြစ်သွားပြီး ချွေးစေး တွေ တပြိုက်ပြိုက်ကျလာသည်။ သူက ကုလားထိုင်တစ်လုံးပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီး ဒမ်ဘယ်ဒိုးကိုတစ်လှည့်၊ ကော်နဲလီးယပ်ဖတ်ဂျ်ကိုတစ်လှည့် ကြည့် နေလေသည်။ ဖတ်ဂျ်က. . .

"တော်တော်ဆိုးတဲ့ ကိစ္စပဲ ဟက်ဂရစ်၊ ဖြစ်ပုံကတော့ အင်မတန်ကိုဆိုးရွား ပါတယ်၊ ဟောသည့်ကျောင်းမှာ လူသာမန်ကမွေးတဲ့ ကျောင်းသားလေးယောက်

www.burmeseclassic.com

www.burmeseclassic.com



ဘောင်မှ တိုက်ခိုက်ပြစားခံရတယ်။ ဒါကျတော့ သိပ်တရားလွန်သွားပြီ။ ငါ ခန့်ကြီးဌာနကိုယ်တိုင် အရေးယူဆောင်ရွက်ရတော့မယ်”

ဟက်ဂရစ်က ဒမ်ဘယ်ဒိုးဆီသို့ တောင်းပန်တိုးလျှိုးအားကိုးသော အကြ ဖြင့်ကြည့်လိုက်ရင်း. . .

“ကျွန်တော် ဘယ်တုန်းကမှ. . . ဟိုဒင်း. . . ပါမောက္ခကြီးလည်း အသိ ပဲ၊ ကျွန်တော် ဘယ်တုန်းကမှ. . .”

ဒမ်ဘယ်ဒိုးကလည်း မော်ဝန်ကြီးဖြစ်သူကို မျက်မှောင်ကုတ်ကြည့်ရင်း. . .

“ဟုတ်တယ်၊ ကော်နဲလီးယပ်. . . ။ ဟက်ဂရစ်ဟာ ကျွန်တော်ရဲ့အယုံကြ စိတ်အချရဆုံး ပုဂ္ဂိုလ်တစ်ယောက်ဆိုတာ ခင်ဗျားသိစေချင်တယ်”

ကော်နဲလီးယပ်ဖတ်ဂျ်က စိတ်မသက်မသာဖြင့်. . .

“ဒီလိုရှိတယ် အဲလ်ဘတ်။ ဟက်ဂရစ်ရဲ့ နောက်ကြောင်းရာဇဝင်ကို ကြည့်လိုက်တော့ အမည်းစက်ရှိနေတယ်လေ။ ကျွန်တော်တို့ဝန်ကြီးဌာနအနေ တစ်ခုခုတော့လုပ်မှဖြစ်တော့မယ်၊ ကျောင်းအုပ်ချုပ်ရေးအဖွဲ့ကလည်း ကျွန်တော် တို့ကို ဖိအားပေးလာပြီ”

“ကျွန်တော်ပြောချင်တာက ဒီလို ကော်နဲလီးယပ်ရဲ့. . ။ ဟက်ဂရစ် ခင်ဗျား ဖမ်းခေါ်သွားတော့ရော ဘာပိုထူးလာမှာမို့လို့လဲ၊ ဘယ်သူ့အတွက်မှ အ ရှိလာမှာမှမဟုတ်တာ”

ဟု ဒမ်ဘယ်ဒိုးက ပြောလိုက်သည်။ ဒမ်ဘယ်ဒိုး၏ မျက်လုံးပြာပြာမှ ဘူင် ဒီလောက်မီးဝင်းဝင်းတောက်နေပုံမျိုး ဟယ်ရီတစ်ကြိမ်တစ်ခါမှ မမြင်ဖူးခဲ့ မော်ဝန်ကြီးက ဦးထုပ်ကို ဂဏှာမငြိမ်စွာဆွဲရင်း. . .

“ကျွန်တော့်ဘက်က အနေအထားကိုလည်း ဝင်ပြီးစာနာကြည့်ကြပါဦး ကျွန်တော့်ကို အားလုံးကဝိုင်းပြီး ဖိအားတွေပေးနေကြတယ်၊ ကျွန်တော် တစ် ...ပ်တာကိုမြင်ချင်လို့ အကြပ်ကိုင်နေကြတယ်။



ကိစ္စဝိစ္စတွေပြီးလို့ တရားခံက ဟက်ဂရစ်မဟုတ်ဘူးဆိုရင်လည်း သူ့ကိုပြန်ပို့ပေးမှာပဲ၊ လောလောဆယ်တော့ ကျွန်တော် သူ့ကို ခေါ်သွားရလိမ့်မယ်၊ ဒါ ကျွန်တော့် တာဝန်ပဲလေဗျာ. . .”

“ကျွန်တော့်ကို ခေါ်သွားမယ်၊ ဟုတ်လား. . . ဘယ်ကိုခေါ်သွားမှာလဲဟင်”

ဟက်ဂရစ်က တုန်ယင်သောအသံဖြင့် မေးလိုက်သည်။ ကော်နဲလီးယပ်ဖတ်ဂျ်က ဟက်ဂရစ်၏မျက်လုံးများနှင့် မဆုံမိအောင်ကြိုးစားရင်း. . .

“ခဏတဖြုတ်ထိန်းသိမ်းထားရုံတင်ပါကွာ၊ မင်းကိုထောင်ဒဏ်ချတာမဟုတ်ပါဘူး၊ ကိစ္စတွေပြီးသွားလို့ တစ်ယောက်ယောက်ကို ဖမ်းမိမယ်ဆိုရင် မင်းကိုခြေသလုံးဖက်တောင်းပန်ပြီး ပြန်လွှတ်ပေးမှာပါ”

“ဟို. . . ဟို. . . အက်ဇကာဘန်အကျဉ်းထောင်ကြီးဆီ ခေါ်သွားမှာတော့ မဟုတ်ပါဘူးနော်. . .”

ကော်နဲလီးယပ်ဖတ်ဂျ်က ဘာမှပြန်မဖြေနိုင်ခင် တံခါးခေါက်သံပြင်းပြင်းတစ်ချက် ထွက်ပေါ်လာပြန်သည်။ ဒမ်ဘယ်ဒိုးက ‘ဝင်ခဲ့လေ’ ဟု လှမ်းပြောလိုက်သည်။

တဲထဲသို့ ဝင်လာသူကား လူစီးယပ်မယ်ဖွိုင်းပင်ဖြစ်တော့သည်။ အနက်ရောင် ခရီးသွားဝတ်ရုံရှည်ကြီးကို ဝတ်ဆင်ထားပြီး မျက်နှာပေါ်တွင်ကား ကျေနပ်ပီတိဖြစ်နေသည့် အေးတိအေးစက်အပြုံးတစ်ခုဖြင့်. . .

ဟက်ဂရစ်၏ အမဲလိုက်ခွေးကြီး ဖန်းင်ကတော့ သူ့ကိုစူးစူးဝါးဝါးထိုး၍ ဟောင်နေလေတော့သည်။ မစ္စတာမယ်ဖွိုင်းက. . .

“ဩော်. . . ဖတ်ဂျ်တောင် ရောက်နှင့်နေမှကိုး. . . ကောင်းတယ်၊ ကောင်းတယ်”

ဟက်ဂရစ်က ဒေါသတကြီးဖြင့်. . .

“ဟေ့လူ. . . ခင်ဗျားဘာလာလုပ်တာလဲ၊ ကျုပ်အိမ်ထဲက အခုထွက်သွားစမ်း”

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်လူကလည်းကွာ၊ ကျုပ်ကလည်း မင်းရဲ့အိမ်. . . အင်း! ဒီလိုနေရာမျိုး မင်းကအိမ်လို့ ခေါ်ချင်သပဆိုရင်လည်း အိမ်ပဲဆိုကြပါစို့ရဲ့"

မစ္စတာမယ်ဖွိုင်းက ဟက်ဂရစ်၏ တဲကျဉ်းကျဉ်းကလေးကို သရော်တော် တော်မျက်လုံးဝေ့ကြည့်ရင်း ဆက်ပြောသည်။

"အဲ. . မင်းရဲ့အိမ်ထဲကို လာချင်လွန်းလို့ လာတယ်များမှတ်နေသလား။ ငါက ကျောင်းကိုလာတာပါ။ ဒါပေမယ့် ကျောင်းအုပ်ဆရာကြီးက ဒီကိုရောက်နေတယ် ဆိုလို့ လိုက်လာရတာ"

"ခင်ဗျားအနေနဲ့ ကျွန်တော့်ကိုတွေ့ချင်တာ ဘာကိစ္စများရှိလို့ပါလိမ့် လူစီး ယပ်"

ဒမ်ဘယ်ဒိုးက ယဉ်ကျေးသည့်လေသံဖြင့် မေးလိုက်သော်လည်း သူ့မျက်ခုံး များထဲမှာမူ မီးလျှံတွေတဟုန်းဟုန်း တောက်နေဆဲပင်ရှိသေးသည်။

"ပြောရမှာတော့ စိတ်မကောင်းစရာပဲ ဒမ်ဘယ်ဒိုးရေ. . ."

ဟု မစ္စတာမယ်ဖွိုင်းက လေးတိလေးကန်ပြောရင်း ရှည်လျားသော အမြဲ ပြန်တမ်းပုရပိုက်လိပ်ကြီးကို ဆွဲထုတ်လိုက်သည်။ ထို့နောက်. . .

"ကျောင်းအုပ်ချုပ်ရေးကော်မတီက ခင်ဗျားကို ထုတ်ပယ်ဖို့ အချိန်တန်ပြီ လို့ ဆုံးဖြတ်လိုက်ကြတယ်၊ ဟောဒါ ခင်ဗျားကို ရာထူးက ခေတ္တချလိုက်ကြောင်း အမိန့်စာပဲ၊ ဒီပုရပိုက်ပေါ်မှာ ကျောင်းအုပ်ချုပ်ရေးအဖွဲ့ဝင် ဆယ့်နှစ်ယောက်စလုံး ရဲ့လက်မှတ်တွေကို တွေ့ရလိမ့်မယ်၊ ကျွန်တော်တို့အနေနဲ့ ခင်ဗျားဟာ တာဝန်ပိုင်း ဆိုင်ရာမှာ လျော့တိလျော့ရဲဖြစ်လာတယ်လို့ ထင်မြင်ယူဆကြတယ်။ ကြည့် လေ. . ဒီနေ့လည်မှာတင် နောက်ထပ်ကျောင်းသားနှစ်ယောက် တိုက်ခိုက်ခံရ ပြန်ပြီမဟုတ်လား. . .၊ ကိုင်း. . . ဘယ်လောက်များနေပြီလဲ၊ ဒီပုံစံအတိုင်းဆက် သွားနေမယ်ဆိုရင် ဟော့ဂဝပ်ကျောင်းမှာ လူသာမန်ကမွေးတဲ့ ကျောင်းသား ကျောင်းသူဆိုလို့ တစ်ယောက်မှကျန်ရစ်တော့မှာမဟုတ်ဘူး၊ ဒါဟာ ကျောင်း



အတွက် အင်မတန်အရုပ်ဆိုးတဲ့ ဆုံးရှုံးမှုကြီးတစ်ရပ်ဖြစ်လာစေလိမ့်မယ်ဆိုတာ ကျွန်တော်တို့အားလုံး သဘောပေါက်နားလည်ပြီးသားပဲ"

သူ့စကားကြောင့် မှော်ဝန်ကြီးဖြစ်သူ ကော်နဲလီးယပ်ဖတ်ဂျ်က. . .

"ဘာ. . . ဘာပြောတယ် လူစီးယပ်၊ ဒမ်ဘယ်ဒိုးကို ရာထူးကချမယ် ဟုတ်လား. . .၊ ဒါအဓိပ္ပါယ်မရှိတာပဲ၊ ကျုပ်တော့လက်မခံ. . ."

မစ္စတာမယ်ဖွိုင်းက. . .

"ဒီကျောင်းအတွက် ကျောင်းအုပ်ကို ရွေးချယ်ခန့်အပ်တာပဲဖြစ်ဖြစ်၊ ရာထူး ကချတာပဲဖြစ်ဖြစ်၊ နှစ်ခုစလုံးမှာ ကျောင်းအုပ်ချုပ်ရေးကောင်စီရဲ့ ဆုံးဖြတ်ချက် ကသာ အတည်ဖြစ်တယ်။ ဒမ်ဘယ်ဒိုးအနေနဲ့ ဒီကျောင်းမှာဖြစ်နေတဲ့ တိုက်ခိုက် မှုကို ရပ်တန့်ကရပ်သွားအောင် စွမ်းဆောင်နိုင်တဲ့ အရည်အချင်းမှ မရှိတာ"

"ဒီမှာ လူစီးယပ်၊ ကျုပ်ပြောမယ်၊ ဒီတိုက်ခိုက်မှုတွေကို ရပ်တန့်အောင် ဒမ်ဘယ်ဒိုးကိုယ်တိုင်တောင်မှ မလုပ်နိုင်ဘူးဆိုရင်. . ."

ဖတ်ဂျ်၏ အပေါ်နှုတ်ခမ်းအထက်မှ ချွေးများပင်စို့လာပြီး. . .

"တစ်ခြား ဘယ်သူကရော တတ်နိုင်ဦးတော့မှာတဲ့လဲ"

မစ္စတာမယ်ဖွိုင်းက ညစ်ကျယ်ကျယ်အပြုံးဖြင့်. . .

"ကျန်တာတွေကိုတော့ ငွေရောင်ပိတ်ကားပေါ်မှာသာ ဆက်ကြည့်ရမှာပေါ့ လေ၊ ကျုပ်တို့ကျောင်းအုပ်ချုပ်ရေးအဖွဲ့ဝင် ဆယ့်နှစ်ယောက်စလုံးက မဲခွဲဆုံးဖြတ် ပြီး. . ."

ဟက်ဂရစ်က ထိုင်နေရာမှ ဝုန်းခနဲထလိုက်၏။ ထို့နောက် ဒေါသတကြီး ဖြင့်. . .

"အဲဒီကောင်စီဝင်တွေထဲက ဘယ်နှစ်ယောက်ကို မင်းဘက်က ထောက်ခံဖို့ အတွက် ခြိမ်းခြောက်အကြပ်ကိုင်ခဲ့ရသေးလဲ မယ်ဖွိုင်း. . . ဟင်"

မစ္စတာမယ်ဖွိုင်းက. . ."

www.burmeseclassic.com

www.burmeseclassic.com



"အို. . . အို. . . ကိုယ့်လူကလည်း ဒေါသကြီးနေပြန်ပြီ၊ ဒီလိုအခြေအနေမှာ ဆက်ပြီးဒေါသကြီးနေရင် မင်းအတွက် ပိုဆိုးသွားဖို့ပဲ ရှိတော့တာပေါ့၊ အက်စကာဘန်အကျဉ်းထောင်ကို ရောက်သွားတဲ့အခါကျရင် ထောင်စောင့်တွေကို အဲဒီလေသံမျိုးနဲ့ မအော်မိဖို့ ငါအကြံပေးလိုက်ပါရစေကွာ၊ သူတို့က အဲဒီပုံစံမျိုးတို့ မကြိုက်ကြဘူး. . . "

ဟက်ဂရစ်က. . .

"မင်း. . . ပါမောက္ခကြီးကို မထုတ်ပစ်ရဘူး၊ ဒမ်ဘယ်ဒိုးမရှိတော့ရင် လူသာမန်ကမွေးတဲ့ စုန်းအတွက် ဘာအခွင့်အရေးမှ ရှိတော့မှာမဟုတ်ဘူး၊ နောက်ထပ် သတ်ဖြတ်မှုတွေ ဖြစ်လာလိမ့်ဦးမယ်"

ဒမ်ဘယ်ဒိုးက. . .

"စိတ်ထိန်းစမ်း ဟက်ဂရစ်"

ဟု ခပ်ပြတ်ပြတ်ပြောလိုက်၏။ သူက လူစီးယပ်မယ်ဖွိုင်းကို စိုက်ကြည့်လျက်. . .

"ကျောင်းအုပ်ချုပ်ရေးကောင်စီက ကျုပ်နုတ်ထွက်တာကို လိုချင်သတဲ့လား လူစီးယပ်. . . ကောင်းပြီလေ၊ ဒါဆိုလည်း ကျုပ်ဖယ်ပေးရမှာပေါ့"

"ဒါပေမယ့်. . "

ဟု ဖတ်ဂျ်က လှမ်းအတား၊ ဟက်ဂရစ်ကလည်း. . .

"မထွက်ရဘူး ! "

ဟု အော်ဟစ်လိုက်၏။ ဒမ်ဘယ်ဒိုးက သူ၏အပြာရောင်တောက်ပနေသော မျက်ဝန်းတို့ကို လူစီးယပ်မယ်ဖွိုင်း၏ အေးစက်စက်မီးခိုးရောင်မျက်လုံးများနှင့် တည့်တည့်ရင်ဆိုင်ကြည့်ရင်း စကားတစ်လုံးချင်းစီကို ဖြည်းဖြည်းလေးလေး ပီပီသသ ပြောချလိုက်သည်။

"ဒါပေမယ့် ခင်ဗျားနားလည်ထားဖို့က ခေါင်းဆောင်တစ်ယောက်ရဲ့နေရာ



ဆိုတာ ဘယ်လိုအမြွနည်းနဲ့မှ ဖယ်ရှားပစ်လို့ရတာမျိုးမဟုတ်ဘူး၊ ကျုပ်ရဲ့လက်အောက်ငယ်သားတွေက ကျုပ်အပေါ်မှာ လုံးဝအယုံအကြည်ကင်းမဲ့သွားပြီ ဆိုတဲ့အခါကျမှ တကယ်စင်စစ် ဖယ်ရှားခံရပြီးသားဖြစ်သွားရတာမျိုးပဲ"

နောက် ခင်ဗျားတွေ့လာရမယ့်အချက်တစ်ခုက ဟော့ဝပ်မှာ အကူအညီဆိုတာ တောင်းခံတဲ့သူအတွက်သာ ပေးလေ့ရှိတယ် ဆိုတာပဲ"

ဒမ်ဘယ်ဒိုး၏ မျက်လုံးများက ဟယ်ရီနှင့် ရွန်တို့ပုန်းအောင်းနေရာအခန်းထောင့်ဆီသို့ ဖျတ်ခနဲဝေ့ဝဲရောက်လာသည်မှာ အသေအချာပင်ဖြစ်တော့သည်။

မစ္စတာမယ်ဖွိုင်းက ဒမ်ဘယ်ဒိုးကိုဦးညွှတ်လိုက်ရင်း. . .

"ကြည်ညိုစရာကောင်းတဲ့ ရင်တွင်းဖြစ်စကားလုံးတွေပါပဲ၊ ကျွန်တော်တို့အားလုံးက လူကြီးမင်းရဲ့ ကိုင်တွယ်ပုံကိုင်တွယ်နည်းတွေကို တသသဖြစ်နေကြရမှာမလွဲပါဘူး၊ အဲ. . ကျွန်တော်တို့အနေနဲ့ လူကြီးမင်းရဲ့နေရာကို ဆက်ခံမယ့်ပါမောက္ခအသစ်က ဟိုဒင်း. . . ဘာခေါ်မလဲ၊ သတ်ဖြတ်မှုတွေကို တားဆီးနိုင်ပါစေလို့သာ မျှော်လင့်မိပါတယ်"

သူက တံခါးဝဆီသို့ လျှောက်သွား၏။ ထို့နောက်တံခါးကို ဖွင့်လိုက်ပြီး ဒမ်ဘယ်ဒိုးကို ဦးညွှတ်နှုတ်ဆက်ကာ ထွက်ခွာသွားလေတော့သည်။

မော်ဝန်ကြီးဖတ်ဂျ်က ဦးထုပ်ကိုပိုက်ရင်း ဟက်ဂရစ်ကို သူ့ရှေ့မှသွားရန် စောင့်နေ၏။ ဟက်ဂရစ်ကတော့ နေရာမှာပင်မလှုပ်မယှက်ရပ်နေသည်။ ထို့နောက် သက်ပြင်းတစ်ချက် ရှိုက်လိုက်ရင်း. . .

"တကယ်လို့များ ဖြစ်ခဲ့တဲ့ကိစ္စတွေရဲ့ သဲလွန်စကို ရှာချင်တယ်ဆိုရင် ပင့်ကူတွေရဲ့နောက်ကို ခြေရာခံလိုက်ကြည့်တာကောင်းမယ်၊ ဒါဆို လွဲစရာအကြောင်းမရှိဘူး၊ ငါပြောချင်တာ ဒါပဲ"

ဖတ်ဂျ်ကတော့ ဟက်ဂရစ်ကို ငေးကြောင်ကြည့်နေ၏။ ဟက်ဂရစ်က သူ၏ ကုတ်အင်္ကျီဖားဖားကြီးကို ဆွဲယူဝတ်ဆင်လိုက်ပြီး. . .

www.burmeseclassic.com



"ကဲ. . . သွားကြစို့"

ဟု ပြောလိုက်၏။ သို့သော် ဟက်ဂရစ်က တံခါးဝမှ ထွက်ခါနီးဆဲဆဲတွင် လှမ်း၍အော်ပြောသွားပြန်သည်။

"ငါမရှိတုန်း ငါ့ခွေးကြီးဖန်းင်ကို တစ်ယောက်ယောက်ကတော့ ကျွေးမွေးစောင့်ရှောက်ထားဖို့ လိုလိမ့်မယ်ဟေ့"

တံခါးက ဝုန်းခနဲပြန်ပိတ်သွားသည်။

ရွန်က ကိုယ်ဖျောက်ဝတ်ရုံကို ခွါချလိုက်ပြီး. . .

"ခုမှ ငါတို့တော့ ဒုက္ခပင်လယ်ဝေတော့တာပဲ၊ ပါမောက္ခကြီး ဒမ်ဘယ်ဒိုးလည်း မရှိတော့ဘူး၊ ကျောင်းကိုတောင် ဒီညကစပြီး ပိတ်ချင်ပိတ်ကြဦးမှာ။ ပါမောက္ခကြီးမရှိတော့ဘူးဆိုရင် တစ်နေ့ကိုအလောင်းတစ်လောင်းနှုန်းတော့ သေချာနေပြီ"

အမဲလိုက်ခွေးကြီး ဖန်းင်က ပိတ်ထားသော တံခါးကိုကုတ်ခြစ်ရင်း တဝုတ်ဝုတ်ထိုးဟောင်နေလေသည်။

❑

## အခန်း (၁၅)

---

## ပင့်ကူကောရာဇ်

www.burmeseclassic.com

www.burmeseclassic.com



နွေဦးသည် ရဲတိုက်ဝန်းကျင်ရှိ မြေပြင်ပေါ်သို့ တစ်စတစ်စတွားသွားဝင်ရောက်လာလေသည်။ ကောင်းကင်သည်လည်းကောင်း၊ ရေကန်မျက်နှာပြင်သည်လည်းကောင်း၊ အပြာရောင်ကြည်လင်တောက်ပလာသည်။ မှန်လုံအိမ်ထဲတွင် စိုက်ပျိုးထားသည့် ပန်းပွင့်များကလည်း အစွမ်းကုန်ဖူးပွင့်လျှက်. . .။

သို့ရာတွင် ရဲတိုက်ပြတင်းတံခါးမှ လှမ်းကြည့်လိုက်လျှင် ယခင်ကလို ကျောင်းဝင်းတစ်ဝိုက် ခွေးကြီးတစ်ကောင်နှင့် လမ်းလျှောက်နေတတ်သော ဟာဂရစ်ကိုတော့ မမြင်ရတော့ပေ။ အရာရာတိုင်းသည် ဟယ်ရီ့အတွက် စိတ်မချမ်းမြေ့ဖွယ်ရာချည်းပင်ဖြစ်သည်။ ရဲတိုက်အတွင်းမှာလည်း ထိုနည်းတူပင် ထိတ်လန့်တုန်လှုပ်ဖွယ်ရာ မှားယွင်းမှုများကသာ ကြီးစိုးနေကြသည်။

ဟယ်ရီနှင့် ရွန်တို့က ဆေးရုံတွင်ရှိနေသော ဟာမီယွန်းထံသွားဖို့ ကြိုးစားနေကြသေးသည်။ သို့ရာတွင် ဆေးရုံက လူနာကြည့်ခွင့်ကို ပိတ်ပင်ထားမြဲပိတ်ထားလိုက်ပြီဖြစ်၏။ မဒမ်ပွန်ဖရေက. . .

www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းနည်းပါတယ်ကွယ်၊ ခွင့်မပြုနိုင်ပါဘူး။ မိစ္ဆာကောင်က အခွင့်ကောင်း ပြီး ပြုစားခံထားရတဲ့သူတွေကို လက်စတုံးစီရင်ဖို့ ဆေးရုံထဲ ဝင်လာနိုင်တယ်လေ"

ဒမ်ဘယ်ဒိုးမရှိတော့သည်နှင့်တစ်ပြိုင်နက် ထိတ်လန့်တုန်လှုပ်မှုသည် အ တုန်းကနှင့်မှမတူအောင် အင်အားကြီးမားစွာ လွှမ်းခြုံသွားတော့၏။ ထို့ကြောင့် ရဲတိုက်နံရံများကို ရင်ငွေ့ပေးလျှက်ရှိသောနေရောင်ခြည်သည်ပင် ပြတင်းပေါ များဆီအရောက်တွင် အထဲသို့ဝင်မလာနိုင်တော့ဘဲ ရပ်တန့်နေသည်ဟု အောင် မေ့ရ၏။ ကျောင်းတွင်း၌ တွေ့ရသူအားလုံး၏ မျက်နှာပေါ်တွင် စိတ်တင်းကြပ်မှု စိုးရိမ်သောကများက အမြဲနေရာယူထားကြသည်။ ကျောင်းစင်္ကြံများတစ်လျှော ရှားရှားပါးပါး ပျံ့လွင့်လာတတ်သော ရယ်သံတစ်ခုတစ်လေသည်ပင်လျှင် မျော မင်းအုသံပေါက်နေ၏။ နောက် ပြန်းခနဲဆိုသလို ရယ်သံတိတ်ဆိတ်ခြောက် သွားပြန်သည်။ ဟယ်ရီကတော့ ဒမ်ဘယ်ဒိုးနောက်ဆုံးပြောသွားသည့်စကား ထပ်တလဲလဲ စားမြုံ့ပြန်နေမိ၏။

"ခေါင်းဆောင်ကောင်းတစ်ယောက်ရဲ့ နေရာဆိုတာ ဘယ်လိုအမွေနည်း ဖယ်ရှားပစ်လို့ရတာမျိုးမဟုတ်ဘူး၊ ကျုပ်ရဲ့လက်အောက်ငယ်သားတွေက အပေါ်မှာ လုံးဝအယုံအကြည်ကင်းမဲ့သွားပြီဆိုတဲ့အခါကျမှ တစ်ကယ်စင် ဖယ်ရှားခံရပြီးသားဖြစ်သွားတာမျိုးပဲ၊

နောက် ခင်ဗျားတွေ့လာရမယ့် အချက်တစ်ခုက ဟော့ဂဝပ်မှာ အကူအညီ တာ တောင်းခံသူအတွက်သာ ပေးလေ့ရှိတယ်ဆိုတာပဲ"

သို့ရာတွင် ထိုစကားများသည် ဘာများအကျိုးရှိစေပါသနည်း။ ဘယ်သူ့ မှာများသွားပြီး အကူအညီတောင်းခံရပါမည်နည်း။ လူတိုင်းလူတိုင်းသည် ကြောက် န့်တုန်လှုပ်ပြီး ဘာလုပ်ရမှန်းမသိဖြစ်နေကြသည်ချည်းပင်မဟုတ်ပါလော။

ဟက်ဂရစ်သဲလွန်စပေးသွားသည့် ပင့်ကူများနောက် ခြေရာခံလိုက်ဖို့ထို



အမှ ပိုလွယ်နေသေးသည်။ သို့ရာတွင် ပြဿနာကား ရဲတိုက်အတွင်း၌ သူတို့ နောက်ယောင်ခံလိုက်စရာ ပင့်ကူတစ်ကောင်မှ မကျန်တော့ခြင်းပင်ဖြစ်သည်။ ဟယ်ရီက သွားရင်းလာရင်း ရွန်၏အကူအညီဖြင့် ပင့်ကူတွေကို တွေ့လိုတွေ့ငြား ရှာကြည့်မိသေးသည်။ သို့ရာတွင် ကျောင်းသားအစုအဝေးနှင့်မှလွဲ၍ သူတို့ကို တစ်ဦးချင်း၊ နှစ်ဦးချင်း လွတ်လွတ်လပ်လပ်လျှောက်သွားခွင့်မပြုထားသောကြောင့် ထင်တိုင်းမကြံနိုင်ဘဲဖြစ်နေ၏။

ကျောင်းသားအများစုကတော့ သိုးအုပ်၊ နွားအုပ်တွေလို ဆရာများ၏ ထိန်းကျောင်းမှုအောက်တွင် သွားလာနေရသည်ကို ဝမ်းသာနေကြ၏။ သို့ရာတွင် ဟယ်ရီကမူ ထိုအချက်ကို သည်းမခံနိုင်ဖွယ်ရာ စိတ်အနှောက်အယှက်တစ်ခုလို ခံစားရလေသည်။

လူတွေအားလုံး သံသယနှင့် ထိတ်လန့်တုန်လှုပ်မှုများဖြင့် နေထိုင်နေရသည်ကိုကြည့်ပြီး ပျော်ရွှင်နေသူတစ်ဦးတည်းသာရှိသည်။ ထိုသူကား ဒရက်ကိုမယ်ဖွိုင်းပင်ဖြစ်၏။ သူ့ကိုယ်သူ ကျောင်းသားအားလုံး၏ အကြီးအကဲတစ်ယောက်ဟန်မျိုးဖြင့် ကျောင်းဝင်းအနှံ့ ဟန်ပါပါလျှောက်နေသည်ကို တွေ့မြင်ရလေသည်။ သူဘာကြောင့်ပျော်ရွှင်နေရသည်ကို ဟယ်ရီအစက နားမလည်ခဲ့။ ဆေးရည်သင်ခန်းစာသင်သည့်နေ့ကိုရောက်မှ ထိုအချက်ကို ဘွားဘွားကြီးသိလိုက်ရတော့သည်။

တဲသည်နေ့က ဟယ်ရီက မယ်ဖွိုင်း၏ နောက်တည့်တည့်တွင် ထိုင်နေသည်ဖြစ်ရာ ခရက်ဘီနှင့် ဂွိုင်လီတို့ကို ကြွားလုံးထုတ်နေသည့် မယ်ဖွိုင်း၏စကားကို အမှတ်တမဲ့ကြားလိုက်ရ၏။

"ငါ့အစကတည်းက ထင်သားပဲ၊ ဒမ်ဘယ်ဒိုးကို ရှင်းပစ်နိုင်တဲ့သူဆိုလို့ ငါ့အဖေတစ်ယောက်ပဲရှိတာ။ ငါ မင်းတို့ကို ပြောဖူးတယ်မဟုတ်လား၊ ဟော့ဂဝပ်သမိုင်းတစ်လျှောက်လုံးမှာ အဖျင်းဆုံးကျောင်းအုပ်ဆရာကြီးဟာ ဒမ်ဘယ်ဒိုးပဲလို့ ငါ့အဖေ

www.burmeseclassic.com

www.burmeseclassic.com



က ပြောတယ်ဆိုတာလေ။ မကြာခင်မှာ ဒမ်ဘယ်ဒိုးထက်သာတဲ့ ကျောင်းအုပ် အသစ်တစ်ယောက် ရတော့မှာပါကွာ၊ မိစ္ဆာခန်းဆောင်ကို မပိတ်မယ့်သူ မက်ဂွန်နာဂေါ်ဆိုတဲ့မိန်းမကြီးလည်း မကြာခင်ကျောင်းရတော့မှာ ကြည့်နေ... သစ်မရခင်စပ်ကြားမို့လို့ သူ့ကိုဝါးပေါင်းကွပ်ထားတာ"

မယ်ဖိုင်းက လေသံကိုပင်မနှိမ့်ဘဲ ပြောင်ပြောနေခြင်းဖြစ်၏။

ထိုစဉ် ပရော်ဖက်ဆာ စနိပ်ကဟယ်ရီ့အနီးမှ ဖြတ်လျှောက်သွားသည်။

ခါတိုင်း ဟာမီယွန်ထိုင်နေကျ နေရာတွင် လစ်လပ်နေသည်ကိုတွေ့သော် လည်း ဝမ်းနည်းစကားလေးမျှပင်မဆို။ မယ်ဖိုင်းက ပရော်ဖက်ဆာ စနိပ်ကို...

"ဆရာ... ဘာဖြစ်လို့ လစ်လပ်သွားတဲ့ကျောင်းအုပ်ဆရာကြီးရာထူးကို မလျှောက်တာလဲ"

"နေဦးလေ မယ်ဖိုင်းရဲ့..."

ထိုသို့ပြောလိုက်သော်လည်း ပရော်ဖက်ဆာ စနိပ်၏နှုတ်ခမ်းပါးများပေါ် အပြုံးကဖုံးမရဖိမရပေါ်လွင်လွန်းလှသည်။ သူကဆက်၍...

"ပါမောက္ခကြီးဒမ်ဘယ်ဒိုးက ရာထူးက ခေတ္တဆိုင်းငံ့ထားရုံတင်ရှိသေး မကြာခင် သူဒီရာထူးပြန်ရမယ်ဆိုတာ ငါပြောရဲတယ်"

မယ်ဖိုင်းက...

"ခြော်..ဒီလိုကိုး... ဆရာသာ အဲဒီရာထူးကို လျှောက်မယ်ဆို ကျွန်တော့်အဖေက ထောက်ခံပေးမှာပါ၊ ဆရာလျှောက်မယ်ဆိုရင် ကျွန် အဖေ့ကို ပြောပေးမယ်လေ"

စနိပ်က ဖရဏာပီတိဂွမ်းဆီထိရင်း ကြွားကြွားရွားရွား ဆက်လျှောက်သွား ဒယ်အိုးထဲသို့ အန်ချတော့မည်ပုံ လုပ်ပြနေသည့် ရှေးမတ်ဖင်နီဂန်ကို ကံအားပေ စွာဖြင့် မျက်စိလျှမ်းသွားသည်။ မယ်ဖိုင်းက ဆက်၍...



"လူသာမန်ကမွေးတဲ့ မျိုးမစစ်တွေ ဘာဖြစ်လို့ ခုချိန်ထိ အိမ်ပြန်ဖို့အထုပ် အပိုးမပြင်ကြသေးလဲမသိဘူး၊ ဒီတိုင်းဆို နောက်တစ်ယောက်သေဦးမယ်၊ ငါးဂယ် သီယွန်ကြေးလောင်းမလား၊ ဟာမီယွန်မသေတာ နာတယ်ကွာ..."

သူ၏နောက်ဆုံးစကားလုံးများကြောင့် ရွန်ကဆေးဗူးဖြင့် လှမ်းပေါက်ရန် အရှိန်ယူ၌ ကျောင်းဆင်းခေါင်းလောင်းထိုးသောကြောင့်သာ သက်သာသွားသည်။ ဒါတောင်မှ မယ်ဖိုင်းဆီ သွားမည်တကဲကဲလုပ်နေသေးသဖြင့် ဟယ်ရီနှင့်ဒင်းတို့က မနည်းဆွဲထားရသေးသည်။ ရွန်က...

"လွှတ်...ငါ့ကိုလွှတ်စမ်းပါကွ၊ ဘာဆေးတောင်ဖွေး၊ ဘာမှော်ပညာမှသုံး စရာမလိုဘူး၊ ဒီကောင့်ကို ငါလက်ချည်းသက်သက်နဲ့ အသေသတ်ပြမယ်"

ထိုအချိန်တွင် အတန်းထိပ်မှ ပရော်ဖက်ဆာ စနိပ်က...

"မြန်မြန်လုပ်ကြလေကွာ၊ မင်းတို့ကို ငါနွယ်မြက်ဆေးပင်ဗေဒစာသင်ခန်း အထိ ခေါ်သွားရမှာ"

အတန်းထဲမှထွက်ကြစဉ် ရှန်းကန်နေသော ရွန့်ကိုဟယ်ရီနှင့်ဒင်းတို့က မိကျောင်းတစ်ကောင်ဖမ်းသလို ရှေ့ကတစ်ယောက်၊ နောက်ကတစ်ယောက် ချုပ်လျှက်ခေါ်လာရ၏။ ရဲတိုက်ထဲမှ အပြင်ဘက်သို့ရောက်သွားသည်ကို ပရော် ဖက်ဆာစနိပ်မြင်ရပြီးချိန်ကျမှ ရွန့်ကိုသူတို့လွှတ်ရဲတော့သည်။ ဟင်းသီးဟင်းရွက် စိုက်ခင်းများကိုဖြတ်၍ မှန်လုံအိမ်များရှိရာဆီသို့ သူတို့လျှောက်လာခဲ့ကြ၏။ နွယ်မြက်ဆေးပင်ဗေဒ စာသင်ခန်းထဲတွင်ကား ကျောင်းသားနှစ်ယောက် လျော့နေ လေပြီ။ ဂျပ်စတင်နှင့် ဟာမီယွန်တို့ဖြစ်ကြ၏။

ပရော်ဖက်ဆာက 'အဘစ်စီးနီးယန်းသဖန်းပင်' တို့၏အကိုင်းအခြား မည်သို့ ချိုးရသည်ကိုသင်ပေး၏။ ဟယ်ရီက ရိုးတံခြောက်ကောက်ရန် မြေဆွေးပုံပေါ်သို့ ဘက်သွားသည့်အခါ အာနီမက်မီလန်နှင့် ရင်ဆိုင်တိုးလိုက်ရသည်။ အာနီက သက်

www.burmeseclassic.com

www.burmeseclassic.com



ပြင်းတစ်ချက်ရှိုက်လိုက်ရင်း ရှေးယခင်ကလို ရင်းနှီးလိုသည့်လေသံဖြင့်. . .

"ပြောရဦးမယ်ဟယ်ရီ၊ အရင်က မင်းကိုငါ သံသယဖြစ်ခဲ့မိတာ တောင်းပန်ပါတယ်၊ ဘာပဲဖြစ်ဖြစ် မင်းဟာ ဟာမီယွန်ကိုတော့ တိုက်ခိုက်ရက်မယ့်လူမဟုတ်မှန်း ငါသိတယ်၊ ငါပြောခဲ့မိတဲ့စကားတွေအတွက် တောင်းပန်ပါတယ်ကွာ၊ ငါတို့အားလုံးဟာ တစ်လှေတည်းစီးတစ်ခရီးတည်းသွားတွေပါ။ ကဲ. . . ဒီတော့. . ."

ဟယ်ရီက ကမ်းပေးလာသည့် အာနီ၏ လက်ဝဝတုတ်တုတ်ကြီးကို ဆွဲဆုပ်ကာ လှုပ်ယမ်းနှုတ်ဆက်လိုက်သည်။ အာနီနှင့် သူ့သူငယ်ချင်းဟန်နာတို့သည် ဟယ်ရီနှင့် ရွန်တို့ခူးနေသည့် သဖန်းပင်ဆီသို့ ရောက်လာပြီး အတူခူးကြရင်း အာနီက. . .

"အဲဒီဒရက်ကိုမယ်ဖွိုင်းဆိုတဲ့ကောင်ဟာ လူတွေခုလို ဒုက္ခရောက်နေတာကို ကြည့်ပြီး အတော်အားရနေတဲ့ပုံပဲကွ၊ စလီသရင်ရဲ့ အမွေခံဟာ ဒီကောင်ပဲဖြစ်လိမ့်မယ်လို့ ငါထင်တယ်"

"သဘောကတော့ မင်းဦးနှောက်နည်းနည်းသုံးတတ်လာပြီဆိုတာကို ပြတာပဲ"

အာနီ့ကို ဟယ်ရီပေါ်တာလောက် လွယ်လင့်တကူခွင့်လွှတ်နိုင်သေးပုံမပေါ်သည့် ရွန်က ပြောလိုက်သည်။ အာနီက. . .

"ဟယ်ရီ. . . မင်းရော မယ်ဖွိုင်းကို မထင်ဘူးလား. . ."

"ဟင့်အင်း. . ."

ဟယ်ရီပြန်ဖြေလိုက်ပုံမှာ သေချာလွန်းနေသဖြင့် အာနီနှင့် ဟန်နာတို့က အံ့အားတကြီး ငေးစိုက်ကြည့်လိုက်ကြ၏။

ထိုစဉ် ဟယ်ရီက တစ်စုံတစ်ရာကို သတိပြုလိုက်မိသည်။ ထို့ကြောင့် ရွန်တို့ သုံကိုင်ထားသော သစ်ကိုင်းခြောက်များဖြင့် လှမ်းရိုက်ပြီး အချက်ပေးလိုက်၏။



"ဟော့ကောင်. . . ဘာဖြစ်. . ."

ဟယ်ရီက မြေပြင်ပေါ်သို့ ညွှန်ပြလိုက်သည်။

များစွာသော ပင့်ကူကြီးများသည် မြေပြင်ကိုဖြတ်၍ သုတ်သီးသုတ်ပြာ ပြေးနေကြလေသည်။ ရွန်က. . .

"ဟာ. . . ဟုတ်တယ်ကွ၊ ဒါပေမယ့် ခုလိုစာသင်ချိန်ကြီးမှာ သူတို့နောက်ကို ဘယ်လိုလိုက်ကြည့်ကြမလဲ"

အာနီနှင့် ဟန်နာတို့က သိလိုစိတ်ဖြင့် နားစွင့်နေကြ၏။ ဟယ်ရီက ပင့်ကူများပြေးသွားရာဆီသို့ မမှိတ်မသုန်ကြည့်ရင်း. . .

"ဒီကောင်တွေဦးတည်ပြီး သွားနေတဲ့ နေရာကတော့ 'မသွားရတောအုပ်' ဆီကိုပဲကွ"

ထိုစကားကိုကြားလိုက်ရသောကြောင့် ရွန်၏ပုံမှာ ပို၍ပင်စိတ်လက်မချမ်းမသာဖြစ်သွားလေသည်။ သင်ခန်းစာပြီးဆုံးသွားသောအခါ ပရော်ဖက်ဆာ စနိပ်က စောင့်ကြပ်လိုက်ပါပြီး ခအောက်လမ်းမိစ္ဆာနှိမ်နှင်းရေး ဘာသာရပ်သင်ကြားရာ စာသင်ခန်းဆီသို့ သူတို့ကိုလိုက်ပို့လေသည်။ ဟယ်ရီနှင့် ရွန်တို့က အခြားသူများနောက် ခပ်လှမ်းလှမ်းမှ လိုက်လာခဲ့ကြ၏။ သို့မှသာ သူတို့ချည်းနှစ်ကိုယ်ကြား စကားပြောနိုင်ပေမည်။

ဟယ်ရီက. . .

"ကိုယ်ပျောက်ဝတ်ရုံကိုပဲ ထပ်သုံးရဦးမှာပေါ့ကွာ၊ အမဲလိုက်ခွေးကြီး ဖန်းကိုပါ ခေါ်သွားရမယ်၊ ခွေးက ဟက်ဂရစ်နဲ့အတူ တောအုပ်ထဲဝင်နေကျဆိုတော့ ငါတို့ အဖော်ရနိုင်တယ်ကွ"

ရွန်က တုန်တုန်ရီရီဖြင့် ဆေးတောင်ဝှေးကို သူ့လက်ချောင်းများကြားတွင် လှည့်ပတ်ကစားရင်း. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပေါ့ အဲ. . ဟိုဒင်း. . တောအုပ်ထဲမှာ သမန်းဝံပုလွေတွေတော့ မရှိလောက်ဘူး ထင်ပါရဲ့"

လော့ဟတ်၏ စာသင်ခန်းထဲသို့ရောက်သောအခါ ခါတိုင်းလိုပင် နောက်ဆုံး ထိုင်ခုံ၌ သူတို့ဝင်ထိုင်လိုက်ကြသည်။

ဟယ်ရီက ရွန်၏မေးခွန်းကို မဖြေလို။ ထို့ကြောင့်. . .

"တောအုပ်ထဲမှာ သတ္တဝါကောင်းတွေလည်းရှိတာပဲဥစ္စာ၊ ဆဲန်တော်တွေဆို ဘယ်လောက်ကူညီတတ်သလဲ၊ ပြီးတော့ ချိုတစ်ချောင်းမြင်းတွေလည်းရှိသေးတယ်"

ရွန်က မသွားရတောအုပ်ထဲသို့ တစ်ခါမှရောက်ဖူးသူမဟုတ်ချေ။ ဟယ်ရီသာ တစ်ကြိမ်ဝင်သွားဖူးခြင်းဖြစ်၏။ အဲသည်ကတည်းက ထိုတောအုပ်ထဲသို့ နောက် ဘယ်တော့မှ ထပ်မဝင်ပါရစေနဲ့ဟု ဆုတောင်းမိသေးသည်။

လော့ဟတ်က စာသင်ခန်းထဲသို့ဝင်လာသည်။ တစ်တန်းလုံးက သူ့ကိုဝိုင်းကြည့်လိုက်ကြ၏။ သည်လိုအချိန်မျိုးတွင် အခြားဆရာများအားလုံး စိတ်ဖိစီးမှုဖြင့် မျက်နှာထားတင်းနေကြသော်လည်း လော့ဟတ်ကတော့ ဘာမှမဖြစ်သလိုမျိုး ရွှင်လန်းတက်ကြွနေ၏။

"ကဲ. . . ကလေးတို့ ဘာဖြစ်လို့ မျက်နှာကြီးတွေ သုန်မှုန်နေကြတာလဲ"

ဘယ်သူမှ ပြန်မဖြေ။ လော့ဟတ်က. . .

"မင်းတို့ မသိကြသေးဘူးလား၊ အန္တရာယ်အားလုံး ချုပ်ငြိမ်းသွားပြီ၊ မိစ္ဆာတရားခံကိုလည်း ဖမ်းသွားပြီလေ"

"မိစ္ဆာတရားခံဆိုတာ ဘယ်သူ့ကိုပြောနေတာလဲ. . ."

ဟု ဒင်းသောမတ်က ကျယ်လောင်စွာ အော်မေးလိုက်၏။

"ငါ့ချစ်မိတ်ဆွေ မှော်ဝန်ကြီးက မပိုင်ရင်ဘယ်တော့မှ မလုပ်ဘူး၊ ဟက်ဂရစ်ဟာ ဘာရားခံဖြစ်မှန်း ရာနှုန်းပြည့် မသေချာဘဲနဲ့ သူလုံးဝဖမ်းမှာမဟုတ်ဘူး"



လော့ဟတ်က တစ်နှင့်နှစ်ပေါင်းလျှင် နှစ်ဖြစ်တာပေါ့ဟုရှင်းပြနေသည့် လေသံမျိုးဖြင့် ပြောလိုက်၏။

ရွန်က. . .

"အိုး. . . သိပ်ဟုတ်တာပေါ့၊ သူပဲနေမှာပါ"

ဟု ဒင်းထက်ပင် ကျယ်လောင်သောအသံဖြင့် ပြောလိုက်၏။ လော့ဟတ်က သူ့ကိုယ်သူ ကျေနပ်နေသည့် လေသံဖြင့်. . .

"ဟက်ဂရစ်အဖမ်းခံရတဲ့အကြောင်း မင်းထက်ငါက အများကြီးပိုသိထားတာ ကိုယ့်ကိုယ်ကို ဂုဏ်ယူမဆုံးဘူး မစ္စတာဝီစလေ"

ရွန်က. . .

'သူကပဲ ငါတို့ထက် ပိုသိနေရသေးတယ်' ဟု လွှတ်ခနဲပြောလိုက်မိတော့မလိုရှိစဉ် ဟယ်ရီက ခုံအောက်မှ ခြေထောက်ဖြင့်ကန်၍ သတိပေးလိုက်သောကြောင့် စကားတစ်ပိုင်းတစ်စဖြင့် ရပ်သွား၏။ ဟယ်ရီက. . .

"အဲဒီကိစ္စတွေဖြစ်နေတုန်း ငါတို့ရှိနေတာ အသိခံလို့မဖြစ်ဘူးလေ"

သည့်နောက်တော့ လော့ဟတ်၏ ရွံရှာဖွယ်ကိုယ်ရည်သွေး တီးလုံးများကို ကြားရတော့သည်။ လော့ဟတ်က သူသည် ဟက်ဂရစ်အကျင့်မကောင်းမှန်း အစောကြီးကတည်းက ရိပ်မိခဲ့ကြောင်း၊ ယခုအချိန်တွင် ပြဿနာအားလုံး အဆုံးသတ်သွားပြီဟု သူထင်ကြောင်း ပျော်ပျော်ရွှင်ရွှင်ကြီး ပြောနေလေရာ ဟယ်ရီမှာ သူ့မျက်နှာဆီသို့ စာအုပ်ဖြင့် ပေါက်လိုက်ချင်စိတ်ကို မနည်းထိန်းချုပ်ထားရသည်။

ဟယ်ရီက အာရုံလွှဲသည့်အနေဖြင့် စာရွက်ပေါ်တွင် ရွန်ဖတ်ဖို့ စာတစ်ကြောင်း ချရေးပေးလိုက်သည်။

"မသွားရတောအုပ်ထဲကို ဒီညပဲသွားကြစို့"

ရွန်က စာတိုကလေးကိုဖတ်ပြီး လုံးချေမျိုချလိုက်သည်။ ထို့နောက် သူ့ဘေး

www.burmeseclassic.com

www.burmeseclassic.com



ခုံသို့လှည့်ကြည့်လိုက်ရာ ယခင်က ဟာမီယွန်ထိုင်နေကျနေရာမှာ လစ်လပ်လျက် ရှိသည်ကိုတွေ့ရ၏။ ထိုမြင်ကွင်းက ရွန်၏စိတ်ကို နာနာကျည်းကျည်းထိခိုက်သွား စေသည်။

ရွန် ခေါင်းညိတ်လိုက်၏။

●

သည်ရက်ပိုင်းအတွင်း ဂရစ်ဖင်ဒေါ်စုပေါင်းနားနေခန်းတွင် လူတွေပြည့်ကြပ် နေလေ့ရှိသည်။ အဘယ်ကြောင့်ဆိုသော် ခြောက်နာရီထိုးပြီးသည်နှင့် ဘယ်ထို့ သွားခွင့်မရှိတော့သောကြောင့်ဖြစ်၏။ ကျောင်းသားတွေပါးစပ်ဖျားမှာ ပြောစရာ အကြောင်းအရာတွေကလည်း များပြားလှပေရာ သန်းခေါင်ကျော်မှ လူစုကွဲလေ့ရှိ သည်။

ညစာစားပြီးသည်နှင့် တစ်ပြိုင်နက် ဟယ်ရီက သေတ္တာထဲမှ ကိုယ်ပျောက် ဝတ်ရုံကို ထုတ်ယူလိုက်သည်။ ထို့နောက် တစ်ခန်းလုံး လူရှင်းသွားချိန်ကို စောင့်နေ လိုက်၏။

ဖရက်နှင့် ဂျော့တို့ အမ္ဘာညီနောင်က ဟယ်ရီနှင့် ရွန့်ကိုပျောက်အိုးဖောက် တမ်းကစားရန် စိန်ခေါ်၏။ သူတို့၏ ညီမလေးဂျင်းနီက ကုလားထိုင်ပေါ်တွင် ထိုင်လျှက် တွေတွေငေးငေးကြည့်နေသည်။ သူမထိုင်နေသောခုံမှာ ယခင်က ဟာမီယွန်ထိုင်နေကျနေရာဖြစ်၏။ ဟယ်ရီနှင့်ရွန်တို့က ကစားပွဲကိုမြန်မြန်ပြီးပါစေ တော့ဟူသည့်ရည်ရွယ်ချက်တစ်ခုတည်းဖြင့် အရှုံးခံပြီးကစားကြ၏။ ဖရက် ဂျော့နှင့် ဂျင်းနီတို့ အိပ်ရာဝင်ကြချိန်တွင် သန်းခေါင်ကျော်နေလေပြီ။ ဟယ်ရီနှင့် ရွန်တို့က အခြားအဆောင်နှစ်ဆောင် တံခါးပိတ်သွားသည့်အသံများကို ကြားရ သည်အထိ စောင့်ပြီးမှ နှစ်ဦးသားကိုယ်ပျောက်ဝတ်ရုံခြုံကာ ထွက်ခဲ့ကြသည်။



ဆရာတွေအားလုံးကို လွတ်အောင်ရှောင်ပြီးသွားရသည်မှာ လွယ်ကူလှသည့် ခရီးတော့မဟုတ်ပေ။ နောက်ဆုံးတွင် အဝင်ခန်းမကြီးဆီသို့ သူတို့ရောက်လာခဲ့ကြ သည်။ ဝက်သစ်ချသားတံခါးမကြီးတွင် တပ်ထားသော သော့ကို အသံမကြားရ အောင် ကျိတ်ပြီးဖွင့်ကြ၏။ ထို့နောက် လရောင်လင်းပနေသော မြေပြင်ပေါ်သို့ သူတို့ထွက်လိုက်ကြသည်။

အနက်ရောင်မြက်ပင်များပေါ် ဖြတ်လျှောက်လာကြရင်း ရွန်က ကောက်ကာ ငင်ကာ ပြောလိုက်သည်။

"ငါတို့ ခုချိန်ကျမှ တောအုပ်ထဲရောက်သွားရင် နောက်ယောင်ခံလိုက်စရာ ပင့်ကူတွေမှ တွေ့ပါဦးမလား၊ တစ်ကောင်မှ တွေ့တော့မှာမဟုတ်ဘူးထင်တယ်၊ ငါသိသလောက်ပြောရရင် ပင့်ကူတွေက ရှာရိုးကိုးပေါက် လျှောက်သွားနေကြတာပဲ ဒါပေမယ့်. . ."

ပြောရင်း မျှော်လင့်ချက်တစ်ခုကိုတွေ့လိုက်ရသလို သူ့အသံက တိမ်ဝင်သွား သည်။ သူတို့ဟက်ဂရစ်၏အိမ်သို့ ရောက်လာကြပြီဖြစ်လေသည်။ ဟာလာဟင်း လင်းဖြစ်နေသော ပြတင်းပေါက်များက ကြေကွဲဝမ်းနည်းဖွယ်အသွင်ကို ဆောင်နေ ကြ၏။ ဟယ်ရီက အိမ်တံခါးကို တွန်းဖွင့်လိုက်သည်။

သူတို့နှစ်ယောက်ကို မြင်လိုက်သည်နှင့် အမဲလိုက်ခွေးကြီးက တဝုတ်ဝုတ် ဟောင်ရင်း ကျယ်လောင်စွာ ဆီးကြိုနှုတ်ဆက်ရာ တစ်ကျောင်းလုံး နိုးသွားတော့ မည်လားဟုပင် စိုးရိမ်လိုက်ရသေးသည်။ ထို့ကြောင့် သူတို့က ကမန်းကတန်းဖြင့် ဘင်စေးနှဲတော်ဖီများကို ပစ်ကျွေးလိုက်ရ၏။ ထိုတော်ဖီများက ခွေးကြီး၏ပါးစပ် ကိုခွါမရအောင် စေးကပ်သွားစေသည်။ ဟယ်ရီက သူ၏ကိုယ်ပျောက်ဝတ်ရုံကို စားပွဲပေါ်မှာပင် ထားပစ်ခဲ့သည်။ ပိန်းပိတ်အောင် မှောင်နေသော တောအုပ်ထဲ တွင် ကိုယ်ပျောက်အောင်ဝတ်ရုံသုံးနေဖို့ပင် မလိုပါ။

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီက ခွေးကြီးကို. . .

"ကဲ. . . ဖန်းင်ရေ . . . အို့ အို့. . . တို့လမ်းလျှောက်ထွက်လိုက်ရအောင်"

ခွေးကြီးက သူတို့နောက်မှ အမြီးတန့်နံ့နှင့်လိုက်လာပြီး အိမ်အပြင်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် မသွားရတောအုပ်ဆီသို့ တဟုန်ထိုးပြေးတော့သည်။ ကြီးမားလှသော သဖန်းပိုးစာပင်ကြီးတစ်ပင်ဆီသို့ အရောက်တွင် ခွေးကြီးက ပဒေါင်း ရပ်ပြီး ရှေ့ခြေနှစ်ချောင်းဖြင့် သစ်ပင်ကို မှီထားလိုက်၏။

ဟယ်ရီက ဆေးတောင်ဝှေးကိုဆွဲထုတ်ပြီး. . .

"လူးမို့စ်"

ဟု မန္တန်ရွတ်လိုက်ရာ ဆေးတောင်ဝှေးအစွန်းဆီမှ အလင်းတန်းတစ်ခုထွက် လာ၏။ ထိုအလင်းရောင်က ပင့်ကူများ၏ ခြေရာလက်ရာ အစအနတို့ကို ရှာဖွေ ကြည့်နိုင်ရုံလောက်တော့ တတ်နိုင်ပေသည်။ ရွန်က. . .

"ကောင်းလိုက်တဲ့ စိတ်ကူးကွာ၊ ငါလည်း ငါ့ဆေးတောင်ဝှေးကို အလင်း ရောင်ထွက်အောင် မန်းမှုတ်ချင်တာပါပဲ၊ ဒါပေမယ့် ငါ့ဆေးတောင်ဝှေးအကြောင်း မင်းသိတဲ့အတိုင်းပဲလေ၊ ပြောလို့ရတာမဟုတ်ဘူး၊ ထပေါက်ကွဲချင်ကွဲသွားမှာ။ ဒါမှ မဟုတ် ဖြစ်ချင်တာတွေ လျှောက်ဖြစ်ကုန်လိမ့်မယ်"

ဟယ်ရီက ရွန့်ပုခုံးကိုပုတ်ပြီး မြက်ခင်းပေါ်သို့ ညွှန်ပြလိုက်၏။ ပင့်ကူကြီးမှန် ကောင်က အလင်းရောင်နှင့်ဝေးရာ သစ်ပင်ရိပ်ဆီသို့ ပြေးသွားနေသည်ကို မြင်ရ ၏၊

ရွန်က. . .

"အိုကေ. . . အသင့်ပဲ. . လိုက်ကြစို့"

အမဲလိုက်ခွေးကြီး ဖန်းင်က သူတို့နံဘေးတွင် ခုန်လိုက်ပေါက်လိုက်၊ သစ်မြစ် များသစ်ရွက်များကို နှာခေါင်းတရှုံ့ရှုံ့ဖြင့် အနံ့ခံလိုက်နှင့် တောအုပ်ထဲဝင်ခဲ့ကြ



တော့သည်။ ဟယ်ရီ၏ ဆေးတောင်ဝှေးမှ ထွက်လာသော အလင်းရောင်ဖြင့် ပင့်ကူများ သွားရာလမ်းကြောင်းအတိုင်း ခြေရာကောက်ပြီး လိုက်ခဲ့ကြသည်။

မိနစ်နှစ်ဆယ်လောက် ဟယ်ရီတို့ တောတိုးလာခဲ့ကြသည်။ သစ်ရွက်ခြောက် များကို တက်နင်းမိသံ၊ သစ်ကိုင်းခြောက်များကျိုးသံမှလွဲ၍ အခြားဘာသံမှ မကြားရ၊ တောအုပ်က နက်သထက်နက်လာသည်။ ကြယ်များကိုပင် မမြင်ရတော့။ အမှောင်ပင်လယ်ထဲတွင် ဟယ်ရီ၏ ဆေးတောင်ဝှေးကသာ တောက်ပလင်းလက် နေလေသည်။ ပင့်ကူများက လူသွားလမ်းကလေးပေါ်မှ ဖွဲ့ဆင်းသွားကြသည်ကို မြင်ရ၏။

ဟယ်ရီကရပ်လိုက်ပြီး ပင့်ကူများ ဘယ်ကိုသွားကြသည်ကို ရှာကြည့်မိသည်။ သို့ရာတွင် သူ့ဆေးတောင်ဝှေး၏ အလင်းစက်ဝန်းပြင်ပတစ်ခုလုံး ပိန်းပိန်းပိတ် မှောင်နေလေပြီ။ သူဒီတောအုပ်ထဲသို့ အရင်တစ်ခေါက်လာစဉ်တုန်းက သည် လောက် နက်နက်မရောက်ခဲ့ပေ။

ဟက်ဂရစ်ကသူ့ကို 'လမ်းကြောင်းကနေ ဖယ်ခွါသွေဖီပြီး ဘယ်တော့မှ မသွားလေနှင့်ဟယ်ရီ' ဟု အကြံပေးခဲ့ဖူးသည်ကို သူပြန်သတိရလာမိသည်။ ယခု တော့ ဟက်ဂရစ်ကလည်း သူနှင့်မိုင်ပေါင်းများစွာဝေးသည့် နေရာကိုရောက်နေ လေပြီ။ အက်ဇကာဘန်အကျဉ်းထောင်ထဲတွင် တိုက်ပိတ်ခံနေရပြီများလားမဆို နိုင်။ နောက်ပြီး 'ပင့်ကူတွေနောက်ကိုလိုက်ပါ' ဟူသော စကားမှာလည်း ဟက်ဂရစ် ပင်ပြောသွားခဲ့ခြင်းဖြစ်နေပြန်လေသည်။

ရုတ်တရက် ဟယ်ရီ၏လက်က စိုစွတ်စွတ်အရာတစ်ခုကို စမ်းလိုက်မိ၏။ ဟယ်ရီက လန့်ပြီး နောက်သို့ခုန်ဆုတ်လိုက်ရာ ရွန်၏ခြေထောက်နှင့် တိုက်မိသည်။ ဟယ်ရီက သူ့ဆေးတောင်ဝှေးအလင်းအောက်တွင် ရောင်ပြန်ဟပ်နေသည့် ရွန်၏ မျက်လုံးများက တစ်စုံတစ်ရာကို တွေးနေသလိုမျိုး ဖြစ်နေမှန်းသတိထားလိုက်မိ သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာစဉ်းစားနေတာလဲ ရွှန်. . ."

"ငါတို့လာတာ တော်တော်ဝေးနေပြီကွ"

တလှစ်လှစ်ပြေးနေသော ပင့်ကူများနောက် တကောက်ကောက်လိုက်ခဲ့ကြရာမှ ယခုအခါတွင် အရင်ကလောက် သိပ်မြန်မြန်မသွားနိုင်ကြတော့ပေ။ သစ်ပင်အမြစ်ကြီးများ၊ သစ်ငုတ်တိုများက ကာဆီးနေသည်ဖြစ်ရာ လက်တစ်ကမ်းအကွာကိုပင် မြင်ဖို့ခဲယဉ်းလာသည်။

ဟယ်ရီက သူ့လက်ကို နွေးခနဲ၊ နွေးခနဲလာတိုးနေသော အမဲလိုက်ခွေးကြီးဖန်းင်၏ အသက်ရှူငွေ့ကိုသာ ခံစားသိနေရ၏။ မကြာခဏလည်း မြေကြီးပေါ်ထိုင်ပြီး ပင့်ကူများ၏ ခြေရာကိုကောက်ရသေးသည်။

သူတို့လျှောက်လာကြသည်မှာ တစ်နာရီခွဲခန့် ကြာသွားပြီဟု အောက်မေ့၏။ သူတို့၏ ဝတ်ရုံများမှာလည်း ခပ်နိမ့်နိမ့်သစ်ကိုင်းများနှင့် ငြိလိုက်၊ ဆူးခြုံပိုင်းများနှင့်ငြိလိုက်နှင့် ခဏအကြာတွင် မြေပြင်သည် ဆင်ခြေလျှောတစ်ခုလိုနိမ့်ဆင်းသွားမှန်း သူတို့သတိထားလိုက်မိကြသည်။

ထိုစဉ် ဖန်းင်က ရုတ်တရက်အသံနက်ကြီးဖြင့် ထိုးဟောင်လိုက်ရာ ဟယ်ရီရော ရွှန်ပါ လိပ်ပြာလွင့်မတတ်ကြောက်လန့်သွားကြ၏။ ရွှန်က ကျယ်လောင်စွာဖြင့်. . .

"ဘာလဲ"

ဟု မေးရင်း ပတ်ပတ်လည်ကို ပြူးပြူးပျာပျာ ကြည့်လိုက်သည်။ ဟယ်ရီ၏ လက်မောင်းကိုလည်း တင်းတင်းဆုပ်ထား၏။ ဟယ်ရီက လေသံတိုးတိုးဖြင့်. . .

"ဟောဟိုနားမှာ သက်ရှိတစ်ကောင်ကောင်ရှိပုံရတယ်၊ နားထောင်စမ်း၊ အသံကိုကြားရတာကတော့ အကောင်တော်တော်ကြီးမယ့်ပုံပဲ"

သူတို့နားစွင့်ထားလိုက်ကြသည်။ ညာဘက်ခပ်လှမ်းလှမ်းဆီမှ သတ္တဝါကြီးတစ်ကောင်သည် သစ်ပင်များကြားမှ ဖြတ်လျှောက် အကိုင်းအခက်များကို နင်းချေပြီးလာနေ၏။ ရွှန်က. . .



"သွား. . . သွား. . . မလာနဲ့"

"ဟေ့ကောင်. . ပါးစပ်ပိတ်ထား. . မင်းအသံကို ကြားသွားလိမ့်မယ်"

"ငါ့အသံကိုကြားသွားလိမ့်မယ် ဟုတ်လား၊ ခုမှတော့ ကြားပြီးသွားလောက်ပြီပေါ့ကွာ၊ တယ်. . . ဖီခွေးဟာ. . ."

သူတို့ကြောက်လန့်စွာဖြင့် နေရာတွင်ပင် မလှုပ်မယှက်ရပ်ကာ စောင့်ဆိုင်းနေလိုက်ကြသည်။ အမှောင်ထုက သူတို့၏ မျက်လုံးများပေါ်သို့ ဖိစီးထားသည်ဟု ခံစားရ၏။ ထူးဆန်းသည့် ထစ်ချုန်းသံကြီးတစ်သံ ပေါ်ထွက်လာ၏။ ထို့နောက် တစ်ဖန် ငြိမ်သက်တိတ်ဆိတ်သွားပြန်သည်။

ဟယ်ရီက. . .

"အဲဒီအကောင်ကြီး ဘာလုပ်နေတယ်ထင်လဲ"

"ငါတို့ကို ခုန်အုပ်မလို့ ချောင်းနေတာဖြစ်မှာပေါ့"

သူတို့နှစ်ယောက်သား ဒူးတွေတဆတ်ဆတ်တုန်ရင်း နေရာမှာပင် မရွေ့နိုင်ဘဲ စောင့်ဆိုင်းနေမိကြသည်။ ဟယ်ရီက တိုးတိုးလေးမေးလိုက်သည်။

"အဲဒီကောင်ကြီး ထွက်သွားပြီထင်လား. . ."

"မထင်. . ."

ထိုစဉ် သူတို့၏ ညာဘက်ဆီမှ အလင်းတန်းကြီးတစ်ခု ဝုန်းခနဲထွက်ပေါ်လာသည်။ တောက်ပလွန်းသောကြောင့် သူတို့နှစ်ယောက်စလုံး မျက်စိများကို လက်ဖြင့်အုပ်ကွယ်လိုက်ရသည်။ ဖန်းင်ကမူ စူးစူးဝါးဝါး ထိုးဟောင်ရင်း ထွက်ပြေးဖို့ကြိုးစားသေးသည်။ သို့သော် လိမ်ရှုပ်နေသော ဆူးခြုံပေါ်သို့ကျသွားရာ တကိန်ကိန်ငြီးသွားရတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်ရီ"

ရွန်က အသံကုန်အော်လိုက်သည်။ သူ့အသံက မြန်နေ၏။

"ဟယ်ရီရေ. . အဲဒါ ငါတို့ရဲ့ ကားကြီးကွ. . ."

"ဘာ. . ."

"လာကြည့်"

ရွန်က ကားမီးအလင်းရောင်ရှိရာဆီသို့ ပြေးထွက်သွားရာ ဟယ်ရီကလည်း အလဲလဲအပြိုပြိုဖြင့် ပြေးလိုက်သွား၏။ ခဏချင်းမှာပင် အလင်းရောင်ထဲ၌ သူ နှစ်ယောက် ဘွားဘွားကြီး ရပ်မိကြတော့သည်။

မစ္စတာ ဝီစလေ၏ ကားကြီးသည် ထူထပ်သော သစ်ပင်များဝန်းရံထားသည့် အလယ်တွင် မောင်းမည့်သူမရှိဘဲ ထီးတည်းရပ်နေ၏။ ရှေ့မီးသီးနှစ်လုံးက ထိ ဝင်းတောက်နေသည်။ ရွန်က ပါးစပ်အဟောင်းသားဟရင်းက ကားဆီသို့လျှော သွားသည့်အခါ ကားကြီးကလည်း အိမ်စောင့်ခွေးကြီးတစ်ကောင်က သူ့သခင် ဆီးကြိုနှုတ်ဆက်ရန်လာသည့်နှယ် ဖြည်းညှင်းစွာဖြင့် ရှေ့သို့တိုးလာသည်။

ရွန်က ကားပတ်ပတ်လည်ကို လျှောက်ကြည့်ရင်း. . .

"ဒီကားက တစ်ချိန်လုံး တောအုပ်ထဲမှာပဲ ရှိနေတာကိုး၊ ကြည့်လေ တောစိတ်ဝင်ပြီး နည်းနည်းတောင် ရိုင်းချင်သလိုဖြစ်နေပြီ"

ကား၏နောက်ကြည့်မှန်များသည် ပွန်းရာခြစ်ရာ ဗလပွနှင့် ဖြစ်နေပြီး များပေကျံနေ၏။ ကားသည် တောထဲတွင် သူ့ဖာသာသူ သွားချင်သည့်နေရာ လျှောက်လိမ့်နေပုံရပါသည်။ ခွေးကြီးဖန်းင်ကမူ ဟယ်ရီအနားမှမခွါ၊ တစ်ကိုယ် လည်း တုန်ယင်နေလေ၏။ အသက်ရှူသံကမူ ပြန်လည်နှေးကွေးလာပြီဖြစ်သည် ဟယ်ရီက ဆေးတောင်ဝှေးကို ဝတ်ရုံထဲသို့ ပြန်ထိုးထည့်လိုက်၏။ ရွန်က ကား လိုက်ရင်း. . .



"ငါတို့က တို့ကိုရန်ပြုမယ်အောက်မေ့လို့. . ။ ဒီကားကြီးဘယ်ကိုလျှောက် သွားနေခဲ့တာပါလိမ့်"

ဟယ်ရီက မြေပြင်ပေါ်သို့ မျက်စိစွေကြည့်လိုက်သည်။ စောစောကထက် ပိုများသော ပင့်ကူတွေကို တွေ့လိုက်ရ၏။ ပင့်ကူများသည် ကားရှေ့မီးအလင်း ရောင်နှင့် ဝေးရာဆီသို့ အပြေးအလွှားထွက်ခွါနေကြလေသည်။ ဟယ်ရီက. . .

"ငါတို့ မျက်ခြေပြတ်သွားပြန်ပြီကွ၊ လာ. . ဆက်လိုက်ကြရအောင်"

ရွန်က စကားပြန်မပြောနိုင်၊ လှုပ်လည်းမလှုပ်။ သူ့မျက်လုံးတွေက ဟယ်ရီ ကိုကျော်၍ ဟယ်ရီနောက်ဘက်တည့်တည့် ဆယ်ပေခန့်မြင့်သော တစ်နေရာကို စိုက်ကြည့်နေသည်။ သူ့မျက်နှာက ကြောက်ရွံ့ထိတ်လန့်မှုဖြင့် ကြက်သေသေလျှက် သားရှိ၏။

ဟယ်ရီလှည့်ကြည့်ဖို့ပင် အချိန်မရလိုက်တော့ပေ။ ဖြောင်းခနဲအသံကြီးတစ် သံကို ကြားလိုက်ရသည်။ အမွေးအမျှင် ထူထပ်ရှည်လျားသော တစ်စုံတစ်ရာက သူ့ခါးကို ရစ်ပတ်ကာ ဆွဲယူကိုင်မြှောက်ထားခြင်းခံလိုက်ရသည်။

သူလေထဲတွင် ဇောက်ထိုးကြီး တွဲလောင်းဖြစ်နေ၏။ ကြောက်ကြောက်ရွံ့ ရွံ့ဖြင့် ရုန်းကန်နေရင်းမှာပင် ရွန်သည်လည်း သူ့လိုပင် ရစ်ပတ်ကိုင်မြှောက်ထား ခြင်းခံလိုက်ရသည်ကို တွေ့လိုက်ရတော့၏။ ထိုအနေအထားဖြင့်ပင် သူတို့နှစ် ယောက်စလုံး တောထဲသို့ချီမြှောက်သယ်ယူသွားခြင်းခံလိုက်ရသည်။ အမဲလိုက်ခွေး ကြီးဖန်းင်၏ အော်သံက တကိန်ကိန်ဖြင့်. . .

ဇောက်ထိုးအနေအထားဖြင့်ပင် ဟယ်ရီမြင်လိုက်ရသည်မှာ သူ့ကိုယူဆော သွားသော သတ္တဝါကြီးသည် အမွေးအမျှင် ထူထပ်၍ရှည်လျားသော ခြေထောက် ခြောက်ချောင်းပါရှိပြီး လက်မကြီးနှစ်ချောင်းက မည်းနက်တောက်ပြောင်နေသည် သူ့နောက်ဘက်တွင် နောက်ထပ်သတ္တဝါကြီးတစ်ကောင်ပါလာသေးကြောင်း အသံကြားရ၏။ ရွန့်ကိုချီလာသော အကောင်ပင်ဖြစ်မည်မှာ မလွဲပေ။

www.burmeseclassic.com



သူတို့သည် တောအုပ်အလယ်ဗဟိုဆီသို့ တစ်ဖြည်းဖြည်းနီးကပ်လာကြ၏။ အမဲလိုက်ခွေးကြီး ဖန်းင်ကို ချီလာသောတတိယသတ္တဝါတစ်ကောင်ရှိသေးကြောင်း ဟယ်ရီကြားလိုက်ရသည်။ ဖန်းင်က ရုန်းရင်းကန်ရင်း စီစီလောင်လောင်ဟောင်နေ၏။

ဟယ်ရီက လှမ်းအော်လိုက်ချင်သော်လည်း အသံထွက်မလာ။ သူ့အသံသည် မော်တော်ကားနှင့်အတူ မြေကွက်လပ်ထဲတွင် ကျန်ခဲ့ပြီဟု အောက်မေ့ရ၏။

သတ္တဝါကြီး၏လက်ထဲတွင် အဖမ်းခံထားရသည်မှာ မည်မျှကြာသွားမှန်းသူ မသိလိုက်။ သူသတိထားမိလိုက်သည့်အချိန်တွင် အလင်းရောင်က သစ်ရွက်များ ပြန့် ကျဲနေသော မြေပြင်ကိုမြင်ရလောက်အောင် မှုန်ပျပျလင်းလျှက်ရှိသည်။ သူတို့ ဘေးပတ်ပတ်လည်တွင် ပင့်ကူများကစိုင်းလျှက်. . .။

ခေါင်းထောင်ကြည့်လိုက်သောအခါ သူတို့သည် ဧရာမတွင်းနက်ကြီးတစ်ခု၏ နှုတ်ခမ်းဝသို့ ရောက်နေကြောင်း တွေ့လိုက်ရ၏။ သစ်ပင်မရှိဘဲ ရှင်းလင်းနေသော တွင်းကြီးဖြစ်သည်။ ထို့ကြောင့် ကြယ်များ၏ အလင်းရောင်ဖြင့် သူ့ဘဝတစ်သက်တာတွင် အဆိုးဝါးဆုံးမြင်ကွင်းကို ဟယ်ရီ မြင်လိုက်ရလေသည်။

ပင့်ကူများ. .။ သစ်ရွက်ကြွေပေါ် တလိပ်လိပ်နင်း၍ တက်လာနေသောပင့်ကူများမှာ နည်းနည်းနောနော အကောင်ကြီးများမဟုတ်။ ခြောက်ပေခန့်မြင့်မားပြီး မျက်လုံးရှစ်လုံး၊ ခြေထောက်ရှစ်ချောင်းနှင့် အမွေးအမျှင်ထူထပ်သော ဧရာမ အကောင်ကြီးများပင်ဖြစ်သည်။

ဟယ်ရီကိုသယ်ဆောင်လာသော အကောင်ကြီးက တွင်း၏အလယ်တွင်ရှိသော ပင့်ကူအိမ်ဗဟိုချက်ဆီသို့ တစ်ရွေ့ရွေ့ဆင်းသွားသည်။ နံဘေးမှ သူ့အဖော် ပင့်ကူများကလည်း စားတော့ဝါးတော့မည့် ပုံစံမျိုးဖြင့် လက်မကြီးများကို ဖွင့်ချည် စိတ်ချည်လုပ်ရင်း ဝိုင်းအုံလာကြသည်။



ပင့်ကူကြီးက ရစ်ပတ်ထားရာမှ ဖြေချလိုက်သောကြောင့် ဟယ်ရီတစ်ယောက် မြေပြင်ပေါ်သို့ ခြေပစ်လက်ပစ်ကျသွားသည်။ ရွန်နှင့်ဖန်းင်တို့လည်း သူ့နားသို့ ဘုတ်ခနဲ၊ ဘုတ်ခနဲ ပြုတ်ကျလာသည်ကို ကြားလိုက်ရ၏။ ဖန်းင်ခမျာ ဟောင်ပင်မဟောင်နိုင်ရှာတော့။ နေရာတွင်ပင် အမြီးကလေး ကုပ်နေရတော့၏။ ရွန်ကလည်း ဟယ်ရီလိုပင် ခံစားရပုံပေါ်နေသည်။ မျက်လုံးများက ရီဝေလျှက် ပါးစပ်ကလည်း အဟောင်းသားပွင့်နေပြီး အသံတိတ်အော်ဟစ်နေသလိုမျိုး. . .။

ရုတ်တရက်ဆိုသလို သူ့ကိုပစ်ချလိုက်သော ပင့်ကူကြီးက တစ်စုံတစ်ရာ ပြောနေမှန်း ဟယ်ရီနားလည်လိုက်၏။ တကယ်ဆိုလျှင် ပြောသည်ဟုပင် သုံးနှုန်းရန်ခဲယဉ်းပါသည်။ ပင့်ကူကြီးက သူပြောလိုသောစကားများကို လက်မကြီး ဖွင့်ချည် စိတ်ချည်လုပ်ခြင်းဖြင့် အသံထွက်လာစေခြင်းဖြစ်သည်။

ထိုသတ္တဝါကြီးက အော်ခေါ်လိုက်သည်။

"အာရဂေါ့. . . အာရဂေါ့"

မှုန်ရီရိုးတဝါးဖြစ်နေသည့် ပင့်ကူအိမ်ဗဟိုချက်ဆီမှ ခပ်သေးသေး ဆင်တစ်ကောင်၏အရွယ်အစားလောက်ရှိသော ပင့်ကူကြီးတစ်ကောင် တရွေ့ရွေ့ထွက်လာသည်။ အနက်ရောင်ခန္ဓာကိုယ်နှင့် ခြေထောက်များပေါ်တွင် မီးခိုးရောင်သမ်းနေသည်။ အလွန်တရာအရုပ်ဆိုးလှသော လက်မကြီးနှစ်ချောင်းထွက်နေကာ ဦးခေါင်းထက်ရှိ မျက်လုံးအစုံတို့ကား နို့နှစ်ရောင်ဖြူဖြူဆွတ်ဆွတ်. . .။

ပင့်ကူ ကေရာဇ်ကား မျက်စိကွယ်နေသူတည်း ။

"ဘာလဲဟေ့. . ."

ဟု ပင့်ကူကေရာဇ်က မေးလိုက်သည်။ ဟယ်ရီကို ဖမ်းလာသည့်ပင့်ကူကြီးက လက်မများကို ဖွင့်ချည်ပိတ်ချည်လုပ်ပြီး ပြန်ဖြေလိုက်၏။

"လူ"

www.burmeseclassic.com

www.burmeseclassic.com



"ဟက်ဂရစ်လားကွ"

ပင့်ကူဧကရာဇ်က ရှေ့သို့တိုးလာရင်း မေးလိုက်သည်။ ရွှန့်ကိုဖမ်းလာသော ပင့်ကူကြီးက လက်မများကိုဖွင့်ချည်ပိတ်ချည်လုပ်၍. . .

"မျက်နှာစိမ်းတွေပါ"

ပင့်ကူဧကရာဇ်က. . .

"သတ်ပစ်လိုက်ကွာ၊ ငါအိပ်တော့မလို့"

"ကျွန်တော်တို့က ဟက်ဂရစ်ရဲ့ မိတ်ဆွေတွေပါ"

ဟု ဟယ်ရီက အော်ပြောလိုက်သည်။ သူ့နှလုံးသားသည် ရင်ဘတ်ထဲ လည်ချောင်းဝဆီ ခုန်တက်လာသည်ဟုပင် ထင်ရ၏။

တွင်းပတ်ပတ်လည်ရှိ ပင့်ကူများထံမှ လက်မကိုဖွင့်ချည်ပိတ်ချည်လုပ်ပြီး စကားပြောသံများ ဆူညံသွားသည်။ ပင့်ကူဧကရာဇ်က အားလုံးကို တိတ်ခိုင်းလိုက်၏။ ထို့နောက်. . .

"ဟက်ဂရစ်ဟာ အရင်တုန်းက ငါတို့တွင်းဆီကို ဘယ်သူ့ကိုမှလွှတ်လေ့မရှိ ဘူး"

"ဟက်ဂရစ်ဒုက္ခရောက်နေပါတယ်၊ အဲဒါကြောင့် ကျွန်တော်တို့လာခဲ့တာပါ"

ဟယ်ရီက အသက်ကို မနားတမ်းရှူရင်း ပြောလိုက်၏။

"ဒုက္ခရောက်နေတယ် ဟုတ်လား၊ ဒါပေမယ့် သူကဘာဖြစ်လို့ မင်းကိုလွှတ်လိုက် တာလဲ"

ဟု ပင့်ကူအိုကြီးတစ်ကောင်က ပြောလိုက်၏။

ဟယ်ရီက မတ်တပ်ထရပ်ရန်စဉ်းစားလိုက်ပြီးမှ ထိုစိတ်ကူးကို ပယ်ဖျက်လိုက်၏။ သူ့ခြေထောက်များက ခန္ဓာကိုယ်အလေးချိန်ကို ထမ်းနိုင်လိမ့်မည်မဟုတ်မှန်း တွေးမိသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ခမြေပြင်ပေါ်မှပင် အတတ်နိုင်ဆုံး တည်ငြိမ်အောင်ကြိုးစားရင်း. . .



"ကျောင်းကလူတွေက ဟက်ဂရစ်ဟာ ကျောင်းသားတွေကို ဟိုဒင်း၊ အဲ. . တစ်ခုခုလုပ်တယ်လို့ မှတ်ထင်နေကြတယ်၊ သူ့ကို အက်ဇကာဘန်အကျဉ်းထောင်ကို ပို့ဖို့ဖမ်းခေါ်သွားကြပြီ"

ပင့်ကူဧကရာဇ်က ဒေါသတကြီးဖြင့် သူ့လက်မကြီးကို ဖြောင်းခနဲပိတ်လိုက်ပြီး ပတ်ပတ်လည်တွင် ဝိုင်းအုံနေကြသော ပင့်ကူများထံမှလည်း တစ်ဖြောင်းဖြောင်း အသံများထွက်ပေါ်လာသဖြင့် တွင်းတစ်ခုလုံး ပွဲတင်ထပ်သွားတော့သည်။ ဟယ်ရီ ကျောချမ်းသွားမိသည်။ ပင့်ကူဧကရာဇ်က. . .

"ဒါပေမယ့် အဲသည်အဖြစ်ဟာ ကြာလှပြီမဟုတ်လား၊ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်း များစွာတုန်းကကိစ္စပဲလေ၊ ငါကောင်းကောင်းကြီး မှတ်မိတာပေါ့၊ ဒါကြောင့်ပဲ သူတို့က ဟက်ဂရစ်ကို ကျောင်းထုတ်ခဲ့ကြတာမဟုတ်လား. . .၊

သူတို့က မိန်းကလေးအိမ်သာခန်းဆောင်လို့ခေါ်တဲ့ နေရာမှာ ပုန်းအောင်းနေတဲ့ သတ္တဝါကြီးဟာ ငါပဲလို့ အထင်မှားခဲ့ကြတယ်။ နောက်ပြီး ဟက်ဂရစ်က အဲဒီမိန်းကလေးအိမ်သာခန်းဆောင်ကို ဖွင့်ပြီး ငါ့ကိုလွှတ်ပေးခဲ့တာလို့ စွပ်စွဲခဲ့ကြတာပေါ့"

"ဒါဆို ခင်ဗျား. . . ခင်ဗျားက မိန်းကလေးအိမ်သာခန်းဆောင်ထဲက ထွက်လာတာ မဟုတ်ဘူးပေါ့"

ပြောရင်းနှင့် ဟယ်ရီ့နဖူးမှ ချွေးစေးများပင်ထွက်လာ၏။ ပင့်ကူဧကရာဇ်က ဒေါသအမျက်ချောင်းချောင်းထွက်လျက်. . .

"ဘာ. . . ငါ ဟုတ်လား၊ ငါက ဟော့ဝပ်ရဲတိုက်ကြီးမှာ မွေးတဲ့ကောင် မဟုတ်ဘူး၊ ငါ့ဇာတိက ဟိုးရေခြားမြေခြားကလာတာ၊ ငါအကောင်မပေါက်ခင် ဥဘဝမှာရှိနေတုန်း ဟက်ဂရစ်ကို ခရီးသည်တစ်ယောက်က လက်ဆောင်ပေးခဲ့တာပေါ့၊ အဲဒီတုန်းက ဟက်ဂရစ်ဟာ ချာတိတ်ပဲရှိသေးတယ်၊ သူကငါ့ကို ရဲတိုက်ထဲက ဗီရိုတစ်လုံးထဲမှာ ဖွက်ထားပြီး ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဟက်ဂရစ်ဟာ ငါ့ရဲ့မိတ်ဆွေကောင်းပါကွာ၊ တကယ် မွန်မြတ်တဲ့ ဟိုလူတွေ ငါ့ကိုတွေ့သွားပြီး ကျောင်းသူတစ်ယောက်ကို သတ်တဲ့တရားခံဟာ လို့ ဝိုင်းစွပ်စွဲကြတော့ ဟက်ဂရစ်က ငါ့ဘက်ကနေ မားမားရပ်ပြီး ကာကွယ် တယ်၊ အဲဒီကတည်းက ငါလည်း ရဲတိုက်ကနေထွက်ပြေးလာပြီး ဟောသည် အုပ်ကြီးထဲမှာ လာနေခဲ့ရတာပဲကွ။ တစ်ခါတစ်လေ ဟက်ဂရစ် ဒီကိုလာလည် ရှိတယ်။ ငါ့မိန်းမ မိုးဇက်ကိုတောင် သူမြင်ဖူးသေးတယ်။ ဟော ကြည့်စမ်း ငါတို့ပင့်ကူမိသားစုတွေ ဘယ်လောက်များများ တိုးပွားစည်ပင်နေပြီလဲဆိုတာ အားလုံးဟာ ဟက်ဂရစ်ရဲ့ ကျေးဇူးတွေကြောင့်ပေါ့ကွာ. . ."

ဟယ်ရီက လက်ကျန်သတ္တိလေးဖြင့်. . .

"ဒါဆိုခင်ဗျားက ဘယ်သူ့. . ဘယ်သူ့ကိုမှ မသတ်ဖြစ်ခဲ့ဘူးပေါ့"

ပင့်ကူအိုကြီးက. . .

"ဘယ်တုန်းကမှ မလုပ်ဖူးဘူး၊ အဲဒါ ဟက်ဂရစ်ကို လေးစားလို့. .။ အ ခံရတဲ့မိန်းကလေးရဲ့အလောင်းကို ရေချိုးခန်းအိမ်သာထဲမှာ တွေ့တာတဲ့၊ အဲဒီ ခန်းဆိုတာကလည်း ငါမမြင်ဖူးပါဘူးကွာ၊ ရဲတိုက်ထဲက တစ်ခြားဘယ်နေရာ လည်း ငါမရောက်ဖူးပါဘူး၊ ငါ့ဗီရိုလေးထဲမှာပဲ ငါနေနေတာ၊ ငါတို့ပင့်ကူဆိုတဲ့ က အမှောင်နဲ့တိတ်ဆိတ်မှုကို ကြိုက်တာကိုး. . ."

ဟယ်ရီက. . .

"ဒါဖြင့် အဲသည်မိန်းကလေးကိုသတ်တဲ့ တရားခံဘယ်သူလဲဆိုတာ ဗျားသိလား၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီသတ္တဝါကြီး အခုပြန်ပေါ်လာပြန်ပြီ၊ လူ ကို သတ်နေပြန်. . ."

ကျယ်လောင်သော လက်မဖွင့်ပိတ်သံများ၊ ပင့်ကူခြေထောက်တို့ ခေါ ကြီးပွတ်တိုက်ရွေ့လျားလိုက်သံများကြောင့် ဟယ်ရီစကားအဆုံးသတ်သည်



ပျောက်ကွယ်သွား၏။ ရောမအရိပ်မည်းကြီးတွေ သူ့ပတ်ပတ်လည်တွင် ဝိုင်းအုံလာကြသည်။

ပင့်ကူ ဧကရာဇ်ကြီး အာရဂေါ့က. . .

"ရဲတိုက်ထဲမှာနေတဲ့ အဲသည်သတ္တဝါကြီးက ငါတို့ပင့်ကူတွေအကြောက်ရဆုံး ရှေးဟောင်းသတ္တဝါကြီးပဲ၊ ငါမှတ်မိသေးတယ်။ ငါ အဲဒီမှာနေတုန်းက အဲသည်သတ္တဝါကြီးကျောင်းထဲမှာ သွားလာနေတာ ငါ့အာရုံထဲမှာ သိနေတယ်၊ ငါမနေရဲလို့ ဝေးဝေးကိုပြေးပါရစေလို့ ဟက်ဂရစ်ကိုတောင် ငါတောင်းပန်ခဲ့သေးတယ်"

"အဲဒါ ဘာကောင်ကြီးလဲ"

ဟယ်ရီက အလောတကြီး မေးလိုက်၏။ သူ့နဘေးမှအသံတွေ ပိုကျယ်လာပြီး ပင့်ကူများက တိုးသထက်တိုးကပ်လာကြ၏။ ပင့်ကူဧကရာဇ်က. . .

"ငါမပြောဘူး၊ အဲဒီအကောင်ကြီးကို ငါတို့နာမည်တောင် တပ်မခေါ်ကြဘူး၊ ဟက်ဂရစ်က အဲသည်အကောင်ကြီးရဲ့နာမည်ကို အကြိမ်ကြိမ်မေးခဲ့တာတောင်မှ ငါမပြောပြခဲ့ဘူး"

ဟယ်ရီက အတင်းအကြပ် ထပ်မေးလိုစိတ်မရှိတော့။ ပင့်ကူဧကရာဇ်မှာလည်း စကားပြောရသည်ကို ငြီးငွေ့သွားပုံပေါ်သည်။ သူနေထိုင်ရာ ပင့်ကူအိမ်ဝဟိုချက်ဆီသို့ တရွေ့ရွေ့ ပြန်ဆုတ်သွားသည်။ သို့ရာတွင် ဟယ်ရီနှင့် ရွန်တို့ကို ဝိုင်းထားသည့် ပင့်ကူများမှာမူကား ရှေ့သို့တိုးသထက် တိုးလာကြ၏။

**ဟယ်ရီက စိတ်ပျက်အားလျော့စွာဖြင့် ပင့်ကူဧကရာဇ်ကို လှမ်းနှုတ်ဆက်**လိုက်သည်။

"ဒါဆိုလည်း ကျွန်တော်တို့ သွားတော့မယ်"

"သွားမယ်၊ ဟုတ်လား. . မင်းတို့သွားလို့ မရတော့ဘူးလေ"

"ဗျာ. . . ဘာ. . . ဘာဖြစ်လို့"

www.burmeseclassic.com

www.burmeseclassic.com



"ငါ့သားတွေသမီးတွေက ငါ့အမိန့်ပေးထားလို့ ဟက်ဂရစ်တစ်ယောက်ကိုတော့ ရန်မမူကြပါဘူး၊ ဒါပေမယ့် သူတို့က အသားစားသတ္တဝါတွေလေ၊ ကိုယ့်ဆီကိုဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာတဲ့ သားကောင်ကို မစားဖို့ဆိုတာကျတော့ ငါလည်း တားလို့ ဘယ်ကောင်းပါ့မလဲ၊ ကဲ. . ဂွတ်ဘိုင်"

ဟယ်ရီက ပတ်ပတ်လည်ကို ချောက်ချားစွာဖြင့် ကြည့်လိုက်သည်။ သူ့အားပင့်ကူများက တံတိုင်းခတ်သလို ဝိုင်းရံထား၏။ လက်မကြီးများကလည်း ဖွင့်ချည်ပိတ်ချည်နှင့် အကျည်းတန်သော ဦးခေါင်းမည်းမည်းများပေါ်ရှိ မျက်လုံးတို့ကလည်း သေခြင်းတရား၏အရိပ်အယောင်များ တဖျတ်ဖျတ်တောက်လျှက်. . .။

ဟယ်ရီက သူ့ဆေးတောင်ဝှေးကို ဆွဲထုတ်ရန် ဟန်ပြင်လိုက်၏။ ပင့်ကူတွေက များလွန်းသောကြောင့် သူ့ဆေးတောင်ဝှေးဖြင့် တိုက်ခိုက်လျှင် ထိရောက်မည် မဟုတ်ကြောင်း သူသိပါသည်။ သို့သော် ဟယ်ရီက ကြံ့ကြံ့ခံတိုက်ရင်း အသက်ချင်းလဲပစ်လိုက်မည်ဟု ဆုံးဖြတ်လိုက်သည်။ ထိုအချိန်မှာပင် ကျယ်လောင်သော အသံကြီးတစ်ခုနှင့်အတူ ဝင်းဝင်းတောက်နေသော အလင်းရောင်တန်းတစ်တန်းက တွင်းထဲသို့ ထိုးဆင်းလာလေသည်။

မစ္စတာ ဝီစလေ၏ မော်တော်ကားသည် ရှေ့မီးသီးများကိုဖွင့်လျှက် ဆင်ခြေလျှောအတိုင်း တဟုန်ထိုးဆင်းလာနေ၏။ ဟယ်ရီတို့ကို ဝိုင်းရံထားသော ပင့်ကူများကိုဖြတ်တိုက်သွားရာ ပင့်ကူအများစုမှာ ပက်လက်လန်သွားပြီး ခြေတွေလက်တွေ ယက်ကန်ယက်ကန်နှင့် ဖြစ်နေကြတော့၏။ မော်တော်ကားကြီးသည် ဟယ်ရီနှင့် ရွန်တို့၏ရှေ့တွင် ကျွီခနဲထိုးရပ်လိုက်ရင်း တံခါးများပွင့်သွားသည်။

"ဖန်းင်မြန်မြန်တက်ဟေ့. . ."

ဟယ်ရီက အော်ရင်း ရှေ့ထိုင်ခုံဆီသို့ ဒိုင်ဗင်ထိုးဝင်လိုက်သည်။ ရွန်က အမဲလိုက်ခွေးကြီးကို ခါးလည်မှပွေ့ချီကာ ကားနောက်ခန်းထဲသို့ ပစ်သွင်းလိုက်



သည်။ ကားတံခါးများ ဝုန်းခနဲပိတ်သွားကြ၏။ ရွန်က လီဗာကိုပင်နင်းစရာမလို၊ မော်တော်ကားအင်ဂျင်က သူ့ဖာသာသူ ဝေါခနဲမြည်လျှက် ပင့်ကူများကိုတိုက်ချလိုက်ပြီး ဆင်ခြေလျှောအတိုင်း တဟုန်ထိုးပြန်တက်လာခဲ့သည်။

မကြာခင်မှာပင် သူတို့သည် တောအုပ်ကိုဖြတ်လျှက် တရကြမ်းမောင်းနှင်နေသော ကားပေါ်တွင်ပါသွားကြလေ၏။ သစ်ကိုင်းသစ်ခက်များက ဖြတ်သန်းသွားသည့် ကားပြတင်းပေါက်မှန်များကို တဖျတ်ဖျတ်ရိုက်ခတ်လျှက်။ မော်တော်ကားကတော့ သည်လမ်းကို ကျွမ်းကျွမ်းကျင်ကျင် သွားဖူးနေသည့်အလား ကွေ့လိုက်၊ ဝိုက်လိုက်ဖြင့် သွားနေလေသည်။

ဟယ်ရီက ဘေးဘက်ရှိ ရွန့်ကိုလှည့်ကြည့်လိုက်၏။ ရွန်၏ပါးစပ်က ကြောက်ရွံ့မှုဖြင့် ပွင့်ဟလျှက်သား။ ဟယ်ရီက. . .

"ဟေ့ကောင်. . . မင်းအဆင်ပြေရဲ့လား. . ."

ဟု မေးလိုက်သည့်တိုင် ပြန်မဖြေနိုင်ရှာ။ ရှေ့တည့်တည့်သို့သာ စိုက်ကြည့်လျှက်သားရှိနေသည်။

မော်တော်ကားက သစ်မြစ်ကြီးများပေါ် တရကြမ်းဖြတ်၍မောင်းနှင်နေလေရာ ဟယ်ရီနှင့် ရွန်တို့မှာ မသက်သာလှချေ။ နောက်ခုံတွင်ပါလာသော ဖန်းင်ကလည်း ထထဟောင်၏။ ကြီးမားသော ဝက်သစ်ချပင်ကြီးတစ်ပင်ကို ပွတ်တိုက်ပြီးဖြတ်သွားစဉ် ကားနောက်ကြည့်မှန်တစ်ချပ် စုတ်ပြတ်သွားသည်ကို မြင်လိုက်ရ၏။ ဆယ်မိနစ်ခန့် တဝုန်းဝုန်းတဒိုင်းဒိုင်း စီးခဲ့ပြီးသောအခါ တောအုပ်က တဖြည်းဖြည်း ကျဲပါးလာသည်။ ကြယ်တွေစုံသော ကောင်းကင်ကိုပင် တစ်ဖန်ပြန်၍မြင်ရပြန်လေပြီ။

ကားက တုံ့ခနဲထိုးရပ်လိုက်သောကြောင့် လေကာမှန်နှင့်သူတို့ နဖူးဆောင့်မိတော့မလိုဖြစ်သွား၏။ သူတို့တောအုပ်အစပ်သို့ ရောက်နေကြပြီဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီက တံခါးကို ဖွင့်လိုက်သည်နှင့် တစ်ပြိုင်နက် အမဲလိုက်ခွေးကြီး ဖန်းင်ထ ငိုးခနဲခုန်ထွက်လာပြီး ဟက်ဂရစ်၏တဲဆီသို့တန်း၍ အမြီးကုပ်ကာ ပြေးလေတော့သည်။ ဟယ်ရီနှင့်ရွန်တို့မှာလည်း အတော်ကြာသည်အထိ စကားမပြောနိုင်ကြ။ အသက်နှင့်ကိုယ်မြဲနေပါသေးရဲ့လားဟုပင် ကိုယ့်ကိုယ်ကို သံသယဖြစ်မိသည်။

သူတို့ကားပေါ်မှ ဆင်းလိုက်ကြသည်။ ဟယ်ရီက ကားကိုမြတ်နိုးယုယစွာဖြင့် ဖွဖွကလေးပုတ်လိုက်၏။ မော်တော်ကားက တောအုပ်ထဲသို့ တရွေ့ရွေ့ပြန်ဝင်သွားပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

ဟယ်ရီက ကိုယ်ပျောက်ဝတ်ရုံကိုပြန်ယူရန် တဲထဲသို့ဝင်ခဲ့၏။ အမဲလိုက်ခွေးကြီးဖန်းင်က ခြုံထားသောစောင်အောက်တွင် တဆတ်ဆတ်တုန်နေသည်။ ဟယ်ရီပြန်ထွက်လာသောအခါ ပွစိပွစိလုပ်နေသောရွန့်ကိုတွေ့ရ၏။ ရွန်က သူ့ပါးစပ်ကို အကျႌလက်ဖြင့် သုတ်လိုက်ရင်း. . .

“ တော်တော်ဟုတ်တဲ့ ဟက်ဂရစ်၊ သူပြောတော့ ပင့်ကူတွေနောက်ကို လိုက်ကြည့်တဲ့၊ ဟင်း. . . သူ့ကိုငါဘယ်တော့မှ ခွင့်မလွှတ်ဘူး၊ ကံကောင်းလို့ငါတို့ အသက်နဲ့ကိုယ် အိုးစားမကွဲတာ”

ဟယ်ရီက. . .

“သူ့စိတ်ထဲမှာတော့ ပင့်ကူဧကရာဇ်ကြီးက သူ့သူငယ်ချင်းတွေကို အန္တရာယ်ပေးမှာမဟုတ်ဘူးလို့ ထင်နေလားမှမသိတာ”

“ဟက်ဂရစ်ရဲ့ ဒုက္ခအိုးကြီးက အဲဒါပဲကွ၊ သူက အဲသည့်အသုံးမကျတဲ့ သတ္တဝါကြီးတွေကို အိမ်မွေးတိရစ္ဆာန်လေးတွေလို ထင်နေတာကိုး. . .၊ အဲသည်အချက်ကပဲ သူ့ကိုထောင်ထဲရောက်အောင်ပို့လိုက်တာမဟုတ်လား၊ ဒါတင်မကသေးဘူး၊ ငါတို့ကိုပါ သေတွင်းပို့လိုက်သေးတယ်၊ ကဲ. . . အခုငါတို့သွားတော့ရော ဘာအကျိုးအမြတ်ရသလဲ”

ဟယ်ရီက ရွန့်ပေါ်သို့ ကိုယ်ပျောက်ဝတ်ရုံကို ခြုံပေးလိုက်ရင်း. . .



“ငါတို့သိလာရတာကတော့ ဟက်ဂရစ်ဟာ မိစ္ဆာခန်းဆောင်ကို လုံးဝမဖွင့်ခဲ့ဘူးဆိုတဲ့အချက်ပဲ၊ သူဟာ အပြစ်ကင်းစင်ပါတယ်ကွာ”

နောက်ဆုံး၌ သူတို့ဂရစ်ဖင်ဒေါ စုပေါင်းနားနေခန်းသို့ ပြန်ရောက်လာသောအခါတွင် မီးလင်းဖိုမှ မီးတောက်သည် ပြာအတိကျလုနီးနီးရှိနေလေပြီ။ သူတို့ဝတ်ရုံကိုချွတ်လိုက်ပြီး အိပ်ဆောင်ရှိရာဆီသို့ တက်ခဲ့၏။ ရွန်ကအဝတ်အစားကိုပင် မလဲနိုင်သေးဘဲ အိပ်ရာပေါ်သို့ ပစ်လှဲချလိုက်သည်။ ဟယ်ရီကတော့ အိပ်မပျော်နိုင်သေးဘဲ ပင့်ကူဧကရာဇ်ကြီးပြောလိုက်သည့် အကြောင်းအရာများကို လေးလေးနက်နက်စဉ်းစားနေမိသည်။

ဒီတိုင်းဆိုလျှင် မိစ္ဆာသတ္တဝါကြီးသည် ရဲတိုက်၏တစ်နေရာရာတွင် ပုန်းအောင်းလျှက်ပင်ရှိနေပေလိမ့်မည်။ ဗိုဒီမော့ကို နာမည်တပ်မခေါ်ရဲကြသလိုပင် တိရစ္ဆာန်လောကမှာလည်း အချင်းချင်းနာမည် တပ်မခေါ်ရဲသောသတ္တဝါမျိုး ရှိနေပါသေးလားဟု သူတွေးမိ၏။

ယခုချိန်ထိတော့ သူရောရွန်ပါ ထိုသတ္တဝါကြီးကို ဖော်ထုတ်ဖို့လမ်းစမတွေ့သေး။ ဆေးရုံပေါ်ရှိ ကံဆိုးရှာသူများကို ထိုသို့တောင့်တောင့်ကြီးဖြစ်နေအောင် ဘယ်လိုနည်းဖြင့် လုပ်သွားခဲ့သည်ကိုလည်းမသိရသေး။ မိစ္ဆာခန်းဆောင်ထဲတွင် ဘာရှိသည်ကို ဟက်ဂရစ်ကိုယ်တိုင်တောင်မှ သိမသွားခဲ့ရပေ။

ဟယ်ရီက သူ၏ကုတင်ပေါ်သို့ ခြေထောက်များ လွှဲတင်လိုက်ပြီး ခေါင်းအုံးကိုကျောဖြင့်မှီကာ သာနေသောလမင်းကို ရဲတိုက်ပြတင်းပေါက်မှတဆင့် ကြည့်နေမိသည်။

သူတို့တတ်နိုင်သည့် နည်းလမ်းကုန်ပြီဟု ဟယ်ရီတွေးလိုက်၏။ သူတို့ကြိုးစားခဲ့သမျှ နည်းလမ်းအားလုံးသည် အဖြေရှာမတွေ့ဘဲ အဆုံးသတ်သွားခဲ့ရသည်။ တွမ်ရစ်ဒယ်ကလည်း ဟက်ဂရစ်ကို လူမှားပြီးဖမ်းခဲ့သည်။ စလီသရင်၏ အမွေခံမှာလည်း လွတ်နေဆဲရှိသေး၏။ ယခင်တုန်းက မိစ္ဆာခန်းဆောင်ကို ဖွင့်ခဲ့သူနှင့် ယခု

www.burmeseclassic.com

www.burmeseclassic.com



ဖွင့်သောသူတို့မှာ တစ်ယောက်စီလား၊ သို့မဟုတ် တစ်ယောက်တည်းပဲလားဆိုသည်ကို မည်သူမှမပြောနိုင်။ မေးရမည့်လူလည်းမရှိ။ ပင့်ကူကေရာဇ်၏စကားများထို တွေးရင်း ဟယ်ရီလှဲချလိုက်သည်။

ဟယ်ရီ ငိုက်မြည်းလာသည်။ အဲသည့်အချိန်မှာပင် သူတို့အတွက်နောက်ဆုံး မျှော်လင့်ချက်ကလေးတစ်ခုသည် အာရုံထဲ၌ ဘွားခနဲပေါ်လာ၏။ သူဖြုန်းခနဲ ထထိုင်လိုက်၏။

"ရွန်"

သူက မှောင်ထဲမှာပင် ရွန့်ကိုလေသံအုပ်အုပ်ဖြင့် လှမ်းနှိုးလိုက်သည်။

"ဟေ့ကောင်. . . ရွန်"

ရွန်က ညည်းသံတစ်ချက်ပြုရင်း နိုးလာသည်။ ဟယ်ရီ့ကို အိပ်ချင်မူးတူးဖြင့် လှမ်းကြည့်၏။

"ဟေ့ကောင်ရွန်. . ဟိုအသတ်ခံလိုက်ရတယ်ဆိုတဲ့ မိန်းကလေးဟာလေ ပင့်ကူကေရာဇ်ပြောတော့ အဲသည်မိန်းကလေးရဲ့ အလောင်းကိုရေချိုးခန်းထဲမှာ တွေ့ရတာဆိုပဲ၊ တကယ်လို့များ သေသွားတဲ့မိန်းကလေးရဲ့ ဝိဉာဉ်ဟာ ဘယ်ကိုမှ ထွက်မသွားဘဲ အဲဒီမှာပဲ ရှိနေမယ်ဆိုရင် အဲဒီမိန်းကလေးဟာ ခုချိန်ထိ ရေချိုးခန်းထဲမှာ သူရဲတစ္ဆေဖြစ်နေဦးမယ်ဆိုရင်. . ."

ရွန်က သူ့မျက်လုံးများကို ပွတ်သပ်လိုက်၏။ မျက်မှောင်ကြုံ့ထားစဉ် လရောင်က မျက်နှာကိုထိုးကျနေသည်။ သည့်နောက်တော့ ဟယ်ရီဘာဆိုလိုသည်ကို သူသဘောပေါက်သွား၏။

"အဲဒါ ငိုချင်းသည်သရဲမ မာရတယ်"

# အခန်း (၁၆)

## မိစ္ဆာခန်းဆောင်

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် နံနက်စာစားရင်း ရွန်က. . .

"ငါတို့ ရေချိုးခန်းထဲသွားတဲ့အချိန်တိုင်း အဲဒီသရဲမက ဟိုးဘက်အိမ်သာသုံးခန်းကျော်လောက်မှာနေတာကွ၊ ငါတို့စောစောကတည်းက သူ့ကိုမေးခဲ့ဖို့ကောင်းတာ၊ ခုတော့. . ."

အိမ်သာထဲသို့ဝင်ရမည့်ကိစ္စမှာ ပင့်ကူတွေနောက် ခြေရာကောက်ရသည့်ကိစ္စထက်ပင် ပိုခဲယဉ်းသေးသည်။ အထူးသဖြင့် ဆရာတွေမသိအောင် ဝင်ရမည့်နေရာက မိန်းကလေးအိမ်သာဖြစ်နေသည်။ ထို့ထက်ပိုဆိုးသည်ကား ပထမဦးဆုံးတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ နေရာနှင့်ကပ်လျက် ညာဘက်ဘေးတွင်ရှိသောကြောင့်ဖြစ်နိုင်လောက်အောင်ပင် ခဲယဉ်းနေလေသည်။

သို့ရာတွင် သူတို့၏ ပထမဦးဆုံးဘာသာရပ်ဖြစ်သော ရုပ်သွင်ပြောင်းသင်ခန်းစာသင်ကြားရသည့်အချိန်၌ သူတို့ဦးနှောက်ထဲမှ မိစ္ဆာခန်းဆောင်အကြောင်းကိုမေ့ပျောက်သွားစေနိုင်သည့်ကိစ္စတစ်ခု ပေါ်ပေါက်လာခဲ့လေသည်။ ပရော်ဖက်ဆာမက်ဂွန်နာဂေါက အတန်းတင်စာမေးပွဲများကို နောက်တစ်ပါတ်အကြာ ဇွန်လတစ်ရက်နေ့တွင် စစ်ဆေးမည်ဟု ကြေငြာလိုက်သည်။

www.burmeseclassic.com



ရှေးမတ်ဖင်နီဂန်က အလန့်တကြားဖြင့်. . .

"စာမေးပွဲဟုတ်လား. . . အရေးထဲ စာမေးပွဲကတစ်မျောင့်. . ."

ထိုစဉ် ဟယ်ရီ့နောက်မှ ဝုန်းခနဲအသံကြား၍ လှည့်ကြည့်လိုက်ရာ နယ် ခလောင်းဘော့တွန်၏ ကယောင်ချောက်ချားလုပ်ရပ်ကြောင့် ဆေးတောင်ဝှေး လွတ်ကျလျှက်ရှိပြီး စားပွဲခုံ၏ ခြေထောက်တစ်ချောင်းလည်း ပျောက်ကွယ်နေ ကို တွေ့ရ၏။ ပရော်ဖက်ဆာ မက်ဂွန်နာဂေါက သူမ၏ဆေးတောင်ဝှေးကို ယမ်းလိုက်ပြီး စားပွဲခုံကို အကောင်းအတိုင်းဖြစ်အောင် ပြန်လုပ်လိုက်၏။ ထို့နော ရှေးမတ်ဘက်ကိုလည်းလှည့်ပြီး မျက်မှောင်ကုတ်ကြည့်လိုက်သည်။

ပရော်ဖက်ဆာ မက်ဂွန်နာဂေါက လေသံပြတ်ပြတ်ဖြင့်. . .

"ကျောင်းဖွင့်စကနေ ခုချိန်ထိ မင်းတို့ရထားတဲ့အမှတ်တွေအားလုံးကို မေးပွဲမှာ ပေါင်းထည့်ပေးလိမ့်မယ်။ စာမေးပွဲကို ပုံမှန်အတိုင်းကျင်းပသွားမှာ အတွက်ကြောင့် ပြန်လှန်သင်ခန်းစာတွေကို ပြင်းပြင်းထန်ထန် ကြိုးစားပြီး လု လိမ့်မယ်လို့ ငါယုံကြည်ပါတယ်"

'ပြန်လှန်သင်ခန်းစာ'တဲ့ ! ဟယ်ရီက သည်လိုရုတ်ရုတ်သဲသဲအခြေအနေ တွင် တော်တော်နှင့် စာမေးပွဲစစ်နိုင်လိမ့်ဦးမည်မဟုတ်ဟု ထင်ထားခဲ့သည်။ စာ ခန်းတစ်ခုလုံး မကျေမနပ်ပြောဆိုသံများဖြင့် ပွက်ပွက်ညံသွား၏။ ထို့ကြောင့် ပ ဖက်ဆာမက်ဂွန်နာဂေါက မျက်နှာရှုစ်ခေါက်ချိုးဖြင့်. . .

"ပါမောက္ခကြီး ဒမ်ဘယ်ဒိုးက ညွှန်ကြားသွားတယ်။ တတ်နိုင်သမျှ ပုံမှ အတိုင်းဖြစ်အောင် ကျောင်းရဲ့အခြေအနေကို ထိန်းသိမ်းထားဖို့ပါပဲ။ ဒါကြော ငါ့အနေနဲ့ မင်းတို့ ဒီတစ်နှစ်လုံးစာသင်ကြားခဲ့ပြီးသမျှ ဘယ်လောက်များ တတ်သွားပြီလဲဆိုတာ စစ်ဆေးဖို့လိုတယ်"



ဟယ်ရီက ဖိနပ်တစ်ရံဖြစ်အောင် သူမန်းမှုတ်အသွင်ပြောင်းရမည့် ယုန်ဖြူ လေးနှစ်ကောင်ကို ငုံ့ကြည့်ရင်းတွေးနေလိုက်၏။

'ငါဘယ်လောက်များတတ်နေပြီလဲ၊ ဒီပုံစံနဲ့ စာမေးပွဲဝင်ဖြေလျှင်တော့ စာမေးပွဲခန်းထဲမှာ ငုတ်တုတ်ထိုင်နေရတော့ မှာပဲ'

ရွန်၏မျက်နှာကတော့ မသွားရတောအုပ်ထဲမှာ သွားနေဖို့အမိန့်စီရင်ချက် ချခံထားရသူလိုဖြစ်နေ၏။ သူက ဟယ်ရီ့ကိုဆေးတောင်ဝှေး ကိုင်မြှောက်ပြရင်း မေးလိုက်သည်။

"လာမယ့် စာမေးပွဲကို ဟောသည့်ဆေးတောင်ဝှေးနဲ့ ငါဘယ်လိုဝင်ဖြေရမလဲ ဆိုတာ တွေးသာကြည့်ပါတော့ကွာ"

ရွန်၏ဆေးတောင်ဝှေးက ကျယ်လောင်စွာဖြင့် လေများပင်ချွန်နေလိုက်သေး သည်။

စာမေးပွဲဖြေရန် သုံးရက်ခန့်အလိုတွင် နံနက်စာထမင်းစားပွဲ၌ ပရော်ဖက် ဆာ မက်ဂွန်နာဂေါက ကြေငြာချက်တစ်ခုထုတ်ပြန်သည်။

"ငါ့မှာ သတင်းကောင်းတစ်ခုပြောဖို့ရှိတယ်"

"ပါမောက္ခကြီး ဒမ်ဘယ်ဒိုး ပြန်လာတော့မယ်ထင်တယ်"

ဟု ပျော်ရွှင်စွာဖြင့် အော်ဟစ်လိုက်သံများ ဆူညံသွားကြသည်။ ရေဗင်က လောစားပွဲမှ ကျောင်းသူတစ်ယောက်က. . .

"ဒါဆို စလီသရင်အမွေခံကို ဖမ်းမိသွားလို့နေမှာပေါ့"

ဒိုလီဗာဝုဒ်ကလည်း စိတ်လှုပ်ရှားစွာဖြင့် ထအော်၏။

"ကွစ်ဒစ်ပြိုင်ပွဲတွေ ပြန်ကစားရတော့မယ်ဟေ့"

ပွက်လောရိုက်သံများ ငြိမ်သက်သွားသောအခါတွင် ပရော်ဖက်ဆာ မက်ဂွန် နာဂေါက ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါ့ဆီကို ပရော်ဖက်ဆာ စပရောက်က သတင်းပို့တယ်။ ဆီမီးတောက်
တွာ ဆေးဖော်ဖို့အဆင်သင့်ဖြစ်နေကြပြီတဲ့၊ ဒီညပဲငါတို့ခူးပြီး ပြုစားခံထား
သူတွေကို ပြန်နေကောင်းလာအောင် လုပ်ပေးနိုင်တော့မယ်၊

အဲဒီလူတွေ ပြန်ကောင်းလာရင် အနည်းဆုံးတစ်ယောက်ယောက်က
သူတို့ကိုတိုက်ခိုက်တဲ့သူဟာ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာကို ပြောပြနိုင်မှာ
အဲကြောင့် ဟောသည့်စာသင်နှစ်ဟာ မိစ္ဆာကောင်တရားခံကို ဖမ်းမိပြီးပျော်ရွှင်
နိုင်ချုပ်သွားနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"

လက်ခုပ်သံများ တဖြောင်းဖြောင်း ပေါ်ထွက်လာသည်။ ဟယ်ရီက
သရင်စားပွဲရှိရာဆီသို့ လှမ်းကြည့်လိုက်၏။ လက်ခုပ်တီးသူများထဲတွင် ဒရ
မယ်ဖွိုင်း မပါဝင်သည်ကို တွေ့ရသောအခါ သူအံ့အားမသင့်မိ။ ရွန်က
အပျော်ကြီးပျော်သွားပြီး. . .

"ဟိုသရဲမကိုရှာပြီး မမေးရလည်း ကိစ္စမရှိတော့ဘူး၊ ဟာမီယွန်ပြန်ကော
လာတဲ့အခါကျရင် သူအားလုံးပြောပြမှာပဲ။ ဒါပေမယ့် သူနေပြန်ကောင်းလာ
ချင်းနောက်သုံးရက်အကြာမှာ စာမေးပွဲဖြေရတော့မယ်ဆိုတာသိရင် ရူးများ
မလားမသိဘူး။ သူ့ခုထိ စာတွေမကျက်ရသေးဘူးကွ၊ စာမေးပွဲမပြီးမချင်း သူ့ကို
သေးဘဲ ဒီတိုင်းထားရင် ပိုကောင်းမယ်ထင်တယ်"

ထိုအချိန်မှာပင် ဂျင်းနီရောက်လာပြီး ရွန်၏ဘေးတွင် ဝင်ထိုင်လိုက်
သူမ၏မျက်နှာသည် စိုးရိမ်ကြောက်လန့်ပြီး သောကဖြင့်မွန်းကြပ်နေ၏။ သူ
လက်ချောင်းကလေးများ အချင်းချင်းဆုပ်နယ်နေကြသည်ကို ဟယ်ရီသတိပြု
မိသည်။

ရွန်က ပန်းကန်ထဲသို့ ယာဂုများထပ်ထည့်ရင်း. . .

"ဘာဖြစ်နေတာလဲ"



ဂျင်းနီက ဘာမှပြန်မဖြေ။ ကြောက်ရွံ့ထိတ်လန့်သည့်အကြည့်တစ်ချက်ဖြ
ရစ်ဖင်ဒေါထမင်းစားပွဲကြီးတစ်ခုလုံးကို စုန်ချည်ဆန်ချည်ကြည့်လိုက်၏။ ဂျင်းနီ၏
ကြောက်လန့်နေသောမျက်နှာကိုကြည့်ရင်း ဟယ်ရီတစ်စုံတစ်ယောက်ကို သတိ
လာသည်။ သို့ရာတွင် ဘယ်သူဘယ်ဝါမှန်း သူစဉ်းစား၍မရ၊ ရွန်က သူမကိုကြည့်
ရင်း. . .

"ပြောလေဟာ. . ."

ထိုအချိန်မှာပင် ဂျင်းနီ၏မျက်နှာသည် ဘယ်သူနှင့်သွားတူနေမှန်း ဟယ်
မှတ်ခနဲသိလိုက်၏။ ဒေါ်ဘီ. . .၊ ဂျင်းနီ၏ ကုလားထိုင်ပေါ်တွင် ရှေ့တိုးနောက်
င်လုပ်နေသည့် အမူအရာသည် ပြောခွင့်မရှိသော အကြောင်းအရာကို ဟယ်ရီအ
အတင်းအကြပ်မေးသဖြင့် အဖြေရခက်နေသည့် ဒေါ်ဘီ၏အမူအရာနှင့် တထေ
ည်း တူနေလေသည်။

ဂျင်းနီက ဟယ်ရီ့ကို မကြည့်မိအောင် ကြိုးစားရင်း. . .

"ကျွန်မမှာ ပြောစရာတစ်ခုရှိတယ်"

"ဘာလဲ"

ဂျင်းနီက သူပြောမည့် အကြောင်းအရာအတွက် စကားလုံးရှာမရဘဲ ဖြစ်နေ
ပေါ်သည်။ ရွန်က. . .

"ဘာ. . ."

ဂျင်းနီက သူမ၏ပါးစပ်ကို ဟလိုက်သည်။ သို့ရာတွင် စကားတစ်လုံးမျှထွ
လာ။ ဟယ်ရီက ဂျင်းနီနှင့်ရွန်တို့မှတစ်ပါး သူ့အသံကို မည်သူမျှမကြားရအောင်
ကိုယ်ကိုရှေ့သို့ ကိုင်းညွတ်ရင်း. . .

"မိစ္ဆာခန်းဆောင်နဲ့ ပတ်သက်တဲ့ကိစ္စလား၊ နင်တစ်ခုခုကို မြင်ခဲ့လို့လား

www.burmeseclassic.com



ဒါမှမဟုတ် တစ်ယောက်ယောက်က သဘာဝမကျတာ တစ်ခုခုလုပ်နေတာကို မြင်ခဲ့ရလို့လား. . ."

ဂျင်းနီက စကားပြောရန် အားယူလိုက်၏။ ထိုအချိန်လေးမှာပင် ပါစီဝီစလေက ဘွားခနဲပေါ်လာပြီး. . .

"ဂျင်းနီ. . . စားပြီးပြီဆိုရင်လည်း သွားတော့လေဟာ၊ အဲဒီနေရာမှာ ငါထိုင်မလို့။ ငါကခုမှ ကင်းလှည့်ဂျူတီက ထွက်လာရတာ၊ ဗိုက်ဆာလှပြီ"

ဂျင်းနီက ခါတ်လိုက်ခံလိုက်ရသလိုမျိုး ကုလားထိုင်ပေါ်မှ ဝုန်းခနဲထလိုက်သည်။ ထို့နောက် ပါစီ့ကိုထိတ်လန့်တကြားကြည့်လိုက်ပြီး တစ်ချိုးတည်းလစ်လေတော့သည်။ ရွန်က ဒေါသတကြီးဖြင့် ပါစီ့ကို. . .

"ဘယ်လိုလုပ်လိုက်တာလဲ၊ သူက ငါတို့ကို အရေးကြီးတဲ့ကိစ္စတစ်ခု ပြောပြတော့မလို့ ဥစ္စာ"

ပါစီက လက်ဖက်ရည်ကို မော့သောက်ရင်း တန်းလန်းဖြစ်သွားသောကြောင့် သီးသွား၏။ သူကချောင်းတဟွတ်ဟွတ်ဆိုးရင်း. . .

"ဂျင်းနီက ဘာပြောပြနေတာလဲဟင်"

"အခုမှ မေးတုန်းရှိသေးတယ်။ သူကပြောပြတော့မယ့်ဆဲဆဲလေး. . ."

"ဪ. . . ဒါလား၊ အဲဒီကိစ္စက မိန်းခန်းဆောင်နဲ့ ဘာမှမဆိုင်ပါဘူးကွာ"

ဟု ပါစီက ချက်ချင်းပြောလိုက်၏။

"ဟင်. . . မင်းဘယ်လိုလုပ်သိလဲ"

ဟု ရွန်က မျက်ခုံးများပင့်ရင်း မေးလိုက်ရာ. . .

"အား. . . ဒီလိုကွ၊ ဟိုဥစ္စာ. . . တစ်နေ့က ငါ့ဆီကို ဂျင်းနီလာပြီးတော့ ဘာခေါ်မလဲ. . . သူမြင်တယ်ပေါ့ကွာ၊ အဲ. . ဒါနဲ့ ငါကဘယ်သူ့ကိုမှ လျှောက်



မပြောဖို့မှာလိုက်တယ်၊ အလကားပါကွာ၊ ဘာမှအရေးမကြီးဘူး၊ တကယ်ပြောတာ"

ပါစီတစ်ယောက် သည်လိုကသိကအောက်ဖြစ်နေပုံမျိုး ဟယ်ရီတစ်ခါမှ မမြင်ဖူးချေ။ ရွန်က. . .

"မင်းဘာလုပ်နေတာကို သူမြင်သွားလို့လဲ၊ ဆက်ပြောပါကွ ပါစီရ၊ ငါတို့ မရယ်ပါဘူး"

ပါစီက ပြန်ပြုံးဖော်ပင်မရ။

"ငါ့ကို ဟိုမုန့်တွေလှမ်းလိုက်စမ်းပါ ဟယ်ရီ၊ ငါတော်တော်ဗိုက်ဆာနေပြီ"

●

မနက်ဖြန်ဆိုလျှင် သူတို့၏အကူအညီမပါဘဲ ဒီကိစ္စကြီးတစ်ခုလုံး ပြေလည်သွားတော့မည်ဟု ဟယ်ရီသိနေ၏။ သို့ရာတွင် ငိုချင်းသည်သရဲမ မာရတယ်နှင့် စကားပြောဖို့ အခွင့်အရေးကို (အကြောင်းထူးတစ်ခုခုသိရမည်ဆိုလျှင်) သူလက်မလွှတ်ချင်။

အဲသည်နေ့လည်ခင်းတွင် မှော်ပညာသမိုင်းဘာသာရပ်သင်ကြားရာဆီသို့ သူတို့ကို ပရော်ဖက်ဆာ လော့ဟတ်က စောင့်ကြပ်၍လိုက်ပို့သည်။ ပရော်ဖက်ဆာ လော့ဟတ်သည် မကြာခဏဆိုသလို သူတို့အားဘေးအန္တရာယ်တွေ ကင်းရှင်းသွားပါပြီဟု အကြိမ်ကြိမ်ပြောခဲ့သူဖြစ်၏။ သို့ရာတွင် ယခုသူ့ကိုကြည့်ရသည်မှာ ကျောင်းသားများကို စင်္ကြံဆီသို့ အန္တရာယ်ကင်းကင်းခေါ်ဆောင်သွားနိုင်ရေးကပင်လျှင် သူ့အတွက် ဓရာမဝန်ထုပ်ဝန်ပိုးကြီးတစ်ခုလိုဖြစ်နေ၏။ ခါတိုင်းကဲ့သို့ ဆံပင်များကိုလည်း သပ်သပ်ရပ်ရပ် မဖြီးထားနိုင်။ မနေ့ညက တစ်ညလုံးကင်း

www.burmeseclassic.com



စောင့်ထားရပုံပေါ်၏။ အဲသည်ကတည်းက သူပြောသလို အန္တရာယ်ကင်းရှင်းသွားပြီဆိုခြင်းမှာ မဟုတ်ကြောင်းသိသာလေသည်။

သူက ကျောင်းသားများကို စကြိုန်ထောင့်တွင် ခရီးဦးကြိုပြု၍ခေါ်လာရင်း

"ငါပြောတာမြဲမြဲမှတ်ထား၊ ပြုစားခံရတဲ့သူတွေ သတိပြန်လည်လာတဲ့အခါကျရင် သူတို့ပါးစပ်က ပထမဦးဆုံးထွက်မယ့်စကားဟာ 'ဟက်ဂရစ်လုပ်တာ' ဆိုတဲ့ စကားပဲဖြစ်လိမ့်မယ်။ ရှင်းရှင်းပြောရရင် ပရော်ဖက်ဆာ မက်ဂွန်နာဂေါက သည်လိုလုံခြုံရေး အစီအစဉ်တွေ ချထားတာ မလိုအပ်ဘူးလို့ ငါတော့ထင်တယ်"

"ကျွန်တော်လည်း အဲသလိုပဲ ထင်တယ်ဆရာ"

ဟု ဟယ်ရီက ပြောလိုက်သဖြင့် ရွန်မှာအံ့အားသင့်ပြီး စာအုပ်များပင်လွှတ်ကျသွား၏။

လော့ဟတ်က ယဉ်ကျေးပျူငှါစွာဖြင့်. . .

"ကျေးဇူးပဲ ဟယ်ရီ၊ မင်းစဉ်းစားကြည့်လေ. . . ငါတို့ဆရာတွေမှာ ဘယ်လောက်အလုပ်ရှုပ်သလဲ၊ တစ်ညလုံးကင်းစောင့်ရတာနဲ့၊ ကျောင်းသားတွေကို အတန်းတစ်တန်းကနေတစ်တန်း လိုက်ပို့ရတာနဲ့. . ."

ရွန်က သူ့စကားကို နင်းပြီးဝင်ပြော၏။

"ဟုတ်လိုက်လေဆရာရယ်၊ ဆရာကျွန်တော်တို့ကို ဒီမှာပဲထားခဲ့ပါလား လိုက်မပို့ပါနဲ့တော့၊ ရှေ့မှာလည်း စင်္ကြံန်တစ်ခုပဲကျန်တော့တဲ့ဥစ္စာ"

"မင်းဟာ တယ်အလိုက်သိတဲ့ကလေးပါလား ဝီစလေ၊ ကဲ. . . ဒါဆိုလည်း ဆရာသွားလိုက်ဦးမယ်၊ နောက်သင်ခန်းစာအတွက် ပြင်ဆင်စရာလေးတွေ ရှိနေလို့"

လော့ဟတ်က သူတို့အနားမှ အမြန်ဆုံးလစ်သွား၏။ ရွန်က. . .

"ဘာသင်ခန်းစာပြင်ဆင်မှာလဲ၊ အလကား. . သူခေါင်းသွားဖြီးတာနေမှာ"



ကျန်သည့် ဂရစ်ဖင်ဒေါကျောင်းသားများက သူတို့ကိုကျော်တက်သွားအောင် စောင့်နေလိုက်ကြပြီးနောက် နှစ်ယောက်သား ငိုချင်းသည်သရဲမ၏အိမ်သာဆီသို့ ခပ်ချိုးတည်းလစ်ကြတော့၏။ လော့ဟတ်ကို နှစ်ယောက်သား အတိုင်အဖောက် ညီပထုတ်လိုက်နိုင်ခြင်းအတွက် တစ်ဦးကိုတစ်ဦး ချီးကျူးရန် ပါးစပ်ကိုဟလိုက်ချိန်မှာပင်. . .

"ပေါ်တာ. . . ဝီစလေ၊ မင်းတို့ဘာလုပ်နေကြတာလဲ"

ပရော်ဖက်ဆာ မက်ဂွန်နာဂေါက ဘွားခနဲပေါ်လာသည်။ ရွန်ကအထစ်ထစ်အငေါ့ငေါ့ဖြင့်. . .

"ကျွန်တော်တို့. . . ကျွန်တော်တို့. . . သွား. . သွား"

"ဟာမီယွန်းကို သွားကြည့်မလို့"

ဟု ဟယ်ရီက ထပ်ပြောလိုက်၏။ သူက ရွန်၏ခြေထောက်ကို နင်းထားရင်း တမန်းကတန်း ဆက်၍. . .

"ကျွန်တော်တို့ ဟာမီယွန်းကို မတွေ့ရတာကြာလှပြီ ပရော်ဖက်ဆာ၊ ကျွန်တော်တို့ ဆေးရုံကိုသွားချင်တယ်၊ ပြီးတော့ ဆီမီးတောက်ပင်တွေ အဆင်သင့်ဖြစ်ပြီဆိုတဲ့အကြောင်း၊ သူနေကောင်းလာတော့မယ်ဆိုတဲ့အကြောင်း၊ ဘာမှမပူနဲ့လို့သွားပြီး အားပေးချင်တယ်"

ပရော်ဖက်ဆာ မက်ဂွန်နာဂေါက သူ့ကိုအချိန်အတန်ကြာအောင် စိုက်ကြည့်နေသည်။ ဝုန်းခနဲပေါက်ကွဲသွားတော့မလားဟုပင် ဟယ်ရီထင်လိုက်မိသေး၏။ သို့ရာတွင် သူမစကားပြောလိုက်သည့်အခါ အံ့ဩဖွယ်ကောင်းလောက်အောင် ချိုသာနူးညံ့နေလေသည်။

"အင်းပေါ့လေ. . . သူငယ်ချင်းတွေဆိုတာ ဒီလိုပဲပေါ့. . . ငါနားလည်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ မျက်ဝန်းမှမျက်ရည်တစ်စက် အရောင်လက်သွားသည်ကို တွေ့လိုက် ရသောကြောင့် ဟယ်ရီအံ့အားသင့်သွား၏။ သူမက. . .

"ကောင်းပြီပေါ့တာ. . . မင်းတို့သွားလည်းချင်လည်း လည်ကြပေါ့၊ မဒမ်ပွ ဖရေကို ငါကခွင့်ပြုချက်ပေးလိုက်တယ်ဆိုတဲ့အကြောင်း ပြောပြလိုက်ပါ"

ဟယ်ရီနှင့်ရွန်တို့ ခပ်သုတ်သုတ် လျှောက်လာခဲ့ကြသည်။ အပြစ်ဒဏ် ပေးမခံရဘဲ လွတ်လာခဲ့သည်ကို ယုံရပင်ခပ်ခက်ခက်ဖြစ်နေ၏။ စင်္ကြံထောင့် ကို ကွေ့လိုက်သောအခါ ပရော်ဖက်ဆာမက်ဂွန်နာဂေါ်၏ သက်ပြင်းချသံကို သူ ကြားလိုက်ရလေသည်။

ရွန်က တက်ကြွစွာဖြင့်. . .

"မင်းတို့ထွန်ဖန်တီးခဲ့သမျှထဲမှာ ဒီဇာတ်လမ်းဟာ အကောင်းဆုံးပဲ ဟယ်

ယခုတော့ သူတို့မှာ ဆေးရုံကိုသွားဖို့ကလွဲပြီး တစ်ခြားရွေးချယ်စရာမရှိတော့ ပေ။

မဒမ်ပွန်ဖရေက သူတို့ကို စိတ်မပါတပါဖြင့် ဝင်ခွင့်ပြုပြီး -

"ပြုစားခံထားရလို့ ကျောက်ရုပ်လိုဖြစ်နေတဲ့ သူတစ်ယောက်ကို စကား ပြောတယ်ဆိုတာ အဓိပ္ပါယ်တော့မရှိလှဘူး"

ဟာမီယွန်နီကုတင်ဘေးရှိ ထိုင်ခုံများတွင် သူတို့ဝင်ထိုင်လိုက်ကြသည်။ ဟာမီ ယွန်မှာ သတိရသည့်အရိပ်အယောင်ကလေးမျှပင် လုံးလုံးမရှိသည်မှာ ထင်ရှား သည်။ ရွန်က ဟာမီယွန်၏ တောင့်တင်းနေသည့် မျက်နှာကို စိတ်မကောင်းစွာ ကြည့်လိုက်ရင်း. . .

"အန္တရာယ်ပြုတဲ့သူကို သူမြင်လိုက်သလားဆိုတာ ငါအရမ်းသိချင်တယ်"

သို့ရာတွင် ဟယ်ရီကတော့ ဟာမီယွန်၏ မျက်နှာကိုကြည့်မနေပါ။ သူ ဟာမီယွန်၏ ညာဘက်လက်ကိုသာ စိတ်ဝင်စားနေလေသည်။ လက်က ခပ်



အနေအထားဖြင့် လက်သီးကိုကျစ်ကျစ်ပါအောင် ဆုပ်ထားလေရာ လက်ထဲမှ ခွန်းတစထွက်နေသော စာရွက်ကလေးကို မြင်နေရ၏။

အနီးအနားတွင် မဒမ်ပွန်ဖရေမရှိကြောင်း သေချာအောင်ကြည့်လိုက်ပြီး က် သူကရွန့်ကို လက်တို့ပြီးပြလိုက်၏။ ရွန်ကလေသံဖြင့်. . .

"ရအောင်ထုတ်ယူကွာ"

ဟု ပြောရင်း မဒမ်ပွန်ဖရေလှမ်းကြည့်လျှင် မမြင်ရအောင် ဟယ်ရီကို သူ့ကု ထိုင်နှင့်ကွယ်ပြီး ထိုင်လိုက်၏။

တကယ်တမ်းလုပ်ရသည်မှာ မလွယ်လှပေ။ ဟာမီယွန်က စာရွက်ကို ကျစ် စ်ပါအောင် ဆုပ်ထားသောကြောင့် အတင်းဆွဲလျှင် စာရွက်ပြဲသွားမည်ကိုလည်း မ်ရသေးသည်။ ရွန်က ကင်းစောင့်ပေးနေစဉ် ဟယ်ရီက ချွေးတလုံးလုံးဖြင့် စ်ပေါင်းအတော်ကြာအောင် ကြိုးစားပြီးမှ စာရွက်ကိုဆွဲထုတ်ယူ၍ ရ၏။

ယင်းကား စာကြည့်တိုက်ထဲရှိ စာအုပ်ဟောင်းတစ်အုပ်မှ ဆုတ်ဖြဲထားသော ရွက်တစ်ရွက်ဖြစ်လေသည်။ ဟယ်ရီက စိတ်အားထက်သန်စွာဖြင့် တွန့်ကြေနေ သောစာရွက်ကို ဖြန့်လိုက်သည်။ ရွန်ကလည်း စာရွက်ကိုဖတ်ရန် ခေါင်းထိုးဝင် သည်။

*"ကျွန်ုပ်တို့၏ တိုင်းပြည်တွင် နေထိုင်ကျက်စားသော ကြောက်မက်ဖွယ်ရာ ကောင်းသည့် သတ္တဝါကြီးများနှင့် သားရဲတိရိစ္ဆာန်များ မြောက်များစွာရှိကြသည့် နက် အရက်စက်အကြမ်းကြုတ်ဆုံး၊ အသက်အန္တရာယ်အရှိဆုံးသတ္တဝါမှာ မြွေ (Basilisk) ပင်ဖြစ်သည်။ ယင်းကို မြွေဘုရင်ဟုလည်း ခေါ်ကြ၏။*

*ထိုမြွေမျိုးသည် ကြက်ဥမှပေါက်ဖွားခြင်းဖြစ်ပြီး ဖားတစ်ကောင်က ဝပ်ပေးခြင်း လေသည်။ နှစ်ပေါင်းရာစုနှစ်များစွာ အသက်ရှင်နေနိုင်ပြီး အစာအစားမှာ သည်း အလွန်တရာကြီးမားနိုင်ပေသည်။*

www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါများကို သတ်ဖြတ်ပုံသတ်ဖြတ်နည်းမှာ လွန်စွာဆန်းကြယ် သည်။ သူ၏အဆိပ်ပြင်းထန်သော သေမင်းတမန်အစွယ်ကြီးများဖြင့် ပေါက် နိုင်သည့်အပြင် သူ၏အကြည့်ကိုလည်း မရဏအကြည့်ဟု တင်စားခေါ် သည်။ ယင်းမြွေနဂါးကြီး၏ မျက်လုံးမှထွက်လာသော အလင်းရောင်တန်းကို ဆိုင်ကြည့်မိသူမှန်သမျှ ချက်ချင်းသေပွဲဝင်ရသည်သာဖြစ်၏။ ပင့်ကူများသည် နဂါးရှိသည့်နေရာတွင် မနေရဲကြဘဲ လွတ်ရာလွတ်ကြောင်း ပြေးလေ့ရှိကြ၏။ နဂါးသည် သူတို့အတွက် ဇီဝိန်ခြွေမည့်ရန်သူဖြစ်သည်။ ထူးခြားသောအချက် မြွေနဂါးသည် ကြက်တွန်သံကိုကြောက်၏။ ကြက်တွန်သံသည် မြွေနဂါးကို စေနိုင်သည်။"

ထိုစာပိုဒ်၏အောက်တွင် ဟာမီယွန်၏လက်ရေးဖြင့် 'ပိုက်လုံးများ' ဟူ စာလုံးလေးတစ်လုံး ရေးထားသည်။ ဟယ်ရီ၏ဦးနှောက်ထဲတွင် ဖျတ်ခနဲ အ ရောင်တစ်ချက်လက်သွားသည်။ သူက. . .

"ဟော့ကောင်ရွန်. . . အဲဒါပဲကွ၊ ဒါအဖြေပဲ၊ မိန္ဒာခန်းဆောင်ထဲမှာ သတ္တဝါကြီးဟာ မြွေနဂါးကြီးပဲ၊ ဒါကြောင့် သူ့အသံကို ဘယ်သူမှမကြားရဘဲ တစ်ယောက်တည်း ကြားနေရတာပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ ငါကမြွေစကား နားလည်တယ်လေကွာ"

ဟယ်ရီက ပတ်ပတ်လည်တွင်ရှိသော အခြားကုတင်များကို လှမ်းကြည့် သည်။

"မြွေနဂါးကြီးက သူ့ရဲ့မရဏအကြည့်နဲ့ တည့်တည့်ဆုံတဲ့ သူတွေ သတ်ဖြတ်လို့ရတာကွ၊ ဒါပေမယ့် ငါတို့ကျောင်းသားတွေကျတော့ တစ်ယော မသေခဲ့ကြဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဗမြွေနဂါးကြီးရဲ့ မျက်လုံးနဲ့ ဘယ် တည့်တည့်ရင်ဆိုင် မကြည့်ခဲ့ကြလို့ပဲ၊



ကိုလင့်တုန်းက သူ့ရဲ့ကင်မရာထဲကတစ်ဆင့် မြင်ခဲ့ရတာကွ၊ ဒါကြောင့် မြွေ ါးကြီးရဲ့အကြည့်က ကင်မရာထဲက ဖလင်တွေကိုပဲ လောင်ကျွမ်းစေခဲ့တာ၊ လင်ကတော့ ကျောက်ရုပ်ဖြစ်ပြီး သတိလစ်သွားတာပေါ့ကွာ။

ဂျပ်စတင်ကျတော့. . .၊ ဂျပ်စတင်ကတော့ မြွေနဂါးကြီးကို တစ္ဆေကြီးနစ်ရဲ့ ခိုးလိုဖြစ်နေတဲ့ ခန္ဓာကိုယ်ကိုဖြတ်ပြီး မြင်ခဲ့ရတာပဲဖြစ်မယ်။ နစ်က မြွေနဂါးကြီး တည့်တည့်ရင်ဆိုင်ခဲ့ရပေမယ့် သူကတစ္ဆေဆိုတော့ နောက်တစ်ခေါက်ထပ်ပြီး သေတော့ဘူးလေကွာ၊

ဟာမီယွန်နဲ့ ရေဗင်ကလောက ကျောင်းသူအကြီးအကဲတို့ တွေ့တုန်းက တို့ဘေးမှာ မှန်ဝိုင်းလေးတစ်ချပ် ကျနေတယ်လို့ပြောတယ်။ အဲဒီအချိန်မှာ မိန္ဒာ တ္တဝါဟာ မြွေနဂါးကြီးပဲဆိုတာ ဟာမီယွန်သိနေပြီးလောက်ပြီ။ ငါသေချာပေါက် ပြောရဲတယ်။ ဟာမီယွန်ဟာ သူနဲ့ဆုံတဲ့ကျောင်းသူကို စကြိုန်ထောင့်ချိုးတွေကို န်ထဲကနေတစ်ဆင့် အန္တရာယ်ကင်းမကင်း အရင်ကြည့်ဖို့ သတိပေးခဲ့မှာသေချာ ယ်၊ အဲဒီကျောင်းသူက မှန်ကိုဆွဲထုတ်လိုက်မယ် ပြီးတော့. . ."

ရွန်က ပါးစပ်အဟောင်းသား ပွင့်သွားပြီး. . .

"ဒါဆိုကြောင်မကြီး မစွစ်နောရစ်ကရော. . ."

ဟယ်ရီ အပြင်းအထန်စဉ်းစားလိုက်၏။ ဟယ်လိုဝိန်ညတုန်းက ဖြစ်ပွားခဲ့ သော မြင်ကွင်းကို စိတ်ထဲမှ ပြန်ပုံဖော်ကြည့်လိုက်သည်။ ထို့နောက်. . .

"ရေတွေ. . . အဲဒီတုန်းက ငိုချင်းသည် သရဲမရဲ့ အခန်းထဲကရေတွေ ထွက်နေတယ်။ မစွက်နောရစ်ဟာ ရေပေါ်မှာလာထင်တဲ့ မြွေကြီးရဲ့အရိပ်ကိုမြင်ခဲ့ တာပဲဖြစ်မယ်"

ဟယ်ရီက လက်ထဲမှစာရွက်ကို တစ်ခေါက်ထပ်ဖတ်ကြည့်လိုက်ပြီး. . .

www.burmeseclassic.com



"ထူးခြားသော အချက်မှာမြွေနဂါးသည် ကြက်တွန်သံကို ကြောက်၏ ကြက်တွန်သံသည် မြွေနဂါးကို သေစေနိုင်၏"

ဟု သူက ကျယ်လောင်စွာ အော်ဖတ်လိုက်သည်။

ဟက်ဂရစ်ရဲ့ ကြက်ခြံထဲက ကြက်ဖတွေအသတ်ခံရတာ စလီသရင်ရဲ့ အမွေခံဟာ မိစ္ဆာခန်းဆောင်ဖွင့်တဲ့ အချိန်ကျရင် ရဲတိုက်အနားမှာ ကြက်တစ်ကောင်မှ ရှိမနေစေချင်လို့ ရှင်းပစ်တာပေါ့။

"ပင့်ကူများသည် မြွေနဂါးရှိသည့် နေရာတွင် မနေရဲကြဘဲ လွတ်ရာလွင့်ကြောင်းပြေးလေ့ရှိကြ၏. . . တဲ့၊ ကဲ. . . အားလုံးကိုက်နေပြီ"

"ဒါပေမယ့် ဒီလောက်ကြီးတဲ့ မြွေကြီးဟာ ဒီနားမှာဘယ်လိုလုပ်ပြီးတော့ နေမလဲ၊ တစ်ယောက်ယောက်မြင်သွားမှာပေါ့"

ဟယ်ရီက စာရွက်အောက်ခြေနားတွင် ဟာမီယွန်ရေးခြစ်ခဲ့သည့် စာလုံးလေးကိုထောက်ပြလိုက်၏။

"တွေ့လား. . . ရွန်၊ 'ပိုက်လုံးများ' တဲ့၊ မြွေကြီးဟာ ကျောင်းတစ်ကျောင်းလုံးကို ဆက်သွယ်ထားတဲ့ ရေပိုက်စနစ်ထဲမှာ လျှောက်သွားနေမှာပေါ့၊ ဒါကြောင့် သူ့အသံကို နံရံတွေထဲကနေ ငါကြားကြားနေရတာ"

ရွန်က ရုတ်တရက် ဟယ်ရီ့လက်မောင်းကို ဆုပ်ကိုင်လိုက်၏။

"ဒါဆိုရင် မိစ္ဆာခန်းဆောင်ဆီသွားတဲ့ ဝင်ပေါက်ဟာ ရေချိုးခန်းတစ်ခန်းများ ဖြစ်နေမလားပဲ၊ တစ်ကယ်လို့ ရေချိုးခန်းဆိုရင်. . ."

"ငိုချင်းသည် သရဲမ မာရတယ်ရဲ့ ရေချိုးခန်းပဲ ဖြစ်မှာပေါ့"

ဟု ဟယ်ရီက ပြောလိုက်၏။

သူတို့သည် အဖြေကိုမယုံကြည်နိုင်စွာဖြင့် ကြက်သေသေကာ ငိုင်နေမိကြသည်။ ဟယ်ရီက. . .



"အခိပ္ပါယ်ကတော့ ဒီကျောင်းမှာ မြွေစကားတတ်တာ ငါတစ်ယောက်တည်း မဟုတ်တော့ဘူး၊ စလီသရင်ရဲ့ အမွေခံလည်း တတ်လိမ့်မယ်၊ ဒါကြောင့်လည်း မြွေကြီးကို လိုရာအမိန့်ပေးစေခိုင်းနိုင်တာပေါ့"

"ငါတို့ ဘာလုပ်ကြမလဲ"

ဟု ရွန်က မေးလိုက်သည်။ သူ့မျက်လုံးများသည် အရောင်တဖျတ်ဖျတ် လက်နေကြ၏။ သူက. . .

"ငါတို့ ပရော်ဖက်ဆာ မက်ဂွန်နာဂေါကို သွားပြောကြရအောင်"

ဟယ်ရီက ခုန်ထလိုက်ရင်း. . .

"လာ. . ဆရာများနားနေခန်းကို သွားကြစို့၊ နောက်ဆယ်မိနစ်လောက်ဆို အားလပ်ချိန်ပေးပြီကွ၊ အဲဒီကိုသူရောက်လာလိမ့်မယ်"

သူတို့အောက်ထပ်သို့ ပြေးဆင်းခဲ့ကြသည်။ မျက်လုံးများကတော့ ဟိုဟိုဒီဒီ မကြည့်ရဲကြတော့။ ဆရာများအခန်းသို့သာ တစိုက်မတ်မတ်. . .။

ဆရာများ နားနေခန်းသည် ကြီးမားကျယ်ဝန်းပြီး အနက်ရောင်သစ်သား ထိုင်ခုံများဖြင့် ပြည့်နေသည်။ ဟယ်ရီနှင့် ရွန်တို့သည် စိတ်လှုပ်ရှားလွန်း၍ ထိုင်ရန် ပင်သတိမရကြဘဲ ပရော်ဖက်ဆာ မက်ဂွန်နာဂေါအလာကို စောင့်နေကြ၏။ သို့ရာတွင် အားလပ်ချိန်ပေးသည့် ခေါင်းလောင်းသံလည်း ပေါ်ထွက်မလာ။ ပရော်ဖက်ဆာမက်ဂွန်နာဂေါလည်း ရောက်မလာခဲ့တော့ပေ။

ထိုအစားမှော်ပညာဖြင့် ချဲ့ထားသော ပရော်ဖက်ဆာ မက်ဂွန်နာဂေါ၏ အသံကသာကျောင်းရှိ စင်္ကြံအားလုံးတစ်လျှောက်ပဲ့တင်ထပ်ကာ ပျံ့လွင့်လာသည်။

"ကျောင်းသားတွေအားလုံး ကိုယ့်အဆောင်ကိုယ်ခုချက်ချင်းပြန်ပါ။ ဆရာတွေအားလုံး ဆရာများနားနေခန်းကိုလာခဲ့ပါ။ ကျေးဇူးပြုပြီး အမြန်ဆုံး. . ."

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီက ရွန့်ဘက်သို့ ချာခနဲလှည့်ကြည့်လိုက်ရင်း. . .

"နောက်ထပ်တစ်ယောက် တိုက်ခိုက်ခံရပြန်ပြီထင်တယ်"

"ငါတို့ ဘာလုပ်ကြမလဲ အဆောင်ကိုပြန်မလား. . ."

"ဟင့်အင်း. . ."

ဟု ပြောရင်း ဟယ်ရီက ဘေးပတ်ပတ်လည်ကို ကြည့်လိုက်၏။ သူ့လက်ဝဲဘက်ဘေးတွင် ဆရာများ၏ ဝတ်ရုံသိမ်းဆည်းရာ ဘီရိုကြီးတစ်လုံးရှိသည်။ ဟယ်ရီက. . .

"ဒီထဲမှာ ငါတို့ပုန်းနေကြမယ်၊ ဘာတွေဖြစ်သလဲဆိုတာ ငါတို့အကုန်ကြားရမှာပဲ၊ အဲဒီအခါကျတော့မှ ငါတို့သိထားတဲ့အချက်ကို ထုတ်ပြောပြလိုက်မယ်"

သူတို့ ဘီရိုကြီးထဲသို့ ဝင်ပုန်းနေလိုက်ကြ၏။ နားနေခန်းတံခါးပွင့်သွားပြီး ဆရာများ တဖွဲဖွဲဝင်လာကြသည်။ တစ်ချို့က ဇဝေဇဝါဖြင့် တစ်ချို့က ထိတ်လန့်တုန်လှုပ်လျက်. . .၊ ထို့နောက် ပရော်ဖက်ဆာ မက်ဂွန်နာဂေါ်ရောက်လာသေးသည်။ သူမက. . .

"ဖြစ်သွားပြန်ပြီ၊ မိစ္ဆာသတ္တဝါကြီးက ကျောင်းသူတစ်ယောက်ကို ဖမ်းခေါ်သွားတယ်။ သူနေတဲ့ မိစ္ဆာခန်းဆောင်ထဲကို ခေါ်သွားတာ"

ပရော်ဖက်ဆာ ဖလစ်ဝစ်က လန့်ပြီးလွှတ်ခနဲအော်လိုက်သည်။ ပရော်ဖက်ဆာ စပရောက်ကတော့ သူမ၏ပါးစပ်ကို လက်များဖြင့် ပိတ်လိုက်၏။ ပရော်ဖက်ဆာ စနိပ်က ကုလားထိုင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်ရင်း. . .

"ဘာဖြစ်လို့ ဒီလောက်တောင် တပ်အပ်ပြောနိုင်ရတာလဲ"

ဖြူဖတ်ဖြူရော်ဖြစ်နေသော ပရော်ဖက်ဆာ မက်ဂွန်နာဂေါက. . .

"စလီသရင်ရဲ့ အမွေခံက အရင်ရေးထားတဲ့ နံရံပေါ်ကစာကြောင်းအောက်မှာ နောက်ထပ်စာတကြောင်းရေးထားခဲ့တယ်၊ 'ဒီကျောင်းသူရဲ့အရိုးစုဟာ မိစ္ဆာခန်းဆောင်ထဲမှာ ထာဝရလျောင်းစက်နေရတော့မယ်'တဲ့"

ပရော်ဖက်ဆာ ဖလစ်ဝစ်က ရှိုက်ကြီးတငင် ငိုကြွေးလိုက်သည်။ မဒမ်ဟုချ်က တုန်လှုပ်စွာဖြင့် . . .

"အဖမ်းခံရတာ ဘယ်သူလဲ"

"ဂျင်းနီဝီစလေပါ"

ဟယ်ရီက သူ့နံဘေးတွင် ရွန်တစ်ယောက် အသံပင်မထွက်နိုင်ဘဲ ဘီရိုကြမ်းပြင်ပေါ်သို့ အရုပ်ကြိုးပြတ်ပုံလျှက်သား လဲကျသွားသည်ကို တွေ့လိုက်ရတော့၏။

ပရော်ဖက်ဆာ မက်ဂွန်နာဂေါက . . .

"မနက်ဖြန်ဆိုရင် ကျောင်းသားတွေအားလုံးကို ကျွန်မတို့ အိမ်ပြန်ပို့မှဖြစ်တော့မယ်။ ဒါဟော့ဝပ်ရဲ့ ဇာတ်သိမ်းခန်းပဲ။ ဒမ်ဘယ်ဒိုးက အမြဲပြောခဲ့. . ."

ရုတ်တရက် ဆရာများ နားနေခန်းတံခါးသည် ဝုန်းခနဲပွင့်သွား၏။ ရုတ်တရက်တော့ ဒမ်ဘယ်ဒိုးရောက်လာပြီဟု ဟယ်ရီထင်လိုက်မိသေးသည်။ မဟုတ်ပါ။ ဝင်လာသူမှာလော့ဟတ်ဖြစ်၏။ သူက အိပ်ချင်မူးတူးဖြင့်. . .

"ဆောရီးဗျာ၊ ကျွန်တော် မှေးခနဲအိပ်ပျော်သွားတယ်။ ဘာတွေဖြစ်နေကြလို့တုန်း"

အခြားဆရာများက သူ့ကိုအမြင်ကတ်စွာ ဝိုင်းကြည့်နေမှန်း လော့ဟတ်သတိမထားမိ။ ပရော်ဖက်ဆာ စနိပ်က ရှေ့သို့ထွက်လိုက်ပြီး . . .

"ဒါမှတကယ့်လူဗျ၊ သူရောက်လာပြီပဲ၊ လော့ဟတ်ရေ. . မိစ္ဆာသတ္တဝါကြီးက ကျောင်းသူလေးတစ်ယောက်ကို ဖမ်းသွားတယ်။ သူ့ရဲ့မိစ္ဆာခန်းဆောင်ထဲကိုခေါ်သွားတာ။ ကိုင်း. . . ခင်ဗျားလက်စွမ်းပြရမယ့် အချိန်တော့ရောက်လာပြီပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



လော့ဟတ်၏ မျက်နှာမှာသွေးဆုတ်ကာ ဖြူဖတ်ဖြူရော်ဖြစ်သွား၏။ ပရော်ဖက်ဆာ စပရောက်ကလည်း. . .

"ဟုတ်လိုက်လေရှင်. . . မနေ့ညကတောင် ရှင်ပြောနေသေးတယ် မဟုတ်လား၊ မိစ္ဆာခန်းဆောင်ရဲ့ ဝင်ပေါက်ကို ရှင်သိနေတာ ကြာပြီဆို. . ."

"ကျွန်တော်လား. . . အဲ. . . ကျွန်တော်"

ပရော်ဖက်ဆာ ဖလစ်ဝစ်ကလည်း. . .

"အစစ်ပဲဗျို့၊ အထဲမှာဘာကောင်ရှိတယ်ဆိုတာ ကောင်းကောင်းကြီးသိပြီးသားလို့ ကျုပ်ကိုတောင်ခင်ဗျား ပြောခဲ့သေးတယ်မဟုတ်လား. . ."

"ဟင့်အင်း. . . ကျွန်တော် မမှတ်မိ၊ ကျွန်တော် မမှတ်မိတော့. . ."

ပရော်ဖက်ဆာ စနိပ်က ဝင်၍. . .

"ကျွန်တော်ကတော့ တစ်လုံးမကျန် မှတ်မိသဗျာ၊ ဟက်ဂရစ်ကို မဖမ်းခင်တုန်းက အဲဒီသတ္တဝါကြီးကို မဖော်ထုတ်လိုက်ရတာ နာတယ်ဗျာလို့ ခင်ဗျားပြောခဲ့တယ်လေ။ ပြီးတော့ အစကတည်းက ဟောဒီပြဿနာတစ်ခုလုံးကို ခင်ဗျားသာ ဦးစီးကိုင်တွယ်ရမယ်ဆိုရင် ဒီကိစ္စကြီးဟာ ဘာအမှားအယွင်းမှ မရှိဘဲ လျော့လျော့ရှုရှုပြီးဆုံးသွားမှာပဲ ဆိုတာလေ"

လော့ဟတ်က မျက်စိသူငယ်၊ နားသူငယ်ဖြင့် တစ်ခန်းလုံးကို လှည့်ပတ်ကြည့်လိုက်ရာ ကျောက်သားပမာ အေးစက်မာကျောနေသော ဆရာ၊ ဆရာမများ၏ မျက်နှာကိုသာ မြင်ရ၏။ သူက. . .

"ကျွန်တော် မပြောခဲ့ပါဘူး၊ တကယ်ပါ၊ ခင်ဗျားတို့ နားလည်မှု လွဲနေ. ."

ပရော်ဖက်ဆာ မက်ဂွန်နာဂေါက. . .

"ကဲ. . . ခုချိန်ကစပြီး ဒီကိစ္စနဲ့ပတ်သက်လို့ ရှင့်ကိုလုံးလုံးလျားလျားတာဝန်ပေးလိုက်ပြီ။ ရှင့်အလုပ်မှာ တစ်ယောက်မှဝင်ပြီး နှောက်ယှက်ခြင်း၊ ဩဇာပေးခြင်



းဝမရှိစေရဘူး၊ ဒီမိစ္ဆာသတ္တဝါကြီးကို ရှင့်အစွမ်းအစနဲ့ နှိမ်နှင်းပေတော့။ ရှင့်ကို အာဏာအပြည့်အဝပေးလိုက်တယ်"

လော့ဟတ်က သူ့ကိုကယ်မည့်သူပေါ်လိုပေါ်ငြား နံဘေးသို့ဝေ့ကြည့်လိုက်သေး၏။ ဘယ်သူမှ တုတ်တုတ်မျှမလှုပ်။ သူ့တစ်သက်နှင့်တစ်ကိုယ် ကြောက်ရွံ့နေသောမျက်နှာမှာ သည်လောက်တစ်ခါမှ အရုပ်ဆိုးဘူးပုံမရချေ။ နောက်ဆုံးတွင် သူက အားတင်းပြီး. . .

"ကောင်း. . . ကောင်းပါပြီ၊ ကျွန်. . ကျွန်တော် ရုံးခန်းထဲမှာပဲ ရှိမယ်နော်၊ အသင့်ပြင်. . ပြင်ဆင်လိုက်ဦးမယ်"

ပြောပြီး အခန်းထဲမှ ထွက်သွား၏။ ပရော်ဖက်ဆာ မက်ဂွန်နာဂေါက. . .

"ဒီအရူးကြောင်ကျား ငနဲကိုသည်နည်းနဲ့ ရှင်းလိုက်တာ အကောင်းဆုံးပဲ၊ ကဲ. . အခုအဆောင်အကြီးအကဲတွေအားလုံး ကျောင်းသားတွေဆီပြန်ပြီး အဖြစ်အပျက်ကိုရှင်းပြကြပါ။ မနက်ဖြန်ကျရင် ဟော့ဝပ်အမြန်ရထားနဲ့ သူတို့ကိုအိမ်ပြန်ပို့ပေးမယ် ဆိုတဲ့ သတင်းကိုလည်း ပြောပြလိုက်ပါ။ ပြီးတော့ ရှင်တို့အားလုံး အဆောင်အပြင်ဘက်မှာ ကျောင်းသားတစ်ယောက်မှမကျန်ရစ်အောင် အထူးဂရုစိုက်စစ်ဆေးပေးပါ"

ဆရာများအားလုံး အခန်းထဲမှ တစ်ယောက်ပြီးတစ်ယောက် ထွက်ခွါသွားတော့၏။

ဟယ်ရီ၏ဘဝတစ်သက်တာတွင် အဆိုးရွားဆုံးနေ့ပင် ဖြစ်ပေလိမ့်မည်။ ရောက်နှင့် ဂျော့တို့ အမွှာညီနောင်နှင့်အတူ ရွန်နှင့်ဟယ်ရီတို့သည် ဂရစ်ဖင်ဒေါ

www.burmeseclassic.com

www.burmeseclassic.com



စုပေါင်းနားနေခန်း၏ ထောင့်တစ်ထောင့်တွင် ထိုင်နေကြပြီး တစ်ယောက်နှင့်တစ်ယောက် စကားပင်မပြောနိုင်ကြ။ ပါစီကတော့ မရှိချေ။ သူသည် မိခင်နှင့်ဖခင်ထံ အကြောင်းကြားရန် ဇီကွက်လွှတ်လိုက်ပြီးနောက် တံခါးပိတ်၍ အခန်းအောင်းနေ လေပြီ။

အဲသည်နေ့လည်ခင်းလောက် ကြာမြင့်ရှည်လျားလွန်းသော နေ့လည်ခင်း မရှိခဲ့ဘူးပေ။ နောက်ပြီး ဂရစ်ဖင်ဒေါမျှော်စင်တွင် လူတွေသည်ရှေ့လောက် များများ နေလျှက် အပ်ကျသံပင်ကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်မှုမျိုးသည် တစ်ခါမှမကြုံဖူးချေ။

ဆည်းဆာရောင်ခြည်သမ်းလာချေပြီ။ ဖရက်နှင့်ဂျော့တို့က အိပ်ရာဝင်ရန် ထသွားကြ၏။ သူတို့ဒီနေရာတွင်ဆက်၍ ထိုင်နေရန်ခွန်အားမရှိတော့ပေ။

ရွှန်က. . .

"ငါ့ညီမလေးက တစ်ခုခုကိုတော့ သိထားတယ်ကွ"

ဆရာများနားနေခန်းအဝင်ဘီရိုထဲသို့ဝင်သည့်အချိန်မှ ယခုထိနှုတ်ဆိတ် နေခဲ့သော ရွှန့်ထံမှ ပထမဦးဆုံးကြားရသည့် စကားဖြစ်သည်။ သူကဆက်၍. . .

"အဲဒါကြောင့်လည်း ငါ့ညီမလေးကို ဖမ်းခေါ်သွားတာ။ ဟိုနေ့က ငါတို့ကို ပြောပြမလို့လုပ်တာဟာ အသုံးမကျတဲ့ပါစီကောင်ရဲ့အကြောင်းလုံးဝမဟုတ်ဘူး မိဿခန်းဆောင်ရဲ့အကြောင်း သူတစ်ခုခုသိထားတာဖြစ်မယ်။ နို့မဟုတ်ရင် သူ့ အနှောင့်အယှက်ပေးစရာ ဘာအကြောင်းမှ မရှိဘူး။ ငါ့ညီမလေးက မော်မျိုးစစ်စစ် ဥစ္စာ"

ရွှန်က သူ့မျက်လုံးများကို ပွတ်သပ်ရင်း ပြောလိုက်၏။ မိုးကုတ်စက်ဝိုင်း အောက်သို့ သွေးနီရောင်တောက်နေသော နေလုံးကြီးနစ်မြုပ်ဝင်သွားသည်ကို ဟယ်ရီမြင်နေရသည်။ အဆိုးဝါးဆုံးဆည်းဆာအလှပါပဲဟု ဟယ်ရီခံစားမိ၏။



အကယ်၍များ သူတို့တတ်နိုင်တာတစ်ခုရှိခဲ့သည်ဆိုလျှင်ပေါ့. . .။ ရွှန်က. . .

"ဟယ်ရီ. . အခွင့်အရေးရှိသေးတယ်လို့ မင်းထင်လားဟင်။ ငါဆိုလိုတာက ငါ့ညီမလေး မသေ. . ."

ဟယ်ရီ ဘာပြန်ပြောရမည်ကိုပင် မသိတော့ချေ။ သူ့အနေဖြင့် ဂျင်နီတစ် ယောက် ခုချိန်ထိ အသက်ရှင်နေနိုင်ဖွယ်ရာ လမ်းမမြင်။ ရွှန်က. . .

"ငါတို့ လော့ဟတ်ဆီကို သွားတွေ့ရင် ကောင်းမယ်ထင်တယ်၊ သူ့ကိုငါတို့ သိထားသမျှတွေ ပြောပြလိုက်မယ်လေ။ သူက မိဿခန်းဆောင်ထဲကို ကြိုးစားပြီး ဝင်ကြည့်မှာပဲထင်တယ်။ မိဿခန်းဆောင်ဘယ်နေရာမှာ ရှိတယ်ဆိုတာရော၊ အဲဒီ ထဲမှာ မြွေနဂါးကြီးရှိတဲ့အကြောင်းပါ ပြောပြလိုက်မယ်လေ. . ."

ဟယ်ရီကိုယ်တိုင်လည်း တစ်ခြားနည်းမမြင်တော့။ ပြီးတော့ ဖြစ်နိုင်လျှင် ရွှန်၏ညီမလေးအတွက် သူတတ်နိုင်တာ တစ်ခုခုလုပ်ပေးချင်သေးသည်။ ထို့ကြောင့် သူသဘောတူလိုက်၏။

လော့ဟတ်၏ ရုံးခန်းဆီသို့ သူတို့လျှောက်လာခဲ့ကြစဉ် အမှောင်ထုက ကြီးစိုးလာသည်။ ရုံးခန်းထဲတွင် အတော်လှုပ်လှုပ်ရှားရှား တစ်ခုခုဖြစ်နေပုံရ၏။ ပစ္စည်းများမသံ၊ ရွှေ့သံ၊ ကသုတ်ကရက်ခြေလှမ်းသံတွေကို ကြားနေရသည်။

ဟယ်ရီက ရုံးခန်းတံခါးကို ခေါက်လိုက်ရာ အထဲမှအသံဗလံတွေ အားလုံး ငြိမ်းခနဲတိတ်သွား၏။ ထို့နောက် ရုံးခန်းတံခါးက စပါးလုံးတထောက်စာမျှခန့် ပွင့်သည်ဆိုရုံလေး ပွင့်ဟလာပြီး အထဲမှ ချောင်းကြည့်နေသော လော့ဟတ်၏မျက် လုံးများကို တွေ့လိုက်ရသည်။ တံခါးက မဆိုစလောက်ပိုမိုပွင့်ဟလာပြီး၊ လော့ဟတ် က. . .

"ဩော်. . . ပေါ်တာနဲ့ ဝီစလေတို့ပါလား၊ ဆရာလောလောဆယ် အလုပ် များနေလို့ကွာ၊ ကိစ္စရှိရင် မြန်မြန်လေး. . ."

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီက. . .

"ကျွန်တော်တို့ ဆရာ့ကိုသတင်းတစ်ချို့ ပေးဖို့လာတာပါ။ ဆရာ့အတွက် အထောက်အကူရလိမ့်မယ်ထင်ပါတယ်"

"အင်း. . . အဲ. . . ဒါဆိုလည်း မဆိုးပါဘူးလေ"

လော့ဟတ်၏ မျက်နှာမှာ သည်လောက်မအီမသာဖြစ်နေသည်ကို သူတို့ တစ်ခါမှ မမြင်ဖူးကြချေ။

လော့ဟတ်က အခန်းတံခါး ဖွင့်ပေးလိုက်ရာ သူတို့ဝင်လာခဲ့ကြ၏။ ရုံးခန်း သည် ပြောင်တလင်းခါလုနီးပါး ရှိနေလေပြီ။ ကြမ်းပြင်ပေါ်တွင်ကား ကြီးမားသော သေတ္တာကြီးနှစ်လုံးကို ချထား၏။ ပထမသေတ္တာထဲတွင် အရောင်အသွေးစုံလင်လှ ဝတ်ရုံများကို ကျကျနနပင် မခေါက်နိုင်ဘဲ လုံးထွေးထည့်ထားသည်။ နံရံပြည့်အောင် မတတ်ချိတ်ဆွဲထားသည့် ဓါတ်ပုံများသည်ကား ယခုအခါတွင် စားပွဲပေါ်ရှိ သေတ္တာ ထဲ၌ ထိုးသိပ်ထည့်ခံထားရလေပြီ။ ဟယ်ရီက. . .

"ဆရာ တစ်နေရာရာကို သွားမလို့လား"

"အဲ. . . ဟုတ်တယ်ဆိုပါတော့"

လော့ဟတ်က တံခါးနောက်တွင် ချိတ်ထားသော လူအရွယ်အစားရှိ သူ့ ပိုစတာကြီးကို ဖြုတ်ယူကာလိပ်ရင်း. . .

"အရေးတကြီးလှမ်းခေါ်လို့လေ. . ငြင်းလို့လည်း မရတာနဲ့၊ မသွားလို့ မဖြစ်. . "

"ဒါဆို ကျွန်တော့်ညီမလေးကိစ္စကျတော့ ဘယ်လိုလုပ်မလဲ"

ဟု ရွန်က ဒေါသဖြင့် မေးလိုက်၏။

လော့ဟတ်က သူတို့၏မျက်လုံးအကြည့်ကို ရှောင်ရှားရင်း အံဆွဲတစ်ခုထဲ က ရှိရှိသမျှ ပစ္စည်းအားလုံးကို လွယ်အိတ်ထဲသို့ သိမ်းကြုံးထည့်နေရာမှ. . .



"အေးကွာ. . . ခများလည်း ကံဆိုးရှာပါတယ်. . . ဆရာ တကယ်စိတ် မကောင်း. . ."

ဟယ်ရီက. . .

"ခင်ဗျားက အောက်လမ်းမိစ္ဆာနှိမ်နှင်းရေး ဘာသာသင်တဲ့ဆရာလေဗျာ၊ ဒီလိုအခြေအနေမျိုးမှာ ခင်ဗျားထွက်သွားလို့ ဘယ်ဖြစ်မလဲ၊ ဒီကျောင်းကို အောက် သမ်းကဝေတွေ နှောက်ယှက်နေတဲ့အချိန်ကျမှ ခင်ဗျားမျက်နှာလွှဲခဲပစ် လုပ်မသွား သင့်ဘူး"

"ဒါပေမယ့် ငါ့အလုပ်လက်ခံစဉ်တုန်းက ငါယူရမယ့်တာဝန်ဟာ စာသင်ပေး ဖို့ပဲလေ၊ ဒါမျိုးတွေ တိုက်ဖို့ခိုက်ဖို့ မပါ. . ."

ဟယ်ရီက မယုံကြည်နိုင်စွာဖြင့်. . .

"ဒါဆို ခင်ဗျားထွက်ပြေးတော့မလို့ပေါ့ ဟုတ်လား၊ ခင်ဗျားရဲ့ စာအုပ်တွေ ထဲမှာ ရေးထားတာကျတော့ ဒီလိုရန်စွယ်အန္တရာယ်တွေအားလုံးကို ခင်ဗျားပဲ နှိမ် နင်းခဲ့ဖူးသလိုလို ဘာလိုလိုနဲ့"

လော့ဟတ်က လေပြေကလေးဖြင့်. . .

"စာအုပ်ထဲမှာ ရေးထားတိုင်းလည်း အဟုတ်ကြီး မှတ်မနေနဲ့လေကွာ"

"ရေးတဲ့သူက ခင်ဗျားကိုယ်တိုင်ပဲလေ"

လော့ဟတ်က ဟယ်ရီကို နဖူးကြောကြီးများ ရှုံ့လာသည်အထိ ကြည့်လိုက် ပြီး. . .

"ရိုးရိုးပဲစဉ်းစားကြည့်စမ်းပါဦးတော့လား ချာတိတ်ရယ်၊ ငါ့စာအုပ်တွေထဲမှာ ပါသမျှ အားလုံးကို ငါကိုယ်တိုင်လုပ်တယ်လို့မှ မဖြီးနိုင်ရင် စာအုပ်တွေ ဘယ် ရောင်းရပါ့မလဲကွ။ အာမေးနီးယန်း စုန်းအိုကြီးတစ်ယောက်က ရွာသားတစ် ယောက်ကို သမန်းဝံပုလွေတွေလက်ထဲက ကယ်ခဲ့တယ်ဆိုတဲ့အကြောင်း ဘယ်သူမှ

www.burmeseclassic.com

www.burmeseclassic.com



ဖဘဲချင်ကြမှာမဟုတ်ဘူး။ အဲဒီအာမေးနီးယန်း စုန်းအိုကြီးရဲ့ပုံက ရုပ်ကလည်း ဆိုးပါဘိသနဲ့၊ ဘယ့်နှယ်လုပ်ပြီး မျက်နှာဖုံးမှာတင်လို့ရပါ့မလဲ။ အဝတ်အစား လည်း စတိုင်ကျကျမဝတ်တတ်တော့ သူ့အဖုံးနဲ့ဆို ရောင်းအားမကောင်းဘူးပေါ့ကွာ ကျတ်တွေကို မောင်းထုတ်နိုင်ခဲ့တဲ့ စုန်းဆိုလည်း ပညာကတော့တော်ပါရဲ့ ဒါပေမယ့် သူ့ခမြာ နှုတ်ခမ်းကွဲနေတော့ ရုပ်ကမသားနားဘူးလေ။ အဲဒီတော့ သူတို့နေရာမှာ ငါ့ခါတ် ပုံ. . . ”

ဟယ်ရီက အလန့်တကြား စက်ဆုပ်ရွံရှာစွာဖြင့်. . .

“ဒါဆို ခင်ဗျားက သူများလုပ်ထားတဲ့ ကိစ္စတွေပေါ်မှာ အချောင်ဝင်ပြီး နာမည်ကြီးအောင် အသားယူထားတာပေါ့ ဟုတ်လား. . . ”

လော့ဟယ်က ဦးခေါင်းကို စိတ်မရှည်စွာဖြင့် ခါယမ်းလိုက်ရင်း. . .

“အချောင်နာမည်ကောင်းဝင်ယူတယ်ဆိုတဲ့ ကိစ္စမျိုးဟာ ပြောသလောက် တော့ မလွယ်လှဘူးနော်၊ ငါ့ဘက်က အားထုတ်ရတာတွေလည်း ရှိပါတယ်။ အဲဒီ တကယ်လုပ်တဲ့သူတွေရဲ့ သတင်းနောက်ကို ခြေရာကောက်ပြီးလိုက်ရတယ်၊ ပြီးတော့ သူတို့ရဲ့စွန့်စားခန်းတွေကို တစ်လုံးမကျန် စေ့စေ့စပ်စပ်မေးရမြန်းရ မှတ် သားရတယ်။ ပြီးတော့မှ ငါကသူတို့ကို အတိတ်မေ့မန္တာန်နဲ့ အလစ်မှာတိုက်ခိုက် လိုက်ရတာ၊ ဒီတော့မှ သူတို့ဟာ အဲဒါတွေကို သူတို့ကိုယ်တိုင် လုပ်လို့လုပ်ခဲ့မှန်း မမှတ်မိတော့ဘူးပေါ့။

ငါတတ်တဲ့ ပညာတွေထဲမှာ ဂုဏ်ယူစရာကောင်းတာ အဲဒီတစ်ခုတော့ရှိ တယ်ကွ၊ အဲဒါငါ့ရဲ့အတိတ်မေ့မန္တာန်ပဲ၊ အတော်အလုပ်ဖြစ်တယ်နော့၊ ဟယ်ရီ အာထင်မသေးနဲ့ကွ၊ မင်းသိတဲ့အတိုင်းပဲ၊ တကယ်စွန့်စားရင်ဆိုင်ခဲ့ရတဲ့သူတွေကို အတိတ်မေ့သွားအောင် လုပ်နိုင်ခဲ့လို့သာ သူတို့ရဲ့လုပ်ရပ်တွေနဲ့ ငါကဝင်ကစွပ်လိုက်



ပြီး အချောင်နာမည်ကြီးခွင့်ရတာ၊ ဒီလိုပဲ ဟယ်ရီရေ. . နာမည်ကြီးချင်ရင် အဲဒီလို ခက်ခက်ခဲခဲ ကြိုးစားရ၊ ပြင်ဆင်ရတယ်ကွ”

သူက သေတ္တာကြီးနှစ်လုံး၏ အဖုံးကိုပိတ်ပြီး သော့ခတ်လိုက်၏။ ထို့နောက်

“ကဲ. . ကြည့်စမ်း၊ ငါ့အတွက် အားလုံးအဆင်ပြေသွားပြီ၊ အဲ. . . တစ်ခုပဲ ကျန်တော့တယ်”

ပြောပြောဆိုဆို လော့ဟတ်က သူ၏ဆေးတောင်ဝှေးကိုထုတ်ပြီး ဟယ်ရီနှင့် ရွန့်ကိုချိန်ထားလိုက်၏။

“စိတ်မကောင်းပါဘူးကလေးတို့ရယ်၊ မင်းတို့ကိုလည်း အတိတ်မေ့သွား အောင် ငါလုပ်ရဦးတော့မှာပေါ့၊ နို့မို့ဆိုရင် မင်းတို့က ငါ့လျှို့ဝှက်ချက်တွေကို နေရာ တကာလျှောက်ပြောနေတာနဲ့ ငါနောက်ထပ်စာအုပ် ရောင်းရတော့မှာမဟုတ်. . ”

ဟယ်ရီ၏လက်က သူ့ဆေးတောင်ဝှေးကို အချိန်မီပင်ရောက်သွား၏။ လော့ဟတ်က သူတို့ကိုတိုက်ခိုက်တော့မည့်ဆဲဆဲတွင် ဟယ်ရီက ဆေးတောင်ဝှေး ကို ဖျတ်ခနဲဆွဲထုတ်လိုက်ပြီး. . .

“အိတ်စပဲလိုင်ယာမတ်”

လော့ဟတ်က ဝုန်းခနဲနောက်ဘက်သို့ လွင့်သွားပြီး သေတ္တာပေါ် ခြေပစ် လက်ပစ်ကျသွားသည်။ လေထဲမြောက်တက်သွားရာမှ ပြန်ကျလာသည့် သူ့ဆေး တောင်ဝှေးကို ရွန်က အမိဖမ်းလိုက်ပြီးနောက် ပွင့်နေသော ပြတင်းပေါက်မှတစ် ဆင့် အပြင်ဘက်သို့ လွှင့်ပစ်လိုက်၏။ ဟယ်ရီက ဒေါသတကြီးဖြင့်. . .

“ငါတို့ကို ဒီမန္တာန်တစ်ခု ပရော်ဖက်ဆာ စနိပ်ကသင်ပေးခွင့်ပြုခဲ့တာဟာ သူ့ကြမ္မာသူငင်တာပဲ”

လော့ဟတ်က မျက်လုံးလေး ကလယ်ကလယ်ဖြင့် သူ့ကိုမော့ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီ၏ ဆေးတောင်ဝှေးက သူ့ကိုချိန်ရွယ်ထားဆဲပင်ရှိသည်။ လော့ဟတ်၏ အသံပြာညက်ညက်ဖြင့်. . .

"ငါ့ကို မင်းတို့ဘာလုပ်စေချင်လို့လဲကွာ၊ မိစ္ဆာခန်းဆောင် ဘယ်မှာရှိသလဲဆိုတာ ငါမှမသိတဲ့။ ငါလုပ်ပေးနိုင်တာ ဘာမှမရှိပါဘူးကွာ"

ဟယ်ရီက. . .

"ခင်ဗျားကံကောင်းနေသေးတယ်၊ မိစ္ဆာခန်းဆောင်ရှိတဲ့နေရာကို ကျွန်တော်တို့သိတယ်ထင်တာပဲ၊ ပြီးတော့ ခန်းဆောင်ထဲမှာ ဘာသတ္တဝါရှိတယ်ဆိုတာလည်း ကျွန်တော်တို့သိတယ်။ ကဲ. . လာ. . သွားကြစို့. . ."

သူတို့သုံးဦးသား လော့ဟတ်၏ ရုံးခန်းထဲမှထွက်ကာ အနီးဆုံးလှေကားတဆင့် ငိုချင်းသည်သရဲမ မာရတယ်၏ ရေချိုးခန်းဆီသို့ ချီတက်လာခဲ့ကြသည်။

သူတို့နှစ်ယောက်က လော့ဟတ်ကိုရှေ့ဆုံးမှ သွားစေ၏။ လော့ဟတ်တစ်ကိုယ်လုံး တုန်ရီနေသည်ကိုကြည့်ပြီး ဟယ်ရီပီတိဖြစ်နေမိသည်။ ငိုချင်းသည်သရဲမ မာရတယ်က အစွန်ဆုံးအိမ်သာခန်းရှိ ရေတိုင်ကီပေါ်တွင် ထိုင်နေ၏။ သရဲမ က ဟယ်ရီကိုမြင်သွားသောအခါ. . .

"သြော်. . . နင်ကိုး. . ဒီတစ်ခါ ဘာလိုချင်လို့လဲ"

"ခင်ဗျားဘယ်လိုသေခဲ့ရသလဲဆိုတာ မေးမလို့"

မာရတယ်၏ အမူအယာမှာ ချက်ချင်းပြောင်းလဲသွား၏။ သူမအတွက် ကိုယ်ရည်သွေးစရာ သည်လိုမေးခွန်းမျိုးတစ်ခါမှ အမေးမခံခဲ့ရဖူးသလိုမျိုး။

"အိုး. . . သိပ်ကြောက်စရာကောင်းတဲ့ အဖြစ်ပေါ့၊ ဟောဒီနေရာမှာတင်ပြီး သွားခဲ့တာ၊ ဒီအိမ်သာခန်းထဲမှာပေါ့၊ ငါကောင်းကောင်း မှတ်မိပါသေးတယ်။ အောလစ်ဟွန်ဘီးက ငါ့ကိုမျက်မှန်တပ်တာ ရုပ်ဆိုးလို့ဆိုပြီး နောက်ပြောင်နေတယ်။ အဲဒါကြောင့် ဒီအခန်းထဲမှာ ငါပုန်းနေတာ။



တံခါးကို သော့ခတ်ထားတယ်၊ ငါကလည်း တရှုံ့ရှုံ့ငိုလို့၊ အဲဒီအချိန်မှာပဲ တစ်ယောက်ယောက်ဝင်လာတာကို ငါကြားလိုက်ရတယ်၊ သူတို့က ရယ်စရာတစ် ခုခုပြောနေကြတယ်၊ ဗိုပြင်ဘာသာစကားတစ်ခုနဲ့လို့ ငါထင်တာပဲ။ ဒါပေမယ့် အဲဒါဟာ ယောကျ်ားလေးတစ်ယောက် စကားပြောနေတဲ့အသံမှန်းတော့ ငါသိတယ်။ ဒါနဲ့ ငါက သူ့ကိုယောကျ်ားလေးအိမ်သာဆီသွားဖို့ ပြောမလို့ တံခါးကိုဖွင့်လိုက်တဲ့ အချိန်မှာပဲ. . ."

မာရတယ်၏ မျက်နှာက အလွန်တရာအရေးကြီးသည့်ပုံမျိုး တောက်ပသွား ပြီး. . .

"ပြီးတော့ ငါသေသွားတယ်"

"ဘယ်လိုဖြစ်သွားတာလဲ"

"မသိဘူး၊ ငါနောက်ဆုံးမှတ်မိလိုက်တာကတော့ အင်မတန်ကြီးမားတဲ့ အဝါရောင်မျက်လုံးကြီးတစ်စုံကို မြင်လိုက်ရတာပဲ၊ ပြီးတော့ ငါ့တစ်ကိုယ်လုံး ဖျစ်ညှစ်ဆုပ်ချေခံလိုက်ရသလိုဖြစ်သွားတယ်။ ပြီးတော့ ငါလေထဲမှာလွင့်မျောနေရော"

ဟယ်ရီက. . .

"အဲဒီမျက်လုံးကြီးတွေကို မြင်လိုက်ရတာ ဘယ်နေရာမှာလဲ"

"ဟောဟိုနားလောက်ဆီမှာ"

သရဲမက သူ့အိမ်သာခန်းရှေ့ရှိ လက်ဆေးကြွေဇလုံအနီးတစ်ဝိုက်ကို မဝ မရာညွှန်ပြရင်းပြောသည်။ ဟယ်ရီနှင့်ရွန်တို့က ထိုလက်ဆေးကြွေဇလုံခွက်ဆီသို့ အပြေးအလွှားသွားကြည့်ကြ၏။ လော့ဟတ်ကတော့ တုပ်တုပ်မျှပင်မလှုပ်ရဲ မတ်တပ်ရပ်လျှက်သား ကျန်နေခဲ့၏။

သာမန်တွေ့ဖူးနေကျ လက်ဆေးကြွေခွက်အတိုင်းပင်၊ သူတို့နှစ်ယောက် ထိုကြွေခွက်ကို အတွင်းအပြင်မချန် တစ်လက်မချင်းပိုက်စိတ်တိုက်၍ စစ်ဆေး

www.burmeseclassic.com



ကြွခွက်အောက်မှ သွယ်ထားသောရေပိုက်ကိုပင် အလွတ်မပေးချေ။ နောက်ဆုံးတွင် ဟယ်ရီတွေ့လိုက်၏။ ကြေးဘုံဘိုင်ခေါင်းတစ်ခု၏နံဘေးတွင် ရေးခြစ်ထားသော မြွေရုပ်သေးသေးလေးတစ်ရုပ်. . .။

သူက ထိုဘုံဘိုင်ခေါင်းခလုတ်ကို လှည့်ဖွင့်ဖို့ကြိုးစားစဉ် မာရတယ်က ဝင်၍

"အဲဒီဘုံဘိုင်ခေါင်းက ရေမကျဘူး၊ ပျက်နေတယ်"

ရွန်က. . .

"ဟယ်ရီ. . . တစ်ခုခုအမိန့်ပေးကြည့်ပါလား၊ မြွေစကားနဲ့ တစ်ခုခုပြောကြည့်ကွာ. . ."

"ဒါပေမယ့်"

ဘယ်လိုပြောရမည်ကို ဟယ်ရီစဉ်းစားမရ။ သူပြောသော မြွေစကားသည် တစ်ကယ့်မြွေအစစ်တစ်ကောင်နှင့် မျက်နှာချင်းဆိုင်တွေ့နေချိန်ကျမှ သူ့အလိုအလျောက်ပါးစပ်ထဲက ထွက်သွားခြင်းဖြစ်သည်။

ဟယ်ရီက ရေးခြစ်ထားသော မြွေရုပ်ကလေးကိုစိုက်ကြည့်ရင်း တကယ့်မြွေတစ်ကောင်ပမာ စိတ်ထဲမှထင်မြင်လာအောင် ကြိုးစားအာရုံယူကြည့်လိုက်ပြီး. . .

"ပွင့်စေ. . ."

ဟယ်ရီက ရွန့်ကိုလှမ်းကြည့်လိုက်ရာ ရွန်ကခေါင်းကိုခါယမ်းပြရင်း. . .

"မင်းပြောတာ လူစကားပဲ"

ဟယ်ရီက မြွေရုပ်ကလေးကို ပြန်ကြည့်လိုက်ပြန်သည်။ မြွေရုပ်ကလေးကို အသက်ရှိသည့်နှယ်တွေးထင်ကြည့်သည်။ သူ့ဦးခေါင်းကို လှုပ်ယိမ်းလိုက်သည့်အခါ ယောင်းတိုင်မီးအလင်းရောင်ကြောင့် မြွေကလေးလှုပ်ရှားလာသည်ဟု ထင်ရ၏။

"ပွင့်စေ"



သူ့ပါးစပ်မှထွက်သွားသော စကားလုံးများကို သူမကြားရ။ ထူးဆန်းသော ရှိုးရှိုးမြည်သံသာ ထွက်ပေါ်လာသည်။ ထိုခဏမှာပင် ရေဘုံဘိုင်ခေါင်းသည် တောက်ပသည့် အဖြူရောင်အလင်းတစ်ချက် ဝင်းခနဲဖြစ်သွားပြီး ချာချာလည်နေသည်။ နောက်တစ်စက္ကန့်မျှအကြာတွင် လက်ဆေးကြွေဇလုံသည် စတင်ရွေ့လျားပြီလာသည်။ လက်ဆေးကြွေဇလုံတစ်ခုလုံး မြင်ကွင်းမှပျောက်သွားသောအခါ ကြီးမားသောပိုက်လုံးကြီးတစ်ခု၏အစကို မြင်လိုက်ရ၏။ ပိုက်လုံးကြီးမှာ ကြီးမားလှပေရာ အထဲသို့ လူတစ်ယောက်ကောင်းစွာဝင်နိုင်၏။

ရွန်၏ပင့်သက်ရှိုက်သံကို ဟယ်ရီကြားလိုက်ရသည်။ ထို့နောက် သူတို့နှစ်ယောက် အကြည့်ချင်းဆုံမိကြ၏။ ဟယ်ရီက. . .

"ငါဆင်းသွားမယ်"

"ငါလည်းလိုက်မယ်"

ဟု ရွန်ကပါ ပြောလိုက်သည်။ တခဏမျှ တိတ်ဆိတ်သွားကြသည်။ ထိုအချိန်တွင် လော့ဟတ်က မနည်းသွားဖြဲထားရသော အပြုံးဖြင့်. . .

"ဒါဆိုမင်းတို့ ငါ့ကိုမလိုတော့ဘူးထင်တယ်နော်၊ ငါ. . ဒီနားခဏ. . ."

လော့ဟတ်၏လက်က တံခါးလက်ကိုင်ဘုဆီ လှမ်းလိုက်၏။ ဟယ်ရီရောရွန်ပါ နှစ်ယောက်စလုံး ဆေးတောင်ဝှေးများကို ဆွဲထုတ်ပြီးလော့ဟတ်ကို ချိန်ထားလိုက်ကြသည်။ ရွန်က. . .

"ခင်ဗျားရှေ့ဆုံးကဆင်းရမယ်"

လော့ဟတ်၏ မျက်နှာတစ်ခုလုံး ဖြူဖတ်ဖြူရော် ဖြစ်သွား၏။ သူ့ဆံပိုက်လုံးအသဆိချဉ်းကပ်လာရင်း ငှက်ဖျားတက်နေသည့်အသံမျိုးဖြင့်. . .

"ကလေးတို့ရယ် ဒီလိုဆင်းသွားတော့ရော ဘာအကျိုးရှိမှာမို့လို့လဲ. . ."

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီက လော့ဟတ်၏ ကျောပြင်ကို ကြိမ်တို့သလိုမျိုး ဆေးတောင်ဝှေ့ဖြင့် စတင်ဆောင့်ထိုးလိုက်သည်။ လော့ဟတ်က သူ့ခြေထောက်များကို ပိုက်လုံးထဲ တွဲလောင်းချလိုက်ရတော့၏။ သူကစကားကြောရှည်နေသေးသည်။

"တကယ်ပါ. . . ငါလုံးဝမထင်. . ."

သည်းမခံနိုင်တော့သော ရွှန်က ဆောင့်တွန်းချလိုက်ရာ လော့ဟတ်တစ် ယောက် ပိုက်လုံးထဲသို့ လျှောခနဲထိုးဆင်းပျောက်ကွယ်သွားသည်။ ဟယ်ရီက ပိုက်လုံးထဲသို့ ဖြည်းညင်းစွာဝင်လိုက်သည်။ ထို့နောက်ကိုင်ထားသည့်လက်ကို ချလိုက်၏။

အသည်းအေးစရာကောင်းလောက်အောင်ပင် လျှောခနဲနိမ့်ဆင်းသွားသည် မည်းမှောင်၍ အဆုံးမရှိဟုပင်ထင်ရသော ပိုက်လုံးကြီးဖြစ်သည်။ လမ်း လျှောက်တွင် တစ်ခြားဘက်သို့ ခွဲထွက်သွားသော ပိုက်လုံးများကိုလည်း လမ်းသွ လမ်းမှာများသဖွယ် မြင်ရ၏။

ထိုပိုက်လုံးများက ဟယ်ရီတို့ဆင်းလာခဲ့သော ပိုက်လုံးလောက်တော့ မ မားလှ။ ဟယ်ရီသည် သူ့နောက်မှပါလာသော ရွှန်တစ်ယောက် ပိုက်လုံးအ အကွေ့နေရာများတွင် ဘုတ်ခနဲ၊ ဘုတ်ခနဲဆောင့်တိုက်မိသံများကို ကြားရ သူတို့ ဆင်းလာသောပိုက်လုံးက ကွေ့တစ်ချိုးကောက်တစ်လှည့်ဖြစ်၍ ကျော မြေတိုက်စာသင်ခန်းများ၏အောက်၊ ဟိုးအနက်ရှိုင်းဆုံးနေရာဆီသို့ ထိုးဆင်းသွ သည်။

သည်ပိုက်လုံးကြီးထဲမှအထွက်၊ မြေပြင်ပေါ်ရောက်လျှင် ဘာများဖြစ် လေမလဲဟုတွေးရင်း ဟယ်ရီစိုးရိမ်စပြုလာသည်။ နောက်ဆုံးတွင် စိုထိုင်းထိုင်းကြမ်း သို့ ဘုတ်ခနဲပြုတ်ကျသွား၏။ သူကြည့်လိုက်သောအခါ မည်းမှောင်နေသည်



အောက်သားဥမင်လှိုဏ်ခေါင်းတစ်ခုဖြစ်မှန်းတွေ့လိုက်ရသည်။ ဥမင်လှိုဏ်ခေါင်း ချောင်ချောင်ချိချိမတ်တပ်ရပ်ရလောက်အောင် ကြီးမားကြောင်း တွေ့လိုက်ရ သည်။ လော့ဟတ်က ဟယ်ရီကျရာနေရာနှင့် မလှမ်းမကမ်းတွင်. . .

ထိုစဉ် ရွှန်တစ်ယောက် ပိုက်လုံးအပေါက်ဝမှ ဝှီးခနဲထွက်လာ၏။

ဟယ်ရီက. . .

"ငါတို့ဟာ ကျောင်းရဲ့အောက်ဘက် မိုင်ပေါင်းများစွာ နက်တဲ့နေရာမှာ ရောက်နေကြပြီ"

ရွှန်က မှောင်မည်း၍ ရေများစိမ့်ထွက်နေသည့် နံရံပတ်ပတ်လည်ကို မျက်လုံးဝေ့ကြည့်လိုက်ရင်း. . .

"ရေကန်ကြီးရဲ့ အောက်ဘက်ကို ရောက်နေတာဖြစ်နိုင်တယ်"

သူတို့သုံးယောက်သား ရှေ့တည့်တည့်တွင်ရှိသော အမှောင်ထုဆီသို့ မျက်နှာမူလိုက်ကြသည်။ ဟယ်ရီက ဆေးတောင်ဝှေ့ကို. . .

"လူးမို့စ်"

မန်းမှုတ်ပြီး အလင်းထွန်းညှိလိုက်သည်။ ထို့နောက်. . .

"ကဲ. . . လာကြ"

ဟု လော့ဟတ်နှင့် ရွှန်တို့ဘက်သို့ လှည့်ပြောလိုက်ပြီး အမှောင်ထုထဲသို့ တိုးဝင်လာခဲ့ကြတော့သည်။ ရေစပ်စပ်ဝပ်နေသော ကြမ်းပြင်ပေါ်တွင် သူတို့၏ ခြေသံများက ကျယ်လောင်စွာ. . .။

ဥမင်လှိုဏ်ခေါင်းက မှောင်မိုက်လွန်းနေသဖြင့် သူတို့ရှေ့ဝါးတစ်ပြန်အကွာ အဝေးခန့်အထိသာမြင်ရသည်။ နံရံပေါ်တွင် ထင်ဟပ်နေသော သူတို့၏အရိပ်မည်း ကြီးများက ကြောက်မက်ဖွယ်ကောင်းနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့သို့ သတိဖြင့်တရွေ့ရွေ့တိုးလာကြရင်း ဟယ်ရီက. . .

"သတိထားနော်၊ တစ်ခုခုလှုပ်လှုပ်ရှားရှားအသံကြားတာနဲ့ မျက်လုံး[illegible] မှိတ်ပစ်လိုက်"

ဉမင်လှိုဏ်ခေါင်းက ဂူသချိုင်းတစ်ခုလို တိတ်ဆိတ်နေသည်။

တစ်စုံတစ်ခုကျိုးကြေသံကို ဗြုန်းခနဲကြားလိုက်ရ၏။ ရွန်၏ခြေထော[illegible] ကြွက်တစ်ကောင်၏ ဦးခေါင်းခွံရိုးပေါ် တက်နင်းမိခြင်းဖြစ်လေသည်။

ဟယ်ရီက ဆေးတောင်ဝှေးကိုအောက်သို့နှိမ့်လိုက်ပြီး ကြမ်းပြင်ကိုစ[illegible] ကြည့်လိုက်၏။ သတ္တဝါငယ်ကလေးများ၏ သက်မဲ့ရုပ်ကြွင်းအရိုးအစအန[illegible] ပြန့်ကျဲနေသည်။ ဂျင်းနီတစ်ယောက် ဘယ်ဘဝရောက်နေပြီလဲဟု မတွေးမိအော[illegible] မနည်းကြိုးစားလိုက်ရ၏။ ဟယ်ရီက ရှေ့ဆုံးမှဦးဆောင်လာရင်း ဉမင်လှိုဏ်ခေ[illegible] တစ်ခုကိုချိုးဝင်လိုက်ချိန်၌. . .

"ဟော့ကောင် ဟယ်ရီ၊ ဟိုရှေ့မှာ တစ်ခုခုရှိနေတယ်"

ဟု ရွန်ကဟယ်ရီ၏ ပုခုံးကိုလှမ်းဆွဲရင်းပြောလိုက်၏။

သူတို့ တောင့်တောင့်ကြီးရပ်သွားပြီး အခြေအနေကိုအကဲခတ်လို[illegible] သည်။ လွန်စွာကြီးမားတွန့်လိမ်ကောက်ကွေးနေသည့် တစ်စုံတစ်ရာ၏ ပုံသ[illegible] သည် ဉမင်လှိုဏ်ခေါင်းကို ကန့်လန့်ဖြတ်လဲလျောင်းနေသည်။ ထိုသဏ္ဌာန်က[illegible] မယှက် . . . ။

"အိပ်ပျော်နေတာ ဖြစ်မယ်ကွ"

ဟယ်ရီက အခြားနှစ်ယောက်ဘက်သို့ ခေါင်းငဲ့ကြည့်ရင်း လေသံဖြင့်[illegible] လိုက်သည်။ လော့ဟတ်ကတော့ မျက်လုံးအစုံကို လက်ဖြင့်အုပ်ထားသည်[illegible] က ထိုသဏ္ဌာန်ကို ထပ်ကြည့်လိုက်၏။ သူ့နှလုံးသားသည် တဝုန်းဝုန်းခုန်[illegible] သောကြောင့် နာကျင်လာ၏။



ဟယ်ရီက သူ့ဆေးတောင်ဝှေးကို မြှောက်ရင်းထိုသဏ္ဌာန်ရှိရာဆီသို့ ဖြည်းဖြည်းချင်း တရွေ့ရွေ့တိုးခဲ့၏။ သူ့မျက်လုံးများကို အတတ်နိုင်ဆုံးမှေးထားသည်။

အလင်းရောင်က လွန်စွာကြီးမားလှသော မြွေကြီး၏ အစိမ်းပုတ်ရောင် အရေခွံပေါ်သို့ ကျသွားသည်။ မြွေကြီး၏အလျားက အနည်းဆုံးပေနှစ်ဆယ်တော့ ရှိမည်ဟု တွက်ဆ၍ရ၏။ စင်စစ်ထိုအရာကား အရေခွံလဲထားသော မြွေကြီး၏ ကြွင်းကျန်ရစ်သည့် အရေခွံဟောင်းတစ်ခုပင်ဖြစ်သည်။ ထိုအရေခွံကြီးက ဉမင်လှိုဏ်ခေါင်းကြမ်းပြင်ကို ကန့်လန့်ဖြတ်၍ ပုံလျက်သားကျနေသည်။ ရွန်က. . .

"အရေးထဲမှပဲကွာ၊ လန့်ပါတယ်ဆိုနေမှ"

ထိုစဉ် သူတို့၏နောက်ဘက်ဆီမှ ရုတ်တရက်လှုပ်ရှားမှုတစ်ခုကို သတိပြု လိုက်မိသဖြင့် လှည့်ကြည့်လိုက်ကြ၏။ ဝပ်တွားနေသောလော့ဟတ်ပင်ဖြစ်သည်။

ရွန်က. . .

"ထစမ်း. . ."

ဟု ဆေးတောင်ဝှေးဖြင့်ချိန်ရင်း အမိန့်ပေးလိုက်၏။ လော့ဟတ်က တစ်ဖြည်းဖြည်းချင်းကုန်း၍ ထလာ၏။ ထို့နောက်ရုတ်တရက် ရွန့်အပေါ်သို့လွှား ခနဲခုန်အုပ်လိုက်၏။ ရွန်ကကြမ်းပြင်ပေါ် ပစ်လဲကျသွားသည်။

ဟယ်ရီက ရှေ့သို့ခုန်ထွက်လိုက်၏။ သို့ရာတွင်များစွာနောက်ကျ သွားလေပြီ၊ လော့ဟတ်က ရွန့်လက်ထဲမှ လွတ်ကျသွားသော ဆေးတောင်ဝှေးကိုကောက်ယူကာ သူတို့နှစ်ယောက်ကိုချိန်ထားသည်။

လော့ဟတ်က ခပ်ထေ့ထေ့အပြုံးတစ်ခုဖြင့်. . .

"မင်းတို့ရဲ့ စွန့်စားခန်းက ဒီမှာနိဂုံးချုပ်သွားပြီကလေးတို့၊ ဟောသည့်မြွေ အရေခွံကြီးကိုယူပြီး ငါကျောင်းပေါ်ကိုပြန်သွားမယ်။ ငါအရောက်နောက်ကျသွား လို့ ဂျင်းနီရဲ့အသက်ကို မကယ်လိုက်နိုင်ဘူးလို့ ပြောပြမယ်။ ပြီးတော့မင်းတို့နှစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ခမျာလည်း ဂျင်းနီရဲ့အလောင်းကိုမြင်လိုက်ရလို့ စိတ်ထိခိုက်တာနဲ့ နှ လုံးကြောင်ကြောင်ဖြစ်ပြီး အတိတ်မေ့သွားတယ်လို့ ပြောပြလိုက်ရုံပေါ့၊ ကဲ. . မင်း တို့ရဲ့မှတ်ဉာဏ်တွေအတွက် ဘုရားသခင်ကို တလိုက်ကြပေတော့. . ."

လော့ဟတ်က ပြောပြောဆိုဆိုဖြင့် ပလာစတာအထပ်ထပ်ရစ်ပတ်စည်း နှောင်ထားသော ဆေးတောင်ဝှေးကို ကိုင်မြှောက်လိုက်ပြီး. . .

"အိုဗလီဗီရိတ်"

ဆေးတောင်ဝှေးက ဝုန်းခနဲမြည်ဟီးပေါက်ကွဲသွားသည်။ ဟယ်ရီက သူ့လက် မောင်းများကို မြှောက်၍ဦးခေါင်းကိုကာကွယ်ရင်း ထွက်အပြေးမြေအရေခွံကြီးပေါ် ခြေချော်ပြီးလဲကျသွား၏။ ပေါက်ကွဲအားကြောင့် ဥမင်လှိုဏ်ခေါင်းမျက်နှာကျက်မှ ကျောက်တုံးများ ကြမ်းပြင်ပေါ် တဝုန်းဒုန်းပြိုကျလာသည်။

နောက်တစ်ခဏအတွင်း ဟယ်ရီတစ်ယောက်တည်း ထီးတည်းရပ်နေရင်း သူ့နောက်ဘက် ဥမင်လှိုဏ်ခေါင်းတစ်ခုလုံးအပြည့် ကျောက်တုံးများက နံရံတစ်ခု သဖွယ်ပိတ်ဆို့ကာဆီးလိုက်ပြီဖြစ်ကြောင်း တွေ့လိုက်ရလေတော့သည်။ သူကအော် မေးလိုက်သည်။

"ရွန်ရေ. . ဟေ့ ရွန်. . မင်းဘယ့်နှယ်နေလဲ"

ကာဆီးထားသော ကျောက်တုံးပုံကြီးတစ်ဘက်ဆီမှ ရွန်၏အသံကိုကြားရ သည်။

"ငါ ဒီဖက်မှာကွ၊ ဘာမှမဖြစ်ဘူး၊ ဒါပေမယ့် ဟိုငနဲကြီးတော့ မရှုမလှဘဲ ဆေးတောင်ဝှေးက သူ့ကိုပြန်ထိသွားတယ်"

တစ်ဘက်ဆီမှ ဘုတ်ခနဲမြည်သံကြားရပြီး 'အား'ခနဲ အော်လိုက်သည့်အသံ ထွက်ပေါ်လာသည်။ ကြည့်ရသည်မှာ ရွန်ကလော့ဟတ်၏ ညို့သကျည်းဆီ ပိတ်ကန်လိုက်ပုံရ၏။ ထို့နောက် ရွန်က. . .



"ကဲ. . . ဘယ်လိုလုပ်ကြမလဲ၊ ငါတို့ဖြတ်သွားလို့မရတော့ဘူး"

ဟယ်ရီ ဥမင်လှိုဏ်ခေါင်း၏ မျက်နှာကျက်ဆီသို့ မော့ကြည့်လိုက်၏။ ကြီး မားသော အက်ကွဲကြောင်းကြီးကို မြင်ရလေသည်။ အုတ်ပုံ၏ အခြားတစ်ဘက်ဆီ မှ ထိုးကြိတ်ကန်ကျောက်သံနှင့် လော့ဟတ်၏အော်သံတို့ကို ကြားရ၏။ သူတို့အချိန် တွေဖြုန်းရာရောက်နေပေပြီ။ ယခုဆိုလျှင် ဂျင်းနီတစ်ယောက် မိစ္ဆာခန်းဆောင်ထဲ ရောက်နေသည်မှာ နာရီပေါင်းများစွာ ကြာမြင့်လှပေပြီ။ လုပ်စရာတစ်နည်းပဲရှိ တော့သည်ဟု ဟယ်ရီသိလိုက်၏။ သူကရွန့်ကိုလှမ်းခေါ်လိုက်ပြီး. . .

"ရွန်. . . မင်းအဲဒီမှာပဲ လော့ဟတ်နဲ့အတူစောင့်နေ၊ ငါရှေ့ဆက်ဝင်သွား မယ်၊ တကယ်လို့တစ်နာရီအတွင်း ငါပြန်မလာဘူးဆိုရင်. . ."

လေးနက်စွာ တိတ်ဆိတ်ငြိမ်သက်သွားသည်။

ရွန်က အသံကိုတည်ငြိမ်အောင်ကြိုးစားရင်း. . .

"ဒီအုတ်ပုံကြီးထဲက ကျောက်တုံးပဲ့တွေကို ငါကြိုးစားပြီးဖယ်ထုတ်ကြည့်မယ်၊ ဒါမှ မင်းပြန်. . . ပြန်လာလို့ရမှာပေါ့၊ ပြီးတော့ ဟယ်ရီ. . ."

ဟယ်ရီက သူ့ကိုယ်သူယုံကြည်စိတ်ကို အားတင်းမွေးယူလိုက်ရင်း. . .

"ခဏနေရင်ပြန်တွေ့မယ်"

မြွေနဂါးကြီး၏ အရေခွံကိုနင်းဖြတ်လျှက် ရှေ့ဆက်လျှောက်လာခဲ့တော့ သည်။

အတော်လှမ်းလှမ်းသို့ လျှောက်မိသောအခါ ကျောက်တုံးများကို ရွန်ဖယ်ရှား နေသည့်အသံက တဖြည်းဖြည်းဝေး၍ဝေး၍ ကျန်ခဲ့လေသည်။ ဥမင်လှိုဏ်ခေါင်း ကတော့ ကွေ့ချည်ကောက်ချည်ဖြင့်. . .။

ဟယ်ရီ၏ခန္ဓာကိုယ်ထဲတွင်ရှိသော အာရုံကြောတွေအားလုံး တဆစ်ဆစ်

www.burmeseclassic.com

www.burmeseclassic.com



နာကျင်နေသည်။ သူဥမင်လှိုဏ်ခေါင်း၏ အဆုံးသို့ရောက်ချင်လှပြီ။ သို့သော် ထိုနေရာသို့ ရောက်သွားသည့်အခါ မြင်တွေ့ရမည့်အရာကိုလည်း သူကြောက်နေမိ၏။

နောက်ဆုံးဥမင်ကွေ့တစ်နေရာကို သူလွန်လိုက်မိသည့်အခါ သူ့ရှေ့တွင် ကျောက်သားနံရံကြီး ပိတ်ဆို့ကာဆီးထားသည်ကို တွေ့လိုက်ရ၏။ ထိုနံရံပေါ်တွင် လွန်စွာကြီးမားသော မြွေကြီးနှစ်ကောင်လိမ်ပတ်နေသည့်ပုံကို ထွင်းထုထားသည်။ မြွေကြီး၏မျက်လုံးနေရာများတွင် အရောင်တဖျတ်ဖျတ်လက်နေသည့် မြနှစ်လုံးကိုမြှုပ်ထား၏။

ဟယ်ရီက ကျောက်သားနံရံရှိရာဆီသို့ တဖြည်းဖြည်းချဉ်းကပ်လာခဲ့သည်။ သူ့လည်ချောင်းတွေ ခြောက်ကပ်နေကြ၏။ ထိုနံရံပေါ်မှ မြွေရုပ်ကြီးများကို တကယ့် မြွေပမာစိတ်ထဲမှထင်မှတ်လာအောင် ကြိုးစား၍ အာရုံယူကြည့်နေဖို့ ပင်မလိုတော့ချေ။ ထိုမြွေရုပ်တို့၏ မျက်လုံးများကထူးဆန်းစွာ အသက်ဝင်နေကြသည်မဟုတ်ပါလား။

ဟယ်ရီက ချောင်းဟန့်၍ လည်ချောင်းတစ်ချက်ရှင်းလိုက်သည်။ မြွေတို့၏ မြစိမ်းမျက်လုံးများက တဖျတ်ဖျတ်လက်သွားကြ၏။

ဟယ်ရီက. . .

"ပွင့်စေ"

ဟု ပြောလိုက်သည်။ သူ့ပါးစပ်ထဲမှ မြွေစကားသံ တရှီးရှီးထွက်ပေါ်လာ၏။

နံရံပေါ်မှ မြွေနှစ်ကောင်သည် လိမ်ပတ်ထားရာမှ ခွါလိုက်ကြပြီး ပွင့်သွားသည့်တံခါးရွက်နှစ်ခြမ်းသည် မြင်ကွင်းထဲမှ လျှောခနဲပျောက်ကွယ်သွားသည်။

ဟယ်ရီသည် ဆံစပ်မှခြေဖျားအထိ တစ်ကိုယ်လုံးတုန်လှုပ်နေလျှက်ကပင် မိစ္ဆာခန်းဆောင်ထဲသို့ ဝင်လိုက်လေတော့သည်။

❑

## အခန်း (၁၇)

## မိစ္ဆာတရားခံ

www.burmeseclassic.com

www.burmeseclassic.com

ဟယ်ရီသည် ရှည်လျား၍ အလင်းသဲ့သဲ့ရှိသော မိစ္ဆာခန်းဆောင်၏ အဆုံးတွင်ရပ်လျှောက်။ ကျောက်သားတိုင်လုံးများတွင် ရစ်ပတ်နေသော မြွေရုပ်ပေါင်းများစွာကိုထုဆစ်ထား၏။ တိုင်လုံးများက မြင့်မားလှသောကြောင့် မျက်နှာကျက်သည် အမှောင်ထဲတွင် ပျောက်နေပြီး အခန်းတစ်ခုလုံးကို ဖုံးလွှမ်းထားသည့် အစိမ်းရောင်မှိုင်းငွေ့များကြားတွင် ရှည်လျားမည်းမှောင်သော အရိပ်ကြီးများကျနေလေသည်။

ဟယ်ရီ၏ နှလုံးခုန်သံသည် တစ်ဖျတ်ဖျတ်မြန်ဆန်တုန်ခါလာ၏။ အေးစက်သောတိတ်ဆိတ်မှုဆီသို့ သူနားစွင့်ကြည့်နေလိုက်သည်။ ကျောက်သားတိုင်လုံးကြီးများနောက်ကွယ် အမှောင်ရိပ်ထဲမှနေ၍ မြွေနဂါးကြီးများ ထွက်လာလေမလား. .၊ ချင်းနီကရော ဘယ်ကိုရောက်နေပြီနည်း။

ဟယ်ရီက ဆေးတောင်ဝှေးကို ဆွဲထုတ်လိုက်ပြီး ရှေ့သို့တိုးခဲ့သည်။ သတိကြီးစွာထား၍ လှမ်းလိုက်သောသူ၏ခြေသံတိုင်းသည် နံရံများဆီမှ ပဲ့တင်ထပ်သံပြန်သာ၏။ ဟယ်ရီက တစ်စုံတစ်ရာ လှုပ်လှုပ်ရှားရှားဖြစ်သည့် အရိပ်လက္ခဏာမြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် သူ့မျက်လုံးအစုံကို မှိတ်ပစ်လိုက်ရန် အသင့်ပြင်ထား၏၊ ကျောက်သားမြွေရုပ်များ၏ မျက်လုံးတို့သည် သူသွားရာနောက်ကို တကောက်ကောက်လိုက်ကြည့်နေသည်ဟု ခံစားရ၏။

www.burmeseclassic.com



နောက်ဆုံး တိုင်လုံးနှစ်တိုင်ကြားသို့ ဟယ်ရီရောက်သောအခါတွင် ဆေ ဆောင်မျက်နှာကျက်အထိ မြင့်မားသောရုပ်ထုကြီးတစ်ခုက နံရံကိုမှီရပ်လျ ဘွားခနဲပေါ်လာ၏။

ရုပ်တုကြီး၏ ကြီးမားသောမျက်နှာဆီသို့ ဟယ်ရီမော့ကြည့်လိုက်သည်။ ဟောင်းလက်ရာဖြစ်ပြီး မျောက်မျက်နှာနှင့်ဆင်ဆင်တူနေ၏။ မုတ်ဆိတ်မွေး က ပါးလျားပြီးမော်ဝတ်ရုံအောက်နားရောက်သည်အထိပင်ရှည်လျားသည်။ ကြီး လှသောမီးခိုးရောင် ခြေထောက်အစုံက ချောမွတ်ပြောင်လက်နေသည့် ခန်းဆေ ရင်ပြင်ပေါ်တွင် မားမားရပ်နေ၏။ ထိုရုပ်ထုခြေထောက်နှစ်ဘက်ကြားတွင် အနက်ရောင်ဝတ်ရုံဝတ်ဆင်ထားပြီး မှောက်လျှက်လဲကျနေသော လူသဏ္ဌာန် သေးကွေးကွေးတစ်ခု. . .၊ မီးတောက်လိုနီရဲနေသည့် ဆံပင်များနှင့် . . .။

"ဂျင်းနီ"

ဟယ်ရီက အော်ဟစ်ရင်း ပြေးသွားလိုက်ပြီး သူမအနီးတွင် ဒူးထောက် ချကာပွေ့ချီလိုက်သည်။

"ဂျင်းနီ၊ မင်းမသေရဘူး၊ ကျေးဇူးပြုပြီး မသေပါနဲ့ကွယ်"

သူက ဆေးတောင်ဝှေးကို ဘေးသို့ချထားလိုက်ပြီး ဂျင်းနီ၏ပုခုံးနှစ်ဘက် ဆုပ်ကိုင်ကာ မျက်နှာကိုဆွဲလှန်လိုက်သည်။ သူမ၏မျက်နှာက ကျောက်ဆစ် လိုဖြူဖွေးပြီး အေးစက်နေ၏။ မျက်လုံးများကတော့ ပိတ်လျှက်သား။ ထိုသို့ဆို သူမသည် ကျောက်ရုပ်ဖြစ်အောင် ပြုစားခံထားရခြင်းမဟုတ်သေး။ သို့သေ အတိုင်းဆိုလျှင်ဖြင့်. . .။

"ဂျင်းနီ. . . သတိရလိုက်စမ်းပါ ဂျင်းနီရယ်"

ဟယ်ရီက ရေရွတ်ရင်း အကြိမ်ကြိမ်လှုပ်နှိုးနေမိသည်။ သို့ရာတွင် ဂျင်းနီ ဦးခေါင်းကား ငိုက်စိုက်ကျလျှက် ယော့ခွေနေ၏။

"သူသတိရလာတော့မှာ မဟုတ်ဘူး"



နူးညံ့သောအသံတစ်သံက ပြောလိုက်ခြင်းပင်။ ဟယ်ရီက ဝုန်းခနဲခုန်ထပြီး သည့်ကြည့်လိုက်၏။

အရပ်ရှည်ရှည်နှင့် ဆံပင်အနက်ရောင်ရှိသော လူငယ်တစ်ယောက်သည် ိုင်တစ်တိုင်ကိုမှီရင်း သူ့ကိုရပ်ကြည့်နေလေသည်။ ထိုသူ့ကိုကြည့်ရသည်မှာ မှုန်းတွေ ပိတ်နေသောပြတင်းပေါက်တစ်ပေါက်ကိုဖြတ်၍ ကြည့်ရသလိုမျိုး၊ ထိုလူငယ်၏ခန္ဓာကိုယ်အနားသတ်ကောက်ကြောင်းများက ဝိုးတဝါးဖြစ်နေ၏။ သို့သော် လူမှားစရာအကြောင်းတော့မရှိပါ။

"တွမ်. . . တွမ်. . ရစ်ဒယ်မဟုတ်လား. . ."

ရစ်ဒယ်က ခေါင်းညိတ်ပြလိုက်၏။ သူ့မျက်လုံးများကိုမူ ဟယ်ရီ့မျက်နှာပေါ် မှမခွါ။ ဟယ်ရီက. . .

"ခင်ဗျားဘာပြောလိုက်တာလဲ ရစ်ဒယ်၊ သူဘာဖြစ်လို့ သတိမရ ရမှာလဲ၊ သူ. . . သူ. . ."

"သူမသေသေးပါဘူး၊ အသက်ရှိနေပါသေးတယ်၊ မေ့ရုံလေးမေ့နေတာပါ"

ဟု ရစ်ဒယ်ကပြောလိုက်သည်။ ဟယ်ရီက ရစ်ဒယ်ကို စိုက်ကြည့်လိုက်၏။ တွမ်ရစ်ဒယ်ဆိုသူမှာ လွန်ခဲ့သောနှစ်ငါးဆယ်က ဟော့ဝပ်ကျောင်းတွင် ရှိသွားခဲ့ ူသူဖြစ်၏။ သို့သော် ယခုလည်း ဒီနေရာမှာပင် သူရပ်နေပြန်လေသည်။ သူ့ရုပ် ည်က အသက်ဆယ့်ခြောက်နှစ်သားလောက်သာ ရှိသေး၏။ သူ့တစ်ကိုယ်လုံးတွင် ထူးဆန်းသောအဖြူရောင်မြူငွေ့လိုအလင်းပါးပါးတစ်ခု တောက်ပနေ၏။

ဟယ်ရီက မေးလိုက်သည်။

"ခင်ဗျားက တစ္ဆေလား. . ."

"တစ္ဆေမဟုတ်ပါဘူး၊ မှတ်ဉာဏ်ရုပ်ပုံလွှာတစ်ခုပါ၊ လွန်ခဲ့တဲ့နှစ်ငါးဆယ် လောက်က ဒိုင်ယာရီထဲမှာ ထည့်သွင်းမှတ်သားထားတဲ့ ရုပ်ပုံအတိုင်း မြင်နေရ တာပေါ့"

www.burmeseclassic.com



သူက ရုပ်တုကြီး၏ ကြီးမားသောခြေချောင်းများအနီးရှိ တစ်စုံတစ်ရာကို ညွှန်ပြလိုက်သည်။ အနက်ရောင်ဒိုင်ယာရီကလေး. . .။ ငိုချင်းသည်သခင်မာရတယ်၏ အိမ်သာထဲမှ သူကောက်ရခဲ့သော ဒိုင်ယာရီစာအုပ်ကလေးပင်ဖြစ်လေသည်။ ဒီနေရာကို ဘယ်လိုလုပ်ပြီး ရောက်နေတာပါလိမ့်ဟု ဟယ်ရီတွေးလို့မမိသေး၏။ သို့ရာတွင် ကြာကြာမတွေးအား။ သူ့မှာဒီထက်အရေးကြီးတာတွေ စဉ်းစားစရာတစ်ပုံကြီးရှိသေး၏။

ဟယ်ရီက ဂျင်းနီ၏ ဦးခေါင်းကိုပွေ့ထူလိုက်ရင်း. . .

"တွမ်. . . ငါ့ကိုကူပါဦး၊ ငါတို့ဒီမိန်းကလေးကို အပြင်ခေါ်ထုတ်သွားမှဖြစ်မယ်၊ ဒီနေရာမှာ မြွေနဂါးကြီးရှိတယ်၊ ဘယ်နေရာမှာရှိသလဲတော့ ငါလည်းမသိဘူး၊ ဒါပေမယ့် ဒီကိုအချိန်မရွေး ရောက်လာနိုင်တယ်၊ ကဲ. . လုပ်ပါတွမ်၊ ကျေးဇူးပြုပြီးငါ့ကိုကူစမ်းပါ"

ရစ်ဒယ်က တုပ်တုပ်မျှမလှုပ်၊ ဟယ်ရီက ဂျင်းနီကိုပွေ့ချီဖို့ကြိုးစားရင်း ချွေးပြိုက်ပြိုက်ကျလာသည်။ ဟယ်ရီက ချထားသော သူ့ဆေးတောင်ဝှေးကိုကောက်ယူရန်ကြည့်လိုက်၏။ သို့သော် သူ့ဆေးတောင်ဝှေးကား မရှိတော့။

ဟယ်ရီက. . .

"တွမ်. . . ငါ့ဆေးတောင်ဝှေးကို မြင်မိသေး. . ."

ရစ်ဒယ်က သူ့ကိုစိုက်ကြည့်နေဆဲပင်ရှိသေးသည်။ သူ၏လက်ချောင်းများအကြားတွင်တော့ ဟယ်ရီ၏ဆေးတောင်ဝှေးကို လှည့်ပတ်ဆော့ကစားလျှက်. . .။

"ကျေးဇူးပဲ"

ဟု ဟယ်ရီက ပြောရင်းသူ့ဆေးတောင်ဝှေးကို ပြန်ယူရန်လက်လှမ်းလိုက်သည်။

ရစ်ဒယ်၏ နှုတ်ခမ်းထောင့်တွင် အပြုံးတစ်ချက်ပေါ်လာ၏။ သူကဆေးတောင်ဝှေးကို လှည့်ပတ်ကစားနေရင်း ဟယ်ရီ့ကိုစိုက်ကြည့်နေဆဲပင်ရှိသေး၏။



ဟယ်ရီ့ဒူးတွေက ဂျင်းနီ၏ကိုယ်အလေးချိန်ကို ထမ်းထားရသောကြောင့် တဆတ်ဆတ်တုန်လာ၏။ သူက ရေးကြီးသုတ်ပျာပြောလိုက်သည်။

"နားထောင်စမ်း. . . ငါတို့သွားမှဖြစ်မယ်။ မြွေနဂါးကြီးလာရင်. . ."

"မခေါ်မချင်းတော့ လာဦးမှာမဟုတ်ပါဘူးလေ"

ဂျင်းနီကိုဆက်လက်ထမ်းမထားနိုင်တော့သောကြောင့် ဟယ်ရီက သူမကို ကြမ်းပြင်ပေါ်ပြန်ချထားလိုက်ရ၏။ ဟယ်ရီက. . .

"မင်းဘာတွေ လျှောက်ပြောနေတာလဲတွမ်. . ကိုင်း. . ငါ့ဆေးတောင်ဝှေး ပြန်ပေးစမ်းပါဦး၊ ငါအသုံးလိုတယ်ကွ"

ရစ်ဒယ်၏အပြုံးက စောစောကထက်ပို၍ သိသာလာသည်။ သူက. . .

"မင်း အသုံးလိုတော့မှာ မဟုတ်ပါဘူးကွာ"

ဟယ်ရီက သူ့ကိုစိုက်ကြည့်လိုက်သည်။

"မင်းဘာတွေပြောနေတာလဲ၊ ငါတော့နားမလည်. . ."

"ဒီအခြေအနေရောက်လာအောင် ငါစောင့်ခဲ့ရတာကြာလှပြီ ဟယ်ရီပေါ်တာ၊ မင်းနဲ့မျက်နှာချင်းဆိုင်တွေ့ရဖို့၊ မင်းနဲ့စကားပြောခွင့်ရဖို့. . ."

ဟယ်ရီစိတ်မရှည်တော့. . .။

"ကဲ. . လောလောဆယ်တော့ အဲဒီအခွင့်အရေးဆိုတာတွေကို ဘေးချိတ်ထားလိုက်စမ်းကွာ၊ ငါတို့အခု မိစ္ဆာခန်းဆောင်ထဲမှာရောက်နေတာကွ၊ စကားပြောချင်ရင်နောက်မှပြောကြမယ်"

"အခုပြောမှကို ဖြစ်မှာကွ"

ရစ်ဒယ်ကပြုံးရင်း ဟယ်ရီ၏ဆေးတောင်ဝှေးကို သူ့အိတ်ထဲသို့ ထည့်လိုက်၏။ ဟယ်ရီက သူ့ကိုစိုက်ကြည့်လိုက်သည်။ တစ်ခုခုတော့မှားယွင်းနေလေပြီ။

ဟယ်ရီက တစ်လုံးချင်းမေးလိုက်၏။

"ဘယ်လိုလုပ်ပြီး ဂျင်းနီ ဟောဒီလိုဖြစ်သွားရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ရစ်ဒယ်က. . .

"အင်း. . . စိတ်ဝင်စားစရာကောင်းတဲ့ မေးခွန်းပါပဲ၊ ပြောရရင်တော့ အရှည်ကြီးပေါ့ဟယ်ရီရာ၊ ဂျင်းနီဝီစလေဘာကြောင့် ဒီလိုဖြစ်သွားရတာလဲဆိုတဲ့ အကြောင်းရင်းကတော့ ဒီကလေးမလေးဟာ သူမရဲ့ခံစားချက်တွေ၊ သူမရဲ့စိတ်ထဲ ကလျှို့ဝှက်ချက်တွေအားလုံးကို မမြင်ရတဲ့လူစိမ်းတစ်ယောက်ဆီ အိတ်သွန်ဖာ မှောက် ရင်ဖွင့်ပြောပြလိုက်မိလို့ပဲ"

ဟယ်ရီက. . .

"မမြင်ရတဲ့လူစိမ်းဆိုတာ ဘယ်သူလဲ"

ဟု မေးလိုက်၏။ ရစ်ဒယ်က. . .

"ဒိုင်ယာရီစာအုပ်လေ၊ ငါ့ဒိုင်ယာရီစာအုပ်ပေါ့၊ ဂျင်းနီဟာ ငါ့ဒိုင်ယာရီစာ အုပ်ထဲမှာ လပေါင်းများစွာကြာအောင် ရေးခဲ့တယ်၊ ငါ့ကို သူမရဲ့ဒုက္ခတွေ၊ သောက တွေအကြောင်းပြောပြခဲ့တယ်။ သူ့ရဲ့အစ်ကိုတွေက သူ့ကိုစတဲ့အကြောင်း၊ တစ်ပတ်ရစ် နှမ်းဝတ်စုံတွေ၊ စာအုပ်တွေနဲ့ကျောင်းလာတက်ရတဲ့အကြောင်း၊ ပြီးတော့ နာမည်ကျော်ဟယ်ရီပေါ်တာက သူ့ကို သဘောကျပုံမရဘူးလို့ထင်တဲ့အကြောင်းတွေပေါ့"

ထိုသို့ပြောနေသည့်တစ်ချိန်လုံး ရစ်ဒယ်၏မျက်လုံးများက ဟယ်ရီ့ထံမှခွါ၍ သူ့မျက်လုံးများထဲတွင် သွေးဆာသည့်အကြည့်. . .။ ရစ်ဒယ်ကဆက်၍. . .

"သိပ်ကိုပျင်းဖို့ကောင်းတယ်ကွာ၊ ဆယ့်တစ်နှစ်သမီးကောင်မလေးတစ် ယောက်ရဲ့ ဘာမဟုတ်တဲ့ကိစ္စလေးတွေကို ရေးကြီးခွင်ကျယ်လုပ်ပြီး နားထောင် ပေးနေရတာငြီးငွေ့စရာကြီး၊ ဒါပေမယ့် ငါစိတ်ရှည်သည်းခံခဲ့ပါတယ်။ သူ့အပေါ် စာနာတဲ့၊ ကြင်နာတဲ့ စာသားတွေ ငါပြန်ရေးပေးခဲ့တယ်။ ဒါနဲ့ပဲဂျင်းနီဟာ ငါ့ကို ချစ်ခင်စွဲလန်းသွားရော၊ 'ရှင့်လောက်ကျွန်မကို နားလည်ပေးနိုင်တဲ့သူ တစ်ယောက် မှမရှိဘူးတွမ်. . ကျွန်မ ဒီဒိုင်ယာရီစာအုပ်လေးကိုရဘာ သိပ်ဝမ်းသာတယ်၊ သူနား



လေရာမှာ အိတ်ထဲထည့်ခေါ်သွားနိုင်တဲ့ မိတ်ဆွေကောင်းတစ်ဦးကို ရလိုက်သလို မျိုးပဲ' တဲ့. . ."

ရစ်ဒယ်ကပြောရင်း ရယ်မောလိုက်သည်။ အေးစက်မာကျောသည့်ရယ်သံ ကြီးဖြစ်သောကြောင့် ဟယ်ရီ့လည်ကုပ်ပေါ်မှ အမွေးများပင် ထောင်ထလာကြ၏။

"ငါ့အကြောင်းပြောပြထားရဦးမယ်ဟယ်ရီ၊ ငါကငါ့အတွက်လိုအပ်တဲ့ သူတွေကို အချိန်မရွေးပြုစားနိုင်တယ်။ ဒါကြောင့် ဂျင်းနီဟာ သူ့ရဲ့ဝိဉာဉ်ကိုငါ့ဆီ မှာပုံအပ်ခဲ့တာပဲ၊ သူမရဲ့ဝိဉာဉ်ကို ငါလိုသလိုထိန်းချုပ်နိုင်းစေလာနိုင်ခဲ့တယ်။ သူမရဲ့ စိတ်ဝိဉာဉ်ထဲက ကြောက်ရွံ့မှုတွေ၊ လျှို့ဝှက်ချက်တွေကို စားသုံးပြီး ငါ့ရဲ့ဝိဉာဉ်ဟာ အင်အားကြီးမားလာခဲ့တယ်။ လုံလောက်တဲ့စွမ်းပကားနဲ့ ပြည့်စုံတဲ့တစ်နေ့မှာ ဒီကောင်မလေးကို ငါ့လျှို့ဝှက်ချက်တွေထဲက တစ်စွန်းတစ်စထုတ်ပြီး အသိပေးခဲ့ တယ်။ ငါ့ရဲ့ဝိဉာဉ်ကို သူမဆီပြန်ပြီးပူးကပ်ရှင်သန်စေခဲ့တယ်"

"မင်းဘာပြောတယ်"

ဟယ်ရီ့အာခေါင်တွေ ခြောက်ကပ်လာ၏။ ရစ်ဒယ်က နူးညံ့စွာဖြင့် -

"မင်း ခုချိန်ထိ ဇာတ်ရည်မလည်သေးဘူးလား၊ မီစ္ဆာခန်းဆောင်ကို ဖွင့်တဲ့ သူဟာ ဂျင်းနီပဲလေ၊ ကျောင်းမှာရှိတဲ့ ကြက်တွေကို လည်ပင်းညှစ်သတ်ခဲ့တာလဲ သူပဲ၊ နံရံပေါ်မှာ ခြိမ်းခြောက်စာရေးခဲ့တာလဲသူပဲ၊ မျိုးမစစ်လေးယောက်ကို စလီ သရင်မြွေနဂါးကြီးနဲ့ တွေ့ပေးခဲ့တာလဲ သူပဲ"

"မဖြစ်နိုင်ဘူး. . . "

"တကယ်ဖြစ်ခဲ့တာ ဟယ်ရီ၊ ကောင်မလေးကတော့ သူ့ကိုယ်သူ ဘာလုပ် လို့လုပ်မိမှန်းတောင် အစကသိတာမဟုတ်ဘူး၊ သိပ်ရယ်ရတယ်ကွာ၊ သူ့ဒိုင်ယာရီ ထဲမှာ ငါ့ကိုတိုင်ပင်လာတာ မင်းမြင်စေ့ချင်တယ်၊ သူရေးတာက ဒီလို. . . 'တွမ်ရေ' တဲ့. . .၊

'ကျွန်မကတော့ သတိတွေချွတ်ယွင်းကုန်ပြီထင်တာပဲ၊ ကျွန်မဝတ်ရုံတွေအား

www.burmeseclassic.com

www.burmeseclassic.com



လုံးမှာ ကြက်မွေးတွေပေပွနေတယ်၊ ဘယ်လိုလုပ်ပြီး ကြက်မွေးတွေရောက်လာသလဲတော့ မသိဘူး။'

'တွမ်ရေ. . ဟယ်လိုဝိန်းပွဲတော်ညက ကျွန်မဘာတွေလုပ်ခဲ့သလဲဆိုတာ မမှတ်မိတော့ဘူး၊ ဒါပေမယ့် ကြောင်တစ်ကောင်တိုက်ခိုက်ခံခဲ့ရသတဲ့၊ ကျွန်မထဘီ ရှုံ့ရှေ့ပိုင်းမှာလည်း သွေးတွေပေနေတယ်။'

'တွမ်ရေ. . ပါစီက ကျွန်မကိုအမြဲပြောပြောနေတယ်၊ ကျွန်မကိုကြည့်ရတာ မြူဖတ်ဖြူရော်နဲ့၊ အရင်ကလိုမဟုတ်တော့ဘူးတဲ့၊ သူကျွန်မကို သံသယဖြစ်နေပုံရ တယ်၊ ဒီနေ့နေ့ခင်းကထပ်တိုက်ခိုက်မှုတစ်ခု ဖြစ်ပြန်ပြီ။ အဲဒီဖြစ်ပွားချိန်တုန်းက ကျွန်မ ဘယ်ရောက်နေသလဲဆိုတာ ကိုယ့်ကိုယ်ကိုလည်းမသိဘူး၊ တွမ်ရေ. . ကျွန်မဘာလုပ်ရမလဲ၊ ကျွန်မတော့ ရူးတော့မယ်ထင်ပါရဲ့. . .၊ ကျောင်းမှာဖြစ်နေ တဲ့ တိုက်ခိုက်မှုတွေရဲ့လက်သည်တရားခံဟာ ကျွန်မများလားလို့ ကိုယ့်ကိုယ် ကိုထင်နေတယ်' တဲ့. . ."

ဟယ်ရီက လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။ လက်သည်းများပင် သူ့လက်ဖဝါးထဲသို့ စိုက်ဝင်နေကြ၏။ ရစ်ဒယ်က ဆက်ပြောသည်။

"ဂျင်းနီဟာ ငါ့ဒိုင်ယာရီကို တော်တော်နဲ့ အယုံအကြည်မပျက်ခဲ့ဘူး။ ဒါပေမယ့်နောက်ဆုံးတော့ သူသံသယဝင်လာပြီး စာအုပ်ကိုလွှင့်ပစ်ဖို့ကြိုးစားတယ်။ အဲဒီမှာပဲ ဒိုင်ယာရီစာအုပ်ကို မင်းကောက်ရခဲ့တာပေါ့ ဟယ်ရီ ငါသိပ်ဝမ်းသာပါတယ် ဒီစာအုပ်ကို လူတွေအများကြီး တွေ့သွားနိုင်တဲ့ကြားက ငါအရမ်းတွေ့ချင်နေတဲ့ မင်းကမှတိုက်တိုက်ဆိုင်ဆိုင် ရသွားတတ်ပလေတယ်"

"မင်းကဘာဖြစ်လို့ ငါ့ကိုတွေ့ချင်ရတာလဲ"

ဟု ဟယ်ရီက မေးလိုက်၏။ ဒေါသဖြင့် သူ့တစ်ကိုယ်လုံး တုန်ယင်နေသည် အသံကိုငြိမ်အောင် မနည်းထိန်းထားရ၏။ ရစ်ဒယ်က. . .



"ဂျင်းနီက ငါ့ကိုမင်းအကြောင်းတွေ အကုန်ပြောပြထားတာကိုးကွ၊ မင်းရဲ့ အံ့သြဖွယ်ရာ ကြီးမြတ်တဲ့ ရာဇဝင်တစ်ခုလုံးကိုပေါ့"

ရစ်ဒယ်မျက်လုံးတွေက ဟယ်ရီ့နဖူးပေါ်ရှိ မိုးကြိုးလျှပ်စီးသဏ္ဍာန်အမာရွတ်ဆီသို့ မျက်စိကစားလိုက်သည်။ သူ့အသွင်အပြင်က ပို၍သွေးဆာပုံပေါက်လာ၏။

"တကယ်လို့ ငါသာတတ်နိုင်မယ်ဆိုရင် မင်းနဲ့တွေ့ပြီး စကားတွေပြောပြီး မင်းအကြောင်းပိုသိအောင် လုပ်နိုင်မယ်ဆိုတာ ငါနားလည်ထားတယ်၊ ဒါကြောင့် မင်းရဲ့ယုံကြည်မှုကိုရဖို့ ဟိုင်တုံးကောင်ဟက်ဂရစ်ကို ဖမ်းဆီးခဲ့တဲ့ ငါ့မှတ်ဉာဏ်ရုပ်ပုံလွှာကို မင်းတွေ့အောင် ပြခဲ့တာပဲဟယ်ရီ"

ရစ်ဒယ်က ရယ်မောလိုက်သည်။ ဟက်ဟက်ပက်ပက်ရယ်မောလိုက်သည်။

"အဲဒါက ဟက်ဂရစ်ကို အထင်လွဲအောင် ငါတမင်ပြောခဲ့တာကွ၊ ကဲ. . မင်းတောင် သည်လိုထင်သွားသေးတယ်ဆိုရင် ငါတို့ရဲ့ပါမောက္ခအိုကြီး ဖစ်ပက်ဆို ဘယ်လိုနေမလဲလို့ စဉ်းစားသာကြည့်ပေတော့။ တစ်ဘက်မှာ တွမ်ရစ်ဒယ်ဆိုတဲ့ ကောင်လေး. . မိမရှိ၊ ဖမရှိနဲ့ဆင်းရဲပေမယ့် ဉာဏ်ကောင်းတယ်၊ သတ္တိရှိတယ်၊ ကျောင်းသားအကြီးအကဲဖြစ်တယ်။ စံပြကလေးဖြစ်တယ်။ တစ်ဘက်က ခပ်တုံးတုံးကျောင်းသား ဟက်ဂရစ်၊ အပတ်တိုင်းပြဿနာတစ်ခုမဟုတ်တစ်ခုပေါ်နေတဲ့ ကောင်၊ ကုတင်အောက်မှာ သမန်းဝံပုလွေတွေ မွေးတတ်တဲ့ကျောင်းသား၊ လစ်ရင်လစ်သလို မသွားရတောအုပ်ထဲဝင်ပြီး ဘီလူးတွေနဲ့နပန်းလုံးတဲ့ကောင်၊ ကဲ. . . ဘယ်သူ့စကားကိုယုံမလဲ၊ ငါ့စီမံကိန်းထဲကွက်တိဝင်သွားလို့ အံ့တောင်မှ အံ့သြယူရသေးတယ်၊

ဟက်ဂရစ်လိုကောင်ဟာ စလီသရင်ရဲ့ အမွေခံမဖြစ်နိုင်ဘူးဆိုတာ တချို့ယောက်ယောက်ကတော့ တွေးမိမှာပဲလို့ ငါထင်ထားတာ။ စဉ်းစားကြည့်လေ၊ ငါလိုလူတောင်မှ မိစ္ဆာခန်းဆောင်ကိုတွေ့ဖို့ ငါးနှစ်လုံးလုံးမနည်းကြိုးစားခဲ့ရတာ ဟက်ဂရစ်က ငါ့လိုဦးနှောက်လည်းမရှိ၊ တန်ခိုးစွမ်းပကားလည်းမရှိဘဲနဲ့များ. . .၊

www.burmeseclassic.com

www.burmeseclassic.com



ဟက်ဂရစ်မှာ အပြစ်မရှိဘူးဆိုတဲ့အကြောင်း ရုပ်သွင်ပြောင်းဘာသာရပ်သင်တဲ့ဆရာ ဒမ်ဘယ်ဒိုးတစ်ယောက်ပဲ တွေးမိပုံရတယ်၊ သူကဟက်ဂရစ်ကို ကျောင်းစောင့်အဖြစ် ဆက်ထားဖို့ ပါမောက္ခကြီးဒစ်ပက်ကို ဖျောင်းဖျခဲ့တာပေ့ါ၊ အင်း.. ဒမ်ဘယ်ဒိုးကတော့ ရိပ်မိမယ်ထင်တယ်..။

ငါ့ကို တစ်ခြားဆရာတွေ သဘောကျကြပေမယ့် ဒမ်ဘယ်ဒိုးကတော့ သဘောကျလှတာမဟုတ်ဘူး"

"မင်းဟာ မင်းသားခေါင်းဆောင်းထားတဲ့ဘီလူးမှန်း ဒမ်ဘယ်ဒိုးက အစောကြီးကတည်းက သိနေမယ်ဆိုတာ ငါလောင်းရဲတယ်"

ဟု ဟယ်ရီက အံကြိတ်ရင်း ပြောလိုက်၏။

ရစ်ဒယ်က အမှုမထားသည့်လေသံဖြင့်...

"သေချာတာပေ့ါ၊ ဟက်ဂရစ်လည်း ကျောင်းထုတ်ခံရပြီးရော သူ ငါ့ကိုလုံးဝအလစ်မပေးတော့ဘဲ မျက်စိဒေါက်ထောက်ကြည့်တော့တာပဲ။ ဒါကြောင့် ငါကျောင်းမှာရှိနေသမျှကာလပတ်လုံး မိစ္ဆာခန်းဆောင်ကို နောက်တစ်ကြိမ်ထပ်ဖွင့်ဖို့ဆိုတာ မဖြစ်နိုင်တော့မှန်း ငါသိလိုက်တယ်။ ဒါပေမယ့် လက်လျှော့လိုက်ရအောင်လည်း နှမြောစရာကြီး၊ ဒီမိစ္ဆာခန်းဆောင်ကိုတွေ့ဖို့ ငါနှစ်တွေအကြာကြီးအချိန်တွေစတေးထားခဲ့ရတာ...။

ဒါကြောင့် ငါ့ဒိုင်ယာရီစာအုပ်တစ်အုပ်ချန်ထားရစ်ခဲ့ဖို့ ဆုံးဖြတ်လိုက်တယ်။ အဲဒီဒိုင်ယာရီထဲမှာ ငါ့ရဲ့ဆယ့်ခြောက်နှစ်သားကိုယ်ပွား ရုပ်ပုံလွှာကိုထည့်သွင်းထားလိုက်တယ်။ ကံကောင်းရင် တစ်နေ့နေ့မှာ ငါ့ခြေရာနင်းနိုင်မယ့်လူတစ်ယောက်ပေါ်လာတဲ့အခါ ဟောဒီဒိုင်ယာရီထဲကနေတစ်ဆင့် ဦးဆောင်ညွှန်ကြားနိုင်လိမ့်မယ်။ ဆလာဇာစလီသရင်ရဲ့မြင့်မြတ်တဲ့လုပ်ငန်းကို အပြီးသတ်နိုင်လိမ့်မယ်"

ဟယ်ရီက အောင်နိုင်သူတစ်ယောက်၏ လေသံဖြင့်...

"ဒါပေမယ့် ဒီတစ်ခါတော့ မင်းထင်တိုင်းမပေါက်တော့ဘူး မဟုတ်လား..။



ဒီတစ်ခါ မင်းဘယ်သူ့ကိုမှ မသတ်နိုင်တော့ဘူးလေ၊ ကြောင်တစ်ကောင်တောင်မှ မသေခဲ့ဘူးလေ၊ နောက်နာရီနည်းနည်းလောက်ကြာရင် ဆီမီးတောက်ပင်တွေနဲ့ ခဆေးဖော်ပြီးပြုစားခံရတဲ့သူတွေကို ဆေးပြန်ကုပေးနိုင်တော့မယ်"

ရစ်ဒယ်က အေးအေးသက်သာဖြင့်...

"ခြော်..မင်းကိုငါမပြောရသေးဘူးနော်၊ ဒီမျိုးမစစ်တွေကို သတ်တဲ့ဖြတ်တဲ့ကိစ္စက ဘာမှမပြောပလောက်ပါဘူး၊ ငါ့ရဲ့အဓိကပစ်မှတ်က တစ်ခြားလူမဟုတ်ဘူး မင်းပဲ"

ဟယ်ရီက သူ့ကိုစိုက်ကြည့်လိုက်၏။

"ငါ့ဒိုင်ယာရီကို နောက်တစ်ကြိမ်ဖွင့်ပြီး စာရေးနေတဲ့သူဟာ မင်းမဟုတ်ဘဲ ဂျင်းနီဖြစ်နေတာကို တွေ့လိုက်ရတော့ ငါဘယ်လောက်ဒေါကန်သွားမလဲဆိုတာ စဉ်းစားကြည့်လေ။ ဂျင်းနီက မင်းလက်ထဲမှာ ဟောဒီဒိုင်ယာရီစာအုပ်ကိုတွေ့လိုက်တော့ လန့်သွားတယ်။ သူ့လျှို့ဝှက်ချက်တွေကို ငါကတစ်ဆင့် မင်းကိုပြန်ပြီး ဖောက်သည်ချလိုက်သလားလို့ပေ့ါ၊ ဒါကြောင့် အဲသည်ကောင်မလေးက မင်းတို့အိပ်ဆောင်ထဲမှာ လူရှင်းသွားတဲ့အချိန်ကိုစောင့်ပြီး ဒိုင်ယာရီစာအုပ်ကို ပြန်ခိုးလာခဲ့တယ်...။

ဘာလုပ်ရမလဲဆိုတာ ငါသိလိုက်ပြီလေ။ အဲဒီအချိန်မှာ တစ်ကျောင်းလုံးက မင်းကို စလီသရင်ရဲ့ အမွေခံလို့ ထင်နေကြပြီကိုး၊ ဒီအရှုပ်အထွေးကြီးကိုဖြေရှင်းဖို့ ဘာကိုပဲဖြစ်ဖြစ် မင်းလုပ်ရတော့မယ်၊ အထူးသဖြင့် မင်းရဲ့အရင်းနှီးဆုံးသူငယ်ချင်းတွေထဲက တစ်ယောက်ယောက်တိုက်ခိုက်ခံရမယ်ဆိုရင်ပေ့ါ၊ ပြီးတော့ မင်းမြွေစကားပြောလို့ တစ်ကျောင်းလုံးက ကွက်ကွက်ညံနေကြတယ်ဆိုတာကိုလည်း ဂျင်းနီက ငါ့ကိုပြန်ပြောတယ်လေ။

ဒါကြောင့် ဂျင်းနီကိုနံရံပေါ်မှာ နောက်ဆုံးနှုတ်ဆက်စာတစ်ကြောင်း သူ့ဖာသာသူပြန်ရေးခိုင်းပြီး ဟောဒီမိစ္ဆာခန်းဆောင်ဆီကို ဖမ်းခေါ်လာခဲ့တော့တာပဲ၊

www.burmeseclassic.com

www.burmeseclassic.com



သူမက ရှန်းဟယ်၊ ကန်ဟယ်တော့လုပ်ပါသေးတယ်။ ဒါပေမယ့် ဘယ်ရတော့သေ သူမှာဝိဉာဉ်အင်အားက သိပ်ကျန်တော့တာမှမဟုတ်တာ။ ငါ့ဆီကိုပုံအောပြီးသေ ထားတာ ကုန်သလောက်နီးပါးဖြစ်နေပြီ။

ဒီနေရာကို ငါတို့ရောက်ကတည်းက မင်းကို စောင့်နေခဲ့တာ ဟယ်ရီ။ မင်း လာမယ်ဆိုတာ ငါသိတယ်။ ငါ မင်းကို မေးစရာတွေ အများကြီးရှိတယ် ဟယ်ရီ ပေါ်တာ"

"ဘာမေးမှာလဲ"

ဟယ်ရီက လက်သီးကိုကျစ်ကျစ်ပါအောင် ဆုပ်ထားရင်း ပြောလိုက်၏။ ရစ်ဒယ်ကပြုံးလိုက်ပြီး. . .

"ဘာမှော်ပညာမှမတတ်သေးတဲ့ ကလေးလေးတစ်ယောက်ဟာ ဒီဘက် ခေတ်ရဲ့ စွမ်းအင်အကြီးမားဆုံးအောက်လမ်းကဝေ တန်ခိုးရှင်ကြီးကို ဘယ်လိုအနိုင် ယူတိုက်လိုက်တာလဲ၊ သခင်ကြီးဗိုဒီမော့ရဲ့ တန်ခိုးစွမ်းပကားတွေကျတော့ ပျက်စီး သွားပြီး မင်းကတော့ အမာရွတ်တစ်ခုကလွဲလို့ ဘာမှမထိခိုက်ဘဲ ဘယ်လိုဖြစ်ပြီး လွတ်မြောက်လာခဲ့ရတာလဲ"

ရစ်ဒယ်၏ သွေးဆာနေသော မျက်လုံးထဲတွင် ထူးဆန်းသည့်အနီရောင် အလင်းတန်းတစ်ခု တောက်ပလာသည်။ ဟယ်ရီက. . .

"ကျွန်တော့်ဘာသာ ကျွန်တော်ဘယ်လိုပဲလွတ်လွတ် ခင်ဗျားနဲ့ဘာဆိုင်လို့ လဲ၊ ဗိုဒီမော့ဟာ ခင်ဗျားရဲ့နောက်တစ်ခေတ်ကလူပဲ"

ရစ်ဒယ်က ညင်သာစွာဖြင့်. . .

"ဗိုဒီမော့ဟာ ငါ့ရဲ့အတိတ်လည်းဖြစ်တယ်။ ငါ့ရဲ့ပစ္စုပ္ပန်လည်းဖြစ်တယ် သူဟာ ငါ့ရဲ့အနာဂတ်လည်းဖြစ်တယ် ဟယ်ရီပေါ်တာ"

ရစ်ဒယ်က သူ့အင်္ကျီအိတ်ထဲမှ ဟယ်ရီ၏ဆေးတောင်ဝှေးကို ဆွဲထုတ်လိုက် ပြီး လေထဲတွင် မီးလျှံတောက်ပနေသော စာလုံးများရေးပြလိုက်သည်။



တွမ်မာဗိုလိုရစ်ဒယ် (TOM MARVOLO RIDDLE)

ထို့နောက် သူကဆေးတောင်ဝှေးကို ဝှေ့ယမ်းလိုက်ရာ စာလုံးများ၏ အစီ အစဉ်သည် ရှေ့နောက်အမျိုးမျိုးပြောင်းလဲသွားကြပြီး နောက်ထပ်စာတန်းတစ်ခု ဖြစ်သွား၏။

ငါဟာ ဗိုဒီမော့ပဲ ( I AM LORD VOLDEMORT)

ရစ်ဒယ် (ခေါ်) ဗိုဒီမော့က လေသံခပ်တိုးတိုးဖြင့်. . .

"တွေ့ပြီမဟုတ်လား. . .၊ ဗိုဒီမော့ဆိုတဲ့ နာမည်ကို ဟော့ဝပ်ကျောင်းတက် ကတည်းက ငါသုံးခဲ့တာပဲ။ ဒါကို ငါ့အရင်းနှီးဆုံးသူငယ်ချင်းတွေလောက်ပဲ သိတာ။ ငါ့ရဲ့အသုံးမကျတဲ့ လူသားအဖေနာမည်ကို အမြဲတမ်းသုံးနေမယ်လို့ မင်းထင်နေ လားဟင်။ ငါ့ကိုယ်ထဲက သွေးဟာအဖေ့သွေးမဟုတ်ဘူး။ အမေ့သွေးဘက်ကလာ တဲ့ ဆလာဇာစလီသရင်ရဲ့ သွေးပဲရှိတယ်။

ငါ့အမေဟာ စုန်းတစ်ယောက်ဆိုတဲ့ ဖြစ်ချက်နဲ့ ငါ့ကိုမမွေးခင်ကတည်းက စွန့်ပစ်သွားတဲ့ အသုံးမကျတဲ့ လူသာမန်တစ်ယောက်ကို ငါအဖေတော်ရမှာရှက် တယ်၊ ဒါကြောင့် သူ့နာမည်ကို ငါဆက်မသုံးချင်လို့ ငါ့ဖာသာငါနာမည်အသစ်တစ် ခုပေးခဲ့တာပဲ။ ကမ္ဘာပေါ်မှာ ငါဟာတန်ခိုးအကြီးဆုံး မှော်ဆရာကြီးတစ်ဆူဖြစ်လာ တဲ့အခါကျရင် စုန်းကဝေတွေအားလုံး ကြောက်ရွံ့ရိုသေနေရမယ့်နာမည်ဟာ ငါပေး တဲ့နာမည်အသစ်ပဲဖြစ်ရမယ်"

ဟယ်ရီ၏ ဦးနှောက်တစ်ခုလုံး ပြည့်ကြပ်ရှုပ်ထွေးနေသည်။ သူက ရစ်ဒယ် ကိုခံစားစိတ်ကင်းမဲ့စွာ စိုက်ကြည့်နေလေသည်။ သည်မိဘမဲ့လူငယ်ကလေးသည် အရွယ်ရောက်လာသည့်အချိန်တွင် ဟယ်ရီ့မိဘနှစ်ပါးကိုသတ်ဖြတ်ခဲ့ပြီးဖြစ်သည်။ အခြားသူများစွာကိုလည်း သတ်ဖြတ်ခဲ့သေး၏။

ဟယ်ရီက အားတင်း၍ ပြောလိုက်သည်။

"မဟုတ်သေးပါဘူး"

www.burmeseclassic.com



ဟယ်ရှီအသံက အေးဆေးနေသော်လည်း မုန်းတီးမှုအပြည့်ပါ၏။

"ဘာမဟုတ်သေးတာလဲ"

ရစ်ဒယ်က ဖြတ်မေးလိုက်သည်။ ဟယ်ရီက. . .

"မင်းဟာ ဒီကမ္ဘာမြေပြင်ပေါ်မှာ အကြီးမြတ်ဆုံး မှော်ဆရာမဟုတ်ဘူးလို့ ပြောတာ။ မင်းစိတ်ပျက်သွားမယ်ဆိုရင်တော့ ဆောရီးပဲ၊ ဒီကမ္ဘာပေါ်မှာ အကြီး မြတ်ဆုံးမှော်ဆရာက အဲလ်ဘတ်ဒမ်ဘယ်ဒိုးကွ၊ လူတိုင်းက အဲသလိုပြောကြမှာပဲ

မင်းတန်ခိုးထွားစဉ်အခါတုန်းကတောင်မှ ဟော့ဝပ်ကိုသိမ်းပိုက်ဖို့ မင်းမကြိုး စားရဲခဲ့ဘူး၊ မင်းကျောင်းမှာရှိစဉ်ကာလကတည်းက ဒမ်ဘယ်ဒိုးက မင်းရဲ့ဘီလူးရုပ် ကို မြင်ခဲ့တယ်။ မင်းဘယ်မှာပဲပုန်းပုန်း ခုချိန်ထိတိုင်အောင် မင်းဟာသူ့ကိုကြောက် နေရတုန်းပဲ"

ရစ်ဒယ်၏မျက်နှာပေါ်မှ အပြုံးက လွင့်ပြယ်သွားပြီး အကျည်းတန်မှုက ဘွားဘွားကြီးပေါ်လာသည်။

"ဒမ်ဘယ်ဒိုးကို ဟောသည်ရဲတိုက်ကနေ လွင့်သွားအောင် ငါ့ဆိုတဲ့ ဗိုဒီမော့ရဲ့ ကိုယ်ပွားရုပ်ပုံလွှာလောက်နဲ့တင်စွမ်းဆောင်ပြမယ်"

"မင်းထင်သလို ဒမ်ဘယ်ဒိုး လွင့်မသွားပါဘူး"

ဟု ဟယ်ရီက ပြန်ပြောလိုက်၏။ သူက ရစ်ဒယ်ကြောက်သွားအောင် သူ့ဘာသာ စေချင်သည်များကို ရောက်တတ်ရာရာ လျှောက်ပြောနေခြင်းဖြစ်သည်။

ရစ်ဒယ်က ခွန်းတုံ့ပြန်ရန်ပါးစပ်ကို ဟလိုက်သည်။ သို့သော် စကားတစ်ခွန်း မှထွက်မလာ။

ဘယ်ကလာမှန်းမသိသော ဂီတသံကိုကြားလိုက်ရသည်။ ရစ်ဒယ်က ဗလာ ခန်းဆောင်တစ်ခုလုံးကို ကျီးလန့်စာစားကြည့်လိုက်၏။ ဂီတသံက ပို၍ကျယ်လောင် လာသည်။ ထိုဂီတသံသည် ကြက်သီးမွေးညင်းထဖွယ်၊ အံ့သြတုန်လှုပ်ဖွယ်၊ ကမ္ဘာ မြေပြင်ပေါ်တွင် စိုးစဉ်းမျှမကြားဖူးသည့် ဂီတသံဖြစ်လေသည်။



ထိုဂီတသံကြောင့် ဟယ်ရီ၏ ဦးရေပြားပေါ်မျှ ဆံပင်တွေထောင်ထလာ သည်။ သူ့နှလုံးအိမ်သည်လည်း နှစ်ဆခန့်ကြီးမားသွားသည်ဟု ထင်လိုက်ရ၏။ ဂီတသံသည် သူ့ရင်ဘတ်အတွင်းသို့ဝင်၍ နံရိုးများအတွင်း၌ တုန်ခါနေသည်ဟု ပင်ထင်ရလေသည်။ အနီးဆုံးကျောက်တိုင်ထိပ်ဖျားတွင် မီးတောက်မီးလျှံများ ဝုန်းခနဲပေါက်ကွဲထွက်လာသည်။

ငန်းတစ်ကောင်၏ အရွယ်အစားခန့်ရှိသော အနီရောင်ငှက်တစ်ကောင်ပျံ သန်းလာ၏။ ထူးဆန်းသော ဂီတသံမှာ ထိုငှက်၏ နှုတ်သီးဖျားမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။ ဒေါင်းကဲ့သို့ရှည်လျားသောအမြီးက ရွှေရောင်တစ်လက်လက်တောက် ပနေ၏။ တဖျတ်ဖျတ်လက်နေသော ရွှေရောင်ခြေသည်းများက ဟောင်းနွမ်းစုတ် ပြတ်နေသည့် အထုပ်တစ်ထုပ်ကို ကုပ်ချီလာသည်။ နောက်တစ်ခဏအကြာတွင် ငှက်က ဟယ်ရီ့ဆီသို့ တည့်တည့်ပျံလာပြီး သူချီလာသည့်အထုပ်ကို ရှေ့သို့ပစ်ချရင်း ဟယ်ရီ့ပုခုံးပေါ် နားလိုက်၏။

ဟယ်ရီ မော့ကြည့်လိုက်သည်။ ရစ်ဒယ်က အလန့်တကြားနောက်သို့ ဆုတ် သွားရင်း. . .

"ဒါ. . . ဒါမီးလျှံငှက်ပဲ"

"ဖော်ကီလားဟင်. . . "

ဟယ်ရီက လွှတ်ခနဲ ရေရွတ်လိုက်မိသည်။ မီးလျှံငှက်၏ ရွှေရောင်ခြေသည်း များက သူ့ပုခုံးသားကို နူးညံ့စွာ ကုတ်တွယ်ထားမှန်း ဟယ်ရီခံစားသိရှိလိုက်၏။

"ပြီးတော့ ဒီဟာက. . . "

ရစ်ဒယ်၏မျက်လုံးများက မီးလျှံငှက်လွှတ်ချလိုက်သည့် အထုပ်ဆီသို့ရောက် သွားသည်။

"ဒါ အဆောင်ရွေးပေးတဲ့ ဦးထုပ်ကြီးပဲ"

မှန်ပါသည်။ ညစ်ပတ်တွန့်လိမ်ကာ ဟောင်းနွမ်းစုတ်ပြတ်နေသည့် ဦးထုပ်

www.burmeseclassic.com

www.burmeseclassic.com



ကြီးသည် ဟယ်ရီ၏ခြေရင်းတွင် ငြိမ်သက်စွာလဲလျောင်းနေ၏။ ရစ်ဒယ်ကအသံနက်ကြီးဖြင့် ရယ်မောလိုက်သည်။ ရယ်သံမှာ ပြင်းထန်လွန်းလှသဖြင့် ရစ်ဒယ်ဆယ်ယောက်တစ်ပြိုင်တည်း ရယ်မောလိုက်သလို မိန္ဒာခန်းဆောင်တစ်ခုလုံး သိမ့်သိမ့်တုန်သွား၏။

“ဟား. . ဟား. . . ဒါဟာ ဒမ်ဘယ်ဒိုးက စစ်ကူပို့လိုက်တာပေါ့လေ၊ သီချင်း ဆိုတတ်တဲ့ ငှက်တစ်ကောင်ရယ်၊ ဦးထုပ်ဟောင်းကြီးတစ်လုံးရယ် ကဲ. . မင်းအခု သတ္တိတွေပိုရှိမလာဘူးလား ဟယ်ရီ၊ လုံခြုံသွားပြီလို့ စိတ်ထဲမှာ မခံစားရဘူးလား၊ ဟား. . ဟား”

ဟယ်ရီက ပြန်မဖြေ၊ တကယ်တမ်းကျတော့လည်း ထိုငှက်နှင့် ဦးထုပ်တို့ ဘယ်လိုအသုံးချရမှန်းသူမသိပေ။ ရစ်ဒယ်က. . .

“ကဲ. . လိုရင်းတိုရှင်းပြောကြစို့ ဟယ်ရီ၊ ငါတို့ဆုံတာ သုံးကြိမ်ရှိပြီ၊ အရင်တုန်းကနှစ်ကြိမ်၊ အဲဒီနှစ်ကြိမ်စလုံး ငါမင်းကို မသတ်နိုင်ခဲ့ဘူး၊ ဘယ်လိုလုပ်ပြီး မင်းလွတ်မြောက်ခဲ့တာလဲ။ ငါ့ကိုမခြွင်းမချန် ပြောပြစမ်း၊ မင်းကြာကြာပြောနိုင်လေလေ၊ မင်းနည်းနည်းပိုပြီး ကြာကြာအသက်ရှင်ခွင့်ရလေလေပေါ့ကွာ”

ဟယ်ရီက သူ့ဘက်မှ အရေးသာနိုင်ခွင့် ဘယ်လောက်ရှိမလဲဟု လျင်မြန်စွာ စဉ်းစားတွက်ချက်ကြည့်လိုက်သည်။ ရစ်ဒယ်လက်ထဲမှာ ဆေးတောင်ဝှေးရှိသည်။ သူ့ဆီမှာ မီးလျှံငှက်ဖော့ကီနှင့် အဆောင်ရွေးချယ်သော ဦးထုပ်ကြီးတစ်လုံးရှိသည်။ ထိုငှက်နှင့် ဦးထုပ်တို့ နှစ်မျိုးစလုံးသည် ရန်သူနှင့် စီးချင်းထိုးရာတွင် အသုံးမဝင်ပေ၊ အခြေအနေကတော့ ဘယ်ဘက်ကတွေးတွေး မသက်သာလှပါ။

သို့ရာတွင် ရစ်ဒယ်က ဒီနေရာတွင်ကြာကြာရပ်နေလေလေ ဂျင်နီထံမှ ဝိဉာဉ်အင်အားကို စုပ်ယူခွင့်ရပြီး ခွန်အားပိုကောင်းလာလေလေဖြစ်သည်။ သူ့ လောလောဆယ်မှာပင်လျှင် ရစ်ဒယ်၏ပုံရိပ်သည် စတွေ့ခါစကလို အနားသတ်များ ဝိုးတိုးဝါးတားဖြစ်မနေတော့။ တစ်စထက်တစ်စ ပိုမိုပီပြင်ခိုင်မာလာပြီဖြစ်



သည်။ ထို့ကြောင့် တိုက်ခိုက်မည်ဆိုလျှင် အချိန်ဆွဲ၍မဖြစ်တော့။

ဟယ်ရီက ရုတ်တရက်ဖြတ်၍ ပြောလိုက်သည်။

“မင်း ငါ့ကိုတိုက်ခိုက်လိုက်တဲ့ အချိန်မှာ ဘာကြောင့်မင်းရဲ့တန်ခိုးစွမ်းအားတွေ ပျက်စီးဆုံးရှုံးသွားသလဲဆိုတာ ဘယ်သူမှမသိကြဘူး။ ငါကိုယ်တိုင်လည်း မသိပါဘူး၊ ဒါပေမယ့် ဘာဖြစ်လို့ငါ့ကိုမင်း သတ်လို့မရသလဲဆိုတာကိုတော့ ငါသိတယ်။ ငါ့အမေက ငါ့ကိုသူ့အသက်အသေခံပြီး ကာကွယ်ပေးသွားခဲ့တာကိုး၊ လူသာမန်ကမွေးလာတဲ့ ငါ့အမေလေ. . .”

ဟယ်ရီက ဒေါသကို ထိန်းချုပ်ရင်း ပြောနေရသဖြင့် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသည်။

“ငါ့အမေက ငါ့ကိုသတ်ဖို့ ကြိုးစားနေတဲ့ မင်းရဲ့လုပ်ရပ်ကို တားမြစ်ဖျက်ဆီးပစ်ခဲ့တယ်။ မင်းရဲ့ရုပ်သွင်အစစ်ကို ငါမြင်ဖူးသားပဲ။ မနှစ်ကတင် မင်းရဲ့အခုလိုရုပ်ပွားမဟုတ်တဲ့ ပင်ကိုမျက်နှာကို ငါရင်ဆိုင်ခဲ့ရသေးတယ်။ မင်းရဲ့အခြေအနေကအတော့်ကို ဆိုးဝါးယိုယွင်းနေတယ်။ မင်းဟာ မသေရုံတမယ်ပဲကျန်တော့တယ်။ မင်းဟာ ကိုယ့်ဖာသာကိုယ် မရပ်တည်နိုင်လို့ သူများခန္ဓာကိုယ်ထဲ ပုန်းအောင်းမှီခိုနေရတယ်လေ။ မင်းမျက်နှာကလည်း ရုပ်ပျက်ဆင်းပျက်ဖြစ်နေတယ်။ မင်းရဲ့ရှဲ့စရာ ကောင်းတဲ့ဘဝဟာ မီးစာကုန်ဆီခမ်းဖြစ်နေပါပြီကွာ”

ရစ်ဒယ်၏မျက်နှာသည် ရှုံ့မဲ့သွား၏။ သို့ရာတွင် သူကကြိုးစား၍ပြုံးလိုက်ရင်း. . .

“အေး. . မင်းအမေဟာ မင်းကိုကာကွယ်ပေးဖို့ကြိုးစားရင်း သူ့အသက်ကိုစွန့်သွားခဲ့တယ်၊ အဲဒီမိဘမေတ္တာဟာ မှော်စွမ်းအင်တွေကို ချေဖျက်နိုင်တဲ့ တန်ပြန်ဂမ္ဘီရတန်ခိုးပဲ၊ အခုငါအဲဒါကိုနားလည်ပြီ။ ဒါ့အပြင် မင်းမှာတစ်ခြားဘာမှ ထူးထူးခြားခြား(?)လောက်လောက်လားလား မရှိပါဘူး။ မင်းသတိထားမိလား ဟယ်ရီပေါ်တာ၊ မင်းနဲ့ငါနဲ့ နှစ်ယောက်ကြားမှာ တူညီတဲ့အချက်တွေ တော်တော်များများရှိတယ်၊

www.burmeseclassic.com

www.burmeseclassic.com



မင်းရော၊ ငါရောနှစ်ယောက်စလုံးဟာ အဖေအမေတွေဘက်က လူသာမန် သွေးစပ်တယ်၊ ငါတို့နှစ်ယောက်စလုံးဟာ လူသာမန်တွေရဲ့လက်ထဲမှာ ကြီးပြင်း အရွယ်ရောက်ခဲ့တယ်။ ပြီးတော့ အရှင်သခင်ကြီး ဆလာဇာစလီသရင်ပြီးရင် ဟောသည့်ကျောင်းမှာ မြွေစကားတတ်တဲ့သူဆိုလို့ မင်းနဲ့ငါနှစ်ယောက်ပဲရှိတယ်။ မင်းနဲ့ငါနဲ့တူတာတွေ တော်တော်များများရှိပါတယ်။ ဒါပေမယ့် ငါ့လက်ထဲကနေ မင်းလွတ်လွတ်နေတာ ရှားရှားပါးပါး အတော်ကံကောင်းတဲ့အချက်လို့ ဆိုရမှာပဲ၊ ငါသိချင်တာက ဒါပဲ"

ရစ်ဒယ်တစ်ယောက် သူ့လက်ထဲမှ ဆေးတောင်ဝှေးကို ကိုင်မြှောက်လိုက်မည့်အချိန်ကို ဟယ်ရီက တောင့်တောင့်ကြီးရပ်ရင်း စောင့်နေမိသည်။ သို့သော် ရစ်ဒယ်က အားရပါးရ တစ်ချက်ပြုံးလိုက်ရင်း. . .

"ကဲ ဟယ်ရီ၊ မင်းကိုတော့ ငါသင်ခန်းစာ နည်းနည်းပေးရမယ်၊ ဆလာဇာစလီသရင်ရဲ့ အမွေခံဗိုဒီမော့ရဲ့ တန်ခိုးစွမ်းပကားနဲ့ ဒမ်ဘယ်ဒိုးဆီက စစ်ကူလက်နက်တွေ ကိုင်ဆောင်ထားတဲ့ ဟယ်ရီပေါ်တာတို့ရဲ့ စွမ်းရည်ပြိုင်ပွဲကြီးပေါ့ကွာ၊ ကဲ စလိုက်ကြစို့"

ရစ်ဒယ်က မီးလျှံငှက်နှင့် ဦးထုပ်ကြီးကို ဖျတ်ခနဲတစ်ချက် လှမ်းကြည့်ရင်း ခပ်လှမ်းလှမ်းသို့ လျှောက်သွားသည်။ ဟယ်ရီကတော့ ကြောက်စိတ်နှင့် ခြေတွေလက်တွေ ထုံကျင်လာ၏။ ရစ်ဒယ်က ဆလာဇာစလီသရင်၏ ကျောက်ရုပ်ထုကြီးရှေ့တွင် ရပ်လိုက်ပြီး တစ်စုံတစ်ရာ ပြောလိုက်သည်၊

ရစ်ဒယ်ပါးစပ်မှ မြွေတစ်ကောင်တွန်သလို တရှဲရှဲအသံများထွက်လာသည်၊ သို့သော် ဟယ်ရီကတော့ အဓိပ္ပါယ်ကိုနားလည်လိုက်သည်။

"ကြီးမြတ်သော ဘုန်းတန်ခိုးရှင် စလီသရင် သခင်ကြီးခင်ဗျား၊ နှုတ်ဖြင့် မြွက်ဟတော်မူပါ"

ဆလာဇာစလီသရင်ရုပ်ထုကြီးရှိ ကျောက်သားပါးစပ်ပေါက်သည် တဖြည်းဖြည်းချင်းပွင့်ဟလာသည်။ နောက်ဆုံးတွင် ပါးစပ်ပေါက်နေရာ၌ မည်းမှောင်သော တွင်းနက်ကြီးတစ်ခုဖြစ်သွားသည်ကို မြင်ရလေသည်။ ထိုပါးစပ်တွင်းနက်ကြီးအထဲမှ တစ်စုံတစ်ရာသည် လျောတိုက်လူးလွန့်လျှက် ထွက်လာ၏။ စလီသရင်မြွေနဂါး ကြီးပင်ဖြစ်လေတော့သည်။

ခန်းဆောင်နံရံကို ကျောဖြင့်တိုက်မိသည်အထိ ဟယ်ရီနောက်သို့ဆုတ်သွား လိုက်သည်။ မီးလျှံငှက်ဖော်ကီက သူ့ပုခုံးပေါ်မှ ဝုန်းခနဲထပျံသွားရာ ဟယ်ရီ့ပါးပြင် ကိုတောင်ပံများဖြင့် ပွတ်သပ်တိုက်ခတ်သွား၏။ မြွေနဂါးကြီး၏အကြည့်နှင့် ဆုံမိ မည်စိုးသောကြောင့် ဟယ်ရီ့မျက်လုံးကို တင်းတင်းကြပ်ကြပ်ပိတ်ထားလျှက်. . .

"ငါ့ကိုမထားခဲ့ပါနဲ့"

ဟု အော်ဟစ်လိုက်ချင်သည်။ သို့သော် ငှက်ကလေးတစ်ကောင်က မြွေဘု ရင်ကြီးကို ဘယ်လိုလုပ်ပြီး အနိုင်ယူခွင့်ရှိမှာလဲဟု တွေးနေမိ၏။ မြွေကြီးသည် ပါးစပ်ပေါက်ထဲမှ လျောတိုက်ထွက်လာပြီး ခန်းဆောင်ကြမ်းပြင်ပေါ်သို့ ဆင်းသက် လိုက်ပြီဖြစ်သည်။ ခန်းဆောင်တစ်ခုလုံး သိမ့်သိမ့်တုန်သွားသည်ကို ဟယ်ရီခံစား လိုက်ရသည်။ ရစ်ဒယ်က မြွေဘာသာစကားဖြင့် တရှဲရှဲပြောနေသည်ကို ဟယ်ရီ ကြားရသည်။

"အဲဒီကောင်လေးကို သတ်ပစ်လိုက်စမ်း. . ."

မြွေနဂါးကြီးက ဟယ်ရီ့ဆီသို့ တန်းတန်းမတ်မတ် ရွေ့လျားလာသည်။ ဖုန်ထဲ နေသောကြမ်းပြင်ကိုဖြတ်လျှက် လေးလံသောခန္ဓာကိုယ်ကြီးပွတ်တိုက်ရွေ့လျားလာ သံကို ဟယ်ရီကြားရသည်။ သူ့မျက်လုံးတွေကိုလည်း မဖွင့်ရဲ။ လက်ဖျားဝ ဆန့်တန်းရင်း မမြင်မစမ်းဖြင့် ခြေဦးတည့်ရာပြေးရတော့သည်။ ရစ်ဒယ်ကတော့ တဟားဟားရယ်မောလျှက်. . .။

ရှုတ်တစ်ရက် သူ့ပစ်လဲကျသွား၏။ ကျောက်တုံးတစ်တုံးနှင့် ဆောင့်မိ

www.burmeseclassic.com



သွေးများထွက်လာသည်။ မြွေနဂါးကြီးက သူနှင့်တစ်ပေခန့်သာ ဝေးတော့သည်။ မြွေကြီးလာနေသံကို သူကြားရသည်။

ထိုစဉ် သူ့အပေါ်တည့်တည့်ဆီမှ ကျယ်လောင်စွာပေါက်ကွဲသံကို ကြားလိုက်ရသည်။ တစ်ခုခုဝင်ဆောင့်တိုက်ခံလိုက်ရသလိုမျိုး လွင့်ထွက်သွားပြီးနံရံနှင့် ဝင်ဆောင့်မိ၏။

မြွေကြီး၏အစွယ်များ သူ့ခန္ဓာကိုယ်ထဲသို့ နစ်မြုပ်ဝင်လာမည့် အချိန်ကို ဟယ်ရီစောင့်နေမိသည်။ သို့ရာတွင် မြွေကြီး၏ ဒေါသတကြီးဖြင့် တရှဲရှဲအော်မြည်နေသံ၊ တိုင်လုံးကြီးများကို တဝုန်းဝုန်းရိုက်ပုတ်နေသံတို့ကိုသာ ကြားနေရ၏။

ဟယ်ရီမကြည့်ဘဲ မနေနိုင်တော့၊ ဘာတွေဖြစ်နေသလဲဆိုသည်ကို မြင်ရလောက်ရုံမျက်လုံးကို မှေးမှေးကလေးဖွင့်ကြည့်မိသည်။

ဝက်သစ်ချပင်တစ်ပင်လို ကိုယ်လုံးကိုယ်ထည် ကြီးမားတုတ်ခိုင်ရှည်လျားသော အစိမ်းရောင် မြွေဆိုးကြီးသည် လေထဲတွင် သူ့ဦးခေါင်းကြီးကို ပြင်းထန်စွာ လှုပ်ယိမ်းခါယမ်းလျက်ရှိ၏။

မီးလျှံငှက်ဖော်ကီသည် မြွေဆိုးကြီး၏ ဦးခေါင်းတစ်ဝိုက်တွင် လျင်မြန်စွာ လှည့်ပတ်ပျံသန်းလျက်ရှိသည်။ မြွေနဂါးကြီးကတော့ သူ၏အဆိပ်ပြင်းလှသည့် အစွယ်ရှည်ကြီးများဖြင့် ငှက်ကိုဖမ်းဆီးကိုက်ခဲရန် ကြိုးစားနေသည်။

မီးလျှံငှက်က ပျံဝဲနေရာမှ ဝုန်းခနဲထိုးဆင်းလာပြီး မြွေကြီး၏မျက်လုံးအစုံကို သူ၏ရွှေရောင်နှုတ်သီးဖြင့် ထိုးဖောက်လိုက်လေတော့သည်။ အနက်ရောင်သွေးများ ဝေါခနဲပန်းထွက်လာကြသည်။ မြွေကြီးက နာကျင်လွန်းသဖြင့် ကြမ်းပြင်ကို အမြီးဖြင့် တဝုန်းဝုန်းရိုက်နေ၏။ ကြမ်းပြင်ပေါ်တွင်သွေးတွေရွှဲနစ်အောင် စမ်းချောင်းလို စီးနေကြသည်။

မြွေကြီးကား မျက်စိကန်းသွားလေပြီ။

ရစ်ဒယ်က အသံကုန်ခြစ်၍အော်လိုက်သည်။



"ငှက်ကိုလွှတ်ထားလိုက်၊ ငှက်ကိုလွှတ်ထားလိုက်၊ မင်းသတ်ရမယ့်ကောင်လေးက နောက်မှာ. . အနံ့ခံကြည့်စမ်း၊ သတ်. . . သတ်. . ကောင်လေးကိုသတ်"

မျက်စိကန်းနေသော မြွေကြီးကားယိမ်းထိုးလျက် ဘာလုပ်ရမှန်းမသိ နှပ်ထွေးနေပုံရ၏။ မီးလျှံငှက်ဖော်ကီကလည်း သူ့ဦးခေါင်းတစ်ဝိုက်တွင် လှည့်ပတ်ပျံသန်းရင်း ချောက်ချားစရာသီချင်းသံကို အော်မြည်တွန်ကျူးနေသည်။ ဟယ်ရီက

"ကယ်ကြပါဦးဗျို့. . ကယ်ကြပါဦး. . ."

မြွေကြီး၏အမြီးက ကျာပွတ်ဖြင့် ရိုက်လိုက်သလို ဝှီးခနဲဖြတ်ဝင်လာရာ ဟယ်ရီဆတ်ခနဲ ငုံ့၍ရှောင်လိုက်ရ၏။ သူ့မျက်နှာက နူးညံ့သောတစ်စုံတစ်ရာနှင့် တိုက်မိသည်။

ထိုအရာကား စကားပြောသော ဦးထုပ်ကြီးပင်ဖြစ်သည်။ ထိုအရာသည် သူ့တွင်ကျန်ရှိသည့် တစ်ခုတည်းသော နောက်ဆုံးအခွင့်အရေးပင်ဖြစ်လေတော့သည်။ ဟယ်ရီက ဦးထုပ်ကို ခေါင်းပေါ်သို့စွပ်ချလိုက်ရင်း စိတ်ထဲမှအပြေးအလွှား တွေးလိုက်၏။

"ကယ်ပါ. . ကယ်ပါ. . ငါ့ကိုကယ်ပါဦး"

ဦးထုပ်ကြီးက ဘာမှပြန်မဖြေ။ သို့ရာတွင် ဦးထုပ်ကြီးက မမြင်ရသော တစ်စုံတစ်ယောက်၏လက်ဖြင့် ကျစ်ကျစ်ပါအောင် ညှစ်ထားသလို တင်းကြပ်လာသည်။ လေးလံမာကျောသောတစ်စုံတစ်ရာကို သူ့ငယ်ထိပ်ပေါ် ထိုးဆိတ်ထည့်လိုက်သလို ခံလိုက်ရ၏။

သူ့မျက်လုံးထဲတွင် ကြယ်တွေလတွေမြင်သွားပြီး ပစ်လဲကျတော့မလို ဖြစ်သွား၏။ ဟယ်ရီက ဦးထုပ်ကိုထိပ်ဖျားမှကိုင်၍ ဆွဲချွတ်လိုက်သည်။ ဦးထုပ်အောက်ထဲတွင် ရှည်လျားမာကျောသော တစ်စုံတစ်ရာပါလာမှန်း ဟယ်ရီခံစားသိရှိလိုက်ရ၏။ ထိုအရာကို ဦးထုပ်ထဲမှနေ၍ သူဆွဲထုတ်လိုက်သည်။

ငွေရောင်ပြောင်လက်တောက်ပနေသော ဓါးတစ်ချောင်းဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ကိုင်ရိုးပေါ်တွင် ငုံးဥအရွယ်အစားခန့်ရှိသော ပတ္တမြားတွေတဖျတ်ဖျတ်လင်း နေကြ၏။

"ကောင်လေးကိုသတ်. . . ကောင်လေးကိုသတ်. . ကောင်လေးက မင်း နောက်မှာ၊ အနံ့ခံကြည့်စမ်း. . ."

ဟယ်ရီက ဓါးကိုကိုင်ကာ မားမားရပ်ရင်း အသင့်အနေအထားဖြင့် စောင့် နေလိုက်သည်။ မြွေကြီး၏ ဦးခေါင်းက သူ့ဘက်သို့လှည့်လာသည်။ သွေးများ ပွက်ပွက်ကျကာ ဟောက်ပက်ကြီးဖြစ်နေသော မျက်လုံးကြီးနှစ်လုံးကို သူမြင်ရ၏။ မြွေကြီးက သူ့တစ်ကိုယ်လုံးကို မြိုချနိုင်လောက်အောင်ကျယ်ဝန်းသည့် ပါးစပ်ကြီး ကို အစွမ်းကုန်ဖြဲထားသည်။ အဆိပ်ရည်ဖြင့်ပြည့်နေသည့် အစွယ်နှစ်ချောင်းက သူ့လက်ထဲမှဓါးလိုပင် ရှည်လျားကာ အရောင်တောက်နေ၏။

မြွေကြီးက မမြင်မစမ်းဖြင့် ပေါက်ချလိုက်သည်။ ဟယ်ရီက ရှောင်ပေးလိုက် သောကြောင့် နံရံကိုသာပေါက်မိသွား၏။ မြွေကြီး၏ လျှာနှစ်ခွက ဆတ်ခနဲ ဆတ်ခနဲ ထုတ်ချည်သွင်းချည်ဖြင့် အနံ့ခံရင်း ဟယ်ရီ၏နံဘေးသို့ လာထိသည်။ ဟယ်ရီက ဓါးကိုလက်နှစ်ဘက်ဖြင့် ကိုင်မြှောက်လိုက်၏။

မြွေကြီးက နောက်တစ်ကြိမ်ပေါက်ချလိုက်ပြန်သည်။ သည်တစ်ခါ မလွဲတော့ ဟယ်ရီကလည်း ဓါးကိုစုံကိုင်မြှောက်ကာ မြွေကြီး၏ အာခေါင်ထဲသို့ တစ်ကိုယ်လုံး အားဖြင့်ထိုးစိုက်သွင်းလိုက်သည်။

မြွေကြီး၏အစွယ် စိုက်ဝင်သွားသည့်လက်မောင်းနေရာမှ ပူနွေးစိုစွတ်သော သွေးတွေရွှဲရွှဲစိုသွားသည်။ အဆိပ်ဒဏ်ကြောင့် သူ့လက်မောင်းတစ်ခုလုံး မီးမြိုက်သလိုခံစားလိုက်ရ၏။ မြွေနဂါးကြီး၏အစွယ်က သူ့လက်မောင်းတွင် စိုက် လျှက်သားကျိုးပြီးကျန်ခဲ့ခြင်းဖြစ်လေသည်။

မိစ္ဆာသတ္တဝါကြီးကား ဓါးဒဏ်ရာဖြင့် ကြမ်းပြင်ပေါ်တွင် တွန့်လိမ်ရုန်း အသက်ငင်နေလေသည်။



ဟယ်ရီက နံရံကိုလျှောတိုက်မှီရင်းထိုင်ချလိုက်သည်။ ထို့နောက်သူ့လက် မောင်းတွင် စိုက်နေသော မြွေစွယ်ကိုဆွဲနှုတ်လိုက်၏။ သို့သော် နောက်ကျသွားပေ ပြီ။ အဖြူရောင် ပူလောင်သောအဆိပ်ဒဏ်က တစစ်စစ်ပျံ့နှံ့နေပြီဖြစ်၏။ ဟယ်ရီ အမြင်တွေမှုန်ဝါးလာသည်။ မိစ္ဆာခန်းဆောင်တစ်ခုလုံး ဝေဝေဝါးဝါးပျောက်ကွယ် သွားတော့မတတ်ဖြစ်နေ၏။

ထိုစဉ် ကြက်သွေးရောင်အရိပ်တစ်ခုကို ဖျတ်ခနဲမြင်လိုက်ရသလိုရှိပြီး ငှက် တစ်ကောင်၏အသံကို သူကြားလိုက်ရသည်။

"ဖော်ကီ. . မင်းရဲ့စွမ်းဆောင်ချက်တော့ အံ့မခန်းပါပဲ၊ မင်းလည်း တာဝန် ကျေပါတယ်ကွာ"

မီးလျှံငှက်က မြွေကြီး၏အစွယ်ရှိရာနေရာပေါ်သို့ သူ့ခေါင်းကို မှေးတင်လိုက် သည်။

ဟယ်ရီက သူ့ထံသို့လာနေသည့် ခြေသံများ၏ ပဲ့တင်သံကို ကြားနေရသည်။ ထို့နောက် အရိပ်မည်းတစ်ခုက သူ့ရှေ့တွင်လာရပ်၏။

"ဪ. . . ဟယ်ရီပေါ်တာ၊ နောက်ဆုံးတော့ မင်းသေရတော့မှာပါလား မင်းသေတော့မယ်ဆိုတာ ဒမ်ဘယ်ဒိုးရဲ့ငှက်ကတောင်မှ သိနေပြီ။ အဲဒီမီးလျှံငှက် ဘာလုပ်နေလဲဆိုတာ မင်းမြင်ရောမြင်ရသေးရဲ့လား၊ သူငိုနေတယ်ကွ"

ဟယ်ရီက မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း ကြိုးစား၍ကြည့်လိုက် ၏။ မီးလျှံငှက်ဖော်ကီ၏ ဦးခေါင်းက သူ့အကြည့်ထဲတွင် ပြတ်သားလာလိုက်၊ မှုန် ဝါးသွားလိုက်ဖြစ်နေ၏။ မီးလျှံငှက်၏ မျက်လုံးထဲမှ ပုလဲနှစ်ရောင်မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာသည်။ ရစ်ဒယ်က. . .

"ငါဒီမှာပဲထိုင်ပြီး မင်းအသက်ထွက်သွားတာကို အရသာခံကြည့်မယ်ဟယ်ရီ ပေါ်တာ၊ အေးအေးဆေးဆေးပဲသေပါကွ၊ ငါမလောပါဘူး"

ဟယ်ရီခေါင်းတွေအုံနေသည်။ လေးလံငိုက်မြည်းသလိုဖြစ်နေ၏။ သူ့နံဘေး

www.burmeseclassic.com

www.burmeseclassic.com



ပတ်လည်ရှိ အရာရာတိုင်းသည် ချာချာလည်နေ၏။ ရစ်ဒယ်၏အသံက ဝေးလံသောတစ်နေရာမှ လာနေသလိုမျိုး. . ။

"ဒါ နာမည်ကျော် ဟယ်ရီပေါ်တာရဲ့ ဇာတ်သိမ်းပေါ့ကွာ၊ မင်းရဲ့သူငယ်ချင်းတွေလည်း မရှိကြတော့ဘူး၊ မိစ္ဆာခန်းဆောင်ထဲမှာ တစ်ယောက်တည်း၊ နောက်ဆုံးတော့ ဗိုဒီမော့ရဲ့ တိုက်ခိုက်အနိုင်ယူမှုအောက်မှာ လည်စင်းပေးလိုက်ရပြီပေါ့၊ မကြာခင်မင်းအမေနဲ့ တမလွန်မှာ ဆုံရတော့မှာပါကွာ၊ မင်းအမေ အသက်ပေးပြီးကာကွယ်ခဲ့တာ မင်းအတွက် ဆယ့်နှစ်နှစ်လောက်တော့ အသက်ရှင်ခွင့်ရလိုက်တာပေါ့၊ ဒါပေမယ့် နောက်ဆုံးတော့လည်း ဗိုဒီမော့ဟာ မင်းကိုသတ်နိုင်တာပဲမဟုတ်လား"

ထိုအချိန်တွင် ဟယ်ရီသည် သေအံ့မူးမူးဝေဒနာကလည်း အခံရသိပ်မခက်လှပါလားဟု တွေးနေမိသည်။ မြွေဆိပ်ကြောင့် နာကျင်မှုတွေပင်လျှင် ယခုတော့ ပျောက်လုမတတ် လျော့ပါးသွားကြလေပြီ။

မဟုတ်သေးပါဘူး၊ သေရတော့မယ်ဆိုရင်လည်း တဖြည်းဖြည်း မှောင်မိုက်လာရမယ့်ဥစ္စာ၊ ယခုတော့ မြင်ကွင်းအားလုံးသည် ပြန်လည်ကြည်လင်လာလေပြီ။ ဟယ်ရီက ခေါင်းကိုတစ်ချက်ငဲ့ကြည့်လိုက်သည်။ မီးလျှံငှက်ဖော်ကီသည် သူ့ခေါင်းကို ဟယ်ရီ့လက်မောင်းပေါ်တွင်တင်၍ နားနေဆဲရှိသေးသည်။

ဟယ်ရီ့လက်မောင်းပေါ်တွင် ပုလဲနှစ်လို မျက်ရည်စက်တွေစုဝေးနေသည့် အကွက်လေးတစ်ကွက်က တောက်ပလင်းလက်နေ၏။ ထိုမျက်ရည်စက်များအား ဒဏ်ရာကို စုအုံပေးထားကြခြင်းဖြစ်လေသည်။ ဟင်. . ဒဏ်ရာလုံးဝမရှိတော့ပါလား. . . ။

ရစ်ဒယ်၏အသံက ရုတ်တရက်ထွက်ပေါ်လာသည်။

"ဟဲ့ငှက်. . . ရှူး. . . ရှူး. . သွားစမ်း. . ရှူး. . . ရှူး. . သွားစမ်းလို့ငါပြောနေတယ်"



ရစ်ဒယ်ကငှက်ကို မောင်းရင်းဆေးတောင်ဝှေးဖြင့် ချိန်ရွယ်လျှက် မန်းမှုတ်လိုက်သည်။ ဝုန်းခနဲမြည်သံတစ်ခုပေါ်လာပြီး မီးလျှံငှက်ကပျံသန်းထွက်ပြေးသွား၏။

ရစ်ဒယ်က ဟယ်ရီ့လက်မောင်းကိုလှမ်းကြည့်လိုက်ရင်း. . .

"မီးလျှံငှက်ရဲ့မျက်ရည်ဟာ ဘယ်လိုဒဏ်ရာမျိုးကိုမဆို ပျောက်ကင်းစေနိုင်တဲ့သတ္တိရှိမှန်း ငါမေ့သွားတယ်။ အင်း. . ဒါပေမယ့် ပြဿနာမရှိပါဘူးလေ၊ ငါက ဒီနည်းကိုပိုတောင်ကြိုက်သေးတယ်။ ကဲ. . မင်းရယ်ငါရယ် နှစ်ယောက်ချင်းပဲ ရင်ဆိုင်ကြတာပေါ့ဟယ်ရီပေါ်တာ၊ ကိုင်း. . . "

ရစ်ဒယ်က သူ့ဆေးတောင်ဝှေးကို မြှောက်လိုက်၏။

ထိုအချိန်တွင် ဝုန်းခနဲ တောင်ပံခတ်သံတစ်ချက် ကြားလိုက်ရပြီး မီးလျှံငှက်ဖော်ကီရောက်လာကာ သူသုတ်ချီလာသည့် ပစ္စည်းတစ်ခုကို ဟယ်ရီ့ပေါင်ပေါ်သို့ ပစ်ချလိုက်သည်။ ဒိုင်ယာရီစာအုပ်ကလေးပင်ဖြစ်သည်။

ရစ်ဒယ်က ဟယ်ရီ့ကိုဆေးတောင်ဝှေးဖြင့် ချိန်ထားဆဲ။ တစ်စက္ကန့်၏ ဆယ်ပုံတစ်ပုံလောက်အချိန်အတွင်းမှာ ဟယ်ရီဘာမှစဉ်းစားနေချိန်မရတော့။ သူ့နံဘေးတွင် ကျနေသည့်မြွေနဂါးကြီး၏အစွယ်ကိုကောက်ကိုင်ပြီး ဒိုင်ယာရီစာအုပ်၏ အလယ်တည့်တည့်သို့ ထိုးစိုက်ချလိုက်တော့သည်။

ရှည်လျားစူးရှသော သွေးပျက်ဖွယ်အော်သံနက်ကြီးတစ်ခုပေါ်လာသည်။ ဒိုင်ယာရီစာအုပ်ထဲမှ မင်များသည်ဗွက်ခနဲ၊ ဗွက်ခနဲပန်းထွက်လာပြီး အရှိန်ပြင်းပြင်းရေစီးကြောင်းတစ်ခုလို ဟယ်ရီ့လက်ပေါ် ဒလဟောစီးကျလာကြသည်။ ကြမ်းပြင်တစ်ခုလုံးမင်များဖြင့် ရွှဲနစ်သွားသည်။ ရစ်ဒယ်တစ်ယောက် ထွန့်ထွန့်လူးလွန့်လိမ်နေသည်။ အော်ရင်းဟစ်ရင်းဖြင့် သူ့ပုံရိပ်သည် တဖြည်းဖြည်းမှုန်ဝါးလွင့်ပြယ်ပျောက်လာသည်။ ထို့နောက်. . . ထို့နောက်. . . ။

အသံနက်ကြီးတစ်ခု အော်ဟစ်လိုက်ပြီး ရစ်ဒယ် (သို့မဟုတ်) ဗိုဒီမော့၏

www.burmeseclassic.com

www.burmeseclassic.com



တိုယ်ပွားပုံရိပ်သည် ပျောက်ပျက်လွင့်စင်သွားလေတော့သည်။ ဟယ်ရီလည်း ကြမ်းပြင်ပေါ်သို့ ပုံလျက်သားလဲကျသွား၏။ ထို့နောက် အရာရာသည် တိတ်ဆိတ်သွားပြီး ဒိုင်ယာရီစာအုပ်ထဲမှ မင်စက်တွေပေါက်ခနဲ၊ ပေါက်ခနဲကျနေသံကိုသာ ကြားရသည်။ မြွေနဂါးကြီး၏ ပြင်းထန်သောအဆိပ်သည် ဒိုင်ယာရီစာအုပ်ကိုထုတ်ချင်းခတ်အပေါက်ကြီးတစ်ပေါက်ဖြစ်အောင် တဖျစ်ဖျစ် လောင်ကျွမ်းသွားစေသေးသည်။

ဟယ်ရီက အားယူပြီးထလိုက်၏။ သူ့ခေါင်းထဲတွင် ချာချာလည်မူးနေဆဲပင်ရှိသေးသည်။ သူ၏ဆေးတောင်ဝှေး၊ ဦးထုပ်နှင့် ဓါးတို့ကို တစ်ခုချင်းစီဖြစ်ကောက်သိမ်းလိုက်သည်။ ထိုစဉ် မိန်းခလေးဆောင်တစ်ဘက်စွန်းဆီမှ ညည်းညူသံသဲ့သဲ့ကြားရ၏။ ဂျင်းနီသတိရလာလေပြီ။ ဟယ်ရီက သူမထံသို့ အပြေးသွားလိုက်၏။

ဂျင်းနီကထထိုင်ရင်း မြွေနဂါးကြီးကိုတစ်လှည့်၊ ဟယ်ရီကိုတစ်လှည့်ကြည့်လိုက်၏။ ထို့နောက် ဇဝေဇဝါဖြစ်နေသော သူမ၏မျက်လုံးများကဒိုင်ယာရီစာအုပ်ဆီသို့ရောက်သွားသောအခါ မျက်ရည်များတသွင်သွင်စီးကျလာပြီး. . .

"ဟယ်ရီ. . . ဟယ်ရီရယ်၊ မနက်စာစားတုန်းက ဒီအကြောင်းတွေ ပြောဖို့မလို့ပဲ၊ ဒါပေမယ့် ပါစီရောက်လာလို့၊ တရားခံက ကျွန်မပါ ဟယ်ရီ။ ဒါပေမယ့် တကယ်ကရစ်ဒယ်. . ရစ်ဒယ်၊ ကျွန်မနောက်ဆုံးမှတ်မိတာကတော့ ဒိုင်ယာရီစာအုပ်ထဲကနေ ရစ်ဒယ်ထွက်လာပြီး. . . "

"ဘာမှစိတ်မပူနဲ့တော့ ဂျင်းနီ၊ ရစ်ဒယ်ရောသူ့ရဲ့မိန်းခလေးမြွေနဂါးကြီးရော ဇာတ်သိမ်းသွားပြီ။ ကဲ. . လာဂျင်းနီ၊ ဒီနေရာက အမြန်ထွက်ကြစို့"

ဟယ်ရီက တွဲခေါ်လာစဉ် ဂျင်းနီကငိုကြွေးရင်း. . .

"ကျွန်မတော့ ကျောင်းထုတ်ခံရတော့မယ်ထင်တယ်၊ ဖေဖေနဲ့မေမေက ဘာပြောကြမလဲမသိဘူး"



မီးလျှံငှက်ဖော်ကီက သူတို့ကိုရှေ့မှစောင့်ပြီး လမ်းပြခေါ်ငင်သွား၏။ အတော်ကြာကြာသွားပြီးသောအခါ ပိတ်ဆို့ကာဆီးနေသော ကျောက်တုံးများကိုဖယ်ရှားနေသည့် ရွန့်အသံကိုကြားလိုက်ရသည်။ ဟယ်ရီက ခပ်သုတ်သုတ်လှမ်းရင်းအော်ခေါ်လိုက်၏။

"ရွန်ရေ. . ဂျင်းနီဘာမှမဖြစ်ဘူးဟေ့၊ ဒီမှာငါခေါ်လာပြီ"

ဝမ်းသာအားရဖြစ်သွားသည့် ရွန့်မျက်နှာကို ကျောက်တုံးများဖယ်ရှားထားသော အပေါက်ထဲမှတစ်ဆင့် မြင်လိုက်ရ၏။ ရွန်က ဂျင်းနီကိုပွေ့ချီရန်လက်လှမ်းရင်း. . .

"ဂျင်းနီ. . ညီမလေး၊ နင်ဘာမှမဖြစ်ဘူးနော်"

ဂျင်းနီက တရှုံ့ရှုံ့ငိုနေ၏။ ရွန်ကသူမကိုအားပေးရင်း. . .

"ဒီငှက်က ဘယ်ကရောက်လာတာလဲ"

"ဒါ ပါမောက္ခကြီးဒမ်ဘယ်ဒိုးရဲ့ငှက်ကွ"

"ဟင်. . . ဒီဓါးကရော"

"ဒါတွေမင်းကို ငါနောက်မှရှင်းပြမယ်ရွန်"

ဟု ဟယ်ရီက လျင်မြန်စွာပြောရင်း စကားဖြတ်လိုက်သည်။ ဂျင်းနီ၏ရှေ့တွင် မိန်းခလေးဆောင်ကို ဖွင့်သည့်တရားခံမှာ သူမပင်ဖြစ်ကြောင်းပြောပြရန်မသင့်ဟု တွေးလိုက်မိသောကြောင့်ဖြစ်သည်။ ထို့နောက် ဟယ်ရီက. . .

"လော့ဟတ်ရော. . ."

"ဟိုနောက်ဘက်မှာ. . သူကတော့ အခြေအနေမကောင်းဘူး ဟယ်ရီရေ့၊ သူ့ရဲ့အတိတ်မေ့မန္တာန်က သူ့ကိုပြန်မှန်သွားတယ်၊ အခု သူ့ကိုယ်သူဘယ်သူမှန်းမသိတော့ဘူး"

ပရော်ဖက်ဆာ လော့ဟတ်ကိုကြည့်ရသည်မှာ ဘာမှမသိသူတစ်ယောက်လို

www.burmeseclassic.com

www.burmeseclassic.com



အုတ္တုတ္တုကြောင်စီစီဖြင့် နှုတ်ခမ်းဖေ့ကာ တေးသီချင်းတစ်ပုဒ်ကိုညည်းနေ၏။ သူက ဟယ်ရီတို့ကို နားမလည်သလိုမော့ကြည့်လိုက်ရင်း. . .

"ဟယ်လို တော်တော်ထူးဆန်းတဲ့နေရာပဲနော်၊ မင်းတို့ဒီမှာနေကြတာ လား. . ."

"ဟင့်အင်း. . "

ဟု ရွန်ကဖြေရင်း ဟယ်ရီကို မျက်ခုံးများပင့်ကာ ကြည့်လိုက်၏။ ဘာမှမသိ တော့သည့် လော့ဟတ်၏အမူအယာက ကလေးတစ်ယောက်လိုဖြူစင်ရိုးသားနေ လေသည်။

"ဒီပိုက်လုံးထဲကနေ ငါတို့အပေါ်ကိုဘယ်လိုပြန်တက်ကြမလဲ"

ဟု ဟယ်ရီက ရွန့်ကိုမေးလိုက်၏။ ရွန်ကခေါင်းခါပြလိုက်သည်။ သို့သော် ထိုအချိန်တွင် မီးလျှံငှက်က ဟယ်ရီ့ရှေ့၌ အတောင်တဖျတ်ဖျတ်ခတ်ကာပျံသန်း ရင်း အမြီးများကိုလှုပ်ယမ်းပြလိုက်၏။ ရွန်ကနားမလည်နိုင်စွာဖြင့်ကြည့်ရင်း. . .

"သူပြောချင်တာကတော့ သူ့အမြီးကို မင်းကိုင်ပြီး လိုက်စေချင်တဲ့သဘော ပဲဟယ်ရီ၊ ဒါပေမယ့် မင်းကိုယ်အလေးချိန်ကို ဒီငှက်ကသယ်နိုင်ပါ့မလား. . ."

"ဖော့ကီက သာမန်ငှက်မဟုတ်ဘူးရွန်၊ ကဲ. . ငါတို့တစ်ယောက်ကိုတစ် ယောက် မြဲမြဲကိုင်ထားကြမယ်။ ဂျင်းနီကရွန့်လက်ကိုကိုင်၊ ပရော်ဖက်ဆာ လော့ဟတ်က . . ."

"ဟော့လူ. . . လော့ဟတ်ဆိုတာ ခင်ဗျားကိုပြောနေတာ"

ဟု ရွန်ကဝင်ဟောက်လိုက်၏။

"ခင်ဗျားက ဂျင်းနီရဲ့လက်ကို မြဲမြဲကိုင်ထား"

ဟယ်ရီက ဓါးနှင့်ဦးထုပ်ကိုခါးပတ်ကြားထဲသို့ထည့်လိုက်၏။ ရွန်က ဟယ်ရီ ၏ ဝတ်ရုံစကိုတင်းတင်းဆွဲထားသည်။ ဟယ်ရီက မီးလျှံငှက်၏ ထူးဆန်းစွာပူနွေး နေသော အမြီးကိုမိမိရရဆုပ်ကိုင်လိုက်လေသည်။



နောက်တစ်စက္ကန့်မျှအကြာတွင် သူတို့လေးယောက်စလုံးသည် မီးလျှံငှက်ဖို သန်းရာနောက်သို့ တသီတတန်းကြီးလိုက်ပါပြီး တဖြည်းဖြည်းမြင့်တက်သွားကြ သည်။ လော့ဟတ်ကတော့ လေထဲတွင်. . .

"အလိုလေး. . ထူးဆန်းလှချည်လား၊ မှော်ပညာနဲ့ဖန်ဆင်းထားသလား အောက်မေ့ရတယ်"

ဟု ပြောရင်းလိုက်ပါလာသည်။ နောက်ဆုံး၌ သူတို့လေးယောက်စလုံးငိုချင် သည်သရဲမ မာရတယ်၏ အိမ်သာဆီသို့ ရောက်လာခဲ့ကြတော့၏။

မာရတယ်က. . .

" နင်တို့မသေကြဘူးနော်"

"နင့်လေသံက စိတ်ပျက်လက်ပျက်နဲ့။ ဘာလဲ. . . ငါတို့မသေလို့ စိတ်ပျက် သွားတာလား. . ."

ဟု ဟယ်ရီက ပြန်ပြောလိုက်သည်။

"မဟုတ်ပါဘူးဟာ၊ ငါက အခုလေးတင်တွေးနေတာ၊ တကယ်လို့များ နင် သေသွားမယ်ဆိုရင် နင့်ကိုငါနေတဲ့ အိမ်သာမှာလာနေဖို့ နေရာခွဲပေးမလို့"

မာရတယ့်မျက်နှာက ရှက်သွေးဖြန်းသွားသောကြောင့် ငွေရောင်လက်သွား ၏။

ရေချိုးခန်းထဲမှထွက်ပြီး အပြင်ဘက်စင်္ကြံသို့ရောက်လာကြသောအခါ ရွန်က. . .

"ဟော့ကောင်ဟယ်ရီ၊ သရဲမ မာရတယ်ကတော့ မင်းကိုကြိုက်နေပြီထင် တယ်၊ ဂျင်းနီရေ နင်တော့ပြိုင်ဘက်ပေါ်လာပြီ"

ဂျင်းနီ၏ မျက်နှာပေါ်တွင် မျက်ရည်များစီးလျှက်ပင်ရှိသေးသည်။

"ကဲ. . အခုငါတို့ ဘယ်သွားကြမလဲ"

ဟု ရွန်က မေးလိုက်သည်။ ဟယ်ရီက လက်ညှိုးထိုးပြလိုက်၏။ မီးလျှံငှ

www.burmeseclassic.com

www.burmeseclassic.com



ဖော်ကီက ရှေ့မှဦးဆောင်သွားနေသည့်အတိုင်း စကြိုန်တစ်လျှောက် သူတို့လိုက်လာခဲ့ကြသည်။

နောက်ဆုံးတွင် ပရော်ဖက်ဆာမက်ဂွန်နာဂေါ်၏ ရုံးခန်းရှေ့၌ သူတို့ရပ်နေကြသည်။

ဟယ်ရီက တံခါးကိုခေါက်လိုက်၏။ ထို့နောက်တွန်းဖွင့်လိုက်လေသည်။

❑

## အခန်း (၁၈)

### မှင်စာလေး ဒေါ်ဘီအတွက် ချီးမြှင့်လိုက်သောအရာ

www.burmeseclassic.com

www.burmeseclassic.com



ခဏမျှကြာအောင် ဟယ်ရီ၊ ရွန်၊ ဂျင်းနီနှင့် လော့ဟတ်တို့သည် တခါးဝတွင် တိတ်ဆိတ်စွာရပ်နေမိကြ၏။ ထိုစဉ် အလန့်တကြားအော်ခေါ်သံတစ်ခု ပေါ်ထွက်လာသည်။

"သမီး. . . ဂျင်းနီ"

မစ္စစ်ဝီစလေက မီးဖိုရှေ့တွင်ထိုင်ရင်း၊ ငိုကြွေးနေရာမှ ဝုန်းခနဲထရပ်လိုက်၏။ သူမ၏ နောက်တွင်ကား မစ္စတာဝီစလေ၊ သူတို့နှစ်ယောက်စလုံး သမီးဖြစ်သူ ဂျင်းနီရှိရာဆီသို့ လွှားခနဲပြေးလာကြ၏။ ပါမောက္ခကြီး ဒမ်ဘယ်ဒိုးနှင့် ပရော်ဖက်ဆာ မက်ဂွန်နာဂေါ် တို့ကတော့ မီးဖိုစင်ကလေးဘေးတွင် ရပ်နေကြ၏။ မီးလျှံငှက်က ဒမ်ဘယ်ဒိုးဆီသို့ ပျံဝဲသွားပြီး ပုခုံးပေါ်တွင်နားလိုက်သည်။

မစ္စစ်ဝီစလေက ဟယ်ရီကို. . .

"သမီးမှာ မင်းပေးတဲ့အသက်ပဲရှိပါတော့တယ်ကလေးရယ်၊ ဘယ်လိုနည်းနဲ့ပြီးတော့များ သူ့ကိုကယ်ခဲ့တာလဲဟင်"

"တို့အားလုံးလည်း အဲဒါကိုသိချင်နေကြတယ် ဟယ်ရီ"

ဟု ပရော်ဖက်ဆာ မက်ဂွန်နာဂေါ်က ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီက ခေတ္တမျှ တုံ့ဆိုင်းနေပြီးနောက် စားပွဲဆီသို့သွားကာ ဦးထုပ်ခါးနှင့် ရစ်ဒယ်၏ ဒိုင်ယာရီစာအုပ်ကိုတင်လိုက်သည်။ ထို့နောက် မည်သူမျှမကြားရသောအသံတစ်ခုကို သူတစ်ယောက်တည်းကြားနေရသည့် အကြောင်းမှစ၍ ဝိုချင်းသည် သရဲမ၏ ရေချိုးခန်းသည် မိစ္ဆာခန်းဆောင်၏ ဝင်ပေါက်ဖြစ်နိုင်သည်တို့ သဲလွန်စရသည်အထိ ဆယ့်ငါးမိနစ်ခန့်ကြာအောင် ပြောပြလိုက်သည်။

ပရော်ဖက်ဆာ မက်ဂွန်နာဂေါက. . .

"တော်တော်တော့ဟုတ်တဲ့ ကလေးတွေပဲ၊ ကျောင်းစည်းကမ်းတွေကို ရာနဲ့ချီပြီးချိုးဖောက်ပြီးတော့ မိစ္ဆာခန်းဆောင်ကို ရှာတွေ့ခဲ့ကြတာပေါ့ ဟုတ်လားကဲ. . အဲဒီအထဲကနေ ဘယ့်နှယ်လုပ်ပြီး အသက်ရှင်လျှက် ပြန်ထွက်လာခဲ့ကြတာလဲ ဆိုစမ်းပါဦး"

ဟယ်ရီက သူ့ကိုကယ်ရန် မီးလျှံငှက်ရောက်လာပုံ၊ ဦးထုပ်ကြီးက သူ့အားဓါးတစ်ချောင်းပေးပုံတို့ကို ဇာတ်စုံခင်းပြလိုက်သည်။ သို့သော် ရစ်ဒယ်၏ဒိုင်ယာရီစာအုပ်အကြောင်းသို့ရောက်သောအခါ သူနှုတ်တွန့်သွားသည်။ ဒိုင်ယာရီစာအုပ်အကြောင်းကို ပြောပြလိုက်လျှင် တရားခံမှာဂျင်းနီဖြစ်ကြောင်းပါလာပေတော့မည်။ ထိုသို့ဆိုလျှင် သူမကိုကျောင်းထုတ်ပစ်ကြမလားဟု တွေးရင်းဟယ်ရီစိုးရိမ်လာ၏။

ဟယ်ရီက မသိစိတ်ဖြင့် ပါမောက္ခကြီးဒမ်ဘယ်ဒိုးဆီသို့ ဖျတ်ခနဲတစ်ချက်လှမ်းကြည့်လိုက်မိသည်။ ဒမ်ဘယ်ဒိုးက ငါသိပါတယ်ကွာဟူသော အပြုံးမျိုးပြုံးရင်း

"ငါ့အထောက်တော်တွေကပြောတော့ ဗိုဒီမော့ဟာ အယ်ဘေးနီးယားတောနက်ကြီးထဲမှာ ပုန်းအောင်းနေသတဲ့။ အဲသလောက်အဝေးကြီးကနေ သူဘယ်လိုလုပ်ပြီးတော့များ ဂျင်းနီကိုပြုစားလိုက်တာလဲ"

မဒ္ဒဘာဝီစလေက အလန့်တကြားဖြင့်. . .



"ဗျာ. . မိစ္ဆာကောင်ကြီးက ကျွန်တော့်သမီးကိုပြုစားတယ်၊ ကျွန်တော့်သမီးမဟုတ်နိုင်. . . "

ဟယ်ရီက စိတ်သက်သာရာ ရသွားပြီး အမြန်ဝင်ပြောလိုက်၏။

"ဒိုင်ယာရီစာအုပ်ကြောင့်ပါ ဆရာကြီး၊ ရစ်ဒယ်ဟာ ဟောဒီဒိုင်ယာရီစာအုပ်ကို သူ့ဆယ့်ခြောက်နှစ်သားတုန်းက ရေးခဲ့တာ"

ပါမောက္ခကြီးဒမ်ဘယ်ဒိုးက ဒိုင်ယာရီစာအုပ်ကိုလှမ်းယူကြည့်ရင်း. . .

"သိပ်တော်တဲ့ဗိုဒီမော့ပဲ၊ အင်းလေ. . . သူဟာဟော့ဝပ်မှာ အတော်ဆုံးကျောင်းသားလို့တောင် ပြောမယ်ဆိုပြောလို့ရတယ်။ မိစ္ဆာသခင်ကြီး ဗိုဒီမော့ဆိုတာ ဟိုအချိန်တုန်းက တွမ်ရစ်ဒယ်ဆိုတဲ့ကျောင်းသားလေးတစ်ယောက်မှန်းသိတဲ့သူ ရှားပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်းငါးဆယ်လောက်တုန်းက သူ့ကိုကျုပ်ကိုယ်တိုင် စာသင်ပေးခဲ့ရတာပေါ့၊ သူကျောင်းကလည်းထွက်ပြီးရော၊ တစ်ခါတည်းပျောက်သွားတယ်၊ နေရာအနှံ့ခြေဆန့်ရင်း မိစ္ဆာအောက်လမ်းကမ္ဘာထဲမှာ စုန်းစုန်းမြုပ်သွားခဲ့တာပေါ့၊ အဆိုးဝါးအယုတ်မာဆုံးဆိုတဲ့ မှော်ဆရာတွေနဲ့ ပေါင်းသင်းတယ်၊ အန္တရာယ်ကြီးတဲ့ ပညာရပ်တွေကိုလိုက်စားတယ်၊ နောက်ဆုံးသူ့ကိုယ်သူ မှော်ပညာနဲ့ ရုပ်သွင်ပြောင်းပြီး ဗိုဒီမော့ဆိုတဲ့နာမည်ကိုခံယူလိုက်တာပဲ။ သူ့ရုပ်ကို ဘယ်သူမှမမှတ်မိကြတော့ဘူးလေ၊ ဆိုးဝါးယုတ်မာတဲ့ မိစ္ဆာသခင်ကြီး ဗိုဒီမော့ကို တစ်ချိန်တုန်းက ထူးချွန်လိမ္မာခဲ့တဲ့ ကျောင်းသားအကြီးအကဲလေး တွမ်ရစ်ဒယ်နဲ့ ဘယ်သူကဆက်စပ်မိမှာတဲ့လဲ"

"ဒါပေမယ့် ဂျင်းနီ. . . ကျွန်မတို့သမီးလေး ဂျင်းနီဟာ သူနဲ့ဘယ်လိုလုပ်ပြီးတော့များ ပတ်သက်သွားရတာလဲ"

ဂျင်းနီက တစ်ရှိုက်ငိုရင်း ဝင်ဖြေ၏။

www.burmeseclassic.com

www.burmeseclassic.com



"သူ့. . ဒိုင်. . ဒိုင်ယာရီထဲမှာ သမီးရေးမိတယ်၊ သူကတော့ပြန်. . ."

မစ္စတာဝီစလေက မျက်လုံးပြူးမျက်ဆံပြူးဖြင့်. . .

"ဂျင်းနီ၊ ဖေဖေသမီးကို မှာထားတယ်မဟုတ်လား၊ ဦးနှောက်ကို ဘယ်နေရာမှာ ဖွက်ထားမှန်းမသိရဘဲ တွေးခေါ်စဉ်းစားတတ်နေတဲ့ အရာမှန်သမျှဘာကိုမှ မယုံနဲ့လို့ ဖေဖေမှာခဲ့တာလေ။ ဘာဖြစ်လို့ အဲဒီဒိုင်ယာရီစာအုပ်ကို ဖေဖေ့ကိုရော မေမေ့ကိုပါ မပြရတာလဲ၊ ဒီလိုပုန်းလျှိုးကွယ်လျှိုး စိမ်ထားတဲ့ ပစ္စည်းတစ်ခုဟာ အောက်လမ်းနဲ့စီရင်ထားတယ်ဆိုတာ ရှင်းနေတာပဲ"

ဂျင်းနီက ငိုရှိုက်ရင်း. . .

"သမီးလည်း ဘယ်သိပ့်မလဲ၊ မေမေပေးတဲ့ စာအုပ်တွေထဲက တစ်အုပ်ကြားမှာ အဲဒီဒိုင်ယာရီစာအုပ်ကိုတွေ့တာ၊ သမီးကတစ်ယောက်ယောက်မေ့ကျန်ခဲ့တယ်ထင်လို့. . ."

ထိုစဉ် ဒမ်ဘယ်ဒိုးက ဖြတ်ပြီးဝင်ပြောလိုက်၏။

"ဂျင်းနီလေးကို ဆေးရုံတစ်ခါတည်း ခေါ်သွားဖို့ကောင်းတာ။ သူရင်ဆိုင်ခဲ့ရတဲ့ဒုက္ခက နည်းနည်းနောနော ကြောက်စရာမှမဟုတ်ဘဲ၊ သူ့ကိုအပြစ်ပေးဖို့ မလိုပါဘူး၊ သူ့ထက်ပိုပြီး အတွေ့အကြုံရော၊ ပညာပါပြည့်ဝတဲ့သူတွေတောင်မှ ဗိုဒီမော့လှည့်စားတာကို ခံရသေးတာ၊ ကဲ. . ကဲ. . အိပ်ယာထဲမှာ ကောင်းကောင်းအနားယူ၊ ချောကလက်ပူပူတစ်ခွက်လောက်သောက်လိုက်ရင် တစ်ခါတည်းလန်းသွားတာပဲ၊ ကဲ. . သွား. . . သွား၊ ဆေးရုံမှာမဒမ်ပွန်ဖရေကိုတွေ့ပါလိမ့်မယ် သူအခုလေးတင်ပဲ ဆီမီးတောက်ပင်ဖျော်ရည်တွေ ဖော်စပ်နေတာ၊ မြွေနဂါးအဆိပ်တိုတာမဟုတ်ချင်း ပြေစေနိုင်လိမ့်မယ်ဆိုတာ ငါပြောရဲပါတယ်"

ရွန်က ဝမ်းသာအားရဖြင့်. . .

"ဒါဆို ဟာမီယွန်အတွက် မစိုးရိမ်ရတော့ဘူးပေါ့နော် ဆရာကြီး. . ."



"ဘာအန္တရာယ်မှ မရှိတော့ပါဘူးကွာ"

ဟု ဒမ်ဘယ်ဒိုးက ပြောလိုက်သည်။ မစ္စစ်ဝီစလေက ဂျင်းနီကို အပြင်သို့ခေါ်ထုတ်သွား၏။ မစ္စတာဝီစလေက နောက်မှလိုက်ပါသွားသည်။ ပါမောက္ခကြီး ဒမ်ဘယ်ဒိုးက ပရော်ဖက်ဆာ မက်ဂွန်နာဂေါဘက်သို့လှည့်၍. . .

"ကဲ. . . သိတဲ့အတိုင်းပဲ၊ မင်နာဗာရေ. . . သည်လိုအောင်ပွဲခံတဲ့အခါသမယမှာ စားပွဲသောက်ပွဲကြီး ကျင်းပဖို့မထိုက်တန်ပေဘူးလား. . .၊ စားဖိုဆောင်သွားပြီး စီမံစရာရှိတာတွေ စီမံဖို့ခင်ဗျားကိုတာဝန်ပေးပါရစေ"

"ဟုတ်ကဲ့. . ဟုတ်ကဲ့ရှင့်. . . ပေါ်တာနဲ့ဝီစလေတို့ကိစ္စကို ဆရာကြီးနဲ့လွှဲပေးထားလိုက်တော့မယ်"

သူမ၏စကားကြောင့် ဟယ်ရီနှင့်ရွန်တို့က ဒမ်ဘယ်ဒိုးကို ဇဝေဇဝါဖြင့် လှမ်းကြည့်မိကြသည်။ သူတို့နှင့်ပတ်သက်သောကိစ္စဆိုသည်မှာဘာလဲ၊ အပြစ်ပေးဖို့များလား. . .။

ထိုစဉ် ဒမ်ဘယ်ဒိုးက. . .

"မင်းတို့နှစ်ယောက် နောက်တစ်ခါ ကျောင်းစည်းကမ်းဖောက်ဖျက်ရင် ကျောင်းထုတ်ပစ်မယ်လို့ ပြောတာမှတ်မိသေးလား. . ."

ရွန်က ပါးစပ်အဟောင်းသားပွင့်သွား၏။ ဒမ်ဘယ်ဒိုးက ပြုံး၍ဆက်ပြောသည်။

"တစ်ခါတစ်လေမှာ ကိုယ့်စကားကိုပြန်ရုတ်သိမ်းသင့်တယ်ဆိုတဲ့အချက်ကို ပြတဲ့အနေနှင့် မင်းတို့နှစ်ယောက်စလုံးကို ကျောင်းဂုဏ်ထူးဆောင် ဆုတံဆိပ်ချီးမြှင့်လိုက်မယ်၊ အဲ. . နေဦး၊ ပြီးတော့ဂရစ်ဖင်ဒေါအဆောင်အတွက် အမှတ် ၂၀၀ ချီးမြှင့်သင့်တယ်လို့ ငါထင်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ရွှန်၏မျက်နှာသည် ပန်းရောင်သမ်းသွားပြီး ပါးစပ်ပြန်ပိတ်သွား၏။ ဒမ်ဘယ်ဒိုးက နောက်သို့လှမ်းငုံ့ကြည့်ရင်း. . .

"ဟောဟိုတစ်ယောက်ကတော့ ငြိမ်လှချည်လား၊ ဒီလိုသည်းထိတ်ရင်ဖိုစွန့်စားခန်းကြီးမှာ ဘယ်လိုအခန်းကဏ္ဍကပါဝင်တယ်ဆိုတာတောင် ဝင်မပြောတော့ဘူးလား လော့ဟတ်ရဲ့"

ထိုအခါကျမှ ဟယ်ရီလည်း သတိရသွားပြီး လှမ်းကြည့်လိုက်ရာ အခန်းထောင့်တွင် ကုပ်ကုပ်ကလေးရပ်နေသော လော့ဟတ်ကိုတွေ့လိုက်ရ၏။ လော့ဟတ်၏ မျက်နှာပေါ်တွင် အူကြောင်ကြောင်ဖြင့် ပြုံးပြနေသော အပြုံးတစ်ခုရှိသည်။ ဒမ်ဘယ်ဒိုးလှမ်းပြောနေသည်ကိုကြည့်ရင်း လော့ဟတ်က (သူ့ကိုပြောနေမှန်းမသိဘဲ) ငါ့နောက်ကဘယ်သူ့ကိုများ လှမ်းပြောနေပါလိမ့်ဟူသည့်အတွေးဖြင့် သူ့ကျောဘက်သို့လှည့်ကြည့်လိုက်သေး၏။

ရွှန်က လျှင်မြန်စွာဝင်ပြောလိုက်သည်။

"ပါမောက္ခကြီးခင်ဗျား၊ မိစ္ဆာခန်းဆောင်ထဲမှာ မတော်တဆထိခိုက်မှုတစ်ခုဖြစ်ပြီး ပရော်ဖက်ဆာလော့ဟတ်ဟာ. . ."

လော့ဟတ်က အံ့အားတကြီးဖြင့် ဝင်မေးသည်။

"ငါက ပရော်ဖက်ဆာ ဟုတ်လား၊ ကောင်းလိုက်လေ၊ ငါကငါ့ကိုယ်ငါ အညွှန့်တုံးနေတဲ့ကောင်လို့ထင်ထားတာ"

ရွှန်က ဒမ်ဘယ်ဒိုးကို တိုးတိုးတိတ်တိတ်ရှင်းပြလိုက်၏။

"သူက အတိတ်မေ့မန္တာန်နဲ့မန်းဖို့ကြိုးစားတာ၊ ဆေးတောင်ဝှေးကစုတ်နေတာနဲ့ သူ့ကိုယ်သူပြန်မှန်သွားတယ်"

ဒမ်ဘယ်ဒိုးက. . .

"ခင်ဗျားကကိုယ့်ဓါးနဲ့ ကိုယ်ပြန်ထိုးမိတာပေါ့၊ ဟုတ်လားဂေဒရှိုင်"



"ဗျာ. . ဓါး. . ဟုတ်လား၊ ကျွန်တော့်မှာမှ ဓါးမရှိတာ။ ဟိုကောင်လေးဆီမှာတော့ ဓါးတစ်ချောင်းရှိတယ်။ ခင်ဗျားလိုချင်ရင် သူ့ဆီက ငှါးပါလား"

ဒမ်ဘယ်ဒိုးက ရွှန့်ဘက်လှည့်၍. . .

"မင်း သူ့ကိုဆေးရုံသွားပို့ပေးပါလား၊ ငါဒီမှာ ဟယ်ရီနဲ့စကားနည်းနည်းပြောလိုက်ဦးမယ်"

ရွှန်က ဟယ်ရီနှင့်ဒမ်ဘယ်ဒိုးကို စပ်စုသလိုကြည့်ရင်း အခန်းအပြင်သို့ထွက်သွား၏။ ဒမ်ဘယ်ဒိုးက မီးဖိုအနီးရှိ ကုလားထိုင်တစ်လုံးဆီသို့သွားရင်း. . .

"မင်းလည်းထိုင်လေ ဟယ်ရီ၊ ပထမဦးဆုံး မင်းကိုငါပြောချင်တာကတော့ ကျေးဇူးတင်ပါတယ်ဆိုတာပဲ၊ မင်းဟာ မိစ္ဆာခန်းဆောင်ထဲမှာရှိနေချိန်တုန်းက ငါ့အပေါ်မှာဟန်ဆောင်မှုမပါဘဲ တကယ်လေးစားကြည်ညိုသစ္စာရှိတယ်ဆိုတဲ့အချက်ကိုပြခဲ့တယ်၊ အဲဒီအချက်ကလွဲပြီး တခြားဘယ်အချက်နဲ့မှ မင်းဟာမီးငှက်ကိုမင်းဆီရောက်အောင် လှမ်းခေါ်လို့မရဘူး၊ အဲ. . ပြီးတော့ တွမ်ရစ်ဒယ် ငါ့အထင်ပြောရရင် သူ့ရဲ့စိတ်အဝင်စားဆုံးပစ်မှတ်ဟာ မင်းပဲ"

"ပါမောက္ခကြီးခင်ဗျား၊ ရစ်ဒယ်ကပြောတော့ သူနဲ့ကျွန်တော်ဟာ ထူးထူးခြားခြားတူညီတဲ့အချက်တွေရှိသတဲ့. . . အဲဒါ. ."

"ဩ. . သူကသည်လိုပြောသလား၊ ကိုင်း. . မင်းကရောဘယ်လိုထင်သလဲ ဟယ်ရီ"

"ကျွန်တော်ကတော့ မတူဘူးထင်တာပဲ ဆရာကြီး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က ဂရစ်ဖင်ဒေါ်ကပဲ။ ကျွန်တော်. . ."

သူရုတ်တရက်စကားပြတ်ပြီး နှုတ်ဆိတ်သွားမိသည်။ ယခင်ကတည်းကရှိခဲ့သော သံသယဟောင်းတစ်ခု သူ့စိတ်ထဲ၌ပြန်ပေါ်လာ၏။

"ပါမောက္ခကြီးခင်ဗျာ၊ အဆောင်ရွေးချယ်တဲ့ ဦးထုပ်ကြီးက ပြောဖူးတယ်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သာ စလီသရင်အဆောင်မှာနေရင် အရမ်းပြောင်မြောက်မှာပဲတဲ့၊ ပြီးတော့ ကျွန်တော်က စလီသရင်ရဲ့ အဆက်အနွယ်တစ်ယောက်လိုပဲ မြွေစကား ပြောတတ်တာမို့လူတွေကတောင် အထင်လွဲကြသေး. . ."

ဒမ်ဘယ်ဒိုးက တည်ငြိမ်စွာဖြင့်. . .

"မင်းက မြွေစကားပြောတတ်မှာပေါ့ဟယ်ရီ၊ ဘာဖြစ်လို့လဲဆိုတော့ ဆလာဇာစလီသရင်ရဲ့ နောက်ဆုံးအဆက်အနွယ်ဖြစ်တဲ့ ဗိုဒီမော့က မြွေစကားပြော တတ်တာကိုး၊ ငါ့အထင်မမှားဘူးဆိုရင် မင်းနဖူးမှာ အမာရွတ်ရအောင် သူလုပ် ခဲ့တဲ့ညမှာ သူ့ရဲ့တန်ခိုးစွမ်းအင်တစ်ချို့ကို မင်းခန္ဓာကိုယ်ထဲကူးပြောင်းရောက်ရှိ သွားစေခဲ့တာဖြစ်လိမ့်မယ်၊ သူရည်ရွယ်ထားတာက. . ."

"ဗျာ. . . ဗိုဒီမော့က ကျွန်တော့်ခန္ဓာကိုယ်ထဲမှာ သူ့တန်ခိုးစွမ်းအင်တွေထည့် ခဲ့တယ်. . . ဟုတ်လား. . ."

"သေချာသလောက်နီးပါးပဲဆိုပါတော့ကွာ"

ပါမောက္ခကြီး၏ မျက်နှာကိုစိတ်ပျက်ဝမ်းနည်းစွာကြည့်ရင်း. . .

"ဒါဆို ကျွန်တော်က စလီသရင်အဆောင်မှာ နေသင့်တာပေါ့၊ ဦးထုပ်ကြီး က ကျွန်တော့်ကိုယ်ထဲမှာ စလီသရင်ရဲ့ တန်ခိုးစွမ်းအားတွေကိုတွေ့ပြီး ကျွန်တော့် ကို. . ."

"မင်းကို ဦးထုပ်ကြီးက ဂရစ်ဖင်ဒေါ်မှာ နေရာချပေးလိုက်တယ်လေ"

ဟု ဒမ်ဘယ်ဒိုးက တည်ငြိမ်စွာဖြင့် ပြောလိုက်၏။ ထို့နောက်သူကဆက်၍

"ငါပြောတာကို သေချာနားထောင်စမ်းဟယ်ရီ၊ မင်းဟာ ဆလာဇာစလီ သရင် ထုးချွန်ဆုရကျောင်းသားတစ်ယောက် ဖြစ်နိုင်လောက်တဲ့ စလီသရင်အရည် အသွေးအပြည့်အဝရှိတဲ့သူပဲ၊ မင်းမှာ ဆလာဇာစလီသရင်ရဲ့လက်သပ်မွေးတပည့် ဖြစ်ဖို့ပါရမီတွေ အများကြီးပါလာတယ်ဟယ်ရီ၊ မြွေစကားပြောတတ်တယ်၊ မသင်



ဘဲအလိုအလျောက်တတ်တဲ့ ဝမ်းတွင်းစုန်းဖြစ်တယ်။ ဆုံးဖြတ်ပြီးရင် မဖြစ်မနေလုပ် တတ်တယ်။ စည်းကမ်းကိုဂရုမစိုက်ဘူး. . စတာတွေပေါ့၊ ဒါပေမယ့် ဦးထုပ်ကြီးက မင်းကို ဂရစ်ဖင်ဒေါ်အဆောင်မှာထားခဲ့တယ်၊ အဲဒါဘာဖြစ်လို့လဲ၊ မင်းသိလား. .၊ စဉ်းစားစမ်း ဟယ်ရီ"

ဟယ်ရီက တုန်ယင်နေသောလေသံဖြင့်. . .

"ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က စလီသရင်ကို မသွားချင်ဘူးလို့ ငြင်း ခဲ့တာကိုး. . ."

"ဒါအမှန်ပဲဟယ်ရီ၊ မင်းနဲ့တွမ်ရစ်ဒယ်နဲ့ ကွာခြားသွားတာ အဲဒါပဲ၊ ငါတို့ ကိုယ် ငါတို့ ဘာကောင်ဖြစ်တယ်ဆိုတာကို ငါတို့ရဲ့စွမ်းရည်တွေက ဆုံးဖြတ်တာ မဟုတ်ဘူး၊ ငါတို့ရဲ့ရွေးချယ်မှုတွေကပဲ ဆုံးဖြတ်တာ။ မင်းဟာ ဂရစ်ဖင်ဒေါ်နဲ့ ထိုက်တန်တယ် ဆိုတဲ့အကြောင်း သက်သေပြတာလိုချင်တယ်ဆိုရင်ဖြင့် ဟောဒီ ဟာလေးကို သေသေချာချာထပ်ကြည့်လိုက်ဖို့ ငါအကြံပေးပါရစေ. . ."

ဒမ်ဘယ်ဒိုးက စားပွဲပေါ်မှ သွေးများစွန်းပေနေသော ငွေဓါးကို ကောက်ယူ ပြီး ဟယ်ရီ့ကိုလှမ်းပေးလိုက်သည်။ ဓါးလက်ကိုင်ရိုးပေါ်မှ ပတ္တမြားလုံးများသည် မီးရောင်အောက်တွင် တစ်လက်လက်တောက်ပနေကြ၏။ ဓါးပေါ်တွင် ထွင်းထု ထားသောနာမည်တစ်ခုကို ဟယ်ရီမြင်လိုက်ရသည်။

"ဂေါ့ဒရစ် ဂရစ်ဖင်ဒေါ်"

ဒမ်ဘယ်ဒိုးက. . .

"ဒါ. . . ဂရစ်ဖင်ဒေါ်ဓါးပဲ ဟယ်ရီ၊ တစ်ကယ်စစ်မှန်ပြီး ထိုက်တန်တဲ့ ဂရစ် ဖင်ဒေါ်ကျောင်းသားသာလျှင် ဒီဓါးကိုဦးထုပ်ထဲက ဆွဲထုတ်ယူနိုင်မှာပဲ ထုံးစံရှိတယ်"

တစ်မိနစ်ကြာအောင် သူတို့နှစ်ဦးသား စကားမဆိုဘဲ ငြိမ်နေဖြစ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဒမ်ဘယ်ဒိုးသည် အံဆွဲထဲမှ မင်းအိုးနှင့်ကလောင်တံကို ဆွဲထုတ်လိုက်သည်။

"လောလောဆယ်မှာ မင်းလိုနေတာကတော့ အစားအသောက်ကောင်းကောင်းစားပြီး အိပ်လိုက်ဖို့ပဲ၊ ကဲ. . သွားစားတော့ဟယ်ရီ၊ ငါကတော့ အက်ဇဘန်အကျဉ်းထောင်ကြီးဆီ စာလှမ်းရေးစရာရှိသေးတယ်။ ဟာက်ဂရစ်ကိုပြန်ခေါ်ရဦးမယ်လေ။ ပြီးတော့ သတင်းစာမှာထည့်ဖို့ ကြော်ငြာရေးရဦးမယ်။ ငါတို့ကျောင်းအတွက် အောက်လမ်းမိစ္ဆာနှိမ်နင်းရေးဘာသာရပ်သင်ဖို့ ဆရာအသစ်တစ်ယောက် အလိုရှိတယ်ဆိုတဲ့အကြောင်းပေါ့"

ဟယ်ရီက ကုလားထိုင်မှထပြီး အခန်းတံခါးဆီသို့ လျှောက်သွားလိုက်သည်။ တံခါးလက်ကိုင်ဖုဆီသို့ သူလက်လှမ်းလိုက်သည့်အချိန်မှာပင် တံခါးကဝုန်းခနဲပွင့်သွားသည်။

လူစီးယပ်မယ်ဖွိုင်းက ထိုနေရာတွင် ရပ်လျက်သား. .။ သူ့မျက်နှာပေါ်တွင် ဒေါသအရိပ်အငွေ့များ ယှက်သန်းနေကြသည်။ သူ့လက်မောင်းအောက်တွင်တော့ အိမ်စေမှင်စာလေးဒေါ်ဘီခမျာ အမြီးကုပ်၍ပါလာသည်။

ဒမ်ဘယ်ဒိုးဆီး၍ နှုတ်ဆက်လိုက်၏။

"ကောင်းသောညနေခင်းပါ လူစီးယပ်"

မစ္စတာမယ်ဖွိုင်းက အခန်းထဲသို့ ဝုန်းဒိုင်းကြဲ၍ဝင်သွားရာ ဒေါ်ဘီက သူ့နောက်မှ ဒရွတ်တိုက်ပါသွား၏။ ဒေါ်ဘီ၏မျက်နှာသည် ကြောက်ရွံ့မှုဖြင့် ချုံ့တွနေသည်။

လူစီးယပ်မယ်ဖွိုင်းက ဒမ်ဘယ်ဒိုးအား အေးစက်စွာစိုက်ကြည့်လိုက်ရင်း. .

"ဪ. . ခင်ဗျားပြန်လာသေးတာကိုး၊ ကျောင်းအုပ်ချုပ်ရေးအာဏာပိုင်တွေ



က ခင်ဗျားကို ရာထူးကခေတ္တဆိုင်းငံ့ထားတယ်မဟုတ်လား။ ဒါတောင် ခင်ဗျားက ဟော့ဂဝပ်ကို ပြန်လာဖို့သင့်တော်တယ်လို့ ယူဆနေသေးတယ်ပေါ့လေ"

ဒမ်ဘယ်ဒိုးက အေးဆေးတည်ငြိမ်စွာပြုံးလိုက်ရင်း. . .

"ဒီလို လူစီးယပ်ရဲ့ ခင်ဗျားကလွဲပြီး ကျန်တဲ့အုပ်ချုပ်ရေးကော်မတီဆယ့်တစ်ယောက်က ကျွန်တော့်ကို ဒီနေ့လှမ်းဆက်သွယ်ကြတယ်။ သူတို့လွှတ်လိုက်တဲ့ ဇီးကွက်တွေဟာ မုန်တိုင်းထဲပါလာတဲ့ မိုးသီးမိုးပေါက်တွေကျနေတာပဲ၊ သူတို့က အာသာဝိစလေရဲ့သမီးလေးအသတ်ခံရပြီလို့သတင်းကြားတာနဲ့ ချက်ချင်းပဲ ကျွန်တော့်ကို ပြန်လာစေချင်ကြတယ်။ သူတို့စိတ်ထဲမှာ ဒီတာဝန်ကိုထမ်းဆောင်ဖို့ ကျွန်တော်သာလျှင် အသင့်တော်ဆုံးလူဖြစ်တယ်လို့ယူဆထားကြပုံပဲ။

နောက်ပြီးတော့ သူတို့က ကျွန်တော့်ကိုပြောပြတဲ့အထဲမှာ တော်တော်ထူးဆန်းတဲ့အကြောင်းတွေလည်းပါတယ်။ ကျွန်တော့်ကို ရာထူးကဖယ်ရှားတဲ့ကိစ္စမှာ ခင်ဗျားဘက်က မထောက်ခံတဲ့လူတွေရဲ့ မိသားစုကိုကျိန်စာတိုက်မယ်လို့ ခင်ဗျားကခြိမ်းခြောက်တယ်ဆိုပဲ"

မစ္စတာမယ်ဖွိုင်း၏မျက်နှာသည် ခါတိုင်းထက်ပို၍ ဖြူဖတ်ဖြူရော်ဖြစ်သွား၏။ သို့ရာတွင် သူ၏မျက်လုံးများထဲ၌ကား ဒေါသတို့စွဲထင်နေဆဲရှိသေးသည်။ သူက လှောင်ပြောင်သရော်သံဖြင့်. . .

"ဒါဖြင့် ခင်ဗျားက တိုက်ခိုက်မှုတွေကို တားဆီးလိုက်နိုင်ပြီလား၊ တရားခံကိုရော. . . မိပြီလား. . ."

"မိပါပြီ"

ဟု ဒမ်ဘယ်ဒိုးက ပြုံးလျက်ပြန်ဖြေလိုက်သည်။ မစ္စတာမယ်ဖွိုင်းက. . .

"ဟုတ်လား. . ဘယ်သူလဲ"

"အရင်အခေါက်က ဖွင့်သွားတဲ့သူပါပဲ၊ ဒါပေမယ့် ဒီတစ်ခါတော့ ဗိုဒီမော့

www.burmeseclassic.com



က လွန်ခဲ့တဲ့နှစ်ငါးဆယ်က သူ့ရဲ့သိစိတ်ပုံရိပ်လွှာကို ကိုယ်ပွားအဖြစ် ခိုင်းခဲ့တာ ဟောသည်ဒိုင်ယာရီစာအုပ်ကတစ်ဆင့်ပေါ့"

ဒမ်ဘယ်ဒိုးက အလယ်တွင်အပေါက်ကြီးတစ်ပေါက် ပေါက်နေပြီဖြစ်သော ဒိုင်ယာရီစာအုပ်အနက်ကလေးကို ကိုင်မြှောက်ပြရင်း မစ္စတာမယ်ဖွိုင်းကို စူးစူးရဲရဲ အကဲခတ်လိုက်သည်။

ထိုအချိန်တွင် ဟယ်ရီကတော့ မှင်စာလေးဒေါ်ဘီကိုသာ မမှိတ်မသုန်ကြည့် နေမိ၏။ ဒေါ်ဘီက ထူးထူးဆန်းဆန်း အမူအရာတစ်ခုကို လုပ်ပြနေလေသည်။ သူ၏ပြူးကျယ်ဝိုင်းစက်သော မျက်လုံးကြီးများက ဟယ်ရီ့ကို အဓိပ္ပါယ်ပါပါ တစ် ချက်ကြည့်လိုက်၏။ နောက်ပြီး ဒိုင်ယာရီစာအုပ်ကို လက်ညှိုးထိုးပြသည်။ ထို့နောက် မစ္စတာမယ်ဖွိုင်းကို လက်ညှိုးထိုးပြသည်။ နောက်တော့ သူ့ခေါင်းကိုသူ လက်သီး ဆုပ်ဖြင့် ခပ်ပြင်းပြင်းထုနှက်နေလေသည်။

မစ္စတာမယ်ဖွိုင်းက ဒမ်ဘယ်ဒိုးကို ဖြည်းဖြည်းချင်းပြောလိုက်၏။

"ကျွန်တော်သိပြီ"

"အင်မတန်ပါးနပ်တဲ့ စီမံကိန်းပါပဲ"

ဟု ဒမ်ဘယ်ဒိုးက အသံမှန်မှန်ဖြင့် ပြောလိုက်သည်။ ပြောရင်းနှင့် မစ္စတာ မယ်ဖွိုင်း၏ မျက်လုံးများထဲသို့ စိုက်ကြည့်နေ၏။ ထို့နောက်သူကဆက်၍. . .

"ဘာဖြစ်လို့လဲဆိုတော့ ဟောသည်က ဟယ်ရီပေါ်တာနဲ့ သူ့သူငယ်ချင်း ရွန်တို့သာ ဒီစာအုပ်ကို မဖော်ထုတ်နိုင်ခဲ့ဘူးဆိုရင် ရှိရှိသမျှအပြစ်အားလုံးဟာ ဂျင်းနီဝီစလေပေါ်မှာချည်းပဲ ပုံကျတော့မယ်၊ သူမဟာ မိန္ဓာကောင်ရဲ့ ပူးဝင်စေခိုင်း ခြင်းခံခဲ့ရတာပါဆိုတဲ့အချက်ကို ဘယ်သူမှသက်သေပြနိုင်တော့မှာမဟုတ်ဘူး"

မစ္စတာမယ်ဖွိုင်းက ဘာမှမပြော။ သူ့မျက်နှာသည် မျက်နှာဖုံးစွပ်လိုက်သလို မျိုး ရုတ်တရက်ကြီး အမူအရာကင်းမဲ့သွား၏။ ဒမ်ဘယ်ဒိုးကဆက်၍. . .



"အဲသည်အခါကျရင် ဖြစ်လာမယ့် အကျိုးဆက်တွေကို စဉ်းစားကြည့်လေ ဗျာ၊ ဝီစလေဆိုတာ ကျွန်တော်တို့လောကမှာ မှော်မျိုးသန့်လို့ထင်ရှားတဲ့ ဆွေကြီး မျိုးကြီး မိသားစုတွေထဲကတစ်ခုပဲ၊

နောက်ပြီး အာသာဝီစလေကလည်း မှော်ဝန်ကြီးဌာနမှာ လူသားများကို အကာအကွယ်ပေးရေး ဥပဒေကြမ်းကို ရေးဆွဲတင်ပြထားတဲ့အချိန်. . .၊ အဲသည် လိုအချိန်မျိုးမှာမှ အာသာဝီစလေရဲ့သမီး ဂျင်းနီဝီစလေဟာ လူသာမန်ကမွေးတဲ့ ကျောင်းသားကျောင်းသူတွေကို တိုက်ခိုက်သတ်ဖြတ်တယ်ဆိုတဲ့ ပြစ်မှုနဲ့အဖမ်းခံရ ရင် ဘာတွေဖြစ်ကုန်မလဲ. . .။

ဒီဒိုင်ယာရီစာအုပ်ကို ဖော်ထုတ်ပြီး အထဲက ရစ်ဒယ်ရဲ့ သိစိတ်ရုပ်ပုံလွှာကို ဖျက်ဆီးပစ်လိုက်နိုင်တာ အရမ်းကံကောင်းတယ်၊ နို့မို့ဆိုရင်တော့ ဖြစ်လာမယ့် အကျိုးဆက်တွေက မတွေးရဲစရာပဲ. . ."

"အရမ်းကံကောင်းပါတယ်"

ဟု မစ္စတာမယ်ဖွိုင်းက ဖျစ်ဖျစ်ညှစ်ညှစ်ပြောလိုက်၏။

ထိုအချိန်တွင် သူ့နောက်ကွယ်၌ ဒေါ်ဘီကဒိုင်ယာရီစာအုပ်ကို ညွှန်ပြလိုက်၊ လုစီးယပ်မယ်ဖွိုင်းကိုညွှန်ပြလိုက်၊ သူ့ခေါင်းကိုသူလက်သီးဖြင့်ထုလိုက် လုပ်နေ သည်။

ဟယ်ရီ ရုတ်ချည်းပင်နားလည်လိုက်၏။ သူကဒေါ်ဘီ့ကိုခေါင်းညိတ်ပြလိုက် ရာ မှင်စာကလေးဒေါ်ဘီက အခန်းထောင့်ဆီသို့ နောက်ဆုတ်သွား၏။ ယခုတော့ မှင်စာကလေးက သူ့ကိုယ်သူအပြစ်ပေးသည့်အနေဖြင့် နားရွက်များကိုဆွဲလိမ်နေ သည်။

ဟယ်ရီက ရုတ်တရက်ဝင်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲသည် ဒိုင်ယာရီစာအုပ်က ဂျင်နီလက်ထဲကို ဘယ်လိုရောက်လာသလဲ ဆိုတာကိုရော သိချင်သေးသလား၊ မစ္စတာမယ်ဖွိုင်း"

လူစီးယပ်မယ်ဖွိုင်းက ဟယ်ရီဘက်သို့လှည့်ကြည့်လိုက်သည်။

"ဆိုစမ်းပါဦး၊ အဲသည်အသုံးမကျတဲ့ကောင်မလေးက ဘယ်ကရလာသတဲ့လဲ"

ဟယ်ရီက. . .

"ဘယ်ကလဲဆိုတော့ ခင်ဗျားဆီကပဲမယ်ဖွိုင်း၊ ကျောင်းစာအုပ်တွေရောင်းတဲ့ဆိုင်မှာတုန်းက ဂျင်နီရဲ့ရုပ်သွင်ပြောင်းဘာသာရပ်စာအုပ်ကိုကောက်ပေးရင်းနဲ့ အဲဒီစာအုပ်ကြားထဲမှာ ဟောသည်ဒိုင်ယာရီစာအုပ်ကို ခင်ဗျားညှပ်ထည့်ပေးလိုက်တာပဲ မစ္စတာမယ်ဖွိုင်း. . . ဟုတ်တယ်မဟုတ်လား. . ."

မစ္စတာမယ်ဖွိုင်းက လက်သီးကိုဆုပ်ချည်ဖြန့်ချည်လုပ်ရင်း. . .

"မင်းသက်သေပြလေ"

"ဘယ်သူမှတော့ သက်သေပြနိုင်မှာမဟုတ်ဘူးပေါ့"

ဟု ဒမ်ဘယ်ဒိုးက ဟယ်ရီ့ကိုပြုံးပြရင်း ဝင်ပြောလိုက်သည်။ ထို့နောက် သုကဆက်၍. . .

"အခုဆိုရင် ရစ်ဒယ်လည်း စာအုပ်ထဲကနေ လုံးဝပျောက်ကွယ်သွားပြီပဲ နောက်တစ်ပိုင်းက ကျွန်တော်အနေနဲ့ ခင်ဗျားကိုအကြံပေးရမယ်ဆိုရင် နောက်နောင်ကို ဗိုဒီမော့ကျောင်းသားဘဝတုန်းက သုံးတဲ့ပစ္စည်းပစ္စယတွေ အပြင်ကိုထုတ်မလာဖို့ပါပဲ လူစီးယပ်၊ အပြစ်မဲ့တဲ့ သူတွေလက်ထဲမှာ ဒီလိုပစ္စည်းမျိုးတွေ နောက်ထပ်တွေ့လာရဦးမယ်ဆိုရင်တော့ အာသာဝိစလေ့ရဲ့ စုံစမ်းစစ်ဆေးမှုတွေက ခင်ဗျားဆီကို ခြေရာခံပြီးလိုက်လာလိမ့်မယ် လူစီးယပ်"

လုစီးယပ်မယ်ဖွိုင်းက ခဏမျှကြာအောင် တောင့်တောင့်ကြီးရပ်နေ၏။ သူ



ညာဘက်လက်က ဆေးတောင်ဝှေးကိုဆွဲထုတ်လိုက်ချင်စိတ်ဖြင့် တဆတ်ဆတ်တုန်နေသည်ကို ဟယ်ရီမြင်နေရ၏။ နောက်ဆုံးတွင်သူက စိတ်ကိုအတင်းချုပ်တည်းလိုက်ပြီး သူ့အိမ်စေမှင်စာလေးဒေါ်ဘီဘက်သို့လှည့်၍. . .

"ငါတို့သွားမယ်. . . ဒေါ်ဘီ"

သူကတံခါးကိုတွန်းဖွင့်ပြီး ထွက်သွားသည်။ မှင်စာလေးက အပြေးလိုက်သွား၏။ လမ်းတစ်လျှောက်လုံးတွင် မယ်ဖွိုင်းက မှင်စာလေးကို ကန်ကျောက်သွားလေရာ ဒေါ်ဘီ၏နာကျင်စွာ အော်ဟစ်ညည်းညူသံကိုအတိုင်းသားကြားနေရ၏။

ဟယ်ရီက လေးလေးနက်နက်စဉ်းစားရင်း ရပ်နေမိသည်။ ထို့နောက် အတွေးတစ်ခု ဖျတ်ခနဲသူ့ခေါင်းထဲသို့ဝင်လာ၏။ သူက ရေးကြီးသုတ်ပျာဖြင့်. . .

"ပါမောက္ခကြီးခင်ဗျား. . ကျွန်တော် ဒိုင်ယာရီစာအုပ်ကို မစ္စတာမယ်ဖွိုင်းဆီ ပြန်ပေးလိုက်ချင်လို့. . . ခွင့်ပြုနိုင်မလားခင်ဗျာ"

"ရပါတယ် ဟယ်ရီ၊ ဒါပေမယ့် မြန်မြန်တော့လုပ်၊ စားသောက်ပွဲဆီသွားဖို့ ရှိသေးတယ်"

ဟယ်ရီက ဒိုင်ယာရီစာအုပ်ကို ကောက်ကိုင်ပြီးရုံးခန်းထဲမှ တဟုန်ထိုးပြေးထွက်ခဲ့သည်။ ထောင့်ချိုးတစ်ခုအရောက်တွင်ရပ်လိုက်ပြီး ဖိနပ်တစ်ဘက်ကိုချွတ်ကာ ညစ်ပတ်နံစော်နေသော သူ၏ခြေအိတ်တစ်ဘက်ကိုဆွဲချွတ်လိုက်၏။ ထို့နောက် ဒိုင်ယာရီစာအုပ်ကို ခြေအိတ်ထဲသို့ထိုးသိပ်ထည့်လိုက်ပြီး စင်္ကြံအတိုင်းပြေးဆင်းလာခဲ့သည်။

လှေကားထိပ်အရောက်တွင် မစ္စတာမယ်ဖွိုင်းနှင့် ဒေါ်ဘီတို့ကိုသူမီလာ၏။ သူက -

"မစ္စတာမယ်ဖွိုင်း. . . ကျွန်တော်ခင်ဗျားကို ပေးစရာတစ်ခုရှိလို့ပါ"

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုနှင့် သူကန်စော်နေသော ခြေအိတ်ကို လူစီးယပ်မယ်ဖွိုင်း၏ လက်ထဲသို့ ပစ်ထည့်လိုက်၏။

“ဘာ. . . ဒါ. . .”

မစ္စတာမယ်ဖွိုင်းက ခြေအိတ်ထဲမှ ဒိုင်ယာရီစာအုပ်ကို ဆွဲထုတ်ယူပြီး ခြေအိတ်ကို ဘေးသို့လွှင့်ပစ်လိုက်သည်။ ထို့နောက်သူက ဟယ်ရီကိုဒေါသတကြီး ကြည့်လိုက်ပြီး. . .

“မင်းလည်း တစ်နေ့ကျရင် မင်းမိဘတွေလို ဇာတ်သိမ်းမကောင်းတဲ့အဖြစ် ဆိုးနဲ့ ကြုံရလိမ့်ဦးမယ် ဟယ်ရီပေါ်တာ၊ မင်းအဖေနဲ့အမေဟာလည်း မင်းလိုပဲ သူများကိစ္စမှာဝင်စွက်ဖက်တတ်တဲ့ အရူးတွေကွ”

ပြောပြောဆိုဆိုနှင့် သူကလှည့်ထွက်လိုက်ရင်း. . .

“လာစမ်းဒေါ်ဘီ. . ဟဲ့ကောင်. . . လာစမ်းလို့ငါပြောနေတယ်လေ”

သို့သော် ဒေါ်ဘီကား တုတ်တုတ်မျှမလှုပ်၊ သူကဟယ်ရီ၏ ညစ်ပတ်နံစော် နေသောခြေအိတ်ကို အဖိုးမဖြတ်နိုင်သော ရတနာတစ်ပါးလို အမြတ်တနိုးကိုင် မြှောက်ထားရင်း. . .

“သခင်က ကျွန်တော့်ကို ခြေအိတ်တစ်ဖက်ပေးလိုက်ပြီလေ. . .”

“ဘာ. . . မင်းဘာပြောလိုက်တာလဲ”

“ကျွန်တော် ခြေအိတ်တစ်ဖက်ရပြီသခင်. . . သခင်က ဒီခြေအိတ်ကို လွှင့် ပစ်လိုက်တယ်၊ ကျွန်တော်က ဖမ်းမိလိုက်တယ်၊ ကျွန်တော်. . ကျွန်တော် လွတ်သွား သွားပြီ”

လူစီးယပ်မယ်ဖွိုင်းက အံ့အားသင့်စွာဖြင့် သူ့အိမ်စေမှင်စာလေးကို စိုက်ငေး ကြည့်နေသည်။ ထို့နောက် ဟယ်ရီကို ဒေါသတကြီးဖြင့်. . .



“ငါ့လက်ထဲက အစေခံတစ်ယောက် ဆုံးရှုံးသွားအောင် မင်းလုပ်လိုက်တာပဲ ဟယ်ရီပေါ်တာ”

“ခင်ဗျား ဟယ်ရီပေါ်တာကို ဒုက္ခပေးဖို့တော့ မစဉ်းစားလေနဲ့”

ဟု ဒေါ်ဘီက ကြုံးဝါးလိုက်သည်။ ထို့နောက် ဝုန်းခနဲအသံကြီးမြည်ဟိန်း သွားပြီး မစ္စတာမယ်ဖွိုင်းသည် နောက်သို့ဆယ်ပေခန့်လွင့်ထွက်သွားကာ လှေကား ထစ်များနှင့် ဝင်ဆောင့်မိ၏။ သူကခြေပစ်လက်ပစ်ကျသွားရာမှ ကုန်းထလာသည် သူ့မျက်နှာက ဒေါသဖြင့် မဲမှောင်နေ၏။

မစ္စတာမယ်ဖွိုင်းက သူ့ဆေးတောင်ဝှေးကိုဆွဲထုတ်လိုက်သည်။ သို့သော် ဒေါ်ဘီက ရှည်လျားသောလက်ညှိုးဖြင့်မြှောက်ကာ ချိန်ရွယ်လိုက်ပြီး. . .

“ခင်ဗျားသွားတော့. . . ဟယ်ရီပေါ်တာကို လက်ဖျားနဲ့တောင်မထိနဲ့၊ ကဲ. . သွားတော့လို့ အေးအေးဆေးဆေးပြောနေတယ်နော်”

လူစီးယပ်မယ်ဖွိုင်းတွင် ရွေးစရာလမ်းမရှိတော့၊ သူကဟယ်ရီတို့နှစ်ဦးသားကို ဒေါသဖြင့်ကြည့်လိုက်ရင်း သူကဝတ်ရုံရှည်ကြီးကို ဖြန်းခနဲမြည်အောင်ခါယမ်းလိုက် ပြီး လှည့်ထွက်သွားတော့သည်။

မှင်စာကလေးက ပျော်ရွှင်ကြည်နူးစွာဖြင့်. . .

“ဟယ်ရီပေါ်တာက ကျွန်တော့်ကို ကျွန်ဘဝကလွတ်မြောက်အောင် ကယ် တင်ပေးခဲ့တာပဲ”

“ငါတတ်နိုင်သလောက်လေး လုပ်ပေးလိုက်တာပါကွာ၊ မင်းတကယ်ကျေး ဇူးတင်တယ်ဆိုရင် ငါ့အသက်ကိုကယ်တင်ဖို့ နောက်ထပ်ဘယ်တော့မှ မကြိုးစား တော့ပါဘူးလို့ ကတိပေးပါ”

မှင်စာလေးက သွားတွေပေါ်အောင် ပြုံးလိုက်၏။ ဟယ်ရီက. . .

“ဪ. . . ဒါနဲ့မင်းကို ငါတစ်ခုမေးရဦးမယ် ဒေါ်ဘီ၊ မင်းပြောတုန်းက

www.burmeseclassic.com



တော့ ဒီကိစ္စဟာ လူတွေမခေါ်ရဲတဲ့နာမည်ဆိုးကြီးနဲ့ မပတ်သက်ပါဘူးဆို၊ ကဲ. . အခုတော့ဘယ်လိုလဲ"

"ကျွန်တော် အဲဒါသခင့်ကို တမင်သဲလွန်စပေးခဲ့တာပါ။ မိစ္ဆာသခင်ကြီးရဲ့ နာမည်ကို လူတွေကမခေါ်ရဲပေမယ့် သူ့ရဲ့အရင်ကျောင်းသားဘဝတုန်းက နာမည်ကိုတော့ လွတ်လွတ်လပ်လပ်ခေါ်ရဲကြတယ်မဟုတ်လား၊ အဲဒါပဲလေ. . ."

ဟယ်ရီက. . .

"အင်း. . ဟုတ်သားပဲ၊ ကဲ. . ငါလည်းသွားဦးမှ၊ စားသောက်ပွဲရှိသေးတယ် ပြီးတော့ ငါ့သူငယ်ချင်း ဟာမီယွန်လည်း အခုချိန်လောက်ဆို သတိပြန်လည်နေလောက်ပြီ"

ဒေါ်ဘီက ဟယ်ရီပေါ်တာ၏ခါးကို ပွေ့ဖက်နှုတ်ဆက်လိုက်သည်။

"ဟယ်ရီပေါ်တာဟာ ကျွန်တော်ကြားဖူးထားတဲ့ ဂုဏ်သတင်းတွေထက်ပိုပြီး ကြီးကျယ်မြင့်မြတ်ပါပေတယ်၊ ကဲ. . နှုတ်ဆက်လိုက်ပါတယ် ဟယ်ရီပေါ်တာ"

'ဖျောက်'ခနဲအသံတစ်ချက် မြည်ဟိန်းသွားပြီးနောက် ဒေါ်ဘီပျောက်ကွယ်သွားလေသည်။

●

ဟော့ဝပ်တွင်ကျင်းပသော စားသောက်ပွဲပေါင်းများစွာကို ဟယ်ရီတက်ရောက်ဆင်နွှဲဖူးသည့်တိုင် သည်လိုပွဲမျိုးကိုတော့ တစ်ခါမှမကြုံဖူးပေ။ ညကြီးသန်းခေါင်ကျင်းပခြင်းဖြစ်ရာ တက်ရောက်လာသူတိုင်းသည် ညဝတ်အင်္ကျီကို ဝတ်ဆင်ထားကြ၏။ ဟယ်ရီ့အဖို့ ဘယ်အချက်က ပျော်စရာအကောင်းဆုံးလဲဟုပင် မဝေခွဲတတ်တော့ပေ။



ဟာမီယွန်က သူ့ထံသို့ပြေးလာပြီး 'နင်ဖြေရှင်းပေးလိုက်နိုင်ပြီနော်' 'နင်ဖြေရှင်းလိုက်တာ' ဟု အသံကုန်အော်နေသည်။ ဂျပ်စတင်ကလည်း ဟတ်ဖယ်ပတ်စားပွဲမှထကာ သူ့ဆီသို့တဟုန်ထိုးပြေးလာရင်း ဟယ်ရီ့လက်ကိုဆွဲကာ ဟယ်ရီ့အပေါ် သံသယဖြစ်မိခြင်းအတွက် အကြိမ်ကြိမ်တောင်းပန်သည်။ ဟက်ဂရစ်ကလင်းအားကြီး သုံးနာရီခွဲလောက်မှ ရောက်လာ၏။ ဝမ်းသာအားရဖြင့် ဟယ်ရီနှင့်ရွန့်ကိုပွေ့ဖက်ထားရာ တင်းကြပ်လွန်းသောကြောင့် မုန့်ပန်းကန်တွေပေါ်သို့ပင် သူတို့အရုပ်ကြိုးပြတ် လဲကျသွားရ၏။

သူနှင့်ရွန်တို့က ဂရစ်ဖင်ဒေါ်အဆောင်အတွက် အမှတ် ၄၀၀ ရယူပေးလိုက်ပြီဖြစ်သောကြောင့် ကျောင်းဆောင်ဆုဖလားရဖို့လည်း သေချာသွားပြီဖြစ်၏။

နောက် ပရော်ဖက်ဆာမက်ဂွန်နာဂေါက စာမေးပွဲများကို ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း ကြေငြာ၏။ ဒမ်ဘယ်ဒိုးကလည်း ပရော်ဖက်ဆာလော့ဟတ်သည် သူ၏မှတ်ဉာဏ်များ ပြန်လည်ရရှိရန် အချိန်အတော်ကြာယူရဦးမည်ဖြစ်သောကြောင့် နောက်နှစ်စာသင်နိုင်တော့မည်မဟုတ်ကြောင်း ကြေငြာ၏။ (ထိုဝမ်းမြောက်ဖွယ်သတင်းကို ကြေငြာရာတွင် ကျောင်းသားများနှင့်ရောယောင်၍ ဆရာအချို့လက်ခုပ်တီးပေးကြ၏)

ထိုသို့ ပျော်စရာအချက်တွေများလွန်းသောကြောင့် ဟယ်ရီ့အဖို့ မည်သည့်အချက်က ပျော်စရာအကောင်းဆုံးလဲဟု မဝေခွဲတတ်တော့ပေ။

●

ကျန်ရှိသေးသော နွေရာသီစာသင်ရက်များက တောက်ပနေသည့်နေရောင်ခြည်အောက်တွင် အေးဆေးစွာဖြတ်သန်းကြရတော့သည်။ ဟော့ဝပ်ကျောင်းကြီး

www.burmeseclassic.com



သည်ပုံမှန်ပြန်ဖြစ်နေလေပြီ။ အပြောင်းအလဲ အနည်းငယ်တော့ရှိ၏။ အောက်လမ်းမိစ္ဆာနှိမ်နှင်းရေးသင်ခန်းစာများကို ခေတ္တရပ်ဆိုင်းထားလိုက်ရသည်။

မစ္စတာ လူစီးယပ်မယ်ဖွိုင်းကို ကျောင်းအုပ်ချုပ်ရေးအဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်လိုက်ကြ၏။ သူ့သားဒရက်ကိုမယ်ဖွိုင်းလည်း ကျောင်းဝင်းထဲတွင် ဟန်ရေးမပြနိုင်တော့။ သို့အတွက် သူ့ကိုကြည့်ရသည်မှာ သုန်သုန်မှုန်မှုန်နှင့် မကျေမချမ်းဖြစ်နေပုံပေါ်သည်။ ဂျင်းနီဝီစလေလည်း ခါတိုင်းလိုပင် ပျော်ပျော်ရွှင်ရွှင်ပြန်ဖြစ်လာလေသည်။

ကျောင်းပိတ်၍ အိမ်ပြန်ရသည့်အခါ ဟော့ဝပ်အမြန်ရထားပေါ်တွင် ဟယ်ရီ၊ ရွန်၊ ဟာမီယွန်၊ ဖရက်၊ ဂျော့နှင့် ဂျင်းနီတို့သည် ရထားတစ်တွဲတည်းအတူစီးကြ၏။

ကင်းခရော့ဘူတာအနီးသို့ ရောက်သောအခါ ဟယ်ရီက တစ်စုံတစ်ရာကို သတိရသွားပြီး. . .

"ဂျင်းနီ. . မင်းပါစီဘာလုပ်နေတာကို မြင်ခဲ့ရလို့လဲ၊ သူကတော့ မင်းထက် ခြားလူတွေကို လျှောက်ပြောမှာစိုးရိမ်နေရတယ်"

ဂျင်းနီက ခိုးခိုးခစ်ခစ်ရယ်လိုက်ရင်း. . .

"အဲဒီကိစ္စလား၊ အဲဒါ ဟိုဒင်း. . . ပါစီ့မှာရည်းစားရှိနေပြီလေ"

ဖရက်၏လက်ထဲမှ စာအုပ်က ဂျော့ခေါင်းပေါ်သို့ ဒေါင်ခနဲပြုတ်ကျသွားသည်။

"ဘာ. . ."

ဂျင်းနီက. . .

"ရေဗင်ကလောအဆောင်က ကျောင်းသူအကြီးအကဲ 'ပင်နီလုတ်'လေ။ ပြီးခဲ့တဲ့တစ်နွေလုံး အဲဒီကောင်မလေးဆီကိုချည်းပဲ သူစာတွေရေးနေတာ။ သူတို့နှစ်ယောက် ကျောင်းထဲကလူပြတ်တဲ့နေရာတွေမှာ ချိန်းတွေ့ကြတယ်သိလား၊ တစ်နေ့ ကျွန်မလျှောက်သွားရင်းနဲ့ စာသင်ခန်းလွတ်တစ်ခုထဲမှာ သူတို့နှစ်ယောက် နမ်းနေတာကို တွေ့လိုက်ရတယ်။ အဲဒီကျောင်းသူခမျာ ဟာမီယွန်နဲ့အတူ တိုက်ခိုက်ပြုစားခံလိုက်ရတော့ ပါစီတစ်ယောက် ခြေမကိုင်မိလက်မကိုင်မိ ဖြစ်သွားတာပေါ့၊ သူ့ကို သွားပြီး နောက်ပြောင်မနေကြနဲ့ဦးနော်"

"သူ့ကိုနောက်ဖို့ပြောင်ဖို့ အိမ်မက်ထဲတောင် ထည့်မမက်ရဲပါဘူး"

ဟု ဖရက်က ပြောလိုက်သည်။ ပြောမည့်သာပြောသည်။ သူ့မျက်နှာက မကြာခင်ကျင်းပတော့မည့် မွေးနေ့ရှင်တစ်ယောက်လို ပျော်တပြုံးပြုံး ဖြစ်နေလေသည်။

"လုံးဝမနောက်ဘူး စိတ်ချ. . ."

ဟု ဂျော့ကလည်း စပ်ဖြဲဖြဲလုပ်ရင်း ဝင်ပြောလိုက်သည်။

ဟော့ဝပ်ရထားကြီးသည် တစ်ဖြည်းဖြည်းအရှိန်နှေးလာပြီးနောက်ဆုံးတွင် ရပ်သွားလေတော့သည်။ ဟယ်ရီက သူ့ကလောင်တံကိုဆွဲထုတ်လိုက်ပြီး ရွန်နှင့် ဟာမီယွန်တို့ဘက်သို့လှည့်ကာ. . .



BURMESE CLASSIC

"ဒီဥစ္စာကို တယ်လီဖုန်းနံပါတ်လို့ခေါ်တယ်"

သူက ပုရပိုက်ပေါ်တွင် တယ်လီဖုန်းနံပါတ်ကို နှစ်နေရာခွဲ၍ရေးကာ ပုရပိုက်ကိုထက်ပိုင်းဆုတ်ဖြဲပြီး ဟာမီရွန်နှင့် ရွန်တို့ကိုပေးလိုက်သည်။ ထို့နောက် ရွန်ကို. . .

"တယ်လီဖုန်းဆိုတဲ့ ပစ္စည်းကို ဘယ်လိုသုံးရသလဲဆိုတာ မင်းအဖေကို ငါ ပြောပြထားတယ်၊ မင်းအဖေ ဖုန်းဆက်တတ်မှာပါ။ ငါ့ဆီကိုဖုန်းဆက်ကြနော်၊ နှစ်လလုံးလုံး ဒတ်ဒလေနဲ့ပဲ စကားပြောနေရတဲ့ ဘဝကိုလည်း ငါသည်းမခံနိုင်ဘူး"

ဟာမီယွန်က. . .

www.burmeseclassic.com



"ဒီနှစ်ကျောင်းမှာ နှင်ဘယ်လိုစွမ်းဆောင်ခဲ့တယ်ဆိုတာ သူတို့ကြားကြရင် နှင့်ဦးလေးနဲ့ အဒေါ်လည်းဂုဏ်ယူကြမှာပါဟာ..."

"ဘာ...ဂုဏ်ယူမယ် ဟုတ်လား...၊ နင်ရူးနေပြီလား၊ အကြိမ်တိုင်းမှာ ငါကမသေဘဲ လွတ်လာတတ်လွန်းလို့ သူတို့ဒေါသဖြစ်နေကြမှာဟ"

ထို့နောက် သူတို့အားလုံး ဂိတ်တံခါးကို အတူတကွဖြတ်သန်းရင်း လူ့လောကထဲသို့ ဝင်လာခဲ့ကြတော့သည်။

မင်းခိုက်စိုးစန်

BURMESE CLASSIC

ရွှေအိမ်မှူးစာပေ

# တာရာမင်းဝေ

## ကျွန်တော်နှင့် ကြေးသွန်းယဉ်ကျေးမှု

သူ့ခန္ဓာကိုယ်သည် သူထားသည့် အတိုင်း တင်ပျဉ်ခွေထိုင်ပြီး၊ မျက်စိမှိတ်လျှက်မဟုတ်တော့။ သူ့ခန္ဓာကိုယ်သည် စာကြည့်စားပွဲမှာ ထိုင်ပြီး ကျကျနနပင် စာတစ်အုပ်ကို ဖတ်နေသည်။

မကြာမီ ထွက်မည်

စာမူခွင့်ပြုချက်အမှတ် [၁၅၉၆/၂၀၀၃ (၁၁)]

www.burmeseclassic.com